

ဖြိုးကျော်
ကိုယ်ကိုစတေး၍
THE DEVOTION OF SUSPECT X
KEIGO HIGASHINO
WHISPER OF WORDS

ကိုယ်ကိုစတေး၍

ဖြိုးကျော်

Whisper Of Words

https://t.me/TheBookR

အခန်း (၁ - က)

နံနက် ၇ နာရီ ၃၅ မိနစ်တွင် အိရှိဂါမိသည် ယခင်နေ့များကအတိုင်း နေအိမ်တိုက်ခန်းအတွင်းမှ ထွက်လာသည်။ မတ်လထဲသို့ ထိုးဖောက်ဝင်ရောက်လာပြီ ဆိုသော်ငြားလည်း လေမှာ အအေးဓာတ် မပြယ်ချင်သေး။ သူသည် မာဖလာကို မေးစေ့အထိရောက်အောင် ပတ်ထားသည်။ လမ်းမဆီသို့ မလျှောက်လှမ်းမီ သူသည် စက်ဘီးထားသော နေရာသို့ တစ်ချက်စေ့ကြည့်လိုက်သည်။ ထိုနေရာတွင် စက်ဘီးများစွာ ရပ်ထားကြသည်။ သို့သော် ထိုအထဲတွင် သူ အထူးတလည် စိတ်ဝင်စားသော အစိမ်းရောင် စက်ဘီးတော့ မပါ။

တောင်ဘက်သို့ မီတာ ၂၀ ခန့် လျှောက်လိုက်သည်နှင့် ကားလမ်းမကြီးကို မြင်နိုင်သည်။ ၎င်းမှာ ရှင်-အိုဟာရှိလမ်း ဖြစ်သည်။ ၎င်းလမ်းဆုံမှ အရှေ့ဘက်သို့ သွားလျှင် အီဒိုဂါဝါမြို့နယ်သို့ ရောက်ပြီး နောက်ဘက်သို့ သွားလျှင် နီဟွန်ဘာရှိမြို့နယ်သို့ ရောက်သည်။ နီဟွန်ဘာရှိမြို့နယ်သို့ မရောက်မီ ဆုမိဒမြစ်ကို ဖြတ်ကျော်ရပြီး ထိုမြစ်ပေါ်တွင် ထိုးထားသော တံတားမှာ ရှင်-အိုဟာရှိတံတား ဖြစ်သည်။

အိရှိဂါမိ၏ အလုပ်သို့ သွားမည်ဆိုလျှင် တောင်ဘက်အတိုင်း သွားပါက အနီးဆုံး ဖြစ်သည်။ မီတာ ၄၀၀ ခန့် လမ်းလျှောက်လိုက်လျှင် ဆယ်ချိုဥယျာဉ်ပန်းခြံသို့ ရောက်မည်။ ထိုပန်းခြံ၏ မျက်နှာချင်းဆိုင်တွင် ဖွင့်လှစ်ထားသော ပုဂ္ဂလိက အထက်တန်းကျောင်းတွင် အိရှိဂါမိက အလုပ်လုပ်နေသည်။ သူသည် သင်္ချာဘာသာရပ်ကို သင်ကြားသော ဆရာတစ်ယောက် ဖြစ်သည်။

မီးပွိုင့်မှ မီးနီကို လှမ်းမြင်လိုက်သည်နှင့် အိရှိဂါမိသည် ညာချိုး၍ ရှင်-အိုဟာရှိတံတား ရှိရာဘက်သို့ လျှောက်လာခဲ့သည်။ လေသည် သူ၏ မျက်နှာပေါ်သို့ တိုက်ခတ်လာပြီး အပေါ်ဝတ် ကုတ်အင်္ကျီမှာလည်း တဖျပ်ဖျပ် လှုပ်ခါနေသည်။ သူသည် သူ့လက်များကို အိတ်ကပ်ထဲသို့ ထိုးထည့်ပြီး ခါးကို အနည်းငယ် ကိုင်းကာ ခပ်သွက်သွက် လှမ်းလာခဲ့သည်။

ထူထပ်သော တိမ်တောင်များက ကောင်းကင်ပြင်တွင် မင်းမူနေသောကြောင့် ၎င်းတို့၏ ညိုမှောင်နေသော အရိပ်က ဆုမိဒမြစ်ကို ယခင်ကထက် ညှို့မှိုင်းအောင် ဖန်တီးနေသည့်နှယ်။ လှေငယ်တစ်စင်းသည် မြစ်ကို ဆန်တက်ရန် ကြိုးစားနေသည်။ အိရှိဂါမိသည် တံတားကို ဖြတ်လျှောက်သောအခါ တရွေ့ရွေ့ သွားနေသော ထိုလှေငယ်ကို သတိထား ကြည့်နေမိသည်။

မြစ်ကို လွန်သောအခါ သူသည် လှေကားအတိုင်း တံတားအောက်သို့ ဆင်းလာပြီး မြစ်ရိုးအတိုင်း လမ်းလျှောက်သွားသည်။ မြစ်၏ ကမ်းတစ်ဘက်ဆီတွင် ကွန်ကရစ်ခင်းထားသော လူသွားလမ်းများ ရှိသည်။ မိသားစုနှင့် စုံတွဲ အများစုသည် အရှေ့နားတွင် ရှိသော ကိယိုစုတံတားတွင် လမ်းလျှောက်တတ်ကြသည်။ ထို့ကြောင့် ရှင်-အိုဟရှိတံတား၌မူ ရုံးပိတ်ရက် ဖြစ်နေပါစေ၊ လမ်းလျှောက်သူ အလွန်နည်းသည်။ အဓိက အကြောင်းအရင်းမှာ ၎င်းမြစ်ကမ်းတစ်လျှောက်သည် အိုးမဲ့အိမ်မဲ့တို့၏ နေထိုင်ရာ အရပ်ဖြစ်သောကြောင့်တည်း။ လမ်းတစ်လျှောက်တွင် အပြာရောင် မိုးကာစများ ပတ်ကာထားသည့် တဲတန်းလျားများကိုသာ တွေ့ရသည်။ အထက်တွင်လည်း တံတားကြီးက မိုးပေးထားသောကြောင့် သူတို့ကို မိုးဒဏ်လေဒဏ်တို့မှ ကာကွယ်ပေးထားသည့်နှယ်။

အိရှိုဂါမိသည် အပြာရောင်တဲအိမ်များကို အမှုမထားဘဲ ဖြတ်လျှောက်လာခဲ့သည်။ ၎င်းတဲအိမ်များ၏ အမြင့်မှာ အလွန်ဆုံး ရှိလှ ပခုံးသာသာ မြင့်ကြသည်။ တချို့ဆိုလျှင် ခါးလောက်ပင် မမြင့်ချင်။ တဲအိမ်ဟု ခေါ်မည့်အစား သေတ္တာဟု ခေါ်လျှင် ပိုပြီး သင့်လျော်ပေမည်။ သို့သော် အိပ်စက်ရန်အတွက်သာ အသုံးပြုမည်ဆိုလျှင် ထိုမျှဖြင့် လုံလောက်နိုင်သည်။ တဲအိမ် သို့မဟုတ် သေတ္တာ၏ အနီးအနားတွင် အဝတ်များ လှန်းသည့် နေရာရှိသည်။ ၎င်းနေရာသည် လူအများ စုဝေးရာ ဘုံဆိုင်နေရာတစ်ခု ဖြစ်ကောင်း ဖြစ်ပေမည်။

အမျိုးသားတစ်ဦးသည် လမ်းဘေး သံလက်ရန်းပေါ်တွင် ခွထိုင်ပြီး သွားတိုက်နေသည်။ သူ၏ အသက်မှာ ၆၀ ကျော် ရှိပြီး ဖြူဖွေးသော ဆံပင်များကို စု၍ အနောက်စေ့တွင် စည်းထားသည်။ ကြည့်ရသည်မှာ ယနေ့ သူ အလုပ်လုပ်ရန် အစီအစဉ် ရှိပုံမရ။ အကယ်၍ အလုပ်ကြမ်း လုပ်ရန် စိတ်ကူးရှိလျှင် ယခုအချိန်ထိ အီးလေးဆွဲနေမည် မဟုတ်။ သူသည် အလုပ်အကိုင် ရှာဖွေရေးဌာနသို့လည်း သွားလိမ့်မည် မထင်။ အကယ်၍ သူနှင့် သင့်လျော်သော အလုပ်အကိုင် တစ်ခုခုကို တွေ့နိုင်သည်ပဲ ထားဦး။ ဆံပင်ရှည်နှင့် ဖရိုဖရဲ ဖြစ်နေသော သူ့အတွက် လူတွေ့ စစ်ဆေးသည့် အဆင့်သို့ ရောက်ရန်ပင် ခဲယဉ်းလှပေမည်။ သူ၏ အသက်အရွယ်ကြောင့် သူ့ကို အလုပ်ပေးလိုသော အလုပ်ရှင်မှာ မရှိသလောက်ပင် ရှားပေလိမ့်မည်။

တခြားလူတစ်ယောက်သည် သူ၏ အိမ်ခန်းဆောင် သေတ္တာဘေးတွင် ရပ်လျက် ဘူးခွံအလွတ်များကို ခြေဖြင့်နင်းနေသည်။ အိရှိုဂါမိသည် ထိုမြင်ကွင်းကို အကြိမ်ပေါင်းများစွာ မြင်ဖူးပြီး ဖြစ်သည်။ သူသည် ထိုလူကို ‘ကိုဘူးခွံ’ ဟု နာမည်ပြောင် ပေးထားသည်။ ‘ကိုဘူးခွံ’ ၏ အသက်မှာ ၅၀ ပတ်ဝန်းကျင်သာ ရှိဦးမည်။ သူ့တွင် အိမ်သုံးပစ္စည်းများ အတော် စုံစုံလင်လင် ရှိပြီး

ကိုယ်ပိုင်စက်ဘီးပင် ရှိသေးသည်။ ဘူးခွံ၊ ပုလင်းခွံများကို လှည့်ပတ်သိမ်းဆည်းရသောကြောင့် သူသည် အခြားသူများထက် ပိုမို တက်ကြွပြီး အလုပ်ကြိုးစားသည်ဟု အိရှိုဂါမိက ယူဆသည်။ သူသည် ထိုအစုအဖွဲ့၏ အစွန်ဆုံးတွင် နေသည်။ 'ကိုဘူးခွံ' သည် ၎င်းတို့အဖွဲ့တွင် ရွာလူကြီး ဖြစ်ဟန်တူသည်။ ၎င်းတို့ လူစုတွင် အစောဆုံး ပြောင်းရွှေ့နေထိုင်သူလည်း ဖြစ်ပုံရသည်။ အိရှိုဂါမိကတော့ ထို့သို့ ယူဆသည်။

အပြာရောင် မိုးကာတဲအိမ်များကို လွန်လာသည်။ ရှေ့ဆက်လျှောက်လာသောအခါ ခုံတန်းရှည်ပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကို အိရှိုဂါမိ တွေ့ရသည်။ မူလက နို့နှစ်ရောင် ဖြစ်ပုံရသော အနွေးထည်သည် ယခုအခါ ချေးအလိမ်းလိမ်း ကပ်ကာ မီးခိုးရောင် ဖြစ်နေချေပြီ။ အနွေးထည်၏ အောက်တွင် ဂျာကင်အင်္ကျီရှိပြီး ၎င်း၏ အောက်တွင်မူ အဖြူရောင် ရှပ်အင်္ကျီတစ်ထည် ရှိသည်။ အိရှိုဂါမိသည် သူ့ကို 'စက်ဆရာ' ဟု အမည်ပြောင်ပေးထားသည်။ လွန်ခဲ့သော ရက်အနည်းငယ်က 'စက်ဆရာ' သည် မက္ကင်းနစ်ဂျာနယ်တစ်စောင် ဖတ်နေသည်ကို သူမြင်ခဲ့သည်။ 'စက်ဆရာ' သည် ဆံပင်ကို ခပ်တိုတို ညှပ်ထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကိုလည်း ရိတ်ထားသည်။ အလုပ်အကိုင်အသစ် ရှာဖွေရန် ဆုံးဖြတ်ထားသည့်ပုံ။ ခဏနေလျှင် အလုပ်အကိုင် ရှာဖွေရေးဌာနသို့ သွားတော့မည်လား မဆိုနိုင်။ သို့သော် အလုပ်တစ်ခုကို သူ ရချင်မှ ရပေမည်။ အလုပ်တစ်ခု လျှောက်လိုလျှင် မိမိ၏ မာန်ကို အဆုံးစွန်ထိ နှိမ့်ချထားရန် လိုအပ်သည်။ အိရှိုဂါမိသည် 'စက်ဆရာ' ကို လွန်ခဲ့သော ဆယ်ရက်က စတင် မြင်ဖူးခဲ့ခြင်း ဖြစ်သည်။ သူသည် ထိုသို့သော ရေမျောကမ်းတင်နေသည့် ဘဝမျိုးနှင့် နေသားကျသေးပုံ မရ။ အပြာရောင် မိုးကာစများနှင့် သူ့အကြားတွင် အလွှာတစ်ခု ခြားထားချင်ဟန် တူသည်။ သို့သော် မည်သို့ ပြုလုပ်ရမည်ကိုလည်း သူ မသိ။ သို့ဖြင့် သူ တွေဝေငေးမှိုင်နေသည်။

အိရှိုဂါမိသည် မြစ်ရိုးတစ်လျှောက် ဆက်လျှောက်လာခဲ့သည်။ ကိယိုစုတံတား အနီးတွင် အဘွားအိုတစ်ယောက်သည် ခွေးသုံးကောင်ကို ဆွဲ၍ လမ်းလျှောက်နေသည်။ အနီးသို့ ရောက်သောအခါ အဘွားအိုသည် အိရှိုဂါမိကို သတိပြုမိသွားပြီး ပြုံးလျက် နှုတ်ဆက်သည်။ အိရှိုဂါမိကလည်း ပြန်လှန်ဦးညွှတ်လိုက်သည်။

"မင်္ဂလာ နံနက်ခင်းပါ" အိရှိုဂါမိက ဦးအောင် နှုတ်ခွန်းဆက်လိုက်သည်။

"မင်္ဂလာပါ။ ရာသီဥတုက အတော် အေးတာပဲ"

"ဟုတ်တယ် ခင်ဗျ"

အဘွားအိုသည် ဘေးနားသို့ ရောက်လာသောအခါ "ဖြေးဖြေး၊ လမ်းမှာ

ဂရုစိုက်ပါ” ဟု ပြောလာသောကြောင့် အိရှိဂါမိက ခေါင်းညိတ်ပြလိုက်သည်။

ကိယိုစုတံတားအခြေသို့ ရောက်သောအခါ သူသည် လှေကားမှတစ်ဆင့် တံတားပေါ်သို့ ပြန်တက်ခဲ့သည်။ ကျောင်းသို့ သွားလိုလျှင် ၎င်းနေရာမှ တံတားတစ်ဘက်သို့ ဖြတ်ကူးသွားရမည်။ သို့သော် အိရှိဂါမိသည် ကျောင်းကို ကျောပေးကာ ဆက်လျှောက်သွားသည်။

လမ်းမဘက်သို့ မျက်နှာမူလျက် ‘ဘန်တန်တိုင်’ ဟူသော ဆိုင်းဘုတ် တစ်ခု ရှိနေသည်။ ၎င်းဆိုင်းဘုတ်၏ အောက်တွင် ထမင်းဟင်းလျာများကို ပါဆယ်ရောင်းပေးသော ထမင်းဆိုင် သေးသေးတစ်ဆိုင်ကို တွေ့ရသည်။ အိရှိဂါမိသည် မှန်တံခါးကို ဆွဲဖွင့်ကာ အထဲသို့ ဝင်သွားသည်။

“ကြိုဆိုပါတယ်ရှင်၊ မင်္ဂလာ နံနက်ခင်းပါ” အိရှိဂါမိအတွက် ကြားနေကျဖြစ်သော်လည်း အမြဲလတ်ဆတ်နေသော အသံတစ်သံသည် ကောင်တာ၏ အနောက်မှ ထွက်ပေါ်လာသည်။ ဦးထုပ်အဖြူ ဆောင်းထားသော ဟာနာအိုကာ ယာစုကို၏ မျက်နှာက ပြုံးချိုလျက်။

ဆိုင်အတွင်းတွင် တခြား ဈေးဝယ်များ မရှိပေ။ သူမ၏အပြုံးက အိရှိဂါမိ၏ ရင်ကို နွေးထွေးစေသည်။

“အင်း … စပယ်ရှယ်ဟင်းနဲ့ တစ်ပွဲပေးပါ”

“ဟုတ်၊ စပယ်ရှယ် တစ်ပွဲ ပါဆယ်။ အမြဲ လာအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်”

သူမက သွက်လက်ချက်ချာစွာ ပြောလိုက်သည်။ သူမ၏ မျက်နှာပေါ်တွင် မည်သို့သော အမူအရာမျိုး ရှိနေမည်ကို အိရှိဂါမိ မသိ။ သူမကို တည့်တည့်ပင် မကြည့်ရဲ။ တစ်ချိန်လုံး ခေါင်းငုံ့လျက်သာ သူ့လက်ထဲမှ ပိုက်ဆံကို စိုက်ကြည့်နေမိသည်။ သူမသည် သူနှင့် အိမ်ချင်းကပ်လျက်တွင် နေသောကြောင့် အိရှိဂါမိအနေဖြင့် သူမကို နေ့လယ်စာ ထမင်းဟင်းအော်ဒါအပြင် တခြားစကားတစ်ခုခု ပြောသင့်သည်ဟု ယူဆသည်။ သို့သော် သူ ဘာပြောရမှန်း မသိ။

ပိုက်ဆံရှင်းသော အခါတွင် သူ၏နှုတ်မှ “ဒီနေ့ အတော်အေးတာပဲ” ဟူသော အသံထွက်ပေါ်လာသည်။ သို့သော် သူ၏ အသံမှာ ဗလုံးဗထွေးနှင့် တခြားလူတစ်ယောက်ကို ပြောနေသည်နှင့် မတူ။ သူ့စကားသံ ဆုံးသွားသည့်အချိန်တွင် နောက်ထပ် ဈေးဝယ်တစ်ယောက် ဝင်ရောက်လာသဖြင့် သူ့အသံသည် တံခါးဆွဲသံနှင့် ရောနှော ပျောက်ကွယ်သွားသည်။ ယာစုကို၏

အာရုံစိုက်မှုကလည်း တစ်ဘက်သို့ ရွေ့လျားသွားလေသည်။

အိရိုဂါမိသည် ထမင်းဘူးကို ဆွဲ၍ ဆိုင်ထဲမှ ထွက်လာပြီး ကိယိုစုတံတားဘက်သို့ လျှောက်သွားသည်။ သူ ထိုသို့ တကူးတကန့် ဝေ့ဝိုက်သွားနေခြင်းမှာ ဘန်တန်တိုင်သို့ လာလိုသောကြောင့် ဖြစ်သည်။

နံနက် ရုံးတက်ချိန် လွန်သွားသောအခါမှ ဘန်တန်တိုင်တွင် လူဝင်လူထွက် ကျဲသွားသည်။ ညနေပိုင်းချိန် ဖြစ်သော်လည်း ဆိုင်အတွင်းတွင်မူ နေ့လယ်စာအတွက် ပြင်ဆင်မှုများ ပြုလုပ်နေရသည်။ ဆိုင်နှင့် လချုပ်ချုပ်ထားသော ကုမ္ပဏီတချို့ ရှိနေသောကြောင့် ၁၂ နာရီ မတိုင်ခင် ၎င်းအော်ဒါများကို သွားပို့ပေးရမည်။ ဈေးဝယ်ရှင်းသော အခါများတွင် ယာစုကိုလည်း မီးဖိုချောင်ထဲသို့ ဝင်၍ ကူညီပေးရသည်။

ယာစုကို အပါအဝင် ဘန်တန်တိုင်တွင် ဝန်ထမ်း ၄ ယောက်ရှိသည်။ စားဖိုချောင်ကို တာဝန်ယူကြသူများမှာ ဆိုင်ပိုင်ရှင် ယိုနာဇာဝါနှင့် သူ့ဇနီး စာယိုကိုတို့ ဖြစ်သည်။ ကာနဲကိုက အပြင်သို့ ကုန်ပို့ထွက်ရပြီး ယာစုကိုက ဈေးဝယ်များနှင့် ထိတွေ့ဆက်ဆံရသည်။

သူမ၏ လက်ရှိအလုပ် မတိုင်ခင်က ယာစုကိုသည် ကင်ရှိချိုအရပ်ရှိ ညကလပ်တစ်ခုတွင် အလုပ်လုပ်ခဲ့သည်။ ယိုနာဇာဝါသည် ထိုကလပ်၏ ဖောက်သည်တစ်ဦး ဖြစ်ခဲ့ပြီး စာယိုကိုသည် ထိုကလပ်မှ အပျိုခေါင်းတစ်ယောက် ဖြစ်သည်။ သူတို့နှစ်ဦးမှာ လင်မယားများ ဖြစ်ကြကြောင်းကို စာယိုကို အလုပ်ထွက်သွားသော အခါမှ ယာစုကိုက သိခဲ့ရသည်။

“အရက်မယ်တစ်ယောက်ကနေ ထမင်းဆိုင်ပိုင်ရှင်ရဲ့ ကတော်တစ်ယောက်တောင် ဖြစ်သွားသေးတာနော်။ ကံထမ်းလာတာ မမြင်ရဘူးဆိုတာ တကယ် ဟုတ်တာပဲ” ညွှေ့သည်တချို့က ထိုသို့ မှတ်ချက်ချကြသည်။ သို့သော် စာယိုကို၏ ပြောပြချက်အရ သိရသည်မှာ သူတို့ လင်မယားနှစ်ယောက်သည် ထမင်းဆိုင်တစ်ဆိုင် ဖွင့်ရန် ယခင်ကတည်းက ကြံစည်စိတ်ကူးခဲ့ကြသည်။ ထိုစိတ်ကူးကို မြန်မြန် အကောင်အထည် ဖော်နိုင်ရန်အတွက်လည်း ညကလပ်တွင် အလုပ်ဝင်လုပ်ခဲ့ခြင်း ဖြစ်သည်။

ဘန်တန်တိုင် ဖွင့်ပြီးနောက် ယာစုကိုသည် ထမင်းဆိုင်သို့ မကြာမကြာ အလည်သွားရောက်ခဲ့သည်။ သူတို့၏ လုပ်ငန်းမှာလည်း အရာရာ အဆင်ပြေနေခဲ့သည်။ ဆိုင်ဖွင့်ပြီး တစ်နှစ်လောက် အကြာတွင် သူတို့လင်မယားသည် ယာစုကိုကို သူတို့ဆိုင်တွင် လာရောက်ကူညီပေးရန် ဆန္ဒရှိမရှိ မေးမြန်းခဲ့သည်။ သူတို့ လင်မယား နှစ်ဦးတည်း၏ လုပ်အားဖြင့် ဆိုင်မှာ မနိုင်မနင်း ဖြစ်လာသည်။

“နင်လည်း တစ်သက်လုံး ကလပ်မှာ အရက်မယ်လုပ်နေလို့ ဘယ်ဖြစ်မလဲ။ မီစာတိုလည်း အခုဆို ရှက်တတ်တဲ့ အရွယ်ရောက်နေပြီလေ။ သူ့အမေရဲ့ အလုပ်အကိုင်နဲ့ ပတ်သက်ပြီး သူလည်း မျက်နှာငယ်နေရှာမှာပဲ” စာယိုကိုက တစ်ခွန်း ထပ်ဖြည့်လိုက်သည်။ “ငါ လျှာရှည်မိပြန်ပြီ”

မီစာတိုသည် ယာစုကို၏ သမီးဖြစ်သည်။ ယာစုကိုနှင့် သူ့အမျိုးသားသည် လွန်ခဲ့သော ၅ နှစ်က ကွာရှင်းခဲ့ကြသည်။ စာယိုကို မပြောခင်ကတည်းက ယာစုကိုလည်း ထိုအကြောင်းကို စဉ်းစားနေခဲ့မိသည်။ ညကလပ်တွင် ရေရှည်လုပ်၍ မဖြစ်မှန်း သူလည်း သိသည်။ မီစာတို၏ ခံစားချက်ကို ဘေးဖယ်ထားလိုက်ဦး။ သူ၏ အသက်အရွယ်ကို ထည့်တွက်ရဦးမည်။ ညကလပ်က သူ့ကို ဘယ်အသက်အရွယ်အထိ လက်ခံ ထားပါမည်နည်း။ ၎င်းမှာလည်း စဉ်းစားစရာ တစ်ခု ဖြစ်သည်။

ထို့ကြောင့် သူသည် တစ်ရက်တည်းနှင့် ဆုံးဖြတ်ချက် ချလိုက်သည်။ ညကလပ်ကလည်း သူ့ကို ဆွဲထားလိုသော ဆန္ဒ ရှိပုံမရ။ “အင်း” ဟု တစ်ခွန်းတည်းသာ သူ့ကို တုံ့ပြန်ခဲ့သည်။ ထိုအခါကျမှ သူလည်း သဘောပေါက်မိသည်။ အရွယ်ဟိုင်းလာသော သူ့လို အရက်မယ်ကို မည်သို့ ဖြေရှင်းရမည်နည်းဟု ကလပ်ဆိုင် ပိုင်ရှင်ကလည်း စိတ်ပူနေခဲ့ပေမည်။

ပြီးခဲ့သော နွေဦးရာသီတွင် မီစာတိုသည် အလယ်တန်းကျောင်းသို့ စတက်ခဲ့ရသည်။ သူတို့ သားအမိ လက်ရှိနေနေကြသော တိုက်ခန်းသို့ ပြောင်းရွှေ့မလာခင် ရှေးယခင်နေခဲ့သော နေရာသည် ဘန်တန်တိုင်နှင့် အလွန် ကွာဝေးလှသည်။ ယခုအခါ ယာစုကိုသည် နံနက် မိုးလင်းသည်နှင့် အလုပ်သို့ သွားရသည်။ သူသည် နံနက် ၆ နာရီထိုးသည်နှင့် အိပ်ရာမှ ထပြီး ၆ နာရီခွဲတွင် အစိမ်းရောင် စက်ဘီးကို နင်း၍ အလုပ်သို့ သွားသည်။

“ဟိုအထက်တန်း ကျောင်းဆရာ ဒီမနက် လာသေးလား” အနားယူကြသောအခါတွင် စာယိုကိုက မေးသည်။

“အင်း။ သူ နေ့တိုင်း လာတယ်”

ယာစုကိုက ထိုသို့ ဖြေသောအခါ စာယိုကိုနှင့် ယိုနာဇာဝါတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး အဓိပ္ပာယ်ပါပါ ပြုံးနေကြသည်။

“ဘာဖြစ်လို့လဲ။ မျက်နှာတွေက မချိုမချဉ်နဲ့”

“ဘာမှ မဟုတ်ပါဘူးအေ။ ငါတို့ မနေ့ကတောင် ပြောနေကြသေးတယ်။ အဲဒီဆရာက နင့်ကို ကြိုက်နေတာလား မသိဘူး”

"ရှင်" ယာစုကိုသည် လက်ထဲတွင် ရေနွေးကြမ်း ပန်းကန်လုံးကို ကိုင်လျက် အထိတ်တလန့် ခေါင်းမော့ကြည့်သည်။

"မနေ့က နင် ခွင့်ယူတော့ အဲဒီဆရာလည်း ပေါ်မလာဘူး။ သူက နေ့တိုင်းလာတယ် ဆိုပေမယ့် နင်မရှိတဲ့နေ့ဆိုရင် သူ မလာတော့ဘူး။ အဲဒါ ထူးဆန်းမနေဘူးလား"

"တိုက်ဆိုင်လို့ပါ"

"တိုက်ဆိုင်တာ ဟုတ်ပါ့မလား" စာယိုကိုသည် သူ့ယောက်ျားကို လှမ်းကြည့်ရင်း စစ်ကူတောင်းနေသည်။

ယိုနာဇာဝါက ပြုံးလျက် ခေါင်းညိတ်နေသည်။ "စာယိုကို ပြောတာတော့ အမြဲတမ်း အဲဒီလိုပဲတဲ့။ နင် ခွင့်ယူတဲ့ရက်ဆိုရင် သူလည်း ပေါ်မလာတော့ဘူး။ အဲဒါကို အရင်ကတည်းက သူ သတိထားမိနေတာ။ မနေ့ကမှ သေချာသွားလို့ အဲဒီအကြောင်း သူ ငါ့ကို လာပြောတာပဲ"

"အစိုးရရုံးပိတ်ရက်တွေက လွဲလို့ ကျွန်မရဲ့ အလုပ်နားရက်တွေက အတည်တကျမှ မရှိတာ။ ရက်သတ္တပတ် တစ်ပတ်မှာ ဘယ်နေ့ကို နားမယ်လို့ သတ်မှတ်ထားတာမှ မဟုတ်ဘဲ"

"ဒါကြောင့် ပိုထူးဆန်းနေတာပေါ့။ အဲဒီဆရာက နင့်အိမ်ဘေးမှာ နေတာ မဟုတ်လား။ နင် အိမ်ပြင်ထွက်မထွက်ကို ကြည့်ပြီး နင် ခွင့်ယူလား မယူလားဆိုတာကို ဆုံးဖြတ်တာ နေမှာပေါ့"

"ဒါပေမယ့် အပြင်မှာ ကျွန်မ သူနဲ့ တစ်ခါမှ မဆုံဖူးဘူး"

"တစ်နေရာကနေ ချောင်းကြည့်နေတာ ဖြစ်မှာပေါ့အေ။ ပြတင်းပေါက်တို့ ဘာတို့ပေါ့"

"ပြတင်းပေါက်ကနေ မမြင်ရပါဘူး"

"တကယ်လို့ သူက နင့်ကို သဘောကျနေတာဆိုရင် နင့်ကို တစ်နေ့မဟုတ် တစ်နေ့တော့ ဖွင့်ပြောလာမှာပါပဲ" ယိုနာဇာဝါက ပြောသည်။ "ငါတို့ အနေနဲ့ကတော့ အခုလို ပုံမှန် ဖောက်သည်တစ်ယောက် ငါတို့အတွက် ဆွဲပေးထားတာကိုပဲ ဝမ်းသာလို့ မဆုံးဘူး။ ကင်ရှိချိုမှာ ထရိန်နင် ဆင်းထားတယ်လို့ မပြောရဘူး"

ယာစုကိုက မချိပြုံး ပြုံးပြီး ကျန်ရှိနေသော လက်ဘက်ရည်ကြမ်းကို မော့သောက်လိုက်သည်။ ဦးနှောက်က ထိုကျောင်းဆရာအကြောင်းကို

စဉ်းစားနေမိသည်။

ထိုသူ၏ အမည်မှာ အိရှိဂါမိ ဖြစ်သည်။ တိုက်ခန်းသို့ ပြောင်းလာသော ပထမဆုံးညက သူမသည် သူ့အခန်းသို့ သွားကာ မိတ်ဆက်စကား ဆိုခဲ့သည်။ သူသည် ကျောင်းဆရာတစ်ယောက် ဖြစ်ကြောင်း ထိုအချိန်က သိခဲ့ခြင်း ဖြစ်သည်။ သူသည် ကိုယ်ခန္ဓာ တောင့်တင်းပြီး မျက်နှာမှာလည်း ဝိုင်းစက်၍ အလွန် ကျယ်သည်။ သို့သော် မျက်ပေါက်မှာ ကြိုးတစ်ချောင်းအလား ကျဉ်းမြောင်းနေပြီး ဆံပင်ကလည်း ကျိုးတိုးကျဲတဲနှင့် တိုနံ့နံ့သာ။ အမြင်အရ ကြည့်ရသည်မှာ အသက် ၅၀ အရွယ်ခန့် ရှိပေလိမ့်မည်။ အပြင်ပန်းထက် ပိုကြီးကောင်းလည်း ကြီးပေမည်။ သူသည် အဝတ်အစားကို သိပ်ပြီး ဂရုစိုက်ပုံမရ။ အမြဲတမ်း ဝတ်စုံတစ်မျိုးတည်းကိုသာ ဝတ်ဆင်လေ့ရှိသည်။ ယခုနှစ် ဆောင်းရာသီတွင် သူသည် မီးခိုးရောင် သိုးမွေးဆွယ်တာကိုသာ ဝတ်ဆင်ပြီး ၎င်းအပေါ်မှ အနွေးထည်တစ်ထည် ထပ်ဝတ်ထားသည်။ ၎င်းမှာ ဆိုင်သို့ လာနေကျ သူ၏စတိုင်ပင် ဖြစ်သည်။ သူ့အခန်းရှေ့ ဝရံတာတွင် အဝတ်စိုများကို မကြာမကြာ လှန်းထားတတ်သောကြောင့် အဝတ်အစားကို ပုံမှန် လျှော်ဖွပ်တတ်သည်မှာ သေချာသည်။ သူသည် လူပျိုကြီးတစ်ယောက်သာ ဖြစ်ရမည်ဟု ယာစုကိုက ယူဆသည်။ တစ်ခုလပ် သို့မဟုတ် မုဆိုးဖိုတော့ မဖြစ်နိုင်။

ထိုကျောင်းဆရာက မိမိကို သဘောကျနေသည်ဟု ကြားရသောအခါတွင် ယာစုကိုက မည်သို့မျှ မခံစားရချေ။ သူ့အနေနှင့် ပြောရလျှင် ထိုကိစ္စကို နံရံပေါ်မှ အက်ကြောင်းရာလေး တစ်ခုကဲ့သို့သာ သဘောထားမိသည်။ ၎င်းကို ရှိနေမှန်း သိထားသော်လည်း ဘယ်တော့မှ တကူးတက ဂရုစိုက်နေမိမည် မဟုတ်။

မျက်နှာချင်းဆိုင် ဆုံလျှင်တော့ နှုတ်ခွန်းဆက်လိုက်သည်။ ထို့နောက် တိုက်ခန်း၏ အုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်ပြီး သူနှင့် တစ်ကြိမ်သာ ဆွေးနွေးခဲ့ဖူးသည်။ ထိုလူ့အကြောင်းကိုလည်း ဘာမျှ များများစားစား သိထားခြင်း မရှိပေ။ မကြာခင်ကမှ သူသည် သင်္ချာသင်သော ကျောင်းဆရာဖြစ်ကြောင်း သိခဲ့ရသည်။ သူ၏ အခန်းရှေ့တွင် သင်္ချာစာအုပ် အဟောင်းများကို ကြိုးနှင့် ချည်၍ စွန့်ပစ်ရန် စုပုံထားသည်ကို မြင်ခဲ့ရသောကြောင့် ဖြစ်သည်။

သူမကို လာမချိန်းပါစေနှင့်ဟု ယာစုကိုက ဆုတောင်းနေမိသည်။ သူမကို အတည်ပေါက်ဖြင့် လာချိန်းနေသော အချိန်တွင် ထိုသူ၏ မျက်နှာအမူအရာသည် မည်သို့ ဖြစ်လေမည်နည်းဟု တွေးမိသောအခါ သူမ ကျိတ်၍ ပြုံးလိုက်မိပြန်သည်။

ဆိုင်မှာ ယခင်နေ့များအတိုင်း နေ့ခင်း မွန်းတည့်ချိန်သို့ နီးကပ်လာသည်နှင့် အလုပ်လည်း ပိုရှုပ်လာသည်။ ၁၂ နာရီနှင့် ၁ နာရီကြားတွင် အရှုပ်ဆုံး ဖြစ်သည်။ နေစောင်းလာသည်နှင့်အမျှ ညှော်သည်လည်း

ပါးသွားပြန်တော့သည်။ ၎င်းကို နေ့စဉ် ကြုံတွေ့နေရစမြဲ။

ယာစုကိုသည် ငွေသိမ်းကောင်တာထဲမှ ပိုက်ဆံများကို ရေတွက်နေစဉ် မှန်တံခါးပွင့်လာပြီး လူတစ်ယောက် ဝင်လာသည်။ သူက "မင်္ဂလာပါရှင်" ဟု နှုတ်ခွန်းဆက်သရင်း ညှော်သည်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထို့နောက် သူ၏ မျက်နှာမှာ ထူပူလာပြီး မျက်လုံးများ ပြူးကျယ်သွားသည်။ သူ၏ အသံလည်း လည်ချောင်းတွင် တစ်ဆို့ပျောက်ကွယ်သွားလေသည်။

"မင်း ကြည့်ရတာ စိုစိုပြေပြေပါပဲ" သူမအရှေ့တွင် ရပ်နေသော လူတစ်ယောက်က စကားစလိုက်ပြီး မလိုတမာသော အပြုံးနှင့် ပြုံးလျက် ရပ်ကြည့်နေသည်။

"နင် .... နင် ဘယ်လိုလုပ်ပြီး ဒီနေရာကို သိနေရတာလဲ"

"ဒီလောက်လည်း အံ့သြပြီမနေစမ်းပါနဲ့။ ငါသာ ဆန္ဒရှိရင် ငါ့မယားဟောင်းရဲ့ အကြောင်းကို စုံစမ်းဖို့ရာ ဘာခက်တာလိုက်လို့" ထိုအမျိုးသားသည် နက်ပြာရောင် အနွေးထည်ထဲသို့ လက်နှစ်ဘက်ကို ထိုးထည့်လိုက်ပြီး ဆိုင်အတွင်းသို့ ဟိုဟိုဒီဒီ အကဲခတ်နေသည်။

"အခုလိုအချိန်မှာ နင်က ငါ့ကို ဘာအတွက် ရှာနေရသေးတာလဲ" ယာစုကိုက နာကျည်းသော လေသံဖြင့် ပြောလိုက်သည်။ သို့သော် ယိုနာဇဝါတို့ လင်မယားတွေ ကြားသွားမည် စိုး၍ အသံကို တတ်နိုင်သလောက် နှိမ့်ချထားသည်။

"အဲဒီလို မျက်စောင်းတခဲခဲ လုပ်မနေစမ်းပါနဲ့။ ငါတို့ မတွေ့ကြတာ ကြာလှပြီပဲ။ ဟန်ဆောင်ပန်ဆောင်လေးတော့ ပြုံးပြဦးမှပေါ့" ထိုသူက အမြင်ကတ်ချင်စရာ ကောင်းသော အပြုံးကို ပြုံးလျက် ပြောနေသည်။

"ဘာကိစ္စမှ မရှိရင် နင်အခု ထွက်သွား"

"ကိစ္စလား၊ ရှိတာပေါ့။ နင်နဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိတယ်။ နင် မအားဘူးလား"

"ဒါ အလုပ်ချိန်ဆိုတာ နင် နားမလည်ဘူးလား" ပြောလိုက်ပြီးခါမှ ယာစုကို နောင်တရမိသည်။ အလုပ်ချိန် မဟုတ်လျှင် ပြောလို့ရသည်ဟု ထိုသူက သဘောပေါက်သွားပေမည်။

ထိုအမျိုးသားက နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်သည်။ "ဘယ်အချိန် အလုပ်သိမ်းမှာလဲ"

"ငါ နင်နဲ့ ဘာစကားမှကို မပြောချင်တာ။ နင် အခု ထွက်သွား။

နင့်မျက်နှာကို လုံးဝ မမြင်ချင်ဘူး”

“အကြွင်နှာ ကင်းမဲ့လှချည့်လား”

“အဲ့တော့ ဘာဖြစ်သေးလဲ”

ယာစုကိုသည် တံခါးပေါက်ဘက်သို့ ငေးကြည့်နေသည်။ ယခုလို အချိန်တွင် ဧည့်သည်တစ်ယောက်လောက် ဝင်လာလျှင် ကောင်းလေစွဟု သူ မျှော်လင့်မိသည်။ သို့သော် တစ်ယောက်မျှ ဝင်မလာ။

“နင်က ငါ့အပေါ် ဒီလောက်တောင် မေတ္တာတုံးနေမှတော့ ရပါတယ်လေ။ ဒါဆိုလည်း ငါ ဟိုဘက်ကို သွားစမ်းကြည့်ရတာပေါ့” ထိုအမျိုးသားက သူ့ဆံပင်ကို သပ်နေသည်။

“ဘယ်ဘက်လဲ” ယာစုကို၏ အတွေးထဲတွင် စိုးရိမ်စိတ် ဝင်လာသည်။

“ကိုယ့်မိန်းမက ကိုယ့်စကားကို နားမထောင်ချင်ဘူး ဆိုမှတော့ သမီးကိုပဲ သွားတွေ့ရတော့မှာပေ့ါ။ သူ့ကျောင်းက ဒီပတ်ဝန်းကျင်မှာပဲ မဟုတ်လား” ယာစုကို မကြားချင်ဆုံး စကားကို ထိုအမျိုးသားထံမှ ကြားလိုက်ရသည်။

“ဟင့်အင်း၊ နင် ကလေးကို ဒုက္ခ သွားမပေးချင်စမ်းနဲ့”

“ဒါဆိုလည်း နင်ပဲ ဆုံးဖြတ်ပေ့ါ။ ငါကတော့ ဘယ်သူနဲ့ တွေ့ရတွေ့ရ ကိစ္စ မရှိပါဘူး”

ယာစုကိုသည် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ သူ့ကို ဆိုင်ထဲမှ အမြန်ဆုံး နှင်ထုတ်ပစ်ရပေမည်။

“ငါ ၆ နာရီဆို အလုပ်ဆင်းပြီ”

“မနက်စောစောကနေ ညနေ ၆ နာရီအထိတောင် အလုပ်လုပ်ရတာလား။ မင့်သူဌေးကလည်း လူလို ခိုင်းဦးမှပေ့ါ”

“အဲဒါ နင်နဲ့ ဘာဆိုင်လဲ”

“ဒါဆို ငါ ၆ နာရီမှ ပြန်လာခဲ့မယ်”

“ဒီကို မလာနဲ့။ ဆိုင်ရှေ့က လမ်းမကြီးအတိုင်း ညာဘက်ကို လိုက်သွားရင် လမ်းဆုံတစ်ခု တွေ့လိမ့်မယ်။ အဲဒီမှာ စားသောက်ဆိုင်တစ်ဆိုင် ရှိတယ်။ ငါ ၆ နာရီခွဲကျရင် အဲဒီကို လာခဲ့မယ်”

“နင် မလာဘဲ မနေနဲ့နော်။ နင် မလာဘူးဆိုရင် ......”

“ငါလာခဲ့မယ်။ နင် သွားတော့”

“အတော်ကို အကြင်နာကင်းမဲ့တာပဲ” ထိုအမျိုးသားသည် ဆိုင်အတွင်းသို့ နောက်တစ်ကြိမ် ထပ်ကြည့်ပြီး ဆိုင်ထဲမှ ထွက်ခွာသွားသည်။ ဆိုင်ပြင်သို့ အထွက်တွင် မှန်တံခါးကို အားဖြင့် ဆောင့်တွန်းသွားသည်။

ယာစုကိုသည် နားထင်ကို လက်ဖြင့် အသာအယာ ဖိနေသည်။ သူ၏ ခေါင်းမှာ တဆစ်ဆစ်နှင့် ကိုက်ခဲနေပြီး ပျို့အန်ချင်လာသည်။ မျှော်လင့်ချက်မဲ့သော ခံစားချက်များက သူ့ဦးနှောက်ထဲသို့ တဖြည်းဖြည်း ပြည့်နှက်လာကြသည်။

အခန်း (၁ - ၁)

ယာစုကိုသည် လွန်ခဲ့သော ရှစ်နှစ်က တိုကျိုရှိ ရှင်ဂျိုနှင့် အိမ်ထောင်ပြုခဲ့သည်။ သူတို့ စတွေ့ကြစဉ်က သူမသည် အာကာစာကာရှိ ကလပ်တစ်ခုတွင် အရက်မယ်တစ်ဦး ဖြစ်၍ သူသည် ထိုဆိုင်၏ ဖောက်သည်တစ်ဦး ဖြစ်သည်။

ထိုစဉ်က သူသည် နိုင်ငံခြားဖြစ် ကားများကို ရောင်းချပေးရသော အရောင်းကိုယ်စားလှယ်တစ်ဦး ဖြစ်သောကြောင့် ငွေဝင်ဖြောင့်ပြီး လက်ဖွာသည်။ သူမကို တန်ဖိုးကြီး လက်ဆောင်များ ပေးခဲ့ပြီး ဈေးကြီးသော စားသောက်ဆိုင်များသို့လည်း ခေါ်သွားခဲ့သည်။ သူက ချစ်ခွင့်ပန်သောအခါ သူမသည် Pretty Woman ရုပ်ရှင်ကားထဲမှ ဂျူလီယာ ရောဘတ်အလား ထင်မှတ်နေမိသည်။ ထိုအချိန်က ပထမအိမ်ထောင်လည်း ပျက်ပြီးခါစ ဖြစ်၍ သမီးတစ်ယောက်ကို စောင့်ရှောက်ရင်း နာရီပေါင်းများစွာ အလုပ်လုပ်နေရသော သူမဘဝကို စိတ်ပျက်ငြီးငွေ့နေခဲ့သည်။

သူတို့နှစ်ဦး၏ အိမ်ထောင်ရေးဘဝမှာ အစပိုင်းတွင် သာယာဖြောင့်ဖြူးခဲ့သည်။ တိုကျိုရှိတွင် ပုံမှန်ဝင်ငွေ ရှိနေသောကြောင့် ယာစုကိုသည် ညကလပ်မှ အလုပ်ထွက်လိုက်သည်။ သူသည် မီစာတိုအပေါ်လည်း ကောင်းခဲ့သည်။ သို့သော် မီစာတိုအနေနှင့် သူ့ကို 'အဖေ' တစ်ယောက်အဖြစ် လက်သင့်ခံရန် ခက်ခဲနေဟန် ရှိသည်။

သို့သော် အိပ်မက်ကောင်းတို့မည်သည် ကြာရှည် မကလေ့မရှိ။ မကြာခင် တိုကျိုရှိ အလုပ်ပြုတ်လေတော့သည်။ ကုမ္ပဏီပိုင်ငွေများကို နှစ်ပေါင်းများစွာ အလွဲသုံးစား လုပ်နေခဲ့သော ကိစ္စကို ကုမ္ပဏီသူဌေးက သိရှိသွားသည်။ ကုမ္ပဏီ၏ အတွင်းရေးများ ဟိုးလေးတကြော် မဖြစ်လိုသောကြောင့်သာ သူ့ကို တရားစွဲဆိုခြင်း မပြုခဲ့ပေ။ ထိုသို့ဆိုလျှင် အာကာစာကာတွင် သုံးဖြုန်းနေခဲ့သော ငွေအားလုံးသည် ကုမ္ပဏီပိုင် ငွေများသာ ဖြစ်ရပေတော့မည်။

ထိုအချိန်မှစကာ တိုကျိုရှိ၏ အပြုအမူလည်း အပြောင်းလဲကြီး ပြောင်းလဲလာတော့သည်။ မဟုတ်သေး။ ဗီဇအမှန် ပေါ်လာသည်ဟု ပြောလျှင် ပိုမှန်ပေမည်။ တစ်နေ့တစ်နေ့ အိမ်တွင် စားလိုက်အိပ်လိုက်နှင့် နှပ်မနေရလျှင် အပြင်ထွက်၍ လောင်းကစားနေသည်။ သူ့ကို ငြိုငြင်မိလျှင်လည်း လက်ပါလာတော့သည်။ အရက်သောက်သည့် ပမာဏမှာလည်း များသည်ထက် များလာပြီး တစ်နေကုန် မူးရူးကာ ပြဿနာရှာနေတတ်သည်။

ယာစုကိုအနေဖြင့် အရက်မယ်အလုပ်ကို ပြန်မလုပ်၍ မဖြစ်တော့သည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ သို့သော် သူမ ပင်ပင်ပန်းပန်း ရှာထားသမျှ ငွေစငွေနများမှာလည်း တိုဂါရှို၏ အတင်းလုယက်သွားမှုကြောင့် ကုန်ရသည်သာ။ နောက်ပိုင်းတွင် သူမသည် ပိုက်ဆံကို ဖွက်ထားရလေသည်။ ထို့ကြောင့် တိုဂါရှိုသည် လစာထုတ်ရက် မတိုင်ခင် ဦးအောင် ကလပ်သို့ သွားပြီး သူမ၏ လစာကို ကြိုထုတ်ယူသွားတော့သည်။

မီစာတိုကလည်း ထိုပထွေးကို ကြောက်လာပြီး သူနှင့် နှစ်ယောက်တည်း မနေရဲတော့ဘဲ ယာစုကို အလုပ်လုပ်သော ကလပ်တွင် အလုပ်မသိမ်းမချင်း စောင့်နေတတ်သည်။

ယာစုကိုက ကွာရှင်းကြရန် စကားစသော အခါတွင် တိုဂါရှိုက မသိချင်ယောင် ဆောင်နေသည်။ နှစ်ခါ သုံးခါ ပြောမိလျှင် အကြမ်းဖက်လာတော့သည်။ တောင်တွေး မြှောက်တွေးနှင့် နောက်ဆုံးတွင် ဒေါ်သည့်သည်တစ်ဦး မိတ်ဆက်ပေးသော ရှေ့နေနှင့် တွေ့ဆုံဆွေးနွေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ရှေ့နေ၏ ကြိုးပမ်းမှုကြောင့် တိုဂါရှိုသည် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးခဲ့ရသည်။ အကယ်၍ တရားခွင်၌ ရင်ဆိုင်ရလျှင် သူ့အတွက် နိုင်နိုင်ခြေ နည်းသည့်အပြင် စောင့်ရှောက်စရိတ်လည်း ထောက်ပံ့ပေးရမည် ဖြစ်ကြောင်း သူ သိရှိထားပေလိမ့်မည်။

သို့သော် ပြဿနာသည် ထိုမျှနှင့် ပြေလည်မသွားခဲ့။ ကွာရှင်းပြီးနောက်လည်း တိုဂါရှိုသည် ယာစုကိုတို့ သားအမိထံသို့ မကြာမကြာ ရောက်လာတတ်သည်။ လာရောက်သည့် အခါတိုင်းတွင် တူညီသော ကတိတစ်ခုတည်းကိုသာ ထပ်ခါထပ်ခါ ပေးနေတတ်သည်။ သူ၏ အကျင့်ဆိုးများကို ပြင်ဆင်သွားမည် ဖြစ်ကြောင်းနှင့် သူ့ကို ပြန်လည် လက်ခံပေးရန် ဖြစ်သည်။ အကယ်၍ ယာစုကိုက သူ့ကို ပုန်းရှောင်နေလျှင် သူသည် မီစာတိုကို သွားတွေ့တတ်သည်။ သူမ၏ ကျောင်းရှေ့တွင် ငုတ်တုတ်ထိုင်၍ သွားစောင့်နေတတ်သည်။

ဒူးထောက်၍ တောင်းပန်နေသော သူ့ကို မြင်ရသောအခါ ဟန်ဆောင်နေမှန်း သိထားသော်လည်း ယာစုကိုသည် သူ့ကို သနားစိတ် ဝင်မိသေးသည်။ အကြင်လင်မယားတောင် ဖြစ်ခဲ့ကြဖူးသည် မဟုတ်ပါလား။ သူ့အပေါ် ကိုယ်ချင်းစာနာသော စိတ်များ ပေါ်ပေါက်လာသောကြောင့် ယာစုကိုသည် ပစ်မထားရက်ဘဲ သူ့ကို ငွေတချို့ ပေးခဲ့သည်။ ၎င်းမှာ သူမ၏ အကြီးမားဆုံးသော အမှားပင်။ ပိုက်ဆံကို လွယ်လွယ်နှင့် ရနိုင်မှန်း သိလာသော တိုဂါရှိုသည် ထိုအချိန်မှ စ၍ ယာစုကို၏ ရှေ့မှောက်သို့ မကြာမကြာ ရောက်လာတော့သည်။ အမြဲတမ်း မျက်နှာချိုသွေး၍ အတင့်လည်း ရဲသည်ထက်

ရဲလာသည်။

ယာစုကိုသည် ကလပ်ပြောင်းပြီး အိမ်လည်း ပြောင်းလိုက်သည်။ မီစာတိုကို သနားသော်လည်း မတတ်နိုင်။ သူမကိုပါ ကျောင်းပြောင်းထားရသည်။ ကင်ရှိချိုအရပ်ရှိ ကလပ်တွင် အလုပ်ဝင်သောအခါ တိုဂါရှိနှင့် အဆက်အသွယ် ပြတ်သွားသည်။ ထို့နောက် ယာစုကိုသည် နောက်တစ်ကြိမ် အိမ်ပြောင်းပြန်သည်။ ဘန်တန်တိုင်တွင် အလုပ်ဝင်နေသည်မှာ တစ်နှစ်နီးပါး ရှိလေပြီ။ ထိုအကုသိုလ်ကောင်နှင့် လုံးဝ အဆက်အသွယ် ပြတ်သွားပြီဟု ယာစုကိုက ယုံကြည်နေခဲ့သည်။

ယိုနာဇာဝါတို့ လင်မယားကို ဒုက္ခပေးသကဲ့သို့ ဖြစ်သွားမည် စိုးသည်။ မီစာတိုကို အသိပေး၍လည်း မဖြစ်။ မည်သို့ပင်ဖြစ်စေ ဤပြဿနာကို မိမိကိုယ်တိုင်ပင် ဖြေရှင်းရတော့မည်။ ယာစုကိုသည် နံရံထက်မှ နာရီကို ကြည့်ရင်း ဆုံးဖြတ်ချက် ချလိုက်သည်။

ချိန်းထားသော အချိန်ရောက်သောအခါ ယာစုကိုသည် စားသောက်ဆိုင် ရှိရာသို့ ထွက်လာခဲ့သည်။ တိုဂါရှိသည် ပြတင်းပေါက် ကပ်လျက်ရှိ ထိုင်ခုံတွင် ထိုင်လျက် ဆေးလိပ်ဖွာနေသည်။ စားပွဲပေါ်တွင် ကော်ဖီခွက်တစ်ခွက် ချထားသည်။ ယာစုကိုသည် သူ့ထံသို့ လျှောက်သွားပြီး ထိုင်ခုံအလွတ်တွင် ဝင်ထိုင်၍ စားပွဲထိုးကို ကိုကိုးအပူတစ်ခွက် မှာလိုက်သည်။ တချို့ အချိုရည်များသည် တစ်ခွက်မှာသောက်ရုံဖြင့် ဆိုင်မှ မထမချင်း အကြိမ်ကြိမ် ထပ်ဖြည့်ခိုင်း၍ ရသည်။ သို့သော် သူမသည် ထိုဆိုင်တွင် ကြာကြာ ထိုင်ရန် စိတ်ကူးမရှိ။

"ဘာကိစ္စ ငါ့ကို တွေ့ချင်ရတာလဲ" သူမက သံသယမျက်လုံးများဖြင့် တိုဂါရှိကို စိုက်ကြည့်ရင်း မေးလိုက်သည်။

တိုဂါရှိသည် နှုတ်ခမ်းကို လျှာဖြင့် သပ်နေသည်။ "ဒီလောက် လောမနေပါနဲ့လေ"

"ငါ့မှာ အလုပ်တွေ ရှိသေးတယ်။ ကိစ္စရှိရင် မြန်မြန်ပြော"

"ယာစုကို" တိုဂါရှိက လက်ကို ဆန့်ထုတ်ပြီး စားပွဲပေါ်မှ သူမ၏ လက်ကို လှမ်းကိုင်ရန် ဟန်ပြင်လိုက်သည်။ ယာစုကိုသည် လက်ကို အလျင်အမြန် ပြန်ရုပ်ထားရသည်။ တိုဂါရှိက နှုတ်ခမ်းထောင့်ကို အနည်းငယ် ရွဲ့လိုက်ပြီး "ဒီနေ့ စိတ် သိပ်မကြည်ဘူးထင်တယ်"

"ဒါပေါ့။ နင် ဘာကိစ္စ ရှိလို့လဲ။ ဘာဖြစ်လို့ ငါ့ကို ဒုက္ခပေးချင်နေရတာလဲ"

"ဘာဖြစ်လို့ ဒီလောက် စိမ်းကားနေရတာလဲဟာ။ ငါ အခု စီးပွားရေး

အဆင်မပြေဘူး ဆိုပေမယ့် ငါက အတည်ပါ”

“နင်က ဘာကို တည်နေချင်သေးတာလဲ”

ကိုကိုးတစ်ခွက် ကိုင်လျက် စားပွဲထိုးတစ်ဦး အနားသို့ ရောက်လာသည်။ ယာစုကိုသည် ခွက်ကို လှမ်းယူလိုက်သည်။ မြန်မြန်ကုန်အောင် သောက်ပြီး မြန်မြန် ထွက်သွားချင်နေသည်။

“နင် အခု တစ်ယောက်တည်း နေတုန်းပဲလား” တိုဂါရှိသည် သူမကို မျက်နှာချိုသွေး၍ စိုက်ကြည့်နေသည်။

“နင့်အပူပါလို့လား”

“မိန်းမသားတစ်ယောက်အနေနဲ့ သမီးတစ်ယောက်ကို တစ်ကိုယ်တည်း ကျွေးမွေးစောင့်ရှောက်ရတယ် ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ နောက်နောင် ကြာလေကြာလေ ငွေကုန်ကြေးကျ များလာလေလေပဲ။ ထမင်းဆိုင်မှာ အလုပ်ရှိတယ် ဆိုပေမယ့် ဒါလည်း ဘဝအာမခံချက် ရှိတာ မဟုတ်ဘူး။ နင် နောက်တစ်ခါလောက် ထပ်ပြီး စဉ်းစားကြည့်ပါဦးလား။ ငါလည်း အရင်နဲ့ မတူတော့ပါဘူး”

“ဘယ်နေရာမှာများ မတူတော့တာလဲ။ အခု နင့်မှာ အလုပ်အတည်တကျ ရှိပြီမို့လား”

“အလုပ်လား။ ငါ သွားလုပ်မှာပေါ့။ ငါ အခု အလုပ်ရှာထားပြီးပြီ”

“သဘောက နင် အခုချိန်ထိ အလုပ်မရှိသေးဘူး ဆိုတဲ့ အဓိပ္ပာယ်ပဲ”

“ငါ အလုပ်ရှာထားပြီးပြီလို့ ပြောနေတယ် မဟုတ်လား။ နောက်လက စပြီး အလုပ်ဝင်ရမယ်။ အလုပ်သစ် ဆိုပေမယ့် အသားကျသွားတာနဲ့ နင်တို့ သားအမိကို ကောင်းကောင်း တင်ကျွေးထားနိုင်မှာပါ”

“တော်ပါတော့။ နင့်အလုပ်က ဒီလောက် ကောင်းနေမှတော့ နောက်မိန်းမတစ်ယောက်သာ အသစ်ရှာလိုက်ပါလား။ ငါ နင့်ကို တောင်းပန်ပါတယ်။ ငါတို့ကို ထပ်ပြီး မနှောင့်ယှက်ချင်ပါနဲ့တော့”

“ယာစုကို၊ ငါ နင့်ကို တကယ် လိုအပ်နေတာပါ”

တိုဂါရှိသည် ယာစုကို၏ လက်ကို ဆုပ်ကိုင်နိုင်ရန်အတွက် နောက်တစ်ကြိမ် လက်ဆန့်ထုတ်လိုက်ပြန်သည်။

"နင် ငါ့ကို မထိနဲ့" သူမက ပြောရင်း လက်ကို ပုတ်ချလိုက်သည်။ ခွက်ထဲမှ အချိုရည်များ အပြင်သို့ ထွက်ကျလာပြီး တိုဂါရှိ၏ လက်ပေါ်သို့လည်း ဖိတ်စင်ကုန်သည်။

"အာလားလား" တိုဂါရှိသည် လက်ကို အမြန် ရုပ်လိုက်ပြီး ယာစုကို၏ မျက်နှာကို မီးတောက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

"နင့်ဟာနင် စကားလုံးတွေကို ဘယ်လောက်ပဲ မိုးပျံအောင် ပြောနေပြောနေ၊ နင့်စကားတွေကို ငါက ယုံကြည်နေလိမ့်ဦးမယ်လို့ နင်က ထင်နေသေးတာလား။ ငါ နင့်ကို ပြောပြီးပြီပဲ။ ငါ နင်နဲ့ အတူတူ ပြန်နေဖို့ ဒီတစ်သက် စိတ်မကူးတော့ဘူး။ နင် မျှော်လင့်မနေနဲ့တော့"

ယာစုကို မတ်တတ်ရပ်လိုက်သောအခါ တိုဂါရှိသည် သူမကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ သူမသည် ထိုမျက်လုံးအစုံကို အမှုမထားဘဲ ကိုကိုးအတွက် ကျသင့်ငွေကို စားပွဲပေါ်တင်ပြီး တံခါးဝဆီသို့ လျှောက်သွားလေသည်။

စားသောက်ဆိုင်မှ ထွက်လာပြီးနောက် စက်ဘီးပေါ်တက်ကာ အလျင်အမြန် နင်းထွက်လာခဲ့သည်။ လေးတိလေးကန် လုပ်နေလျှင် အနောက်မှ တိုဂါရှိ လိုက်လာမည်ကို စိုးရိမ်သည်။ ကိယိုစုတံတား ရှိရာ အရပ်မျက်နှာသို့ ဦးတည်၍ နင်းလာခဲ့ပြီး ကိယိုစုတံတားကို ကျော်ပြီးသည်နှင့် ဘယ်ဘက်သို့ ချိုးလိုက်သည်။

ပြောသင့်ပြောထိုက်သော စကားများကို ပြတ်ပြတ်သားသား ပြောခဲ့ပြီးပြီဟု သူမ ယူဆထားသော်လည်း တိုဂါရှိက ယခုအချိန်ထိ စိတ်ကုန်သေးဟန် မတူပေ။ မကြာခင် ဆိုင်သို့ နောက်တစ်ကြိမ် ထပ်ရောက်လာပေဦးမည်။ အခြေအနေများ ရှုပ်ထွေးလာသည်အထိ သူမအနားတွင် ရစ်သီရစ်သီ လုပ်နေပေလိမ့်မည်။ ထို့အပြင် သူမ၏ အလုပ်ရှင်ကိုလည်း ဒုက္ခပေးလာနိုင်သည်။ မီစာတို၏ ကျောင်းသို့လည်း သူ သွားနိုင်သေးသည်။ ယာစုကို လက်မြှောက် အရှုံးပေးသည်အထိ ထိုအယုတ်တမာကောင်သည် သူမကို လိုက်နှောင့်ယှက်နေတော့မည်။ ယာစုကိုသည် ကြာကြာတောင့်ခံနိုင်မည် မဟုတ်ဘဲ အရှုံးပေးကာ သူ့ကို အနှေးနှင့်အမြန် ငွေထုတ်ပေးရမည် ဖြစ်ကြောင်း သူ အပိုင် တွက်ထားလေသည်။

တိုက်ခန်းသို့ ပြန်ရောက်သည်နှင့် ယာစုကိုသည် ညစာအတွက် စတင် ပြင်ဆင်သည်။ ဆိုင်မှ သယ်လာခဲ့သော ဟင်းကျန်များကို ပြန်နွှေးရခြင်းမျှသာ ဖြစ်သော်လည်း ညစာပြင်ဆင်နေရသည်မှာ သူမအတွက် အင်မတန် ပင်ပန်းသည့် အလုပ်တစ်ခုကို လုပ်နေရသည့်နှယ်။ သူမ၏ စိတ်အာရုံထဲတွင် မလိုလားအပ်သော အတွေးများက မကြာမကြာ လွှမ်းမိုးလာကြသောကြောင့် အယောင်ယောင်

အမှားများ ဖြစ်နေပြန်သည်။

မီစာတို အိမ်ပြန်ရောက်ချိန်လည်း နီးကပ်လာပြီ။ ကြွက်တောင်ရိုက်အသင်းတွင် ပါဝင်ကစားနေသော မီစာတိုသည် လေ့ကျင့်ရေး ပြီးဆုံးလျှင် တခြားကစားဖော်များနှင့် အတန်ကြာမျှ ထွေရာလေးပါး တွတ်ထိုးနေပြီးမှသာ အိမ်သို့ ပြန်လာတတ်သည်။ ထို့ကြောင့်လည်း အမြဲတမ်း ည ၇ နာရီကျော်မှ အိမ်ပြန်ရောက်သည်။

တံခါးမှ ခေါင်းလောင်းသံ မြည်လာသည်။ ယာစုကိုသည် ရင်တထိတ်ထိတ်ဖြင့် တံခါးဝသို့ လျှောက်လာသည်။ မီစာတိုထံတွင် အိမ်သော့ရှိနေသည် မဟုတ်လား။

"လာပြီ" ယာစုကိုသည် အခန်းတွင်းမှ လှမ်းမေးလိုက်သည်။ "ဘယ်သူလဲ"

တစ်ခဏမျှ ငြိမ်သက်သွားပြီးနောက် ပြန်လည်ဖြေကြားသံ ထွက်ပေါ်လာသည်။ "ငါ"

ယာစုကို မိုက်ခနဲ ဖြစ်သွားသည်။ သူမ မဖြစ်စေချင်သော အရာများ အမှန်တကယ်ပင် ဖြစ်ပေါ်လာလေပြီ။ တိုဂါရှိသည် သူမအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီ။ ယခင်ကတည်းက သူမကို ဘန်တန်တိုင်မှ ဤနေရာအထိ နောက်ယောင်ခံပြီး လိုက်ခဲ့ဖူးပေလိမ့်မည်။

ယာစုကို ဘာမျှ ပြန်မဖြေနိုင်တော့။ တိုဂါရှိသည် တံခါးကို လက်ဖြင့် ထုနေလေသည်။ "ဟေ့"

ယာစုကိုသည် ခေါင်းကို ခါယမ်းလိုက်ပြီး တံခါးကို ဖွင့်လိုက်သည်။ သို့သော် တံခါးသံကြိုးကိုတော့ မဖြုတ်သေး။

တစ်ဆယ်စင်တီမီတာမျှ တံခါးပွင့်ဟသွားသည်နှင့် တိုဂါရှိ၏ မျက်နှာပြင်က မြင်ကွင်းထဲသို့ ဝင်ရောက်လာသည်။ သူ၏ ဝါကျင့်နေသော သွားများကို ပေါ်အောင် စပ်ဖြဲဖြဲလုပ်လျက် ယာစုကိုကို စိုက်ကြည့်နေသည်။

"နင် ဒီကို ဘာလာလုပ်တာလဲ။ နင် ပြန်တော့"

"ငါ ပြောချင်တာ ပြောလို့မှ မပြီးသေးတဲ့ဟာ။ နင်ဘာလို့ ဒီလောက်တောင် လောနေရတာလဲ"

"ငါ့ကို ထပ်ပြီး မနှောင့်ယှက်ချင်ပါနဲ့တော့"

"ငါ့စကား တစ်ခွန်းနှစ်ခွန်းလောက်ကို နားထောင်လိုက်ရလို့ ဘာမှ

ဖြစ်မသွားပါဘူး။ ငါ့ကို တံခါးအရင် ဖွင့်ပေးစမ်းပါ”

“ဟင့်အင်း၊ နင် အခု ထွက်သွား”

“နင် ငါ့ကို ပေးမဝင်ဘူး ဆိုရင် ငါ ဒီမှာ ထိုင်စောင့်နေရုံပေါ့။ မီစာတိုလည်း မကြာခင် ပြန်ရောက်တော့မှာပဲ။ နင်နဲ့ ပြောလို့ မရဘူးဆိုရင်လည်း ငါ သူနဲ့ ပြောရုံရှိတော့တာပ”

“အဲဒါ သူနဲ့မှ မဆိုင်ဘဲ”

“ဒါဆို ငါ့ကို ဖွင့်ပေးလေ”

“ငါ ရဲကို တိုင်လိုက်မှာ”

“တိုင်လေ။ နင့်သဘောပဲ။ ကိုယ့်မယားဟောင်းကို လာတွေ့တာပဲဟာ။ မဟုတ်တာ လုပ်နေတာမှ မဟုတ်ဘဲ။ ရဲတွေကရော ဘာလုပ်နိုင်မှာမို့လို့လဲ။ သူတို့ကတောင် ပြောလိမ့်ဦးမယ်။ အစ်မကြီးရယ်၊ ကိုယ့်လူကို အထဲပေးဝင်လိုက်ရင် ဘာဖြစ်သွားမှာမို့လို့လဲ”

ယာစုကိုသည် နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားသည်။ တိုဂါရှိ ပြောခဲ့သည်မှာလည်း ငြင်းပယ်၍ မရသော အမှန်တရားပင်။ သူ ယခင်က ရဲတိုင်ခဲ့ဖူးသည်။ သို့သော် သူတို့ထံမှ ဘာအကူအညီမျှ မရခဲ့ပေ။

မိမိတိုက်ခန်းတွင် ရုတ်ရုတ်ရက်ရက် ဖြစ်နေမည်ကိုလည်း သူမ မလိုလား။ အာမခံမလိုဘဲ အိမ်ခန်းတစ်ခန်း ငှားနိုင်ခဲ့သည်မှာ အင်မတန် ကံကောင်းသည်ဟု ဆိုရပေမည်။ အကယ်၍ ဤနေရာတွင် မလိုလားအပ်သော ကောလာဟလများ ပျံ့နှံ့သွားလျှင် သူတို့ သားအမိသည် ယခု နေနေသော တိုက်ခန်းမှ နှင်ထုတ်ခံရနိုင်သည်။

“ပြောပြီးတာနဲ့ ပြန်”

“အင်းပါ” တိုဂါရှိသည် အောင်နိုင်သူတစ်ယောက်ကဲ့သို့ ပြုံးနေသည်။

တံခါးသံကြိုးကို ဖြုတ်လိုက်ပြီးနောက် တိုဂါရှိ အခန်းထဲသို့ ဝင်လာသည်။ မျက်လုံးများက အခန်းတွင်းသို့ အကဲခတ်နေရင်း ဖိနပ်ချွတ်နေသည်။ ဘယ်ဘက်တွင် မြက်ဖျာခြောက်ချပ်စာ ကျယ်ဝန်းသော ဧည့်ခန်းရှိပြီး ညာဘက်တွင် မီးဖိုချောင် ရှိသည်။ အနောက်ဘက်တွင် မြက်ဖျာလေးချပ်စာ အိပ်ခန်းနှင့် အိမ်နောက်ဖေးတွင် ဝရန်တာ ရှိသေးသည်။

“ကျဉ်းလည်းကျဉ်း၊ ဟောင်းလည်းဟောင်းနေပြီ ဆိုပေမယ့် မဆိုးပါဘူး”

တိုင်ါရှိသည် ဧည့်ခန်းအလယ်ရှိ အပူပေးစားပွဲအောက်သို့ သူ့ခြေထောက်များကို ခပ်တည်တည်နှင့် ထိုးထည့်လိုက်သည်။ "မီးလည်း မလာပါလား" ဟု ပြောရင်း မီးခလုတ်ကို ဖွင့်လိုက်ပိတ်လိုက် လုပ်နေလေသည်။

"နင် ဘာကြောင့် ငါ့နောက် လိုက်နေသလဲဆိုတာ ငါသိတယ်" ယာစုကိုသည် မတ်တတ်ရပ်လျက် တိုင်ါရှိကို စိုက်ကြည့်နေသည်။ "ပလီပလာ လျှောက်ပြောပြီး နောက်ဆုံးတော့လည်း နင် ပိုက်ဆံလိုချင်လို့ပဲ မဟုတ်လား"

"မင်းက ဘာသဘောလဲ" တိုင်ါရှိသည် အိတ်ကပ်ထဲမှ ခုနစ်စင်ကြယ် စီးကရက်ဘူးကို ဆွဲထုတ်လိုက်သည်။ ဆေးလိပ်တစ်လိပ်ကို မီးညှိပြီး၍ ဘေးဘီသို့ လျှောက်ကြည့်နေသည်။ ထိုအခါမှ ဆေးလိပ်ပြာခွက် မရှိမှန်း သတိထားမိသွားသည်။ သူသည် အမှိုက်တောင်းထဲမှ ဘူးခွံတစ်ခုကို လှမ်းယူပြီး အထဲသို့ ဆေးလိပ်ပြာများ ချွေချလိုက်သည်။

"နင် ပိုက်ဆံလိုချင်လို့ပဲလေ။ အစကတည်းက အဲဒါပဲ မဟုတ်လား"

"မင်းက အဲဒီလို ထင်နေရင်လည်း မင်းသဘောပါပဲ"

"ပိုက်ဆံလား။ ငါ့မှာ တစ်ပြားမှ မရှိဘူး"

"အင် ... ဟုတ်လား"

"နင် သွားတော့။ ဘယ်တော့မှ ပြန်မလာနဲ့"

ထိုစကားကို ပြောပြီး၍ တစ်ခဏမှာပင် အိမ်ခန်းတံခါးမှာ ရုတ်တရက် ပွင့်လာပြီး ကျောင်းဝတ်စုံ ဝတ်ဆင်ထားသော မီစာတို အိမ်ထဲသို့ ပြေးဝင်လာသည်။ အိမ်ထဲတွင် ဧည့်သည်ရှိနေကြောင်း သတိထားမိသွားသောအခါ အပေါက်ဝတွင် တစ်ခဏမျှ တုံ့ရပ်သွားသည်။ ထို့နောက် ဧည့်သည်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိသွားသည့်အခါတွင်မူ သူမ၏ မျက်နှာပေါ်၌ စိတ်ပျက်ခြင်း၊ စိုးရိမ်ခြင်းနှင့် ရွံရှာစက်ဆုပ်ခြင်း စသော စိတ်ခံစားချက်များ ရောပြွမ်း၍ ထင်ဟပ်လာတော့သည်။ လက်ထဲတွင် ကိုင်ထားသော ကြက်တောင်ဘက်တံလည်း လက်ထဲမှ လွတ်ကျသွားလေသည်။

"မီစာတို၊ မတွေ့ရတာ ကြာပြီနော်။ မင်းလည်း ထွားလာပြီကော" တိုင်ါရှိက လှမ်းနှုတ်ဆက်လိုက်သည်။

မီစာတိုသည် ယာစုကိုကို တစ်ချက် လှမ်းကြည့်ပြီး ဘာမျှ မပြောဘဲ ဖိနပ်ချွတ်ကာ အိမ်ထဲသို့ ဝင်လာသည်။ ထို့နောက် သူတို့အရှေ့မှ ဖြတ်လျှောက်သွားပြီး အိပ်ခန်းထဲသို့ ဝင်သွားကာ စက္ကူတံခါးကို ဒုန်းခနဲ

ပိတ်ပစ်လိုက်သည်။

တိုဂါရှိသည် တစ်ခဏမျှ ငြိမ်နေပြီးနောက် စကားကို ပြန်စလာသည်။ "မင်း ဘယ်လို တွေးနေမလဲတော့ ငါမသိဘူး။ ဒါပေမယ့် ငါဘက်ကတော့ မင်းနဲ့ ပြန်ပေါင်းချင်လို့ ပြောနေတာပဲ။ ငါ အခုလို တောင်းဆိုနေတာ ဘာတွေများ တရားလွန်နေလို့လဲ"

"ငါ ပြောပြီးပြီပဲ။ နင် စိတ်ကူးယဉ်မနေနဲ့။ နင် ဘာလို့ အဲဒီလောက် မျက်နှာပြောင်တိုက်နေရတာလဲ။ ပိုက်ဆံလိုချင်လို့ ငါ့အနား ရစ်သီရစ်သီ လုပ်နေတာ မဟုတ်လား"

တိုဂါရှိသည် ဘာမျှ ပြန်မပြောဘဲ တီဗီအဝေးထိန်း ခလုတ်ကို ကိုင်ပြီး တီဗီဖွင့်လိုက်သည်။ တီဗီတွင် ကာတွန်းကားတစ်ကား ပြနေသည်။

ယာစုကိုသည် သက်ပြင်းတစ်ချက် ချပြီး မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ လက်ဆေးကန်ဘေးနားရှိ အံဆွဲထဲမှ ပိုက်ဆံအိတ်ကို ယူပြီး အိတ်ထဲမှ တစ်သောင်းတန် ငွေစက္ကူနှစ်ရွက်ကို ထုတ်ယူလိုက်သည်။

"ရော့၊ ယူပြီး ပြန်တော့" ယာစုကိုသည် အပူပေးစားပွဲပေါ်တွင် ပိုက်ဆံကို ချထားလိုက်သည်။

"ဒါ ဘာလုပ်တာလဲ။ မင်း ပြောတော့ ပိုက်ဆံလုံးဝ မပေးဘူးဆို"

"ဒါ နောက်ဆုံးတစ်ကြိမ်ပဲ"

"ဒီလောက်လေးနဲ့ ငါဘာလုပ်ရမှာလဲ"

"နင် ဒီထက် ပိုလိုချင်နေတာ ငါသိတယ်။ ငါ့လည်း ဒီထက် ပိုမပေးနိုင်ဘူး"

တိုဂါရှိက ငွေနှစ်သောင်းကို စိုက်ကြည့်ပြီးနောက် ယာစုကိုကို မော့ကြည့်လိုက်သည်။

"အေးလေ၊ ဘယ်တတ်နိုင်မှာလဲ။ ဒါဆို ငါသွားတော့မယ်။ ဒါပေမယ့် မင်းကို ထပ်ပြောထားရဦးမယ်။ ငါ ပိုက်ဆံလိုချင်တာ မဟုတ်ဘူးနော်။ မင်း အတင်း ဇွတ်ပေးနေလို့သာ ယူလိုက်ရတာ"

သူသည် ငွေစက္ကူများကို အနွေးထည်အိတ်ကပ်ထဲသို့ ထိုးထည့်လိုက်သည်။ ထို့နောက် သောက်လက်စ ဆေးလိပ်တိုကို သံဘူးခွံထဲ ထည့်ပြီး မတ်တတ်ထရပ်သည်။ သို့သော် သူသည် တံခါးမကြီးဆီသို့ ထွက်သွားခြင်း မဟုတ်ဘဲ အနောက်ဘက် အိပ်ခန်းဆီသို့ လျှောက်သွားလေသည်။

ထို့နောက် စက္ကူတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သောအခါ အထဲမှ မီစာတို၏ အော်ဟစ်သံများ ထွက်ပေါ်လာတော့သည်။

"နင် ဘာတွေ လျှောက်လုပ်နေတာလဲ" ယာစုကိုက အော်မေးလိုက်သည်။

"ကိုယ့်သမီးလေးကို သွားနှုတ်ဆက်တာပဲ။ ဘာဖြစ်လို့လဲ"

"သူက နင့်သမီးလည်း မဟုတ်တော့ဘူး။ နင်နဲ့ ဘာမှ မဆိုင်ဘူး"

"ကဲကို ကဲလွန်းတယ်။ ငါ သွားပြီ မီစာတို။ နောက်နေ့မှ တွေ့ကြတာပေါ့" တိုဂါရှိသည် အခန်းတွင်းသို့ ကြည့်လျက် ပြောနေသည်။

တံခါးဝနားသို့ ရောက်လာသောအခါ နောက်ပြန်လှည့်ပြီး "ကြီးလာရင်တော့ တကယ် မိန်းမချောတစ်ယောက် ဖြစ်လာမှာပဲ။ စောင့်ရချည့်သေးရဲ့"

"နင် မမိုက်ရိုင်းနဲ့"

"ရော် ငါက အကောင်းပြောနေတဲ့ ဥစ္စာ။ နောက်သုံးနှစ်ဆိုရင် ပိုက်ဆံရှာလို့ရပြီ။ အဲဒီအချိန်ကျရင် ဘယ်အရက်ဘားကမဆို သူ့ကို ခေါ်ချင်နေကြမှာပဲ"

"နင် သွား ... အခု ထွက်သွား"

"ငါ သွားမှာပါ။ မပူပါနဲ့။ အနည်းဆုံးတော့ .... ဒီနေ့ပေါ့"

"နောက်လည်း ထပ် မလာနဲ့"

"ဒါတော့ ငါ အာမ မခံနိုင်ဘူး"

"နင် ....."

"ငါ မင်းကို သတိပေးထားရဦးမယ်။ ငါ့လက်ထဲကနေ ဘယ်လိုမှ ထွက်ပြေးလို့ မလွတ်နိုင်ဘူး။ စိတ်ကူးယဉ် မနေစမ်းနဲ့။ ကြားလား" တိုဂါရှိသည် တဟီးဟီး ရယ်လျက် ခါးကုန်း၍ ဖိနပ် စီးနေသည်။

ထိုစဉ် ယာစုကို၏ နောက်ကျောဘက်တွင် တစ်ခုခု လှုပ်ရှားသွားသည်။ ယာစုကိုသည် နောက်လှည့်၍ ကြည့်လိုက်သောအခါ အနားတွင် ကျောင်းဝတ်စုံ ဝတ်ထားသော မီစာတို ရပ်နေသည်ကို တွေ့လိုက်ရသည်။ သူမ၏ လက်ထဲတွင် တစ်စုံတစ်ခု ကိုင်ထားသည်။

ယာစုကို တားမြစ်ဖို့ပင် အချိန် မရလိုက်။ အသံထွက်ဖို့ပင် မမီလိုက်တော့။ မီစာတို၏ လက်သည် မြှောက်တက်သွားပြီး တိုဂါရှို၏ နောက်စေ့တည့်တည့်ကို ရိုက်ချလိုက်လေသည်။ 'အုန်း' ဟူသော အသံကို ကြားလိုက်ရပြီးနောက် တိုဂါရှိုလည်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

အခန်း (၂ - က)

ထို့နောက် မီစာတို၏ လက်ထဲမှ တစ်စုံတစ်ရာသည် လွတ်ကျသွားသည်။ ကြေးပန်းအိုးတစ်လုံး။ ဘန်တန်တိုင် ဆိုင်ဖွင့်ပွဲ ကျင်းပစဉ်က ကြွရောက်လာသော ဧည့်သည်များကို ယိုနာဇာဝါတို့က အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ခဲ့သော ပစ္စည်းဖြစ်သည်။

"မီစာတို ... သမီး" ယခုမှ ယာစုကိုလည်း အသံထွက်နိုင်တော့သည်။ ယာစုကိုသည် သမီးကို ပြုံးကြည့်နေသည်။

မီစာတိုလည်း လုပ်မိလုပ်ရာ လုပ်လိုက်ပြီးမှ သတိမေ့မျောသူ တစ်ယောက်ကဲ့သို့ ကြောင်အအ ဖြစ်နေလေသည်။ ဝိဉာဉ်မဲ့သူ တစ်ယောက်ကဲ့သို့ မလှုပ်မယှက် ရပ်နေသည်။ ထို့နောက် သူမ၏ မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ်လာပြီး ကြောက်ရွံ့သော အမူအရာဖြင့် ယာစုကို၏ အနောက်ဘက်သို့ စိုက်ကြည့်နေလေသည်။

ယာစုကိုက အနောက်လှည့်ကြည့်လိုက်သောအခါ တိုဂါရှိသည် ယိုင်တိယိုင်တိုင်ဖြင့် မတ်တတ်ရပ်နိုင်ရန် ကြိုးစားနေသည်ကို တွေ့ရသည်။ သူသည် မျက်မှောင်ကို အစွမ်းကုန် ကုတ်လျက် နောက်စေ့ကို လက်ဖြင့် ပွတ်နေသည်။

"မင်းတို့ ...." တိုဂါရှိ၏ မျက်နှာမှာ ဒေါသကြောင့် နီမြန်းလာသည်။ သူ၏ မျက်လုံးများသည် မီစာတိုကို စူးစူးရဲရဲ စိုက်ကြည့်လျက်။ တစ်ချက်မျှ ဘယ်ညာ ယိုင်သွားပြီး မီစာတို ရှိရာသို့ လှမ်းလျှောက်သွားလေသည်။

ယာစုကိုသည် တိုဂါရှိ၏ အရှေ့မှ ပိတ်ရပ်လိုက်သည်။ "နင် ... နင်"

"ဖယ်စမ်း" တိုဂါရှိသည် ယာစုကို၏ လက်မောင်းကို လှမ်းကိုင်ပြီး တစ်ဘက်သို့ တွန်းထုတ်လိုက်သည်။ ယာစုကိုသည် နံရံနှင့် တိုက်မိပြီး ထိုနေရာတွင် ခွေလဲကျသွားလေသည်။

မီစာတိုက ပြေးဖို့ ကြိုးစားသော်လည်း တိုဂါရှိသည် သူမ၏ လည်ကုပ်ကို ဖမ်းမိလျက်သား ဖြစ်နေပြီ။ တိုဂါရှိသည် ခါးကို ညွတ်လိုက်သည်နှင့် သူမလည်း ကြမ်းပြင်ပေါ်သို့ ပုံလျက်သား မှောက်လဲသွားတော့သည်။ တိုဂါရှိသည် မီစာတို၏ ခန္ဓာကိုယ်ကို အပေါ်မှ တက်ဖိထားပြီး လက်တစ်ဘက်မှ သူမ၏ ဆံပင်ကို ဆွဲကာ ကျန်လက်တစ်ဘက်ဖြင့် သူမ၏ ပါးကို ရိုက်လေတော့သည်။ "စောက်ကောင်မ၊

သေပေတော့” တိုဂါရှိုက ကြိမ်းဝါးနေသည်။

မည်သို့ လုပ်ရမည်နည်း။ ယာစုကို၏ ရင်ထဲ အလွန်အကျွံ ထိတ်လန့်လာသည်။ ထိုသို့သာ ပစ်ထားလိုက်လျှင် အမှန်တကယ်ပင် မီစာတို အသက်ထွက်သွားနိုင်သည်။

ယာစုကိုသည် ဘေးဘီသို့ လှည့်ကြည့်လိုက်သည်။ အပူပေးစားပွဲမှ ဓာတ်ကြိုးက သူ့အမြင်အာရုံထဲသို့ ဝင်ရောက်လာသည်။ သူမသည် ပလပ်ခုံမှ ဓာတ်ကြိုးကို ဆွဲဖြုတ်လိုက်သည်။ ဓာတ်ကြိုး၏ နောက်တစ်ဘက်မှာ စားပွဲနှင့် ဆက်လျက် ရှိသည်။ သူမသည် ဓာတ်ကြိုးကို ကိုင်လျက် တိုဂါရှိုအနားသို့ တိုးကပ်သွားသည်။

မီစာတို၏ ခန္ဓာကိုယ်ပေါ်တွင် ဖိလျက် ရိုက်နှက်ကြိမ်းဝါးနေသော တိုဂါရှို၏ နောက်ကျောနားသို့ ရောက်သောအခါ လက်တွင် ကိုင်ထားသည့် ဓာတ်ကြိုးကို တိုဂါရှို၏ လည်ပင်းတွင် စွတ်လိုက်ပြီး အစွမ်းကုန် ဆောင့်ဆွဲလိုက်တော့သည်။

ဝူးဝူးဝါးဝါး အော်သံနှင့်အတူ တိုဂါရှိုသည် နောက်သို့ ပက်လက်လန် လဲကျသွားသည်။ သူ၏ အဖြစ်သနစ်ကို ရိပ်မိသွားသောအခါ တိုဂါရှိုသည် သူ့လက်နှစ်ဘက်ဖြင့် ဓာတ်ကြိုးကို ပြန်ဆွဲရန် ကြိုးစားနေတော့သည်။ ယာစုကိုကလည်း အားကုန်ထုတ်၍ ဆွဲနေသည်။ လက်လွှတ်၍ မဖြစ်တော့။ လက်လွှတ်လိုက်လျှင် အားလုံး သေဖို့သာ ရှိတော့သည်။ သမီးကို ကယ်မှ ဖြစ်မည်။ သူ့ကိုယ်သူလည်း ကယ်မှ ဖြစ်မည်။ ထိုသူ မသေမချင်း သူတို့ သားအမိကို ဘယ်တော့မှ အလွတ်ပေးတော့မည် မဟုတ်။

သို့သော် ခွန်အားဗလအရာတွင် ယာစုကိုသည် တိုဂါရှိုနှင့် ယှဉ်နိုင်သူ မဟုတ်ပေ။ ဓာတ်ကြိုးသည် သူမ၏ လက်ထဲမှ တဖြည်းဖြည်း လျှောထွက်လာနေသည်။

ထိုစဉ် မီစာတိုသည် လဲနေရာမှ ထလာပြီး ဓာတ်ကြိုးကိုင်ထားသော တိုဂါရှို၏ လက်များကို ဖမ်းဆွဲထားသည်။ ထို့နောက် တိုဂါရှို၏ ကိုယ်ပေါ်တွင် ခွထိုင်လိုက်ပြီး သူ့ကို ရုန်းကန်၍ မရအောင် ဖိထားလိုက်သည်။

“အမေ … အမြန်လုပ်၊ အမြန်” မီစာတိုက အော်ပြောသည်။

တွန့်ဆုတ်နေရန် အချိန်မရှိတော့။ ယာစုကိုသည် မျက်လုံးကို စုံမှိတ်ပြီး တစ်ကိုယ်လုံးမှ အားအင်များကို လက်နှစ်ဘက်တွင် စုစည်းလိုက်သည်။ သူမ၏ ရင်နှစ်စုံမှာလည်း တဒိတ်ဒိတ် ခုန်နေကြသည်။ ခန္ဓာကိုယ်မှ သွေးများ ဆောင့်တွန်းနေသော အသံများကို အာရုံပြုရင်း ဓာတ်ကြိုးကို တင်းသည်ထက်

တင်းအောင် ဆွဲထားလေသည်။

မည်မျှ ကြာမြင့်သည်အထိ ထိုသို့ ဆွဲထားမိသည်ကို သူမကိုယ်တိုင်ပင် အမှတ်မထားနိုင်တော့။ “အမေ” ဟု ခေါ်လိုက်သော အသံတိုးတိုးလေးကို ကြားလိုက်ရသောအခါမှ သတိပြန်ဝင်လာတော့သည်။

ယာစုကိုသည် မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။ လက်က ဓာတ်ကြိုးကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားဆဲ။

တိုဂါရို၏ ခေါင်းက သူမ၏ မျက်စိ ရှေ့တည့်တည့်တွင် ရှိနေသည်။ မျက်လုံးများက ပြူးကျယ်နေသော်လည်း အသက်မဲ့စွာ မျက်နှာကျက်တစ်နေရာသို့သာ ငေးကြည့်နေကြသည်။ မျက်နှာတစ်ပြင်လုံးသည်လည်း သွေးရောင်ကြောင့် ညိုမည်းနေသည်။ ဓာတ်ကြိုးပတ်ထားသော လည်ပင်းတွင်လည်း ကြိုးရာက အထင်းသား ပေါ်လျက်။

တိုဂါရိုသည် လှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။ ပါးစပ်မှ သားရေများ ယိုစီးကျနေပြီး နှာခေါင်းမှလည်း နှာရည်များ စီးထွက်နေသည်။

“အား” ယာစုကိုသည် အလန့်တကြား ထအော်ပြီး ဓာတ်ကြိုးကို လွှတ်ချလိုက်သည်။ ‘ဒုန်း’ ဟူသော အသံတစ်သံနှင့်အတူ တိုဂါရို၏ ဦးခေါင်းသည် ကြမ်းပြင်နှင့် ဆောင့်မိသွားသည်။ ထို့နောက် တုတ်တုတ်မျှ မလှုပ်တော့။

မီစာတိုသည် တုန်တုန်ယင်ယင်ဖြင့် သူ့ကိုယ်ပေါ်မှ ထရပ်လိုက်သည်။ ကျောင်းဝတ်စုံမှာလည်း တွန့်ကြေနေလေပြီ။ သူမသည် ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး နံရံကိုမှီလျက် တိုဂါရိုကို စိုက်ကြည့်နေသည်။

သားအမိနှစ်ယောက်သည် ဘာစကားမျှ မပြောနိုင်ဘဲ အချိန်အတန်ကြာ နှုတ်ဆိတ်လျက် လှုပ်ရှားခြင်း မရှိတော့သည့် ရုပ်ခန္ဓာကို စိုက်ကြည့်နေကြသည်။ မီးခိုးချောင်ထဲတွင် ထွန်းထားသော မီးချောင်းမှ ထွက်ပေါ်နေသည့် အသံတစ်ခုတည်းသာ ထိုအခန်းထဲတွင် စိုးမိုးနေလေသည်။

“ဘယ်လိုလုပ်ကြမလဲ” ယာစုကိုက ပြောလိုက်သည်။ သူမ၏ အသံက လေသံမျှသာ။ ဦးနှောက်ထဲတွင်လည်း ဗလာကျင်းလျက်။ “ငါ သူ့ကို သတ်လိုက်မိပြီ”

“မေ .....”

ယာစုကိုသည် သမီးကို လှမ်းကြည့်လိုက်သည်။ မီစာတို၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ မျက်လုံးအစုံမှာ ရဲရဲနီလျက်။ ပါးပြင်ပေါ်တွင်လည်း

မျက်ရည်စီးကြောင်းများကို တွေ့ရသည်။ သူမ မည်သည့်အချိန်က ငိုနေခဲ့သည်ကို ယာစုကို သတိမထားမိလိုက်ပေ။

ယာစုကိုသည် တိုဂါရှိုကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြန်သည်။ သူ့ကို ပြန်ထလာပါစေဟု မျှော်လင့်နေမိသည့် တစ်ချိန်တည်းမှာပင် မြန်မြန်သေပါစေဟုလည်း ဆုတောင်းနေမိပြန်သည်။ ထိုသို့ နှစ်ခွသော အတွေးများဖြင့် သူမရင်ထဲ ရှုပ်ထွေးနေလေသည်။ သို့သော် တိုဂါရှိုမှာ ကြမ်းပြင်ပေါ်တွင် စိုးစဉ်းမျှ မလှုပ်တော့ပေ။

"ဒီလူယုတ်မာကြီးက ..... သူ့အပြစ်နဲ့သူ ....." မီစာတိုသည် ခြေထောက်နှစ်ဘက်ကို ကွေးပြီး ဒူးနှစ်လုံးကို လက်ဖြင့် သိုင်းဖက်လိုက်သည်။ ထို့နောက် သူမ၏ ခေါင်းကို ဒူးခေါင်းကြားသို့ လျှိုသွင်းလိုက်ပြီး တအိအိနှင့် ငိုရှိုက်နေတော့သည်။

"ဘယ်လိုလုပ်ကြမလဲ" ယာစုကို နောက်တစ်ကြိမ် ရေရွတ်လိုက်ချိန်တွင် တံခါးခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ မျက်စိမျက်နှာ ပျက်ကာ အထိတ်တလန့်ဖြင့် သူမတစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။

မီစာတိုလည်း ခေါင်းထောင်လာသည်။ သူမ၏ မျက်နှာပြင်တစ်ခုလုံး မျက်ရည်များနှင့် ရွှဲရွှဲစိုနေသည်။ သားအမိနှစ်ယောက်သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်နေမိကြသည်။ "ဒီအချိန် ဘယ်သူများ လာတာပါလိမ့်" ဟု အပြန်အလှန် မေးနေကြသယောင်။

တံခါးခေါက်သံ ထွက်ပေါ်လာပြန်သည်။ ထို့နောက် မကြာခင် အမျိုးသားတစ်ဦး၏ အသံ ထွက်ပေါ်လာသည်။ "မစ္စ ဟာနာအိုကာ"

သူမ ကြားဖူးသော အသံဖြစ်သည်။ သို့သော် အသံပိုင်ရှင်မှာ မည်သူ ဖြစ်သည်ကို ယာစုကို စဉ်းစား၍ မရ။ သူမသည် ဆေးမိထားသော လူတစ်ယောက်ကဲ့သို့ မလှုပ်မယှက် ထိုင်လျက် သမီးကိုသာ စိုက်ကြည့်နေမိသည်။

တံခါးခေါက်သံ ထပ်မံ ထွက်ပေါ်လာသည်။ "မစ္စ ဟာနာအိုကာ၊ မစ္စ ဟာနာအိုကာ"

အခန်းအပြင်ဘက်မှ လူသည် အိမ်ထဲတွင် ယာစုကိုတို့ ရှိနေသည်ကို သိပုံရသည်။ ထို့ကြောင့် ဘာမျှ ပြန်မထူးဘဲ မသိလိုက် မသိဘာသာ ပစ်ထား၍ မဖြစ်နိုင်။ သို့သော် ယခုလို အနေအထားမျိုးနှင့် တံခါးကို မည်သို့ ဖွင့်ရပါအံ့နည်း။

"သမီး၊ အခန်းထဲဝင်နေ။ တံခါးကို သေချာပိတ်ထား။ လုံးဝ အပြင်ထွက်မလာနဲ့" ယာစုကိုသည် အသံခပ်တိုးတိုးဖြင့် မီစာတိုကို

အမိန့်ပေးလိုက်သည်။ သူမ၏ စဉ်းစားသုံးသပ်နိုင်စွမ်းတို့သည်လည်း တဖြည်းဖြည်းနှင့် ပြန်လည်ရောက်ရှိလာသည်။

တံခါးခေါက်သံ ထပ်မြည်လာပြန်သည်။ ယာစုကိုသည် အသက်ကို ဝအောင် ရှူသွင်းလိုက်သည်။

"လာပြီ" သူမသည် တည်ငြိမ်သောအသံ ထွက်လာအောင် တမင် ကြိုးစားပြီး ပြန်ထူးလိုက်သည်။ သူမ၏ သရုပ်ဆောင်နိုင်စွမ်းကလည်း ဤမျှသာ တတ်နိုင်သည်။ "ဘယ်သူလဲ"

"ကျွန်တော် ဘေးအခန်းက အိရှိုဂါမိပါ"

ယာစုကို ခေါင်းနပန်း ကြီးသွားသည်။ မကြာသေးခင်က သူတို့၏ အခန်းမှ ထွက်ခဲ့သော အသံဗလံများသည် သာမန်ထက် ပို၍ ကျယ်လောင်ကောင်း ကျယ်လောင်သွားပေလိမ့်မည်။ အိမ်နီးနားချင်းများအနေဖြင့် ၎င်းကို သံသယ မဝင်ဘဲ နေမည် မဟုတ်။ ထို့ကြောင့်လည်း အိရှိုဂါမိက လာရောက် မေးမြန်းခြင်း ဖြစ်ရပေမည်။

"လာပြီ။ ခဏလေးနော်" သူမ၏ အသံမှာ မူမှန် ပြန်ဖြစ်သွားပြီဟု ယာစုကိုက သူမကိုယ်သူမ ယူဆနေမိသည်။

မီစာတိုသည် အခန်းထဲသို့ ဝင်သွားပြီး စက္ကူတံခါးကို ပိတ်လိုက်သည်။ ယာစုကိုသည် တိုဂါရှို၏ အလောင်းကို စိုက်ကြည့်နေသည်။ ထိုအရာကိုလည်း ဖြေရှင်းရပေဦးမည်။

အပူပေးစားပွဲမှာလည်း ရွဲ့စောင်းနေသည်။ စောစောက ဓာတ်ကြိုးကို အတင်းဆွဲလိုက်သောကြောင့် နေရာရွေ့သွားခြင်း ဖြစ်သည်။ သူမသည် အပူပေးစားပွဲကို တစ်ဘက်သို့ ကပ်ပြီး အလောင်းနှင့် တွဲကာ စောင်ဖြင့် အုပ်လိုက်သည်။ အမြင်အရ သဘာဝ မကျလှသော်လည်း တခြား လုပ်နိုင်စရာ နည်းလမ်းလည်း သူမတွင် မရှိချေ။

ယာစုကိုသည် သူ့ကိုယ်သူ ပြန်ငုံ့ကြည့်လိုက်ပြီး အရာအားလုံး မူမှန်အနေအထား ရှိနေသည်ကို တွေ့ရသောအခါမှ တံခါးဝသို့ လျှောက်လာခဲ့သည်။ တိုဂါရှို၏ ညစ်ပတ်ပေရေနေသော ဖိနပ်တစ်ရံသည် မြင်ကွင်းထဲသို့ ဝင်ရောက်လာသည်။ သူမသည် အဆိုပါ ဖိနပ်များကို ဖိနပ်ဗီဒိုထဲသို့ ထိုးထည့်လိုက်သည်။

သူမက တံခါးသံကြိုးကို တံခါးရွက်တွင် အသံမထွက်အောင် ချိတ်လိုက်သည်။ စောစောက တံခါးကို လော့ချမထားမိပေ။ အိရှိုဂါမိသည် တံခါးကို

တိုက်ရိုက် တွန်းဖွင့်ပြီး ဝင်မလာခဲ့သည်မှာ ကံကောင်းလှပေစွ။

တံခါးဖွင့်လိုက်သည်နှင့် အိရှိဂါမိ၏ မျက်နှာဝိုင်းဝိုင်းကို တွေ့မြင်ရသည်။ သူ၏ ကျဉ်းမြောင်းသော မျက်လုံးများက ယာစုကိုကို စိုက်ကြည့်နေသည်။ သူက မျက်နှာသေဖြင့် စိုက်ကြည့်နေသောကြောင့် ကျောထဲ စိမ့်တက်သွားသည်။

"ဘာကိစ္စရှိလို့လဲရှင်" ယာစုကိုသည် ကြိုးစားပြီး သူ့ကို ပြုံးပြလိုက်သည်။ သူမ၏ မျက်နှာမှ ကြွက်သားများ တောင့်တင်းနေကြောင်းကို သူမ သတိထားလိုက်မိသည်။

"ကျွန်တော် အသံအကျယ်ကြီးတစ်ခု ကြားလိုက်လို့ပါ" အိရှိဂါမိ၏ မျက်နှာသည် အကဲခတ်၍ မရနိုင်လောက်အောင် တည်ငြိမ်နေသည်။ "ဘာများ ဖြစ်လို့လဲ"

"ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး" ယာစုကိုက ခေါင်းကို အားရပါးရ ခါယမ်းလိုက်သည်။ "ဆောရီးပါပဲရှင်။ အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်"

"ဘာမှ မဖြစ်ရင် ပြီးတာပါပဲ"

အိရှိဂါမိ၏ မျက်လုံးများက အခန်းတွင်းသို့ လှမ်းကြည့်နေသည်ကို ယာစုကို သတိထားလိုက်မိသောအခါ တစ်ကိုယ်လုံး ထူပူသွားသည်။

"ပိုးဟပ် ....." သူမ၏နှုတ်မှ ရုတ်တရက် ထွက်ကျလာသည်။

"ပိုးဟပ်?"

"ဟုတ်တယ်။ ပိုးဟပ်ပါ .... ကျွန်မတို့ သားအမိနှစ်ယောက် ပိုးဟပ် ရိုက်နေကြတာ။ .... ဒါကြောင့် အသံဗလံတွေ ထွက်ကုန်တာ ဖြစ်မယ်"

"သတ်ပစ်လိုက်ပြီလား"

"ရှင်" အိရှိဂါမိ၏ အမေးကြောင့် ယာစုကို၏ မျက်လုံးများ ပြူးကျယ်လာကြသည်။

"ပိုးဟပ်လေ"

"အဲ ... အင်း။ အိုကေသွားပါပြီ" ယာစုကိုက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် ကူညီပေးနိုင်တာ ရှိတယ်ဆိုရင် ပြောသာပြောပါ။ အားမနာပါနဲ့"

"ကျေးဇူးပါရှင်။ ရှင့်ကို အနှောင့်အယှက် ပေးမိသလို ဖြစ်သွားတယ်။ အားနာစရာပဲ" ယာစုကိုသည် ဦးညွှတ် အရိုအသေ ပေးပြီး တံခါးကို ပိတ်လိုက်သည်။ အိရှိုဂါမိသည် သူ့အခန်းသို့ ပြန်ရောက်သွားပြီး တံခါးပိတ်သံကို ကြားလိုက်ရသော အခါမှ ယာစုကိုသည် ရင်ထဲမှ လေပူများကို အားပါးတရ မှုတ်ထုတ်ပြီး တံခါးဝမှာပင် ငုတ်တုတ် ထိုင်ချပစ်လိုက်သည်။

နောက်ကျောဘက်မှ စက္ကူတံခါး ဆွဲဖွင့်သံ ကြားရပြီး အပြင်သို့ မီစာတို ထွက်လာသည်။

ယာစုကိုသည် မလှုပ်ချင် လှုပ်ချင်ဖြင့် မတ်တတ်ရပ်လိုက်ပြီး စောင်ဖြင့် ဖုံးအုပ်ထားသော အလောင်းရှိရာ အရပ်သို့ စိုက်ကြည့်နေမိသည်။ စိတ်ပျက်အားငယ်စိတ်များက သူ့ရင်ထဲသို့ နောက်တစ်ကြိမ် ထိုးဖောက် ဝင်ရောက်လာပြန်သည်။

"မတတ်နိုင်တော့ဘူး ..... ဘယ်လိုလုပ်ကြမလဲ" သူမ ရေရွတ်နေသည်။

"ဘယ်လိုလုပ်မလဲဟင်" မီစာတိုက မျက်လုံးကို ပင့်ကာ မိခင်ကို မေးကြည့်နေသည်။

"ဘာလုပ်နိုင်ဦးမှာလဲ။ ဖုန်းဆက်ပြီး ...... ရဲကို အကြောင်းကြားရုံပေါ့"

"အဖမ်းခံမလို့လားဟင်"

"တခြားလမ်းမှ မရှိဘဲ။ လူက သေတောင် သေနေပြီ။ ပြန်ရှင်လာတော့မှာမှ မဟုတ်တာ"

"အဲဒီလို အဖမ်းခံရင် ဘာဖြစ်မှာလဲဟင်"

"မပြောတတ်ဘူးလေ ...." ယာစုကိုသည် သူမဆံပင်ကို လက်ဖြင့် သပ်လိုက်သည်။ ထိုအခါမှ သူမတစ်ခေါင်းလုံးရှိ ဆံပင်များ ရှုပ်ပွနေသည်ကို ရိပ်စားမိတော့သည်။ ဘေးအိမ်မှ သချာဆရာသည် သူမပုံပန်းကို မြင်၍ အံ့ဩနေပေလိမ့်မည်။ ယခုမှတော့ သူမလည်း ဘာမျှ မတတ်နိုင်တော့ပြီ။

"ထောင်ကျမှာလားဟင်" သမီးက ထပ်မေးသည်။

"အဲဒါ မေးဖို့ လိုလို့လား" ယာစုကိုက မဲ့ပြုံး ပြုံးလိုက်သည်။ "အမေ လူတစ်ယောက်ကို သတ်လိုက်မိပြီပဲ"

မီစာတိုက ခေါင်းကို ခပ်ဆတ်ဆတ် ခါယမ်းနေသည်။ "ဟင့်အင်း၊ အဲဒါ အမေရဲ့ အမှားမှ မဟုတ်ဘဲ။ ဒီလူယုတ်မာကြီးက မဟုတ်တာ။ သူ့ကြောင့်။

သမီးတို့က သူနဲ့ ဘယ်လိုမှမှ မပတ်သက်တော့တာ။ သူက သမီးတို့ကို လိုက်ပြီး နှောင့်ယှက်နေတာလေ …… ဒီလို လူမျိုးတစ်ယောက်အတွက်နဲ့ ဘာဖြစ်လို့ ထောင်ကျခံရမှာလဲ”

“ဒါတွေ ပြောနေလို့ ဘာအသုံးကျဦးမလဲကွယ်။ လူတစ်ယောက်ကို အမှန်တကယ် သတ်ပြီးသွားပြီပဲ ဥစ္စာ”

ထိုသို့ အခြေအတင် ပြောနေကြစဉ်တွင် ယာစုကို၏ စိတ်မှာလည်း တည်ငြိမ်သည်ထက် တည်ငြိမ်လာသည်။ ပြဿနာကို ခေါင်းအေးအေး ထားပြီး ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိလာသည်။ ထိုသို့ တည်ငြိမ်လာလေလေ သူ့တွင် တခြား ရွေးချယ်စရာ နည်းလမ်းမရှိကြောင်း နားလည်သဘောပေါက်လာလေလေ ဖြစ်သည်။ မည်သည့်နည်းဖြင့် မဆို ဤပြစ်မှုမှ ရှောင်လွှဲ၍ မရသည် မှန်သော်လည်း မိစာတိုကိုတော့ လူသတ်သမားတစ်ဦး၏ သမီးအဖြစ် သမုတ်ခံရမည်ကို သူ နည်းနည်းမျှ မလိုလားချေ။

ယာစုကိုသည် အခန်းထောင့်တွင် ချထားသော ကြိုးမဲ့တယ်လီဖုန်းကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ထိုနေရာသို့ လျှောက်သွားပြီး ၎င်းကို ကောက်ကိုင်လိုက်သည်။

“ဟင့်အင်း၊ အမေ အဲဒီလို မလုပ်ရဘူး” မိစာတိုသည် အခန်းထောင့်သို့ ပြေးလာပြီး ယာစုကို၏ လက်ထဲမှ တယ်လီဖုန်းကို လုယူနေသည်။

“လက်လွှတ်စမ်း”

“ဟင့်အင်း၊ မဆက်ရဘူး” မိစာတိုက အော်လျက် ယာစုကို၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲထားသည်။ ကျောင်းတွင် နာရီပေါင်းများစွာ ကြက်တောင်ရိုက် လေ့ကျင့်ထားသောကြောင့် ဖြစ်မည်။ မိစာတို၏ လက်မှာ အင်မတန် မြဲမြံလှသည်။

“လွှတ်ပါ သမီးရယ်”

“ဟင့်အင်း၊ အမေ မလုပ်ရဘူး။ သမီး အဖမ်းခံလိုက်မယ်”

“နင် ဘာတွေ လျှောက်ပြောနေတာလဲ”

“သူ့ကို အရင်ဆုံး ရိုက်တဲ့သူက သမီးပါ။ အမေက သမီးကို ကယ်ချင်လို့သာ ဝင်ပါလာရတာလေ။ သမီးလည်း လူသတ်တရားခံပဲ”

မိစာတို၏ စကားကြောင့် ယာစုကို၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး သူမ၏ ကိုယ်မှာ ပျော့ခွေကျသွားသည်။ ဖုန်းကို ဆုပ်ကိုင်ထားသည့် လက်များ အနည်းငယ်

လျော့ရှိလျော့ရဲ ဖြစ်သွားသည်ကို သတိထားလိုက်မိသော မီစာတိုသည် သူမလက်ထဲမှ တယ်လီဖုန်းကို ဆွဲလုပြီး သူမနှင့် ဝေးရာ တခြား အခန်းထောင့်သို့ ပြေးသွားသည်။ ထို့နောက် ဖုန်းကို ရင်ခွင်တွင် ပိုက်ထားပြီး ယာစုကိုကို ကျောပေးလျက် ရပ်နေလေသည်။

မှုခင်းရဲများက မည်သို့ ပြုလုပ်ကြမည်နည်း။ ယာစုကို စဉ်းစားဆင်ခြင်ကြည့်သည်။

ရဲများသည် မိမိကို ယုံကြည်ကြပါမည်လော။ မိမိတစ်ဦးတည်းက သတ်ခဲ့ပါသည်ဟု ဖြောင့်ချက်ပေးလျှင် ထိုစကားကို လုံးဝ သံသယ မဝင်ဘဲ အလွယ်တကူ လက်ခံကြပါမည်လော။ သူ့စကားကို အပြည့်အဝ ယုံကြည်ကြပါမည်လော။

ဤအမှုနှင့် ပတ်သက်ပြီး ရေဆုံးမြေဆုံး လိုက်ကြပေလိမ့်မည်။ ယာစုကိုသည် တီဗီဇာတ်လမ်းတွဲ ကြည့်စဉ်က ကြားခဲ့ဖူးသည့် ‘အထောက်အထားရှာဖွေခြင်း’ ဟူသော ဝေါဟာရကို သတိရလာမိသည်။ သူတို့သည် နည်းလမ်းမျိုးစုံ သုံးပြီး သံသယတရားခံ၏ ထွက်ဆိုချက်များကို မည်သည်က မှန်သည်၊ မည်သည်က မှားသည်ဟု စိစစ်ဝေဖန်ကြပေလိမ့်မည်။

ယာစုကို၏ အမြင်အာရုံများ ဝေဝါးလာသည်။ ရဲများက သူမကို မည်သို့ပင် ခြိမ်းခြောက်၍ စစ်ဆေးစေကာမူ မီစာတိုကို ဤအမှုထဲသို့ ဆွဲမထည့်မိစေရန် သူ့ကိုယ်သူ အာမခံနိုင်သည်။ သို့သော် သူတို့သည် တစ်ခုခုကို စုံစမ်းထုတ်ဖော်နိုင်ခဲ့လျှင် မည်သို့ ပြုရပါအံ့နည်း။ ထိုသို့ဆိုလျှင် သူမ မည်မျှပင် ရိုကျိုးတောင်းပန်သည် ဖြစ်စေ၊ သူတို့သည် မီစာတိုကိုလည်း မည်သည့်နည်းနှင့်မျှ အလွတ်ပေးတော့မည် မဟုတ်ပေ။

တစ်ကိုယ်တည်း လူသတ်ခဲ့ပါသည်ဟု ထင်မှတ်ရလေအောင် အကွက်ဆင်လျှင် ရနိုင်ပါမည်လော။ ယာစုကိုသည် ထိုအကြံကို ချက်ချင်း ပယ်ချလိုက်သည်။ သူကဲ့သို့သော လူတစ်ယောက်အနေဖြင့် ထိုသို့ အကြံအဖန် လုပ်ထားလျှင်လည်း ကြာကြာ ဖုံးဖိထားနိုင်စွမ်း ရှိလိမ့်မည် မဟုတ်။

မည်သို့ဆိုစေ မီစာတိုကိုတော့ ကာကွယ်ပေးရမည်။ ယာစုကိုက ထိုသို့ ဆုံးဖြတ်ထားသည်။ သမီးဖြစ်သူသည် ငယ်စဉ်ကတည်းက တောက်တောက်ပြောင်ပြောင် နေခဲ့ရသည် မဟုတ်။ ဤသနားစရာကောင်းသော သမီးကို မိမိ၏ အသက်နှင့် လဲ၍ ကာကွယ်စောင့်ရှောက်ရမည်။

မည်သို့ ပြုလုပ်ရမည်နည်း။ တခြား ရွေးချယ်စရာ နည်းလမ်းများ မရှိတော့ပြီလော။

ထိုသို့ စဉ်းစားနေစဉ်မှာပင် မီစာတို၏ လက်ထဲရှိ တယ်လီဖုန်းထံမှ အသံမြည်လာသည်။ သူမသည် ဝိုင်းစက်သော မျက်လုံးများဖြင့် ယာစုကိုကို ငေးကြည့်နေသည်။

ယာစုကိုက ရှေ့တစ်လှမ်းတိုးကာ လက်ကို ဆန့်တန်းလိုက်သည်။ မီစာတို၏ မျက်နှာတွင် တွေဝေသော အရိပ်အယောင်များ ထင်ရှားလာပြီး တစ်ချက် တွန့်သွားသည်။ တစ်ခဏကြာမှ ဖုန်းကို လှမ်းပေးလေသည်။

ယာစုကိုသည် အသက်ရှူမှန်အောင် ပြုပြင်ပြီးမှ ဖုန်းလက်ခံခလုတ်ကို နှိပ်လိုက်သည်။

“ဟယ်လို၊ မင်္ဂလာပါ။ ကျွန်မ ဟာနာအိုကာပါ”

“ကျွန်တော် ဘေးအခန်းက အိရှိဂါမိပါ”

ယာစုကိုသည် တယ်လီဖုန်းကို ငေးစိုက်ကြည့်နေမိသည်။ သချာဆရာပင် ဖြစ်နေပြန်သည်။ ယခုတစ်ကြိမ်လည်း သူ ဘာများ ပြောချင်သေးသနည်း။ “ဟုတ်၊ ဘာကိစ္စ ရှိပါသလဲရှင်”

“ခင်ဗျားတို့ တိုင်ပင်နေကြတာ ဘယ်အခြေအနေ ရောက်ပြီလဲ မသိဘူး”

သူ၏ စကားကို ယာစုကို နားမလည်နိုင်အောင် ဖြစ်နေသည်။ “ဘာကို ဆိုလိုတာလဲ မသိဘူးနော်”

“ကျွန်တော် ပြောချင်တာက ....” အိရှိဂါမိသည် တဒင်္ဂမျှ ရပ်တန့်လိုက်ပြီးမှ ဆက်ပြောသည်။ “တကယ်လို့ ရဲကို အကြောင်းကြားမယ် ဆိုရင် ကျွန်တော် ဘာမှ မပြောလိုပါဘူး။ အဲဒီလိုမှ စိတ်ကူးမရှိဘူး ဆိုရင်တော့ ကျွန်တော် .... တစ်ခုခုများ ကူညီပေးနိုင်မလားလို့ပါ”

“ရှင်” ယာစုကိုသည် အံ့အားသင့်လျက် ပါးစပ်အဟောင်းသားဖြင့် ရပ်နေမိသည်။ သူ ဘာပြောချင်နေသနည်း။

“အဆင်ပြေမယ်ဆိုရင် ...” အိရှိဂါမိသည် လေသံဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။ “ကျွန်တော် အဲဒီကို အခု လာခဲ့လို့ ရမလား”

“ရှင်၊ ဟင့်အင်း .... အဲဒါ .... ဘယ်လိုမှ အဆင်မပြေပါဘူး” ယာစုကို၏ ခြေဖျားလက်ဖျားများ အေးခဲလာသည်။

“မစ္စ ဟာနာအိုကာ” အိရှိဂါမိက အသံကို အနည်းငယ် မြှင့်လိုက်သည်။ “ခင်ဗျားတို့အနေနဲ့ အလောင်းကို ဘယ်လိုမှ ဖြေရှင်းနိုင်လိမ့်မယ် မထင်ဘူး”

ယာစုကို ဆွံ့အသွားသည်။ သူ မည်သို့ သိရှိသွားသနည်း။

သူ ကြားသွားခဲ့တာပဲ ဖြစ်မည်။ မီစာတိုနှင့် အခြေအတင် ပြောခဲ့ကြသော စကားများကို သူ ကြားသိသွားတာပဲ ဖြစ်ရပေမည်။ မဟုတ်သေး။ တိုဂါရှိနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ကြကတည်းက သူ အလုံးစုံကို ကြားသိနေတာပဲ ဖြစ်ရမည်။

လမ်းဆုံးသွားပြီ။ သူမသည် ခေါင်းကို ငိုက်စိုက်ချရင်း တွေးနေမိသည်။ သူမတွင် လွတ်မြောက်နိုင်ရန် လမ်းစ မရှိတော့။ ရဲများကို အကြောင်းကြားရန်သာ ကျန်တော့သည်။ သို့သော် မီစာတိုကိုတော့ ဤအရှုပ်ထုပ်ထဲသို့ မည်သည့်နည်းနှင့်မျှ ဆွဲသွင်း၍ မဖြစ်။ အစွမ်းကုန် ဖုံးဖိကာကွယ်ပေးသွားရမည်။

“မစ္စဟာနာအိုကာ၊ ကြားလား မသိဘူး”

“ဟုတ် .... ကြားပါတယ်”

“ကျွန်တော် လာလို့ ရမလား”

“ဒါပေမယ့် ......” ဖုန်းလက်ကိုင်ကို နားတွင် ကပ်ထားလျက် ယာစုကိုသည် သူ့သမီးကို လှမ်းကြည့်လိုက်သည်။ မီစာတိုကလည်း ကြောက်ရွံ့စိတ်၊ အားငယ်စိတ်များဖြင့် သူမကို ပြန်စိုက်ကြည့်နေသည်။ မည်သူနှင့် ဖုန်းပြောနေသည်ကို မသိနိုင်သောကြောင့် သူမ၏ မျက်နှာ အမူအရာမှာ ဇဝေဇဝါ ဖြစ်နေသည်။

အကယ်၍ ဖြစ်ပျက်ခဲ့သမျှသော အကြောင်းအရာ အလုံးစုံကို အိရှိဂါမိသည် တစ်ဘက်ခန်းမှ ကြားသိနေခဲ့သည် ဆိုလျှင် ဤလူသတ်မှုတွင် မီစာတိုလည်း ပါဝင်နေသည်ကို သူ သိထားပြီး ဖြစ်ပေလိမ့်မည်။ အကယ်၍ သူ သိထားသမျှကို ရဲများအား အသိပေးလိုက်မည် ဆိုလျှင် ....

ယာစုကိုက ဆုံးဖြတ်ချက် ချလိုက်သည်။

“ဟုတ်ကဲ့၊ ကျွန်မ ရှင့်ကို အကူအညီ တောင်းစရာ ရှိတာနဲ့ အတော်ပါပဲ။ အခန်းဘက်ကို ခဏ ကြွလာပေးလို့ ရမလား”

“ကောင်းပြီလေ။ ကျွန်တော် အခု လာခဲ့ပါ့မယ်”

ယာစုကို ဖုန်းချလိုက်သည်နှင့် ချက်ချင်းပင် မီစာတို၏ အမေးသံ ထွက်ပေါ်လာသည်။ “ဘယ်သူလဲ”

“ဘေးအိမ်က ဆရာ၊ မစ္စတာ အိရှိဂါမိ”

“သူက ဘယ်လို ......”

“သမီးကို နောက်မှ ရှင်းပြတော့မယ်။ အခု အိပ်ခန်းထဲမှာ သွားနေနေချေ။ တံခါးကို သေချာပိတ်ထား။ မြန်မြန်”

မီစာတိုသည် အူတိအူကြောင် မျက်နှာထားဖြင့် အိပ်ခန်းထဲသို့ ဝင်သွားသည်။ သူမ စက္ကူတံခါးကို ဆွဲပိတ်လိုက်စဉ်မှာပင် တစ်ဘက်အခန်းမှ ထွက်လာသော အိရှိဂါမိ၏ အသံများကို ကြားလာရသည်။

တံခါးခေါင်းလောင်းသံ မြည်လာသည်။ ယာစုကိုသည် တံခါးဆီသို့ လျှောက်သွားပြီး တံခါးသံကြိုးကို ဖြုတ်၍ တံခါးကို ဖွင့်ပေးလိုက်သည်။

တံခါးဖွင့်လိုက်သည်နှင့် မတ်မတ်ရပ်နေသော အိရှိဂါမိကို တွေ့ရသည်။ ယခုအခါ သူ၏ ကိုယ်ပေါ်တွင် နက်ပြာရောင် အားကစားဝတ်စုံနှင့် ဖြစ်နေသည်။ စောစောက ဤသို့သော အပြင်အဆင်မျိုး မဟုတ်။

“အထဲကြွပါ”

“ကျေးဇူးပဲ” အိရှိဂါမိသည် တစ်ချက် ဦးညွှတ်လိုက်ပြီး အထဲသို့ ဝင်လာသည်။

ယာစုကိုသည် တံခါးကို ပြန်ပိတ်နေစဉ် သူသည် အိမ်ထဲသို့ ဝင်သွားပြီး အပူပေးစားပွဲပေါ်ရှိ စောင်ကို တုံ့ဆိုင်းခြင်း မရှိဘဲ ဆွဲလှန်ပစ်လိုက်သည်။ သူ၏ လှုပ်ရှားပုံကို ကြည့်ခြင်းအားဖြင့် ဤနေရာတွင် ပြဿနာရှိနေကြောင်း သူ ကြိုတင် သိထားနှင့် နေသည့်ပုံ။

သူသည် ဒူးတစ်ဘက်ကို ကြမ်းပြင်ပေါ်သို့ ထောက်ကာ မုဆိုးထိုင် ထိုင်လိုက်ပြီး အလောင်းကို စိုက်ကြည့်နေသည်။ တစ်ခုခု ကြံစည် စဉ်းစားနေသယောင်။ ထိုအခါမှ သူ၏ လက်နှစ်ဘက်တွင် အကြမ်းသုံး လက်အိတ်တစ်စုံ ဝတ်ဆင်ထားကြောင်း ယာစုကို သတိထားမိသည်။

ယာစုကိုသည် တုန်တုန်ယင်ယင်ဖြင့် ရုပ်အလောင်းကို လှမ်းကြည့်သည်။ တိုဂါရှိ၏ မျက်နှာပေါ်တွင် ဘာခံစားချက်မျှ မတွေ့ရတော့ပေ။ သူ၏ မေးစေ့ပေါ်တွင် ဘာမှန်း အသေအချာ မသိရသော အရည်တချို့ ခမ်းခြောက်၍ ကပ်နေသည်ကို တွေ့ရသည်။

“ရှင် .... ကြားလိုက်တာလား” ယာစုကိုက မေးကြည့်သည်။

"ဘာကို ကြားတာလဲ"

"ကျွန်မတို့ရဲ့ စကားတွေလေ။ ရှင် ကြားလို့ ကျွန်မတို့ဆီ ဖုန်းဆက်လာတာ မဟုတ်လား"

နားထောင်ပြီးသည်နှင့် အိရိုဂါမိသည် မျက်နှာသေဖြင့် ယာစုကိုဘက်သို့ လှည့်လာသည်။ "ဟင့်အင်း၊ ကျွန်တော် ဘာမှ မကြားရဘူး။ ဒီတိုက်ကြီးရဲ့ အားသာချက်က အသံသိပ်လုံတာပဲ။ ကျွန်တော် အဲဒီအချက်ကို သဘောကျလို့ ဒီနေရာမှာ နေဖြစ်သွားတာ"

"ဒါဆို ရှင်က ဘယ်လိုလုပ် ...."

"ပြဿနာတက်နေတာကို ကျွန်တော် ဘယ်လိုလုပ်ပြီး သိသွားသလဲလို့ ခင်ဗျားက မေးချင်တာလား"

"အင်း" ယာစုကိုက ခေါင်းညိတ်ပြသည်။

အိရိုဂါမိသည် အခန်းထောင့်ကို လက်ညှိုးညွှန်ပြသည်။ ထိုနေရာတွင် ဘူးခွံအလွတ်တစ်လုံး လဲနေသည်။ ဘူးခွံထဲမှ မီးခိုးအငွေ့များ ထွက်လျက် ရှိနေသေးသည်။

"စောစောက ကျွန်တော် ဒီကို လာတုန်းက ခင်ဗျားတို့အခန်းမှာ ဆေးလိပ်ငွေ့အနံ့ ရတယ်။ နဂိုက ဩ့သည် ရှိနေလိမ့်မယ်လို့ ထင်နေတာ။ ဒါပေမယ့် ဩ့သည်ရဲ့ ဖိနပ်ကိုလည်း မတွေ့ရဘူး။ အပူပေးစားပွဲရဲ့ အောက်မှာ လူတစ်ယောက် ရှိနေသလိုပဲ။ အပူပေးစားပွဲရဲ့ ဓာတ်ကြိုးကလည်း ကြမ်းပြင်ပေါ်မှာ တန်းလန်းကျနေတယ်။ တကယ်လို့ ပုန်းမယ်ဆိုလည်း အိပ်ခန်းထဲမှာ ပုန်းလို့ ရတာပဲ။ ဒါကြောင့် အပူပေးစားပွဲအောက်မှာ ရှိတဲ့ လူက ပုန်းနေတာ မဖြစ်နိုင်တော့ဘူး။ အဖွက်ခံထားရပဲ ဖြစ်လိမ့်မယ်။ ပြီးတော့ စောစောက ကြားခဲ့ရတဲ့ အသံဗလံတွေရယ်၊ ခင်ဗျားခေါင်းပေါ်က ဆံပင်တွေဟာ ထူးထူးခြားခြား ရှုပ်ပွနေတာရယ် အားလုံးပေါင်းလိုက်ရင် ခင်ဗျားတို့ဆီမှာ ပြဿနာတစ်ခုခု ဖြစ်နေပြီဆိုတာ တွက်ဆကြည့်လို့ ရနိုင်တာပေါ့။ ဩော် ... နောက်တစ်ချက် ကျန်သေးတယ်။ ဒီတိုက်ကြီးပေါ်မှာ ပိုးဟပ် မရှိဘူး။ ကျွန်တော် ဒီမှာ နေလာတာ ကြာကြာလှပြီ။ ကျွန်တော် အာမခံနိုင်ပါတယ်"

တိကျပြတ်သားစွာ ပြောနေသော အိရိုဂါမိ၏ နှုတ်ခမ်းအစုံကို ယာစုကိုက ငေးကြည့်နေမိသည်။ သူ၏ အသံမှာ စိတ်လှုပ်ရှားခြင်း ကင်းမဲ့စွာဖြင့် တစ်လုံးချင်း ပီပီသသ ထွက်ပေါ်လာကြသည်။ သူမ၏ ခေါင်းထဲသို့ မဆီမဆိုင် အတွေးတစ်ခု ရုတ်တရက် ဝင်ရောက်လာသည်။ အိရိုဂါမိသည် ကျောင်းတွင်လည်း

သူ့တပည့်များကို ဤသို့သော အေးတိအေးစက် လေသံမျိုးဖြင့် စာသင်ကြားနေခြင်း ဖြစ်ပေလိမ့်မည်။

သူ့ကို စိုက်ကြည့်နေမိကြောင်း သတိထားမိသွားသောအခါ ယာစုကိုသည် ချက်ချင်း မျက်လွှာကို အောက်ချလိုက်သည်။ အိရှိဂါမိကလည်း သူမကို စိုက်ကြည့်နေသောကြောင့် ဖြစ်သည်။

ကြောက်စရာကောင်းလောက်အောင် သွေးအေးသော ဉာဏ်ကြီးရှင်ပါတကားဟု သူမ တွေးမိသည်။ အခန်းဝမှ နေ၍ တစ်ချက်ကလေး ဝေ့ကြည့်လိုက်ရုံမျှဖြင့် ဤမျှ တိကျသေချာသော ကောက်ချက်တစ်ခုကို သာမန်လူတစ်ယောက်သည် မည်သည့်နည်းနှင့်မျှ ချမှတ်နိုင်လိမ့်မည် မဟုတ်ပေ။ တစ်ချိန်တည်းမှာပင် ယာစုကို၏ စိတ်ထဲ အနည်းငယ် ပေါ့ပါးသွားသည်။ အိရှိဂါမိသည် ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာ အသေးစိတ်ကို သိရှိမထားပေ။

"ကျွန်မရဲ့ ခင်ပွန်းဟောင်းပါ" သူမက ပြောသည်။ "ကွာရှင်းခဲ့ပြီးတာ ကြာလှပြီ။ ဒါတောင် ကျွန်မကို အခုထိ လိုက်နှောင့်ယှက်နေတုန်းပဲ။ ပိုက်ဆံမပေးရင် မျက်နှာပြောင်တိုက်ပြီး ပေကပ်နေတော့တာ။ ...... ဒီနေ့လည်း အဲဒီလိုပဲ။ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ စိတ်ဆိုးဆိုးနဲ့ ......" ဤနေရာသို့ အရောက်တွင် သူမ ဆက်မပြောတော့ဘဲ ခေါင်းငိုက်စိုက် ချနေလိုက်သည်။ တိုဂါရှိအား သတ်ခဲ့စဉ်က ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို သူမ ပြောပြ၍ မဖြစ်။ မိစာတိုကို ဤကိစ္စကြီး တစ်လုံးနှင့် လွတ်လွတ်ကင်းကင်း ရှိနေစေချင်သည်။

"ခင်ဗျား ရဲတိုင်ဖို့ စိတ်ကူးထားတာလား"

"အဲဒီလိုပဲ လုပ်စရာ ရှိတော့တာပေါ့။ ကျွန်မအနေနဲ့ စိတ်မချနိုင်ဆုံးကတော့ မိစာတိုပဲ"

သူမ ထိုသို့ ပြောလိုက်စဉ် ရုတ်တရက် စက္ကူတံခါး ပွင့်လာပြီး မိစာတိုသည် အိပ်ခန်းအပြင်ဘက်သို့ ထွက်လာသည်။

"ဟင့်အင်း၊ မဖြစ်ဘူး။ အဲဒီလို လုံးဝ မလုပ်ရဘူး"

"မိစာတို၊ နင့်ပါးစပ်ပိတ်ထား"

"ဟင့်အင်း၊ မပိတ်နိုင်ဘူး။ ဦးဦး သမီးပြောတာကို နားထောင်ပါ။ အဲဒီ အယုတ်တမာကြီးကို သတ်လိုက်တာက ..."

"မိစာတို" ယာစုကိုက စူးစူးရဲရဲ အော်လိုက်သည်။

လန့်ဖျပ်၍ မီစာတို ဆွံ့အသွားသည်။ သူမသည် မိခင်ကို မီးပွင့်လုမတတ် စိုက်ကြည့်နေသည်။ မျက်လုံးအစုံမှာလည်း ရဲရဲ နီလျက်။

"မစ္စဟာနာအိုကာ" အိရှိုဂါမိ၏ တည်ငြိမ်အေးစက်သော အသံထွက်ပေါ်လာသည်။ "ခင်ဗျား ကျွန်တော့်ကို ဖုံးဖိထားစရာ မလိုပါဘူး"

"ကျွန်မ ဘာကို ဖုံးဖိ ......"

"ဒါ ခင်ဗျားတစ်ယောက်တည်း လုပ်လို့ရတဲ့ ကိစ္စမဟုတ်ဘူးဆိုတာ ကျွန်တော် သိတယ်။ မီစာတိုလည်း ဝင်ပါရမှာပဲ"

ယာစုကိုက အလောတကြီး ခေါင်းခါယမ်းလိုက်သည်။ "ကျွန်မတစ်ယောက်တည်း လုပ်တာပါ။ ကလေးက ပြန်ရောက်တာ မကြာသေးဘူး။ ကျွန်မ .... ကျွန်မ သူ့ကို သတ်ပစ်လိုက်ပြီးမှ သူ ပြန်ရောက်လာတာ။ သူနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

အိရှိုဂါမိသည် သက်ပြင်းချလိုက်ပြီး မီစာတိုကို လှမ်းကြည့်သည်။ "အဲဒီလို လျှောက်ပြောနေရင် မီစာတိုကို ပိုပြီး ခံစားရအောင် လုပ်လိုက်သလို ဖြစ်နေမှာပေါ့"

"ကျွန်မ ညာမပြောပါဘူး။ ကျွန်မကို ယုံပါရှင်" ယာစုကိုသည် လက်တစ်ဘက်ကို အိရှိုဂါမိ၏ ဒူးခေါင်းပေါ်တင်၍ တောင်းပန်နေသည်။

သူသည် ထိုလက်တစ်ဘက်ကို တစ်ခဏမျှ စိုက်ကြည့်ပြီး အလောင်းဘက်သို့ လှည့်ကြည့်ပြန်သည်။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာ မော့လိုက်ပြီး "အဓိက အရေးကြီးဆုံးက ရဲတွေ ဘယ်လို မြင်မလဲ ဆိုတာပဲ။ ခင်ဗျား အဲဒီလို ညာပြောလို့ အသုံးတည့်နိုင်လိမ့်မယ် မထင်ဘူး"

"ဘာဖြစ်လို့လဲ" ထိုသို့ ပြောပြီးကာမှ ယာစုကို သတိထားမိတော့သည်။ ထိုသို့ မေးလိုက်ခြင်းအားဖြင့် မိမိ ညာပြောခဲ့သည်ကို ဝန်ခံရာ ရောက်သွားပြီ မဟုတ်ပါလား။

အိရှိုဂါမိသည် အလောင်း၏ ညာဘက်လက်ကို လက်ညှိုးညွှန်ပြသည်။

"လက်ကောက်ဝတ်မှာရော လက်ဖမိုးမှာပါ သွေးခြေဥနေတဲ့ အရှိုးအရာတွေ ထင်နေတယ်။ တကယ်တမ်း စေ့စေ့စပ်စပ် လေ့လာသုံးသပ်ကြည့်ရင် အဖြေက ရှင်းရှင်းလေးပဲ။ အဲဒါ လက်နဲ့ ဆွဲညှစ်ခံထားရတဲ့ လက်ချောင်းရာတွေ။ ရုန်းကန် လှုပ်ရှားလို့ မရအောင် သူရဲ့ လက်တွေကို တင်းတင်းကျပ်ကျပ် ဖမ်းဆုပ်ထားရာကနေ ကျန်ခဲ့တဲ့ လက်ရာတွေပဲ။ ကြည့်ရုံနဲ့ သိတယ်"

"အဲဒါ ကျွန်မ လုပ်တာပါ"

"မဖြစ်နိုင်ပါဘူး မစ္စဟာနာအိုကာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက သူ့ကို ကြိုးနဲ့ အနောက်ဘက်ကနေ လည်ပင်းညှစ်ထားရတဲ့ ဥစ္စာ။ ဘယ်လိုလုပ်ပြီး သူ့လက်ကို ထပ် ဖမ်းဆုပ်ထားနိုင်ပါဦးမလဲ။ စုစုပေါင်း လက်လေးဘက် လိုတယ်"

အိရှိဂါမိ၏ ရှင်းလင်းချက်ကို ကြားရသောအခါ ယာစုကိုလည်း ဆွံ့အသွားတော့သည်။ ထွက်ပေါက်မရှိသော လှိုဏ်ခေါင်းတစ်ခုအတွင်းသို့ လျှို့ဝင်သွားမိသကဲ့သို့ ခံစားလိုက်ရသည်။ သူမသည် ခေါင်းငိုက်စိုက်ချလျက် ထိုင်နေသည်။ အကယ်၍ အိရှိဂါမိသည် တစ်ချက် ကြည့်ရုံမျှဖြင့် ထိုအချက်များကို အကျအပေါက်မရှိ တပ်အပ် ပြောနိုင်သည် ဆိုလျှင် မှုခင်းရဲများက ထို့ထက်ပင် ပို၍ တိတိကျကျ မြင်နိုင်ပေဦးမည်။

"မီစာတိုကို ဒီအရှုပ်ထုပ်ထဲ ပါမသွားစေချင်တာ တစ်ခုတည်းပါ။ သမီးကို ကာကွယ် ....."

"သမီးလည်း မေမေ့ကို ထောင်အကျ မခံနိုင်ဘူး" မီစာတိုက ငိုယိုလျက် ပြောသည်။

ယာစုကိုသည် လက်နှစ်ဘက်ဖြင့် မျက်နှာကို အုပ်လိုက်သည်။ "ဘယ်လို လုပ်ရပါ့မလဲ ....."

သူမ၏ ပတ်ဝန်းကျင်ရှိ လေထုမှာ သိပ်သည်းလေးလံလာသယောင်။ ထိုင်နေသော သူမကို လေးဘက်လေးတန်မှ ဝိုင်းဝန်း ဖိသိပ်နေကြသည်ဟုပင် ထင်လာမိသည်။

"ဦးဦး" မီစာတိုက ပြောသည်။ "ဦးဦးက မေမေ့ကို အဖမ်းခံဖို့ လာပြောနေတာလားဟင်"

အိရှိဂါမိက တဒင်္ဂမျှ ငြိမ်နေပြီးမှ ပြန်ဖြေလေသည်။ "ဦးက သမီးတို့ကို ကူညီပေးမလို့ လာတာပါ။ အဖမ်းခံမယ် ဆိုလည်း ဦးဘက်က ဘာမှ ပြောစရာ မရှိပါဘူး။ တကယ်လို့သာ တခြားနည်းလမ်းကို ရွေးမယ်ဆိုရင် သမီးတို့ချည်းသက်သက်နဲ့တော့ အလုပ်ဖြစ်နိုင်မယ် မထင်ဘူး"

သူ၏ စကားကို ကြားရသောအခါ ယာစုကိုသည် မျက်နှာတွင် အုပ်ထားသော လက်နှစ်ဘက်ကို ပြန်ချလိုက်သည်။ ဖုန်းဆက်လာစဉ် အခါကလည်း

ထိုသူသည် အင်မတန် ထူးဆန်းသော စကားတစ်ခွန်းကို ပြောခဲ့ဖူးကြောင်း သူမ အမှတ်ရလာသည်။ "ခင်ဗျားတို့အနေနဲ့ အလောင်းကို ဘယ်လိုမှ ဖြေရှင်းနိုင်လိမ့်မယ် မထင်ဘူး" ဟူ၍။

"အဖမ်းမခံဘဲလည်း ဖြေရှင်းလို့ ရနိုင်သေးတာလား" မီစာတိုက ထပ်မေးလိုက်သည်။

ယာစုကိုက ခေါင်းထောင်ကြည့်သည်။ အိရှိဂါမိသည် ခေါင်းကို ဖြည်းညင်းစွာ ငုံ့စောင်းလိုက်သည်။ သူ၏ မျက်နှာပေါ်တွင်တော့ ဘာ ခံစားချက်မျှ မရှိ။

"ဒီ လူသတ်မှုကို လူမသိအောင် ဖုံးဖိထားနိုင်ရင် ထား။ ဒါမှမဟုတ် ဒီရုပ်အလောင်းနဲ့ သမီးတို့ ပတ်သက်ဆက်စပ်မလာအောင် အထောက်အထားတွေကို ဖျောက်ဖျက်ပစ်ဖို့ လုပ်ရမှာပဲ။ ဒီနှစ်မျိုးထဲက တစ်မျိုးကို ရွေးရမှာပေါ့။ ဒါပေမယ့် ဘယ်လမ်းကိုပဲ ရွေးရွေး၊ လောလောဆယ်တော့ ဒီအလောင်းကို အရင် ဖြေရှင်းပစ်ရလိမ့်မယ်"

"ဦးဦးက အဲဒီလို လုပ်လို့ရမယ်လို့ ထင်လား"

"သမီး" ယာစုကိုက ဝင်ဟန့်လိုက်သည်။ "ဘာတွေ လျှောက်မေးနေတာလဲ"

"အမေ အသာနေဦး။ ဦးဦး လုပ်နိုင်ပါ့မလား"

"အတော်လေး ခက်လိမ့်မယ်။ ဒါပေမယ့် လုံးဝ မဖြစ်နိုင်တာတော့ မဟုတ်ဘူး"

အိရှိဂါမိ၏ လေသံမှာ စတွေ့စဉ်က ကဲ့သို့ပင် တည်ငြိမ်နေဆဲ ဖြစ်သည်။ ဤသို့ အရာရာကို ခံစားချက်မဲ့စွာ ဆက်ဆံနိုင်သောကြောင့်သာလျှင် တုန်လှုပ်ခြောက်ခြားနေသော မိမိနှင့် နှိုင်းယှဉ်ပါက များစွာ ကျိုးကြောင်းဆီလျော်အောင် တွေးခေါ်နိုင်ခြင်း ဖြစ်ရပေမည်ဟု ယာစုကိုက တွေးမိသည်။

"အမေ" မီစာတိုက ပြောသည်။ "ဒီဦးဦးကို ကူညီခိုင်းလိုက်ပါလား။ သမီးတို့မှာ တခြား ရွေးချယ်စရာမှ မရှိတာဘဲဟာ"

"ဒါပေမယ့် ...." ယာစုကိုက အိရှိဂါမိကို စိုက်ကြည့်နေသည်။

သူ၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် ကြမ်းပြင်သို့သာ ငုံ့ကြည့်နေသည်။ သားအမိနှစ်ယောက်၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေသည့်နှယ်။

အခန်း (၂ - ၈)

ယာစုကိုသည် စာယိုကိုပြောခဲ့သော စကားကို ပြန်အမှတ်ရလာသည်။ "အဲဒီ သင်္ချာဆရာက နင့်ကို ကျိတ်ကြွေနေတာလား မသိဘူး။ အမြဲတမ်း နင်ဆိုင်မှာ ရှိတဲ့နေ့တွေမှ ဟင်းလာဝယ်တယ်"

အကယ်၍ ထိုအကြောင်းကိုသာ ကြားဖူးထားခြင်း မရှိလျှင် အိရှိုဂါမိကို ဦးနှောက်မမှန်သူဟု သူမ ယူဆမိပေလိမ့်မည်။ လောကတွင် မည်သူသည် ကိုယ်နှင့် မရင်းနှီးသော အိမ်နီးချင်းတစ်ယောက်ကို ဤမျှအထိ ဒုက္ခခံ၍ ကူညီချင်ပါအံ့နည်း။ ကံမကောင်း အကြောင်းမလှလျှင် ကူညီသူပါ ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလော။

"အလောင်းကို ဖွက်ထားနိုင်တယ် ဆိုရင်တောင်မှ အနေ့းနဲ့အမြန်တော့ ရှာတွေ့သွားနိုင်တာပဲ မဟုတ်လား" ယာစုကိုက မေးလိုက်သည်။ ဤမေးခွန်းသည် သူတို့၏ ကံကြမ္မာကို အလှည့်အပြောင်း လုပ်ပေးမည့် ပထမဆုံး ခြေလှမ်းပင် ဖြစ်သည်ဟု သူမ ရိပ်စားမိလိုက်သည်။

"အလောင်းကို ဖွက်ဖို့ မဖွက်ဖို့ ဆိုတာ အခုချိန် ဆုံးဖြတ်လို့ မရသေးဘူး" အိရှိုဂါမိက ပြန်ဖြေသည်။ "တစ်ခါတလေမှာ ဖွက်မထားတာကမှ ပိုကောင်းနေတတ်တယ်။ အလောင်းကို ဘယ်လို ကိုင်တွယ်ရမလဲဆိုတာ သက်ဆိုင်ရာ အချက်အလက်တွေ စုစည်းပြီးမှ ပြောကြတာပေါ့။ လတ်တလောအတွက် အသေချာဆုံး ကိစ္စကတော့ အလောင်းကို ဒီအတိုင်း ထားထားလို့ မဖြစ်ဘူး"

"သက်ဆိုင်ရာ အချက်အလက်ဆိုတာ ဘာကို ပြောတာလဲ"

"ဒီလူနဲ့ သက်ဆိုင်တဲ့ အကြောင်းအချက်တွေပေါ့" အလောင်းကို ငုံ့ကြည့်ရင်း အိရှိုဂါမိက ရှင်းပြသည်။ "လိပ်စာ၊ နာမည်၊ အသက်၊ အလုပ်အကိုင်၊ ဒီကို ဘာလာလုပ်တာလဲ၊ ပြီးတော့ ဘယ်ကို ဆက်သွားဖို့ စိတ်ကူးထားသလဲ၊ အိမ်သားတွေ ရှိသလား၊ ခင်ဗျား သိသမျှ ကျွန်တော်ကို အားလုံး ပြောပြပါ"

"သူ ....."

"အလောင်းကို အရင် ရွှေ့ထားလိုက်တာ ကောင်းမယ်။ ဒီအခန်းကို အမြန်ဆုံး သန့်ရှင်းရေး လုပ်လိုက်ပါ။ လူသတ်မှုနဲ့ ဆက်နွှယ်နေမယ့် သက်သေအထောက်အထားတွေ တောင်ပုံရာပုံ ကျန်နေနိုင်တယ်" စကားဆုံးသည်နှင့် အိရှိုဂါမိသည် ရုပ်အလောင်း၏ ခန္ဓာကိုယ် အထက်ပိုင်းကို

မ,ချီလိုက်သည်။

"ဒါပေမယ့် ..... ဘယ်ကို ရွှေ့ရမှာလဲ"

"ကျွန်တော့်အခန်းကို"

အိရှိဂါမိသည် ဘာမှ မဖြစ်သလို ပြန်ဖြေပြီး အလောင်းကို သူ့ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။ သူ၏ ခွန်အားဗလမှာ ထင်မှတ်မထားလောက်အောင် ကြီးမားလွန်းသည်။ ယာစုကိုသည် နက်ပြာရောင် အားကစားအကျီ၏ တစ်နေရာတွင် ရှိသော 'ဂျူဒို' ဟု ရေးထားသည့် ရင်ဘတ်တံဆိပ်ကို လှမ်းကြည့်မိသည်။

အိမ်အပြင်သို့ ထွက်လိုက်သည်နှင့် အိရှိဂါမိသည် သူ့အခန်းရှိရာသို့ လျင်မြန်သောအဟုန်ဖြင့် လျှောက်သွားလေသည်။ ယာစုကိုနှင့် မီစာတိုတို့လည်း အနောက်မှ ယောင်လည်လည်နှင့် လိုက်လာကြသည်။ သူ၏ အခန်းမှာ သချာစာအုပ်များ၊ ဂျာနယ်များဖြင့် ကြမ်းပြင်တစ်ခုလုံး ပြည့်နှက် ရှုပ်ပွနေသည်။

အိရှိဂါမိသည် ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲလျက်ရှိသော သချာလေ့ကျင့်ခန်း စာအုပ်များကို ခြေထောက်ဖြင့် တစ်ဘက်သို့ တွန်းကပ်လိုက်သည်။ မြက်ဖျာကြမ်းခင်းကို မြင်ရပြီ ဆိုသောအခါမှ အလောင်းကို ကြမ်းပြင်ပေါ်သို့ ချသည်။ အလောင်း၏ မျက်လုံးနှစ်လုံးမှာ အခန်းတွင်းတစ်နေရာသို့ ပြူးကြောင်ကြောင် ငေးကြည့်နေလေသည်။

သူသည် အပေါက်ဝတွင် အူတိအူကြောင်နှင့် ရပ်နေကြသော သားအမိနှစ်ယောက်ထံသို့ လှည့်လိုက်သည်။

"မီစာတို၊ သမီးက အခုချက်ချင်း အခန်းကိုပြန်ပြီး သန့်ရှင်းရေး သွားလုပ်လိုက်။ ဖုန်စုပ်စက်ကို သုံးပြီး နေရာလွတ် မကျန်ရအောင် အသေအချာ သန့်ရှင်းရေး လုပ်ထား။ မစ္စဟာနာအိုကာကတော့ ဒီမှာ ခဏနေခဲ့ပါဦး"

မီစာတိုသည် သွေးဆုတ်နေသော မျက်နှာဖြင့် ခေါင်းညိတ်ပြပြီး မိခင်ကို တစ်ချက် ဝေ့ကြည့်၍ အခန်းသို့ ပြန်သွားသည်။

"ကျေးဇူးပြုပြီး တံခါးကို ပိတ်ပေးပါဦး" အိရှိဂါမိက ယာစုကိုကို ပြောသည်။

"ရှင် .... ဟုတ်"

ခိုင်းသည့်အတိုင်း လုပ်ပြီးနောက် သူမသည် တံခါးဝရှိ ဖိနပ်စင်နားတွင် ရပ်မြဲ ရပ်နေလေသည်။

"အထဲကို ဝင်ခဲ့ပါလား။ ကျွန်တော့်ဆီမှာတော့ ခင်ဗျားတို့အိမ်လို သပ်သပ်ရပ်ရပ်တော့ မရှိဘူး"

အိရိုဂါမိသည် ထိုင်ခုံပေါ်မှ ကူရှင်ကို လှမ်းယူပြီး အလောင်း၏ ဘေးနားတွင် ချထားလိုက်သည်။ ယာစုကိုသည် အခန်းထဲသို့ ဝင်လာပြီးနောက် ၎င်းကူရှင်ပေါ်တွင် မထိုင်ဘဲ အလောင်းကို ကျော်ပေးလျက် နံရံဘက်သို့ မျက်နှာပြု၍ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။ သူ အလောင်းကို ကြောက်ရွံ့နေခြင်း ဖြစ်ကြောင်း တစ်ခဏကြာမှ အိရိုဂါမိ ရိပ်မိသွားသည်။

"အား ... ဆောရီးဗျာ" သူသည် ကူရှင်ကို ယူ၍ ယာစုကိုအား လှမ်းပေးသည်။ "ဒီပေါ်မှာ ထိုင်ပါ"

"ရပါတယ်။ ကိစ္စ မရှိဘူး" သူမက ခေါင်းကို ငုံ့လျက် ညင်သာစွာ ခါယမ်းလိုက်သည်။

အိရိုဂါမိသည် ကူရှင်ကို ထိုင်ခုံပေါ်သို့ ပြန်ထားပြီး အလောင်းဘေးတွင် ထိုင်ချလိုက်သည်။

အလောင်း၏ လည်ပင်းပတ်ပတ်လည်တွင် နီညိုရောင် အရှိုးရာတစ်ခု အထင်းသား ပေါ်နေသည်။

"ခါတ်ကြိုးလား"

"ရှင်?"

"လည်ပင်းကို ညှစ်တဲ့ ပစ္စည်းက ခါတ်ကြိုးလားလို့ မေးတာ"

"ဟုတ်တယ် ..... အပူပေးစားပွဲရဲ့ ခါတ်ကြိုးပါ"

"အပူပေးစားပွဲ?" အိရိုဂါမိသည် အပူပေးစားပွဲ၏ စားပွဲခင်းအဆင်ကို ပြန်မြင်ယောင်ကြည့်နေသည်။ "အဲဒါကိုလည်း အမြန်ဆုံး ရှင်းပစ်မှ ဖြစ်မယ်။ ထားပါတော့လေ။ ကျွန်တော် ခဏနေကျမှ လာလုပ်ပေးမယ်" ထို့နောက် အိရိုဂါမိ၏ အကြည့်တစ်စုံသည် အလောင်းပေါ်သို့ ရောက်သွားပြန်သည်။ "ဒီနေ့ ခင်ဗျားနဲ့ လာတွေ့ဖို့ သူ့ကို ချိန်းထားတာလား"

ယာစုကိုက ခေါင်းကို ခါယမ်းလိုက်သည်။ "ဟင့်အင်း၊ နေ့ခင်းက သူ ကျွန်မအလုပ်လုပ်နေတဲ့ ဆိုင်ကို အမှတ်မထင်ဘဲ ရောက်လာခဲ့တာ။ ကျွန်မလည်း မတတ်နိုင်တဲ့အဆုံး ညနေကျရင် အဲဒီအနားက စားသောက်ဆိုင်မှာ တွေ့မယ်လို့ သူ့ကို ချိန်းလိုက်မိတယ်။ နောက်တော့ သူ ကျွန်မအိမ်အထိ နောက်ယောင်ခံပြီး လိုက်လာတော့တာပဲ"

“စားသောက်ဆိုင်?”

ထိုသို့ဆိုလျှင် သူတို့နှစ်ဦး ဆုံတွေ့ခဲ့ကြသည်ကို မြင်တွေ့လိုက်ရသော မျက်မြင်သက်သေ တစ်ယောက်မဟုတ် တစ်ယောက်တော့ ရှိနေမည်သာ။ အိရိုဂါမိက တွေးသည်။ သူသည် အပေါ်ဝတ် ကုတ်အင်္ကျီ၏ အိတ်ကပ်ထဲသို့ လက်နှိုက်ကြည့်လိုက်သည်။ အနည်းငယ် တွန့်ကြေနေသော တစ်သောင်းတန် ငွေစက္ကူနှစ်ရွက် လက်ထဲ၌ ပါလာသည်။

“အဲဒါက ကျွန်မ ....”

“ခင်ဗျား သူ့ကို ပေးထားတာလား”

ခေါင်းညိတ်သည်ကို မြင်လိုက်ရသည်နှင့် အိရိုဂါမိသည် သူမထံသို့ ပိုက်ဆံကို လှမ်းပေးလိုက်သည်။ သို့သော် သူမက လှမ်းမယူပေ။

အိရိုဂါမိသည် မတ်တတ်ရပ်ပြီး နံရံတွင် ချိတ်ဆွဲထားသော သူ၏ ကုတ်အင်္ကျီအိတ်ကပ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် တစ်သောင်းတန် ငွေစက္ကူနှစ်ရွက်ကို ဆွဲထုတ်ပြီး တိုဂါရှိ၏ ပိုက်ဆံများကို သူ့ပိုက်ဆံအိတ်ထဲသို့ ထည့်လိုက်သည်။

“ဒါဆို ခင်ဗျားလည်း စိတ်သန့်သန့်ထားပြီး ကိုင်လို့ရတာပေါ့” သူသည် ပိုက်ဆံကို ယာစုကိုထံသို့ လှမ်းပေးလေသည်။

သူမသည် တစ်ခဏမျှ တွန့်ဆုတ်တွေဝေနေပြီးမှ ကျေးဇူးတင်ကြောင်း ပြောကာ ပိုက်ဆံကို လှမ်းယူသည်။

အိရိုဂါမိသည် သေသူ၏ အဝတ်အစားရှိ အိတ်ကပ်များကို နောက်တစ်ကြိမ် လက်နှိုက်၍ ရှာနေပြန်သည်။ ဘောင်းဘီအိတ်ကပ်ထဲမှ တိုဂါရှိ၏ ပိုက်ဆံအိတ် ထွက်လာသည်။ အိတ်ထဲတွင် ပိုက်ဆံအကြွေတချို့၊ ယာဉ်မောင်းလိုင်စင်နှင့် လက်ခံဖြတ်ပိုင်းတချို့ကို တွေ့ရသည်။

“တိုဂါရှိ ရှင်ဂျိ ..... အနောက်ရှင်ဂျုကု၊ ရှင်ဂျုကုရပ်ကွက်။ သူ အဲဒီမှာ နေတုန်းပဲလား” လိုင်စင်ကို ကြည့်ပြီးနောက် ယာစုကိုကို မေးလိုက်သည်။

ယာစုကိုသည် စိတ်ရှုပ်သော မျက်နှာထားဖြင့် ခေါင်းခါပြသည်။

“ကျွန်မ မသိဘူး။ မနေလောက်တော့ဘူး ထင်တယ်။ အရင်တုန်းက သူတစ်ခါ ပြောဖူးတယ်။ အိမ်လခ မပေးနိုင်လို့ အနှင်ချခံရတယ် ဆိုလားပဲ”

“လိုင်စင်ကို မနှစ်က သက်တမ်းတိုးထားတာ။ ဒီအတိုင်းသာဆိုရင် သူက

အိမ်ထောင်စုဇယား မပြောင်းဘဲ အိမ်အသစ် ရှာနေခဲ့ပုံပဲ”

“သူက အဲဒီလို ဟိုပြောင်းလိုက် ဒီပြောင်းလိုက်နဲ့။ အလုပ်အကိုင်လည်း မည်မည်ရရ မရှိတော့ အခန်းကောင်းကောင်းလည်း ငှားနိုင်မှာ မဟုတ်ဘူး”

“သြော်” အိရှိဂါမိ၏ အကြည့်သည် လက်ခံဖြတ်ပိုင်းတစ်စောင်၏ အပေါ်၌ ရပ်တန့်နေသည်။

ဖြတ်ပိုင်းပေါ်တွင် ‘အိုဂိယ တည်းခိုခန်း’ ဟု ရိုက်နှိပ်ထားသည်။ ကျသင့်ငွေမှာ နှစ်ညတာအတွက် ယန်း ငါးထောင့်ရှစ်ရာရှစ်ဆယ် ဖြစ်သည်။ အခန်းထဲသို့ ဝင်မနေခင် ငွေအကျေချေရသည့် သဘောဖြစ်မည်။ အိရှိဂါမိက စိတ်တွက်ဖြင့် တွက်ကြည့်သည်။ တစ်ညလျှင် ယန်းနှစ်ထောင့်ရှစ်ရာ ကျသင့်မည်။ သူသည် ဖြတ်ပိုင်းကို ယာစုကိုထံသို့ လှမ်းပေးသည်။

“ကြည့်ရတာ သူ အဲဒီမှာ နေပုံရတယ်။ တကယ်လို့ ရက်စေ့တဲ့အချိန်မှာ သော့ပြန်မအပ်ရင် တည်းခိုခန်း ဝန်ထမ်းတွေက အခန်းထဲ အတင်း ဖွင့်ဝင်ကြမှာပဲ။ ဒွေ့သည် ပျောက်နေတာ သတိထားမိသွားရင် သူတို့ ရဲကို အကြောင်းကြားကောင်း ကြားနိုင်တယ်။ ပြဿနာ အရှုပ်မခံချင်လို့ မသိချင်ယောင် ဆောင်ချင်လည်း ဆောင်နေလောက်တယ်။ သူတို့ဆီမှာ အဲဒီလို မကြာခဏ ဖြစ်တတ်တယ် ထင်တယ်။ ဒါကြောင့် တည်းခိုခန်းက ဒွေ့သည်ကို ငွေကြိုရှင်းခိုင်းတာ ဖြစ်မယ်။ ဒါပေမယ့် အကောင်းမြင်လွန်းရင်လည်း အန္တရာယ် သိပ်ကြီးတယ်”

အိရှိဂါမိသည် အိတ်ကပ်များထဲသို့ ဆက်ရှာကြည့်သောအခါ အခန်းသော့ ထွက်လာသည်။ ကတ်ပြား အဝိုင်းလေးဖြင့် သော့တွဲပြုလုပ်ထားသည်။ ကတ်ပြားပေါ်တွင် ‘၃၀၅’ ဟူသော ဂဏန်း ရေးထိုးထားသည်။

ယာစုကိုသည် သော့တွဲကို အဓိပ္ပာယ်မရှိ ငေးကြည့်နေသည်။ ရှေ့လျှောက် မည်သို့ စခန်းသွားရမည်ကို သူမ နည်းနည်းကလေးမျှ မစဉ်းစားတတ်အောင် ဖြစ်နေသည့်ဟန်။

ဘေးဘက်အခန်းမှ ဖုန်စုပ်စက်၏ အသံများ ထွက်ပေါ်လာသည်။ မီစာတိုသည် အခန်းကို ကြိုးစားပမ်းစား သန့်ရှင်းရေး လုပ်နေလေပြီ။ သူမသည်လည်း သူမ၏ မှုန်တိမှုန်ဝါး ဖြစ်နေသော အနာဂတ်အတွက် စိတ်ရှုပ်ထွေး နောက်ကျနေပေလိမ့်မည်။

‘ငါ သူတို့ကို ကာကွယ်ပေးနိုင်ရမယ်’ အိရှိဂါမိသည် ပင့်သက်ကို အားရပါးရ ရှူသွင်းလိုက်သည်။ ‘ငါလိုကောင်မျိုးက နောက်နောင်ဆိုရင်

သူတို့အနား ကပ်ဖို့တောင် အခွင့်အရေး ရှိမှာ မဟုတ်တော့ဘူး။ အခုချိန်မှာ ငါရဲ့ ဉာဏ်စွမ်းနဲ့ ခွန်အားကို အပြည့်အဝ အသုံးချပြီး သူတို့အပေါ် ကျရောက်လာမယ့် ကြမ္မာဆိုးကို ဖယ်ရှားကာကွယ် ပေးနိုင်ရမယ်'

အိရှိဂါမိသည် သေသူ အမျိုးသား၏ မျက်နှာကို ကြည့်နေသည်။ ယခုအခါ ထိုသူ၏ မျက်နှာပေါ်တွင် ဘာခံစားချက်ကိုမျှ ခြေရာခံ၍ မရနိုင်တော့ပေ။ ထိုသူသည် လူတစ်ယောက်ထက် ရွှံ့ရုပ်တစ်ရုပ်နှင့်သာ တူနေလေသည်။ သို့သော် ထိုသူ၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် နုနယ်စဉ်အခါက အင်မတန် ရုပ်ဖြောင့်ခဲ့မည် ဖြစ်ကြောင်း ခန့်မှန်းကြည့်နိုင်သည်။ အရွယ်ရလာ၍ အနည်းငယ် ဝဖိုင့်လာသည်ဟု ဆိုရသော်လည်း ထိုသူ၏ မျက်နှာမျိုးမှာ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်မျိုး ဖြစ်ခဲ့ရဖူးပေလိမ့်မည်။

ယာစုကိုသည် ဤမျက်နှာပိုင်ရှင်နှင့် တစ်ချိန်က ချစ်ကျွမ်းဝင်ခဲ့သည်။ ဤအချက်ကို အိရှိဂါမိ တွေးလိုက်မိသောအခါ သူ၏ မနာလိုစိတ်များသည် လေပူဖောင်းများသဖွယ် ပလုံစီ၍ ရင်ညွန့်တစ်လျှောက် လှိုက်၍ လှိုက်၍ တက်လာကြသည်။ သူသည် ခေါင်းကို ခပ်ကြမ်းကြမ်း ခါယမ်းပစ်ပြီး အတွေးများကို ဖယ်ချလိုက်သည်။

"ပုံမှန်ဆက်သွယ်တတ်တဲ့ မိတ်ဆွေ အပေါင်းအသင်းတွေ သူ့မှာ ရှိလား" အိရှိဂါမိက နောက်တစ်ကြိမ် မေးခွန်းထုတ်ပြန်သည်။

"ကျွန်မ မသိဘူး။ ကျွန်မတို့ မတွေ့ဖြစ်ကြတာဖြင့် တော်တော် ကြာနေပြီ"

"သူ မနက်ဖြန် ဘာလုပ်မယ် ဆိုတာကိုရော သူ့ဆီက မကြားမိဘူးလား။ ဥပမာ ဘယ်သူဘယ်ဝါနဲ့ တွေ့ဖို့ ချိန်းထားတာမျိုးပေါ့"

"ဟင့်အင်း .... ဆောရီးပါရှင်။ ကျွန်မ ဘာမှ မသိဘူး" ယာစုကိုသည် ခေါင်းငိုက်စိုက် ချထားလျက်က ပြန်ဖြေသည်။

"ကျွန်တော်က မေးရမယ့် တာဝန်ရှိလို့ မေးကြည့်ရုံ သက်သက်ပါ။ ခင်ဗျား မသိဘူး ဆိုတာကလည်း သဘာဝကျတာပါပဲ။ စိတ်ထဲ မထားပါနဲ့"

အိရှိဂါမိသည် လက်အိတ်ဝတ်ထားသော လက်ဖြင့် အလောင်း၏ မျက်နှာကို စမ်းသပ်ကြည့်သည်။ ထို့နောက် ထိုသူ၏ ပါးစပ်ကို ဖြဲ၍ ပါးစပ်အတွင်းသို့ စိုက်ကြည့်သည်။ ရွှေရောင် အံသွားတစ်ချောင်းကို သူ မြင်နေရသည်။ "သူ အံသွားတစ်ချောင်း အတုစိုက်ထားတာပဲ"

"ကျွန်မတို့ အတူနေကြတုန်းက သူ သွားဆရာဝန်နဲ့ ပြခဲ့ဖူးတယ်"

“ဘယ်အချိန်လောက်ကလဲ”

“ကျွန်မတို့ လွန်ခဲ့တဲ့ ငါးနှစ်က ကွာရှင်းခဲ့ကြတာ”

“ငါးနှစ်?”

ဘာမျှ သိပ်မကြာသေး။ ထိုသို့ဆိုလျှင် သွားစိုက်မှတ်တမ်းများမှာ ရှိမြဲအတိုင်း ရှိနေနိုင်သေးသည်။ မှတ်တမ်းများကို ရှင်းလင်းပစ်နိုင်သည်ဟု မျှော်လင့်၍ မရကောင်း။

“သူ့မှာ ပြစ်မှုမှတ်တမ်းတွေ ရှိလား”

“မရှိလောက်ဘူး။ ကျွန်မနဲ့ ကွာရှင်းပြီး နောက်ပိုင်းကိုတော့ ကျွန်မလည်း မပြောတတ်ဘူး”

“ဒါဆို ရှိချင် ရှိနိုင်တယ်ပေါ့”

“အဲ ....”

ရာဇဝတ်ပြစ်မှုမှတ်တမ်း မရှိခဲ့ဖူးသည် ဖြစ်စေ၊ အကယ်၍ ယာဉ်စည်းကမ်း ချိုးဖောက်ခဲ့မှုကြောင့် အရေးယူ ခံခဲ့ရဖူးလျှင် လက်ဗွေယူ၍ မှတ်တမ်းတင်ခြင်း ခံခဲ့ရမည်သာ။ မှုခင်းစုံထောက်များသည် အမှုကို စုံစမ်းထောက်လှမ်းကြရာတွင် ယာဉ်စည်းကမ်း ချိုးဖောက်သူများ၏ လက်ဗွေနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှိမရှိ ဆိုသည်ကိုမူ အိရှိဂါမိ ကောင်းစွာ မသိချေ။

အလောင်းကို မည်သို့ ကိုင်တွယ်ဖြေရှင်းသည် ဖြစ်စေ၊ သေသူ၏ နောက်ကြောင်းရာဇဝင်ကို ပြန်လည် ဖော်ထုတ်သွားနိုင်လိမ့်မည် ဟူသော အချက်ကို လုံးဝ ထည့်သွင်းစဉ်းစားရပေမည်။ မည်သို့ပင် ဆိုစေ၊ ထိုသူ၏ နောက်ကြောင်းရာဇဝင်ကို လိုက်နိုင်ဖို့ အချိန်တော့ ပေးရလိမ့်မည်။ လက်ဗွေနှင့် သွားများကို ချန်မထားခြင်းဖြင့် သူတို့၏ အလုပ်ကို ပိုမို ခက်ခဲသွားစေနိုင်သည်။

ယာစုကိုက သက်ပြင်းချလိုက်သည်။ ထိုအသံသည် အိရှိဂါမိ၏ နားထဲသို့ ဝင်ရောက်လာသောအခါ သူ့အတွက် နားဝင်ချိုနေသယောင်။ ရင်ထဲတွင်လည်း နွေးခနဲ ဖြစ်သွားသည်။ နောက်ထပ်တစ်ကြိမ် ဆုံးဖြတ်ချက် ချလိုက်ပြန်သည်။ သူမ၏ အားကိုးရာ ဖြစ်စေရမည်။

သို့သော် လွယ်ကူသည့် ပုစ္ဆာတစ်ပုဒ်တော့ မဟုတ်ပေ။ သေသူ၏ နောက်ကြောင်းကို စုံစမ်းသိရှိသွားသည်နှင့် တစ်ပြိုင်နက် ရဲဌာနသည် ယာစုကိုကို အလွတ်ပေးတော့မည် မဟုတ်။ သူတို့ သားအမိနှစ်ယောက်သည် ရဲဌာန၏ စစ်ကြောမေးမြန်းချက်များကို တောင့်ခံနိုင်ပါမည်လော။ အကယ်၍ ငြင်းကွယ်ရန်

အကြောင်းပြချက်တစ်စုံသာ ပြင်ဆင်ထားခဲ့လျှင် ဝိရောဓိဖြစ်သည့် အကြောင်း တစ်ချက်ချက်ကို ရဲဘက်မှ ဆုပ်ကိုင်သွားမိသည်နှင့် ဆင်ထားသောခွင်လည်း အကကြောင်းလိုက်လာနိုင်သည်။ သူတို့သားအမိလည်း မည်သို့မျှ ရေရှည် တောင့်ခံနိုင်လိမ့်မည် မဟုတ်။ အားလုံး ဘူးပေါ်သလို ပေါ်သွားပေမည်။

အင်မတိ အင်မတန် ကြောင်းကျိုးခိုင်လုံသော လောဂျစ်ပေါ်တွင် အခြေခံသည့် ပြီးပြည့်စုံသော ခံစစ်တစ်ခုကို သူတို့ သားအမိအတွက် ဖန်တီး တည်ဆောက် ထားပေးရမည်။

'မလောနဲ့။ မလောနဲ့' သူ့ကိုယ်သူ သတိပေးလိုက်သည်။ အလျင်စလို ပြုလုပ်ခြင်းသည် မည်သည့် ပြဿနာကိုမျှ ပြေလည်အောင် ဖြေရှင်းပေးနိုင်မည် မဟုတ်။ ယခု ပြဿနာအတွက် တစ်ရာ ရာခိုင်နှုန်း ဓားပြီးတုတ်ပြီးသော အကာအကွယ်တစ်ခုကို ဖန်တီးပေးနိုင်ဖို့ လိုအပ်သည်။

အိရှိဂါမိသည် မျက်စိကို စုံမှိတ်လိုက်သည်။ ခက်ခဲသော သင်္ချာပုစ္ဆာများနှင့် ကြုံတွေ့လာသော အခါများတွင် သူ ထိုသို့ လုပ်လေ့ရှိသည်။ ပြင်ပ အာရုံများနှင့် အဆက်ဖြတ်လိုက်သည့်အခါတွင် သူ၏ ဦးနှောက်ထဲ၌ သင်္ချာကိန်းဂဏန်းများ အလျှိုလျှို ကခုန် မြူးထူးလာကြသည်။ သို့သော် ယခုအခါတွင်မူ သူ၏ ဦးနှောက်ထဲ၌ ထင်ဟပ်လာသည်များမှာ သင်္ချာကိန်းဂဏန်းများ မဟုတ်ကြတော့။

နောက်ဆုံး သူ မျက်လုံးကို ဖွင့်ပြီး စားပွဲပေါ်မှ နာရီကို လှမ်းကြည့်သည်။ ည ၈ နာရီ ခွဲကျော်လေပြီ။ သူသည် ယာစုကိုကို လှမ်းကြည့်သည်။ သူမခမျာ အသံထွက်အောင်ပင် အသက်ကို ဝဝ ရှူရဲပုံ မရ။ နေရာတွင် ညှိုးငယ်စွာ ကုပ်ကုပ်ကလေး ထိုင်နေရှာသည်။

"ကျွန်တော့်ကို အင်္ကျီ ကူချွတ်ပေးပါလား"

"ရှင် ..."

"သူ့အင်္ကျီတွေကို ချွတ်ပေးဖို့ ပြောတာ။ အပေါ်ဝတ် ကုတ်အင်္ကျီတင် မကဘူး။ ဆွယ်တာရော၊ ဘောင်းဘီရှည်ရော အကုန်လုံးကို ချွတ်ရမှာ။ အခုချိန် မြန်မြန် မလုပ်ရင် အလောင်းက တောင့်သွားတော့မှာ" အိရှိဂါမိက ပြောရင်း အပေါ်ဝတ် ကုတ်အင်္ကျီကို ချွတ်နေသည်။

"ဟုတ်"

ယာစုကိုကလည်း လာရောက်ကူညီသည်။ သို့သော် အလောင်းအား ထိတို့ရမည်ကို ဝန်လေးနေသောကြောင့် သူမ၏ လက်ချောင်းများက တဆတ်ဆတ် တုန်နေကြသည်။

"ထားပါတော့။ ဒီမှာ ကျွန်တော်ပဲ ကြည့်လုပ်ထားလိုက်မယ်။ ခင်ဗျား မီစာတိုကို သွားကူလိုက်ပါလား"

"ဆောရီးပါရှင်" ယာစုကိုသည် ခေါင်းကို ငုံ့လျက် ဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်သည်။

"မစ္စဟာနာအိုကာ" အိရှိဂါမိသည် သူမ၏ နောက်ကျောကို ကြည့်လျက် လှမ်းခေါ်လိုက်သည်။ တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် နောက်ပြန်လှည့်လာသော ယာစုကိုကို ကြည့်ရင်း ဆက်ပြောသည်။ "ခင်ဗျားတို့ အလီဘိုင်အတွက် အကြောင်းပြဖို့ လိုလိမ့်ဦးမယ်။ အဲဒီအတွက် စဉ်းစားထားပါဦး"

"အလီဘိုင်? ဒါပေမယ့် .... ကျွန်မတို့မှာ ရှိမှ မရှိဘဲ"

"ဖန်တီးရမယ်လေ" အိရှိဂါမိသည် အလောင်းပေါ်မှ ချွတ်ထားသော အပေါ်ဝတ် ကုတ်အင်္ကျီကို သူ့ပခုံးထက်သို့ ပစ်တင်လိုက်သည်။ "ကျွန်တော့်ကို ယုံပါ။ ကြောင်းကျိုးညီညွတ်အောင် ဆင်ခြင်စဉ်းစားနိုင်ရင် ကျွန်တော်တို့ ဒီတောင်ကနေ အေးအေးဆေးဆေး ကျော်သွားနိုင်ပါတယ်"

အခန်း (၃)

"မင်းရဲ့ ဆင်ခြင်စဉ်းစားနိုင်စွမ်းက ဘယ်လို ဖြစ်ရတာလဲကွာ။ အဲဒီကိစ္စကို ငါ အတော်လေး စိတ်ဝင်စားနေမိတယ်"

ယုကာဝါ မနာဘုသည် စိတ်ပျက်သော ဟန်ပန်ဖြင့် ခပ်ထေ့ထေ့ ပြောဆိုပြီး အသံကျယ်ကျယ် သမ်းဝေပစ်လိုက်သည်။ သေးကွေးသော ရွှေကိုင်းမျက်မှန်ကို ချွတ်၍ အနီးနားတစ်နေရာတွင် ချသည်။ 'မင်းကို သုံးနေဖို့ မလိုတော့ဘူး' ဟု ဆိုလိုလိုက်သည့်နှယ်။

တကယ့်လက်တွေ့တွင်လည်း ဤသို့ပင် ဖြစ်နေသည်။ ကုစာနာဂိသည် သူ့မျက်စိရှေ့တွင် ချထားသော စစ်တုရင်ဗန်းကို စိုက်ကြည့်နေသည်မှာ မိနစ်နှစ်ဆယ်ခန့် ရှိနေပြီ။ ရှုန်းထွက်ထိုးဖောက်နိုင်မည့် နည်းလမ်းကို ရှာ၍ မတွေ့သေးပေ။ သွားရန် မြေမရှိ။ ချောင်ပိတ်ခံရသော ခွေးတစ်ကောင်ကဲ့သို့ ဖြစ်နေသည်ဟု ဆိုနိုင်သော်လည်း ခွေးတစ်ကောင်ကဲ့သို့ အနီးရှိ ထင်ရာမြင်ရာကို ရမ်းဆွဲရမ်းကိုက်၍လည်း ဖြစ်နိုင်သည် မဟုတ်။ ဖြစ်နိုင်ခြေရှိသော ရွှေ့ကွက် အမြောက်အမြားကို ဆင်ခြင်သုံးသပ်ကြည့်သော်လည်း အကွက်တိုင်းက သေမင်းခံတွင်းဝသို့သာ လမ်းညွှန်နေကြလေသည်။

"မင်းတို့ စစ်တုရင်က ငါနဲ့ မကိုက်ပါဘူးကွာ" ကုစာနာဂိက ရေရွတ်နေသည်။

"လာပြန်ပြီ"

"ဟုတ်တယ်လေကွာ။ ရန်သူ့ဆီက သိမ်းထားတဲ့ မြင်းကို ဘာလို့ ပြန်သုံးခွင့် မရှိရတာလဲ။ မြင်းက စစ်နိုင်သူရဲ့ ဘဏ္ဍာပစ္စည်း ဖြစ်သွားပြီလေ။ ဘာဖြစ်လို့ ယူသွားခွင့် မပေးရတာလဲ"

"မင်းက ကစားနည်းဥပဒေသကို ဘာဖြစ်လို့ ပြဿနာ ရှာချင်နေရတာလဲ။ ပြီးတော့ မြင်းက ဘဏ္ဍာပစ္စည်း မဟုတ်ဘူးကွ။ သူလည်း စစ်သည်တော်ပဲ။ တစ်ဘက်လူက စားသွားတယ် ဆိုတာက သူ့ကို သတ်ပစ်လိုက်တာနဲ့ ဘာထူးလဲ။ သေသွားတဲ့ စစ်သည်ကို ဘယ်လိုလုပ်ပြီး ပြန်သုံးလို့ ရနိုင်ပါတော့မလဲ"

"ရှိုဂီမှာကျတော့ သုံးလို့ရတယ်လေ"

"ရှိုဂီကစားနည်းကို တီထွင်ခဲ့တဲ့ လူတွေရဲ့ အမြော်အမြင်ကြီးမှုကိုတော့ ငါ

လေးစားမိတာ အမှန်ပဲ။ သူတို့ရဲ့ အယူအဆအရ ရှိုဂျီမှာ ပါတဲ့ ရန်သူ့တပ်သားတွေကို စားလိုက်တယ် ဆိုတာက ရန်သူ့တပ်သားကို သတ်ပစ်တာမျိုး မဟုတ်ဘဲ သူတို့ကို ဖမ်းဆီးသိမ်းသွင်းတဲ့သဘော သက်ရောက်နေတယ်။ ဒါကြောင့်လည်း စားထားတဲ့ တပ်သားကို ကိုယ့်ဘက်သားအနေနဲ့ နောက်တစ်ကြိမ် ပြန်အသုံးပြုခွင့် ရတာပေါ့”

“စစ်တုရင်မှာလည်း အဲဒီအတိုင်း လုပ်လိုက်ရင် ပြီးနေတာပဲ ဥစ္စာ”

“ရန်သူ့ဆီမှာ အညံ့ခံတယ်ဆိုတာ သူရဲကောင်းတွေရဲ့ စိတ်ဓာတ်နဲ့ ဖီလာဆန့်ကျင်ဖြစ်နေတယ်။ ဒီမယ် … အဓိပ္ပာယ် မရှိတဲ့ အကြောင်းပြချက်တွေနဲ့ တောင်ပြောမြောက်ပြော လျှောက်ပြောမနေနဲ့။ ကိုယ့်တိုက်ပွဲ အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ မြင်နိုင်အောင် အာရုံစူးစိုက်ထားဦး။ မင်းမှာ ရွှေ့စရာ တစ်ကောင်ပဲ ရှိတယ်။ မင်းဘက်မှာ ရွှေ့လို့ရသေးတဲ့ အကောင်ကလည်း များများစားစား ရှိတာ မဟုတ်ဘူး။ ပြီးတော့ ဘယ်အကောင်ကမှ ငါ့ကို တားဆီးနိုင်မှာ မဟုတ်တော့ဘူး။ မင်း ဘာပဲ ရွှေ့ရွှေ့၊ ငါ့အလှည့်ရောက်လို့ တစ်ကွက် ရွှေ့လိုက်တာနဲ့ မင်းတော့ ဂိန်ပြီသာမှတ်”

“တော်ပြီကွာ။ မကစားတော့ဘူး။ စစ်တုရင်က ကစားလို့လည်း မကောင်းဘူး” ကုစာနာဂိသည် သူ့ထိုင်ခုံပေါ်တွင် အသံမြည်အောင် ဆောင့်ထိုင်ချလိုက်သည်။

ယုကာဝါသည် မျက်မှန်ပြန်တပ်ပြီး နံရံပေါ်မှ နာရီကို လှမ်းကြည့်သည်။

“၄၂ မိနစ်တောင် ကြာသွားပြီ။ မင်း စဉ်းစားနေတာနဲ့ပဲ အချိန်တွေ အလကား ကုန်သွားတယ်။ ဒါနဲ့ … မင်း ငါ့ဆီလာပြီး အချိန်ဖြုန်းနေတာကို မင်းရဲ့အထက်က ‘စာအုပ်ကြီး’ သိသွားရင် အကောခံရမှာ မကြောက်ဘူးလား”

“လူသတ်မှုနဲ့ ထွက်ပြေးနေတဲ့ ငနဲကို ဆွဲစိထားနိုင်တာမှ မကြာသေးဘူးကွာ။ ငါ့ကို အပန်းဖြေချိန်လေးလည်း ပေးဦးမှပေါ့” ကုစာနာဂိသည် သူ့အနားရှိ ညစ်ပတ်ပေရေနေသော ကော်ဖီမတ်ခွက်ကို လှမ်းကိုင်လိုက်သည်။ သူ့အတွက် ယုကာဝါ ဖျော်ပေးထားသော ကော်ဖီမစ်မှာ ယခုအခါ အေးစက်လျက် ရှိနေသည်။

အမ်ပီရီယယ်တက္ကသိုလ်၊ ရူပဗေဒဌာန၏ ဓာတ်ခွဲခန်း အမှတ် ၁၃ တွင် သူတို့ ရောက်နေကြသည်။ ကျောင်းသားများ အားလုံးသည် စာသင်ချိန် ကျရောက်လာသောကြောင့် စာသင်ခန်းအသီးသီးသို့ ရောက်ရှိနေလေသည်။ ထိုအကြောင်းကြောင့်လည်း ကုစာနာဂိသည် ဤအချိန်ကို သီးသန့်ရွေးချယ်၍ ဤနေရာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ကုစာနာဂိ၏ အိတ်ကပ်ထဲမှ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။ ယုကာဝါသည် အဖြူရောင် ကုတ်အင်္ကျီကို ပခုံးပေါ်တင်ရင်း စပ်ဖြဲဖြဲ လုပ်နေသည်။

"တွေ့လား။ မင်းကို ရှာနေပြီ"

ကုစာနာဂိ၏ မျက်နှာမှာ မှုန်ကုပ်လျက် ဖုန်းမျက်နှာပြင်ကို ကြည့်နေသည်။ ယုကာဝါ၏ စကားက ဒက်ထိ မှန်နေသည်။ ဖုန်းခေါ်လာသူမှာ သူ့ဌာနမှ ညီငယ်ရဲဘော်တစ်ယောက် ဖြစ်သည်။

အလောင်းကို တွေ့ရှိရာ နေရာမှာ ကျူး-အီဒိုဂါဝါမြစ်၏ တစ်ဘက်ကမ်း တိုကျိုမြို့ ပိုင်နက်အတွင်းတွင် ဖြစ်သည်။ ရေဆိုးသန့်စင်စက်ရုံနှင့် မဝေးလှတော့ပေ။ မြစ်၏ ဟိုမှာဘက်ကမ်းမှာ ချိဘစီရင်စု ဖြစ်သည်။ အဘယ်ကြောင့် ထိုသူများသည် အလောင်းကို ဟိုဘက်ကမ်းတွင် သွားရောက် မစွန့်ပစ်ကြသနည်း။ ကုစာနာဂိသည် အအေးဒဏ်ကို ကာကွယ်နိုင်ရန် ကုတ်အင်္ကျီကော်လာကို ထောင်ရင်း စဉ်းစားနေမိသည်။

အလောင်းကို မြစ်ကမ်းနဖူးတွင် စွန့်ပစ်ထားခြင်း ဖြစ်သည်။ စက်ရုံများတွင် သုံးလေ့သုံးထ ရှိသည့် မိုးပြာရောင် ပလတ်စတစ် တာလပတ်စဖြင့် ထုပ်ပိုးထားသည်။

မြစ်ကမ်းနံဘေးတွင် အညောင်းပြေ လမ်းလျှောက်လေ့ရှိသော အဘိုးအိုတစ်ဦးက ၎င်းကို တွေ့ရှိ၍ ရဲဌာနသို့ အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။ တာလပတ်စ၏ အစွန်းတစ်နေရာမှ ခြေထောက်နှင့် ဆင်တူသော အရာတစ်ခု ထိုးထွက်နေသည်ကို သတိထားမိလိုက်သောကြောင့် ၎င်းကို အနီးကပ် စူးစမ်းကြည့်ရာမှ လူသေအလောင်းတစ်ခု ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

"အဲဒီ အဘိုးကြီးက ၇၅ နှစ် ရှိပြီလို့ ပြောတယ်။ ဒီလောက် အေးတဲ့ ရာသီဥတုကြီးထဲမှာ သူမို့လို့ လှုပ်နိုင်သေးတယ်။ ဒီအသက်အရွယ်ကြီးရောက်မှ ဒီလို နိမိတ်မရှိ နမာမရှိ အလောင်းကောင်ကြီးကို မြင်လိုက်ရတော့ သူ့ကို သနားတောင် သွားမိသေးတယ်ဗျာ"

အချိန်အနည်းငယ်စော၍ အလျင်ရောက်နှင့်နေသော ညီငယ်ရဲဘော် ကိရှိတာနိက အခြေအနေ အလုံးစုံကို ကုစာနာဂိအား တင်ပြနေသည်။ ကုစာနာဂိကလည်း မျက်မှောင်ကို ကြုတ်လျက် နားထောင်နေမိသည်။ အပေါ်ရုံ အနွေးထည်၏ အင်္ကျီအနားစွန်းမှာ လေထဲတွင် တဖျပ်ဖျပ် မြည်တမ်းလျက် လွင့်ပျံနေသည်။

"ကိရိုတာနို၊ မင်း အလောင်းကို မြင်လိုက်ရလား"

"ဟုတ်" ကိရိုတာနိုသည် နှုတ်ခမ်းကို မဲ့ကာ ပြန်ဖြေသည်။ "တပ်ဖွဲ့မှူးက ကျွန်တော့်ကို စေ့စေ့စပ်စပ် ကြည့်ဖို့ မှာထားတယ်"

"ဘိုးတော်က အမြဲတမ်း အဲဒီလိုချည်းပဲ။ သူကိုယ်တိုင်ကျတော့ ဘယ်တော့မှ လာမကြည့်ဘူး"

"အာစရိရော မကြည့်တော့ဘူးလား"

"တော်ပါကွာ၊ အစားအသောက် ပျက်ပါတယ်"

ကိရိုတာနို၏ တင်ပြချက်အရ ဆိုလျှင် အလောင်းမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေချေပြီ။ ခန္ဓာကိုယ်ပေါ်တွင် ခြေအိတ်ပင်မကျန်အောင် ဘာအဝတ်အစားမျှ မရှိတော့။ မျက်နှာပြင်မှာလည်း ကားနင်းခံထားရသော ဖရဲသီးတစ်လုံးကဲ့သို့ ကြေမွပျက်စီးနေသည်။ ထိုတစ်ချက်တည်းကို မြင်ရုံမျှဖြင့် ကုစာနာဂိအား အော့အန်သွားစေနိုင်သည်ဟု ညီငယ်ရဲဘော်က ဆိုခဲ့သည်။ လက်ချောင်းများကိုလည်း မီးရှို့ဖျက်ဆီးထားသည်။ ဘာ လက်ဗွေရာမျှ ရနိုင်မည် မဟုတ်တော့။

"အထောက်အထား ရှာဖွေရေးအဖွဲ့က တစ်ခုခုတော့ ရှာတွေ့ကောင်းပါရဲ့" ကုစာနာဂိသည် ပြောရင်း ၎င်းအနီးပတ်ဝန်းကျင်၌ လှည့်ပတ်၍ လမ်းသလားနေသည်။ လာရောက် စပ်စုနေကြသော လူပရိသတ်များ၏ အမြင်တွင် သူသည် လူသတ်တရားခံနှင့် သက်ဆိုင်မည့် အထောက်အထား တစ်ခုခုကို ရှာဖွေစူးစမ်းနေသယောင် သဏ္ဌာန်လုပ် သရုပ်ဆောင် ရပေဦးမည်။ ရင်ထဲတွင် ရှိသည့်အတိုင်း ပြောရမည်ဆိုလျှင် သူသည် ထိုကိစ္စအတွက် အထောက်အထား ရှာဖွေရေးအဖွဲ့ကို အပြီးအပိုင် ပုံအပ်ထားပြီး ဖြစ်သည်။ အရေးပါသော အထောက်အထား တစ်စုံတစ်ရာကို သူကိုယ်တိုင် ရှာတွေ့နိုင်လိမ့်မည်ဟု နည်းနည်းကလေးမျှ မျှော်လင့်မထားပေ။

"ဒီအနီးနားမှာ စက်ဘီးတစ်စီး ပစ်ထားတာ ရှိတယ်။ အီဒိုဂါဝါရဲစခန်းကို သယ်သွားကြပြီ"

"စက်ဘီး? တစ်ယောက်ယောက်က မသုံးချင်တော့လို့ စွန့်ပစ်ထားတာ နေမှာပေါ့"

"အဲဒီစက်ဘီးက လုံးဝ အသစ်စက်စက် နီးပါးပဲ။ ဒါပေမယ့် ရှေ့ဘီးရော နောက်ဘီးရော လေလျှော့ခံထားရတယ်။ အချွန်တစ်ခုခုနဲ့ ထိုးဖောက်ထားတဲ့ပုံပဲ"

“အင် … ဒါဆို အသတ်ခံရတဲ့လူရဲ့ စက်ဘီးလား”

“အခုထိတော့ ဘာမှ မသိရသေးဘူး။ စက်ဘီးပေါ်မှာ မှတ်ပုံတင်နံပါတ်ပါတယ်။ ပိုင်ရှင်ကို စုံစမ်းဖို့ မခက်လောက်ဘူး”

“အသတ်ခံရတဲ့လူရဲ့ စက်ဘီးဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ” ကုစာနာဂိက ပြောသည်။ “အဲဒီလိုမှ မဟုတ်ရင် ပြဿနာက ရှုပ်ကုန်တော့မှာ။ နိဗ္ဗာန်နဲ့ ငရဲလိုပဲ”

“အမ် … ဘာဖြစ်လို့လဲ အာစရိ”

“ကိရိုတာနိ၊ အခုလို ပိုင်ရှင်မဲ့အလောင်းကို စုံစမ်းစစ်ဆေးရတာ မင်းအတွက် ပထမဆုံးအကြိမ် ဖြစ်လိမ့်မယ် ထင်တယ်”

“ဟုတ်ကဲ့”

“မင်း စဉ်းစားကြည့်ကွာ။ မျက်နှာနဲ့ လက်ဖဝါးတွေကို ဖျက်ဆီးခံထားရတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အသတ်ခံရသူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ် ဆိုတာကို တရားခံက ဖုံးကွယ်ထားချင်တယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ။ တစ်ဘက်က လှည့်ပြီး စဉ်းစားကြည့်မယ်ဆိုရင် တကယ်လို့သာ အသတ်ခံရသူရဲ့ နောက်ကြောင်းကို ဖော်ထုတ်နိုင်ပြီ ဆိုတာနဲ့ တရားခံကို ရှာတွေ့ဖို့ မခက်တော့ဘူး။ ဒါကြောင့် သူ့အကြောင်းကို အမြန်ဆုံး ဖော်ထုတ်နိုင်ခြင်း ရှိမရှိဆိုတဲ့ အချက်က ကံကြမ္မာကို ပြဋ္ဌာန်းနေတဲ့ အဓိက သော့ချက်ပဲ။ အဲ … ငါတို့ရဲ့ ကံကြမ္မာကို ပြောတာ”

ထို့နောက် ကိရိုတာနိ၏ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ သူသည် တစ်ဘက်လူနှင့် အတန်ကြာမျှ ဖုန်းပြောဆိုပြီးနောက် ကုစာနာဂိ ရှိရာဘက်သို့ ပြန်လှည့်လာသည်။ “ကျွန်တော်တို့ကို အီဒိုဂါဝါ ရဲစခန်း သွားဖို့ ပြောနေတယ်”

“အမလေး၊ ဘုရားသိကြား မ,လို့။ အခုမှပဲ လွတ်ကျွတ်တော့တယ်” ကုစာနာဂိက ပြောသည်။ သူသည် ခါးကို ဆန့်လိုက်ပြီး သူ၏ နောက်ကျောကို လက်ဖမိုးဖြင့် ထုနေလေသည်။

အီဒိုဂါဝါ ရဲစခန်းသို့ သူတို့ ရောက်သွားသောအခါ မာမီယာသည် အပူပေးစက်၏ အရှေ့တွင် ရပ်လျက် သူ၏ လက်များ ကင်နေသည်ကို တွေ့ကြရသည်။ မာမီယာသည် ကုစာနာဂိ၏ တပ်ဖွဲ့မှူး ဖြစ်သည်။ နယ်မြေခံ မှူးခင်းရဲများဟု ယူဆရသော လူအများအပြားသည် သူ့ပတ်ဝန်းကျင်တွင် ပြေးလွှားလှုပ်ရှားနေကြသည်။ ဤအမှုအတွက် စုံစမ်းရေးကော်မတီ ဖွဲ့ရန် အလုပ်များနေကြပုံ ရသည်။

“ဒီနေ့ မင်းရဲ့ ကိုယ်ပိုင်ကားကို မောင်းလာတာလား” မာမီယာက ကုစာနာဂိကို မြင်လိုက်သည်နှင့် လှမ်းမေးလေသည်။

“ဟုတ်ကဲ့။ ဒီနားပတ်ဝန်းကျင်က ခတ်ရထားစီးလို့ အဆင်မပြေဘူး”

“မင်းက ဒီနယ်တစ်ဝိုက်ကို ကျွမ်းကျင်တာလား”

“ကျွမ်းကျင်တယ်လို့လည်း ခေါ်လို့ မရပါဘူး။ ဒါပေမယ့် တော်တော်တော့ ရင်းနှီးနေပါပြီ”

“ဒါဆို လမ်းပြဖို့ တခြားလူကို ခေါ်နေစရာတောင် မလိုတော့ဘူးပေါ့။ မင်း ကိရှိတာနိကို ခေါ်ပြီး ဒီနေရာ သွားလိုက်စမ်း” ပြောရင်း မာမီယာက စက္ကူဖြတ်ပိုင်းတစ်ရွက် ကမ်းပေးသည်။ စာရွက်ပေါ်တွင် အီဒိုဂါဝါမြို့နယ်၊ ရှိနိုဇာကီရှိ အိမ်လိပ်စာတစ်ခုကို ရေးခြစ်ထားသည်။ လိပ်စာ၏ အောက်တွင် အမျိုးသမီးတစ်ယောက်၏ နာမည်ကို ရေးထားသည်။ ‘ယာမာဘေ ယိုကို’

“သူက ဘယ်သူလဲ ဆရာ” ကုစာနာဂိက မေးသည်။

“မင်း သူ့ကို စက်ဘီးအကြောင်း ပြောပြပြီးပြီမလား” မာမီယာက ကိရှိတာနိကို မေးသည်။

“ဟုတ်ကဲ့ ဆရာ”

“အလောင်းရဲ့ အနားမှာ တွေ့တယ်ဆိုတဲ့ စက်ဘီးကို ပြောတာလား” ကုစာနာဂိက မျက်နှာထား ခပ်တည်တည်နှင့် ရပ်နေသော တပ်ဖွဲ့မှူးကို လှမ်းကြည့်လိုက်သည်။

“ဟုတ်တယ်။ စက်ဘီးရဲ့ မှတ်ပုံတင်နံပါတ်နဲ့ စစ်ဆေးကြည့်လိုက်တော့ အဲဒီစက်ဘီးကို ပစ္စည်းပျောက်အနေနဲ့ အမှုဖွင့်ထားတာ တွေ့ရတယ်။ မှတ်ပုံတင်နံပါတ်က တထေရာတည်းပဲ။ အဲဒီအမျိုးသမီးက စက်ဘီးပိုင်ရှင်ပေါ့။ ငါ သူနဲ့ ဆက်သွယ်ကြည့်ပြီးပြီ။ မင်းတို့ သူ့ဆီ သွားစုံစမ်းကြည့်လိုက်”

“စက်ဘီးပေါ်မှာ လက်ဗွေရာတွေ မတွေ့ရဘူးလား”

“အဲဒီကိစ္စကို မင်းစိတ်ပူနေဖို့ မလိုဘူး။ သွားစရာရှိတာ အမြန်သွား” မာမီယာ၏ ခက်ထန်သော အသံကို ကြားလိုက်ရသည်နှင့် သူတို့နှစ်ယောက်စလုံး တံခါးဝဆီသို့ ပြေးထွက်လာကြတော့သည်။

“တောက် … လက်စသတ်တော့ စက်ဘီးက ခိုးခံထားရတာတဲ့ကွာ။ ဒါပေမယ့် အစောကြီးကတည်းက အဲဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ငါ ထင်တော့

ထင်မိသား” ကုစာနာဂိသည် ကားမောင်းရင်း ပါးစပ်မှ တတွတ်တွတ် ရေရွတ်နေသည်။ သူ၏ ကားမှာ အနက်ရောင် စကိုင်းလိုင်းအမျိုးအစား ဖြစ်ပြီး သုံးလာခဲ့သည်မှာ ၈ နှစ်မျှ ကြာခဲ့လေပြီ။

“တရားခံက သုံးပြီး ပစ်ထားခဲ့တာလား”

“ဟုတ်မှာပေါ့။ အဲဒီလိုသာဆိုရင် စက်ဘီးပိုင်ရှင်ကို မေးလည်း ဘာထူးဦးမှာလဲ။ သူ့စက်ဘီးကို ဘယ်သူ ခိုးသွားသလဲဆိုတာ သူက သိမှာမှ မဟုတ်ဘဲ။ ဒါပေမယ့် စက်ဘီးကို ဘယ်နေရာမှာ အခိုးခံရတာလဲဆိုတာ မေးနိုင်ရင်တော့ အနည်းဆုံး တရားခံ သွားလာလှုပ်ရှားခဲ့တဲ့ လမ်းကြောင်းကို သတ်မှတ်လို့ ရတာပေါ့”

ကုစာနာဂိသည် စက္ကူဖြတ်ပိုင်းနှင့် မြေပုံကို အားကိုးပြီး ရှီနိုဇာကို ပတ်ဝန်းကျင်တွင် နှစ်ပတ် သုံးပတ် ပတ်ကာ လိပ်စာကို ရှာခဲ့ရသည်။ နောက်ဆုံးတွင် သူတို့ သွားလိုသော အိမ်ကို တွေ့ရှိသွားသည်။ အဖြူရောင် နံရံများနှင့် ခေတ်မီသော အုတ်တိုက်တစ်လုံး။ တံခါးဝတွင် ‘ယာမာဘေ’ ဟူသော နာမည်ကတ်ပြား ချိတ်ဆွဲထားသည်။

ယာမာဘေ ယိုကိုသည် အသက် ၃၅ နှစ်ခန့် အရွယ်ရှိသော အိမ်ရှင်မတစ်ဦး ဖြစ်သည်။ သူ့မျက်နှာမှ မိတ်ကပ်များမှာ လောလောလတ်လတ် လိမ်းကျံထားဟန် တူသည်။ သူမထံသို့ မှုခင်းရဲများ လာရောက်လိမ့်မည်ဟု သတင်းရသည်နှင့် အလှပြင်ပြီး စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်ရပေမည်။

“သိပ်သေချာတာပေါ့။ အဲဒါ ကျွန်မရဲ့ စက်ဘီးပဲ” အထောက်အထား ရှာဖွေရေးအဖွဲ့ထံမှ ခေတ္တ ငှားယူလာခဲ့သော စက်ဘီးဓာတ်ပုံကို ကုစာနာဂိက ထုတ်ပြလိုက်သောအခါ ယာမာဘေ ယိုကိုသည် ဓာတ်ပုံကို ကြည့်၍ မဆိုင်းမတွ ပြန်ဖြေလိုက်သည်။

“တကယ်လို့ ခင်ဗျား ရဲစခန်းကို လိုက်လာပြီး အဲဒီပစ္စည်းကို အတည်ပြုပေးမယ် ဆိုရင်တော့ အတိုင်းထက် အလွန်ပါပဲ”

“လိုက်ရမှာပေါ့ရှင်။ ရှင်တို့က ကျွန်မစက်ဘီးကို ပြန်ပေးမှာမလား”

“ဒါပေါ့။ ဒါပေမယ့် အဲဒီစက်ဘီးနဲ့ ဆက်စပ်ပြီး စုံစမ်းစရာတချို့တော့ ရှိနေသေးတယ်။ စုံစမ်းမှုတွေ ပြီးစီးသွားမှ ပြန်အပ်နိုင်လိမ့်မယ်”

“စက်ဘီးကို ချက်ချင်း ပြန်ပေးမှ ဖြစ်မှာ။ စက်ဘီးမရှိရင် ကျွန်မ ဈေးဝယ်သွားဖို့ အဆင်မပြေဘူး” သူမက မကျေနပ်သည့် အမူအရာဖြင့် မဲ့ကာရွဲ့ကာ ပြောနေသည်။ သူမ၏ စက်ဘီး ပျောက်ဆုံးရခြင်းသည် ရဲများ၏

တာဝန်မဲ့မှုကြောင့် ဖြစ်သည်ဟု အပြစ်တင်နေသယောင်။ ကြည့်ရသည်မှာ ဤစက်ဘီးနှင့် လူသတ်မှုတို့ ဆက်နွယ်ပတ်သက်နေသည်ကို သူမ သိပုံ မရသေးပေ။ အကယ်၍ သိရှိသွားပါလျှင် ထိုစက်ဘီးကို သူမ စီးဝံ့ပါဦးမည်လော။ စက်ဘီး၏ ဘီးနှစ်ဘီးလုံး သံချွန်ဖြင့် အဖောက်ခံထားရသည်ကို သိရှိသွားသောအခါတွင် မိမိတို့အား လျော်ကြေး တောင်းနေပါဦးမည်လော။ ကုစာနာဂိက တွေးနေသည်။

ယာမာဘေ ယိုကို၏ ပြောစကားအရဆိုလျှင် စက်ဘီးသည် ယမန်နေ့က အခိုးခံခဲ့ရခြင်း ဖြစ်သည်။ မတ်လ ၁၀ ရက်နေ့ နံနက် ၁၁ နာရီ မှ ည ၁၀ နာရီ အတွင်းတွင် ဖြစ်သည်။ ယမန်နေ့က သူနှင့် သူ့သူငယ်ချင်းတို့ ဂင်ဇာတွင် လူချင်း ချိန်းတွေ့ကြပြီး ရှော့ပင်ထွက်၍ ညစာအတူ စားခဲ့ကြသည်။ ထို့နောက် ရှီနိုဇာကိဘူတာရုံသို့ ပြန်ရောက်သောအချိန်တွင် ည ၁၀ နာရီကျော်လေပြီ။ သူမသည် ဘတ်စ်ကားစီး၍ အိမ်ပြန်လာခဲ့ရသည်။

"ခင်ဗျားက စက်ဘီးကို ယာဉ်ရပ်နားကွင်းမှာ ထိုးထားခဲ့တာလား"

"ဟင့်အင်း၊ လမ်းဘေး ပလက်ဖောင်းပေါ်မှာ"

"သော့မခတ်ထားဘူးလား"

"ခတ်ပါရောရှင်။ ကျွန်မ လမ်းဘေးလက်ရန်းရဲ့ သံတိုင်နဲ့တောင် တွဲချည်ထားသေးတယ်"

အခင်းဖြစ်ပွားရာ နေရာတွင် ကြိုးသော့တစ်ချောင်းကို တွေ့ရှိခဲ့သည်ဟု တစ်ဦးတစ်ယောက်က တင်ပြထားကြောင်း ကုစာနာဂိ မကြားမိသေးပေ။

သူသည် မစ္စစ် ယာမာဘေကို ရှီနိုဇာကိဘူတာသို့ ခေါ်လာခဲ့ပြီး စက်ဘီးပျောက်ခဲ့သည့် နေရာကို လိုက်လံ ပြသစေခဲ့သည်။

"ဒီနား ပတ်ဝန်းကျင်ပဲ" ဘူတာရုံ၏ မျက်နှာချင်းဆိုင်ရှိ စူပါမားကတ်တစ်ခုမှ မီတာ ၂၀ ခန့်အကွာတွင် ရှိသော လမ်းဘေး ပလက်ဖောင်းတစ်နေရာကို သူမက လက်ညှိုးညွှန်ပြသည်။ ထိုနေရာတွင် ယခုတိုင် စက်ဘီးများစွာ စီတန်း၍ ရပ်ထားဆဲ။

ကုစာနာဂိသည် အနီးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ ဤလမ်းကျောပေါ်တွင် ဘဏ်နှင့် စာအုပ်ဆိုင်တို့ ရှိကြသည်။ နေ့နှင့် ညနေခင်းတို့တွင် လမ်းသွားလမ်းလာများ နည်းလိမ့်မည် မဟုတ်။ ကြိုးသော့ကို ချက်ချာဖျတ်လတ်စွာ ဖြတ်ချပြီး စက်ဘီးကို ခပ်တည်တည်နှင့် နင်းထွက်သွားဖို့ ဆိုသည်မှာ များစွာ ခက်ခဲလှသည့် ကိစ္စမဟုတ်ပေ။ သို့သော် တရားခံသည်

လူသွားလူလာနည်းသည့် အချိန်တွင်သာ စက်ဘီးကို ခိုးယူခဲ့ခြင်း ဖြစ်ရမည်ဟု သူက ယူဆထားသည်။

ထို့နောက် သူသည် ယာမာဘေ ယိုကိုကို အိဒိုဂါဝါရဲစခန်းသို့ ခေါ်သွားပြီး စက်ဘီးကို ပြ၍ အတည်ပြုစေသည်။

"အတော် ကံဆိုးတာပဲ။ ပြီးခဲ့တဲ့ လကမှ ဝယ်ထားတဲ့ စက်ဘီးကို အခိုးခံရမှန်း သိလိုက်ရတော့ ကျွန်မဖြင့် စိတ်တိုလိုက်တာ အရမ်းပဲ။ အဲဒါနဲ့ အိမ်ပြန်ဖို့ ဘတ်စ်ကား မစီးခင် အနားမှာရှိတဲ့ ရဲစခန်းကို သွားပြီး အမှုဖွင့်ပစ်လိုက်တယ်" သူမက အနောက်ဘက် ထိုင်ခုံတွင် ထိုင်လျက် ပြောနေသည်။

"ခင်ဗျားမို့ မှတ်ပုံတင်နံပါတ် မှတ်မိနေသေးတယ်"

"ဒါပေါ့ရှင်။ ဝယ်ထားတာ ကြာမှ မကြာသေးဘဲဟာ။ အိမ်မှာ ဘောက်ချာဖြတ်ပိုင်းတောင် ရှိနေသေးတယ်။ ကျွန်မ အိမ်ကို ဖုန်းဆက်ပြီး ကျွန်မသမီးကို ကြည့်ခိုင်းရတာပေါ့"

"ဪ"

"အမှုက ဘာအမှုလဲ။ ဖုန်းဆက်လာတဲ့သူကလည်း သေသေချာချာ ပြောမပြချင်ဘူး။ သူလုပ်တာနဲ့ ကျွန်မတောင် ပိုပြီး သိချင်လာတယ်"

"မသေချာသေးဘူး။ ကျွန်တော်တို့လည်း ဂဃနဏ သိရသေးတာ မဟုတ်ဘူးဗျ"

"ရှင်တို့ ရဲတွေက အတော် နှုတ်လုံတာပဲ"

ဘေးခုံတွင် ထိုင်နေသော ကိရှိတာနိသည် မရယ်မိစေရန် မိမိကိုယ်မိမိ အတော်လေး ထိန်းချုပ်နေရသည်။ ဤအမျိုးသမီးနှင့် ယနေ့ သွားတွေ့ခွင့် ရသည်ကို ကုစာနာဂိက ကျိတ်ပြီး ဝမ်းသာနေမိသည်။ အကယ်၍ လူသတ်မှုကို တရားဝင် ကြေညာပြီးနောက်မှ သွားတွေ့ရမည် ဆိုလျှင် တစ်ဘက်လူ၏ တန်ပြန်မေးခွန်းများကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရပေတော့မည်။

ယာမာဘေ ယိုကိုသည် အိဒိုဂါဝါရဲစခန်းတွင် စက်ဘီးကို မြင်လိုက်သည်နှင့် သူ့စက်ဘီးဖြစ်ကြောင်း အခိုင်အမာ ပြောဆိုလေသည်။ ထို့အပြင် စက်ဘီး၏ ဘီးများ ပေါက်နေခြင်း၊ စက်ဘီးပေါ်တွင် အစင်းရာများ ထင်နေခြင်းအတွက် မည်သူ့ထံမှ အလျော်တောင်းရမည်နည်းဟု မေးနေပြန်သည်။

အထောက်အထား ရှာဖွေရေးအဖွဲ့သည် စက်ဘီး၏ လက်ကိုင်တန်း၊

ဘောင်နှင့် ထိုင်ခုံတို့မှ လက်ဗွေရာများစွာကို ရရှိခဲ့သည်။ ထို့အပြင် အလောင်းတွေ့ရာ နေရာမှ မီတာ ၁၀၀ ခန့်အကွာတွင် သေသူ၏ ပစ္စည်းဟု ယူဆရသော အဝတ်အစားများကို ရဲအဖွဲ့မှ တွေ့ရှိခဲ့သည်။ ၎င်းအဝတ်အစားများကို ငါးဂါလံဆီပုံးထဲတွင် ထိုးထည့်ထားပြီး တချို့တစ်ဝက် မီးလောင်ကျွမ်းထားသည်။ အပေါ်ဝတ်အနွေးထည်၊ ဆွယ်တာ၊ ဘောင်းဘီရှည်၊ ခြေအိတ်နှင့် အတွင်းခံတို့ ဖြစ်ကြသည်။ လူသတ်တရားခံသည် အဝတ်အစားများကို မီးတို့ပြီးပြီးချင်း နေရာမှ ထွက်ခွာသွားခဲ့ပုံ ရသည်။ ၎င်းအဝတ်အစားများသည် အလုံးစုံ ပြာကျသွားသည်အထိ လောင်ကျွမ်းသွားခြင်း မရှိဘဲ တစ်ခဏအကြာတွင် မီးသေသွားခဲ့သည်။

အဝတ်အစားများ၏ ပုံစံနှင့် ကုန်အမှတ်တံဆိပ်များသည် ဘာမျှ ထူးခြားလှသည် မရှိ။ အားလုံးမှာ တစ်နိုင်ငံလုံးတွင် မြင်တွေ့နေကျ ဖြစ်သော သာမန် အဝတ်အစားမျှသာ ဖြစ်သည်။ ၎င်းအဝတ်အစားများနှင့် သေသူ၏ ခန္ဓာကိုယ် အချိုးအစားကို ကြည့်၍ သေသူ၏ အသွင်အပြင်၊ ပုံပန်းသဏ္ဍာန်ကို ရုပ်လုံးပေါ်အောင် ပုံတူပန်းချီတစ်ကား ခန့်မှန်း ရေးဆွဲကြသည်။ ထို့နောက် ရဲတချို့သည် ရှီနိုဇာကိဘူတာတွင် ယင်းခန့်မှန်းပန်းချီကားကို ကိုင်ဆောင်၍ လမ်းသွားလမ်းလာတို့အား မေးမြန်းကြည့်ကြသည်။ သို့သော် သေသူ၏ မျက်နှာပြင်ကိုလည်း တိတိကျကျ သိရသည် မဟုတ်။ ထို့အပြင် ထိုသူ၏ အဝတ်အစားများကလည်း ဘာမျှ ထူးခြားလှသည် မဟုတ်သောကြောင့် မည်မျှပင် အချိန်ကုန်ခံ၍ မေးမြန်းစေကာမူ အသုံးတည့်သည့် မည်သည့် သတင်းအချက်အလက်ကိုမျှ မရရှိခဲ့ပေ။

ရုပ်သံသတင်းဌာနမှလည်း ၎င်းခန့်မှန်းပန်းချီကားကို ထုတ်ပြန်ခဲ့သည်။ များမကြာခင် အချိန်တွင် လူအမြောက်အမြားထံမှ ပေးပို့သော သဲလွန်စများစွာ ရရှိလာသည်။ သို့သော် အသတ်ခံရသူနှင့် ပတ်သက်ဆက်နွယ်၍ ရနိုင်သော မည်သည့် အထောက်အထားမျှ မပါရှိချေ။

ထို့အပြင် မှုခင်းတပ်ဖွဲ့သည် လူပျောက်ကြော်ငြာစာရင်းနှင့် တိုက်ဆိုင် စစ်ဆေးကြည့်ပြန်သည်။ သို့သော် မည်သို့မျှ အကြောင်း မထူး။

ထို့နောက် မှုခင်းတပ်ဖွဲ့သည် အဲဒိုဂါဝါမြို့နယ်ကို ဗဟိုချက်မအဖြစ် ထားပြီး ဤနယ်မြေအတွင်း၌ တစ်ကိုယ်တည်း နေထိုင်သော အမျိုးသားများ သို့မဟုတ် တည်းခိုခန်းမှ ဧည့်သည်များ ရုတ်တရက် ပျောက်ဆုံးသွားခြင်း ရှိမရှိကို ထပ်မံ စုံစမ်းကြည့်ပြန်သည်။ သို့ဖြင့် နောက်ဆုံးတွင် သဲလွန်စတစ်ခု ရရှိလာခဲ့လေသည်။

ကာမေဒိုရပ်ကွက်ရှိ အိုဂီယာတည်းခိုခန်းတွင် ဌားရမ်း နေထိုင်ခဲ့သော ဧည့်သည်တစ်ယောက်သည် အလောင်းတွေ့ရှိခဲ့သော မတ်လ ၁၁ ရက်နေ့တွင်

ပျောက်ဆုံးသွားခဲ့သည်။ အခန်း ပြန်အပ်ရမည့် အချိန်သို့ ရောက်သောအခါတွင် ညှော့သည်ကို မတွေ့ရသောကြောင့် ဝန်ထမ်းတစ်ယောက်က အခန်းအတွင်းသို့ ဝင်ရောက် စစ်ဆေးကြည့်ရာ ညှော့သည် ပိုင်ဆိုင်သည့် အနည်းငယ်သော ပစ္စည်းပစ္စယမှအပ ထိုသူ့ကို မတွေ့ခဲ့ရပေ။ ညှော့သည်ထံမှ ငွေအကျေ ရရှိပြီး ဖြစ်သောကြောင့် တည်းခိုခန်း မန်နေဂျာသည် အလုပ်ရှုပ်ခံ၍ ရဲဌာနသို့ အကြောင်းကြားခြင်း မပြုခဲ့ချေ။

အထောက်အထား ရှာဖွေရေး တပ်ဖွဲ့သည် ထိုနေရာသို့ ချက်ချင်း ရောက်လာပြီး အခန်းတွင်းမှ ရနိုင်သမျှသော လက်ဗွေရာများနှင့် ဆံပင်တို ဆံပင်စများကို ကောက်ယူ သိမ်းဆည်းခဲ့သည်။ သို့ဖြင့် သူတို့ ပွဲပေါက်တိုးလေသည်။ သိမ်းဆည်းရမိခဲ့သော ဆံပင်များထဲမှ တစ်ချောင်းသည် အလောင်းပေါ်မှ ဆံပင်နှင့် ထပ်တူညီနေသည်။ ထို့အပြင် စက်ဘီးပေါ်မှ ရရှိထားသော လက်ဗွေရာထဲမှ တစ်ခုသည်လည်း အခန်းတွင်းတွင် ကျန်ရစ်ခဲ့သော ခရီးဆောင်အိတ်တစ်လုံးပေါ်မှ ရရှိသည့် လက်ဗွေရာနှင့် တထေရာတည်းပင်။

တည်းခိုခန်းရှိ မှတ်တမ်းအရ ပျောက်ဆုံးညှော့သည်၏ အမည်မှာ 'တိုဂါရှိ ရှင်ဂျိ' ဖြစ်ပြီး သူ၏ နေရပ်လိပ်စာမှာ အနောက် ရှင်ဂျူကု၊ ရှင်ဂျူကုရပ်ကွက် ဖြစ်သည်။

အခန်း (၄ - က)

မြေအောက်ဘူတာရုံမှ ထွက်ပြီး ရှင်-အိုဟရှိတံတား ရှိရာဘက်သို့ လျှောက်၍ မြစ်အနီးသို့ မရောက်ခင် တွေ့ရသည့် လမ်းကျဉ်းကလေးထဲသို့ ချိုးဝင်သွားလျှင် လူနေအိမ်ခြေ အများအပြားကို တွေ့ရှိနိုင်သည်။ လူနေရပ်ကွက်ဟု ဆိုရသော်လည်း ဟိုနားဒီနားတွင် ဆိုင်အသေးစားလေးများ အနည်းအကျဉ်း ရှိနေသည်။ ၎င်းဆိုင်ငယ်များကို မျိုးရိုးစဉ်ဆက် ဆက်ခံလုပ်ကိုင်လာခဲ့ကြပြီး သူ့ဖောက်သည်နှင့်သူ စည်ကားနေသည်။ အကယ်၍ တခြားနေရာမျိုးတွင် ရှိနေကြမည် ဆိုလျှင် ထိုဆိုင်ကလေးများသည် စူပါမားကတ်ကြီးများနှင့် ကုန်ပဒေသာဆိုင်ကြီးများ၏ လွှမ်းမိုးမှုဒဏ်ကို တောင့်ခံနိုင်ကြလိမ့်မည် မဟုတ်ပေ။ ဆိုင်ငယ်ကလေးများ ရှင်သန်ခွင့် ရနေခြင်းမှာလည်း ရှိတာမာချိ၏ ထူးခြားသော ဝိသေသ လက္ခဏာပင် ဖြစ်သည်ဟု ကုစာနာဂိက တွေးနေမိသည်။

ည ၈ နာရီကျော် ရှိပြီ။ မည်သည့်နေရာတွင် အများသုံး ရေချိုးကန် ရှိသည် မသိ။ အမျိုးသမီးကြီးတစ်ယောက်သည် ရေဇလုံကြီးတစ်လုံးကို ပိုက်လျက် သူတို့အနားမှ ဖြတ်လျှောက်သွားသည်။

"လမ်းပန်းဆက်သွယ်ရေး ကောင်းတယ်။ ပစ္စည်း ဝယ်ရပြုရလည်း အဆင်ပြေတယ်။ လူနေလို့ အင်မတန် ကောင်းတဲ့ နေရာပဲ" ကိရှိတာနိက မှတ်ချက်ပြုသည်။

"မင်းက ဘာပြောချင်တာလဲ"

"ဘာမှ မဟုတ်ပါဘူး။ ကိုယ့်အားကိုယ်ကိုးနေရတဲ့ သားအမိနှစ်ယောက်အတွက် ရေခံမြေခံ ကောင်းတဲ့ နေရာတစ်ခုပဲလို့ တွေးလိုက်မိလို့ပါ"

"သြော်" ကုစာနာဂိ သဘောပေါက်သွားသည်။ သူ၏ စကားထဲတွင် အချက်နှစ်ချက် ပါသည်။ (၁) မကြာခင် တွေ့ဆုံကြရတော့မည့် သူများမှာ ကိုယ့်ဝမ်းစာ ကိုယ်ကြောင်းနေကြရသော အမေနှင့် အဖမဲ့သမီးတို့ ဖြစ်သည်။ (၂) ကိရှိတာနိသည်လည်း အဖမဲ့ သားတစ်ယောက် ဖြစ်သည်။

ကုစာနာဂိသည် လက်ထဲရှိ စက္ကူပိုင်းတွင် ရေးထားသော လိပ်စာနှင့် ဓာတ်တိုင်ပေါ်တွင် ချိတ်ဆွဲထားသော လမ်းညွှန်ဆိုင်းဘုတ်များကို တိုက်စစ်ရင်း

လျှောက်လာခဲ့သည်။ ဦးတည်ရာသို့ မကြာခင် ရောက်ရှိပေတော့မည်။ စက္ကူပိုင်းပေါ်တွင် 'ဟာနာအိုကာ ယာစုကို' ဟူသော အမည်ကိုလည်း ရေးသားထားသည်။

တည်းခိုခန်း၏ မှတ်တမ်းစာအုပ်တွင် မှတ်သားထားသော တိုဂါရှိ ရှင်ဂျီ၏ နေရပ်လိပ်စာမှာ ဖြီးဖြန်း၍ ရေးသားထားသော လိပ်စာ မဟုတ်ပေ။ သူ၏ အိမ်ထောင်စုစာရင်းသည် ၎င်းနေရပ်တွင် ယခုချိန်အထိ တည်ရှိနေဆဲ ဖြစ်သည်။ သို့သော် ထိုအရပ်တွင် သူ နေထိုင်ခြင်း မရှိတော့။

သေဆုံးသူ မည်သူမည်ဝါ ဖြစ်ကြောင်းကို ဖော်ထုတ်နိုင်သည်နှင့် တစ်ပြိုင်နက် ထိုသတင်းကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့သည်။ အကယ်၍ ဤသေဆုံးသူ၏ အကြောင်းတစ်စုံတစ်ရာကို သိရှိထားပါက နီးစပ်ရာ ရဲစခန်းသို့ အကြောင်းကြားပေးပါရန်လည်း နှိုးဆော်ထားလေသည်။ သို့သော် ဘာမျှ အကြောင်းထူးမလာခဲ့။

တိုဂါရှိ ငှားရမ်းနေထိုင်ခဲ့သော ရှင်ဂျုကုရှိ တိုက်ခန်းပိုင်ရှင်၏ သတင်းပေးမှုအရ သူ၏ အလုပ်အကိုင်ဟောင်းကို သိရှိလာခဲ့သည်။ တစ်ပတ်ရစ်ကားများကို ရောင်းချပေးသော အရောင်းဌာနတစ်ခု ဖြစ်သည်။ ထိုအလုပ်တွင် ကြာမြင့်စွာ လုပ်ကိုင်ခဲ့ခြင်း မရှိ။ တစ်နှစ်မပြည့်ခင်မှာပင် အလုပ်ထွက်သွားသည်။

ထိုသဲလွန်စတစ်စကို အမိအရ ဖမ်းကိုင်ပြီး တိုဂါရှိ၏ နောက်ကြောင်းရာဇဝင်ကို အတော်အတန် စုံစမ်းနိုင်လာခဲ့သည်။ သူသည် ယခင်က နိုင်ငံခြားဖြစ် ဇိမ်ခံကား အကောင်းစားများကို ရောင်းချပေးရသော အရောင်းကိုယ်စားလှယ်တစ်ဦး ဖြစ်ခဲ့ပြီး ငွေအလွဲသုံးစား လုပ်မှုကြောင့် အလုပ်ဖြုတ်ခံခဲ့ရသည်။ သို့သော် တရားစွဲဆို ခံရခြင်းမျိုးတော့ မရှိခဲ့။ ၎င်းကားအရောင်းစင်တာသို့ သွားရောက်၍ စုံစမ်းထောက်လှမ်းစဉ်က မထင်မှတ်ဘဲ သိလာခဲ့ရခြင်း ဖြစ်သည်။ ၎င်းကုမ္ပဏီသည် ယခုအချိန်ထိ တည်ရှိနေသေးသည်။ သို့သော် တိုဂါရှိ၏ အကြောင်းကို ပြောပြနိုင်မည့် ဝန်ထမ်းများ မရှိတော့ပေ။ အနိမ့်ဆုံးအားဖြင့် တိုဂါရှိ၏ အကြောင်းကို ပြောပြလိုသည့် ဝန်ထမ်း တစ်ဦးတလေမျှ မရှိ။

ထိုကုမ္ပဏီ၌ အလုပ်လုပ်နေစဉ်ကပင် တိုဂါရှိသည် အိမ်ထောင်သည်တစ်ဦး ဖြစ်ကြောင်း သိရှိခဲ့ရသည်။ အိမ်ထောင်ပြိုကွဲရသည့် အကြောင်းကို သိရှိနေသော လူတစ်ဦး၏ ပြောပြချက်အရ ဆိုလျှင် တိုဂါရှိသည် သူ့ဇနီးဟောင်းထံသို့ မကြာခဏ သွားပြီး ငွေညှစ်နေတတ်သည်။

သမီးကို လက်ဆွဲ၍ တစ်နေရာမှ တစ်နေရာသို့ ပုန်းရှောင်နေရသော ဇနီးဟောင်းကို ရှာဖွေရန်မှာ ရဲဌာနအတွက် များစွာ ခက်ခဲလှသည် မဟုတ်။ မကြာခင်မှာပင် ဟာနာအိုက ယာစုကိုနှင့် မီစာတိုတို့၏ နေရပ်လိပ်စာကို ရရှိလာခဲ့သည်။ ယခု ကုစာနာဂိတို့ ဦးတည်နေသော လိပ်စာပင် ဖြစ်သည်။

"ဒီလိုအမှုမျိုး လိုက်ချင်တာ မဟုတ်ဘူး။ တကယ် ကံဆိုးတာပဲ" ကိရှိတာနိက မကျေမနပ် ရေရွတ်နေသည်။

"ဘာတုန်း။ မင်းက ငါနဲ့ လိုက်ရလို့ ကံဆိုးတယ်လို့ ပြောနေတာလား"

"မဟုတ်ပါဘူး အာစရိရာ။ ဟိုသားအမိက သူတို့ဘာသာသူတို့ အေးအေးချမ်းချမ်းနဲ့ နေနေကြတဲ့ဟာကို။ ကျွန်တော် သူတို့ကို သွား မနှောင့်ယှက်ချင်ဘူး"

"အမှုနဲ့သာ နွယ်မနေဘူး ဆိုရင် သူတို့အတွက် ဘာမှ ထိခိုက်စရာ မရှိပါဘူးကွာ"

"ဘယ်ပြောနိုင်မလဲ။ တိုဂါရှိဆိုတဲ့လူက လင်ဆိုး၊ ဖအေဆိုးလို့ နာမည်ကြီးနေတဲ့ လူပဲဟာ။ သူတို့က အဲဒီဘဲကြီး အကြောင်းကို နည်းနည်းလေးမှ ပြန်တွေးကြည့်ချင်လိမ့်မယ် မထင်ဘူး"

"ဒါဆို သူတို့က ငါတို့ကို ပိုပြီးလို့တောင် ကြိုဆိုရဦးမယ်။ ငါတို့က အဲဒီအယုတ်တမာကောင်ကြီး သေသွားပြီ ဆိုတဲ့ သတင်းကို သူတို့ဆီ ယူလာပေးတဲ့ လူတွေလေ။ မျက်နှာကြီး ပုပ်သိုးမနေစမ်းပါနဲ့ကွာ။ မင်းလုပ်တာနဲ့ ငါ့စိတ်တောင် ညစ်ချင်ချင် ဖြစ်လာပြီ။ ဟော ... ရောက်ပြီ။ ဒီနေရာပဲ" ကုစာနာဂိသည် အုတ်တိုက်ဟောင်း တစ်လုံး၏ အရှေ့တွင် ရပ်လိုက်သည်။

အဆောက်အအုံ၏ ဆေးရောင်မှာ ညစ်ထေးကာ မီးခိုးရောင် ပေါက်နေသည်။ နံရံပေါ်တွင်လည်း ဖာထေးထားသော အင်္ဂတေအရာများကို အထင်းသား မြင်နေရသည်။ နှစ်ထပ်တိုက်တစ်လုံး ဖြစ်ပြီး တစ်ထပ်စီတွင် အခန်း လေးခန်းစီ ရှိကြသည်။ တိုက်ပေါ်ရှိ အခန်းတစ်ဝက်မျှ မီးလင်းနေသည်။

"အခန်း ၂၀၄ ဆိုတော့ အပေါ်ထပ်ပေါ့" ကုစာနာဂိသည် ကွန်ကရစ်လှေကား၏ လက်ရန်းကို ကိုင်၍ အပေါ်သို့ လှမ်းတက်လိုက်သည်။ ကိရှိတာနိက အနောက်မှ ကပ်လျက်။

အခန်း ၂၀၄ သည် လှေကားခွင်မှ အဝေးဆုံး နေရာတွင် ရှိသည်။ တံခါး၏ ဘေးတွင် ရှိသော ပြတင်းပေါက်မှ လျှပ်စစ်မီးရောင်ကို မြင်နေရသည်။ ကုစာနာဂိ အသက်ရှူချောင်သွားသည်။ သူတို့က ကြိုတင်ချိန်းချက်လုပ်ထားခြင်း

မရှိသောကြောင့် အကယ်၍ အိမ်တွင် မစ္စဟာနာအိုကာ မရှိပါက သူတို့ နောက်တစ်ကြိမ် ထပ်လာရပေဦးတော့မည်။

လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတွင်းမှ ခြေသံများ ထွက်ပေါ်လာသည်။ တံခါးရွက်မှာ အနည်းငယ် ပွင့်လာသည်။ တံခါးသံကြိုးကို တံခါးတွင် ချိတ်ထားဆဲ။ အထူးအဆန်းတော့ မဟုတ်။ မိန်းမသားနှစ်ယောက်တည်း နေထိုင်သော အိမ်တစ်အိမ်အနေဖြင့် ယခုကဲ့သို့ သတိကြီးကြီး ထားတတ်သည်မှာ သဘာဝကျသည်။

ပွင့်ဟနေသော တံခါးရွက်အကြားမှ အမျိုးသမီးတစ်ဦးသည် သူတို့နှစ်ဦးကို ထူးဆန်းအံ့ဩသည့် အမူအရာဖြင့် စိုက်ကြည့်နေသည်။ မျက်နှာပြင် သေးသွယ်၍ မည်းနက်သော မျက်လုံးများက ဆွဲဆောင်မှု ရှိနေကြသည်။ မှေးမှိန်သော မီးရောင်အောက်ရှိ မပီဝိုးတဝါး မြင်ကွင်းများကြောင့် ထိုအမျိုးသမီး၏ အသက်မှာ ၃၀ ပင် ကျော်လိမ့်ဦးမည် မဟုတ်ဟု ထင်မှတ်ရသည်။ သို့သော် တံခါးရွက်တွင် ဆုပ်ကိုင်ထားသည့် လက်မှာ မိန်းမငယ်တစ်ဦး၏ လက်မဟုတ်မှန်း သိသာလှသည်။

“အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ်။ ခင်ဗျားက မစ္စဟာနာအိုကာ ယာစုကိုလား မသိဘူး” ကုစာနာဂိသည် အသံနှင့် မျက်နှာထားကို တတ်နိုင်သမျှ အနူးညံ့ အသိမ်မွေ့ဆုံး ဖြစ်အောင် ပြုပြင်ထားသည်။

“ဟုတ်ကဲ့” သူမ၏ မျက်နှာတွင် စိုးရိမ်မကင်းသော အရိပ်အရောင်များ ထင်ရှားလာသည်။

“ကျွန်တော်တို့က ရဲဌာနကပါ။ ခင်ဗျားကို သတင်းတစ်ခု ပေးချင်လို့” ကုစာနာဂိက ရဲသက်သေခံ ကတ်ပြားကို ထုတ်၍ သူမအား ပြလိုက်သည်။ အနားရှိ ကိရှိတာနိကလည်း ထိုနည်းလည်းကောင်းပင်။

“ရဲ ......” ယာစုကို၏ မျက်လုံးများ ပြူးကျယ်လာသည်။ မည်းနက်နေသော သူငယ်အိမ်များက ဂနာမငြိမ်ဘဲ ဟိုဟိုဒီဒီ ပြေးလွှားလှုပ်ရှားနေကြသည်။

“အထဲ ဝင်လို့ ရမလား”

“ရှင် ... ဟုတ် ... ဟုတ်ကဲ့” ယာစုကိုသည် တံခါးကို ပြန်ပိတ်ပြီး တံခါးသံကြိုးကို ဖြုတ်၍ တံခါးကို ခပ်ကျယ်ကျယ် ပြန်ဖွင့်ပေးလိုက်သည်။ “ဘာအကြောင်းများ ရှိလို့လဲ”

ကုစာနာဂိသည် အခန်းတွင်းသို့ လှမ်းဝင်သွားသည်။ ကိရှိတာနိကလည်း အနောက်မှ ခပ်သုတ်သုတ် လိုက်ပါလာသည်။

"ခင်ဗျား မစ္စတာ တိုဂါရှိ ရှင်ဂျိကို သိတယ် မဟုတ်လား"

အနည်းငယ် တင်းမာသွားသော ယာစုကို၏ မျက်နှာအမူအရာကို ကုစာနာဂိက သတိထားလိုက်မိသည်။ မိမိခင်ပွန်းဟောင်း၏ နာမည်ကို ရဲများ၏ ပါးစပ်ဖျားမှ ကြားလိုက်ရသောကြောင့် အံ့အားသင့်သွားခြင်း ဖြစ်မည်ဟုလည်း အစိပ္ပာယ် ဖွင့်ဆိုနိုင်သည်။

"ကျွန်မရဲ့ ခင်ပွန်းဟောင်းပါ။ သူ .... သူ ဘာဖြစ်လို့လဲ"

ထိုသူ လုပ်ကြံသတ်ဖြတ် ခံထားရသည်ကို သူမ သိပုံမရ။ ရုပ်မြင်သံကြားနှင့် သတင်းစာ မကြည့်ကြသောကြောင့် ဖြစ်ပေမည်။ သတင်းမီဒီယာများကလည်း ထိုအကြောင်းအရာကို ရေးကြီးခွင်ကျယ် လုပ်၍ အသားပေး ဖော်ပြနေခြင်းမျိုး မရှိသောကြောင့် သူမ သတိမထားမိသည်မှာလည်း အထူးအဆန်း မဟုတ်ပေ။

"အမှန်အတိုင်း ပြောရရင် ...." ကုစာနာဂိက ထိုသို့ စကားစလိုက်စဉ်မှာပင် ယာစုကို၏ အနောက်ဘက်မှ စက္ကူဆွဲတံခါးကို ဆွဲပိတ်လိုက်သည့် အသံ ထွက်ပေါ်လာသည်။

"အထဲမှာ တခြားလူ ရှိသေးတာလား"

"ဟုတ်၊ ကျွန်မ သမီးပါ"

"ဪ" တံခါးဝရှိ ဖိနပ်ချွတ်တွင် အားကစားဖိနပ်တစ်ရံ ချွတ်ထားသည်ကို သတိထားမိခဲ့သည်။ ကုစာနာဂိသည် အသံကို နှိမ့်ကာ ပြောလိုက်သည်။ "မစ္စတာ တိုဂါရှိ ဆုံးရှာပြီ"

ယာစုကို၏ နှုတ်ခမ်းအစုံမှာ ဖွင့်ဟလျက် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ထို့ထက် သူ့မျက်နှာပေါ်တွင် ဘာမျှ ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိ။

"ဘယ်လို ဖြစ်တာလဲ ....." သူမက မေးသည်။

"ကျူး-အီဒိုဂါဝါ မြစ်ကမ်းနံဘေးမှာ သူ့အလောင်းကို တွေ့ခဲ့တာပါ။ အခုချိန်ထိတော့ ဘာမှ ရေရေရာရာ မသိရသေးပါဘူး။ အသတ်ခံရတာ ဖြစ်ဖို့များပါတယ်" ကုစာနာဂိက အရှိအတိုင်း ဖွင့်ပြောလိုက်လေသည်။ သို့မှသာ သူ၏ ထောက်လှမ်းမှုများကို ဆက်လက်ပြီး အသေးစိတ် လုပ်ဆောင်နိုင်မည်ဟု သူ ယူဆသည်။

ပထမဆုံးအကြိမ်အဖြစ် ယာစုကို၏ မျက်နှာပေါ်တွင်

သောကအရိပ်အငွေ့များ လျှံတက်လာသည်။ သူမ ခေါင်းကို ခါယမ်းနေသည်။ "သူ ….. ဘာဖြစ်လို့ အဲဒီလိုတွေ ဖြစ်သွားရတာလဲ"

"ကျွန်တော်တို့ အခုထိ စုံစမ်းနေကြဆဲပါ။ မစ္စတာ တိုဂါရှီမှာ တခြား မိသားစုဆိုတာလည်း မရှိတော့ သူနဲ့ အိမ်ထောင်ဖက် ဖြစ်ခဲ့ဖူးတဲ့ ခင်ဗျားဆီကိုပဲ လာပြီး သူ့အကြောင်း စုံစမ်းရတာပါ။ ဒီလိုအချိန်ကြီးမှာ အနှောင့်အယှက် လာပေးမိတာ တောင်းပန်ပါတယ်" ကုစာနာဂိက ဦးညွှတ်၍ တောင်းပန်လိုက်သည်။

"အဲ …. အင်း" ယာစုကိုသည် ပါးစပ်ကို လက်ဖြင့် အုပ်ထားလျက် မျက်လွှာချထားသည်။

ကုစာနာဂိ၏ အကြည့်သည် အနောက်ဘက်ရှိ စက္ကူတံခါးဆီသို့ ရောက်ရှိသွားသည်။ မစ္စ ဟာနာအိုကာ၏ သမီးသည် အခန်းထဲမှနေ၍ သူတို့၏ ပြောစကားများကို ချောင်းနားထောင်နေမည်လော။ ပထွေးဟောင်း၏ သေဆုံးသွားခြင်းအပေါ် သူမ မည်သို့ သဘောထားမည်နည်း။

"ကျွန်တော်တို့ စုံစမ်းထားရသလောက် ဆိုရင် ခင်ဗျားနဲ့ မစ္စတာ တိုဂါရှီတို့က လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကွာရှင်းခဲ့ကြတယ်။ ဟုတ်တယ်မလား။ နောက်တော့ရော ခင်ဗျားတို့ တွေ့ဖြစ်ကြသေးလား"

ယာစုကိုက ခေါင်းခါသည်။ "ကွာရှင်းပြီးတဲ့နောက်တော့ မတွေ့ဖြစ်ကြသလောက်ပါပဲ"

'မတွေ့ဖြစ်ကြသလောက်ပါပဲ' ဟု သူမ ဖြေခဲ့သည်။ ထိုသို့ဆိုလျှင် အနည်းဆုံး တစ်ကြိမ်တော့ ဆုံခဲ့ကြဖူးပေမည်။ သို့ဖြင့် ဘယ်အချိန်က နောက်ဆုံး ဆုံခဲ့ကြသနည်းဟု ကုစာနာဂိက ထပ်မေးလိုက်သည်။

"နောက်ဆုံးတစ်ကြိမ် သူနဲ့ ဆုံခဲ့ကြတာ လွန်ခဲ့တဲ့ တစ်နှစ်ကျော် လောက်ကပဲ"

"အဲဒီကတည်းက သူနဲ့ အဆက်အသွယ် မရတော့တာလား။ ဖုန်းတို့၊ စာတို့နဲ့ရော မဆက်သွယ်ဘူးလား"

"ဟင့်အင်း" ယာစုကိုက ခေါင်းကို အားရပါးရ ခါယမ်းပြသည်။

ကုစာနာဂိက ခေါင်းညိတ်ပြရင်း အခန်းတွင်း အခြေအနေများကို အကဲခတ်ကြည့်သည်။ ထာထားမိ မြက်ဖျာကြမ်းခင်းများ ခင်းထားသည့် ဂျပန်ရိုးရာ ပုံစံဖြင့် ရှိနေသော တိုက်ခန်းကျဉ်းကလေး ဖြစ်သည်။ အခန်းမှာ အိုဟောင်းနေပြီ ဖြစ်သော်လည်း အခန်းတွင်းမှာ သန့်ရှင်းသပ်ရပ်၍ မျက်စိပသာဒ ရှိနေသည်။

အပူပေးစားပွဲပေါ်တွင်လည်း လိမ္မော်သီးတစ်ပန်းကန် ချထားသည်။ နံရံတစ်ဘက်တွင် မှီ၍ ထောင်ထားသော ကြက်တောင်ရိုက်ဘက်တံ တစ်ချောင်းကို မြင်တွေ့လိုက်ရသောအခါ ကုစာနာဂိသည် သူ၏ ငယ်ဘဝကို သတိရ အောက်မေ့သွားသည်။ တက္ကသိုလ် ကျောင်းသားဘဝက သူသည်လည်း ကြက်တောင်ရိုက်အသင်းတွင် ပါဝင်ကစားခဲ့ဖူးသည်။

"မစ္စတာတိုဂါရို ဆုံးတာ မတ်လ ၁၀ ရက်နေ့ ညကပါ" ကုစာနာဂိက ပြောသည်။ "ဒီရက်စွဲနဲ့ ကျူး-အီဒိုဂါဝါ မြစ်ကမ်းအကြောင်း ကြားရတော့ ခင်ဗျား ဘာများ စဉ်းစားမိတာ ရှိသလဲ။ အသေးအမွှား ကိစ္စပဲ ဖြစ်ပါစေ၊ ကျွန်တော်တို့ရဲ့ ထောက်လှမ်းမှုအတွက် အထောက်အကူ ဖြစ်နိုင်ပါတယ်"

"အဲဒီနေ့က ကျွန်မတို့အတွက် ဘာမှ ထူးခြားတဲ့ နေ့တစ်နေ့တော့ မဟုတ်ဘူး။ ပြီးတော့ သူ အခုတလော ဘယ်လိုနေထိုင်သွားလာနေတယ် ဆိုတာကိုလည်း ကျွန်မ နည်းနည်းမှ မသိဘူး"

ယာစုကို၏ အမူအရာအရ စိတ်ကသိကအောက် ဖြစ်နေကြောင်း သိသာထင်ရှားနေသည်။ မိမိ၏ ခင်ပွန်းဟောင်းအကြောင်းကို စိတ်လိုလက်ရ ပြန်လှန် ဆွေးနွေးလိုသောသူမှာ အင်မတန်မှ ရှားပေလိမ့်မည်။ သို့သော် ယာစုကိုသည် ဤလူသတ်မှုနှင့် ပတ်သက်မှု ရှိမရှိ ဆိုသည့်အချက်ကိုမူ ကုစာနာဂိအနေဖြင့် လတ်တလော ကောက်ချက်ချ၍ မဖြစ်နိုင်သေးပေ။ ယနေ့ ဤမျှဖြင့် လုံလောက်ပြီဟု သူ ယူဆသည်။ အိမ်သို့ ပြန်ရန်သာ ရှိတော့သည်။ သို့သော် အချက်တစ်ချက်ကိုတော့ အတည်ပြုရပေဦးမည်။

"မတ်လ ၁၀ ရက်နေ့က ခင်ဗျား အိမ်မှာ ရှိသလား" ကုစာနာဂိသည် မှတ်စုစာအုပ်ကို အိတ်ကပ်ထဲ ပြန်ထည့်ရင်း မေးလိုက်သည်။ ခရီးသွားဟန်လွှဲ မေးလိုက်သည့် သဘောဖြင့် အသံကို တတ်နိုင်သမျှ တည်ငြိမ်အောင် ထားလိုက်သည်။

သို့သော် သူ၏ ကြိုးပမ်းမှုမှာ အရာမထင်ခဲ့။ ယာစုကို၏ မျက်ခုံးများ ပင့်တက်သွားပြီး မျက်နှာမှာ စိုးရိမ်စိတ်ကြောင့် ညှိုးရော်လာသည်။

"ကျွန်မ အဲဒီနေ့က ဘာတွေ လုပ်ခဲ့သလဲ ဆိုတာကို မခြွင်းမချန် ပြောပြဖို့ လိုလိမ့်မယ် ထင်တယ်။ ဟုတ်လား"

ကုစာနာဂိက သူမကို ကြည့်ရင်း ပြုံးပြလိုက်သည်။

"အဲဒီလောက်လည်း အတွေး မလွန်ပါနဲ့ဗျာ။ ဒါပေမယ့် ခင်ဗျားဘက်က အတိအကျ ပြောနိုင်လေလေ ကျွန်တော်တို့အတွက် အသုံးဝင်လေလေပါပဲ"

“ဒါဆို ခဏစောင့်ပါဦး”

ယာစုကိုသည် ကုစာနာဂိ၏ နောက်ကျောဘက်တွင် ရှိသော နံရံကို စိုက်ကြည့်နေသည်။ ၎င်းနေရာတွင် ပြက္ခဒိန်တစ်ခု ချိတ်ဆွဲထားပုံ ရသည်ဟု သူ တွေးမိသည်။ ယင်းပြက္ခဒိန်ကို နောက်လှည့်ကြည့်ချင်စိတ် တဖွားဖွား ပေါ်နေသော်လည်း သူ အောင့်အည်းထားလိုက်သည်။

“၁၀ ရက်နေ့ မနက်က ကျွန်မ အလုပ်သွားတယ်။ ညနေ အလုပ်က ပြန်ရောက်တော့ သမီးနဲ့အတူ အပြင် ထွက်လည်ကြတယ်” ယာစုကိုက ပြန်ဖြေသည်။

“ခင်ဗျားတို့ ဘယ်ကို သွားကြတာလဲ”

“ရုပ်ရှင် သွားကြည့်တာပါ။ ကင်ရှိချိုမှာ ရှိတဲ့ ရာကုတန်ချီမှာ ကြည့်တာ”

“ဘယ်အချိန်လောက် အိမ်ကနေ ထွက်သလဲ။ အကြမ်းဖျင်း ပြောရင် ရပါပြီ။ ပြီးတော့ ခင်ဗျားတို့ ကြည့်ခဲ့တဲ့ ရုပ်ရှင်ကားနာမည်ကို ပြောပြနိုင်ရင် ပိုပြီး အဆင်ပြေမယ်”

“ကျွန်မတို့ ၆ နာရီခွဲ ဝန်းကျင်လောက် အိမ်က ထွက်တယ်။ ရုပ်ရှင်ကားနာမည်က -----”

ထိုရုပ်ရှင်ကားကို ကုစာနာဂိလည်း ကြားဖူးသည်။ အမေရိကန် ဟောလိဝုဒ်မှ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး ယခုအခါ အပိုင်း ၃ ကို ရုံသွင်းပြသလျက် ရှိသည်။

“ရုပ်ရှင်ပြီးတာနဲ့ အိမ်တန်းပြန်ကြတာလား”

“ကျွန်မတို့ အဲဒီတိုက်ပေါ်မှာ ရှိတဲ့ ခေါက်ဆွဲဆိုင်မှာ ညစာဝင်စားပြီး သီချင်းသွားဆိုကြတယ်”

“သီချင်း? ကာရာအိုကေ သွားဆိုတာလား”

“ဟုတ်တယ်။ သမီးက အတင်း ပူဆာနေတာနဲ့ သွားလိုက်တာ”

“သြော် ... ခင်ဗျားတို့ အမြဲတမ်း အဲဒီလိုပဲ အတူ လျှောက်သွားတတ်တာလား”

“နှစ်လကို တစ်ကြိမ်လောက်ပေါ့”

“ဘယ်လောက်ကြာကြာ သီချင်းဆိုခဲ့ကြတာလဲ”

"ပုံမှန်အားဖြင့် တစ်နာရီခွဲလောက်ပါပဲ။ နို့မို့ အိမ်ပြန်တာ အရမ်းနောက်ကျနေတော့မှာ"

"ရုပ်ရှင်ကြည့်တယ် ... ညစာစားတယ် ... ကာရာအိုကေဆိုတယ် ... ခင်ဗျားတို့ အိမ်ပြန်ရောက်တော့ ...."

"၁၁ နာရီ ကျော်လောက်ပြီ။ အတိအကျတော့ ကျွန်မ မမှတ်မိဘူး"

ကုစာနာဂိက ခေါင်းညိတ်နေသည်။ သို့သော် တစ်နေရာရာတွင် လွဲမှားနေသည်ဟု သူ ယူဆမိသည်။ ထိုသို့ ယူဆနေမိသော်လည်း အကြောင်းအရင်းကို သူကိုယ်တိုင်ပင် ရှင်းမပြတတ်ပေ။

ကာရာအိုကေဆိုင်၏ နာမည်ကို မေးမြန်းပြီးနောက် သူတို့ ထိုအိမ်မှ နှုတ်ဆက်ထွက်ခွာလာခဲ့သည်။

"ကြည့်ရတာ အမှုနဲ့ ဘယ်လိုမှ မပတ်သက်နိုင်ဘူး" အခန်း ၂၀၄ မှ ထွက်လာသည်နှင့် ကိရှိတာနိက တိုးညင်းသော အသံဖြင့် ပြောလေသည်။

"ပြောဖို့ ခက်တယ်"

"သားအမိနှစ်ယောက်က အတူတူ သီချင်းသွားဆိုကြတယ်တဲ့။ မိုက်တယ်။ ဒီခေတ်ကြီးထဲမှာ အဲဒီလို သူငယ်ချင်းပေါင်း ပေါင်းတတ်တဲ့ သားအမိမျိုးက ရှာမှ ရှားသွားပြီ" ကိရှိတာနိ၏ လေသံအရ သူသည် ဟာနာအိုကာ ယာစုကိုကို နည်းနည်းမျှ သံသယရှိပုံ မရကြောင်း ပေါ်လွင်နေသည်။

ထိုစဉ် လူတစ်ယောက်သည် လှေကားမှ အပေါ်သို့ တက်လာနေသည်။ အရိုးအဆစ် ခိုင်မာသော သက်လတ်ပိုင်း ယောကျ်ားတစ်ယောက်။ သူတို့သည် ထိုအမျိုးသားကို ဦးစားပေးသည့် အနေဖြင့် လမ်းလျှောက်နေရာမှ ရပ်လိုက်ကြသည်။ ထိုသူသည် အခန်း ၂၀၃ ၏ တံခါးကို ဖွင့်ပြီး အခန်းထဲသို့ ဝင်သွားသည်။

ကုစာနာဂိနှင့် ကိရှိတာနိတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြပြီး နောက်ပြန် လှည့်လာကြသည်။

အခန်း ၂၀၃ ၏ တံခါးပေါ်တွင် 'အိဂျိုဂါမိ' ဟူသော နာမည်ကတ်ပြား ချိတ်ဆွဲထားသည်။ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်နှင့် စောစောက အမျိုးသားသည် တံခါးကို လာဖွင့်ပေးသည်။ ထိုသူသည် အပေါ်ဝတ် ကုတ်အင်္ကျီကို ချွတ်ထားပြီး ဆွယ်တာနှင့် ဘောင်းဘီအရှည်တို့သာ ဝတ်ဆင်ထားသည်။

သူသည် မျက်နှာသေဖြင့် ကုစာနာဂိနှင့် ကိရိုတာနိတို့ကို တစ်လှည့်စီ ကြည့်နေသည်။ သဘာဝအရ ဆိုလျှင် ယခုလိုအချိန်မျိုး၌ အံ့ဩသော အမူအရာ သို့မဟုတ် သံသယရှိသော အမူအရာ တစ်မျိုးမျိုးကို ပြသနေရမည်။ သို့သော် ထိုသူ၏ မျက်နှာပြင်ပေါ်တွင် မည်သို့သော ခံစားချက်ကိုမျှ ရှာမတွေ့ပေ။

"အခုလို ညကြီးမိုးချုပ်မှာ အနှောင့်အယှက်ပေးမိတာ တောင်းပန်ပါတယ်။ ကျွန်တော်တို့ကို အကူအညီ ပေးနိုင်မလား မသိဘူး" ကုစာနာဂိသည် ပြုံးလျက် သူ၏ ရဲသက်သေခံကတ်ပြားကို ထုတ်ပြလိုက်သည်။

ယခုအချိန်ထိ ထိုအမျိုးသား၏ မျက်နှာပေါ်မှ ကြွက်သားများသည် စိုးစဉ်းမျှ လှုပ်ရှားသွားခြင်း မရှိချေ။ ကုစာနာဂိက ရှေ့တစ်လှမ်း တိုးလိုက်သည်။ "မကြာစေရပါဘူး။ ကျွန်တော် မေးခွန်းလေး နည်းနည်း မေးချင်လို့ပါ"

ထိုသူက သူ၏ သက်သေခံကတ်ပြားကို မမြင်လိုက်ခြင်းသာ ဖြစ်ရမည်ဟု ထင်မှတ်သောကြောင့် ထိုသူ၏ အရှေ့သို့ သူ၏ သက်သေခံကတ်ပြားကို ထိုးပေးလိုက်ပြန်သည်။

"ဘာကိစ္စလဲ" အမျိုးသားက ကတ်ပြားကို တစ်ချက်ကလေးမျှ မကြည့်ဘဲ မေးခွန်းထုတ်လာသည်။ ကုစာနာဂိတို့ နှစ်ယောက်ကို ရဲများဖြစ်ကြောင်း သူ သိရှိထားပြီးပုံ ရသည်။

ကုစာနာဂိသည် အိတ်ကပ်ထဲမှ ဓာတ်ပုံတစ်ပုံ ဆွဲထုတ်လိုက်သည်။ တစ်ပတ်ရစ်ကား အရောင်းဆိုင်တွင် အလုပ်လုပ်ခဲ့စဉ်က တိုဂါရှို၏ ဓာတ်ပုံ ဖြစ်သည်။

"ဒီဓာတ်ပုံကတော့ နည်းနည်း ဟောင်းနေပြီ။ ခင်ဗျား ဓာတ်ပုံထဲကလူကို မြင်ဖူးလား မသိဘူး"

ထိုသူသည် ဓာတ်ပုံကို အတန်ငယ် စိုက်ကြည့်နေပြီးနောက် ခေါင်းမော့၍ ကုစာနာဂိကို ကြည့်နေသည်။

"မသိဘူး"

"ဟုတ်မှာပါပဲ။ ဒါဆို သူနဲ့ ဆင်ဆင်တူတဲ့ လူကိုရော မြင်ဖူးလား မသိဘူး"

"ဘယ်နေရာမှာလဲ"

"ဥပမာ ဒီပတ်ဝန်းကျင်မှာပေါ့"

ထိုသူက ဓာတ်ပုံကို နောက်တစ်ကြိမ် စိုက်ကြည့်နေပြန်သည်။ ကြည့်ရသည်မှာ ဘာမျှ မျှော်လင့်စရာ မရှိ။ ကုစာနာဂိက တွေးနေသည်။

"မသိဘူး" ထိုအမျိုးသားက ပြောသည်။ "တကယ်လို့သာ လမ်းလျှောက်ရင်း ကိုယ့်ဘေးနားက ဖြတ်လျှောက်သွားတာမျိုး ဆိုရင်တော့ ကျွန်တော်က သူများမျက်နှာကို လိုက်မှတ်ထားလေ့ မရှိဘူး"

"သြော်" နောက်ပြန်လှည့်ပြီး ထိုသူအား မေးခွန်းလာမေးမိသည်ကိုပင် နောင်တရလာမိသည်။ "ဒါနဲ့ ခင်ဗျားက အမြဲတမ်း ဒီလိုအချိန်မျိုးမှ အိမ်ပြန်လာတတ်တာလား"

"မဟုတ်ဘူး။ ဘယ်နေ့လဲ ဆိုတာပေါ် မူတည်တာပေါ့။ အသင်း လှုပ်ရှားမှု ရှိတဲ့နေ့ဆိုရင်တော့ နောက်ကျတတ်တယ်"

"အသင်း?"

"ကျွန်တော်က ဂျူဒိုနည်းပြပါ။ သင်တန်းပြီးရင် ခန်းမတံခါးတွေ ပိတ်ရတာကလည်း ကျွန်တော့်အလုပ်ပဲ"

"သြော် ... ခင်ဗျားက ကျောင်းဆရာလား"

"ဟုတ်တယ်။ အထက်တန်းကျောင်းဆရာပါ" ထိုသူက သူ၏ ကျောင်းနာမည်ကို ပြောပြသည်။

"တစ်နေကုန်လုံး အလုပ်ပင်ပန်းလာတာကို ကျွန်တော်တို့က အနှောင့်အယှက် ပေးနေမိပြီ။ ဆောရီးပါဗျာ" ကုစာနာဂိက ဦးညွှတ်၍ တောင်းပန်လိုက်သည်။

ထိုစဉ် တံခါး ဝင်ပေါက်ဝတွင် အထပ်လိုက် ပုံနေသော သင်္ချာစာအုပ်များကို လှမ်းမြင်လိုက်ရသည်။ သင်္ချာဆရာပင် ဖြစ်ရပေမည်။ ထိုသို့ တွေးလိုက်မိသည်နှင့် သူ၏ ခေါင်းထဲတွင် မူးဝေဝေ ဖြစ်လာသည်။ ကျောင်းသားဘဝက သူ ဒူးတုန်အောင် ကြောက်ခဲ့ရသော ဘာသာရပ်တစ်ခု။

"ဒါနဲ့ ခင်ဗျားက မစ္စတာ အိရှိုဂါမိလား။ တံခါးဝမှာ အဲဒီလို တွေ့မိသလားလို့"

"ဟုတ်ပါတယ်။ ကျွန်တော် အိရှိုဂါမိပါ"

"မစ္စတာအိရှိုဂါမိ၊ မတ်လ ၁၀ ရက်နေ့ ညက ခင်ဗျား ဘယ်အချိန်လောက် အိမ်ပြန်ရောက်တာလဲ"

"မတ်လ ၁၀ ရက်နေ့? အဲဒီနေ့က ဘာဖြစ်လို့လဲ"

"ခင်ဗျားနဲ့ မပတ်သက်ပါဘူး။ ကျွန်တော်တို့ အဲဒီနေ့နဲ့ ဆိုင်တဲ့ အချက်အလက်တချို့ကို စုံစမ်းနေလို့ပါ"

"မတ်လ ၁၀ ရက်နေ့ ......" အိရှိုဂါမိသည် အဝေးသို့ ငေးကြည့်နေပြီး တစ်ခဏအကြာတွင် သူ၏အကြည့်က ကုစာနာဂိအပေါ် ကျရောက်လာပြန်သည်။ "အဲဒီနေ့က ကျောင်းဆင်းတာနဲ့ ကျွန်တော် အိမ်ကို တန်းပြန်လာတာပဲ။ ၇ နာရီ ပတ်ဝန်းကျင်လောက်ပေါ့"

"အဲဒီအချိန်က ခင်ဗျားအခန်းဘေးမှာ ဘာအသံမှ မကြားရဘူးလား"

"အခန်းဘေး?"

"မစ္စဟာနာအိုကာတို့ အခန်းကို ပြောတာပါ" ကုစာနာဂိက အသံကို နှိမ့်၍ ပြောလိုက်သည်။

"မစ္စဟာနာအိုကာက ဘာဖြစ်နေလို့လဲ"

"အဲ ... မဟုတ်ပါဘူး။ ကျွန်တော်တို့က အချက်အလက် စုဆောင်းနေတဲ့ သဘောပါ"

သံသယဝင်နေသော အမူအရာများက အိရှိုဂါမိ၏ မျက်နှာပေါ်တွင် စတင် ထင်ဟပ်လာသည်။ ဘေးအိမ်မှ သားအမိနှစ်ယောက် အကြောင်းကို တောင်တောင်ဤဤ တွေးတောနေခြင်းလည်း ဖြစ်ကောင်း ဖြစ်ပေမည်။ အခန်းတွင်း အခြေအနေကို ကြည့်ခြင်းအားဖြင့် အိရှိုဂါမိသည် လူလွတ်တစ်ယောက် ဖြစ်ကြောင်း တွက်ဆနိုင်သည်။

"ကျွန်တော် မမှတ်မိတော့ဘူး။ ဘာမှ ထူးထူးခြားခြား ဖြစ်ပုံ မရပါဘူး" အိရှိုဂါမိက ဖြေသည်။

"ဆူညံသံ တစ်ခုခု ဒါမှမဟုတ် စကားပြောသံ တစ်ခုခု မကြားမိဘူးလား"

"အဲ ..." အိရှိဂါမိက ခေါင်းကုတ်နေသည်။ "မမှတ်မိဘူး"

"ခင်ဗျားနဲ့ မစ္စဟာနာအိုကာက အတော်လေး ရင်းနှီးကြလား"

"ကျွန်တော်တို့က အိမ်နီးနားချင်းတွေလေ။ မေးထူးခေါ်ပြောကတော့ ရှိတာပေါ့။ အဲဒီလောက်ပါပဲ"

"ဪ ... ဆောရီးဗျာ။ အနားယူချိန်မှာ အနှောင့်အယှက် ပေးမိတာ"

"ရပါတယ်" အိရှိဂါမိက ဦးညွတ်လိုက်သည်။ ထို့နောက် သူသည် တံခါးဝနံဘေးရှိ စာတိုက်ပုံးထဲမှ စာများကို လှမ်းယူနေသည်။ သူ၏ လက်ထဲတွင် ပါသွားသော စာတစ်စောင်ပေါ်မှ 'အမ်ပီရီယယ်တက္ကသိုလ်' ဟူသော စကားလုံးကို မြင်လိုက်ရသောအခါ ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"ဒါနဲ့ ...." ကုစာနာဂိ၏ အသံက တွန့်ဆုတ်နေသည်။ "ခင်ဗျားက အမ်ပီရီယယ် ထွက်လား"

"ဟုတ်တယ်" အိရှိဂါမိ၏ မျက်လုံးများလည်း အနည်းငယ် ပြူးကျယ်သွားသယောင် ထင်ရသည်။ ထို့နောက် စာအိတ်ပေါ်တွင် ရေးထားသော လိပ်စာကို သတိထားမိသွားသည်။ "ဪ ... ခင်ဗျားက ဒါကို ပြောတာထင်တယ်။ ဒါ ကျောင်းသားဟောင်းများအသင်းက ထုတ်တဲ့ စာစောင်ပါ။ ဒါက အမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲဗျ"

"မဟုတ်ပါဘူး။ ကျွန်တော့်သူငယ်ချင်းကလည်း အမ်ပီရီယယ်ဆင်း မို့လို့ပါ"

"ဪ ဒီလိုလား"

"ဆောရီးဗျာ။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး" ကုစာနာဂိက နောက်ထပ်တစ်ကြိမ် ဦးညွတ်၍ အရိုအသေပြုလိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

"အာစရိလည်း အမ်ပီရီယယ် ကျောင်းထွက်ပဲ မဟုတ်ဘူးလား။ ဘာဖြစ်လို့ တဲ့တိုး မပြောလိုက်ရတာလဲ" တိုက်ခန်းမှ ထွက်လာကြပြီးနောက် ကိရှိတာနိက မေးနေသည်။

"အဲဒီလူရဲ့ အမူအရာကို ကြည့်ပြီး ပြောချင်စိတ် မရှိတော့လို့ကွာ။ သူက သိပ္ပံသမားပဲ ဖြစ်လိမ့်မယ်"

"အာစရိက သိပ္ပံသမားတွေနဲ့ မတည့်လို့လား" ကိရှိတာနိက စပ်ဖြဲဖြဲလုပ်၍ မေးသည်။

"ငါ့အနားမှာ ဟိုသိပ္ပံသမားတစ်ယောက် ရှိတာနဲ့တင် အတော် လုံလောက်နေပြီ" ကုစာနာဂါသည် ယုကာဝါ မနာဘု၏ မျက်နှာကို မြင်ယောင်လာလေသည်။

ရဲအရာရှိများ ထွက်သွားပြီး ၁၀ မိနစ်ခန့်မျှ စောင့်ပြီးနောက် အိရှိဂါမိသည် အိမ်ခန်းထဲမှ ထွက်လာခဲ့သည်။ သူသည် တစ်ဘက်ခန်းသို့ လှမ်းကြည့်လိုက်သည်။ အခန်း ၂၀၄ တွင် မီးရောင်ကို မြင်ရသောအခါမှ အောက်ထပ်သို့ ဆင်းသွားသည်။

လူသူ အရောက်အပေါက်နည်းပြီး အလွယ်တကူ သတိမထားမိနိုင်သော အများသုံး ဖုန်းရုံသို့ ရောက်ရန် ဆယ်မိနစ်ခန့်မျှ လမ်းလျှောက်လိုက်ရသည်။ သူ့တွင် လက်ကိုင်ဖုန်း ရှိသည်။ အခန်းတွင် ကြိုးဖုန်း ရှိသည်။ သို့သော် ၎င်းတို့ကို အသုံးမပြုခြင်းက အကောင်းဆုံး ဖြစ်မည်ဟု သူ ယူဆသည်။

သူသည် လမ်းလျှောက်ရင်း ရဲနှင့် ပြောဆိုခဲ့သည့် စကားများကို ပြန်လည် ဆင်ခြင်ကြည့်နေမိသည်။ သူသည် ဤအမှုနှင့် တစ်နည်းတစ်ဖုံ ပတ်သက်စပ်ဆိုင်နေပါသည် ဟူသော အထောက်အထားမျိုး ရရှိနိုင်ရန် မည်သည့် သဲလွန်စကိုမျှ မပေးမိကြောင်း သူ ယုံကြည်သည်။ သို့သော် မိုးမပြို၊ ပြိုခဲ့သည် ရှိသော် ဟူသော အတွေးဖြင့် သူ ကြိုတင် ပြင်ဆင်ထားရမည်။ ရုပ်အလောင်းကို သတ်သင်ရှင်းလင်းရန်အတွက် အမျိုးသားတစ်ဦးဦး၏ အကူအညီကို လိုအပ်မည် ဖြစ်ကြောင်း ရဲဘက်မှ တွေးဆထားပြီး ဖြစ်ပေမည်။ သို့ဆိုလျှင် ဟာနာအိုကာ သားအမိ၏ အနီးအနားရှိ လူများထဲမှ မည်သည့် ယောကျ်ားသည် သူတို့အတွက် တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆောင်ရွက်ပေးနိုင်ခြေ ရှိသနည်း ဆိုသည်ကို အကဲခတ်ကြပေလိမ့်မည်။ သူကဲ့သို့သော သင်္ချာဆရာသည်လည်း သူတို့၏ အိမ်နီးနားချင်း ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ရဲများ၏ အာရုံစိုက်မှုကို ခံလာရနိုင်သည်။

ယနေ့မှ စ၍ ယာစုကို၏ အိမ်သို့သွားပြီး သူမကို သွားတွေ့ခြင်းမှာ အန္တရာယ် များလှသည်။ ဖြစ်နိုင်လျှင် အခန်းရှေ့ စင်္ကြံလမ်းတွင် မတော်တဆ ဆုံမိကြခြင်းကိုပင် တတ်နိုင်သမျှ ရှောင်လွှဲနိုင်အောင် ကြိုးစားရမည်။ အိမ်ထဲမှ ကြိုးဖုန်းဖြင့် မဆက်သွယ်ခြင်းမှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်သည်။ ဟာနာအိုကာ ယာစုကိုထံသို့ ဆက်သွယ်ထားသည်ကို ဖုန်းခေါ်မှတ်တမ်းများအရ ရဲဘက်မှ စုံစမ်းသိရှိသွားနိုင်သည်။

ဘန်တန်တိုင်ကိုရော .....?

ထိုကိစ္စနှင့် ပတ်သက်ပြီး သူ ဆုံးဖြတ်ချက် မကျသေးပေ။ ဓမ္မဓိဋ္ဌာန်ကျကျ တွေးကြည့်မည် ဆိုလျှင် လတ်တလော အချိန်တွင် ထိုနေရာသို့ မသွားခြင်းက အကောင်းဆုံး ဖြစ်မည်။ သို့သော် ရဲဘက်ကလည်း ထိုဆိုင်သို့ မကြာခင်

သွားရောက် စုံစမ်းကြပေလိမ့်မည်။ ထိုအခါ ဆိုင်ရှိ တခြားလူများထံမှ သူ့အကြောင်း ကြားသိသွားနိုင်သည်။ ဟာနာအိုကာ ယာစုကို၏ အိမ်ဘေးမှ သင်္ချာဆရာသည် သူတို့ဆိုင်တွင် နေ့တိုင်း ထမင်းဟင်း လာဝယ်တတ်ကြောင်း သိရှိသွားမည်။ အကယ်၍ အမှုဖြစ်ပြီးမှ ရုတ်တရက် ပျောက်သွားခဲ့သည် ဆိုလျှင် ပို၍ပင် သံသယဝင်စရာ ဖြစ်မနေဘူးလော။ သံသယ မဝင်ရလေအောင် ယခင်ကကဲ့သို့ ဘန်တန်တိုင်သို့ ဟန်မပျက် ဝင်ထွက်နေသည်က ပို၍ သဘာဝကျနိုင်သည် မဟုတ်ပါလော။

ဤမေးခွန်းနှင့် ပတ်သက်၍ ယုတ္တိရှိသော ကျိုးကြောင်းညီညွတ်သော အဖြေတစ်ခု ပေးနိုင်လိမ့်မည်ဟု အိရှိဂါမိက သူ့ကိုယ်သူ ယုံကြည်ရန် ခဲယဉ်းနေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ အတွင်းစိတ်ထဲတွင် သူသည် ဘန်တန်တိုင်သို့ တစ်ရက်မပြတ် သွားချင်နေသည်။ ဘန်တန်တိုင်သည် သူနှင့် ယာစုကိုတို့၏ ဆုံမှတ်ဖြစ်သည်။ ထိုနေရာသို့ မသွားလျှင် ယာစုကို၏ မျက်နှာတော်ကို ဖူးမျှော်ခွင့် ရတော့မည် မဟုတ်။

အများသုံး ဖုန်းရုံသို့ ရောက်သောအခါ ဖုန်းကတ်ကို ဖုန်းထဲသို့ ထိုးထည့်လိုက်သည်။ ဖုန်းကတ်ပေါ်တွင် လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာတစ်ဦး၏ ကလေးရုပ်ပုံလှလှကို ရိုက်နှိပ်ထားသည်။

သူသည် ယာစုကို၏ လက်ကိုင်ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ အိမ်ရှိ ကြိုးဖုန်းကို ခိုးနားထောင်ရန် ရဲဘက်မှ ပြင်ဆင်ထားပြီးလောက်ပြီ။ အများပြည်သူ၏ ဖုန်းအပြောအဆိုကို ရဲဘက်မှ ခိုးနားထောင်ခြင်း မရှိပါဟု တရားဝင် ထုတ်ပြန်ထားသော်လည်း ထိုစကားကို သူ့အနေဖြင့် အယုံအကြည် မရှိပေ။

"ဟယ်လို" ယာစုကို၏ အသံ ထွက်ပေါ်လာသည်။ သူမထံသို့ ဆက်သွယ်လျှင် အများသုံးဖုန်းဖြင့်သာ ဆက်သွယ်မည်ဟု အိရှိဂါမိက သူမအား ပြောကြားထားပြီး ဖြစ်သည်။

"ကျွန်တော် အိရှိဂါမိပါ"

"ဟုတ်"

"စောစောက ရဲတွေ ကျွန်တော့်ဆီ ရောက်လာသေးတယ်။ ခင်ဗျားဆီလည်း လာသွားမယ် ထင်တယ်"

"ဟုတ်၊ စောစောက ရောက်လာကြတယ်"

"သူတို့ ဘာတွေ မေးသေးလဲ"

အိရှိဂါမိသည် ယာစုကို ပြောသမျှ စကားအခွန်းတိုင်းကို အသေအချာ နားထောင်ပြီး ဦးနှောက်တွင် ခဲ့ခြမ်းစိတ်ဖြာ၍ မှတ်တန်ရာ မှတ်နေသည်။ လက်ရှိအနေအထားအရ ယာစုကိုကို ရဲဘက်က သံသယ မဝင်သေးကြောင်း ထင်ရှားနေသည်။ သူမ၏ တစ်နေ့တာ သွားလာမှု အချိန်စာရင်းကို မေးမြန်းခြင်းမှာလည်း သူတို့၏ လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်ပေလိမ့်မည်။ အမှုသည်နှင့် ပတ်သက်နေသူ တစ်ဦးအကြောင်းကို သိရှိထားရန် စုံစမ်းထားရုံမျှသာ။ ထို့ထက် ဘာမျှ မပို။

သို့သော် တိုဂါရှိ၏ သွားလာလှုပ်ရှားမှု မှတ်တမ်းကို ဖော်ထုတ်နိုင်ပြီး ယာစုကိုထံသို့ သူ ရောက်လာခဲ့ကြောင်းကို သိရှိသွားခဲ့ပါမူ သူမ နောက်တစ်ကြိမ် ကြုံတွေ့လာရနိုင်သည့် စုံစမ်းစစ်ဆေးမှုသည် ဤမျှ သက်သောင့်သက်သာ ရှိနိုင်တော့မည် မဟုတ်ပေ။ သူမနှင့် တိုဂါရှိတို့ တွေ့ဆုံခဲ့ခြင်း မရှိ ဟူသောအချက်ကို အထောက်အထားနှင့်တကွ အပေါက်အကြား မရှိအောင် တင်ပြနိုင်မှ လွတ်လမ်းမြင်နိုင်ပေမည်။ ကံကောင်းထောက်မစွာဖြင့် ထိုအခြေအနေမျိုးအတွက် သူ အကောင်းဆုံး ပြင်ဆင်ထားခဲ့သည်။ ယာစုကိုကိုလည်း သင်ကြားထားပေးပြီး ဖြစ်သည်။

"သမီးနဲ့ကော ရဲတွေ တွေ့ကြသေးတာလား"

"ဟင့်အင်း၊ မီစာတိုက အိပ်ခန်းထဲမှာ နေနေတာ"

"သူတို့ မကြာခင် သူ့ကိုပါ မေးခွန်းတွေ မေးလာလိမ့်မယ်။ အဲဒီအချိန်ကျရင် ဘယ်လို ရင်ဆိုင်ရမလဲ ဆိုတာ ကျွန်တော် ခင်ဗျားတို့ကို ပြောပြထားပြီးသားနော်"

"ဟုတ်။ ဆရာပြောတာ အင်မတန်မှ ပြည့်စုံပါတယ်။ သူ အဆင်ပြေလိမ့်မယ်လို့ ကျွန်မ ထင်တယ်"

"ကျွန်တော် နောက်တစ်ခေါက် ထပ်ပြောပါရစေ။ နားငြီးတယ်လို့လည်း မအောက်မေ့ပါနဲ့။ ခင်ဗျားတို့ ဘာမှ ဟန်ဆောင်ပန်ဆောင် လုပ်နေစရာ မလိုဘူး။ တစ်ဘက်လူရဲ့ မေးခွန်းကို မေးသမျှ ဖြေပေးလိုက်ရုံပဲ"

"ဟုတ်၊ သမီးကိုလည်း ကျွန်မ ပြောပြထားပါတယ်"

"ပြီးတော့ ခင်ဗျား ရဲတွေကို ရုပ်ရှင်ရုံလက်မှတ်တွေ ပြလိုက်သေးလား"

"ဟင့်အင်း။ ဆရာ မှာထားတဲ့အတိုင်း သူတို့က မတောင်းလို့ မပြလိုက်ဘူး"

"ကောင်းတယ်။ ခင်ဗျား အဲဒီလက်မှတ်တွေကို ဘယ်မှာ ထားထားတာလဲ"

“အံဆွဲထဲမှာ”

“လက်ကမ်းကြော်ငြာ စာရွက်ထဲမှာ ညှပ်ထားပါ။ ဘယ်သူကမှ ကြည့်ပြီးသား ရုပ်ရှင်လက်မှတ်ကို တကူးတက သိမ်းထားမှာ မဟုတ်ဘူး။ အံဆွဲထဲမှာ ဒီအတိုင်း ထားထားရင် သံသယဝင်စရာ ဖြစ်နေလိမ့်မယ်”

“ကျွန်မ သဘောပေါက်ပါပြီ”

“ပြီးတော့” အိရိုဂါမိက တံတွေးကို မျိုချလိုက်သည်။ ဖုန်းလက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားနေမိသည်။ “ဘန်တန်တိုင်က လူတွေက ကျွန်တော် ဆိုင်ကို အမြဲ ရောက်နေတာ သိကြလား”

“ရှင်?” ထိုအမေးစကားကြောင့် ယာစုကို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

“ဒီလိုပါ။ ခင်ဗျားရဲ့ ဘေးအိမ်က ယောက်ျားတစ်ယောက်ဟာ ခင်ဗျားတို့ ဆိုင်မှာ နေ့တိုင်း လာအားပေးနေတယ် ဆိုတဲ့ ကိစ္စအပေါ် သူတို့ ဘယ်လို မြင်ကြသလဲ။ ဒီအချက်က အင်မတန် အရေးကြီးပါတယ်။ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပေးပါ”

“အဲ .... သူဌေးက ပြောတယ်။ ဆရာအခုလို အမြဲ လာအားပေးနေတဲ့အတွက် သူတို့ ဝမ်းသာလို့ မဆုံးပါဘူးတဲ့”

“ကျွန်တော်က ခင်ဗျားနဲ့ အိမ်နီးချင်းဆိုတာကို သူတို့ သိကြတယ်လား”

“ဟုတ် .... ဒါနဲ့ ဒီကိစ္စက ဘာများ ပြဿနာ ရှိလို့လဲ”

“မပူပါနဲ့။ အဲဒီကိစ္စကို ကျွန်တော့်တာဝန် ထားပါ။ ခင်ဗျားသာ ကျွန်တော်တို့ တိုင်ပင်ထားတဲ့အတိုင်း လုပ်ဖို့ မမေ့ပါနဲ့။ သဘောပေါက်တယ်မလား”

“ဟုတ်”

“ဒါဆို ဒါပဲလေ” အိရိုဂါမိသည် ဖုန်းလက်ကိုင်ကို နားမှ ခွာလိုက်သည်။

“အဲ ... မစ္စတာ အိရိုဂါမိ၊ ခဏနေပါဦး” ယာစုကိုက လှမ်းခေါ်လိုက်သည်။

“ကိစ္စရှိသေးလို့လား”

“ကျွန်မတို့အတွက် ဒုက္ခခံပြီး အစစအရာရာ စဉ်းစားစီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ဆရာရဲ့ ကျေးဇူးတွေကို ကျွန်မတို့ သားအမိ ဒီတစ်သက်

ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်တော့ပါဘူး”

“ရပါတယ်” တစ်ခဏတာ ငြိမ်သက်သွားသည်။ “ဒါဆို ကျွန်တော် ဖုန်းချလိုက်တော့မယ်” အိရှိဂါမိသည် ဖုန်းကို ချလိုက်သည်။

ယာစုကို၏ ကျေးဇူးတင်စကားကို ကြားလိုက်ရသောအခါ သူ့ရင်ထဲ နွေးခနဲ ဖြစ်သွားရသည်။ ယခုအချိန်ထိ သူ့မျက်နှာပေါ်တွင် သွေးရောင်များ လွှမ်းနေပြီး ကိုယ်ခန္ဓာတွင်လည်း ချွေးများပင် စို့ချင်သလိုလို ဖြစ်နေသည်။ ည၏ လေပြည်ညင်းက တစ်ချက် ဝေ့လိုက်သောကြောင့် သူ့ရင်ထဲ သိမ့်ခနဲ ဖြစ်သွားလေသည်။

အိရှိဂါမိသည် ရင်ထဲတွင် ပီတိအလျှံ တရှိန်ရှိန်ဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ သို့သော် သူ၏ တွက်ကိန်းထဲတွင် ဘန်တန်တိုင်ကို ထည့်တွက်ရန် မေ့ကျန်သွားခဲ့သည်ကို သတိရသွားသောအခါ ကြည်နူးစိတ်များ လွင့်ပြယ်သွားလေသည်။

ရဲများ၏ အရှေ့တွင် သူ အမှားတစ်ခု ကျူးလွန်မိခဲ့သည်ဟု သူ သတိထားမိလာသည်။ သူနှင့် ဟာနာအိုကာ ယာစုကိုတို့၏ ဆက်ဆံရေးနှင့် ပတ်သက်ပြီး ရဲများက မေးခွန်းထုတ်ခဲ့သောအချိန်က မေးထူးခေါ်ပြော အဆင့်သာ ရှိသည်ဟု သူ ဖြေကြားခဲ့သည်။ သူမ အလုပ်လုပ်နေသော ဆိုင်သို့ နေ့စဉ် သွားရောက်၍ ဝယ်ယူအားပေးနေကြောင်းကိုပါ ထိုစဉ်က သူ ပြောထားခဲ့သင့်သည်။

“မင်းတို့ ဟာနာအိုကာ ယာစုကိုရဲ့ အလီဘိုင်သက်သေကို စစ်ဆေးပြီးကြပြီလား” မာမီယာသည် ကုစာနာဂိနှင့် ကိရှိတာနိတို့ကို သူ့စားပွဲအနီးသို့ ခေါ်ပြီး လက်သည်းညှပ်ရင်း မေးနေသည်။

“ကာရာအိုကေဆိုင်ကိုတော့ စုံစမ်းပြီးသွားပြီဆရာ” ကုစာနာဂိက ဖြေသည်။ “သူတို့က အဲဒီဆိုင်ရဲ့ ဖောက်သည်တွေပဲ။ ဆိုင်ဝန်ထမ်းတွေက သူတို့ကို မှတ်မိနေကြတယ်။ သူတို့မှာ မှတ်တမ်းလည်း ရှိတယ်။ ည ၉ နာရီ မိနစ် ၄၀ ကနေစပြီး တစ်နာရီခွဲလောက် ဆိုသွားကြတယ်”

“အဲဒီ မတိုင်ခင်ရော”

“သားအမိနှစ်ယောက် ရုပ်ရှင် သွားကြည့်ခဲ့ကြတယ်။ အချိန်အရ ခန့်မှန်းကြည့်ရရင်တော့ ည ၇ နာရီပွဲကို ကြည့်တာ ဖြစ်လိမ့်မယ်။ ရုပ်ရှင်က ၉ နာရီ ၁၀ မိနစ်မှာ ပြီးတယ်။ အဲဒီကနေ သူတို့ ခေါက်ဆွဲဆိုင်ကို သွားခဲ့ကြတယ်။ အချိန်တွေ အားလုံးကတော့ အရှေ့အနောက် ကွက်တိပဲ” ကုစာနာဂိက

မှတ်စုစာအုပ်ကို ကြည့်ရင်း အစီရင်ခံနေသည်။

"သူတို့ပြောတာ ယုတ္တိရှိလား၊ မရှိဘူးလား ဆိုတာကို ငါ မသိချင်ဘူး။ ငါ သိချင်တာက မင်းတို့ သူတို့ပြောတာတွေကို မှန်မမှန် စစ်ဆေးပြီးပြီလား။ ငါ အဲဒါပဲ သိချင်တယ်"

ကုစာနာဂိသည် မှတ်စုစာအုပ်ကို ပိတ်ပြီး ပခုံးတွန့်လိုက်သည်။ "အကုန် မစစ်ရသေးဘူး ဆရာ"

"မင်းတို့က အလုပ်ကို ဘယ်လို လုပ်နေကြတာလဲ" မာမီယာက သူ့ကို စိုက်ကြည့်နေရင်း ပြောသည်။

"ဆရာလည်း သိနေတာပဲ။ ရုပ်ရှင်ရုံနဲ့ ခေါက်ဆွဲဆိုင်လို နေရာမျိုးတွေက သက်သေအထောက်အထား ယူဖို့ အင်မတန်မှ ခက်တဲ့ နေရာတွေပဲဟာ"

မာမီယာသည် ကုစာနာဂိ၏ ငြီးတွားရေရွတ်နေသော စကားကို နားထောင်နေပြီးနောက် စားပွဲအံဆွဲထဲမှ လိပ်စာကတ်တစ်ကတ်ကို ထုတ်၍ စားပွဲပေါ် ပစ်တင်လိုက်သည်။ ကတ်ပေါ်တွင် 'မာရိယန်းကလပ်' ဟု ရိုက်နှိပ်ထားသည်။ တည်နေရာမှာ ကင်ရှိချိုတွင် ဖြစ်သည်။

"အဲဒါက ဘာလဲ ဆရာ"

"ယာစုကို အရင်က အလုပ်လုပ်ခဲ့တဲ့ နေရာ။ မတ်လ ၅ ရက်နေ့က တိုဂါရှို အဲဒီကို ရောက်ခဲ့သေးတယ်"

"အသတ်မခံရခင် ၅ ရက်အလိုပေါ့"

"သူ အဲဒီမှာ ယာစုကိုအကြောင်းကို စုံစမ်းပြီးမှ အဲဒီကနေ ထွက်သွားတယ်လို့ ပြောတယ်။ ဒီလောက်ပြောရင် ငါ ဘာကို ဆိုလိုချင်တယ်ဆိုတာ မင်း သဘောပေါက်လောက်ရောပေါ့" မာမီယာသည် သူတို့နှစ်ဦး၏ နောက်ကျောဘက်တွင် ရှိသော တံခါးဝသို့ လက်ညှိုးညွှန်ပြနေသည်။ "သူတို့ရဲ့ အလီဘိုင်ကို သေချာသွားစစ်ချေ။ အပြင်မှာ စစ်လို့ မရဘူးဆိုရင် ယာစုကိုဆီ နောက်တစ်ခါ ထပ်သွားကြ။ သွား မြန်မြန်"

အခန်း (၅ - က)

စတုရန်းပုံ သေတ္တာပေါ်တွင် ၃၀ စင်တီမီတာ ရှည်သော တိုင်တစ်တိုင်ကို တည့်တည့်မတ်မတ် စိုက်ထောင်ထားသည်။ ၎င်းတိုင်၏ အခြေတွင် သုံး၊ လေးစင်တီမီတာခန့် ရှိသော သံကွင်းတစ်ကွင်း စွပ်ထားသေးသည်။ ပုံသဏ္ဍာန်အားဖြင့် သံကွင်းစွပ် ကစားနည်းနှင့် ဆင်ဆင်တူသည်။ အဓိက ကွဲပြားသောအချက်မှာ ၎င်းသေတ္တာကို မီးကြိုးနှင့် သွယ်တန်းထားပြီး အဖွင့်အပိတ် ခလုတ်တစ်ခု ပါသည်။

"ဒါ ဘာကြီးလဲ" ကုစာနာဂိသည် ခါးကို ကိုင်းညွတ်၍ စေ့စေ့စပ်စပ် ကြည့်ရင်း ရေရွတ်နေသည်။

"သွားမထိတာ ကောင်းလိမ့်မယ် ထင်တယ် အာစရိ" ကိရှိတာနိက ဘေးမှ သတိပေးသည်။

"ကိစ္စ မရှိလောက်ပါဘူးကွာ။ တကယ်လို့သာ အန္တရာယ် ရှိမယ် ဆိုရင် အဲဒီကောင်က အခုလို လက်လွတ်စပယ် ပစ်ထားမှာ မဟုတ်ဘူး" ကုစာနာဂိက ခလုတ်ကို နှိပ်လိုက်သည်။ ခလုတ်ကို နှိပ်လိုက်သည့် အချိန်မှာပင် သံကွင်းသည် တိုင်တစ်လျှောက် အထက်သို့ ဆန်တက်သွားလေသည်။

"အဲ ...." ကုစာနာဂိသည် ပါးစပ်အဟောင်းသားနှင့် ကြည့်နေစဉ် သံကွင်းသည် လေထဲတွင် ဝဲပျံလျက် အတန်ငယ် လှုပ်ခါနေသည်။

"သံကွင်းကို အောက်ရောက်အောင် ဖိကြည့်ကြည့်ပါလား" နောက်ကျောဘက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

ကုစာနာဂိက နောက်လှည့်ကြည့်လိုက်သောအခါ ယုကာဝါသည် စာအုပ်စာတမ်းများကို ပိုက်လျက် ဝင်လာနေသည်ကို တွေ့ရသည်။

"အတန်း ရှိတာလား" ကုစာနာဂိသည် ယုကာဝါကို မေးရင်း လက်ညှိုးဖြင့် သံကွင်းကို ဖိကြည့်နေသည်။ သို့သော် တစ်စက္ကန့်မျှ မကြာလိုက်ခင်မှာပင် သူ့လက်ကို ရုတ်တရက် ဆွဲရုပ်ပစ်လိုက်သည်။ "လခွား၊ ပူလိုက်တာ။ ဘာဖြစ်လို့ အဲဒီလောက် ပူရတာလဲ"

"မတော်တဆ ထိမိရင် အန္တရာယ်ရှိနိုင်တဲ့ ပစ္စည်းတွေကို ငါက လက်လွတ်စပယ် မထားတတ်တာတော့ အမှန်ပဲ။ အဲ ... အဲဒီထိတို့မယ့်သူက

ရှုပဗေဒရဲ့ အခြေခံ သဘောတရားကိုတော့ သိဖို့ လိုတာပေါ့” ယုကာဝါသည် ကုစာနာဂိ၏ အနားသို့ လာပြီး မီးခလုတ်ကို ပိတ်ပစ်လိုက်သည်။ “ဒါက အထက်တန်းကျောင်းသားတွေအတွက် စမ်းသပ်ကိရိယာလေ”

“ငါ အထက်တန်းတက်တုန်းက ရှုပဗေဒမှ မယူခဲ့တာ” ကုစာနာဂိသည် လက်ညှိုးထိပ်ကို လေဖြင့် မှုတ်ရင်း ပြောနေသည်။ ကိရှိတာနိက အနားတွင် ကျိတ်၍ ရယ်လျက်။

“သူ့ကို ..... တစ်ခါမှ မတွေ့ဖူးဘူး ထင်တယ်” ယုကာဝါက ကိရှိတာနိကို ကြည့်ရင်း မေးလိုက်သည်။

ကိရှိတာနိက ရယ်နေရာမှ မျက်နှာပိုးသတ်ပြီး မတ်တတ်ရပ်ကာ ဦးညွှတ်လိုက်သည်။ “ကျွန်တော့်နာမည် ကိရှိတာနိပါ။ မစ္စတာ ကုစာနာဂိနဲ့ အလုပ်တွဲလုပ်နေပါတယ်။ ဆရာ့အကြောင်းတွေကို ကျွန်တော် အများကြီး ကြားဖူးနေပြီးသားပါ။ ဆရာက အမှုတွေ အများကြီးမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကူညီပေးခဲ့ဖူးတယ်လို့ ကြားရပါတယ်။ ကျွန်တော်တို့ ဌာနမှာ ဆရာ့ကို စုံထောက်ကြီး ဂယ်လီလီယိုလို့ ခေါ်ကြတယ်ဗျ”

ယုကာဝါသည် မျက်မှောင်ကြုတ်လျက် လက်ကို တွင်တွင် ခါယမ်းနေသည်။ “အဲဒီလို မခေါ်ပါနဲ့ဗျာ။ ကျွန်တော်က ကူညီချင်လွန်းလို့ ကူညီခဲ့တာလည်း မဟုတ်ပါဘူး။ အဲဒီအကောင်ရဲ့ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းကို နည်းနည်းလေးမှ အားမရလို့ မနေနိုင် မထိုင်နိုင် ဝင်ပြီး လျှောရှည်ခဲ့မိတာပါ။ ခင်ဗျား အဲဒီလို လူမျိုးနဲ့ အလုပ် အတူတူ တွဲလုပ်ရင် သတိထားဗျ။ သူနဲ့ ပေါင်းတာ ကြာသွားရင် သူ့ဆီက ရောဂါတွေ ကူးစက်ပြီး ခင်ဗျား ဦးနှောက်ပါ သူ့လို သွက်ချာပါဒလိုက်သွားလိမ့်မယ်”

ကိရှိတာနိသည် အားရပါးရ ရယ်လိုက်မိသောကြောင့် ကုစာနာဂိ၏ မျက်စောင်းထိုးခြင်းကို ခံလိုက်ရသည်။

“သွားဖြဲနားဖြဲ ရယ်မနေနဲ့” ကုစာနာဂိက ဟန့်လိုက်သည်။ ထို့နောက် ယုကာဝါဘက်သို့ လှည့်ပြီး ပြောလိုက်ပြန်သည်။ “မင်းက ငါ့ကို နှိပ်ကွပ်ချင်လို့သာ ပြောနေတာပါကွာ။ အမှုတွေအတွက် အဲဒီလို ဥာဏ်ကွန့်မြူးရတာကိုလည်း မင်း သဘောကျနေတာပဲ မဟုတ်လား”

“ဘာများ သဘောကျစရာ ရှိလဲကွာ။ မင်း ဝင်ပြီး ရှုပ်ရှုပ်နေတာနဲ့ ငါ့ရဲ့ သုတေသနအလုပ်တွေ ဘယ်လောက်တောင် နှောင့်နှေးသွားရပြီလဲ ဆိုတာ မင်းသိလား။ ဒီနေ့လည်း ငါ့ဆီ ပြဿနာတွေ တစ်လှေကြီး သယ်လာတာတော့ မဟုတ်ပါဘူးနော်”

"မပူပါနဲ့။ ဒီနေ့တော့ အဲဒီ စိတ်ကူး မရှိပါဘူး။ လမ်းကြုံလို့ မင်းကို ဝင်တွေ့တာ"

"တော်ပါသေးရဲ့"

ယုကာဝါသည် အနီးရှိ လက်ဆေးကန်သို့ သွား၍ ရေခရားကို ရေအပြည့် ဖြည့်ပြီး ဂက်စ်မီးဖိုပေါ်သို့ တင်လိုက်သည်။ "ဒါနဲ့ ကျူး-အီဒိုဂါဝါမြစ်ကမ်းပေါ်က လူသတ်မှုက ပြေလည်သွားပြီလား" ယုကာဝါသည် ကြွေပန်းကန်ထဲသို့ ကော်ဖီမစ်ထုပ်ကို ဖောက်ထည့်ရင်း မေးလိုက်သည်။

"အဲဒီအမှုကို ငါတို့ ကိုင်နေပါတယ်လို့ မင်း ဘယ်လိုလုပ်ပြီး သိတာလဲ"

"မင်းကို ရဲစခန်းပြန်ခေါ်တဲ့ အဲဒီညမှာပဲ ရုပ်မြင်သံကြား သတင်းမှာ ကြေညာသွားတာကိုး။ မင်း ကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့ လမ်းပျောက်နေတဲ့ ပုံစံပဲ"

ကုစာနာဂိသည် မျက်မှောင်ကြုတ်လျက် နှာခေါင်းကို ပွတ်နေသည်။ "အဲဒီလောက်လည်း အခြေအနေ မဆိုးပါဘူးကွာ။ သံသယ တရားခံ တချို့တော့ တွေ့ထားပါပြီ။ အဲဒီကနေ ဆက်ပြီး ခြေရာခံရုံပါပဲ"

"သံသယတရားခံ တွေ့ထားပြီပေါ့" ယုကာဝါက စိတ်မပါသလို လေသံဖြင့် မေးလိုက်သည်။

ကိရှိတာနိက ဝင်ပါလာသည်။ "ကျွန်တော်တို့တွေ လမ်းကြောင်းလွဲနေတယ်လို့ ထင်တာပဲ"

ယုကာဝါက မျက်ခုံးကို ပင့်လိုက်သည်။ "ခင်ဗျားက သဘောမတူနိုင်ဘူး ဆိုပါတော့"

"သဘောမတူဘူး လို့လည်း ပြောလို့ မရပါဘူး ...."

"မင်း ဝင်မပါရင် ကောင်းမယ်" ကုစာနာဂိက သူ့ကို ဟန့်လိုက်ပြန်သည်။

"ဆောရီး"

"ခင်ဗျား တောင်းပန်နေစရာ မလိုပါဘူး။ အမိန့်ကို နာခံနေရတဲ့ တစ်ချိန်တည်းမှာပဲ ကိုယ့်ရဲ့ ကိုယ်ပိုင်အယူအဆကို ဆုပ်ကိုင်ထားတာဟာ ကျွန်တော့်အမြင်မှာတော့ အင်မတန်မှ ဖြစ်သင့်တဲ့ ကိစ္စပဲ။ တကယ်လို့ အဲဒီလို ရဲရဲတွေးတတ်တဲ့ လူမျိုးတွေသာ မရှိတော့ဘူး ဆိုရင် ကျိုးကြောင်းဆီလျော်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်လိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်နဲ့တော့"

“ဒီငနဲက လမ်းကြောင်းလွဲနေပြီလို့ ပြောတာ မင်းဆိုလိုတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘူးကွ” ကုစာနာဂိက သက်ပြင်းချလိုက်သည်။ “ငါတို့ စောင့်ကြည့်နေတဲ့လူကို သူက အကာအကွယ် ပေးချင်နေတာ”

“မ … မဟုတ်ရပါဘူးဗျာ” ကိရှိုတာနိက အထစ်ထစ် အငေါ့ငေါ့နှင့် ပြောသည်။

“တော်ပါကွာ။ ဖုံးကွယ်မနေချင်စမ်းပါနဲ့။ မင်း အဲဒီ သားအမိကို သနားနေတာမလား။ ဟုတ်တယ်ဟုတ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါလည်း သူတို့ကို သံသယ ဝင်ချင်တာ မဟုတ်ဘူး”

“မင်းတို့ဟာ ကြားရတာ အတော် ရှုပ်ထွေးသလိုပဲ” ယုကာဝါက ပြုံးဖြီးဖြီးလုပ်လျက် သူတို့နှစ်ဦးကို တစ်လှည့်စီ ကြည့်နေသည်။

“ဘာမှ မရှုပ်ပါဘူးကွာ။ အသတ်ခံရတဲ့ အမျိုးသားမှာ မယားဟောင်းတစ်ယောက် ရှိတယ်။ အခင်း မဖြစ်ခင်က သူ သူ့မယားဟောင်းအကြောင်း လိုက်ပြီး စုံစမ်းနေခဲ့တယ်။ ဒါကြောင့် ငါတို့က အဲဒီအမျိုးသမီးရဲ့ အလီဘိုင်သက်သေကို စစ်ဆေးဖို့ လုပ်နေကြရတယ်။ ဒါပါပဲ”

“ဒီတော့ သူ့မှာ အလီဘိုင် ရှိနေတယ်ပေါ့”

“ပြဿနာက အဲဒါပဲ” ကုစာနာဂိက ခေါင်းကုတ်နေသည်။

“မင်းတို့ဟာက ပဟေဠိ ဆန်နေသလိုပဲ” ယုကာဝါသည် ရယ်မောလျက် မတ်တတ်ရပ်လိုက်သည်။ ရေခရားမှ ရေနွေးငွေ့များ မှုတ်ထုတ်နေသည်။ “မင်းတို့ ကော်ဖီသောက်ကြဦးမလား”

“ကျေးဇူးပဲ”

“ငါတော့ တော်ပြီ” ကုစာနာဂိက ပြောသည်။ “သူ့ရဲ့ အလီဘိုင်သက်သေက ငါ့စိတ်ထဲ တစ်မျိုးကြီးပဲ”

“ကျွန်တော်ဖြင့် သူတို့ ညာနေတယ်လို့ မထင်မိပေါင်”

“သက်သေ အထောက်အထား ဘာမှ မရှိသေးဘဲနဲ့ အလွယ် ယုံမနေနဲ့ဦး။ ငါတို့ အခုချိန်ထိ အဲဒီအချက်အလက်တွေကို မှန်မမှန် မစစ်ဆေးနိုင်သေးဘူး”

“ဒါပေမယ့် ရုပ်ရှင်ရုံနဲ့ ခေါက်ဆွဲဆိုင် သွားတာကို ဘယ်လိုမှ တိုက်ဆိုင် စစ်ဆေးလို့ မရဘူးလို့ အာစရိပဲ ပြောခဲ့တာ မဟုတ်လား”

"စစ်ဆေးလို့ မရဘူးလို့ ငါ မပြောပါဘူး။ စစ်ဆေးဖို့ ခက်တယ်လို့ ပြောတာပါ"

"ငါ နားလည်ပြီ။ မင်းတို့ သံသယဝင်နေတယ် ဆိုတဲ့ အမျိုးသမီးက အခင်းဖြစ်တဲ့အချိန်မှာ ရုပ်ရှင်ရုံ ရောက်နေတယ်လို့ ပြောတယ်။ အဲဒီလိုလား" ယုကာဝါသည် ကော်ဖီခွက်နှစ်ခွက် ယူလာပြီး ကိရှိတာနိကို တစ်ခွက် လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ" ပြောရင်း ကိရှိတာနိက ကော်ဖီခွက်ကို လှမ်းယူသည်။ ထို့နောက် ချေးညှော်အလိမ်းလိမ်း ကပ်နေသော ကော်ဖီခွက်ကို မြင်သွားသောအခါ သူ၏ မျက်လုံးများ ပြူးကျယ်သွားကြသည်။ ကုစာနာဂိက ကျိတ်ပြုံး ပြုံးနေလေသည်။

"ရုပ်ရှင်သွားကြည့်တယ် ဆိုရင်တော့ အထောက်အထားရဖို့ အတော် ခက်တဲ့ကိစ္စပဲ" ယုကာဝါသည် ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။

"ဒါပေမယ့် ရုပ်ရှင်ကြည့်ပြီးတဲ့နောက် သူတို့ ကာရာအိုကေဆိုင်ကို သွားကြတာပဲ။ ဆိုင်ဝန်ထမ်းတွေဆီက အတည်ပြုချက် ရထားပြီးသားလေ"

"အဲဒီလို ဆိုပေမယ့်လည်း ရုပ်ရှင်သွားကြည့်တဲ့ ကိစ္စကို ပစ်ထားလို့ မရဘူး။ အမှုအခင်း ဖြစ်ပြီးမှ သီချင်းသွားဆိုတာလည်း ဖြစ်နိုင်တာပဲ" ကုစာနာဂိက ပြန်ဖြေသည်။

"ဟာနာအိုကာ သားအမိ ရုပ်ရှင် သွားကြည့်တာက ည ၇ နာရီ၊ ၈ နာရီလောက်လေ။ နေရာက ဘယ်လောက်ပဲ ခေါင်ပါတယ် ပြောပြော၊ အဲဒီလိုအချိန်မျိုးမှာ လူတစ်ယောက်ကို သတ်ဖို့ဆိုတာ အတော်လေး သဘာဝ မကျတာပဲ။ ပြီးတော့ အခုဟာက သတ်ရုံ သတ်တာ မဟုတ်ဘူး။ သေသူရဲ့ အဝတ်အစားတွေကိုပါ ချွတ်ထားသေးတာ"

"မင်းပြောတာ ငါ သဘောပေါက်တယ်။ ဒါပေမယ့် ဖြစ်နိုင်ခြေအကုန်လုံးကို တစ်ချက်ချင်း ရှင်းမထုတ်ပစ်နိုင်မချင်း သူတို့ကို အပြစ်မဲ့ပါတယ်လို့ သတ်မှတ်ဖို့ မဖြစ်နိုင်သေးဘူး"

"မင်းတို့နှစ်ယောက်ရဲ့ ပြောစကားအရဆိုရင် အခင်းဖြစ်တဲ့အချိန်ကို သတ်မှတ်လို့ ရထားပြီ ထင်တယ်" ယုကာဝါက ဝင်မေးလိုက်သည်။

"ရင်ခွဲစစ်ဆေးချက်အရ သေဆုံးချိန်ကို ၁၀ ရက်နေ့ညနေ ၆ နာရီ နောက်ပိုင်းလို့ ဆုံးဖြတ်ထားတယ်"

“အရုပ်သားတစ်ယောက်ကို အမှုနဲ့ဆိုင်တဲ့ အသေးစိတ် အချက်အလက်တွေ လျှောက်ပြောနေဖို့ မသင့်ဘူး” ကုစာနာဂိက ကိရှိတာနိကို သတိပေးလိုက်သည်။

“ဒါပေမယ့် ... ဆရာယုကာဝါက ကျွန်တော်တို့အတွက် ဟိုးအရင်ကတည်းက အမှုတွေကို လိုက်ပေးခဲ့ဖူးတာပဲလေ”

“အဲဒါတွေက ထူးခြားဆန်းပြားတဲ့ အမှုတွေမို့လို့ကွ။ ဒီအမှုအတွက်တော့ အပြင်လူတွေ ပါဖို့ မလိုဘူး”

“မင်း ပြောသလိုပဲ ငါက အပြင်လူပါကွာ။ ဒါပေမယ့် အခု မင်းတို့ အမှုကိစ္စ ပြောနေကြတာ ငါ့နေရာမှာဆိုတာကိုတော့ မမေ့လိုက်နဲ့ဦး” ယုကာဝါသည် ကော်ဖီမစ်တစ်ငုံ စုပ်သောက်လိုက်သည်။

“ကောင်းပြီလေ။ ဒါဆိုလည်း မင်းနေရာက လစ်ရုံပေါ့” ကုစာနာဂိသည် ထိုင်နေရာမှ ထရပ်လိုက်သည်။

“နေပါဦးဟ” ယုကာဝါက ပြောသည်။ “ကာယကံရှင်တွေကရော ဘယ်လို ပြောလဲ။ သူတို့က ရုပ်ရှင်ရုံ သွားခဲ့ပါတယ်လို့ သက်သေ မပြနိုင်ကြဘူးလား”

“သူတို့က ရုပ်ရှင်ကားအကြောင်းတော့ ပြန်ပြောပြ နိုင်တာပဲ။ ဒါပေမယ့် ဘယ်တုန်းကတည်းက ကြည့်ထားမှန်း ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ”

“ရုပ်ရှင်လက်မှတ်ကော?”

ကုစာနာဂိက ယုကာဝါကို လှမ်းကြည့်သည်။ မျက်လုံးများ အကြည့်ချင်း ဆုံမိကြသည်။ “ရှိသေးတယ်”

“ဩော် ... လက်မှတ်ကို ဘယ်နေရာကနေ ထုတ်ပေးတာလဲ” ယုကာဝါ၏ မျက်မှန်သည် ပြတင်းပေါက်မှ ဖြာကျလာသော အလင်းတန်းကြောင့် ဝင်းခနဲ တောက်ပသွားသည်။

ကုစာနာဂိ၏ နှုတ်ခမ်းထောင့်စွန်းမှာ အနည်းငယ် တွန့်သွားသည်။ “မင်း ဘာပြောချင်တယ် ဆိုတာ ငါသိတယ်။ ပုံမှန်လူဆိုရင် အဲဒီလို လက်မှတ်ဟောင်းတွေကို သိမ်းဆည်းထားလေ့ မရှိကြဘူး။ အဲဒီလို မဟုတ်လား။ တကယ်လို့သာ ဟာနာအိုကာ ယာစုကိုက လက်မှတ်ကို အံဆွဲထဲကနေ ထုတ်ပြခဲ့ရင် ငါ သံသယ မဝင်ဘဲ ဘယ်နေပါ့မလဲ”

“ဒီလိုဆိုတော့ သူက အံဆွဲထဲကနေ ထုတ်ပြတာ မဟုတ်ဘူးပေါ့”

"စစချင်းတော့ ရုပ်ရှင်လက်မှတ်ကို လှမ်းပစ်လိုက်ပြီ ထင်တယ်လို့ ပြောတယ်။ နောက်တော့ သူက ရုပ်ရှင်ရုံက ရလာတဲ့ ရုပ်ရှင်လက်ကမ်းကြော်ငြာကို ယူကြည့်လိုက်မှ အဲဒီကြားထဲကနေ လက်မှတ်တွေ ထွက်ကျလာတယ်"

"လက်ကမ်းကြော်ငြာတွေ ကြားက တွေ့တာလား။ သဘာဝ မကျစရာတော့ မရှိပါဘူး" ယုကာဝါသည် လက်ကို တင်းတင်း ပိုက်ထားသည်။ "လက်မှတ်ပေါ်မှာ ပါတဲ့ နေ့စွဲက အခင်းဖြစ်တဲ့ နေ့ပဲလား"

"ဒါပေါ့။ ဒါပေမယ့် ဒီလောက်နဲ့ မလုံလောက်သေးဘူးလေ။ သူတို့ ရုပ်ရှင်ဝင်ကြည့်ခဲ့ပါတယ်လို့ သက်သေပြနိုင်တာမှ မဟုတ်ဘဲ။ အမှိုက်ပုံးထဲက ကောက်လာတာလည်း ဖြစ်ချင် ဖြစ်နေမှာ။ လက်မှတ်ဝယ်ပြီး ရုပ်ရှင်ရုံထဲ မဝင်တာလည်း ဖြစ်နိုင်တာပဲ"

"ဘာပဲဖြစ်ဖြစ်လေ။ အဲဒါကို ကြည့်ခြင်းအားဖြင့် သံသယတရားခံဟာ ရုပ်ရှင်ရုံ ဒါမှမဟုတ် အဲဒီအနီးအနားကို ရောက်ခဲ့တယ်လို့တော့ အခိုင်အမာ ယူဆလို့ ရတာပေါ့"

"ငါတို့ ဒီနေ့မနက်အစောကြီး အဲဒီအနားသွားပြီး စုံစမ်းခဲ့ကြသေးတယ်။ မျက်မြင်သက်သေများ ရှိနိုင်မလားလို့ သွားရှာတာ။ ကံမကောင်းချင်တော့ အဲဒီနေ့က တာဝန်ကျတဲ့ လက်မှတ် အရောင်းစာရေးမလေးက ခွင့်ယူထားတယ်တဲ့။ ငါတို့ သူ့အိမ်အထိတောင် လိုက်သွားသေးတယ်။ အဲဒီကနေ အပြန်မှာ လမ်းကြုံလို့ မင်းဆီ ဝင်လာတာ"

"မင်းရဲ့ အခွက်ကို ကြည့်ရတာ ဘာအထောက်အထားမှ ရလာပုံ မရဘူး။ ဟုတ်စ" ယုကာဝါက ပြုံးစစဖြင့် ပြောနေသည်။

"ရက်တွေလည်း ကြာခဲ့ပြီဆိုတော့ သူက လက်မှတ်ဝယ်တဲ့ လူတစ်ယောက်စီတိုင်းရဲ့ မျက်နှာကို ဘယ်လိုလုပ်ပြီး မှတ်မိနိုင်ပါ့မလဲ။ စသွားကတည်းက မျှော်လင့်ချက်တော့ သိပ်မထားပါဘူး။ ငါတို့ လက်ထောက်ပါမောက္ခကြီးရဲ့ အချိန်ကို ဖြုန်းတီးပစ်သလို ဖြစ်နေပြီ။ သွားတော့မှပဲ" ကုစာနာဂိသည် ထိုသို့ ပြောရင်း ကော်ဖီသောက်နေသော ကိရှိတာနိ၏ ပခုံးကို ပုတ်လိုက်သည်။

"ကြိုးစားထားဗျ ... ရဲဘော်တို့။ တကယ်လို့သာ မင်းတို့ သံသယဖြစ်တဲ့လူက လူသတ်တရားခံသာ ဆိုရင်တော့ မင်းတို့ အခုံးစားဖို့သာ ပြင်ထားပေတော့"

ယုကာဝါ၏ စကားကြောင့် ကာစုနာဂိ နောက်သို့ ပြန်လှည့်လာသည်။

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

"သာမန်လူတစ်ယောက် ဆိုရင် အလီဘိုင်သက်သေအဖြစ် သုံးနိုင်မှန်း သိတဲ့ ရုပ်ရှင်လက်မှတ်ကိုတောင် ဒီလောက် အလေးထားပြီး သိမ်းနေမှာ မဟုတ်ဘူး။ ရဲတွေ လာမေးနိုင်တယ်လို့ အပိုင်တွက်ထားပြီး ရုပ်ရှင်လက်မှတ်ကို ကြော်ငြာစာရွက်ကြားမှာ တကူးတက ညှပ်ထားတာပါ ဆိုရင်တော့ အဲဒီလူက ပေါ့သေးသေး လူတစ်ယောက် မဖြစ်နိုင်ဘူး" ထိုစကားများကို ပြောကြားနေစဉ် ယုကာဝါ၏ မျက်လုံးများထဲတွင် လှောင်ပြောင်လိုသော အရိပ်အရောင်များကို မတွေ့ရတော့ချေ။

ကုစာနာဂိက သူ့သူငယ်ချင်း၏ စကားကို အတန်ငယ် သုံးသပ်ဆင်ခြင်ပြီးနောက် ခေါင်းညိတ်ပြလိုက်သည်။ "အင်း ... ငါ သတိထားပါ့မယ်" နှုတ်ဆက်စကား ဆိုပြီးနောက် ထွက်ခွာရန် နောက်တစ်ကြိမ် ဟန်ပြင်လိုက်ပြန်သည်။ သို့သော် တံခါးလက်ကိုင် ဖုသီးပေါ်သို့ လက်ရောက်သွားစဉ် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် နောက်ပြန် လှည့်ကြည့်လိုက်ပြန်သည်။ "မင်း သိလား။ ဟိုအမျိုးသမီးရဲ့ အိမ်ဘေးမှာ မင်းရဲ့ နောင်တော်ကြီးတစ်ယောက် နေနေတယ်"

"နောင်တော်ကြီး?" ယုကာဝါက မျက်ခုံးကို ပင့်လျက် ရေရွတ်နေသည်။

"အထက်တန်းကျောင်းက သင်္ချာဆရာတဲ့။ သူ့နာမည်က အိရှိဂါမိ။ အမ်ပီရီယယ်တက္ကသိုလ်က ဘွဲ့ရထားတာပဲ။ မင်းနဲ့ ဌာနချင်း တူမယ် ထင်တယ်"

"အိရှိဂါမိ ......" ယုကာဝါသည် တစ်ယောက်တည်း ရေရွတ်နေရာမှ မျက်မှန်နောက်ရှိ မျက်လုံးများ ပြူးကျယ်လာသည်။ "ဘိုးတော် အိရှိဂါမိလား"

"ဘိုးတော်?"

"မင်း ခဏနေဦး" ယုကာဝါသည် ပြောပြီး အခန်းထဲသို့ ဝင်သွားသည်။ ကုစာနာဂိနှင့် ကိရှိတာနိတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ကျန်ရစ်ကြလေသည်။

ခဏအကြာတွင် ယုကာဝါ ပြန်ရောက်လာပြီး လက်ထဲ၌ အနက်ရောင် သားရေဖုံးနှင့် ဖိုင်တွဲတစ်တွဲ ပါလာသည်။ ကုစာနာဂိ၏ အရှေ့တွင် ဖွင့်လိုက်သည်။ "ဒီတစ်ယောက်လား"

ထိုစာမျက်နှာပေါ်တွင် ဓာတ်ပုံများစွာကို တန်းစီ၍ ကပ်ထားသည်။ အားလုံးမှာ ကျောင်းသားအရွယ်က ဓာတ်ပုံများ ဖြစ်သည်။ စာမျက်နှာ အထက်တွင် '၃၈ ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားမှ မဟာသိပ္ပံဘွဲ့ရများ' ဟု

ပုံနှိပ်ထားသည်။

ယုကာဝါသည် မျက်နှာဝိုင်းဝိုင်းနှင့် လူတစ်ယောက်၏ ဓာတ်ပုံကို လက်ညှိုးဖြင့် ထောက်ပြနေသည်။ ဓာတ်ပုံပေါ်ရှိ လူငယ်၏ မျက်နှာတွင် ဘာ ခံစားချက်မျှ မရှိ။ ချည်မျှင်တစ်မျှင်ကဲ့သို့ ကျဉ်းမြောင်းသော မျက်လုံးနှစ်လုံးက ဖျော့တည့်တည့်သို့သာ စိုက်ကြည့်နေသည်။ နာမည်မှာ 'အိရှိဂါမိ တေကျူယာ' ဖြစ်သည်။

"ဟုတ်တယ်။ သူပဲ" ကိရှိတာနိက ပြောသည်။ "ဓာတ်ပုံထဲမှာ အတော် ငယ်သေးပေမယ့် သူမှ သူပဲ။ လုံးဝ မလွဲဘူး"

ကုစာနာဂိသည် လက်ချောင်းတစ်ချောင်းဖြင့် ဓာတ်ပုံကို ထောက်ထားရင်း ခေါင်းညိတ်နေသည်။ "ဟုတ်တယ်။ အခု သူ့ခေါင်းက အတော် ပြောင်နေတော့ ရုပ်ကို မနည်း ဖမ်းယူရတယ်။ မင်း သူ့ကို သိတယ်မလား"

"သိတယ်။ အိရှိဂါမိက စီနီယာ မဟုတ်ပါဘူးကွ။ ငါတို့နဲ့ တစ်နှစ်တည်းပဲ။ သိပ္ပံဌာနမှာက တတိယနှစ်ကနေ စပြီး အထူးပြုဘာသာတွေ ကွဲသွားကြတာကိုး။ ငါက ရူပဗေဒ ယူပြီး သူက သင်္ချာကို ရွေးခဲ့တာ" ယုကာဝါသည် ပြော၍ ဖိုင်တွဲကို ပြန်ပိတ်လိုက်သည်။

"ဒါဆို အဲဒီဘဲက ငါတို့နဲ့ တစ်ရွယ်တည်းပေါ့"

"သူက ရုပ်ရင့်နေလို့ပါ" ယုကာဝါက ပြုံးနေသည်။ ထို့နောက် သူ့မျက်နှာတွင် အံ့သြသည့် အရိပ်အရောင်များ ယှက်သန်းလာသည်။ "ကျောင်းဆရာ? မင်း စောစောက သူ့ကို ကျောင်းဆရာ လုပ်နေတယ်လို့ ပြောလိုက်သလားလို့"

"ဟုတ်တယ်။ အထက်တန်းကျောင်းမှာ သင်္ချာဆရာ လုပ်နေတယ်လို့ သူပြောတာပဲ။ ပြီးတော့ အဲဒီကျောင်းမှာ ဂျူဒိုနည်းပြလည်း လုပ်တယ်"

"သူ ငယ်ငယ်ကတည်းက ဂျူဒိုသင်ခဲ့ဖူးတယ်လို့ သူ ပြောဖူးတယ်။ သူ့အဘိုးက ဂျူဒိုသင်တန်း ဖွင့်တယ် ဆိုလားပဲ။ အဲဒါတွေ ခဏ ထားလိုက်ပါဦး။ အိရှိဂါမိက ကျောင်းဆရာ လုပ်နေရတယ်လို့ ..... မင်း နားကြားလွဲတာ မဟုတ်ပါဘူးနော်"

"လွဲစရာလား"

"မထင်ရက်စရာပဲ။ သူ့ဆီက ဘာသတင်းမှ မကြားတာ ကြာလှပြီ။ ပုဂ္ဂလိက တက္ကသိုလ်တစ်ခုခုမှာ သုတေသန လုပ်နေတာများလားလို့ ငါ

ထင်နေမိတာ။ လက်စသတ်တော့ သူက ကျောင်းဆရာ လုပ်နေတာကိုး။ သူက ဘာဖြစ်လို့ ……” ယုကာဝါ၏ မျက်လုံးများက အတိတ်တွင် ကျက်စားနေကြသယောင်။

“သူ အရင်က အရမ်းကို တော်ခဲ့တာလား” ကိရှိတာနိက မေးသည်။

ယုကာဝါက သက်ပြင်းချလိုက်သည်။ “ငါ့အနေနဲ့ ‘ဉာဏ်ကြီးရှင်’ ဆိုတဲ့ ဝေါဟာရကို သုံးလေ့သုံးထ မရှိဘူး။ ဒါပေမယ့် အဲဒီစကားလုံးက သူနဲ့ အလိုက်ဖက်ဆုံးပဲ။ ငါတို့ ပါမောက္ခတစ်ယောက်ကတောင် သူ့ကို ချီးကျူးခဲ့ဖူးတယ်။ သူ့ကို နှစ် ၅၀ ဒါမှမဟုတ် နှစ် ၁၀၀ အတွင်းမှာ မြင်ရခဲတဲ့ ပါရမီရှင်တစ်ယောက်တဲ့။ အထူးပြုတဲ့ ဘာသာရပ်တွေ မတူကြပေမယ့် သူ့ရဲ့ ကောင်းသတင်းကတော့ ငါတို့ရဲ့ ရူပဗေဒဌာနအထိကို မွှေးနေတော့တာပဲ။ သူက ကွန်ပျူတာတွေကို အားကိုးတဲ့ လူစားမျိုး မဟုတ်ဘူး။ စမ်းသပ်ခန်းထဲမှာ စာရွက်နဲ့ ဘောပင်ကိုင်ပြီး တကုပ်ကုပ်နဲ့ သင်္ချာပုစ္ဆာတွေကို ညလုံးပေါက် တွက်နေတတ်တာ။ သူ့ကို တွေ့လိုက်ရပြီ ဆိုရင် စားပွဲတစ်လုံးမှာ တကုပ်ကုပ်နဲ့ သင်္ချာတွက်နေတဲ့ သူ့ရဲ့ ကျောပြင်ကိုပဲ အမြဲတမ်း မြင်ကြရတာ။ ဒါနဲ့ပဲ အားလုံးက သူ့ကို ‘ဘိုးတော်’ လို့ နာမည်ပြောင် ပေးထားကြတယ်။ သူ့ကို လေးစားသမှုနဲ့ ပေးထားတဲ့ နာမည်ပေါ့”

ကုစာနာဂိက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေမိသည်။ ယုကာဝါသည် တခြားသူတစ်ယောက်အား သူ့ထက် တော်သည်ဟု ချီးမွမ်းခန်း ဖွင့်နေသည်ကို နားထောင်နေရသည်မှာ စိတ်ထဲ တစ်မျိုး ဖြစ်နေမိသည်။ သူသည် သူ၏ မျက်စိအရှေ့တွင် မြင်နေသော သူ့သူငယ်ချင်းကို ဉာဏ်ကြီးရှင်တစ်ယောက် အဖြစ် အမြဲတမ်း ထင်မှတ်နေခဲ့သည်။

“သူက အဲဒီလောက် တော်နေမှဖြင့် ဘာဖြစ်လို့ တက္ကသိုလ်မှာ ပါမောက္ခ မလုပ်ရတာလဲ” ကိရှိတာနိက မေးလာသည်။

“တက္ကသိုလ်လို နေရာမျိုးမှာက …… လူပေါင်းစုံရှိတယ်” ယုကာဝါသည် စကားကို ထိုသို့ မတင်မကျ ပြောခဲ့လှသည်။ သူသည်လည်း တက္ကသိုလ်တွင် လူမှုဆက်ဆံရေး ကိစ္စနှင့် ပတ်သက်ပြီး ဖိအားများစွာ ကြုံတွေ့ရနေပေလိမ့်မည်ဟု ကုစာနာဂိက တွေးနေမိသည်။

“သူ အဆင်ပြေရဲ့လား” ယုကာဝါက ကုစာနာဂိကို ကြည့်နေသည်။

“ငါ မပြောတတ်ဘူး။ ကြည့်ရတာ အဆင်မပြေတဲ့ ပုံလည်း မပေါက်ပါဘူး။ သူနဲ့ စကားပြောရတာ စက်ရုပ်နဲ့ စကားပြောနေရသလိုပဲ။ လူမှုရေး နားမလည်ဘူးလို့ပဲ ပြောရမလား မသိဘူး”

“မျက်နှာသေကြီးနဲ့ မဟုတ်လား” ယုကာဝါက ပြုံးနေသည်။

“ဟုတ်ပ။ သာမန်လူဆိုရင် ရဲတွေနဲ့ တွေ့တဲ့အခါမှာ အံ့သြချင်လည်း အံ့သြနေမယ်။ ဒါမှမဟုတ် ကြောက်ချင်လည်း ကြောက်နေမယ်။ သူတို့မျက်နှာက တစ်ခုခုတော့ ဖြစ်နေတတ်တာပဲ။ သူ့ကျတော့ မျက်နှာသေကြီးနဲ့။ ခပ်တည်တည်ကြီး။ လောကီကိစ္စ မှန်သမျှကို ဘာမှ စိတ်မဝင်စားတော့တဲ့ ပုံစံမျိုး”

“သင်္ချာကလွဲလို့ သူက ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး။ အဲဒီလို ဆိုပေမယ့်လည်း သူ့မှာ ဆွဲဆောင်မှုတစ်မျိုးတော့ ရှိနေတာပဲ။ သူ့ရဲ့ အိမ်လိပ်စာကို ပြောပြလို့ ရမလား။ နောက်နေ့ အားတဲ့အချိန် သူနဲ့ သွားတွေ့ရအောင်”

“မင်းက သူများအိမ် သွားလည်တတ်တယ်ပေါ့။ ထူးဆန်းပါပေ့ကွာ”

ကုစာနာဂိသည် မှတ်စုစာအုပ်ကို ဆွဲထုတ်ပြီး ဟာနာအိုကာ ယာစုကို၏ အိမ်လိပ်စာကို ယုကာဝါအား ပေးလိုက်သည်။ ယုကာဝါက လိပ်စာကို ကူးယူနေသည်။ အဆက်အသွယ် ပြတ်သွားသော မိတ်ဟောင်းဆွေဟောင်းနှင့် ပြန်တွေ့ရတော့မည် ဖြစ်သောကြောင့် သူ့စိတ်ထဲတွင် ရွှင်မြူးနေပြီး အမှုနှင့် ပတ်သက်၍ ဘာမျှ ထပ်မမေးတော့ပေ။

အခန်း (၅ - ၁)

ည ၆ နာရီ ၂၈ မိနစ်တွင် ဟာနာအိုကာ ယာစုကိုသည် စက်ဘီးနင်း၍ အိမ်သို့ ပြန်ရောက်လာသည်။ အိရှိဂါမိသည် သူ့အခန်း၏ ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ငေးကြည့်နေသည်။ သူ၏ မျက်နှာချင်းဆိုင်ရှိ စားပွဲပေါ်တွင် သင်္ချာပုံသေနည်းများစွာ ရေးခြစ်ထားသော စက္ကူများက တောင်လို ပုံနေကြသည်။ ကျောင်းမှ ပြန်ရောက်သော အခါတိုင်းတွင် သူသည် ဤပုံသေနည်းများနှင့် နပန်းလုံးနေတတ်သည်။ ယနေ့ ဂျူဒိုသင်တန်း မရှိသောကြောင့် ကျောင်းမှ စောစော ပြန်ရောက်လာခဲ့၍ အချိန်ပိုရသော်ငြားလည်း သူ၏ သင်္ချာပုစ္ဆာမှာ များစွာ တိုးတက်မှု မရှိသေးပေ။ ယနေ့ တစ်ရက်တည်းသာ ထိုသို့ ဖြစ်နေသည် မဟုတ်။ ယခုရက်ပိုင်းအတွင်း ထိုအဖြစ်မျိုးနှင့်သာ ကြုံနေရသည်။ သူသည် အိမ်တွင်း၌ ထိုင်နေရင်း ဘေးအိမ်၏ လှုပ်ရှားမှုများကို တိတ်တဆိတ် နားစွင့်နေတတ်သော အကျင့်တစ်ခု ရနေခဲ့ပြီ။ ရဲများ ထိုအိမ်သို့ လာရောက်ခြင်း ရှိမရှိကို စောင့်ကြည့်နေခြင်း ဖြစ်သည်။

ယမန်နေ့ညကလည်း ယခင်လာနေကျ မှုခင်းရဲနှစ်ယောက်ပင် ဟာနာအိုကာတို့ အိမ်သို့ ရောက်လာခဲ့ကြသေးသည်။ ရဲသက်သေခံကတ်ပြားပေါ်တွင် ရိုက်နှိပ်ထားသော 'ကုစာနာဂိ' ဟူသော နာမည်ကို သူ မှတ်မိနေသည်။

သူ မျှော်လင့်ထားသည့် အတိုင်းပင်။ သူတို့သည် ရုပ်ရှင်ရုံသို့ အမှန်တကယ် သွားရောက်ခြင်း ရှိမရှိ သေချာနိုင်ရန် လာရောက်စုံစမ်းခြင်း ဖြစ်ကြောင်း ယာစုကိုက ပြောပြခဲ့သည်။ ရုပ်ရှင်ရုံထဲတွင် ထူးခြားသော အဖြစ်အပျက်များ ကြုံတွေ့ခဲ့သလော။ ရုပ်ရှင်ရုံထဲတွင်လည်းကောင်း၊ ရုပ်ရှင်ရုံ မရောက်ခင်၌လည်းကောင်း၊ ရုပ်ရှင်ရုံမှ ထွက်လာသော အခါတွင်လည်းကောင်း မည်သူနှင့် ဆုံတွေ့ခဲ့သနည်း။ ရုပ်ရှင်လက်မှတ် သိမ်းထားခြင်း ရှိမရှိ။ အကယ်၍ ရုပ်ရှင်ရုံထဲတွင် ပစ္စည်းတစ်ခုခု ဝယ်ယူခဲ့လျှင် ငွေလက်ခံဖြတ်ပိုင်းကို သိမ်းထားခြင်း ရှိမရှိ။ ရုပ်ရှင်သရုပ်ဆောင်များက မည်သူနည်း။ သူတို့ ဘာတွေ ပြောကြသနည်း .... စသည်ဖြင့် ယာစုကိုကို မေးခွန်းပေါင်းများစွာ မေးခဲ့ကြသည်။

ကာရာအိုကေနှင့် ပတ်သက်၍မူ သူတို့ ဘာမျှ မမေးကြချေ။ ထိုအပိုင်းကို သူတို့ စစ်ဆေးပြီးပြီမှာ သေချာသည်။ ထိုနေရာသို့ သူတို့ အလွယ်တကူ သွားရောက် စုံစမ်းနိုင်သောကြောင့်သာလျှင် အိရှိဂါမိက တမင် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

အိရှိဂါမိ၏ ညွှန်ကြားချက်အတိုင်း ယာစုကိုသည် ရုပ်ရှင်လက်မှတ်နှင့် ရုပ်ရှင်လက်ကမ်းကြော်ငြာကို တွဲ၍ ရဲများကို ပြသခဲ့သည်။ ရုပ်ရှင်ဇာတ်လမ်းကို အကြမ်းဖျင်း ပြောပြသည်မှ လွဲ၍ ကျန်မေးခွန်းများကို 'မမှတ်မိတော့ပါ' ဟူသော အကြောင်းပြချက်ဖြင့် ဘူးခံငြင်းရန် မှာကြားထားခဲ့သည်။ ယာစုကိုကလည်း အိရှိဂါမိ ညွှန်ကြားထားသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ခဲ့သည်။

ထို့နောက် ရဲများသည် ကျေနပ်စွာ ပြန်သွားကြသည်ဟု ယုစာကိုက ပြောသည်။ သို့သော် သူတို့သည် ဤမျှ လွယ်လွယ်ကူကူဖြင့် လက်လျှော့သွားကြလိမ့်မည် မဟုတ်ကြောင်း အိရှိဂါမိက ယုံကြည်ထားသည်။ ရုပ်ရှင်ရုံသွားကြောင်း အထောက်အထားကို လာရောက် စစ်ဆေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ရဲဘက်တွင် ဟာနာအိုကာ ယာစုကိုအား သံသယ ဝင်နိုင်လောက်သော သဲလွန်စ တစ်စုံတစ်ခု တွေ့ရှိထားပြီ ဖြစ်ကြောင်း တွက်ဆနိုင်သည်။

အိရှိဂါမိသည် မတ်တတ်ရပ်ပြီး အပေါ်ဝတ် ကုတ်အင်္ကျီကို လှမ်းယူလိုက်သည်။ ထို့နောက် ဖုန်းကတ်၊ ပိုက်ဆံအိတ်နှင့် အိမ်သော့တို့ကို ထည့်၍ အိမ်ပြင်သို့ ထွက်လာခဲ့သည်။

လှေကားမှ အောက်သို့ ဆင်းရန် ဟန်ပြင်နေစဉ် အောက်ဘက်မှ ခြေသံများ ပျံ့လွင့်လာသည်။ သူသည် ခြေလှမ်းများကို တုံ့နှေးလိုက်ပြီး ခေါင်းကို ငုံ့ထားသည်။

အပေါ်သို့ တက်လာသူမှာ ယာစုကို ဖြစ်သည်။ သူမအထက်တွင် ရပ်နေသူမှာ အိရှိဂါမိဖြစ်ကြောင်း သူမ တော်တော်နှင့် မသိသေးပေ။ အနီးအနားရောက်၍ ကပ်ရှောင်ခါနီးမှ သူမ၏ ခြေလှမ်းများ ရပ်တန့်သွားသည်။ သူမ တစ်စုံတစ်ခု ပြောချင်နေကြောင်းကို အစဉ်အမြဲ ခေါင်းငုံ့ထားသော အိရှိဂါမိက ရိပ်စားမိသည်။

သူမထံမှ ဘာအသံမျှ ထွက်မလာခင် အိရှိဂါမိက ဦးအောင် နှုတ်ဆက်လိုက်သည်။ "မင်္ဂလာညချမ်းပါ"

တခြားသူများနှင့် စကားပြောစဉ်ကကဲ့သို့ သူ့အသံကို တတ်နိုင်သမျှ ခပ်တိုးတိုး ခပ်မှန်မှန် ထားပြီး နှုတ်ဆက်လိုက်သည်။ ယာစုကိုကို မော့၍လည်း မကြည့်။ လှမ်းနေသော ခြေလှမ်းများကိုလည်း ရပ်တန့်ခြင်း မပြုဘဲ သူမကို ကျော်ကာ အောက်ထပ်သို့ ဆင်းသွားလေသည်။

ရဲများသည် တစ်နေရာရာမှ နေ၍ သူမကို စောင့်ကြည့်နေနိုင်သည်။ အကယ်၍ လမ်းတွင် မတော်တဆ ဆုံမိကြလျှင်လည်း အိမ်နီးချင်း

ဆက်ဆံရေးထက် မပိုမိစေရန် ကြိုးစားပြုမူပါ။ ဤသည်မှာလည်း အိရိုဂါမိ၏ ညွှန်ကြားချက်တစ်ရပ် ဖြစ်သည်။ ယာစုကိုသည် သူ၏ မှာကြားချက်ကို သတိရသွားသည့်အလား အသံ ခပ်တိုးတိုးဖြင့် ပြန်လှန် နှုတ်ဆက်ကာ အပေါ်ထပ်သို့ တက်သွားခဲ့သည်။

ပြောနေကျ ဖုန်းရုံသို့ ရောက်သည်နှင့် အိရိုဂါမိသည် ဖုန်းလက်ကိုင်ကို ကောက်ကိုင်ပြီး ဖုန်းကတ်ကို ထိုးထည့်လိုက်သည်။ မီတာ ၃၀ အကွာလောက်တွင် ကုန်စုံဆိုင် တစ်ဆိုင် ရှိသည်။ ဆိုင်ရှင်ဟု ယူဆရသော အမျိုးသားတစ်ဦးသည် ဆိုင်သိမ်းရန် လုံးပန်းနေသည်။ ထိုသူမှ လွဲ၍ အနီးပတ်ဝန်းကျင်တွင် ဘာ လူရိပ်လူခြည်မျှ မတွေ့ရပေ။

"ဟယ်လို၊ ကျွန်မပါ" ဖုန်းဝင်သွားသည်နှင့် တစ်ပြိုင်နက် ယာစုကို၏အသံ ထွက်ပေါ်လာသည်။ ဖုန်းခေါ်သူမှာ အိရိုဂါမိ ဖြစ်မှန်း သူမ ကြိုတင် သိရှိထားပြီး ဖြစ်ကြောင်း သူမ၏ လေသံက ဖော်ပြနေသည်။ ထိုအချက်ကြောင့် အိရိုဂါမိက ကျိတ်၍ ပျော်နေမိသည်။

"ကျွန်တော် အိရိုဂါမိပါ။ ဘာများ ထူးခြားသေးလဲ"

"ရဲတွေ လာသွားသေးတယ်။ ဆိုင်ကို"

"ဘန်တန်တိုင်ကို?"

"ဟုတ်။ ဟိုနှစ်ယောက်ပဲ"

"ဒီတစ်ခါရော ဘာတွေ လာမေးတာလဲ"

"ဆိုင်ကို တိုဂါရှိ လာခဲ့ဖူးသလားလို့ မေးတာ"

"ခင်ဗျား ဘယ်လို ဖြေလိုက်လဲ"

"မလာဖူးဘူးလို့ ဖြေလိုက်တယ်။ သူ လာတဲ့ အချိန်တုန်းက ကျွန်မ ဆိုင်မှာ မရှိတာ နေမှာပေါ့လို့ ရဲတွေက ပြောနေသေးတယ်။ ပြီးတော့ မီးဖိုချောင်ဘက် ဝင်သွားတယ်။ သူတို့ ပြန်သွားတော့မှ ကျွန်မ သူဌေးက ကျွန်မကို ပြောတယ်။ ရဲတွေက သူတို့ကို တိုဂါရှိရဲ့ ဓာတ်ပုံပြပြီး ဒီလူ ဆိုင်ကို လာဖူးသလားလို့ မေးသတဲ့။ သူတို့ ကျွန်မကို သံသယ ဝင်နေကြပြီ"

"ခင်ဗျားကို သံသယဝင်တာက ကျွန်တော်ရဲ့ တွက်ကိန်းအတိုင်းပဲ။ ကြောက်စရာ မလိုပါဘူး။ တခြားရော သူတို့ ဘာမေးသေးသလဲ"

"သူတို့က ကျွန်မ အရင်အလုပ်လုပ်ခဲ့ဖူးတဲ့ ဆိုင်အကြောင်းကိုလည်း

မေးနေသေးတယ်။ ကင်ရှိချိုက အရက်ဘားလေ။ အဲဒီဆိုင်ကို အခုချိန်ထိ ကျွန်မ သွားမသွားနဲ့ အဲဒီကလူတွေနဲ့ အဆက်အသွယ် ရှိမရှိ မေးသေးတယ်။ ကျွန်မ မစ္စတာ အိရှိုဂါမိ မှာထားသလိုပဲ ဘူးခံငြင်းခဲ့တယ်။ ကျွန်မလည်း သူတို့ကို ပြန်မေးလိုက်တယ်။ ဘာဖြစ်လို့ ကျွန်မရဲ့ အလုပ်ဟောင်းအကြောင်းကို စုံစမ်းနေရတာလဲပေါ့။ သူတို့က ပြောတယ်။ တိုဂါရှို အသတ်မခံရခင်က အဲဒီကို ရောက်ခဲ့သေးတယ်တဲ့”

“ဩော်” အိရှိုဂါမိသည် ဖုန်းလက်ကိုင်ကို နားတွင် ဖိထားပြီး ခေါင်းညိတ်နေသည်။ “တိုဂါရှိုက အဲဒီကနေ ခင်ဗျားရဲ့ အကြောင်းကို စုံစမ်းလို့ ရခဲ့တာ ဖြစ်မယ်”

“ဟုတ်မယ်။ ဘန်တန်တိုင်မှာ အလုပ်လုပ်နေတာကို အဲဒီကနေ စုံစမ်းခဲ့တာ ဖြစ်မယ်။ တိုဂါရှိုက ကျွန်မကို ရှာနေတာကြောင့် ဘန်တန်တိုင်ကို သူ မလာဘဲ မနေဘူးတဲ့။ ရဲတွေက အဲဒီလို ပြောတယ်။ ကျွန်မကလည်း ပြန်ပြောလိုက်တယ်။ ကျွန်မဆီ မလာတာက မလာတာပဲ။ ကျွန်မလည်း ဘာမှ မတတ်နိုင်ဘူးလို့”

အိရှိုဂါမိသည် ကုစာနာဂိ၏ ပုံပန်းသဏ္ဌာန်ကို ပြန်ပြီး မြင်ယောင်ကြည့်မိသည်။ ထိုသူ၏ ရုပ်သွင်ဟန်ပန်မှာ သဘောကောင်းမည့်ပုံ ရသည်။ စကားပြောပုံမှာလည်း နူးညံ့သိမ်မွေ့သည်။ ခြိမ်းခြောက်၍ ဟိန်းဟောက်တတ်မည့် လူစားမျိုး မဟုတ်။ သို့သော် သူသည် ရာဇဝတ်မှုခင်းဌာနတွင် အလုပ်မြဲနေသည်ကို ကြည့်ခြင်းအားဖြင့် ပျော့ညံ့သူ မဟုတ်ကြောင်း ထင်ရှားနေသည်။ ကိုယ်ပိုင်အစွမ်းအစ ရှိသူ ဖြစ်ရမည်။ လိုချင်သည့် အဖြေရအောင် အကြမ်းနည်းသုံးပြီး စစ်ဆေးလိမ့်မည် မဟုတ်ဘဲ အနုနည်းဖြင့် အမှန်တရားကို မရအရ ဆွဲထုတ်ယူမည့် လူစားမျိုး ဖြစ်သည်။ အိရှိုဂါမိ၏ စာများထဲမှ အမ်ပီရီယယ်တက္ကသိုလ်၏ စာကို ချက်ချင်း သတိထားမိခဲ့သော ကုစာနာဂိ၏ အမြင်သည် စူးရှသည်ဟု ဆိုရပေမည်။ ထိုသို့သောသူကို အိရှိုဂါမိအနေဖြင့် နည်းနည်းမျှ ပေါ့ဆ၍ မဖြစ်။

“တခြားကော ဘာမေးသေးလဲ”

“ကျွန်မကို အဲဒီလောက်ပဲ မေးတယ်။ ဒါပေမယ့် မီစာတို ....”

အိရှိုဂါမိသည် ဖုန်းလက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။ “ရဲတွေက သူ့ကို သွားတွေ့ကြတယ်လား”

“ဟုတ်။ ကျွန်မကို စောစောက မီစာတို ပြောတယ်။ သူ ကျောင်းထဲက ထွက်လာတာနဲ့ သူတို့က သူ့ဆီကို ချဉ်းကပ်လာတယ်တဲ့။ ဟိုရဲနှစ်ယောက်ပဲ ဖြစ်မယ် ထင်တယ်”

“မီစာတို ခင်ဗျားရဲ့ အနားမှာ ရှိလား”

“ရှိတယ်။ သူ့ကို နားထောင်ခိုင်းလိုက်မယ်”

မီစာတိုသည် အနားတွင် ရှိနေပုံရသည်။ ချက်ချင်း ဆိုသကဲ့သို့ “ဟယ်လို” ဟူသော သူမအသံ ထွက်ပေါ်လာသည်။

“ရဲတွေက သမီးကို ဘာတွေ မေးတာလဲ”

“ဟိုလူယုတ်မာရဲ့ ဓာတ်ပုံကို ပြပြီး သမီးတို့အိမ် လာသွားသလားလို့ မေးတာ”

“မလာဘူးလို့ ဖြေလိုက်တယ်မလား”

“ဟုတ်ကဲ့”

“တခြားရော ဘာမေးသေးလဲ”

“ရုပ်ရှင်။ သမီးတို့ ရုပ်ရှင်ကြည့်တာ ၁၀ ရက်နေ့က ဆိုတာ သေချာရဲ့လားလို့ မေးတယ်။ အမှတ်မှားနေသလားတဲ့။ ၁၀ ရက်နေ့ သေချာတယ်၊ လုံးဝ မမှားဘူးလို့ သမီး ပြန်ဖြေလိုက်တယ်”

“အဲတော့ သူတို့က ဘာပြန်ပြောလဲ”

“ရုပ်ရှင်ကြည့်ခဲ့တဲ့ ကိစ္စကို တခြား ဘယ်သူ့ကို ပြောပြဖူးသလဲလို့ သမီးကို မေးသေးတယ်။ သူငယ်ချင်းတွေဆီ စာတိုပို့ပြီး ပြောဖူးလားတဲ့”

“သမီးက ဘယ်လို ပြန်ဖြေလဲ”

“သမီး ဘယ်သူ့ကိုမှ စာတို မပို့ဖူးဘူး။ ဒါပေမယ့် သူငယ်ချင်းကိုတော့ အဲဒီအကြောင်း ပြောပြဖူးတယ်လို့။ နောက်တော့ သူတို့က သမီးရဲ့ သူငယ်ချင်းနာမည်ကို မေးတယ်”

“သမီး သူတို့ကို ပြောပြလိုက်လား”

“မီကာရဲ့ နာမည်ကိုပဲ ပြောလိုက်တယ်”

“၁၂ ရက်နေ့က သမီးနဲ့ ရုပ်ရှင်အကြောင်း စကားပြောဖြစ်တဲ့ သူငယ်ချင်းနာမည်က မီကာလား”

“ဟုတ်တယ်”

"ကောင်းတယ်။ သမီးလုပ်တာ သိပ်မှန်တယ်။ ရဲတွေက တခြားကော မေးသေးလား"

"ဟင့်အင်း၊ ထွေထွေထူးထူး ဘာမှ မမေးတော့ဘူး။ သမီးကို ကျောင်းတက်ရတာ ပျော်ရဲ့လား။ ကြက်တောင်ရိုက်ရတာ ပင်ပန်းလားလို့ပဲ မေးတယ်။ သမီး ကြက်တောင်ရိုက်အသင်း ဝင်ထားတာကို သူတို့ ဘယ်လိုလုပ်ပြီး သိသလဲ မပြောတတ်ဘူး။ အဲဒီတုန်းက သမီးလက်ထဲမှာလည်း ဘက်တံ မရှိပါဘူး"

အိမ်ထဲတွင် ထောင်ထားသော ကြက်တောင်ရိုက် ဘက်တံကို သူတို့ မြင်သွားသောကြောင့် ဖြစ်ရမည်ဟု အိရှိုဂါမိက ယူဆသည်။ ထိုရဲသား၏ အမြင်စူးရှမှုကို အထင်သေး၍ မရ။

"အဆင်ပြေရဲ့လား မသိဘူး" ဖုန်းထဲမှ ထွက်ပေါ်လာသော အသံရှင်မှာ ယာစုကို ဖြစ်နေသည်။

"ဘာပြဿနာမှ မရှိပါဘူး" အိရှိုဂါမိသည် ယာစုကိုကို စိတ်လက်သက်သာစေရန် သူမကို နှစ်သိမ့်လိုက်သည်။ "အခုချိန်က ကျွန်တော် တွက်ဆထားတဲ့အတိုင်း အစီအစဉ်တကျ သွားနေတာပဲ။ ရဲတွေ ထပ်ပြီး လာရှာကြလိမ့်ဦးမယ်။ ကျွန်တော် မှာထားတဲ့အတိုင်းသာ ဆက်လုပ်သွားပေးပါ"

"ကျေးဇူးပါရှင်။ ကျွန်မတို့မှာ အားကိုးစရာ ဆိုလို့ မစ္စတာ အိရှိုဂါမိ တစ်ယောက်ပဲ ရှိပါတယ်"

"စိတ်မပူပါနဲ့။ တစ်ခဏတော့ သည်းခံလိုက်ပါဦး။ မနက်ဖြန်မှ ထပ်တွေ့ကြတာပေါ့"

အိရှိုဂါမိသည် ဖုန်းကို ချလိုက်သည်။ တစ်ဘက်မှ ဖုန်းကတ်ကို ဆွဲနှုတ်နေရင်း နောက်ဆုံးပြောခဲ့သော စကားအတွက် နောင်တ ရနေမိသည်။ "တစ်ခဏတော့ သည်းခံလိုက်ပါဦး" ထိုစကားသည် တာဝန်မဲ့ရာ ကျလွန်းနေသည်။ တစ်ခဏ? ထိုတစ်ခဏသည် မည်မျှ ကြာညောင်းနိုင်သနည်း။ ထိုကဲ့သို့ မရေရာသော စကားမျိုးကို သူ မပြောသင့်။

မည်သို့ပင် ဖြစ်စေ၊ ယခု လက်ရှိအနေအထားအရ ဆိုလျှင် အခြေအနေအားလုံးသည် သူ ချမှတ်ထားသည့် အစီအစဉ်အတိုင်း ဖြစ်ပျက်နေသည်။ ယာစုကိုအကြောင်းကို တိုဂါရှိက ထောက်လှမ်းနေခဲ့သည် ဟူသော သတင်းကို ရဲဘက်မှ စုံစမ်းသိရှိသွားနိုင်ကြောင်း သူ အစောကြီးကတည်းက တွက်ဆထားပြီး ဖြစ်သည်။ ထို့ကြောင့် အလီဘိုင်သက်သေကို သံသယဝင်ပြီး အသည်းအသန် လိုက်စစ်မည်ကိုလည်း သူ

မျှော်လင့်ထားခဲ့သည်။

မီစာတိုထံသို့ ရဲများ သွားတွေ့မည်ကိုလည်း သူ ကြိုတင်ခန့်မှန်းထားသည်။ သက်သေအထောက်အထားများ အင်ထုထားခြင်း ရှိမရှိ သိရှိနိုင်ရန်အတွက် သမီးထံမှ အစ်အောက်ထုတ်ရလျှင် ပိုမို လွယ်ကူနိုင်သည်ဟု သူတို့ ယူဆထားပေလိမ့်မည်။ ပြင်ဆင်စရာ ရှိသည်များကို အားလုံးကြိုတင်ပြီး အသင့် ပြင်ဆင်ထားပြီးပြီဟု ဆိုနိုင်သော်ငြားလည်း အစစအရာရာ သတိဝီရိယတော့ ရှိထားမှ တော်လိမ့်မည်။

ထိုသို့သော အတွေးများ ခေါင်းမှာ ရစ်ဝဲလျက် တိုက်ခန်းရှိရာသို့ ပြန်ရောက်လာသောအခါ အခန်းပေါက်ဝတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ အနက်ရောင် ဂျက်ကက်အင်္ကျီ ခပ်ပါးပါးတစ်ထည်ကို ဝတ်ဆင်ထားသော အရပ်မြင့်မြင့်နှင့် အမျိုးသားတစ်ဦး။ ခြေသံကို ကြားလိုက်ရသောအခါ ထိုသူသည် ခြေသံကြားရာဘက်သို့ လှည့်လာပြီး သူ့မျက်မှန်မှ အလင်းတန်းတစ်ခု ဖြာထွက်လာသည်။

ရဲလား။ ၎င်းမှာ သူ၏ ပထမဆုံး အတွေးဖြစ်သည်။ သို့သော် ထိုအတွေးကို ချက်ချင်း ပယ်ချလိုက်သည်။ ထိုသူ၏ ရှူးဖိနပ်မှာ အသစ်စက်စက် ဖြစ်ပြီး သန့်ရှင်းပြောင်လက်နေသည်။

သတိထားပြီး အနားသို့ တိုးကပ်သွားစဉ် ထိုသူ့ထံမှ အသံထွက်ပေါ်လာသည်။ “အိရှိဂါမိ”

အိရှိဂါမိက ထိုသူ့ကို ခေါင်းမော့ကြည့်လိုက်သည်။ မျက်နှာပြင်တွင် အပြုံးပန်းများ ဝေဆာနေသည့်အပြင် သူ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော အပြုံးဖြစ်နေသည်။

အိရှိဂါမိသည် အသက်ကို ဝအောင် ရှူလိုက်စဉ် သူ့မျက်လုံးများလည်း ပြူးကျယ်လာလေသည်။ “မင်း ယုကာဝါ မဟုတ်လား”

လွန်ခဲ့သော အနှစ်နှစ်ဆယ်က ပုံရိပ်များ သူ့ခေါင်းထဲသို့ ပြေးဝင်လာကြသည်။

အခန်း (၆ - က)

ထိုနေ့က စာသင်ခန်းတစ်ခန်းလုံး ဟာလာဟင်းလင်း ဖြစ်နေသည်။ အခန်းထဲတွင် ကျောင်းသား တစ်ရာကျော် ထိုင်ရန် ထိုင်ခုံ အလုံအလောက် ရှိနေသော်လည်း ထိုင်ခုံ အလုံး နှစ်ဆယ်လောက်တွင်သာ ထိုင်မည့်သူ ရှိသည်။ ထို့အပြင် အတန်းထဲမှ ကျောင်းသား အားလုံး နီးပါးသည် နောက်ဆုံးတန်းများ၌သာ တိုးဝှေ့ထိုင်နေကြသည်။ ရိုးကော (Roll call) ခေါ်ပြီးသည်နှင့် တစ်ပြိုင်နက် အတန်းထဲမှ လစ်ထွက်သွားရန် ကြံစည်ထားကြပုံ ရသည်။ သို့မဟုတ်ပါက အနောက်ဘက်တွင် မိမိ ကြိုက်နှစ်သက်ရာ အလုပ်တစ်ခုခုကို လုပ်နေနိုင်ရန် ဖြစ်သည်။

ယခုအတန်းချိန်တွင် အသုံးချရူပဗေဒ၏ သမိုင်းကြောင်းကို ရှင်းပြနေသည်။ ကျောင်းသားအားလုံးက ထိုဘာသာရပ်ကို စိတ်မဝင်စားကြ။ အိရှိုဂါမိလည်း ထိုနည်းလည်းကောင်းပင်။ သို့သော် သူသည် ထုံးစံအတိုင်း ပထမဆုံးအတန်း၏ ဘယ်ဘက်အစွန်ဆုံးမှ ဒုတိယမြောက်ခုံတွင် ထိုင်နေခဲ့သည်။ မည်သည့် ဘာသာရပ် ဖြစ်စေ သူ ထိုနေရာတွင်သာ အမြဲ ထိုင်လေ့ရှိသည်။ အလယ်ကျသော ခုံကို သူ မထိုင်ရသည့် အကြောင်းအရင်းမှာ ဆရာများ၏ သင်ကြားမှုကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်လိုသောကြောင့် ဖြစ်သည်။ မည်မျှပင် အရည်အချင်း ရှိသော ပါမောက္ခပင် ဖြစ်ပါစေ၊ မည်သူမျှ အမှားကင်းနိုင်လိမ့်မည် မဟုတ်ဟု သူ နားလည်ထားသည်။

သူသည် အရှေ့ဆုံးတန်းတွင် အမြဲတမ်းလိုလို အထီးကျန်ဆန်စွာ ထိုင်နေခဲ့ရသည်။ သို့သော် ထိုနေ့ကမူ သူထိုင်နေကျ ထိုင်ခုံ၏ အနောက်ဘက် ထိုင်ခုံတွင် ကျောင်းသားတစ်ယောက် လာထိုင်နေသည်။ အိရှိုဂါမိသည် ထိုသူ့ကို အာရုံမထားခဲ့။ အတန်းထဲသို့ ဆရာ မဝင်ခင် သူ့တွင် လုပ်စရာအလုပ် ရှိနေသည်။ သူသည် မှတ်စုစာအုပ်ကို ဆွဲထုတ်ပြီး သင်္ချာပုစ္ဆာတစ်ပုဒ်ကို တွက်ချက်နေလေသည်။

“ခင်ဗျားကရော အဲဒုရှ် (Erdös) ရဲ့ ဘက်တော်သားပဲလား”

အစပိုင်းတွင် အိရှိုဂါမိသည် ၎င်းကို မိမိအား လှမ်းပြောနေသော အသံဖြစ်သည်ဟု မယူဆခဲ့။ တစ်ခဏကြာသော အခါတွင်မှ သူ ခေါင်းထောင်ကြည့်လိုက်မိသည်။ ‘အဲဒုရှ်’ ဟူသော အမည်ကို တစ်ဦးတစ်ယောက်က ပြောလိုက်သောကြောင့် ထူးဆန်း၍ ခေါင်းမော့ကြည့်လိုက်ခြင်း ဖြစ်သည်။ သူက အနောက်ဘက်သို့

လှည့်ကြည့်လိုက်သည်။ လည်ဟိုက်ရှပ်အင်္ကျီ ဝတ်လျက် ကုပ်ပေါ်အထိ ဆံပင်များ ဝဲကျနေသော လူငယ်တစ်ယောက်သည် သူ့မေးစေ့ကို လက်ဖြင့် ပွတ်သပ်နေသည်။ သူ ထိုမျက်နှာကို ယခင်က မကြာခဏ မြင်ခဲ့ဖူးသည်။ သူသည် ရူပဗေဒ ဘာသာရပ်ကို အထူးပြုရန် ရွေးချယ်ထားကြောင်း သိထားပြီး ဖြစ်သည်။

'စကားသံက သူ့ဆီက လာတာ မဟုတ်လောက်ဘူး' အိရှိုဂါမိက ထိုသို့ တွေးနေမိစဉ် ကိုဆံရှည်သည် မေးစေ့ကို ပွတ်သပ်နေရင်း စကားဆက်လာသည်။ "စာရွက်ပေါ် ဘောပင်နဲ့ ချတွက်နေလို့ကတော့ အများကြီး ခရီးရောက်လိမ့်မယ် မထင်ဘူးဗျ။ ဒါပေမယ့်လည်း ကိုယ်ပိုင်အားထုတ်မှုနဲ့ တွက်ယူရတာကတော့ ပိုပြီး အဓိပ္ပာယ် လေးနက်တာပေါ့လေ"

အစောပိုင်း ကြားခဲ့သော အသံနှင့် တစ်သံတည်း ဖြစ်နေကြောင်း သိလိုက်ရသောအခါ အိရှိုဂါမိ အနည်းငယ် အံ့အားသင့်သွားသည်။

"ခင်ဗျားက ကျွန်တော် ဘာလုပ်နေတယ်ဆိုတာကို သိတယ်ပေါ့"

"ဆောရီးဗျာ။ ကျွန်တော် စောနက ခိုးကြည့်လိုက်မိတယ်။ အဲ ... တမင်သက်သက် လုပ်တာ မဟုတ်ပါဘူး" ကိုဆံရှည်က အိရှိုဂါမိ၏ စားပွဲကို လက်ညှိုးထိုးပြသည်။

အိရှိုဂါမိ၏ အကြည့်က သူ၏ မှတ်စုစာအုပ်ပေါ်သို့ ရောက်ရှိသွားသည်။ စာအုပ်ပေါ်တွင် ပုံသေနည်းတချို့ကို ရေးခြစ်ထားသည် မှန်သော်လည်း အစအဆုံး ရေး၍ ပြီးဆုံးသေးသည် မဟုတ်။ တစ်ပိုင်းတစ်စသာ ရေးခြစ်ထားသည်။ ၎င်းအပိုင်းအစကို ကြည့်ခြင်းအားဖြင့် မိမိ တွက်ချက်နေသော ပုစ္ဆာကို မည်သည့်ပုစ္ဆာ ဖြစ်ကြောင်း သိရှိနိုင်သည် ဆိုလျှင် ထိုသူသည်လည်း ဤပုစ္ဆာကို ယခင်က တွက်ခဲ့ဖူးပေလိမ့်မည်။

"ခင်ဗျား တွက်ဖူးတာလား" အိရှိုဂါမိက မေးသည်။

ကိုဆံရှည်သည် မေးစေ့ပွတ်နေသော လက်ကို အောက်ချလိုက်ပြီး ပြုံးဖြဲဖြဲ လုပ်နေသည်။

"မလိုအပ်ဘူးလို့ ထင်ရတဲ့ အလုပ်တွေကို ကျွန်တော်က ဘယ်တော့မှ ကိုယ့်သဘောနဲ့ကိုယ် လုပ်လေ့မရှိဘူးဗျ။ ပြီးတော့ ကျွန်တော်က ရူပဗေဒ ယူမယ့်သူဆိုတော့ သင်္ချာပညာရှင်တွေ ထုတ်ဖော်ထားတဲ့ သီအိုရီတွေကို ယူသုံးလိုက်ရုံပဲလေ။ သက်သေပြဖို့ ကိစ္စကတော့ ခင်ဗျားတို့ပဲ လုပ်ကြပါတော့ဗျာ"

"ဒါပေမယ့် ခင်ဗျား ဒါကို စိတ်ဝင်စားတယ် မဟုတ်လား" အိရှိုဂါမိက မှတ်စုစာအုပ်ကို ကောက်ကိုင်လိုက်သည်။

“အင်း၊ သက်သေပြပြီးနေပြီပဲကိုး။ ဘယ်လို သက်သေပြရမလဲ ဆိုတာကို မသိလည်း ကျွန်တော့်အတွက်တော့ ဘာမှ နစ်နာစရာ မရှိတော့ပါဘူး” သူက အိရှိဂါမိ၏ မျက်လုံးများကို စိုက်ကြည့်ပြီး ဆက်ပြောသည်။ “လေးရောင်ခြယ်ပုစ္ဆာကို သက်သေပြနိုင်ခဲ့ပြီပဲ။ ကြိုက်တဲ့မြေပုံပေါ်မှာ အရောင်လေးရောင် ခြယ်လိုက်လို့ရတယ်လေ”

“မြေပုံတိုင်းမှာတော့ မဟုတ်ဘူး”

“အင်း ဟုတ်တယ်။ ကန့်သတ်ချက်တော့ ရှိတာပေါ့။ အဲဒီမြေပုံဟာ မြေပြင်ညီ ဒါမှမဟုတ် စက်လုံးပေါ်မှာ ရှိမှ ဖြစ်မယ်”

ဤသည်မှာ သင်္ချာလောကတွင် နာမည်ကြီးသော ပုစ္ဆာများထဲမှ တစ်ပုဒ်ဖြစ်သည်။ ၁၈၇၉ ခုနှစ်တွင် ပထမဆုံး ပုံနှိပ်ဖော်ပြခဲ့ပြီး ထိုမေးခွန်းကို မေးမြန်းခဲ့သူမှာ အာသာ ခေးလေ (Arthur Cayley) ဖြစ်သည်။ ကမ္ဘာ့မြေပုံပေါ်ရှိ နိုင်ငံတစ်နိုင်ငံချင်းစီကို အရောင်လေးရောင်မှ တစ်ရောင်ရောင်ဖြင့် ဆေးခြယ်၍ နယ်နိမိတ်ချင်း ထိစပ်နေသော နိုင်ငံများကို ဆေးရောင် မထပ်အောင် ခြယ်သနိုင်ပါမည်လော။ (ဥပမာ - မြန်မာနိုင်ငံကို အဝါရောင်ဖြင့် ခြယ်သမည်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသော ထိုင်း၊ လာော၊ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများတွင် အဝါရောင်ကို သုံးခွင့် မရှိတော့ဘဲ တခြားသုံးရောင်ထဲမှ တစ်ရောင်ရောင်ဖြင့်သာ ဆေးခြယ်ပေးရမည်။)

ထိုသို့ ခြယ်သရန် အရောင်လေးရောင်ဖြင့်ပင် လုံလောက်သည်၊ သို့မဟုတ် တခြား ပြင်ဆင်ချက်များ လိုအပ်သည်ဟူသော အဖြေကို တွက်ထုတ်နိုင်ရန်အတွက် နှစ်ပေါင်း ၁၀၀ နီးပါးမျှ ကြာမြင့်သွားခဲ့သည်။ နောက်ဆုံး သက်သေပြချက်ကို တင်ပြနိုင်ခဲ့သူများမှာ အီလီနွိုက်တက္ကသိုလ်မှ သင်္ချာပညာကျော်များ ဖြစ်ကြသော ကဲန်နက် အက်ပယ်လ် (Kenneth Appel) နှင့် ဝုဖ်ဂန်း ဟာကန် (Wolfgang Haken) တို့ ဖြစ်ကြသည်။ ထိုသူများသည် ကွန်ပျူတာကို အသုံးချပြီး ကမ္ဘာ့မြေပုံကို အကြမ်းအားဖြင့် အခြေခံမြေပုံ မျိုးကွဲပေါင်း ၁၅၀ ပုံ ပိုင်းခြား၍ ၎င်းမြေပုံတိုင်းတွင် အရောင်လေးရောင်ဖြင့် အရောင်မထပ်အောင် ခြယ်သနိုင်ကြောင်း ၁၉၇၆ ခုနှစ်က သက်သေပြခဲ့ကြသည်။

“ကျွန်တော်က အဲဒါကို စင်းလုံးချောတဲ့ သက်သေပြချက်လို့ မယူဆဘူး” အိရှိဂါမိက ပြောသည်။

“ဟုတ်ချင် ဟုတ်မှာပေါ့လေ။ ဒါကြောင့် ခင်ဗျားက ဘောပင်ကိုင်ပြီး ဖြေရှင်းဖို့ ကြိုးစားနေတာလား”

“တကယ်လို့ လူအားနဲ့သုံးပြီး အဲဒီပုစ္ဆာကို သက်သေပြဖို့

ကြိုးစားမယ်ဆိုရင် အချိန်တွေ အများကြီး လိုအပ်လာမှာ။ ဒါကြောင့်လည်း သူတို့က ကွန်ပျူတာကို ရွေးချယ်ခဲ့တာပေါ့။ သူတို့ အဲဒီလို ကွန်ပျူတာကို အသုံးချခဲ့လို့လည်းပဲ သူတို့ရဲ့ သက်သေပြချက်က မှန်ကန်ပါတယ်လို့ ဆုံးဖြတ်ချက်ချဖို့ ခက်နေပြန်ရော။ တကယ်လို့ အဲဒီ သက်သေပြချက်ကို မှန်မမှန် သိရအောင် ကွန်ပျူတာနဲ့ ထပ်ပြီး စစ်နေရဦးမယ် ဆိုရင်တော့ စစ်မှန်တဲ့ သင်္ချာပညာရပ်လို့ ခေါ်လို့ မရတော့ဘူး"

"ခင်ဗျားက တကယ့်ကို အဲဒုရှ်ရဲ့ ဘက်တော်သားပဲဗျ" ကိုဆံရှည်က ပြုံးနေသည်။

ပေါလ် အဲဒုရှ် (Paul Erdös) သည် ဟန်ဂေရီပြည်ဖွား သင်္ချာပညာရှင်တစ်ယောက် ဖြစ်သည်။ သူသည် ကမ္ဘာအနှံ့ လျှောက်သွားနေရင်း ကမ္ဘာအရပ်ရပ်မှ သင်္ချာပညာရှင်များနှင့် သုတေသနပေါင်း များစွာကို အတူတကွ ပြုလုပ်ခဲ့သည်။ 'အကောင်းဆုံး သီအိုရမ်တို့တွင် ရိုးစင်းပြီး သဘာဝကျစွာ ဆန်းကြယ်ခမ်းနားသော သက်ပြချက်များ ရှိနေရမည်' ဟု သူက ခံယူထားသည်။ လေးရောင်ခြယ်ပုစ္ဆာနှင့် ပတ်သက်၍ အက်ပယ်လ်နှင့် ဟာကန်တို့၏ သက်သေပြချက်ကို မှန်ကောင်း မှန်နိုင်သည်ဟု သူက အသိအမှတ် ပြုခဲ့သော်လည်း ၎င်းကို လှပသေသပ်ခြင်း မရှိဟု ရှုတ်ချခဲ့သည်။

ကိုဆံရှည်သည် သူ၏ အတွင်းစိတ်ကို ထွင်းဖောက် မြင်နေသည်ဟု အိရှိဂါမိ ခံစားလာမိသည်။

"ဟိုတစ်နေ့က ကျွန်တော် ကိန်းဂဏန်းသရုပ်ခွဲခြင်းနဲ့ ပတ်သက်တဲ့ ပုစ္ဆာတစ်ပုဒ် ပါမောက္ခကို သွားပြခဲ့သေးတယ်" ကိုဆံရှည်က ခေါင်းစဉ်ကို ပြောင်းလိုက်သည်။ "မေးခွန်းကိုယ်နှိုက်က ဘာပြဿနာမှ မရှိပေမယ့် တွက်နည်းမှာကျတော့ ပေါ့ပြက်ပြက် ဖြစ်နေသလားလို့။ ကျွန်တော် သံသယ ရှိနေတဲ့အတိုင်းပါပဲ။ ပုံနှိပ်တုန်းက စာတချို့ မှားနေခဲ့တာကိုးဗျ။ ထူးဆန်းတာက ကျွန်တော့်လိုပဲ အလားတူပုစ္ဆာကို ဆရာ့ဆီ သွားမေးတဲ့ နောက်ထပ်ကျောင်းသားတစ်ယောက် ရှိသေးတယ် ဆိုပဲ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် သိပ်ကို စိတ်ဆင်းရဲသွားတယ်။ အဲဒီအမှားကို ကျွန်တော်တစ်ယောက်တည်းကပဲ မြင်နိုင်စွမ်းရှိတာလို့ ကျွန်တော်က စိတ်ကြီးဝင်နေတာဗျ"

"ဩော် ... အဲဒါလား။ ဘာမှ မဟုတ်ပါဘူးဗျာ ....." အိရှိဂါမိသည် ထိုမျှသာ ပြောပြီး နှုတ်ပိတ်နေလိုက်သည်။

"ဘာဖြစ်လို့ ဘာမှ မဟုတ်ရမှာလဲဗျ။ အိရှိဂါမိရဲ့ အရည်အချင်းအရ ဆိုရင် ဒီလောက်လေးက သူ့အတွက် ဘာမှ ပြောပလောက်တာ မဟုတ်ဘူးတဲ့။

ပါမောက္ခကြီးကတောင် အဲဒီလို ချီးကျူးနေတာ။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့ အောက်မေ့နေတာဗျာ။ ကိုယ့်ထက် လက်စွမ်းထက်တဲ့သူကို မြင်ရမှ ကိုယ့်ကိုယ်ကိုယ် သင်္ချာသမားတစ်ယောက် ဖြစ်ဖို့ မထိုက်တန်ကြောင်း သဘောပေါက်သွားတော့တယ်”

“ခင်ဗျား စောစောက ပြောတော့ ရူပဗေဒ ယူမှာဆို”

“ကျွန်တော်နာမည် ယုကာဝါပါ။ တွေ့ရတာ ဝမ်းသာပါတယ်” သူက အိရှိုဂါမိထံသို့ လက်ကမ်းပေးလိုက်သည်။

အိရှိုဂါမိသည် သူ့လက်ကို ဖမ်းဆုပ်ကာ လက်ဆွဲနှုတ်ဆက်လိုက်သည်။ ဂေါက်သီးတစ်ယောက်နှင့် မိတ်ဆွေ ဖြစ်ရတော့မည်ကို တွေး၍ အလိုလို ပျော်လာမိသည်။ အဘယ်ကြောင့်ဆိုသော် ဤလောကတွင် သူကဲ့သို့သော ဂေါက်ကြောင်မျိုး တစ်ယောက်တည်းသာ ရှိသည်ဟု သူ ထင်မှတ်ထားခဲ့သောကြောင့်တည်း။

ထိုနောက်ပိုင်းတွင် အိရှိုဂါမိနှင့် ယုကာဝါတို့သည် သူငယ်ချင်းများအဖြစ် တစ်ပူးတွဲတွဲ ရှိနေကြသည်ဟု မဆိုနိုင်သော်လည်း မျက်နှာချင်းဆိုင် ဆုံမိကြသည့် အချိန်များတွင်မူ အသီးအသီး၌ ပြောစရာများ ပြည့်နှက်နေတတ်ကြသည်။ ယုကာဝါတွင် ဗဟုသုတ စုံလင်လှသည်။ သင်္ချာနှင့် ရူပဗေဒအပြင် အခြားဘာသာရပ်များကိုလည်း အထိုက်အလျောက် တီးမိခေါက်မိသည်။ အိရှိုဂါမိကိုယ်တိုင် အားမလို အားမရ ဖြစ်နေသော အနုစာပေနှင့် အနုပညာဘာသာရပ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်လှသည်။ အိရှိုဂါမိသည် ယုကာဝါကဲ့သို့ ဘက်စုံထောင့်စုံမှ ကျွမ်းကျင်နှံ့စပ်သူ တစ်ယောက် မဟုတ်ရကား သူ၏ ကျွမ်းကျင်မှုနယ်ပယ် မည်မျှ နက်ရှိုင်းကျယ်ဝန်းနိုင်သည်ကို ဆဝါးနိုင်မည် မဟုတ်ပေ။ အိရှိုဂါမိအနေဖြင့် သင်္ချာတစ်မျိုးတည်းကိုသာ စိတ်ဝင်စားကြောင်း များမကြာမြင့်မီ ယုကာဝါ နားလည် သဘောပေါက်လာသောကြောင့် နောက်ပိုင်းတွင် တခြားပညာရပ်သို့ စကားဦးပင် မသန်းတော့ချေ။

မည်သို့ပင်ဆိုစေ၊ အိရှိုဂါမိအနေဖြင့်မူ သူ တက္ကသိုလ်တက်နေစဉ် ကာလတစ်လျှောက်တွင် ယုကာဝါသည် သူ၏ တစ်ဦးတည်းသော စကားပြောဖော် ဖြစ်ခဲ့သည်။ သူ၏ အထင်ကြီးမှုကို ခံယူထိုက်သော တစ်ဦးတည်းသော မိတ်ဆွေသူငယ်ချင်းလည်း ဖြစ်သည်။

နောက်နှစ်များတွင် သူတို့သည် သူတို့စိတ်ဝင်စားရာ သင်္ချာနှင့် ရူပဗေဒ ဘာသာရပ် အသီးသီးကို အထူးပြုဘာသာရပ်အဖြစ် ရွေးချယ်ခဲ့ကြပြီး လူချင်းဆုံနိုင်သည့် အခွင့်အရေးကလည်း နည်းသည်ထက် နည်းလာသည်။ ကျောင်းသားတစ်ယောက်၏ အရည်အချင်းသည် သတ်မှတ်ထားသော

အဆင့်အတန်းကို ပြည့်မီသည် ဆိုပါက တခြားမေဂျာတစ်ခုသို့ ပြောင်းရွှေ့ပိုင်ခွင့် ရှိသည်။ သို့သော် သူတို့ နှစ်ဦးစလုံးသည် မူလရွေးချယ်ထားသော ဘာသာရပ်များမှ တခြားသို့ ကူးပြောင်းရန် စိတ်ကူး မရှိကြပေ။ သူတို့၏ ရွေးချယ်မှုသည် သူတို့နှင့် ကိုက်ညီသည်။ ကိုယ်စီ ရွေးချယ်ထားသော လမ်းကြောင်းသည်သာ သူတို့နှင့် အသင့်လျော်ဆုံး ဖြစ်သည်ဟု အိရှိုဂါမိက တွေးမိသည်။ မိမိ၏ ပတ်ဝန်းကျင်ရှိ ကမ္ဘာလောကကြီးကို အဓိပ္ပာယ်ဖွင့်ဆိုကြည့်ရန် ဟူသော ဘုံဆန္ဒတစ်ခု နှစ်ဦးစလုံးတွင် ရှိနေကြသော်လည်း သူတို့၏ အကောင်အထည် ဖော်မည့် နည်းလမ်းမှာ ဆန့်ကျင်နေသည်။ အိရှိုဂါမိသည် သူ၏ သီအိုရမ်အတွက် ခိုင်မာပြတ်သားသော သင်္ချာပုံသေနည်းများကို အားကိုးအားထား ပြုသွားမည် ဖြစ်ပြီး ယုကာဝါကမူ လက်တွေ့စမ်းသပ်ကာ ကြုံတွေ့လာသည့် ပြဿနာများကို အစထုတ်၍ ဖြေရှင်းသွားမည့် နည်းလမ်းဖြစ်သည်။ အိရှိုဂါမိက ပုံဖော်စိတ်ကူးခြင်းကို နှစ်သက်ပြီး ယုကာဝါက လက်တွေ့စမ်းသပ်ခြင်းကို အသားပေးသည်။

သူတို့၏ ဆုံတွေ့ချိန်မှာ ရှားပါးလှသော်လည်း အိရှိုဂါမိသည် ယုကာဝါနှင့် ပတ်သက်သော သတင်းကောင်းများကို ကြားနေရဆဲ ဖြစ်သည်။ မဟာတန်း ဒုတိယနှစ်၏ ဆောင်းတွင်းနေ့တစ်နေ့တွင် ယုကာဝါတီထွင်ထားသော 'သံလိုက်ဂီယာ' ၏ မူပိုင်ခွင့်ကို အမေရိကန်မှ စက်မှုလုပ်ငန်းကြီးတစ်ခုက ဝယ်ယူသွားခဲ့ကြောင်း သတင်းကြားရသောအခါ အိရှိုဂါမိသည် သူ့ကို ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ချီးကျူးနေမိသည်။

မဟာဘွဲ့ ယူပြီးနောက်ပိုင်း ယုကာဝါ၏ အခြေအနေများကို အိရှိုဂါမိ ဘာမျှ မသိရတော့ပေ။ ထိုအချိန်တွင် သူသည် တက္ကသိုလ်မှ ထွက်ခွာလာခဲ့ပြီ ဖြစ်သည်။ ထိုသို့ လကို နှစ်စား၍ ဆယ်စုနှစ် နှစ်ခုမက ပွန်းပဲ့တိုက်စားလာခဲ့သည်။

"မင်းက အရင်ပုံစံအတိုင်းပဲ" အိမ်ထဲသို့ ဝင်ပြီးသည်နှင့် ယုကာဝါသည် စာအုပ်စင်ကို ကြည့်လျက် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"မင်းက အရင်လိုပဲ သင်္ချာကို တန်းတန်းစွဲ ဖြစ်နေတုန်းပဲလေ။ ငါတို့ တက္ကသိုလ်ရဲ့ သင်္ချာဌာနမှာတောင် မင်းလောက် စာအုပ်စာတမ်း စုံလိမ့်မယ် မထင်ဘူး"

အိရှိုဂါမိက ဘာမျှ ပြန်မပြော။ စာအုပ်စင်ပေါ်တွင် သင်္ချာဘာသာရပ်ဆိုင်ရာ စာအုပ်များ ရှိနေသည့်အပြင် ကမ္ဘာအရပ်ရပ်ရှိ သုတေသနစင်တာများမှ ထုတ်ဝေသော စာစောင်များနှင့်လည်း ပြည့်နှက်နေသည်။ ၎င်း စာစောင်များ အားလုံးကို အင်တာနက်ပေါ်မှ စုစည်းထားခြင်း ဖြစ်သော်လည်း

သူသည် သာမန် မနူးမနပ် သုတေသီတို့ထက် သချ်ာလောကနှင့် ပိုမို ထိတွေ့မှု ရှိသည်မှာ သေချာလှသည်။

"မင်း ခဏထိုင်ဦး။ ငါ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"ကော်ဖီသောက်ရတာလည်း မဆိုးပါဘူး။ ဒါပေမယ့် ငါ ဒါလေး ပါလာတယ်" ယုကာဝါသည် သူ့လက်ထဲတွင် ဆွဲလာသော စက္ကူအိတ်ထဲမှ ဘူးတစ်ဘူးကို ဆွဲထုတ်လိုက်သည်။ နာမည်ကြီး ဆာကေးတစ်ပုလင်း။

"မင်း အဲဒီလောက် အားနာနေစရာ မလိုပါဘူး"

"မတွေ့ကြရတာ ကြာပြီလေကွာ။ လက်ဗလာနဲ့ လာလို့ ဘယ်ဖြစ်မလဲ"

"ကောင်းပြီလေ။ ငါ ဆူရှီမှာလိုက်မယ်။ မင်း ညစာ မစားရသေးဘူးမလား"

"ဟင့်အင်း၊ မစားရသေးဘူး"

"ငါလည်း မစားရသေးဘူး" အိရှိုဂါမိသည် ဖုန်းကို ကောက်ကိုင်ပြီး ဟင်းအမျိုးအမည်များ ပုံနှိပ်ထားသော လက်ကမ်းကြော်ငြာစာစောင်ကို ဖွင့်ကြည့်သည်။ ခဏမျှ ငေးကြည့်နေပြီးနောက် တန်ဖိုးကြီးသော ဆူရှီများနှင့် ဆာရှိမိတို့ကို မှာကြားလိုက်သည်။ သူတစ်ယောက်တည်း ဆိုလျှင် ပေါပေါပဲပဲ ဆူရှီများကိုသာ မှာယူစားသုံးလေ့ရှိသည်။ တစ်ဘက်မှ ဖုန်းလက်ခံသော သူကလည်း သူ၏ အမှာစာများကို မြင်ပြီး တအံ့တသြ ဖြစ်နေသည်။ ဤအခန်းထဲတွင် ဧည့်သည် တစ်ယောက်တလေကို မမြင်တွေ့ခဲ့ရသည်မှာ မည်မျှ ကြာညောင်းခဲ့ပြီနည်း။ အိရှိုဂါမိက တွေးနေမိသည်။

"မင်း ရောက်လာလိမ့်မယ်လို့ ငါ နည်းနည်းမှ မျှော်လင့်မထားခဲ့ဘူး" အိရှိုဂါမိက ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်နေရင်း ပြောလိုက်သည်။

"ငါ့သူငယ်ချင်းတစ်ယောက်ဆီကနေ မင်းအကြောင်း မတော်တဆ ကြားခဲ့ရတာ"

"သူငယ်ချင်း? ငါ့အကြောင်း သိတဲ့သူ ရှိသေးတာလား"

"တကယ့် တိုက်ဆိုင်မှုပါပဲကွာ" ယုကာဝါက နှာခေါင်းကို ကုတ်နေသည်။ "ရဲဌာနက ရဲတစ်ယောက် မင်းကို လာရှာသေးတယ် မဟုတ်လား။ ကုစာနာဂိ ဆိုတဲ့ လူလေ"

"ရဲ?"

အိရိုဂါမိ၏ ရင်ထဲ လှပ်ခနဲ တုန်သွားသည်။ သို့သော် သူက သတိရှိရှိဖြင့် ပိရိစွာ ဖုံးဖိထားနိုင်လိုက်ပြီး သူငယ်ချင်းဟောင်းကို လှမ်းကြည့်သည်။ ယုကာဝါက တစ်ခုခုများ သိနေရော့သလား။

"အဲဒီကောင်က ငါတို့နဲ့ တစ်သုတ်တည်းပဲ"

ယုကာဝါ၏ စကားကြောင့် အိရိုဂါမိ၏ ခေါင်းထဲ သံသယတချို့ ရစ်ဝဲလာသည်။ "တစ်သုတ်တည်း?"

"ငါတို့က ကြက်တောင်ရိုက်အသင်းမှာ အတူတူ ကစားကြတာ။ သူ့ပုံကြည့်ရတာ အမ်ပီရီယယ်ထွက်နဲ့ နည်းနည်းမှ မတူဘူး မဟုတ်လား။ သူက ပထဝီမေဂျာလေ"

အိရိုဂါမိ၏ ရင်ထဲတွင် စိုးမိုးနေသော မအီမသာ ခံစားမှုတို့သည် တစ်ခဏအကြာ၌ ပျောက်ကွယ်သွားကြသည်။ "သြော် ငါ သတိရပြီ။ သူက ငါကိုင်ထားတဲ့ စာအိတ်တွေကို ပြုံးတုံးပြုံတဲ ကြည့်နေခဲ့တာ။ ဒါကြောင့်မို့ သူက 'အမ်ပီရီယယ်တက္ကသိုလ်' ဆိုတဲ့ စကားလုံးတွေကို အထူးတလည် စိတ်ဝင်စားနေခဲ့တာကိုး။ အဲဒီလိုသာဆိုရင် အဲဒီတုန်းကတည်းက သူ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ရင် ပြီးနေတာပဲ ဥစ္စာ"

"အဲဒီအကောင်က ငါတို့ သိပ္ပံဌာနက ကျောင်းသားတွေကို သူနဲ့ ကျောင်းနေဖက်လို့ သဘောထားချင်တဲ့ အကောင်မျိုး မဟုတ်ဘူး။ ငါတို့ကို ဂွိုဟ်သားတွေလို့ မြင်နေတဲ့ အကောင်"

အိရိုဂါမိက သဘောတူသည့် အနေဖြင့် ခေါင်းညိတ်လိုက်သည်။ မိမိနှင့် တစ်နှစ်တည်း၊ တက္ကသိုလ်တစ်ခုတည်းတွင် အတူ ပညာသင်ကြားခဲ့သော လူတစ်ယောက်သည် ယခုအခါ မှုခင်းရဲတစ်ယောက် ဖြစ်နေသည်ဟု ကြားသိလိုက်ရသည်မှာ အိရိုဂါမိအတွက် အနည်းငယ် ထူးဆန်းနေသည်။

"ကုစာနာဂိပြောလို့ ငါ ကြားတာပဲ။ မင်းအခု အထက်တန်းကျောင်းမှာ သင်္ချာသင်နေတယ်ဆို" ယုကာဝါက အိရိုဂါမိ၏ မျက်လုံးများကို စိုက်ကြည့်ရင်း ပြောသည်။

"ဒီအနီးနားက အထက်တန်းကျောင်းမှာ။ မင်းကတော့ တက္ကသိုလ်မှာပဲ မြဲနေတုန်းမလား"

"အင်း။ ငါ အခု ဓာတ်ခွဲခန်း အမှတ် ၁၃ မှာ" ယုကာဝါက ပေါ့ပေါ့ပါးပါး ပြန်ဖြေသည်။ သူ၏ လက်ရှိအလုပ်အတွက် ဂုဏ်ဝင့်ကြွားနေစရာ မလိုဟု ယူဆထားသောကြောင့် ရိုးရိုးသားသား ပြန်ဖြေခြင်းသာ ဖြစ်ရမည်ဟု အိရိုဂါမိက

တွေးနေမိသည်။

“ပါမောက္ခ ဖြစ်နေပြီလား”

“ဘယ်ကလာ။ ယောင်လည်လည်နဲ့ လက်ထောက်လုပ်နေရတုန်းပဲ။ ဟိုးအထက်က ရာထူးတွေက လူပြည့်နေပြီ” ယုကာဝါက စိတ်လိုလက်ရ ပြောနေသည်။

“ဟုတ်လား။ မင်းမှာ ‘သံလိုက်ဂီယာ’ လို အောင်မြင်မှုတွေ ရှိနေခဲ့တော့ မင်း အခုလောက်ဆိုရင် ပါမောက္ခ ဖြစ်နေလောက်ပြီလို့ ငါက ထင်နေတာ”

အိရှိဂါမိ၏ စကားကြောင့် ယုကာဝါသည် အားရပါးရ ရယ်မောပြီး မျက်နှာကို ပွတ်သပ်နေသည်။

“အဲဒီအကြောင်းကို မှတ်မိတဲ့သူ ဆိုလို့ မင်းတစ်ယောက်ပဲ ရှိတော့တယ် ထင်တာပဲ။ သူတို့တွေက နမူနာပုံစံတောင် မထုတ်နိုင်ခဲ့ဘူးကွ။ အားလုံးက စက္ကူပေါ်မှာတင်ပဲ လမ်းဆုံးသွားတယ်” ပြောလျက် ယုကာဝါသည် သူ သယ်ဆောင်လာသော အရက်ပုလင်းကို အဖုံးဖွင့်လိုက်သည်။

အိရှိဂါမိသည် မတ်တတ်ထရပ်ပြီး ကြောင်အိမ်ထဲမှ ခွက်နှစ်ခွက် သွားယူသည်။

“ငါက မင်းကို တက္ကသိုလ်တစ်ခုမှာ ပါမောက္ခလုပ်နေပြီး ရီးမန် (Riemann) ရဲ့ အဆိုကို စိန်ခေါ်နေပြီလို့ အောက်မေ့နေတာ” ယုကာဝါက ပြောသည်။ “ဘိုးတော် အိရှိဂါမိက ဘယ်လို ဖြစ်သွားရတာလဲ။ ဒါမှမဟုတ် တကယ့်ကိုပဲ အဲဒုရှ်ရဲ့ လမ်းစဥ်အတိုင်း လိုက်ပြီး လေလွင့်သင်္ချာပညာရှင်ကြီး လုပ်တော့မလို့လား”

“မဟုတ်ပါဘူး” အိရှိဂါမိက သက်ပြင်းကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်သည်။

“လာကွာ။ ဘာပဲဖြစ်ဖြစ် တစ်ခွက်လောက် အရင် ချလိုက်ရအောင်” ယုကာဝါက ဘာမျှ ဆက်မမေးတော့ဘဲ ခွက်ထဲသို့ အရက်များ ငှဲ့ပေးနေလေသည်။

အိရှိဂါမိသည် သင်္ချာသုတေသီ တစ်ယောက်အဖြစ် တစ်သက်လုံး အရိုးထုတ်သွားရန် ယခင်က ရည်ရွယ်ထားခဲ့ဖူးသည်။ မဟာဘွဲ့ ရပြီးသည်နှင့် ယုကာဝါကဲ့သို့ တက္ကသိုလ်တွင် ဆက်နေပြီး ဒေါက်တာဘွဲ့ ရရန် ဆက်လက် သင်ယူသွားမည်ဟု သူ ယခင်က ဆုံးဖြတ်ခဲ့ဖူးသည်။

သူ၏ ဆန္ဒများ အကောင်အထည် ပေါ်မလာခဲ့ခြင်းမှာ သူ့မိဘနှစ်ပါးကို

အနီးကပ် စောင့်ရှောက်ရန် အရေးပေါ် လိုအပ်လာခဲ့သောကြောင့် ဖြစ်သည်။ သူ၏ မိဘနှစ်ပါးမှာ အရွယ် အိုမင်းနေသည့်အပြင် ရောဂါဝေဒနာများ ဖိစီးနေကြသည်။ အကယ်၍ အလုပ်လုပ်ရင်း ပညာဆက်သင်နေလျှင် မိဘနှစ်ပါး၏ နေ့စဉ် အသုံးစရိတ်ကို မည်သို့မျှ ကာမိနိုင်မည် မဟုတ်ပေ။

ထိုစဉ် ပါမောက္ခက သူ့အား သတင်းတစ်ခု ပေးလာခဲ့သည်။ အသစ်ဖွင့်လှစ်သော တက္ကသိုလ်တစ်ခုတွင် လက်ထောက်ကထိကနေရာများ လစ်လပ်နေသည်။ ထိုတက္ကသိုလ်သည် သူ့အိမ်နှင့် များစွာ အလှမ်းမကွာလှ။ သင်္ချာကို ဆက်လက်ပြီး သုတေသန လုပ်ခွင့် ရမည်ဆိုလျှင် ရာထူးဌာနန္တရသည် အရေးမကြီးတော့။ သို့ဖြင့် ထိုအလုပ်ကို သူ လက်ခံလိုက်သည်။ ထိုအချိန်မှ စ၍ သူ့ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်လာလေတော့သည်။

သူသည် ထိုတက္ကသိုလ်တွင် မည်သည့် သုတေသနကိုမျှ မလုပ်နိုင်ခဲ့။ ပါမောက္ခများသည် မိမိတို့၏ ရာထူးတည်မြဲရေး၌သာ အာရုံစိုက်နေကြသည်။ လူငယ်လက်သစ်တို့ကို မြေတောင်မြှောက်ပေးဖို့ရန် စိတ်ကူးမရှိကြ။ သူတို့ကိုယ်တိုင်လည်း မည်သည့် သုတေသနကိုမျှ ပြုလုပ်ရန် ဝါသနာ မပါကြချေ။ ပင်ပင်ပန်းပန်း ရေးသားပြုစုထားသော အိရှိုဂါမိ၏ သုတေသန စာတမ်းသည်လည်း ပါမောက္ခ၏ အံဆွဲထဲတွင် ဖုန်အလိမ်းလိမ်း တက်နေလေသည်။ ကျောင်းသားများ၏ အရည်အချင်းကလည်း နုံချာလွန်းလှသည်။ အထက်တန်း သင်္ချာအဆင့်ကိုမျှ မမီနိုင်ကြသော ကျောင်းသားများကို အချိန်ပေး သင်ကြားနေရသောကြောင့် သုတေသနလုပ်ရန် ကြံရွယ်ထားသည့် အိရှိုဂါမိ၏ အချိန်များကို လေလွင့်သွားစေခဲ့သည်။ အထက်ပါ ကိစ္စရပ်များကို ကြိတ်မှိတ်၍ သည်းညည်းခံနေရသည့်အပြင် ရရှိသော လစာမှာလည်း မဆိုစလောက်သာ။

သူသည် တခြား တက္ကသိုလ်သို့ ပြောင်းရွှေ့ရန် စိတ်ကူးမိသေးသည်။ သို့သော် ထင်သလောက် မလွယ်ကူ။ သင်္ချာဌာနဟူ၍ သီးသန့်ရှိသော တက္ကသိုလ် အရေအတွက်မှာ နည်းပါးလှသည်။ သင်္ချာဌာန ရှိသော တက္ကသိုလ်များတွင်လည်း ဘဏ္ဍာငွေ နည်းပါးလှသောကြောင့် လက်ထောက်ငှားရန် မတတ်နိုင်ကြပေ။ သင်္ချာပညာရပ်သည် အင်ဂျင်နီယာပညာရပ်များနှင့် မတူ။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် အင်ဂျင်နီယာဆိုင်ရာ သုတေသနလုပ်ငန်းအတွက် ထောက်ပံ့ရန် တန်းစီ စောင့်ဆိုင်းချင် စောင့်ဆိုင်းနေကြမည်။

သို့ဖြင့် အိရှိုဂါမိသည် သူ့ဘဝကို အပြောင်းအလဲ ဖြစ်စေမည့် ဆုံးဖြတ်ချက်တစ်ခုကို အမြန်ဆုံး ချလိုက်ရတော့သည်။ မှန်သည်။ သာမန် ကျောင်းဆရာတစ်ယောက်အဖြစ် အသက်မွေးရန် ရွေးချယ်ခဲ့ရခြင်း ဖြစ်သည်။ ၎င်းမှာ သင်္ချာပညာရှင်အဖြစ် အသက်မွေးမည်ဟူသော သူ၏ အိပ်မက်ကို

စွန့်လွှတ်လိုက်ရခြင်းပင် ဖြစ်သည်။

ထိုအကြောင်းကို ယုကာဝါအား ပြောပြနေလျှင်လည်း ဘာမျှ ထူးခြားလိမ့်မည် မဟုတ်ဟု အိရှိဂါမိက ယူဆသည်။ မိမိ၏ သုတေသန လုပ်ငန်းများကို မဖြစ်မနေ စွန့်လွှတ်ခဲ့ရသော လူတိုင်း၌ ထိုနည်းတူစွာသော နောက်ခံ အကြောင်းအရင်းများ ရှိနေကြသည်ချည်းသာ။ မိမိ၏ အဖြစ်သနစ်သည်လည်း များစွာ ထူးခြားလှမည် မဟုတ်ကြောင်း သူ ကောင်းစွာ နားလည်သည်။

အခန်း (၆ - ၁)

ဆူရှီနှင့် ဆာရှိမိတို့ ရောက်လာကြပြီ။ သူတို့သည် တစ်လုတ်စားလိုက် တစ်ခွက်မော့လိုက်ဖြင့် ယုကာဝါယူလာသော ဆာကေးပုလင်းလည်း မကြာခင် ကုန်သွားတော့သည်။ သို့ဖြင့် အိရှိဂါမိက သူ၏ ဝီစကီပုလင်းကို ထုတ်လာသည်။ သူသည် သာမန်အချိန်ဆိုလျှင် များစွာ သောက်လေ့မရှိပေ။ ခက်ခဲသော သင်္ချာပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်းပြီးသွားသော အချိန်၌သာ ဦးနှောက်ဆေးသည့်အနေဖြင့် အနည်းငယ် သောက်တတ်သည်။

သူတို့ သူငယ်ချင်းနှစ်ဦးသည် ရေပက်မဝင်အောင် တစ်ယောက်ကိုတစ်ယောက် ပြောဆိုနေကြသည်တော့ မဟုတ်။ သို့သော် ကျောင်းတော်ကြီးမှ နေ့ရက်များအကြောင်းကို ပြန်လှန် စားမြုံ့ပြန်ခြင်းနှင့် သင်္ချာအကြောင်း ပြောဆိုနေရသည်ကို သူ များစွာ နှစ်ခြိုက်လှသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်အတွင်းတွင် မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ ထိုသို့ လှိုက်လှိုက်လှဲလှဲ စကားပြောဆိုခြင်း မပြုခဲ့ဘဲ သူ မည်သို့ ဖြတ်သန်းခဲ့ရသနည်း ဆိုသည့်အချက်ကို သူ တွေးကြည့်နေမိသည်။ ကျောင်းတော်ကြီးမှ ထွက်ခွာလာပြီးနောက်တွင် တခြားသူတစ်ဦးနှင့် ဤသို့ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံခြင်းမှာ သူ့အတွက် ပထမဆုံးအကြိမ် ဖြစ်သည်။ ယုကာဝါမှ လွဲ၍ သူ့ကို မည်သူက နားလည်နိုင်မည်နည်း။ သူ၏ အထင်ကြီးမှုကို ယုကာဝါမှ လွဲ၍ မည်သူ ခံယူထိုက်ပါဦးမည်နည်း။

“အေးဟ၊ အရေးကြီးတဲ့ ကိစ္စကို မေ့တော့မလို့။ တော်သေးတယ်” ယုကာဝါက ရုတ်တရက် ပြောလိုက်ပြီး စက္ကူအိတ်ထဲမှ စာအိတ်ညိုကြီးတစ်လုံးကို ဆွဲထုတ်၍ အိရှိဂါမိ၏ အရှေ့တွင် ချထားလိုက်သည်။

“ဘာကြီးလဲ”

“မင်း ဖွင့်ကြည့်ကြည့်လေ” ယုကာဝါက ပြုံးဖြီးဖြီးနှင့် ပြောသည်။

စာအိတ်ထဲတွင် သင်္ချာပုံသေနည်းများနှင့် ပြည့်နှက်နေသော စာရွက်များ ထည့်ထားသည်။ အိရှိဂါမိသည် အပေါ်ဆုံးမှ တစ်ရွက်ကို ကောက်ယူပြီး ဖတ်ကြည့်လိုက်ရာ ချက်ချင်းဆိုသလို အကြောင်းအရာကို နားလည်သွားသည်။

“ရီးမန်အဆိုကို ချေပထားတဲ့ဟာလား”

“မင်းက တစ်ချက် ကြည့်လိုက်တာနဲ့ တန်းသိတာပဲ”

ရီးမန်အဆိုသည် ခေတ်သစ်သင်္ချာလောကတွင် အရေးအပါဆုံးသော မဖြေရှင်းနိုင်သေးသည့် ပြဿနာများထဲမှ တစ်ခု ဖြစ်သည်။ ဂျာမန် သင်္ချာပညာရှင် ဘန်းဟာ့ဒ် ရီးမန် (Bernhard Riemann) က တင်ပြထားသော အဆိုကို သက်သေပြရန် စိန်ခေါ်ခဲ့သည်။ ယခုအချိန်အထိ မည်သူမျှ သက်သေပြနိုင်ခြင်း မရှိသေးပေ။

ယုကာဝါ ယူလာသော သုတေသနစာတမ်းမှာ ရီးမန်၏ အဆိုကို မှားယွင်းကြောင်း သက်သေပြထားသော စာတမ်း ဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ သုတေသီများသည်လည်း ထိုနည်းတူစွာ ကြိုးစားလုံးပန်းနေကြကြောင်း အိရှိဂါမိ သိရှိထားပြီး ဖြစ်သည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ အောင်မြင်မှု မရသေးချေ။

“ငါတို့ တက္ကသိုလ်က သင်္ချာပါမောက္ခရဲ့ သဘောတူညီချက်နဲ့ ငါ ဒီဟာကို မိတ္တူဆွဲလာတာ။ ဘယ်စာစောင်မှာမှတော့ ပုံနှိပ်ဖော်ပြထားတာ မရှိသေးဘူး။ ချေပထားတာ အောင်မြင်တယ်လို့ မဆိုနိုင်ပေမယ့် လမ်းကြောင်းမှန်ပေါ်တော့ ရောက်နေပြီလို့ ယူဆရတာပဲ” ယုကာဝါက ပြောသည်။

“ရီးမန်အဆိုကို မှားတယ်လို့ ပြောချင်တာလား”

“လမ်းကြောင်းမှန်ပေါ် ရောက်နေပြီလို့ပဲ ပြောချင်တာပါ။ တကယ်လို့ ရီးမန်အဆိုက မှန်တယ် ဆိုရင် ဒီစာတမ်းပေါ်က တင်ပြချက်တွေထဲမှာ တစ်နေရာရာက မှားနေလို့ပဲ နေမှာပေါ့”

ယုကာဝါ၏ မျက်လုံးများက ချောက်တွန်းတတ်သော ကလေးတစ်ယောက်၏ မျက်လုံးများနှင့် တူနေသည်။ သူ ဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်လာခြင်း ရှိမရှိကို စူးစမ်းနေသည့်နှယ်။ အိရှိဂါမိက သူ၏ အကြံကို ချက်ချင်း ရိပ်မိသွားသည်။ သူ့ကို စိန်ခေါ်နေခြင်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ‘ဘိုးတော် အိရှိဂါမိ’ ၏ စွမ်းရည်များ နိမ့်ပါးယုတ်လျော့သွားခြင်း ရှိမရှိ ဆိုသည်ကို စမ်းသပ်လိုပေလိမ့်မည်။

“ငါ ယူကြည့်လို့ရမလား”

“မင်းအတွက် ယူလာတာပဲ”

အိရှိဂါမိက စာရွက်များကို စတင် ဖတ်ရှုနေတော့သည်။ တစ်ခဏအကြာတွင် သူ၏ စားပွဲခုံ ရှိရာသို့ ထသွားပြီး စက္ကူအလွတ်တစ်ရွက်ကို အရှေ့တွင် ချထား၍ ဘောပင်ကို ကောက်ကိုင်လိုက်လေသည်။

“P = NP ဆိုတဲ့ ပုစ္ဆာကို မင်း သိတယ်မဟုတ်လား” ယုကာဝါသည် သူ၏

နောက်ကျောမှနေ၍ လှမ်းပြောသည်။

အိရိုဂါမိက လှည့်ကြည့်သည်။ "ကိုယ်တိုင်အဖြေရှာတာနဲ့ သူများရှာထားတဲ့အဖြေကို မှန်မမှန် စစ်ဆေးတာ ဘယ်ဟာက ပိုလွယ်သလဲ။ ဒါမှမဟုတ် ဘယ်လောက်အတိုင်းအတာထိ ခက်ခဲသလဲ ဆိုတာကို တွက်ချက်တဲ့ သင်္ချာပုစ္ဆာ မဟုတ်လား။ ဖြေရှင်းနိုင်တဲ့သူကို ဆုချမယ်လို့ ခလေးသင်္ချာသုတေသနအဖွဲ့ကနေ ထုတ်ပြန်ထားတဲ့ ပုစ္ဆာတွေထဲက တစ်ခုပေါ့"

"မိုက်တယ်ပေါ့" ယုကာဝါက ပြုံးလျက် ဖန်ခွက်ကို ကောက်ကိုင်သည်။

အိရိုဂါမိသည် စားပွဲဘက်သို့ ပြန်လှည့်သွားသည်။ သင်္ချာသည် သိုက်တူးရသည့် အလုပ်နှင့် တူသည်ဟု သူ ထင်သည်။ ပထမဆုံးအနေဖြင့် တူးဖော်ရမည့်နေရာ သို့မဟုတ် စမှတ်ကို ရွေးချယ်ဆုံးဖြတ်ရမည်။ ထို့နောက် ရလဒ် သို့မဟုတ် ပန်းတိုင်ရှိရာသို့ ဦးတည်နိုင်မည့် သင့်တင့်လျော်ကန်သည့် လမ်းအူကြောင်းကို သတ်မှတ် ပြဋ္ဌာန်းရမည်။ ဤသို့သော အစီအစဉ် ရှိလာသည်နှင့် တစ်ပြိုင်နက် ၎င်းအစီအစဉ်နှင့် ကိုက်ညီမည့် အယူအဆ သို့မဟုတ် ပုံသေနည်းများ ချမှတ်ကာ ရရှိလာသည့် သဲလွန်စအတိုင်း ရလဒ်ရှိရာသို့ တူးဆွသွားနိုင်သည်။ အကယ်၍ လက်ဗလာနှင့် အချည်းနှီး ဖြစ်ခဲ့လျှင်လည်း အစသို့ ပြန်ဦးလှည့်ကာ နောက်ထပ် လမ်းအူကြောင်းအသစ်ကို ရွေးချယ်ရပြန်သည်။ ထို့သို့ စိတ်လက်ရှည်စွာ အပြန်ပြန် ကျော့ခြင်းအားဖြင့် ယခင်က မည်သူမျှ မတွေ့ရှိဖူးသော ရတနာသိုက် သို့မဟုတ် ရလဒ်တစ်ခုကို ရှာဖွေ တွေ့ရှိလာနိုင်သည်။

သူတစ်ပါး၏ အဖြေကို သက်သေပြရခြင်းမှာ တခြားလူတစ်ယောက် ရွေးချယ်ဖောက်လုပ်ထားသော လမ်းအူကြောင်းကို လိုက်ရသည်နှင့် တူသည်။ အမြင်အားဖြင့် လွယ်ကူသည်ဟု ထင်ရသော်လည်း လက်တွေ့တွင် ထိုမျှ မရိုးရှင်းလှပေ။ အကယ်၍ လမ်းမှားလိုက်မိပြီဆိုလျှင် ရတနာတုနှင့် ကြုံဆုံရတော့သည်။ ၎င်းကို အတုဖြစ်ကြောင်း သက်သေပြရသည်မှာ အဖြေမှန်ကို ရှာသည်ထက်ပင် ပို၍ လက်ဝင်တတ်သည်။ ထို့ကြောင့်လည်း P = NP ကဲ့သို့သော စဉ်းစားရကျပ်သည့် ပုစ္ဆာမျိုးကို လူတချို့က တင်ပြလာခဲ့ကြသည်။

အိရိုဂါမိသည် ပုစ္ဆာထဲတွင် နစ်မြုပ်သွားပြီး အချိန်ကာလကို လုံးဝ မေ့လျော့သွားသည်။ ယှဉ်ပြိုင်လိုစိတ်၊ စူးစမ်းလိုစိတ်နှင့် မာန်မာနတို့က သူ့ကို အားဖြည့်ပေးနေသော လောင်စာများနှယ် သူ၏ ဦးနှောက်ကို မောင်းနှင်နေလေသည်။ သူ၏ မျက်လုံးများသည် သင်္ချာဂဏန်းများမှ တစ်စက္ကန့်မျှ ခွဲခွာသွားသည် မရှိ။ ဈာန်ဝင်စားနေသော ရသေ့ရဟန်းကဲ့သို့ ထိုစာရွက်ပေါ်၌သာ အာရုံကို စူးစိုက်ထားသည်။

"အား" အဲရှိုဂါမိက ရုတ်တရက် ထရပ်လိုက်သည်။ ပုစ္ဆာစာရွက်ကို လက်တွင် ဆုပ်ကိုင်ထားလျက် ဘေးဘက်သို့ လှည့်ကြည့်လေသည်။ ယုကာဝါသည် သူ၏ ကုတ်အင်္ကျီကို ခြုံလျက် ကြမ်းပြင်ပေါ်တွင် ဘောလုံးတစ်လုံးကဲ့သို့ ကွေးကွေးလေး အိပ်ပျော်နေသည်။ အဲရှိုဂါမိသည် သူ့အနားသို့ လျှောက်သွားပြီး သူ့ပခုံးကို လှုပ်ယမ်းလိုက်သည်။ "ထ ထ၊ ငါ သဘောပေါက်သွားပြီ"

ယုကာဝါသည် အိပ်မှုန်စုံမွှားနှင့် ထလာပြီး မျက်နှာကို လက်ဖြင့် ပွတ်သပ်နေရင်း အဲရှိုဂါမိကို ငေးကြည့်နေသည်။ "မင်း ဘာတွေ ပြောနေတာလဲ"

"ငါ ရသွားပြီ။ ဝမ်းနည်းစရာပဲ။ သူ့ချေပချက်က တလွဲကြီး။ သူရဲ့ ချဉ်းကပ်ပုံက စိတ်ဝင်စားစရာ ကောင်းပေမယ့် သုဒ္ဓကိန်းတွေကို ဖြန့်ကြက်တဲ့ နေရာမှာ အခြေခံအမှားတစ်ခု ပါနေတယ်"

"နေပါဦး၊ ခဏနေပါဦး" ယုကာဝါက အဲရှိုဂါမိ၏ မျက်နှာအရှေ့သို့ လက်တစ်ဘက် ဆန့်တန်းလိုက်သည်။ "ငါ အခုမှ အိပ်ချင်မူးတူးပဲ ရှိသေးတာဆိုတော့ မင်း ဘာပြောပြော နားလည်နိုင်မယ် မထင်ဘူး။ အဲ အိပ်ချင်မူးတူး ဖြစ်နေလို့ရယ်ကြောင့်လည်း မဟုတ်သေးဘူး။ နိုးနိုးကြားကြား ရှိနေတောင် နားမလည်နိုင်လောက်ဘူး။ အမှန်အတိုင်း ဝန်ခံရရင် ရီးမန်အဆိုအကြောင်း ငါ့ကို လာပြောရင် ကျွဲပါးစောင်းတီးသလို ဖြစ်နေမှာပဲ။ မင်း စိတ်ဝင်စားလောက်တယ်လို့ ယူဆလို့ မင်းအတွက် ယူလာပေးတာ"

"ဦးတည်ရာ မှန်တယ်လို့ မင်းပဲ ပြောခဲ့တာလေ"

"အဲဒါလား။ သင်္ချာပါမောက္ခဆီက ကြားခဲ့တာပါကွာ။ သူကလည်း အဲဒီ ချေပချက်ကို မှားမှန်းသိလို့ တရားဝင် မထုတ်ပြန်ခဲ့တာပေါ့"

"ဒါဆို သူ့အမှားကို ငါ ရှာနိုင်တယ် ဆိုတာလည်း ဘာမှ အထူးအဆန်း မဟုတ်တော့ဘူးပေါ့" အဲရှိုဂါမိက စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်သည်။

"ဘယ်ဟုတ်မလဲ။ တကယ့်ကို ချီးကျူးစရာပေါ့။ ငါတို့ရဲ့ သင်္ချာပါမောက္ခက ပြောတယ်။ ထိပ်တန်း သင်္ချာပညာရှင်တွေတောင် ဘာလွဲမှားနေတယ် ဆိုတာကို တစ်ထိုင်တည်းနဲ့ အဖြေရှာနိုင်မယ် မထင်ဘူးတဲ့" ယုကာဝါက နာရီကို ငုံ့ကြည့်သည်။ "မင်းက ၆ နာရီတည်းနဲ့ အဖြေရှာနိုင်ခဲ့တာလေ။ ဘယ်လောက် မိုက်သလဲ"

"၆ နာရီ?" အဲရှိုဂါမိက ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ကောင်းကင်တွင် ရောင်နီများ ပျို့အန်စ ပြုနေပြီ။ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်သောအခါ ၅ နာရီပင် ထိုးလုတော့မည်။

"မင်းက တစ်စက်ကလေးမှ ပြောင်းလဲမသွားသေးဘူး။ ဒါဆို ငါ စိတ်ချသွားပြီ" ယုကာဝါက ပြောသည်။ "ဘိုးတော် အိရှိုဂါမိဆိုတဲ့ ဂုဏ်ပုဒ်ကို အခုထိ ထိန်းထားနိုင်တုန်းပဲ"

"ဆောရီးပဲ။ မင်း ရှိနေသေးတယ် ဆိုတာကို ငါ လုံးလုံး မေ့သွားတယ်"

"ကိစ္စမရှိပါဘူး။ ဒါပေမယ့် မင်းကတော့ အနားယူဖို့ လိုလိမ့်ဦးမယ် ထင်တယ်။ ဒီနေ့ အတန်း ရှိသေးတယ် မဟုတ်လား"

"အင်း။ ဒါပေမယ့် စိတ်လှုပ်ရှားလွန်းလို့ အိပ်ချင်စိတ်တောင် ပျောက်နေတယ်။ အခုလို တစ်ခုခုအပေါ် အာရုံမစူးစိုက်ဖြစ်တာတောင် အတော်ကြာသွားခဲ့ပြီ။ ကျေးဇူးပဲ" အိရှိုဂါမိက လက်တစ်ဘက်ကို ရှေ့သို့ ဆန့်တန်းလိုက်သည်။

"ကြည့်ရတာ ငါလာလိုက်တာ အကျိုးရှိသွားပြီ" ယုကာဝါက အိရှိုဂါမိ၏ လက်ကို မြဲမြဲ ဆုပ်ကိုင်လိုက်သည်။

"ငါလည်း မင်းကို တွေ့ရတာ အရမ်း ဝမ်းသာတယ်" အိရှိုဂါမိက ခေါင်းညိတ်ပြသည်။ "ကိုယ့်အိမ်လို့ သဘောထားပြီး လွတ်လွတ်လပ်လပ်နေကွာ။ ရထားတွေ ထွက်ဖို့ကလည်း အချိန်နည်းနည်း စောနေသေးတယ်"

အိရှိုဂါမိသည် နံနက် ၇ နာရီအထိ တစ်မှေးမျှ အိပ်ပျော်သွားသည်။ ပင်ပန်းလွန်းသောကြောင့် သို့မဟုတ် ရင်ထဲ ဝမ်းသာပီတိ ဖြစ်သောကြောင့်လားဟု မဆိုနိုင်။ အိပ်ချိန်မှာ တိုတောင်းလွန်းလှသော်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပြီး နိုးလာသောအခါတွင်လည်း အိပ်ရေးဝကာ နိုးကြားနေလေသည်။

အိရှိုဂါမိသည် အလုပ်သို့ သွားရန် ပြင်ဆင်နေစဉ် ယုကာဝါထံမှ စကားသံ ထွက်ပေါ်လာသည်။ "မင်းရဲ့ အိမ်နီးချင်းက ထတာ အတော် စောတာပဲ"

"အိမ်နီးချင်း?"

"စောစောတုန်းက အိမ်တံခါးဖွင့်သံ ကြားလိုက်ရတယ်။ အဲဒီတုန်းက ၆ နာရီခွဲပဲ ရှိသေးတာ"

အိရှိုဂါမိက သူ့ကို လှုပ်နှိုးလိုက်ပြီး နောက်ပိုင်းတွင် ယုကာဝါသည် လုံးဝ ပြန်မအိပ်တော့ပေ။

အိရှိုဂါမိက မည်သို့ တုံ့ပြန်ရမည်ကို စဉ်းစားနေစဉ် ယုကာဝါက သူ့စကားကို ဆက်ပြောလေသည်။ "မင်းရဲ့အကြောင်း ငါ့ကို အသိပေးခဲ့တဲ့

ရဲအရာရှိ ကုစာနာဂိ ပြောလို့ သိရတာလေ။ မင်းရဲ့ အိမ်ဘေးမှာ သံသယတရားခံ ရှိတယ်ဆိုလို့ သူက မင်းဆီ ရောက်လာခဲ့တာ မဟုတ်လား"

အိရှိုဂါမိက တည်ငြိမ်သည့် ဟန်အမူအရာဖြင့် အပေါ်ဝတ် ကုတ်အင်္ကျီကို ထပ်ဝတ်နေသည်။ "သူက မင်းကို အမှုကိစ္စအကြောင်း ပြောပြတယ်လား"

"တစ်ခါတလေ ငါ့ဆီလာပြီး လေပစ်နေတတ်တယ်။ အဲဒီလိုအချိန်မှာ သူ့အလုပ်အကြောင်း ပွစိပွစိနဲ့ ငြီးငြူနေတတ်တာပဲ"

"ဘာအမှုလဲ။ သူ့နာမည်က ...... ကုစာနာဂိ ဟုတ်တယ်မလား။ သူက ငါ့ကိုတော့ အမှုအကြောင်း ဘာမှ ဂဃနဏ ရှင်းပြမသွားဘူး"

"လူတစ်ယောက် အသတ်ခံရတယ် ပြောတာပဲ။ မင်းအိမ်နီးချင်းရဲ့ ခင်ပွန်းဟောင်းတဲ့"

"ဩော်" အိရှိုဂါမိက မျက်နှာသေဖြင့် ပြန်ဖြေသည်။

"မင်းနဲ့ ဘေးအိမ်ကနဲ့ အဆက်အသွယ် မရှိဘူးလား" ယုကာဝါက မေးသည်။

အိရှိုဂါမိ၏ ဦးနှောက်မှာ အတန်ငယ် အလုပ်ရှုပ်သွားသည်။ သူ၏ လေသံကို နားထောင်ကြည့်ခြင်းအားဖြင့် ယုကာဝါသည် တစ်စုံတစ်ရာကို သံသယ ရှိနေသောကြောင့် မေးမြန်းနေခြင်းမျိုး မဟုတ်။ သူ့အနေဖြင့် အဆင်ပြေသလို ဖြေကြားနိုင်သည်ဟု သူ ယူဆသည်။ သို့သော် ယုကာဝါနှင့် ကုစာနာဂိတို့ ခင်မင်ရင်းနှီးနေကြသည်ကို သူ ထည့်မတွက်၍ မဖြစ်။ ယုကာဝါသည် သူ့အိမ်သို့ အလည်ရောက်ခဲ့သည့်အကြောင်းကို ကုစာနာဂိအား ပြောကောင်း ပြောပြနိုင်သည်။ ထိုအချက်ကို ထည့်သွင်းစဉ်းစားရပါမူ သူ၏အဖြေသည် ပြီးစလွယ် ဖြေ၍ မဖြစ်မှန်း သိသာနေသည်။

"အဆက်အသွယ် မရှိပါဘူး။ ဒါပေမယ့် မစ္စဟာနာအိုကာက ..... အဲ မစ္စဟာနာအိုကာ ဆိုတာ ဘေးအိမ်ကတစ်ယောက်ပေါ့။ သူအလုပ်လုပ်နေတဲ့ ထမင်းဆိုင်ကိုတော့ ငါ အမြဲ ရောက်တတ်တယ်။ အဲဒီအကြောင်း ရဲတွေကို ပြောဖို့ ငါ မေ့သွားတယ်"

"ဩော် ... ထမင်းဆိုင်မှာ လုပ်တာလား" ယုကာဝါက ခေါင်းညိတ်နေသည်။

"သူ အဲဒီမှာ အလုပ်လုပ်နေလို့ သွားတာမျိုး မဟုတ်ပါဘူးကွာ။ ငါ အမြဲ အားပေးနေကျဆိုင်မှာ သူက အလုပ်လုပ်နေတာကိုး။ အဲဒီဆိုင်က ငါတို့

ကျောင်းနားမှာလေ”

“အင်း။ သူနဲ့က မေးထူးခေါ်ပြောလောက်ပဲ ဆိုပေမယ့် သူ့ကို သံသယတရားခံမှန်း သိလိုက်ရတော့ စိတ်ထဲ တစ်မျိုးကြီး ဖြစ်မသွားဘူးလား”

“မဖြစ်ပါဘူး။ ငါနဲ့ ဘာမှမှ မဆိုင်တာ”

“ဒါလည်း ဟုတ်တာပဲ” ယုကာဝါက ဘာမျှ သံသယ ဖြစ်ပုံမရ။

သူတို့နှစ်ဦးသည် ၇ နာရီခွဲတွင် အိမ်မှ ထွက်လာကြသည်။ ယုကာဝါသည် အနီးဆုံး မှတ်တိုင်ရှိရာသို့ ထွက်ခွာသွားခြင်း မပြုဘဲ အိရှိုဂါမိနှင့်အတူ လိုက်လာခဲ့သည်။ သူ၏ ကျောင်းနားမှ ဓာတ်ရထားစီးလျှင် ရထားပြောင်းစီးရသော ဒုက္ခမှ သက်သာသွားနိုင်သည်။

ယုကာဝါသည် အမှုနှင့် ဟာနာအိုကာ ယာစုကိုအကြောင်းတို့ကို လုံးဝ မပြောတော့ပေ။ သူသည် ကုစာနာဂိ၏ အကူအညီ တောင်းခံမှုကြောင့် မိမိထံသို့ လာရောက်၍ စနည်းနာနေခြင်း ဖြစ်မည်လောဟု အိရှိုဂါမိက သံသယ ဝင်နေခဲ့မိသည်။ အတွေးလွန်နေခြင်းသာ ဖြစ်ရပေလိမ့်မည်။ ကုစာနာဂိ အနေဖြင့် ထိုသို့သော နည်းလမ်းဖြင့် သူ့ထံသို့ ချဉ်းကပ်ရန် ခိုင်လုံသော အကြောင်းပြချက် မရှိချေ။

“ဒီလမ်းကြောင်းက အတော် စိတ်ဝင်စားစရာ ကောင်းတာပဲ” ထိုစကားကို ယုကာဝါ ပြောလိုက်စဉ်တွင် သူတို့သည် ရှင်-အိုဟာရှိတံတားအောက်မှ ဖြတ်ပြီး ဖြည်းညင်းစွာ စီးဆင်းနေသော ဆုမိဒမြစ်ဘေးတစ်လျှောက် လမ်းလျှောက်နေကြသည်။ သူတို့၏ မလှမ်းမကမ်းတွင် အိုးမဲ့အိမ်မဲ့တို့၏ တဲစုတ်ကလေးများကို လှမ်းမြင်နေရသည်။

ဆံပင်အဖြူကို အနောက်တွင် ထုံးချည်ထားသော အမျိုးသားက အဝတ်လှန်းနေသည်။ ထိုသူ၏ အနောက်တွင် ‘ကိုဘူးခွံ’ သည် သူ၏ နိစ္စဓူဝ အလုပ်ထဲတွင် နစ်မြုပ်နေသည်။

“ဒီမြင်ကွင်းက ဘယ်တော့မှ ပြောင်းလဲမသွားဘူး” အိရှိုဂါမိက ပြောသည်။ “တစ်လလုံးလုံး ဒီပုံစံအတိုင်းပဲ သွားနေကြတာ။ နာရီတစ်လုံးလိုပဲ အမြဲတမ်း အချိန်မှန်မှန် လှုပ်ရှားနေကြတယ်”

“လူတစ်ယောက်ဟာ အချိန်ရဲ့ ကန့်သတ်ချက်ကနေ လွတ်မြောက်သွားတာနဲ့ အဲဒီလို ဖြစ်သွားတော့ပဲ”

“သိပ်ဟုတ်တာပေါ့”

သူတို့သည် ကိယိုစုတံတား မရောက်ခင်တွင် လှေကားပေါ်သို့ တက်လိုက်ကြသည်။ အနီးရှိ ကုမ္ပဏီရုံးခန်းများနှင့် ပြည့်နှက်နေသည့် အဆောက်အအုံကြီးက သူတို့ကို အရိပ်မိုးထားသည်။ အိရှိဂါမိသည် ထိုအဆောက်အအုံကြီး၏ မှန်တံခါးတွင် ထင်ဟပ်နေသော သူတို့၏ ပုံရိပ်များကို ကြည့်လျက် သူ့ခေါင်းကို ခါယမ်းနေမိသည်။

"အခုလို နုပျိုနေအောင် မင်း ဘယ်လိုများ လုပ်ထားတာလဲ။ ကြည့်စမ်းပါဦး၊ မင်းနဲ့ငါက ကွာချင်တိုင်း ကွာနေတော့တာပဲ။ မင်းရဲ့ ခေါင်းပေါ်မှာတော့ ဆံပင်တွေ အပြည့် ရှိနေသေးတယ်"

"ဘယ်ကလာကွာ။ ငါလည်း အိုပြီးကွ။ ခေါင်းပေါ်က အဲဒီဆံပင်တွေကို အသာထားဦး။ သူ့အောက်မှာ ရှိတဲ့ ဦးနှောက်ကတော့ တစ်နေ့တခြား ထိုင်းထိုင်းလာသလိုပဲ"

"မင်းက လောဘကြီးတာကိုး"

အိရှိဂါမိ၏ နှုတ်ခမ်းတွင် ပြုံးရောင် သမ်းနေသော်လည်း သူ့စိတ်ထဲ အနည်းငယ် စိုးရိမ်စ ပြုလာသည်။ ဤသို့သာ ဆက်လိုက်လာမည် ဆိုလျှင် ယုကာဝါသည် ဘန်တန်တိုင်အထိပင် လိုက်ပါလာမည့် သဘောရှိနေသည်။ မိမိနှင့် ဟာနာအိုကာ ယာစုကိုတို့၏ ဆက်ဆံရေးနှင့် ပတ်သက်၍ စူးစမ်းမှု အားကောင်းသော ဤဥာဏ်ကြီးရှင်သည် တစ်စုံတစ်ခုကိုများ အကဲခတ် တွေ့ရှိသွားနိုင်မည်လား။ သူ့ရင်ထဲ စိုးရိမ်စိတ်များ လျှံတက်လာသည်။ ထို့အပြင် အိရှိဂါမိနှင့် သူစိမ်းယောက်ျားတစ်ယောက်တို့ ဆိုင်ထဲသို့ ဝင်လာသည်ကို မြင်လိုက်ရသော ယာစုကိုသည် မူမှန်အတိုင်း ဣန္ဒြေမပျက်ဘဲ နေနိုင်ပါမည်လော။

ထမင်းဆိုင်၏ ဆိုင်းဘုတ်ကို မြင်ရသောအခါ အိရှိဂါမိက လက်ညှိုးဖြင့် ညွှန်ပြလိုက်သည်။ "ဟောဟိုဟာက ငါပြောတဲ့ ထမင်းဆိုင်ပဲ"

"ဘန်တန်တိုင်၊ ဆိုင်နာမည်က ချစ်စရာပဲ"

"ငါ ထမင်းဟင်း သွားဝယ်လိုက်ဦးမယ်"

"ဒါဆို ငါ မင်းနဲ့ ဒီမှာ လမ်းခွဲကြတာပေါ့" ယုကာဝါ၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

အိရှိဂါမိက ထိုသို့ မျှော်လင့်မထားခဲ့သော်လည်း ကျိတ်၍ ဝမ်းသာနေမိသည်။

"မင်းကို ကောင်းကောင်း ဧည့်မခံနိုင်ခဲ့တာ စိတ်မကောင်းဘူး။ ဆောရီးပဲ"

"ဟာ … အဲဒါတွေ မလိုအပ်ပါဘူးကွာ" ယုကာဝါက မျက်လုံးများကို မှေးလိုက်သည်။ "မင်းရဲ့ သုတေသနတွေကို ဆက်လုပ်နိုင်ဖို့ တက္ကသိုလ်ကို တကယ်ပဲ ပြန်မလာချင်တော့ဘူးလား"

အိရှိုဂါမိက ခေါင်းခါသည်။ "တက္ကသိုလ်မှာ လုပ်လို့ ရသမျှ အကုန်လုံးကို ငါတစ်ကိုယ်တည်းလည်း လုပ်လို့ ရနေတာပဲ။ ပြီးတော့ အခု ငါ့အသက်အရွယ်ကြီးနဲ့ ဘယ်တက္ကသိုလ်ကမှလည်း ငါ့ကို လက်ခံချင်မှာ မဟုတ်တော့ဘူး"

"အဲဒီလိုတော့ မထင်ဘူး။ ထားပါတော့လေ။ မင်း ရည်မှန်းထားသမျှ အောင်မြင်ပါစေလို့ပဲ ဆုတောင်းပေးလိုက်ပါတယ်"

"မင်းလည်း အတူတူပဲပေါ့"

"မင်းနဲ့ တွေ့ရတာ အရမ်း ဝမ်းသာတာပဲ"

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်ကြပြီးနောက် ထွက်ခွာသွားသော ယုကာဝါ၏ ကျောပြင်ကို အိရှိုဂါမိက ငေးကြည့်နေမိသည်။ ထိုသို့ ကြည့်နေခြင်းမှာ လွမ်းတသသ ဖြစ်နေ၍ မဟုတ်။ ဘန်တန်တိုင်ထဲသို့ သူ ဝင်သွားသည်ကို ယုကာဝါအား မမြင်စေချင်သောကြောင့်သာ ဖြစ်သည်။

ယုကာဝါ၏ ပုံရိပ်သည် မြင်ကွင်းထဲမှ လုံးဝ ပျောက်ကွယ်သွားသောအခါ အိရှိုဂါမိသည် တစ်ဘက်သို့ ပြန်လှည့်ပြီး ဆိုင်ဘက်သို့ ခြေလှမ်းသွက်သွက် လှမ်း၍ လျှောက်သွားတော့သည်။

အခန်း (၇)

အိရိုဂါမိ၏ မျက်နှာကို မြင်ရသောအခါတွင် ယာစုကိုသည် သက်မကို ချလိုက်မိသည်။ သူ၏ မျက်နှာမှာ တည်ငြိမ်နေသည်။ ထိုအခြင်းအရာကို မြင်ရခြင်းအားဖြင့် သူမ၏ စိတ်သည်လည်း အလိုလို တည်ငြိမ်သွားတော့သည်။ ယမန်နေ့ညက ညဉ့်နက်သည်အထိ သူ့အိမ်တွင် ဧည့်သည်ရောက်နေသည်ကို သူမ သတိထားမိသည်။ စကားပြောသံများ ကြားနေခဲ့သည်။ ထိုဧည့်သည်များသည် ရဲအရာရှိများ ဖြစ်နေမည်လောဟု သူမက ရင်တမမနှင့် ဘုရားတ,နေခဲ့သည်။

"ရှယ်ဟင်းလျာ တစ်ပွဲပေးပါ" သူသည် ယခင်က ပုံစံအတိုင်း အသက်မပါသော အသံမျိုးဖြင့် အော်ဒါမှာနေသည်။ ယခင်ကကဲ့သို့ပင် ယာစုကိုကို တစ်ချက်ကလေးမျှပင် မကြည့်။

"ဟုတ်ကဲ့၊ ရှယ်တစ်ပွဲ ပါဆယ်။ ကျေးဇူးတင်ပါတယ်ရှင်" သူက ပြန်လှန်ဖြေကြားပြီးနောက် အသံကို နှိမ့်လိုက်သည်။ "မနေ့ညက ဆရာ့အိမ်မှာ ဧည့်သည် ရောက်နေတာလား"

"အမ် … အင်း ဟုတ်ကဲ့" အိရိုဂါမိက ခေါင်းမော့ကြည့်သည်။ ထူးဆန်းသောအကြည့်ဖြင့် မျက်တောင် တဖျတ်ဖျတ် ခတ်နေသည်။ ဘေးဘီကို အကဲခတ်လိုက်ပြီး အသံကို နှိမ့်လျက် ပြန်ပြောသည်။ "ကျွန်တော်နဲ့ စကားမပြောတာ ကောင်းမယ်။ ရဲတွေက တစ်နေရာရာကနေ ချောင်းကြည့်နေလောက်တယ်"

"ဆောရီး" ယာစုကိုက ပြောပြီး ကောင်တာအနောက်သို့ ကွယ်ဝင်သွားသည်။

ပါဆယ် ရောက်မလာသေးမီ သူတို့နှစ်ဦးလည်း တစ်ဦးကိုတစ်ဦး ဘာမျှ မပြောကြတော့ဘဲ တိတ်ဆိတ်နေကြသည်။ မျက်လုံးချင်းပင် မဆုံမိစေရန် ရှောင်လွှဲနေကြလေသည်။ ယာစုကိုက လမ်းမဘက်သို့ အကဲခတ်ကြည့်နေမိသည်။ မိမိကို ချောင်းကြည့်မိသူ ရှိနေမည်လော။ တစ်ယောက်မျှ မတွေ့။ သို့သော် သူမကို အမှန်တကယ် စောင့်ကြည့်နေသူ ရှိနေပြီ ဆိုလျှင်လည်း လူမြင်ကွင်းထဲတွင် ပေါ်ပေါ်ထင်ထင် နေနေကြမည် မဟုတ်ပေ။

ပါဆယ်ကို အသေအချာ ထုပ်ပိုးပြီးနောက် ယာစုကိုက သူ့ထံသို့ ကမ်းပေးလိုက်သည်။

"ကျောင်းတုန်းက သူငယ်ချင်းပါ" သူက ပိုက်ဆံပေးနေရင်း လှမ်းပြောသည်။

"ဩော်"

"တက္ကသိုလ်တုန်းက သူငယ်ချင်းတစ်ယောက် ကျွန်တော့်ဆီ လာလည်တာ။ ခင်ဗျားတို့ကို အနှောင့်အယှက် ဖြစ်သွားခဲ့တယ် ထင်တယ်။ တောင်းပန်ပါတယ်" အိရှိဂါမိက တတ်နိုင်သလောက် နှုတ်ခမ်းမလှုပ်ဘဲ စကားပြောနေသည်။

"ဟင့်အင်း၊ မဖြစ်ပါဘူး" ယာစုကိုက ပြောပြီး ပြုံးလိုက်မိသည်။ သို့သော် သူတစ်ပါး မြင်သွားမည် စိုးသောကြောင့် သူမက ခေါင်းကို ချက်ချင်း ငုံ့ချလိုက်သည်။ "ဆရာ့အိမ်ကို ဧည့်သည်တွေ လာလို့ ကျွန်မက ထူးဆန်းနေတာ"

"ဒါ ပထမဆုံးပဲ။ ကျွန်တော်လည်း ထင်တောင် ထင်မထားဘူး"

"ရှင် အရမ်းပျော်မှာပေါ့"

"ဟုတ်ကဲ့ ....." အိရှိဂါမိသည် ပါဆယ်ထုပ်ကို လှမ်းယူလိုက်သည်။ "ဒါဆို ညမှ တွေ့ကြတာပေါ့"

ညတွင် သူမထံသို့ ဖုန်းဆက်လာမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ယာစုကိုက ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

လမ်းမပေါ်သို့ တက်သွားသော အိရှိဂါမိ၏ ကျောပြင်ကို ငေးကြည့်နေရင်း သူမက တွေးနေမိသည်။ လူ့လောကနှင့် အဆက်ဖြတ်ကာ အိမ်တွင်းအောင်းနေသည့် သူကဲ့သို့သော လူတစ်ယောက်တွင် အိမ်လာလည်မည့် သူငယ်ချင်းတစ်ယောက်တော့ ရှိနေသေးသည်။

နံနက်ခင်း လူကျချိန် လွန်သွားသောအခါ ယာစုကိုသည် ယခင်ကကဲ့သို့ အနောက်ဘက် မီးဖိုချောင်ထဲသို့ ဝင်ကာ စာယိုကိုတို့နှင့် စကားသွားပြောနေသည်။ စာယိုကိုသည် မုန့်အချိုများကို နှစ်သက်သူတစ်ယောက် ဖြစ်သည်။ သူမက ယာစုကိုကို ပဲကိတ်တစ်တုံး လှမ်းပေးသည်။ မုန့်အငန်များကိုသာ အာသီသရှိသော ယိုနာဇာဝါသည် ပဲကိတ်ကို အဖက်မလုပ်ဘဲ လက်ဘက်ရည်ကြမ်းကိုသာ သောက်နေလေသည်။ ကာနဲကိုမှာမူ အပြင်ထွက်၍ ကုန်ပို့နေသည်။

"မနေ့က ဟိုကောင်တွေ နင့်ကို လာရှာကြသေးလား" စာယိုကိုက လက်ဘက်ရည်ကြမ်း တစ်ငုံသောက်ပြီး ယာစုကိုကို မေးလာသည်။

"ဘယ်သူ့ကို ပြောတာလဲ"

"ဟိုကောင်တွေလေဟာ၊ ရဲတွေပေါ့" စာယိုကိုက မျက်မှောင်ကြုတ်နေသည်။ "အဲဒီကောင်တွေက နင့်ယောက်ျားအကြောင်းကိုပဲ ငါ့ကို အသည်းအသန် မေးနေတာ။ မနေ့က နင့်ဆီလည်း သွားရှာဦးမှာပဲလို့ ငါတို့က ထင်နေကြတာ။ ဟုတ်တယ်မလား" သူမက သူ့ယောက်ျားဘက်သို့ လှည့်ပြီး ကြည့်လိုက်သည်။ တိတ်ဆိတ်စွာ ထိုင်နေသော ယိုနာဇာဝါက ခေါင်းကို ဆတ်ပြသည်။

"မနေ့ညက ဘာမှ မဖြစ်ပါဘူး"

ကျောင်းမှ ထွက်သည်နှင့် မီစာတိုကို ခေါ်ယူမေးမြန်းခြင်း ခံခဲ့ရသော်လည်း ထိုအကြောင်းကို သူတို့အား မပြောပြရန် ယာစုကိုက ဆုံးဖြတ်လိုက်သည်။

"မလာတာပဲ ကောင်းတယ်။ အဲဒီရဲတွေက ပေကတ်ကတ်နဲ့"

"သူတို့ကလည်း သူတို့အလုပ် သူတို့ လုပ်နေတာပါကွာ။ မေးစရာရှိတာ မေးမှာပေါ့" ယိုနာဇာဝါက ဝင်ပြောသည်။ "ယာစုကိုကို သံသယ ဝင်နေကြတာမှ မဟုတ်ဘဲ။ သူတို့ရဲ့ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်နေကြတာ နေမှာပေါ့"

"ဟုတ်မှာပါ။ သူတို့ကလည်း အစိုးရဝန်ထမ်းတွေပဲကိုး။ တိုဂါရှိ ငါတို့ဆိုင်ကို လာမသွားတာပဲ ခပ်ကောင်းကောင်းရယ်။ တကယ်လို့သာ အသတ်မခံရခင် ဒီကို လာသွားတယ်ဆိုရင် ရဲတွေက ယာစုကိုကို နည်းနည်းမှ အလွတ်ပေးမှာ မဟုတ်တော့ဘူး"

"အလကားနေရင်း သူ့ကို ဖြဲခြောက်မနေစမ်းပါနဲ့ကွာ" ယိုနာဇာဝါက လှောင်ပြုံး ပြုံးနေသည်။

"ပြောလို့ မရဘူးလေ။ ဟိုရဲက ပြောနေသေးတယ် မဟုတ်လား။ တိုဂါရှိက မာရိယန်းကိုသွားပြီး ယာစုကိုအကြောင်း စုံစမ်းခဲ့သေးတာကြောင့် ဒီကို မလာတာ မဖြစ်နိုင်ဘူးတဲ့။ သူက တစ်ခုခုကို သံသယ ဝင်နေသလိုပဲ။ သူ့မျက်နှာမှာ အထင်းသား ပေါ်နေတယ်"

မာရိယန်း ဆိုသည်မှာ ယာစုကိုနှင့် စာယိုကိုတို့ အလုပ်ဝင်ခဲ့ဖူးသော ကင်ရှိချိုရှိ ကလပ်တစ်ခု ဖြစ်သည်။

"ဟုတ်ချင် ဟုတ်မှာပေါ့။ ဒါပေမယ့် တိုဂါရှိက ဒီကို တကယ်လည်း ရောက်မှ ရောက်မလာဘဲ။ ဒီတော့ ငါတို့က ဘာကို စိတ်ပူနေရဦးမှာလဲ။ မဟုတ်ဘူးလား"

"ဒါကြောင့်မို့ ပြောတာပေါ့။ သူ ရောက်မလာတာပဲ ကံကောင်းတယ်။

တကယ်သာ လာသွားလို့ရှိရင် မယုံမရှိနဲ့။ ရဲတွေက ယာစုကိုကို နည်းနည်းမှ ချမ်းသာပေးမှာ မဟုတ်တော့ဘူး”

ယိုနာဇာဝါသည် မျက်နှာကို မဲ့လျက် ခေါင်းခါယမ်းနေသည်။ သို့သော် သူ့မျက်နှာတွင် အနည်းငယ်မျှ စိုးရိမ်ဟန် မပြ။

အကယ်၍သာ ဤဆိုင်သို့ တိုဂါရို လာရောက်သွားခဲ့သည့်အကြောင်းကို သူတို့အား ပြောပြလိုက်မည် ဆိုလျှင် သူတို့၏ အမူအရာသည် မည်သို့ဖြစ်ပျက်ကုန်ကြမည်နည်း။ ထိုအတွေးကြောင့် ယာစုကိုသည် နောက်ကျောမလုံသလို ဖြစ်လာသည်။

“စိတ်ချမ်းသာစရာ နည်းနည်းမှ မကောင်းဘူး ဆိုပေမယ့် မတတ်နိုင်ဘူးလေ။ နင်လည်း တစ်ခဏလောက်တော့ သည်းခံနေရဦးမှာပဲ” စာယိုကိုက ပြောသည်။ “သူက နင့်ယောကျ်ား ဖြစ်ခဲ့ဖူးတော့လည်း ဘာတတ်နိုင်ဦးမှာလဲ။ နောက်ဆုံး သူတို့ကိစ္စ သူတို့ လုပ်ပြီးသွားရင်တော့ နင်လည်း လွတ်လပ်သွားမှာပါ”

ယာစုကိုက မပြုံးချင်ပြုံးချင်ဖြင့် ပြုံးပြသည်။

“ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ တိုဂါရို အသတ်ခံရတာကို ငါတော့ အရမ်း သဘောကျတာပဲ”

“ဟော့” ယိုနာဇာဝါက စာယိုကိုကို ဟန့်လိုက်သည်။

“စိတ်ထဲက ရှိတဲ့အတိုင်း ပြောတာလေ။ အဲဒီသူတောင်းစားအတွက် ယာစုကို ဘယ်လောက်အထိ သည်းခံခဲ့ရသလဲ ဆိုတာ နင် သိမှ မသိဘဲ”

“မင်းက သိတယ်ပေါ့”

“အနည်းဆုံးတော့ ယာစုကို ပြောပြလို့ ကြားဖူးနေတယ်လေ။ အဲဒီတုန်းက ယာစုကိုက သူ့ကို ပုန်းနေချင်လို့ မာရိယန်းမှာ အလုပ်သွားဝင်နေတာပေါ့။ နောက်ဆုံးတော့လည်း ရှာတွေ့သွားတာပါပဲ။ တွေးကြည့်ရင် ကြက်သီးထချင်စရာ။ ငါကတော့ လူသတ်သမားကိုတောင် ကျေးဇူးတင်စကား သွားပြောလိုက်ချင်သေးတယ်”

ယိုနာဇာဝါက မျက်စောင်းတစ်ချက်ထိုးကာ မတ်တတ်ထရပ်သည်။ စာယိုကိုသည် သူ့ယောကျ်ား ထွက်ခွာသွားသည်ကို မကျေမနပ် လှမ်းကြည့်နေပြီး ခဏအကြာတွင် ယာစုကိုဘက်သို့ လှည့်လာသည်။ “တိုဂါရိုက ဘယ်လို ဖြစ်သွားတာလဲ မသိဘူးနော်။ အကြွေးရှင်တွေရဲ့ လက်ချက်များလား မသိဘူး”

"ဘယ်ပြောတတ်မလဲ" ယာစုကိုက ပခုံးတွန့်ပြသည်။

"နင့်ဆီ အမှုပတ်မလာဖို့ပဲ အရေးကြီးတာ။ ငါ အဲဒါကိုပဲ စိတ်ပူတယ်" စာယိုကိုသည် စကားဆုံးသည်နှင့် နောက်ဆုံးလက်ကျန် ပဲကိတ်တစ်တုံးကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

ဆိုင်ရှေ့ကောင်တာသို့ ယာစုကို ပြန်ရောက်သောအခါ သူမ၏ စိတ်မှာ များစွာ လေးပင်နေသည်။ ယိုနာဇာဝါ လင်မယားသည် သူမကို သံသယ မဝင်သည့်အပြင် သူမထံသို့ အမှုပတ်လာမည်ကိုပင် သူမအစား စိုးရိမ်ပေးနေကြသည်။ ထိုသို့ စိတ်ကောင်းရှိသော လူများကို လိမ်ညာခဲ့မိသောကြောင့် သူမစိတ်ထဲ မလုံမလဲ ဖြစ်နေမိသည်။ အကယ်၍ သူမ အဖမ်းခံခဲ့ရမည် ဆိုလျှင် သူတို့ လင်မယားကိုလည်း တစ်နည်းနည်းဖြင့် ဒုက္ခပေးသလို ဖြစ်ချေတော့မည်။ ဘန်တန်တိုင်၏ စီးပွားရေးကိုလည်း သက်ရောက်မှု ရှိလာနိုင်သည်။ ထိုသို့ စဉ်းစားလိုက်မိသည်နှင့် သူမတွင် တခြား ရွေးချယ်စရာ လမ်းမရှိကြောင်း ရိပ်စားလာမိသည်။ အမှန်တရားကို လုံးဝ အစဖျောက် ဖုံးကွယ်ထားရုံမှတစ်ပါး တခြား မရှိတော့ပြီ။

သူမသည် ထိုသို့ တွေးတောရင်း အလုပ်လုပ်နေပြီး တစ်ခါတစ်ခါ ငိုင်၍ နေမိပြန်သည်။ မကြာခင် ပြန်လည် သတိဝင်လာပြီး ဘာမျှ လျှောက်စဉ်းစားမနေဘဲ အလုပ်ကိုသာ စူးစူးစိုက်စိုက် လုပ်နေသင့်ကြောင်း မိမိကိုယ်မိမိ ဖျောင်းဖျနေရသည်။

ဈေးဝယ်မရှိ၍ အတန်ကြာမျှ အားလပ်နေပြီး ၆ နာရီ ထိုးခါနီးအချိန်တွင် ဆိုင်တံခါးပွင့်လာသည်။

"မင်္ဂလာပါရှင်" သူမက စက်ရုပ်တစ်ရုပ်ကဲ့သို့ နှုတ်ခွန်းဆက်လိုက်ပြီး ဧည့်သည်ကို မော့ကြည့်လိုက်သည်။ ထိုစဉ် သူမ၏ မျက်လုံးများ ပြူးကျယ်သွားကြသည်။ "ရှင် ……"

"မင်္ဂလာပါဗျာ" အမျိုးသားက ပြုံးနေသည်။ မျက်လုံးနှစ်လုံး၏ ထောင့်စွန်းများမှ အရေးအကြောင်းများ အထင်းသား ပေါ်နေသည်။

"မစ္စတာကုဒို" ယာစုကိုသည် ပွင့်ဟနေသော သူမ၏ ပါးစပ်ကို လက်ဖြင့် အုပ်လိုက်သည်။ "ရှင် ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"မေးဖို့ လိုသေးလို့လား။ ဈေးလာ ဝယ်တာပေါ့။ ဟင်းအမျိုးအမည်တွေကလည်း တယ်ပြီး စုံနေတာကိုးဗျ" ကုဒိုသည် ဟင်းမယ် ဓာတ်ပုံများကို စိုက်ကြည့်ရင်း ပြောနေသည်။

"ရှင် မာရိယန်းကနေ သတင်းကြားလာတာလား"

"ဟုတ်တယ်" သူက သွားပေါ်အောင် ပြုံးနေသည်။ "မရောက်ဖြစ်တာ ကြာပြီ။ မနေ့က ရောက်သွားတာပဲ"

ယာစုကိုသည် မီးဖိုချောင်ဘက်သို့ လှမ်းအော်လိုက်သည်။ "စာယိုကို၊ အပြင်ကို ခဏ လာခဲ့ဦး"

"ဘာဖြစ်လို့လဲ" စာယိုကိုက ပြန်မေးလိုက်သည်။

ယာစုကိုက ပြုံးလျက် ပြောသည်။ "မစ္စတာကူဒိုလေ။ သူရောက်နေတယ်"

"နင်ပြောတဲ့ မစ္စတာကူဒိုဆိုတာက ......" စာယိုကိုသည် ခါးစည်းအဝတ်ကို ချွတ်၍ အပြင်သို့ ခပ်မြန်မြန် ထွက်လာသည်။ ကုတ်အင်္ကျီဝတ်နှင့် ရပ်လျက် ပြုံးနေသော အမျိုးသားတစ်ယောက်ကို မြင်လိုက်ရသောအခါ သူမပါးစပ်မှာ အဟောင်းသား ဖြစ်သွားလေသည်။ "အား ... မစ္စတာကူဒို"

"ခင်ဗျားတို့ နှစ်ယောက်ကို ကြည့်ရတာ အဆင်ပြေနေသလိုပဲ။ ဘယ်လိုလဲ၊ ခင်ဗျားအမျိုးသားနဲ့ အဆင်ပြေပြေ ရှိရဲ့လားဗျ။ ဆိုင်ထဲ ကြည့်ရတာတော့ အတော်လေး အဆင်ပြေနေပုံပါပဲဗျာ"

"အဆင်ပြေပါတယ်ရှင်။ ရှင်ကရော ဘယ်ကနေ မျက်စိလည် လမ်းမှားပြီး ဒီကို ရောက်လာရတာလဲ"

"ဟုတ်တယ်ဗျ။ ခင်ဗျားတို့ကို ရုတ်တရက် သတိရလာတာနဲ့ လာတွေ့တာပဲ" ကူဒိုသည် သူ့နှာခေါင်းကို ကုတ်နေရင်း ယာစုကိုကို စိုက်ကြည့်နေသည်။ ရှက်သောအခါတွင် သူ ပြုလုပ်နေကျ ဖြစ်သော အပြုအမူမှာလည်း ယခင်အတိုင်း အပြောင်းအလဲ မရှိသေး။

အာကာစာကာရှိ ကလပ်တွင် ယာစုကို အလုပ်လုပ်စဉ်က ကူဒိုသည် သူမ၏ ဖောက်သည်တစ်ယောက် ဖြစ်ခဲ့သည်။ ကူဒိုသည် သူမနှင့်သာ အရက်အတူ တွဲသောက်လေ့ ရှိသည်။ တစ်ခါတစ်ရံ အလုပ်ဆင်းချိန် မတိုင်ခင်တွင် သူနှင့် ထမင်းအတူ စားလေ့ရှိပြီး အလုပ်သိမ်းချိန် နောက်ပိုင်းတွင်လည်း သူတို့နှစ်ဦးသည် တခြားတစ်နေရာသို့ သွားကာ အရက်အတူ သောက်လေ့ရှိသည်။ တိုဂါရှိကို ပုန်းရှောင်နိုင်ရန်အတွက် ယာစုကိုသည် ကင်ရှိချိုရှိ မာရိယန်းကလပ်သို့ ပြောင်းရွှေ့ရသောအခါတွင်လည်း ကူဒိုတစ်ယောက်တည်းကိုသာ အသိပေးခဲ့သည်။ မကြာခင် သူသည် မာရိယန်း၏ ဖောက်သည် ဖြစ်လာပြန်သည်။ မာရိယန်းမှ ထွက်ခွာခဲ့စဉ်ကလည်း သူတစ်ဦးတည်းကိုသာ အသိပေးခဲ့သည်။ ထိုစဉ်က သူ၏ ကြေကွဲနေသော မျက်နှာကို ယာစုကို မှတ်မိနေသေးသည်။ "အားတင်းထား၊

ပျော်ပျော်နေ” ဤသို့ သူ ပြောခဲ့သည်။

ထိုကတည်းက သူ့ကို မတွေ့ရတော့ချေ။

ယိုနာဇာဝါလည်း ဆိုင်အနောက်ဘက်မှ ထွက်လာသည်။ ထို့နောက် သူတို့သည် ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုနေကြတော့သည်။ သူတို့ နှစ်ဦးစလုံးသည် ယခင်က မာရိယန်းကလပ်၏ ဖောက်သည်များ ဖြစ်ခဲ့ကြသောကြောင့် တစ်ဦးကိုတစ်ဦး သိကျွမ်းနေကြပြီး ဖြစ်သည်။

အတန်ကြာမျှ စကားလက်ဆုံ ကျပြီးနောက် စာယိုကိုက ယာစုကိုကို အလုပ်စောစောဆင်း၍ ကူဒိုနှင့် အေးအေးဆေးဆေး စကားပြောရန် အကြံပြုလေသည်။ ယိုနာဇာဝါကလည်း ခေါင်းတဆတ်ဆတ် ညိတ်လျက် သဘောတူသည်။

ယာစုကိုသည် ခေါင်းကို အထက်သို့ မော့လိုက်သည်နှင့် တစ်ပြိုင်နက် ကူဒိုထံမှ အမေးစကားကို ကြားလာရသည်။ “မင်း အချိန်ရတယ် မဟုတ်လား” သူ မူလကတည်းက ဤသို့ ရည်ရွယ်ခဲ့ပုံ ရသည်။ ထို့ကြောင့်လည်း ဤအချိန်ကို ရွေးပြီး ဆိုင်သို့ ရောက်လာခဲ့ခြင်း ဖြစ်မည်။

“ဒါဆိုလည်း ခဏ သွားထိုင်တာပေါ့” သူမက ပြုံးလျက် ပြန်ဖြေသည်။

သူတို့သည် ဆိုင်ထဲမှ ထွက်ပြီး ရှင်-အိုဟာရှိလမ်းဘက်သို့ လျှောက်လာကြသည်။

“တကယ်တော့ မင်းနဲ့ ထမင်းတစ်နပ်လောက် အေးအေးဆေးဆေး စားချင်တာ။ ဒီနေ့ကတော့ ထားပါတော့။ မင်းသမီးလည်း မင်းကို မျှော်နေရှာမယ်” ကူဒိုက ပြောသည်။ အာကာစာကာတွင် အလုပ်လုပ်စဉ်ကတည်းက သမီးအကြောင်းကို ကူဒိုအား ပြောပြထားခဲ့ဖူးသည်။

“မစ္စတာကူဒို၊ ရှင့်သားရော နေကောင်းရဲ့လား”

“ကောင်းတယ်။ ဒီနှစ် အထက်တန်း တတိယနှစ်လေ။ သူ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေရတော့မယ် ဆိုတာကို စဉ်းစားမိတိုင်း ခေါင်းကိုက်လာတယ်” သူက မျက်နှာကို ရှုံ့မဲ့ကာ ပြောနေသည်။

ကူဒိုသည် အသေးစား ပုံနှိပ်လုပ်ငန်းတစ်ခု ပိုင်ဆိုင်ပြီး သူ၏ ဇနီး၊ သားနှင့်အတူ တိုကျိုတောင်ပိုင်း အိုစာကီတွင် နေထိုင်သည်။

သူတို့သည် ရှင်-အိုဟာရှိလမ်းပေါ်ရှိ ကော်ဖီဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားကြသည်။ လမ်းဆုံတွင် တခြားစားသောက်ဆိုင်များ ရှိသေးသော်လည်း

တိုင်ဂါရှိနှင့် အတူထိုင်ခဲ့ဖူးသော စားသောက်ဆိုင်နှင့် အနီးပတ်ဝန်းကျင်ကို တမင် ရှောင်ရှားခဲ့ခြင်း ဖြစ်သည်။

"ကို မာရိယန်းကိုသွားတာ မင်းအကြောင်းကို စုံစမ်းချင်လို့ပဲ။ မင်းက စာယိုကိုရဲ့ ဆိုင်မှာ အလုပ်လုပ်နေမယ်ဆိုတာကို ကို သိထားပေမယ့် အဲဒီတုန်းက ဆိုင်ရဲ့ လိပ်စာကို ကို မမေးလိုက်မိဘူး"

"ရှင်က ကျွန်မကို ရုတ်တရက်ကြီး ဘာဖြစ်လို့ သတိရလာတာလဲ"

"အင်း၊ အမှန်ကတော့ အဲဒီလို မဟုတ်ဘူး" ကူဒိုသည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ "ကို လူသတ်မှုသတင်းကို တွေ့လိုက်ရတယ်လေ။ ဒါနဲ့ မင်းကို စိတ်ပူလာတော့တာပဲ။ မင်းရဲ့ ခင်ပွန်းဟောင်းအကြောင်း ကြားရတာ စိတ်မကောင်းပါဘူး"

"ရှင်က သူ့မှန်း ချက်ချင်း မှတ်မိနေတာ အံ့သြစရာပဲ"

ကူဒိုသည် ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်ပြီး မချိပြုံး ပြုံးနေသည်။ "သူ့မှန်း တန်းသိတာပေါ့။ ဖန်သားပြင်ပေါ်မှာ 'တိုင်ဂါရှိ' ဆိုတဲ့ နာမည်က ပြူးနေတာပဲလေ။ ပြီးတော့ သူ့မျက်နှာကိုလည်း ဒီတစ်သက် မေ့နိုင်မယ် မထင်ဘူး"

"ဆောရီးပါရှင်"

"မင်း တောင်းပန်နေဖို့ မလိုပါဘူး" ကူဒိုက ပြုံးလျက် လက်ခါယမ်းနေသည်။

ကူဒိုသည် သူမကို နှစ်သက်သဘောကျလျက် ရှိကြောင်းကို သူမ သိထားပြီး ဖြစ်သည်။ သူမကိုယ်နှိုက်ကလည်း ထိုသူ့အပေါ်တွင် ယိုင်နေမိသည်။ သို့သော် သူတို့နှစ်ဦး၏ အကြားတွင် မည်သည့်အခါကမျှ သမီးရည်းစားကိစ္စများ ဖြစ်ပွားခဲ့ခြင်း မရှိစဖူး။ ဟိုတယ်သို့သွားရန် ကူဒိုက သူမအား အကြိမ်ပေါင်းများစွာ တောင်းဆိုခဲ့ဖူးသော်လည်း သူမက အကြိမ်တိုင်း ယဉ်ကျေးစွာ ငြင်းပယ်ခဲ့သည်ချည်း။ မယားရှိသော အိမ်ထောင်သည်တစ်ယောက်နှင့် ဖောက်ပြားဝံ့သော ခွန်အားများ သူမတွင် မရှိခဲ့။ ထို့အပြင် သူမတွင်လည်း လင်ကြီးငုတ်တုတ် ရှိနေသေးသည်။ သို့သော် ထိုအချိန်က ထိုကိစ္စကို သူ့အား အသိမပေးခဲ့ပေ။

ကူဒိုသည် တိုင်ဂါရှိကို ပထမဆုံးအကြိမ် မြင်ဖူးခဲ့ခြင်းမှာ ယာစုကိုကို အိမ်သို့ လိုက်ပို့ခဲ့စဉ်က ဖြစ်သည်။ သူမသည် အိမ်နှင့် အတော်အတန် ဝေးသော နေရာတစ်ခုတွင် ကားပေါ်မှ ဆင်းလေ့ရှိသည်။ ထိုနေ့ကလည်း ထိုသို့ပင်။ သို့သော် သူမ၏ ဆေးလိပ်ဘူးကို ကားပေါ်တွင် မေ့ကျန်နေခဲ့သည်။ သူသည် သူမကို

ဆေးလိပ်ဘူး ပြန်ပေးရန် ဟူသော ရည်ရွယ်ချက်ဖြင့် သူမနောက်မှ လိုက်သွားစဉ် တိုက်ခန်းတစ်ခန်းထဲသို့ ဝင်သွားသော သူမကို လှမ်းတွေ့လိုက်ရသည်။ သို့ဖြင့် ထိုတိုက်ခန်း၏ တံခါးကို သွားခေါက်လေတော့သည်။ သို့သော် တံခါးလာဖွင့်သူမှာ ယာစုကို မဟုတ်။ သူတစ်ခါမျှ မမြင်ဖူးသော မျက်နှာစိမ်းနှင့် ယောကျာ်းတစ်ယောက် ဖြစ်နေသည်။ တိုဂါရှိ ရှင်ဂျိပင်။

ထိုစဉ်က တိုဂါရှိသည် လူမှန်းသူမှန်းမသိအောင် မူးနေသည်။ ကူဒိုကို မြင်လိုက်သည်နှင့် ယာစုကိုကို လိုက်နှောင့်ယှက်နေသော လူတစ်ယောက်ပင် ဖြစ်ရမည်ဟု တစ်ထစ်ချ ယူဆလိုက်သည်။ ကူဒိုက ဘာမျှ ရှင်းမပြနိုင်ခင်မှာပင် ဒေါသတကြီးဖြင့် လက်ပါလာတော့သည်။ ရေချိုးရန် ပြင်ဆင်နေသော သူမကသာ အချိန်မီ မတားဆီးလိုက်နိုင်လျှင် တုတ်တပြက် ဓားတပြက် ဖြစ်သွားနိုင်သည်။

ရက်အနည်းငယ် ကြာသောအခါ ယာစုကိုသည် တိုဂါရှိကို ခေါ်ပြီး ကူဒိုထံသို့ သွားရောက် တောင်းပန်ခဲ့သည်။ ထိုစဉ်က တိုဂါရှိ၏ မျက်နှာတွင် စိုးရိမ်စိတ်များဖြင့် မွန်ထူနေပြီး မျက်နှာငယ်နှင့် ရှိကျိုးပျပ်ဝပ်နေသည်။ ကူဒိုက အမှုဖွင့်မည်ကို စိုးရိမ်နေသောကြောင့် ဖြစ်ပေမည်။

ကူဒိုကမူ စိတ်ဆိုးခြင်း မရှိ။ မိမိ၏ ဇနီးအား ညကလပ်တွင် အလုပ်လုပ်ခိုင်းခြင်းမှာ ခင်ပွန်းတစ်ယောက်အတွက် မသင့်လျော်ကြောင်း တိုဂါရှိကို သတိပေးနေသေးသည်။ တိုဂါရှိက ထိုသို့ အပြောခံရသည်ကို များစွာ ကျေနပ်ဟန် မတူသော်လည်း တိတ်ဆိတ်စွာဖြင့် ခေါင်းညိတ်၍သာ နာခံခဲ့သည်။

ထို့နောက်တွင် ကူဒိုသည် ယခင်ကအတိုင်း ကလပ်သို့ လာမြဲလာပြီး ယာစုကိုအပေါ်တွင်လည်း ခင်မင်မပျက် ရှိနေခဲ့သည်။ သို့သော် နှစ်ကိုယ်တည်း တွေ့ဆုံခြင်းမျိုး မရှိတော့ပေ။

သူစိမ်းတစ်ရံဆံ မရှိသော အခါတွင်မှ ရံဖန်ရံခါ တိုဂါရှိ၏ အကြောင်းကို မေးမြန်းတတ်လေသည်။ တိုဂါရှိတစ်ယောက် အလုပ်ရှာ၍ ရပြီလောဟူသော မေးခွန်းသာ အများဆုံးဖြစ်သည်။ အမြဲတမ်း ခေါင်းခါခဲ့ရသည်သာ။

တိုဂါရှိက ယာစုကိုအပေါ် အကြမ်းပတမ်း ဆက်ဆံလာသည်ကို ပထမဆုံး သတိထားမိသူမှာလည်း ကူဒိုပင် ဖြစ်သည်။ မျက်နှာပေါ်မှ အညိုကွက်များကို မိတ်ကပ်ဖြင့် မွမ်းမံ၍ တခြားသူများကို ဖုံးဖိနိုင်ခဲ့သော်လည်း သူ၏ အကြည့်များကို မလှည့်စားနိုင်ခဲ့ပေ။

“မင်း ရှေ့နေတစ်ယောက်နဲ့ ဆွေးနွေးကြည့်တာ ကောင်းလိမ့်မယ် ထင်တယ်။ ကုန်ကျစရိတ်ကို ကို ထုတ်ပါ့မယ်” ကူဒိုက သူမကို ဤသို့ ပြောခဲ့သည်။

“ဘယ်လိုလဲ။ နေရထိုင်ရတာ အဆင်ပြေတယ် မဟုတ်လား”

“အဆင်ပြေတယ်လို့ပဲ ဆိုပါတော့။ ဒါပေမယ့် အခုတလော ရဲတွေက ကျွန်မဆီ ခဏခဏ လာနေကြတယ်”

“အင်း .... ကို စိတ်ထင့်နေသလိုပါပဲလား” စိတ်မကောင်းသော အမူအရာက ကူဒိုု၏ မျက်နှာတွင် အထင်းသား ပေါ်နေသည်။

“စိတ်ပူစရာတော့လည်း မဟုတ်ပါဘူးလေ” ယာစုကိုက သူ့ကို ပြုံးပြသည်။

“မင်းကို ပြဿနာ လာရှာနေတဲ့ လူတွေက ရဲတွေပဲလား။ သတင်းထောက်တွေရော ပါသေးလား”

“အဲဒါတော့ မပါပါဘူး”

“တော်သေးတာပေါ့။ သတင်းမီဒီယာအတွက် ဟိုးလေးတကျော် ဖြစ်လောက်တဲ့ သတင်းမှ မဟုတ်တာပဲ။ တကယ်လို့ ပြဿနာ ကြုံလာရင် ကို မင်းကို ကူညီပေးနိုင်ပါတယ်”

“ကျေးဇူးပါ။ ရှင်က အရင်အတိုင်း သဘောကောင်းတုန်းပဲနော်”

ကူဒိုသည် အနည်းငယ် ရှက်သွားဟန်ဖြင့် ခေါင်းငုံ့သွားပြီး ကော်ဖီခွက်ကို လက်နှစ်ဘက်ဖြင့် လှမ်းကိုင်နေသည်။ “အဲဒီကိစ္စက မင်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူးမလား”

“ဟင့်အင်း၊ အလကား ပတ်သက်နေမလား။ ရှင်က ကျွန်မကို .....”

“သတင်းကို မြင်မြင်ချင်း မင်းကို တန်းပြီး သတိရလိုက်တာပဲ။ လူသတ်မှု ဖြစ်သွားတာဆိုတော့ မင်းကို စိတ်ပူသွားတယ်။ သူ ဘာကြောင့် အသတ်ခံရသလဲ ဆိုတာ မသိပေမယ့် အဲဒီကိစ္စအတွက်နဲ့ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို မင်းရော ဒုက္ခပင်လယ်ထဲ ဆွဲချခံရမှာကို စိုးရိမ်မိတယ်”

“စာယိုကိုကလည်း အဲဒီလို စကားမျိုး ကျွန်မကို ပြောခဲ့ဖူးတယ်။ ရှင်တို့ အားလုံးက ကျွန်မအတွက် အရမ်း စိတ်ပူပေးနေကြတာပဲ”

“မင်းကို အခုလို မြင်ရတော့ ကိုလည်း စိတ်ချသွားပါပြီ။ မင်းနဲ့သူက ကွာရှင်းခဲ့ကြတာလည်း နှစ်တွေ အများကြီး ကြာသွားပြီ ဆိုတော့ ပြဿနာက သိပ်ရှုပ်မယ် မထင်ပါဘူး။ အခုတလောရော မင်းတို့ တွေ့ဖြစ်ကြသေးလား”

“သူနဲ့ ပြောတာလား”

“အင်း၊ တိုဂါရှိနဲ့လေ”

“ဟင့်အင်း” ထိုသို့ ဖြေကြားလိုက်စဉ် ယာစုကို၏ မျက်နှာတွင် အနည်းငယ် ပံ့ပျက်နေမည်လား မပြောနိုင်။

ထို့နောက်တွင် ကူဒိုသည် သူ့အကြောင်းများကို ပြောပြနေလေသည်။ စီးပွားရေးမှာ ကောင်းမွန်လှသည်ဟု မဆိုနိုင်သော်လည်း သူ၏ ကုမ္ပဏီသည် ယနေ့အချိန်ထိ တောင့်ခံနေနိုင်သေးသည်။ သူ၏ မိသားစုနှင့် ပတ်သက်၍မူ သားအကြောင်းမှ လွဲ၍ သူ ဘာမျှ မပြောချေ။ ယခင်က အတိုင်းပင်။ ယာစုကိုသည် သူနှင့် သူ့ဇနီး၏ အိမ်ထောင်ရေး အခြေအနေကို ဘာမျှ သိထားခြင်း မရှိသော်လည်း သူတို့လင်မယားမှာ စုစုစည်းစည်းပင် ရှိနေသေးကြောင်း ယာစုကိုက ရိပ်စားမိသည်။ အပြင်အပတွင် တခြားသူတစ်ဦးဦးအား ဂရုတစိုက် ရှိနေနိုင်သေးသော ယောကျ်ားများသည် များသောအားဖြင့် သာယာသော အိမ်ထောင်ရေးများကို ပိုင်ဆိုင်ထားကြသည်။ ၎င်းမှာ ညကလပ်တွင် အလုပ်လုပ်နေစဉ်အတွင်း ယာစုကို လေ့လာသိရှိခဲ့သော အတွေ့အကြုံတစ်ရပ် ဖြစ်သည်။

ကော်ဖီဆိုင်မှ အပြင်သို့ ထွက်လာကြသောအခါ အပြင်ဘက်တွင် မိုးရွာနေလေသည်။

“ကို လုပ်လိုက်တာနဲ့ မင်းတော့ ဒုက္ခရောက်ပြီ။ စောစောကသာ အိမ်ကို တန်းပြန်သွားရင် မိုးမိမှာ မဟုတ်ဘူး” ကူဒိုက ယာစုကိုကို တောင်းပန်နေသည်။

“အဲဒီလို မပြောပါနဲ့ရှင်”

“မင်းအိမ်က အတော် ဝေးလား”

“စက်ဘီးနင်းသွားရင် ဆယ်မိနစ်လောက်ပါပဲ”

“စက်ဘီး?” ကူဒိုသည် နှုတ်ခမ်းကို ကိုက်လျက် မိုးကောင်းကင်ထက်မှ တိမ်ဆိုင်များကို မော့ကြည့်နေသည်။

“ကိစ္စမရှိပါဘူး။ ကျွန်မမှာ ထီးပါတယ်။ စက်ဘီးက ဆိုင်မှာ ထားခဲ့လို့ ရတယ်လေ။ မနက်ဖြန်မနက်ကျ အိမ်ကနေ စောစော ထွက်ရုံပေါ့”

“ကို မင်းကို လိုက်ပို့ပေးမယ်”

“မလိုပါဘူး”

သို့သော် ကူဒိုသည် လမ်းဘေးသို့ ထွက်သွားပြီး တက္ကစီတစ်စီးကို

လက်ပြ၍ တားလိုက်သည်။

"နောက်နေ့ကျမှ ကိုတို့ အေးဆေး ထမင်းစားကြတာပေါ့" တက္ကစီ စတင် ရွေ့လျားသောအခါ ကူဒိုက ပြောလိုက်သည်။ "မင်းရဲ့ သမီးပါ ခေါ်ခဲ့လေ"

"သမီးအတွက် ပူစရာ မလိုပါဘူး။ ရှင်ကရော အဆင်ပြေမှာမို့လား"

"အချိန်မရွေးပါပဲ။ အရင်လို အလုပ်မရှုပ်တော့ဘူး"

"ဪ"

ယာစုကိုက သူ့ဇနီးအကြောင်းကို မေးခြင်း ဖြစ်သည်။ သူမက ဘာမျှ ထပ်မမေးတော့။ သူမ မေးလိုသည့် အကြောင်းကို မသိ၍တော့ မဖြစ်နိုင်။ တမင်သက်သက် လှီးလွှဲဖြေနေခြင်းသာ ဖြစ်မည်။

သူက ယာစုကို၏ လက်ကိုင်ဖုန်းနံပါတ်ကို တောင်းသောအခါ သူမက ပေးလိုက်သည်။ သူမအတွက် ငြင်းပယ်စရာ အကြောင်းမရှိ။

ကူဒိုသည် တက္ကစီကို တိုက်ခန်းအနီးသို့ ရောက်သည်အထိ မောင်းခိုင်းလိုက်သည်။ သူက တိုက်ခန်းရှိရာ ဘက်တွင် ထိုင်နေသောကြောင့် ကားပေါ်မှ အလျင် ဆင်းလိုက်သည်။

"မိုးရေတွေ စိုကုန်တော့မှာပဲ။ ရှင် ကားပေါ် အမြန် တက်လိုက်တော့" ကားပေါ်မှ ဆင်းပြီးသည်နှင့် ယာစုကိုက ပြောသည်။

"ဘိုင်"

"ဘိုင်" ယာစုကိုက ညင်ညင်သာသာ ခေါင်းညိတ်ပြသည်။

ကူဒိုသည် ကားထဲသို့ ပြန်ဝင်သွားပြီးနောက် ယာစုကို၏ နောက်ကျောဘက်သို့ စိုက်ကြည့်နေသည်။ ယာစုကိုသည် သူ ကြည့်နေရာ အရပ်သို့ လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက်သည် ထီးကိုင်လျက် လှေကားအဝတွင် ရပ်နေသည်ကို တွေ့ရသည်။ မှောင်ကြီးမဲမဲ ဖြစ်နေသောကြောင့် မျက်နှာသွင်ပြင်ကို ကောင်းစွာ မမြင်ရချေ။ သို့သော် ခန္ဓာကိုယ် အချိုးအစားအရ ခန့်မှန်းကြည့်ရလျှင် အိရှိုဂါမိသာ ဖြစ်ရပေမည်။

အိရှိုဂါမိသည် လမ်းမပေါ်သို့ ဖြည်းညင်းစွာ လျှောက်သွားသည်။ စောစောပိုင်းက အိရှိုဂါမိသည် သူတို့နှစ်ဦးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသောကြောင့်သာ ကူဒိုသည် ထိုသူ့ကို သတိထားမိသွားခြင်း ဖြစ်ရပေမည်ဟု ယာစုကိုက တွေးနေမိသည်။

“ကို နောက်မှ မင်းဆီ ဖုန်းဆက်ခဲ့မယ်” ထိုစကားကို ကူဒို ပြောပြီးသည်နှင့် တက္ကစီက မောင်းထွက်သွားသည်။

ယာစုကိုသည် အဝေးသို့ တရွေ့ရွေ့ ထွက်ခွာသွားသော ကားနောက်မီးကို ငေးကြည့်နေရင်း တဆတ်ဆတ် လှုပ်ခါနေသော သူမ၏ ရင်ဘတ်ကို လက်နှင့် ဖိထားမိသည်။ ယောက်ျားတစ်ယောက်အတွက် ဤသို့ ရင်မခုန်ခဲ့သည်မှာ ကြာတောင့်ကြာခဲ ရှိလှချေပြီ။

အခန်းသို့ ပြန်ရောက်သောအခါ မီစာတိုက တီဗီကြည့်နေသည်။

“ဒီနေ့ ဘာထူးသေးလဲ” ယာစုကိုက မေးသည်။

ကျောင်းတက်သည့် ကိစ္စကို မေးခြင်း မဟုတ်ကြောင်း မီစာတိုကလည်း နားလည်ပြီး ဖြစ်သည်။

“ဟင့်အင်း၊ မီကာကလည်း ဘာမှ မပြောဘူး။ ကြည့်ရတာ ရဲတွေက သူ့ဆီ မသွားကြသေးဘူး ထင်တယ်”

“အင်း”

တစ်ခဏအကြာတွင် ယာစုကို၏ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ဖုန်းမျက်နှာပြင်ပေါ်တွင် အများသုံး ဖုန်းနံပါတ်တစ်ခု ပေါ်နေသည်။

“ဟယ်လို၊ ကျွန်မပါ”

“ကျွန်တော် အိရှိဂါမိပါ” ရင်းနှီးပြီးသော အသံတိုးတိုးတစ်သံ ထွက်ပေါ်လာသည်။ “ဒီနေ့ ဘာထူးသေးလဲ”

“မထူးဘူး။ မီစာတိုဘက်ကလည်း ဘာမှ မထူးခြားဘူးလို့ ပြောတယ်”

“သိပ်တော့ မပေါ့နဲ့ဦး။ ရဲဘက်က ခင်ဗျားအပေါ် ထားတဲ့ သံသယစိတ်ကို ဖယ်ရှားပစ်ဦးမှာ မဟုတ်သေးဘူး။ ကျွန်တော့်အထင်တော့ သူတို့ အခု အခြေအနေ အသေးစိတ်ကို ပိုက်စိပ်တိုက် လေ့လာနေကြတာ ဖြစ်ရမယ်”

“ကျွန်မ သဘောပေါက်ပါတယ်”

“တခြားရော ထူးခြားတာ ဘာရှိသေးလဲ”

“ရှင် ....” ယာစုကို၏ စိတ်မှာ ရှုပ်ထွေးသွားသည်။ “ဘာမှ မထူးခြားပါဘူး”

“ကောင်း ... ကောင်းပါတယ်။ ဆောရီးပဲ။ ဒါဆို မနက်ဖြန်မှ

တွေ့ကြတာပေါ့” အိရှိဂါမိက ဖုန်းကို ချလိုက်သည်။

ယာစုကိုသည် ဖြစ်ပျက်ပြီးသမျှကို ပြန်လည် စဉ်းစားကြည့်နေရင်း ဖုန်းကို အောက်သို့ ချလိုက်သည်။ အနည်းငယ် တုန်ယင်၍ မူမမှန်သော အိရှိဂါမိ၏ ထိုလေသံမျိုးကို သူမ တစ်ခါမျှ မကြားခဲ့စဖူး။ ကူဒိုကို တွေ့သွားသောကြောင့် ဖြစ်ရပေမည်ဟု ယာစုကိုက ယူဆသည်။ သူနှင့် တရင်းတနှီး စကားပြောဆိုနေသော ထိုအမျိုးသားသည် မည်သူ ဖြစ်လိမ့်မည်နည်းဟု အိရှိဂါမိက တွေးဆနေပေလိမ့်မည်။ သူ ဖုန်းထဲတွင် နောက်ဆုံး မေးခဲ့သော ထူးဆန်းသည့် မေးခွန်းမှာ ကူဒို၏ အကြောင်းကို မေးမြန်းလိုသောကြောင့် ဖြစ်ရမည်။

အိရှိဂါမိသည် အဘယ်ကြောင့် သူတို့ သားအမိကို အကူအညီ ပေးနေရသနည်း ဆိုသည့်အချက်ကို ယာစုကို ကောင်းကောင်း သိသည်။ စာယိုကို ပြောသကဲ့သို့ သူမအပေါ် စိတ်ဝင်စားနေသောကြောင့် ဖြစ်သည်။

အကယ်၍ သူမသည် တခြား ယောကျ်ားတစ်ယောက်နှင့် ပူးပူးကပ်ကပ် ရှိနေလျှင် မည်သို့ ဖြစ်လာခြိမ့်မည်နည်း။ ယခင်က ပုံစံအတိုင်း သူတို့ကို အားသွန်ခွန်စိုက် ဆက်လက် ကူညီပေးသွားဦးမည်လော။ သူတို့ သားအမိအတွက် ပြဿနာများကို ဆက်လက် ဖြေရှင်းပေးသွားဦးမည်လော။

ကူဒိုနှင့် ချိန်းတွေ့သည့် ကိစ္စကို တတ်နိုင်သမျှ လျှော့ထားခြင်းသာ အကောင်းဆုံး ဖြစ်မည်ဟု ယာစုကို ဆုံးဖြတ်လိုက်သည်။ အယုတ်ဆုံးအားဖြင့် သူနှင့် ချိန်းတွေ့ဖြစ်လျှင်လည်း အိရှိဂါမိ မသိအောင် တတ်နိုင်သမျှ ဖုံးဖိထားရပေမည်။ ထိုသို့ တွေးလိုက်မိသည်နှင့် တစ်ပြိုင်နက် သူမရင်ထဲသို့ အမည်နာမ တပ်ရန် ခဲယဉ်းသော ခံစားမှုတစ်ခုက စိုးမိုး ဝင်ရောက်လာသည်။ မည်မျှကြာကြာ ထိုသို့ နေသွားရမည်နည်း။ အိရှိဂါမိ မသိအောင် မည်မျှကြာကြာ ထိုသို့ ခိုးကြောင်ခိုးဝှက် နေသွားရမည်နည်း။

ဤလူသတ်မှုကို စုံစမ်းစစ်ဆေးသည့် ကာလ မကုန်ဆုံးမချင်း သူမသည် တခြားယောကျ်ားတစ်ယောက်နှင့် တွေ့ဆုံခွင့် မရှိတော့ပြီလော။

အခန်း (၈ - က)

ပြောင်လက်နေသော သစ်သားကြမ်းပြင်နှင့် အားကစားဖိနပ်တို့ ပွတ်တိုက်ရာမှ ထွက်ပေါ်လာသည့် အသံများနှင့် ရံဖန်ရံခါ မြည်ဟီးလာသော 'ဗုန်း' ဟူသည့် အသံတို့သည် ကုစာနာဂိအတွက် ကျောင်းသားဘဝကို ပြန်လည် လွမ်းဆွတ်စေသည်။

သူသည် အားကစားရုံ အဝ၏ အပြင်ဘက်မှနေ၍ အထဲသို့ လှမ်းကြည့်နေသည်။ ယုကာဝါသည် တင်းနစ်ကွင်း၏ အလယ်မျဉ်းအနီးတွင် ဘက်တံကို ကိုင်လျက် ရပ်နေသည်။ တစ်ဘက်လူ၏ စပေးဘောကို လက်ခံရန် အသင့်ပြင်ထားသည်။ သူ၏ ခြေသလုံးကြွက်သားများသည် ကျောင်းသားဘဝကကဲ့သို့ သန်မာထွားကြိုင်းခြင်း မရှိလှသော်လည်း အချိုးအစားမှာ ပျက်ယွင်းခြင်း မရှိသေးပေ။

တစ်ဘက်ပြိုင်ဘက်မှာ ကျောင်းသားတစ်ယောက် ဖြစ်သည်။ သူ၏ အရည်အချင်းမှာလည်း ခေသူမဟုတ်။ ဝေ့ကာဝိုက်ကာ ရိုက်တတ်သော ယုကာဝါ၏ ရိုက်ချက်များအကြားတွင် သူက ဣန္ဒြေမပျက်ဘဲ ရိုက်နေနိုင်ခဲ့သည်။

ကျောင်းသား၏ ဆာဗင်က အမှတ်ရသွားသောကြောင့် ပွဲပြီးသွားသည်။ ယုကာဝါသည် ကြမ်းပြင်တွင် ထိုင်လျက် မချိပြုံးပြုံးကာ ကျောင်းသားကို တစ်စုံတစ်ခု လှမ်းပြောနေသည်။

သူသည် နောက်လှည့်ကြည့်၍ ကုစာနာဂိကို မြင်သောအခါ ကျောင်းသားကို နှုတ်ဆက်ပြီး ဘက်တံကို ကိုင်၍ အပြင်သို့ ထွက်လာသည်။ "ဒီနေ့ရော ဘာကိစ္စလဲ"

ကုစာနာဂိက နောက်သို့ တစ်လှမ်း ဆုတ်လိုက်သည်။ "မင်းမို့လို မေးတတ်ပါလေ့။ မင်းက ငါ့ကို ဖုန်းဆက်ခေါ်ထားတာလေ။ ငါ့ကိုများ ပြောစရာ ရှိလို့လားလို့ မင်းဆီ အမောတကော ပြေးလာခဲ့ရတာ"

"သြော် ထွေထွေထူးထူး မရှိပါဘူး။ ဖုန်းထဲမှာ ဘာမှ မမှာခဲ့ဘူး ဆိုတာကလည်း မင်းကို အနှောင့်အယှက် ဖြစ်နေမှာ စိုးလို့ပါ။ ဖုန်းကိုတောင် ပိတ်ထားတာ ဆိုတော့ အတော် အလုပ်များနေမှာပဲ"

"မင်း ငါ့ဆီ ခေါ်လာတဲ့ အချိန်တုန်းက ရပ်ရှင်ကြည့်နေတာ"

"ရုပ်ရှင်ကြည့်တယ်? အလုပ်ချိန်ကြီးလေကွာ။ မင်းက အတော် ဖိမ်ကျနေပါလား"

"ဟုတ်မလားကွာ။ အလီဘိုင်သက်သေကို အသေအချာ စစ်ဆေးနိုင်ဖို့အတွက် ဘာရုပ်ရှင်လည်း ဆိုတာ သိထားဖို့ လိုမယ် မဟုတ်လား။ နို့မို့ ဟိုသားအမိပြောတာ မှန်သလား၊ မှားသလား ဘယ်လိုလုပ်ပြီး သိနိုင်တော့မလဲ"

"ဘာပဲဖြစ်ဖြစ် အလုပ်အတွက် ရုပ်ရှင်ကြည့်ရတယ် ဆိုတော့ ဖိမ်ပေါ့ကွာ"

"အလုပ်အတွက် ရုပ်ရှင်ကြည့်ရလို့ပဲ နည်းနည်းမှကို ဖီးမလာဘူး။ ဘာကိစ္စမှ မရှိမှန်း ကြိုသိနေရင် အခုလို တကူးတက ပြေးမလာပါဘူးကွာ။ မင်းရဲ့ ဓာတ်ခွဲခန်းကို ဖုန်းဆက်လိုက်သေးတယ်။ သူတို့က မင်းကို အားကစားရုံမှာ ရှိနေတယ် ဆိုလို့"

"ရောက်ပြီးမှတော့ကွာ ငါတို့ ထမင်းအတူတူ စားကြရအောင်လား။ တကယ်တော့ မင်းကို ခေါ်တာ အကြောင်းရှိတယ်" ယုကာဝါသည် အားကစားရုံ အပေါက်ဝတွင် အားကစားဖိနပ်ကို ချွတ်၍ ပုံမှန်စီး ဖိနပ်နှင့် လဲလိုက်သည်။

"ဘာကိစ်စလဲ"

"ဟိုကိစ္စလေ" ယုကာဝါက လမ်းလျှောက်ရင်း ပြောသည်။

"ဘယ်က ဟိုကိစ္စလဲ"

ယုကာဝါက ခြေလှမ်းကို တုံ့ရပ်လိုက်ပြီး ဘက်တံဖြင့် ကုစာနာဂိ၏ ကျောကို အသာ ရိုက်လိုက်သည်။ "ရုပ်ရှင်ရုံ ကိစ္စပေါ့"

သူတို့သည် တက္ကသိုလ်ပရိဝုဏ်အနီးရှိ ဘားဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားသည်။ ကျောင်းတက်စဉ်က ဤဆိုင် မရှိသေးပေ။ သူတို့နှစ်ဦးသည် အတွင်းဘက်အကျဆုံး ထိုင်ခုံကို ရွေး၍ ထိုင်လိုက်ကြသည်။

"ဟိုသားအမိ ရုပ်ရှင်သွားကြည့်ကြတယ် ဆိုတာက အခင်းဖြစ်တဲ့ ၁၀ ရက်နေ့။ သမီးလုပ်သူက ၁၂ ရက်နေ့မှာ အဲဒီအကြောင်းကို သူငယ်ချင်းတစ်ယောက်ဆီ ပြောပြတယ်" ကုစာနာဂိသည် ယုကာဝါကို ဘီယာငှဲ့ပေးရင်း ပြောနေသည်။ "စောစောကပဲ ငါ အဲဒီကိစ္စကို အတည်ပြုကြည့်ပြီးသွားပြီ။ ငါ ရုပ်ရှင်သွားကြည့်တယ် ဆိုတာကလည်း အိမ်စာကြိုလုပ်ထားတဲ့ သဘောပါပဲ"

"သူ့သူငယ်ချင်းဆီက ကြားလာတဲ့အတိုင်းဆိုရင် ဘယ်လို အခြေအနေရှိလဲ"

"ပြောရတော့ ခက်တယ်။ အဲဒီကလေးမရဲ့ စကားတွေအရ သဘာဝ မကျတာ ဘာတစ်ခုမှ မတွေ့ရဘူး"

သူ့သူငယ်ချင်း၏ အမည်မှာ အူအေနို မီကာ ဖြစ်သည်။ မီကာ၏ ပြောစကားအရဆိုလျှင် ဟာနာအိုကာ မီစာတိုသည် မိခင်နှင့်အတူ ရုပ်ရှင် သွားကြည့်ခဲ့ကြောင်း ၁၂ ရက်နေ့က သူမအား ပြောပြခဲ့သည်။ မီကာလည်း ထိုရုပ်ရှင်ကားကို ကြည့်ထားပြီး ဖြစ်သောကြောင့် သူတို့နှစ်ဦးသည် ရုပ်ရှင်နှင့် ပတ်သက်၍ အတော်ကြာအောင် စကားဖောင်ဖွဲ့ခဲ့ကြသည် ဆို၏။

"အခင်းဖြစ်ပြီး နှစ်ရက်နေမှ အဲဒီအကြောင်းကို ပြောတာဆိုတော့ နည်းနည်း သံသယ ဝင်စရာပဲ" ယုကာဝါက ပြောသည်။

"ဟုတ်တယ်။ ရုပ်ရှင်ကြည့်ပြီးလို့ အဲဒီအကြောင်းကို သူငယ်ချင်းနဲ့ အာလူးဖုတ်ချင်တယ် ဆိုရင်လည်း သဘောအရဆိုရင် နောက်တစ်နေ့မှာပဲ ပြောရမှာ မဟုတ်လား။ ဒါကြောင့် ငါ့ရဲ့ အထင်က သူတို့ ၁၁ ရက်နေ့မှာမှ ရုပ်ရှင်ကြည့်ခဲ့ကြတာ ဖြစ်မလားလို့"

"အဲဒီလို ဖြစ်နိုင်လို့လား"

"မဖြစ်နိုင်ဘူးလို့လည်း လုံးဝ ပြောလို့ မရပြန်ဘူး။ အမေက ၆ နာရီအထိ အလုပ်ဆင်းရတယ်။ သမီးက ကြက်တောင်ရိုက် လေ့ကျင့်ပြီးတာနဲ့ အိမ်ကို တန်းပြန်မယ် ဆိုရင် ၇ နာရီပွဲကိုတော့ မီလောက်တယ်။ သူတို့ ၁၀ ရက်နေ့က အဲဒီအစီအစဉ်အတိုင်း ရုပ်ရှင်သွားကြည့်ခဲ့ကြတယ်လို့ ပြောတာပဲ"

"ကြက်တောင်? သူ့သမီးက ကြက်တောင်ရိုက်အသင်း ဝင်ထားတာလား"

"ငါ သူတို့အိမ်ကို ပထမဆုံးအကြိမ် ရောက်တုန်းက အိမ်ခန်းထဲမှာ ဘက်တံတစ်ချောင်း တွေ့ခဲ့တယ်။ အဲဒီကတည်းက ငါ ရိပ်မိတာပဲ။ နောက်ပြီး အဲဒီကြက်တောင်ရိုက်တဲ့ ကိစ္စမှာလည်း သံသယဖြစ်စရာ အချက်တစ်ချက် ရှိတယ်။ မင်းလည်း သိတာပဲ။ အဲဒါက အင်မတန် အားစိုက်ရတဲ့ အားကစားနည်းလေ။ ဆယ်ကျော်သက်တစ်ယောက် ဖြစ်နေပါစေ၊ ကြက်တောင်ရိုက် လေ့ကျင့်ပြီးတာနဲ့ လူကို မြော့သွားတာပဲ"

"မင်းလို ကျားကိုးစီး စားမကုန်တဲ့ အားမျိုးရှိရင်တော့ တစ်မျိုးပေါ့ကွာ မဟုတ်ဘူးလား"

"ငါ့စကားကို ဖြတ်မပြောစမ်းပါနဲ့။ အခုက ငါပြောချင်တာက ...."

"အားကစားလေ့ကျင့်ပြီးလို့ အားအင်ကုန်ခမ်းနေတဲ့ အလယ်တန်း

ကျောင်းသူတစ်ယောက်က ရုပ်ရှင်သွားကြည့်ရုံ ဆိုရင် တော်သေးရဲ့။ အခုဟာက ညကြီးသန်းခေါင် ကာရာအိုကေတောင် သွားဆိုလိုက်သေးတာဆိုတော့ အတော်ကို ယုတ္တိမရှိတာပဲ – မင်းပြောချင်တာ အဲဒီလို မဟုတ်လား”

ကုစာနာဂိက ယုကာဝါကို တအံ့တသြ စိုက်ကြည့်နေသည်။ သူ ပြောချင်နေသည်နှင့် ကွက်တိ။

“ဒါပေမယ့် အဲဒီလောက်လေးနဲ့ ယုတ္တိမရှိဘူး၊ သဘာဝ မကျဘူးလို့ သုံးသပ်တာက အတင့်ရဲလွန်း မနေဘူးလား။ တချို့ကလေးတွေက အဲဒီလောက်ကို အားပြည့်အင်ပြည့်နဲ့ အမြဲ ဖျတ်ဖျတ်လတ်လတ် ရှိနေတတ်ကြတယ်”

“သူက ပိန်ပိန်လေးလေကွာ။ ကြည့်ရတာ ပျော့စိစိနဲ့”

“အဲဒီနေ့ရဲ့ ထရိန်နင်ကလည်း ပေါ့ပေါ့ပါးပါးနဲ့ ပြီးသွားလို့ ဖြစ်ချင် ဖြစ်မှာပေါ့။ ပြီးတော့ သူတို့ ၁၀ ရက်နေ့ညက ကာရာအိုကေသွားခဲ့တယ် ဆိုတဲ့ ကိစ္စကို မင်းတို့ အတည်ပြုချက် ယူပြီးသွားပြီပဲ မဟုတ်ဘူးလား”

“ဟုတ်တယ်”

“သူ ဘယ်အချိန် ဝင်သွားတာတဲ့လဲ”

“၉ နာရီ ၄၀”

“သူ့အမေရဲ့ ထမင်းဆိုင်အလုပ်က ၆ နာရီမှာ ပြီးတယ်။ အခင်းဖြစ်တဲ့ နေရာက ရှီနိုဇာကိမှာ။ အသွားအပြန် ခရီးကို ဖယ်ထုတ်လိုက်ရင် သူတို့မှာ အမှုလုပ်ဖို့ ၂ နာရီ အချိန်ရသေးတယ်။ ပြီးမှ ကာရာအိုကေ သွားမယ်ဆိုရင် မဖြစ်နိုင်တာတော့ မဟုတ်ဘူး” ယုကာဝါသည် လက်ထဲမှ တူကို မချသေးဘဲ လက်ပိုက်လျက် ထိုင်နေသည်။

ကုစာနာဂိသည် ယုကာဝါ၏ ထိုင်နေပုံကို ကြည့်ရင်း စဉ်းစားနေမိသည်။ သံသယတရားခံသည် ထမင်းဆိုင်တွင် အလုပ်လုပ်နေကြောင်းကို သူ့အား ပြောပြခဲ့ဖူးသလော။ “မင်းက ဘယ်လို ဖြစ်ပြီး ဒီအမှုကို ရုတ်တရက် စိတ်ဝင်စားလာရတာလဲ။ အမှုရဲ့ တိုးတက်မှု အခြေအနေကို ငါ့ဆီ တကူးတက လာမေးနေတာဆိုတော့ နည်းနည်း ထူးဆန်းနေသလိုပဲ”

“စိတ်ဝင်စားလာတယ် လို့တော့ ပြောလို့ မရပါဘူးကွာ။ ငါ့ခေါင်းထဲ အတွေးဝင်လာလို့ပါ။ ငါက အဲဒီလို တုတ်ပြီးခားပြီးတဲ့ အလီဘိုင်သက်သေတွေကို အမြင်မကပ်တတ်ပါဘူး”

“တုတ်ပြီးခားပြီး ဆိုတာထက် ချဉ်းကပ်ဖို့ ခက်တာက အဓိက ပြဿနာ။

အတည်ပြုချက် ယူဖို့မှ မလွယ်ဘဲ။ အဲဒါကြောင့် ဦးနှောက်ခြောက်နေတာ”

“ဒါပေမယ့် မင်းတို့က သူ့ကို သံသယ ဝင်ထိုက်လောက်တဲ့ အထောက်အထားတွေ အခုထိ မတွေ့သေးဘူး မဟုတ်လား”

“ဒါတော့ ဒါပေါ့။ ဒါပေမယ့် ပြဿနာက သံသယဝင်စရာ သူ့အပြင် တခြားလူလည်း ရှိမနေပြန်ဘူး။ ဒီအမှုမှာ သဲလွန်စဆိုတာလည်း ဘာမှ များများစားစား ချန်ထားတာ မရှိဘူး။ တိုဂါရှိမှာ သူငယ်ချင်းလည်း အများကြီး မရှိဘူး။ ပြီးတော့ သူ့ကို အသက်ရန်ရှာနိုင်မယ့် ရန်သူလို့ ခေါ်လို့ရတဲ့ လူလည်း မရှိပြန်ဘူး။ ပိုပြီး ထူးခြားတာက အခင်းဖြစ်တဲ့နေ့ကျမှ သူတို့တွေက ရုပ်ရှင်ရုံတို့ ကာရာအိုကေဆိုင်တို့ သွားနေကြတယ် ဆိုတော့ ဒါက တိုက်ဆိုင်လွန်းမနေဘူးလား”

“မင်း ဘာဆိုလိုချင်တယ် ဆိုတာကို ငါ နားလည်တယ်။ ဒါပေမယ့် ခမ္ဘမိဋ္ဌာန်ကျကျ ဝေဖန်သုံးသပ်နိုင်ဖို့တော့ လိုသေးတာပေါ့။ မင်းအနေနဲ့ အလီဘိုင်သက်သေကိုချည်း မဟုတ်ဘဲ တခြားတစ်ခုခုကို အာရုံစိုက်သင့်တယ် ထင်တာပဲ”

“မင်း သင်ပေးနေဖို့ မလိုပါဘူး။ ငါတို့ လုပ်သင့်တဲ့အလုပ်တွေ အားလုံး လုပ်ပြီးသွားပြီ” ကုစာနာဂိသည် ထိုင်ခုံနောက်မှီပေါ်တွင် လွှားတင်ထားသော အပေါ်ဝတ်ကုတ်အင်္ကျီထဲမှ မိတ္တူစာရွက်တစ်ရွက်ကို ထုတ်ပြီး စားပွဲပေါ် ဖြန့်ခင်းလိုက်သည်။ စာရွက်ပေါ်တွင် အမျိုးသားတစ်ဦး၏ ပုံကို ရေးဆွဲထားသည်။

“ဒါက ဘာလဲ”

“အသတ်ခံရသူရဲ့ မသေခင်က ဝတ်စားဆင်ပြင်ပုံကို ခန့်မှန်းပြီး ဆွဲထားတာ။ ငါတို့ ဘော်ဒါတွေ အတော်များများ ဒီပုံကို ကိုင်ပြီး ရှိနိုဇာကိဘူတာ ပတ်ဝန်းကျင်မှာ လိုက်စုံစမ်းနေကြတယ်”

“ငါ သတိရပြီ။ သူ့အင်္ကျီတွေက အကုန်ပြာကျမသွားဘူး။ ဟုတ်တယ်မလား။ နက်ပြာရောင် ဂျက်ကက်၊ မီးခိုးရောင် ဆွယ်တာနဲ့ အနက်ရောင် ဘောင်းဘီ .... လူတကာ ဝတ်နေကျ ပုံစံမျိုးပဲ”

“ဟုတ်တယ်။ သူ့လို ပုံစံမျိုးကို တွေ့လိုက်တယ်လို့ သတင်းပို့လာတဲ့ လူတွေက တောင်လိုပုံလို့။ ဘယ်ကနေ ဘယ်လို စရမှန်းတောင် မသိတော့ဘူး”

“ဒီလိုဆိုရင် အခုချိန်ထိ အသုံးတည့်နိုင်မယ့် ဘာ သဲလွန်စမှ မရသေးဘူး ဆိုပါတော့”

“တစ်ခုတော့ ရှိတယ်” ကုစာနာဂိက လက်ညှိုးတစ်ချောင်း ထောင်ပြသည်။ “ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ယောက်က အဲဒီပုံစံ ဝတ်စားထားတဲ့ သံသယဖြစ်ဖွယ် လူတစ်ယောက်ကို ဘူတာရုံနားမှာ လမ်းသလားနေတာ မြင်ခဲ့ဖူးတယ်တဲ့။ ဘူတာရုံမှာ သူ့ရုပ်ပုံကားကို ကပ်ထားပြီးမှ ငါတို့ဆီ ဆက်သွယ် အကြောင်းကြားလာတာ”

“အဲဒီလို လူမှုရေးစိတ်ဓာတ် ရှိတဲ့သူ ဒီလောကမှာ ရှိသေးတာလား။ ဒါနဲ့ပဲ မင်းတို့က ဘာဖြစ်လို့ သူ့ကို အသေအချာ မေးမကြည့်ကြတာလဲ”

“မင်း အဲဒီလို ပြောမှ ပြောပ့ါမလားလို့။ ငါ မေးကြည့်ပြီးသွားပြီ။ ဒါပေမယ့် သူတွေ့ခဲ့တာ အသတ်ခံရတဲ့သူ ဟုတ်ချင်မှ ဟုတ်မှာ”

“ဘာဖြစ်လို့ အဲဒီလို ပြောနိုင်ရတာလဲ”

“သူ ပြောတဲ့ ဘူတာက ရှီနိုဇာကို မဟုတ်ဘူး။ အရှေ့တစ်ဘူတာ မိဇူအေ။ ပြီးတော့ ဓာတ်ပုံကို ပြကြည့်တဲ့ အခါမှာလည်း သူမြင်တဲ့ လူရဲ့ မျက်နှာက ဒီပုံထက် ပိုပြည့်ပြီး ဝိုင်းသတဲ့”

“ပြည့်တယ် ... ဝိုင်းတယ် ...”

“ငါတို့ ရဲတွေက မကြာခဏဆိုသလို မရောင်ရာ ဆီလူးတဲ့ အလုပ်တွေကို လုပ်လုပ်နေရတယ်။ သဘောတရား ရေးရာတွေကို ကြီးကြီးကျယ်ကျယ် ပြောနိုင်ရုံနဲ့ ခိုင်မာတဲ့ နေရာတစ်နေရာ ရနေနိုင်တဲ့ မင်းတို့လို ပညာရှင်လောကနဲ့တော့ ကွာချင်တိုင်း ကွာနေတော့တာပဲ” ကုစာနာဂိသည် တူးနေအောင် ကြော်ထားသည့် အာလူးကြော်တစ်ဖက်ကို တူဖြင့် ညှပ်ယူရင်း ပြောနေသည်။ ယုကာဝါက ဘာမျှ တုံ့ပြန်ခြင်း မရှိ။ ကုစာနာဂိက သူ့ကို ခေါင်းမော့ကြည့်လိုက်သောအခါ ယုကာဝါသည် လက်ဖဝါးနှစ်ဘက်ကို ပတ္တာဆက်သကဲ့သို့ တင်းတင်း ဆုပ်ကိုင်ထားပြီး ကောင်းကင်ထက်သို့ မေးကြည့်နေသည်။

လောကဓာတ်ဆရာကြီး အတွေးနယ်ချဲ့နေပြီ ဖြစ်ကြောင်း ကုစာနာဂိ သဘောပေါက်လိုက်သည်။

“အလောင်းရဲ့ မျက်နှာကို ဖျက်ဆီးခံထားရတာဆို”

“ဟုတ်တယ်။ လက်ဗွေတွေတောင် မချန်ဘူး။ မီးရှို့ပြီး ဖျက်ဆီးထားတယ်။ သူ့ရဲ့ နောက်ကြောင်းကို လိုက်လို့ မရအောင် လုပ်ထားတယ် ဆိုတာ မြင်ရုံနဲ့ သိသာတယ်”

“ဘာလက်နက်ကို သုံးပြီး မျက်နှာကို ဖျက်ဆီးတာလဲ”

ကုစာနာဂိသည် ဘေးဘီတွင် ခိုးနားထောင်နေနိုင်သည့် လူများ ရှိမနေကြောင်း သေချာသွားသည့်အခါမှ ခါးကို အရှေ့သို့ ကိုင်းညွတ်လိုက်သည်။ “အခုထိ အဲဒီလက်နက်ကို ရှာလို့ မတွေ့သေးဘူး။ သံတူလိုဟာမျိုး ဖြစ်မယ်လို့ ယူဆတာပဲ။ မျက်နှာပေါ်က အရိုးတွေကို မကျိုးကျိုးအောင် အကြိမ်အတော်များများ ထုရိုက်ထားတယ်။ သွားနဲ့ မေးရိုးလည်း လုံးဝ ပျက်စီးသွားတယ်။ သွားစိုက်မှတ်တမ်းကနေ ခြေရာခံလို့ မရအောင် အပြတ် လုပ်ထားပုံပဲ”

“သံတူ ......” ယုကာဝါသည် မုန်လာဥအချဉ်ကို တူဖြင့် ညှပ်ရင်း ရေရွတ်နေသည်။

“ဘာများ ထူးခြားလို့လဲ” ကုစာနာဂိက မေးသည်။

ယုကာဝါသည် တူကို ချပြီး တံတောင်နှစ်ဘက်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ “တကယ်လို့ ထမင်းဆိုင်က အမျိုးသမီးဟာ လူသတ်တရားခံ ဖြစ်နေမယ် ဆိုရင် ..... အဲဒီနေ့က သူ ဘာတွေလုပ်လိမ့်မယ်လို့ မင်း တွက်ဆထားသလဲ။ ပထမဆုံးအနေနဲ့ သူ ရုပ်ရှင်ရုံ သွားတာမဟုတ်ဘူးလို့ မင်း ယူဆထားတယ် မဟုတ်လား”

“သူ သွားသလား၊ မသွားဘူးလား ဆိုတာကို ငါ ဘာမှ မဆုံးဖြတ်ရသေးဘူး”

“အဲဒါကို ခဏထားလိုက်ပါဦး။ မင်းရဲ့ အယူအဆကို အရင် ပြောပြစမ်းပါ” ယုကာဝါသည် ပြောပြီး ဆိုင်ဝန်ထမ်းတစ်ယောက်ကို လက်ယပ်ခေါ်ကာ ကျန်လက်တစ်ဘက်ဖြင့် ဖန်ခွက်လွတ်ကို မြှောက်ပြလိုက်သည်။

ကုစာနာဂိသည် နှုတ်ခမ်းကို သပ်လိုက်သည်။ “အယူအဆရယ်လို့ ခေါ်လို့ မရပါဘူးကွာ။ ငါက ဒီလို စဉ်းစားမိတယ်။ ထမင်းဆိုင်က ..... အဲ လေကုန်သက်သာအောင်လို့ သူ့ကို A လို့ ခေါ်ကြစို့။ A က အလုပ်ပြီးလို့ ဆိုင်ကနေ ထွက်လာတဲ့အချိန်က ၆ နာရီ ထိုးပြီးနေပြီ။ သူ အဲဒီကနေ ဟာမာမတ်ဆုဘူတာကို သွားရင် ၁၀ မိနစ်ကြာမယ်။ အဲဒီကနေ ရှီနိုဇာကိဘူတာကို မြေအောက်ရထားစီးရင် နောက်ထပ် မိနစ် ၂၀ လောက် အချိန်ပေးရမယ်။ ဘူတာကနေ ဘတ်စ်ကားစီးပြီး ဒါမှမဟုတ် တက္ကစီစီးပြီး အခင်းဖြစ်တဲ့ နေရာကို သွားမယ် ဆိုရင် နောက်အကျဆုံး ၇ နာရီလောက်မှာ ရောက်သွားနိုင်တယ်”

“အဲဒီကြားကာလမှာ အသတ်ခံရသူရဲ့ သွားလာလှုပ်ရှားမှု အခြေအနေကရော”

"အသတ်ခံရသူကို B လို့ ဆိုကြစို့။ B ကလည်း အခင်းဖြစ်တဲ့ နေရာကို သွားနေမှာပဲ။ A နဲ့ အစောကြီးကတည်းက ချိန်းထားတာ ဖြစ်ဖို့ များတယ်။ ဒါပေမယ့် B က ရှီနိုဇာကိဘူတာကနေ စက်ဘီးစီးပြီး သွားတယ်"

"စက်ဘီး?"

"ဟုတ်တယ်။ အလောင်းနားမှာ စက်ဘီးတစ်စီး ပစ်ထားတာ တွေ့ရတယ်။ အဲဒီအပေါ်က လက်ဗွေနဲ့ B ရဲ့ လက်ဗွေက တထေရာတည်းပဲ"

"လက်ဗွေ? နေပါဦး ... စောနက ပြောတော့ အကုန်လုံး ဖျက်ဆီးခံထားရပြီဆို"

ကုစာနာဂိက ခေါင်းညိတ်ပြသည်။ "B ရဲ့ ရာဇဝင်ကို ဖော်ထုတ်နိုင်ပြီးမှ ငါတို့ အတည်ပြုနိုင်ခဲ့တာ။ ငါ ဆိုလိုချင်တဲ့ အဓိပ္ပာယ်က B တည်းခဲ့တဲ့ တည်းခိုခန်းအခန်းထဲက ရလာတဲ့ လက်ဗွေနဲ့ တထေရာတည်းလို့ ပြောတာ။ နေဦး နေဦး။ မင်း ဘာပြောချင်နေသလဲဆိုတာ ငါ သဘောပေါက်ပြီ။ တည်းခိုခန်းမှာ တည်းခဲ့တဲ့ ဧည့်သည်က စက်ဘီးကို သုံးခဲ့တယ် ဆိုရင်တောင်မှ အဲဒါ B ရဲ့ လက်ဗွေပါလို့ ဘယ်လိုလုပ်ပြီး ယတိပြတ် ပြောနိုင်မလဲ။ ဒါမှမဟုတ် တည်းခိုခန်းမှာ တည်းတဲ့ ဧည့်သည်ဟာ လူသတ်တရားခံ ဖြစ်နေပြီး အဲဒီစက်ဘီးက သူစီးခဲ့တဲ့ စက်ဘီး ဖြစ်နေရင်ရော။ မင်း အဲဒီလို မေးချင်တာ မဟုတ်လား။ အဓိကအချက်က ..... ငါတို့ အခန်းထဲမှာ ကျနေတဲ့ ဆံပင်နဲ့ အလောင်းပေါ်က ဆံပင်ကို တိုက်ဆိုင် စစ်ဆေးကြည့်ပြီးပြီ။ လုံးဝ တထေရာတည်းပဲ။ မင်းကို ပြောပြရဦးမယ်။ DNA တောင် စစ်ပြီးသွားပြီ"

ယုကာဝါက ပြုံးနေသည်။ "ဒီလို ခေတ်ကာလမျိုးမှာ ရုပ်အလောင်းကို နောက်ကြောင်းလိုက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ရဲတွေကို မှားနေပါတယ်လို့ ဘယ်သူကမှ စောဒက တက်နေကြတော့မယ် မထင်ဘူး။ ငါ အဓိက စိတ်ဝင်စားနေတဲ့ အချက်က B ဟာ စက်ဘီးကို အသုံးပြုခဲ့တယ် ဆိုတဲ့ အချက်ပဲ။ သူက သူ့စက်ဘီးကို ရှီနိုဇာကိဘူတာမှာ ထားထားတာလား"

"မဟုတ်ဘူး။ ဒီကိစ္စကို ပြောရမယ် ဆိုရင် ...." ကုစာနာဂိသည် စက်ဘီးအပျောက်တိုင်သည့် ကိစ္စမှ စ၍ ယုကာဝါကို အလုံးစုံ ရှင်းပြလိုက်သည်။

ရွှေကိုင်းမျက်မှန် အနောက်မှ ယုကာဝါ၏ မျက်လုံးများ ပြူးကျယ်လာသည်။ "ဒီလိုသာဆိုရင် B က အခင်းဖြစ်တဲ့ နေရာကို သွားဖို့အတွက် ဘတ်စ်ကားမစီး၊ တက္ကစီမစီးဘဲ စက်ဘီးတစ်စီးကို တကူးတက ခိုးပြီး သွားခဲ့တယ် ဆိုပါတော့"

"အဲဒီလိုပဲ ပြောရတော့မှာပေါ့။ B က အလုပ်လက်မဲ့လေ။ ကိုယ်ပေါ်မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး။ ကားခတောင် မပေးနိုင်လောက်အောင် ဖြစ်နေလို့ နေမှာပေါ့"

ယုကာဝါသည် မဖြေရှင်းနိုင်သည့် ပုစ္ဆာတစ်ပုဒ်ကို မြင်တွေ့နေရသည့်နှယ် လက်ကို ခပ်တင်းတင်း ပိုက်ထားပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ "ထားပါတော့။ လောလောဆယ်တော့ A နဲ့ B က အဲဒီလို ပုံစံမျိုးနဲ့ အခင်းဖြစ်တဲ့နေရာမှာ ဆုံတွေ့ကြပြီပဲ ဆိုပါစို့။ မင်း ဆက်ပြောစမ်းပါဦး"

"အဲဒီနေရာမှာ တွေ့မယ်လို့ ချိန်းထားပေမယ့် A က တစ်နေရာမှာ ပုန်းနေလိမ့်မယ်။ B ရောက်လာတာကို တွေ့ပြီဆိုတဲ့အခါမှ သူ့နောက်ကျောကို တိတ်တဆိတ် ချဉ်းကပ်သွားပြီး ကြိုးတစ်ချောင်းနဲ့ B ရဲ့ လည်ပင်းကို ပတ်ပြီး အသေညှစ်သတ် ....."

"ဟိုး ... ဟိုး" ယုကာဝါသည် လက်တစ်ဘက်ကို ဆန့်တန်းလိုက်သည်။ "B ရဲ့ အရပ်က?"

"၁.၇ မီတာ နည်းနည်းစွန်းမယ်" ကုစာနာဂိသည် ရယ်ချင်နေသော စိတ်ကို အနိုင်နိုင် ထိန်းချုပ်ထားပြီး ပြန်ဖြေလိုက်သည်။ ယုကာဝါ ဘာကို ပြောချင်နေကြောင်း သူ သိနေသည်။

"A ကရော"

"၁.၆ မီတာလောက်ပေါ့"

"တစ်ဆယ်စင်တီမီတာတောင် ကွာနေတယ်" ယုကာဝါသည် နှုတ်ခမ်းကို တစ်ချက် ရွဲ့လိုက်ပြီး မေးစေ့ပေါ်တွင် လက်တစ်ဘက်ကို တင်ထားသည်။ "ငါ ဘာပြောချင်တယ်ဆိုတာ မင်း သိမှာပေါ့"

"ကိုယ့်ထက် အရပ်မြင့်တဲ့ လူတစ်ယောက်ကို လည်ပင်းညှစ်ရတာက လွယ်တဲ့ ကိစ္စတော့ မဟုတ်ဘူး။ နောက်ပြီး အလောင်းပေါ်မှာ ထင်ကျန်နေတဲ့ အရှိုးရာအရ ကြည့်မယ် ဆိုရင် B ရဲ့ အထက်ကနေ တစ်ယောက်ယောက်က ဆွဲညှစ်ထားတဲ့ သဘောရှိတယ်။ ဒါပေမယ့် B က ထိုင်နေတာရော မဖြစ်နိုင်ဘူးလား။ အဲဒီအချိန်မှာ သူ စက်ဘီးပေါ် ထိုင်စောင့်နေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်တာပဲ"

"အဲဒီလို ကိုယ်လိုရာ ဆွဲပြီး ပြောလို့ ရသေးတာပဲလား"

"ဒါ လိုရာ ဆွဲပြောတာ မဟုတ်ဘူး" ကုစာနာဂိ၏ လက်သီးက စားပွဲပေါ်သို့

ကျရောက်သွားသည်။

"နောက်တော့ရော။ အင်္ကျီတွေ ချွတ်မယ်။ သယ်လာတဲ့ သံတူနဲ့ မျက်နှာကို ကြေမွသွားအောင် ထုမယ်။ ပါလာတဲ့ မီးခြစ်နဲ့ လက်ဖွေတွေကို မီးရှို့မယ်။ နောက်မှ အဝတ်အစားတွေကို မီးနဲ့ ရှို့ပစ်မယ်။ နောက်ဆုံး အခင်းဖြစ်တဲ့ နေရာကနေ ထွက်ပြေးသွားမယ်။ အဲဒီလိုလား"

"A အနေနဲ့ ကင်ရှိချိုကို ၉ နာရီအရောက် ပြန်လာဖို့က ဖြစ်နိုင်ခြေ ရှိတယ်"

"အချိန်အရ တွက်ကြည့်ရင်တော့ ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် မင်းရဲ့ အယူအဆက တစ်ဖက်သတ်ကြီး ဆန်မနေလွန်းဘူးလား။ မင်းတို့ ဌာနကြီးတစ်ခုလုံးက မင်းနဲ့ တစ်ပုံစံတည်း တွေးနေတာတော့ မဟုတ်လောက်ပါဘူးနော်"

ကုစာနာဂိက နှုတ်ခမ်းကို မဲ့လိုက်ပြီး ဘီယာခွက်ကို ကောက်မော့နေသည်။ သူသည် ဆိုင်ဝန်ထမ်းကို နောက်ထပ်တစ်ခွက် ထပ်မှာပြီး မျက်နှာကို ယုကာဝါရှိရာဘက်သို့ လှည့်လိုက်သည်။ "မိန်းကလေးတစ်ယောက်အနေနဲ့ အခုလို လုပ်နိုင်လိမ့်မယ်လို့ ငါတို့ ဘော်ဒါအများစုက လက်မခံကြဘူး"

"ဘယ်လိုပဲ အလစ်ချောင်းပြီး တိုက်ခိုက်ပါတယ်ပဲ ပြောပြော၊ တကယ်လို့သာ ယောကျာ်းက တန်ပြန်တိုက်ခိုက်လာရင် လည်ပင်းညှစ်နိုင်စရာ အကြောင်းကို မရှိဘူး။ ပြီးတော့ မိန်းကလေးတစ်ယောက်အနေနဲ့ အလောင်းကို ဖြေရှင်းဖို့ကိစ္စက အတော်လေး ခက်ခဲလိမ့်မယ်။ ဝမ်းနည်းပါတယ်။ အင်စပက်တော်ကြီးရဲ့ အယူအဆကို ကျွန်တော်မျိုး လုံးဝ လက်မခံနိုင်ပါဘူးခင်ဗျာ"

"မင်း အဲဒီလို ပြောလာလိမ့်မယ်လို့ ငါ ထင်သားပဲ။ ပြောရရင် ငါကိုယ်တိုင်တောင် အဲဒီအယူအဆကို လက်မခံနိုင်သေးဘူး။ အဲဒါကို ဖြစ်နိုင်ခြေထဲက တစ်ခုလို့ပဲ သတ်မှတ်ထားတာ"

"မင်းရဲ့ စကားကို နားထောင်ရတာ တခြား အယူအဆတွေ ရှိနေသေးသလိုပဲ။ ဒီလောက်တောင် ပြောပြီးမှပဲ။ ကပ်စေးနည်းမနေစမ်းပါနဲ့။ တခြားအယူအဆတွေကိုရော ငါ့ကို ပြောပြစမ်းပါဦးဟ"

"စောစောက ပြောခဲ့တဲ့ အယူအဆက အလောင်းကို တွေ့ခဲ့တဲ့ နေရာဟာ လူသတ်မှု ဖြစ်ခဲ့တဲ့နေရာပဲ ဆိုတဲ့ အချက်ပေါ်မှာ အခြေခံပြီး တွက်ဆထားတာ။ ဒါပေမယ့် တခြားတစ်နေရာမှာ သတ်ပြီးမှ အဲဒီနေရာကို လာစွန့်ပစ်ထားတာလည်း ဖြစ်နိုင်တာပဲ။ A ဟာ လူသတ်တရားခံ ဟုတ်မဟုတ် ဆိုတာကို ခဏ

ဘေးဖယ်ထားလိုက်ဦးပေါ့။ မှုခင်းအဖွဲ့မှာပါတဲ့ လူအများစုက အဲဒီအဆိုကို ပိုပြီး သဘောတွေ့ကြတယ်”

“အဲဒါက ပိုပြီး ယုတ္တိရှိတဲ့ ယူဆချက်ပဲလေ။ ဒါပေမယ့် အဲဒီအယူအဆကို မင်းက သိပ်ပြီး သဘောကျပုံ မရဘူး။ ဘာဖြစ်လို့လဲ”

“ရှင်းရှင်းလေးပါ။ တကယ်လို့ A ကသာ တရားခံ ဖြစ်မယ်ဆိုရင် အလောင်းကို အရွှေ့အပြောင်းလုပ်ဖို့ သူ့အနေနဲ့ လုံးဝ မဖြစ်နိုင်ဘူး။ သူ့မှာ ကားမှ မရှိဘဲ။ ပြီးတော့ သူက ကားကို မမောင်းတတ်တာ”

“အင်း၊ ဒီအချက်က သိပ် အရေးပါတဲ့ အချက်ပဲ”

“ပြီးတော့ အဲဒီနေရာမှာ ချန်ထားခဲ့တဲ့ စက်ဘီးလည်း ရှိသေးတယ်။ လူသတ်မှုဟာ မြစ်ကမ်းနံဘေးမှာ ဖြစ်ခဲ့ပါတယ်လို့ အထင်ရောက်သွားအောင် တရားခံက တမင်သက်သက် အကွက်ဆင်ထားတာလို့လည်း တွက်ဆလို့ ရနိုင်တာပေါ့။ ဒါပေမယ့် အဲဒီလိုသာဆိုရင် စက်ဘီးပေါ်မှာ လက်ဗွေရာ ချန်ထားတာက ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး။ အလောင်းရဲ့ လက်ဗွေတွေကို အကုန်လုံး ဖျက်ဆီးထားပြီးမှပဲကိုး”

“ဘယ်ဘက်ကပဲ စဉ်းစားစဉ်းစား အဲဒီစက်ဘီးက တကယ့်ကို ပဟေဠိတစ်ခုပဲ” ယုကာဝါသည် လက်ချောင်းကလေး ငါးချောင်းကို စန္ဒရားတီးသကဲ့သို့ ကစားနေရာမှ ရပ်တန့်ပြီး ပြောသည်။ “ဘယ်လိုပဲဖြစ်ဖြစ် အမှုလုပ်တဲ့သူက ယောကျ်ားဖြစ်မှ ပိုပြီး အဆင်ပြေမယ်”

“မှုခင်းအဖွဲ့ဝင် အများစုကလည်း အဲဒီလိုပဲ ယူဆထားတယ်။ ဒါပေမယ့် အခုလို ပြောလိုက်လို့ အမှုနဲ့ A ဟာ လုံးဝ မပတ်သက်ပါဘူးလို့ ဆိုလိုရာ မရောက်ဘူး”

“မင်းဆိုလိုချင်တဲ့ အဓိပ္ပာယ်က .... A မှာ ကြံရာပါ အမျိုးသားတစ်ယောက် ရှိနေတယ် ဆိုတဲ့သဘောလား”

“လက်ရှိတော့ ငါတို့ သူ့ရဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို လေ့လာစုံစမ်းနေကြတယ်။ သူ အရင်က ဘားမယ်လုပ်ဖူးတော့ ယောကျ်ားတွေနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်မယ် မထင်ဘူး”

“မင်းစကားကို တစ်နိုင်ငံလုံးမှာ ရှိတဲ့ ဘားမယ်တွေသာ ကြားကုန်ရင် မိုးမီးလောင်သွားတော့မှာပဲ” ယုကာဝါက စပ်ဖြီးဖြီးလုပ်၍ ဘီယာကို မော့သောက်နေသည်။ ထို့နောက် မျက်နှာပိုးသတ်လိုက်ပြီး ပြောသည်။ “စောစောက ပုံကို ကြည့်ကြည့်လို့ ရမလား”

“ဒါကိုပြောတာလား” ကုစာနာဂိက ယုကာဝါထံသို့ ပုံကို လှမ်းပေးသည်။

ယုကာဝါသည် ပုံကို ကြည့်ရင်း ရေရွတ်နေသည်။ “တရားခံက ဘာဖြစ်လို့ အဝတ်အစားတွေကို ချွတ်ပစ်ရတာလဲ”

“အသတ်ခံရသူရဲ့ အကြောင်းကို ဖုံးဖိထားချင်လို့ပေါ့။ မျက်နှာနဲ့ လက်ဗွေတွေကို ဖျက်ဆီးပစ်တာကလည်း အဲဒီသဘောပဲလေ”

“အဲဒီလိုသာဆို သယ်သွားလိုက်ရင် ပြီးနေတာပဲဟာ။ သူ အဲဒီလို အလုပ်မရှိ အလုပ်ရှာပြီး မီးသွားရှို့လို့ နောက်ဆုံးကျတော့ တစ်ဝက်တစ်ပျက်နဲ့ မီးက ငြိမ်းသွားရော။ ဒါနဲ့ပဲ မင်းတို့ ဒီပုံကို ဆွဲဖို့ အခွင့်အရေး ရသွားတာ မဟုတ်လား”

“စိတ်စောလွန်းနေလို့လည်း ဖြစ်မှာပေါ့”

“တကယ်လို့ ပိုက်ဆံအိတ် ဒါမှမဟုတ် ယာဉ်မောင်းလိုင်စင်လို ပစ္စည်းမျိုး ဆိုရင်တော့ ဘယ်သူဘယ်ဝါ ဖြစ်တယ် ဆိုတာကို အတည်ပြုနိုင်တာပေါ့။ အင်္ကျီနဲ့ ဖိနပ်တွေကနေ အဲဒီလို စစ်ယူဖို့ ဖြစ်နိုင်လို့လား။ အလောင်းရဲ့ အဝတ်အစားတွေကို ချွတ်ယူနေတာ သိပ်ကို အန္တရာယ်ကြီးနိုင်တယ်။ တရားခံရဲ့ နေရာကနေ ကြည့်မယ်ဆိုရင် အမြန်ဆုံး ထွက်ပြေးနိုင်ဖို့က ပိုပြီး အရေးကြီးတယ်လေ”

“မင်း ဘာပြောချင်နေတာလဲ။ အဝတ်အစားတွေ ချွတ်ပစ်တာမှာ တခြား အကြောင်းအရင်း ရှိနေတယ်လို့ ပြောချင်တာလား”

“ငါ ယတိပြတ်တော့ မပြောနိုင်သေးဘူး။ တကယ်လို့သာ တခြား အကြောင်းအရင်း ရှိနေမယ်ဆိုရင် အဲဒီအကြောင်းအရင်းကို မဖော်ထုတ်နိုင်မချင်း မင်းတို့ တရားခံကို ရှာတွေ့နိုင်ဖို့ စိတ်မကူးနဲ့တော့” ယုကာဝါသည် ပြောပြီး ရုပ်ပုံစက္ကူပေါ်တွင် လက်ညှိုးဖြင့် အမေးပြသင်္ကေတ (?) ပုံသဏ္ဌာန် ရေးဆွဲလိုက်သည်။

အခန်း (၈ - ၁)

ဒုတိယနှစ် စီတန်း၏ နှစ်ကုန်စာမေးပွဲမှ သင်္ချာရမှတ်များမှာ ချာတူးလန်နေသည်။ စီတန်း တစ်တန်းတည်းသာ မကဘဲ ဒုတိယနှစ် ကျောင်းသားများ အားလုံး၏ အဖြေလွှာများသည် စိတ်ပျက်စရာ ကောင်းလောက်အောင် စုတ်ချာနေသည်။ အိရှိုဂါမိက တွေးနေမိသည်။ ကျောင်းသားများသည် တစ်နှစ်ထက်တစ်နှစ် ညံ့သည်ထက် ညံ့လာကြသည်။

အဖြေလွှာများကို ပြန်ဝေပေးပြီးနောက်တွင် အိရှိုဂါမိသည် ဖြည့်စွက်စာမေးပွဲ ဖြေဆိုရမည့် ရက်စွဲကို ကြေညာလိုက်သည်။ ကျောင်း၏ စည်းကမ်းအရ ဘာသာရပ်တိုင်းအတွက် အနိမ့်ဆုံး ရမှတ်ကို သတ်မှတ်ထားသည်။ ထိုရမှတ်အောက် နိမ့်ကျနေသော ကျောင်းသားများကို အတန်းတင်ပေးခွင့် မရှိ။ သို့သော် စပလီ (ဖြည့်စွက်စာမေးပွဲ) ကို အောင်မှတ်မရမချင်း အကြိမ်ကြိမ် ဖြေဆိုနိုင်သည်။ ထို့ကြောင့်လည်း အတန်းမတက်ရသူဟူ၍ မရှိသလောက် ရှားသည်။

စပလီ ရှိသည်ဟူသော အသံကို ကြားလိုက်ရသည်နှင့် ကျောင်းသားထု၏ အုတ်အုတ်ကျက်ကျက် အသံများ ထွက်ပေါ်လာသည်။ အိရှိုဂါမိသည် ထိုအသံများကို ကြားနေကျ ဖြစ်သောကြောင့် ထုံးစံအတိုင်း အမှုမထားဘဲ နေနေခဲ့သည်။ သို့သော် အသံတစ်သံက သူ့နားထဲသို့ ရောက်ဖြစ်အောင် ရောက်လာခဲ့သေးသည်။

“ဆရာ၊ တချို့လူတွေ သွားဖြေမယ့် တက္ကသိုလ်ဝင် စာမေးပွဲတွေမှာ သင်္ချာမှ မပါဘဲ။ သူတို့အတွက် သင်္ချာအမှတ်က ဘာမှမှ အရေးမကြီးတာ”

အိရှိုဂါမိသည် ထိုကျောင်းသားထံသို့ လှမ်းကြည့်လိုက်သည်။ ‘မိုရီအိုကာ’ အမည်ရှိသော ထိုကျောင်းသားသည် ခေါင်းကုတ်နေရင်း ဘေးဘီမှ သူငယ်ချင်းများကို စစ်ကူတောင်းနေသည်။ “ဟော့ကောင်တွေ ဟုတ်တယ်မလား” မိုရီအိုကာသည် အရပ်ပင် ပုသော်ငြားလည်း အတန်းထဲမှ လူမိုက်ခေါင်းဆောင် ဖြစ်ကြောင်းကို အတန်းပိုင်ဆရာ မဟုတ်သော အိရှိုဂါမိပင် သိထားပြီး ဖြစ်သည်။ သူသည် ကျောင်းသို့ ဆိုင်ကယ်ကို ခိုးစီးလာတတ်သောကြောင့် ကျောင်းအုပ်ကြီးက သူ့အား အကြိမ်ပေါင်းများစွာ သတိပေးခဲ့ပြီး ဖြစ်သည်။

“မိုရီအိုကာ၊ မင်းက ဝိဇ္ဇာတက္ကသိုလ်ကို သွားဖို့ စိတ်ကူးထားတာလား” အိရှိုဂါမိက မေးသည်။

“တကယ်လို့သာ ဖြေမယ်ဆိုရင် ကျွန်တော်က အဲဒီလို တက္ကသိုလ်မျိုးကို

ရွေးမှာပဲ။ ဒါပေမယ့် အခုလောလောဆယ်တော့ တက္ကသိုလ် မတက်ချင်သေးဘူး။ ကျွန်တော် အထက်တန်း တတိယနှစ် ရောက်ရင်လည်း သေတောင် သင်္ချာကို မရွေးဘူး။ ကျွန်တော်ကတော့ သင်္ချာအမှတ်ကို ဂရုစိုက်မနေနိုင်ဘူး။ ဆရာ့အနေနဲ့လည်း ကျွန်တော်တို့လို ငတုံးတွေကို စာသင်ရတာ အတော် ပင်ပန်းမှာပဲ။ ဒီလို လုပ်ရင် မကောင်းဘူးလား ဆရာ။ ဘယ်လို ပြောရမလဲ။ လူကြီးတွေလို နားလည်မှု ယူလိုက်ကြရအောင်လေ”

‘လူကြီးတွေလို’ ဟူသော စကားကြောင့် တစ်တန်းလုံး တဟားဟားနှင့် ပွဲကျသွားသည်။ အိရှိုဂါမိလည်း အနည်းငယ် ပြုံးလိုက်မိသည်။

“ငါ့ကို ပင်ပန်းမှာ စိုးရိမ်ရင် ဒီတစ်ခေါက် စပလီမှာ အောင်မှတ်ရအောင် ကြိုးစားကြ။ မေးခွန်းထဲမှာ ကဲကုလက်စ်ပဲ ပါမှာ။ လွယ်လွယ်လေးရယ်”

မိုရီအိုကာသည် သူ၏ ခြေထောက်နှစ်ချောင်းကို ထိုင်ခုံလက်ရန်းပေါ်သို့ လွှဲတင်လိုက်ပြီး ခပ်လှောင်လှောင် အသံဖြင့် အော်ပြောနေသည်။ “အဲဒီ ကဲကုလက်စ်က ကျွန်တော်တို့အတွက် ဘာအသုံးကျမှာမို့လဲဗျာ။ ဒါ သက်သက် အချိန်ဖြုန်းနေတာပဲ”

အိရှိုဂါမိသည် စာမေးပွဲ မေးခွန်းလွှာထဲမှ အနည်းငယ် ခက်ခဲသော ပုစ္ဆာတချို့ကို ရှင်းပြပေးရန်အတွက် ကျောက်သင်ပုန်းကို မျက်နှာပြု၍ ရပ်နေသည်။ သို့သော် မိုရီအိုကာ၏ အသံကို ကြားရသောအခါ ချက်ချင်း အနောက်လှည့်ပြီး အတန်းဘက်သို့ မျက်နှာမူလိုက်သည်။ ထိုမေးခွန်းကို မသိကျိုးကျွန် ပြု၍ မဖြစ်။ “မင်း မော်တော်ဆိုင်ကယ် စီးရတာ သဘောကျတယ်လို့ ကြားဖူးတယ်။ ဆိုင်ကယ်မောင်းပြိုင်ပွဲတွေကို မင်း ကြည့်ဖူးလား”

ရုတ်တရက် အမေးခံလိုက်ရသော မေးခွန်းကြောင့် မိုရီအိုကာသည် စိုးစဉ်းမျှ တုံ့ဆိုင်းသွားပြီးမှ ခေါင်းညိတ်ပြသည်။

“ဆိုင်ကယ် အမောင်းသမားဟာ ဆိုင်ကယ်ရဲ့ အမြန်နှုန်းကို အမြဲတမ်း ပုံသေထားပြီး မောင်းနေလို့ မဖြစ်ဘူး။ ရေမြေ အနေအထားနဲ့ လေလမ်းကြောင်းတွေကို ထည့်တွက်ရမယ့်အပြင် ကိုယ့်ရဲ့ နည်းဗျူဟာအရ အမြန်နှုန်းကို အတိုးအလျှော့ အမြဲ လုပ်ပေးနေရတယ်။ ဘယ်နေရာမှာ မိုင်ကုန် တင်ရမလဲ။ ဘယ်နေရာမှာ အရှိန် လျှော့ရလဲ။ အနိုင်အရှုံးဟာ အဲဒီလို ဆုံးဖြတ်ချက်ချတဲ့ တဒင်္ဂ အချိန်လေးတွေအပေါ်မှာပဲ အဓိက မူတည်နေတယ်”

“အဲဒါက သင်္ချာနဲ့ ဘာဆိုင်လို့လဲ”

“သတ်မှတ်အချိန်တစ်ခုမှာ ဘယ်လောက်အထိ အရှိန် မြှင့်နိုင်သလဲဆိုတာ

အဲဒီချိန်ရဲ့ ဆင့်ပွားအမြန်နှုန်း (derivative of speed) လို့ ခေါ်တယ်။ နောက်ပြီးတော့ သူတို့ ရွေ့လျားသွားတဲ့ အကွာအဝေးဆိုတာ အဲဒီလို အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ အမြန်နှုန်းတွေရဲ့ integral သမုဟသဘောပဲ။ ပြိုင်ပွဲတစ်ခုမှာ ဆိုင်ကယ်တိုင်းဟာ အကြမ်းဖျင်းအားဖြင့် တူညီတဲ့ အကွာအဝေးတစ်ခုမှာပဲ ယှဉ်ပြိုင်မောင်းနှင်ကြရတယ်။ ဒါကြောင့် ဘယ်သူ နိုင်မလဲ၊ ဘယ်သူ ရှုံးမလဲဆိုတာကို ပိုင်းဖြတ်နိုင်ဖို့အတွက် အလိုက်ပြောင်းအမြန်နှုန်း (speed differential) ဟာ သိပ်ကို အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတယ်။ ဟောကြည့် ... ကဲကုလက်စ်က ဘယ်လောက် အရေးပါသလဲ ဆိုတာ တွေ့ပြီမဟုတ်လား”

အိရှိဂါမိ၏ ရှင်းလင်းချက်ကို လုံးဝ နားမလည်သောကြောင့်ပေလောဟု မဆိုနိုင်။ မိုရီအိုကာက မှုန်ကုပ်ကုပ်နှင့် ပြန်ကြည့်နေသည်။ “ဘယ်ဆိုင်ကယ်သမားက အဲဒါတွေ စဉ်းစားနေနိုင်မလဲဗျာ။ ကဲကုလက်တွေ မလက်တွေက သူတို့အတွက် ဘာအရေးလဲ။ သူတို့ကတော့ အတွေ့အကြုံနဲ့ ဖြတ်ထိုးဉာဏ်ကို သုံးပြီး အနိုင်ရအောင် မောင်းကြမှာပဲ”

“ဒါပေမယ့် ပြေးလမ်းဘေးကနေ သူတို့ကို ကူညီပေးနေတဲ့ အကြံပေးဆိုတဲ့ လူတွေကတော့ အဲဒီလို ဘယ်ဟုတ်ပါ့မလဲ။ ဘယ်နေရာမှာ အရှိန်မြှင့်ရင် အကျိုးအရှိဆုံး ဖြစ်မလဲ၊ အောင်ပွဲ ဆွတ်ခူးနိုင်မလဲ ဆိုတာကို အသေအချာ တွက်ချက်ထားကြရတာ။ အဲဒါ သူတို့ရဲ့ ပြိုင်ပွဲဗျူဟာပဲ။ အဲဒီလို တွက်ချက်နိုင်ဖို့အတွက် သူတို့ ကဲကုလက်စ်ကို မသုံးမဖြစ် သုံးကို သုံးရမယ်။ သူတို့က အဲဒါကို မသိဘူး ဆိုရင်တောင်မှ သူတို့သုံးတဲ့ ကွန်ပျူတာဆော့ဝဲတွေမှာ မပါလို့ မဖြစ်ဘူး”

“အဲဒါဆိုလည်း အဲဒီလို ဆော့ဝဲတွေ တီထွင်တဲ့သူက သင်္ချာကို နားလည်နေရင် လုံလောက်နေပြီပဲ”

“အဲဒီလို တီထွင်တဲ့သူမျိုး ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူက အာမခံနိုင်မှာမို့လဲ”

မိုရီအိုကာသည် သူ့ထိုင်ခုံနောက်မှီကို အားရပါးရ မှီချလိုက်သည်။ “ကျွန်တော်လား အဲဒီလို ဆော့ဝဲရေးတဲ့သူမျိုး ဖြစ်လာနိုင်မှာ”

“မင်း မဟုတ်တောင် ဒီအတန်းထဲက တစ်ယောက်ယောက်ပေါ့။ သင်္ချာဆိုတဲ့ ဘာသာရပ်က အဲဒီလို လူမျိုးတွေအတွက် တည်ရှိနေရတာပဲ။ ဆရာ မင်းတို့ နားလည်အောင် ပြောပြထားရဦးမယ်။ ဆရာ မင်းတို့ကို ဒီမှာ သင်ပေးနေတာဟာ သင်္ချာလောကကြီးထဲကို ဝင်နိုင်ဖို့ ဝင်ပေါက်သေးသေးကို လမ်းပြပေးနိုင်ရုံပဲ ရှိတာ။ တကယ်လို့သာ ဘယ်နားမှာ ဝင်ပေါက်ရှိတယ်

ဆိုတာကိုတောင် မသိဘူးဆိုရင် ဘယ်လိုနည်းနဲ့မှ ဝင်လို့ ရမှာ မဟုတ်တော့ဘူး။ သင်္ချာကို မုန်းတယ် ဆိုတဲ့လူက မဝင်ချင်လည်း မဝင်နဲ့ပေါ့။ ဆရာက မင်းတို့ကို အခုလို စာမေးပွဲ စစ်နေရတာဟာ တခြားကြောင့် မဟုတ်ဘူး။ ဝင်ပေါက် ဘယ်နားမှာ ရှိသလဲ ဆိုတာ မင်းတို့တတွေ သိ၏၊ မသိ၏ ဆရာ့အနေနဲ့ စုံစမ်းကြည့်တဲ့ သဘောပဲ”

အိရှိဂါမိသည် ထိုသို့ ပြောကြားနေစဉ်အတွင်း သူ၏ ကျောင်းသားများကို အကဲခတ်ကြည့်သည်။ အဘယ်ကြောင့် သင်္ချာဘာသာရပ်ကို သင်ယူရသနည်း။ နှစ်တိုင်းလိုလိုပင် ကျောင်းသားတစ်ယောက်မဟုတ် တစ်ယောက်က ထိုမေးခွန်းကို မေးတတ်သည်။ ထိုသို့ မေးလာသည့် အခါတိုင်းလည်း သူသည် ဤသို့သော အဖြေမျိုးကိုသာ ဖြေကြားလေ့ရှိသည်။ ယခုနှစ်တွင်မူ ဆိုင်ကယ်မောင်းရသည်ကို နှစ်သက်သော ကျောင်းသားက မေးမြန်းလာသောကြောင့် ဆိုင်ကယ်မောင်းပြိုင်ပွဲကို သာဓကပြု၍ ဖြေကြားခဲ့သည်။ ယမန်နှစ်က ဂီတပညာရှင် ဖြစ်လိုသော ကျောင်းသား၏ အမေးကိုမူ ဂီတဆိုင်ရာ နည်းပညာတွင် အသုံးပြုရသည့် သင်္ချာနှင့်ဆိုင်သည့် ဗဟုသုတများကို ရှင်းပြပေးခဲ့သည်။ ထိုသို့သော ဥပမာ ဥပမေယျများမှာ အိရှိဂါမိ၏ ဦးနှောက်ထဲတွင် သဘာဝအလျောက် စီတန်း၍ ပေါ်လာကြမြဲ ဖြစ်သည်။

အတန်းချိန်ပြီး၍ ရုံးခန်းသို့ ပြန်ရောက်သောအခါ စားပွဲပေါ်တွင် ချထားသော စက္ကူဖြတ်ပိုင်းတစ်ရွက်ကို တွေ့လိုက်ရသည်။ စာရွက်ပေါ်တွင် ဖုန်းနံပါတ်တစ်ခု နှင့်အတူ ‘မစ္စတာယုကာဝါထံမှ ဖုန်းလာသည်’ ဟု ရေးသားထားသည်။ တခြားသော သင်္ချာဆရာတစ်ယောက်၏ လက်ရေး ဖြစ်သည်။

ယုကာဝါသည် အဘယ်ကြောင့် သူ့ထံသို့ ဖုန်းဆက်လာရသနည်း။ အိရှိဂါမိသည် တံတွေးကို မျိုချလိုက်သည်။

လက်ကိုင်ဖုန်းကို ကောက်ကိုင်ပြီး ဝရန်တာသို့ ထွက်လာခဲ့သည်။ စာရွက်ပေါ်တွင် ရေးထားသော နံပါတ်ကို နှိပ်ပြီး ဖုန်းဝင်သံ တစ်ချက် မြည်ပြီးသည်နှင့် တစ်ဘက်မှ ချက်ချင်း ဖုန်းကိုင်လိုက်သည်။

“ဆောရီးပဲကွာ။ မင်း အဲဒီလောက် အလုပ်ရှုပ်နေတာကို အနှောင့်အယှက် ပေးသလို ဖြစ်နေတယ်” ယုကာဝါက ပျာပျာသလဲ ပြောနေသည်။

“ဘာများ အရေးကြီးလို့လဲ”

“အရေးကြီးသလားဆိုတော့ တအားကြီးလည်း အရေးမကြီးပါဘူး။ ခဏနေ မင်းနဲ့ တွေ့လို့ရမလား”

“ခဏနေ ….. ငါ့မှာ လုပ်စရာ အလုပ်လေးတွေ ရှိနေသေးတယ်။ ၅ နာရီနောက်ပိုင်းလောက်မှ အားမယ်” သူ နောက်ဆုံး ဝင်ခဲ့သောအတန်းမှာ ခြောက်ချိန်မြောက် အတန်းဖြစ်သည်။ ယခုအခါ အတန်းတိုင်းတွင် အတန်းပိုင်အစည်းအဝေး ရှိနေကြသည်။ အိရှိုဂါမိသည် အတန်းပိုင်ဆရာ မဟုတ်သောကြောင့် မည်သည့် အတန်းတွင်မျှ ပါဝင်စရာ မလိုပေ။ ဂျူဒိုကွင်း၏ သော့ကိုလည်း တခြားဆရာတစ်ဦးထံတွင် အပ်နှံထားနိုင်သည်။

“ဒါဆို ၅ နာရီကျရင် ကျောင်းပေါက်ဝကနေ စောင့်နေမယ်။ ဖြစ်လား”

“ဖြစ်တယ် …. မင်းက အခု ဘယ်မှာလဲ”

“မင်းတို့ကျောင်းရဲ့ ဘေးမှာ။ ခဏနေမှ တွေ့ကြတာပေါ့”

“အင်း”

ယုကာဝါ ဖုန်းချသွားသောအခါ အိရှိုဂါမိသည် ဖုန်းကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။ ယုကာဝါက သူ့ထံသို့ တကူးတက လာတွေ့ခြင်းမှာ အဘယ်သို့သော အကြောင်းကြောင့် ဖြစ်နိုင်အံ့နည်း။

အိရှိုဂါမိသည် အဖြေလွှာများ စစ်ဆေးပြီးနောက် ပစ္စည်းပစ္စယများ သိမ်းဆည်းပြီးသော အချိန်တွင် ၅ နာရီထိုးပြီးလေပြီ။ အိရှိုဂါမိသည် ရုံးခန်းမှ ကျောင်းမြက်ခင်းပြင်ကို ကန့်လန့်ဖြတ်ထွက်ပြီး ကျောင်းပေါက်ဝသို့ ဦးတည်လျှောက်လာခဲ့သည်။

ကျောင်းပေါက်ဝရှိ မျဉ်းကျားဘေးတွင် ရပ်နေသော ကုတ်အင်္ကျီအနက်ရောင်နှင့် ယုကာဝါသည် အိရှိုဂါမိကို မြင်လိုက်သောအခါ ပြုံးလျက် လက်ကို ဝှေ့ယမ်းပြနေသည်။

“မင်းကို အလောတကော လှမ်းခေါ်သလို ဖြစ်သွားတာ ဆောရီးကွာ” ယုကာဝါက အချိုသာဆုံး ပြုံးရွှင်လျက် သူ့ကို နှုတ်ဆက်လိုက်သည်။

“ဘယ်လိုဖြစ်တာလဲ။ မင်းဟာက ရုတ်တရက်ကြီး”

“လမ်းလျှောက်ရင်း ပြောကြတာပေါ့” ယုကာဝါသည် ကိယိုစုတံတား ရှိရာဘက်သို့ လျှောက်သွားသည်။

“မဟုတ်ဘူး။ ဒီဘက်က ပိုနီးတယ်” အိရှိုဂါမိက တစ်ဘက်လမ်းသို့ လက်ညှိုးထိုးပြသည်။ “ဒီလမ်းအတိုင်း သွားရင် ငါ့အခန်းကို တန်းရောက်တယ်”

“အင်း၊ ဒါပေမယ့် ငါ ဟိုထမင်းဆိုင်ကို ခဏ သွားချင်သေးတယ်”

ယုကာဝါက ရှင်းပြသည်။

“ထမင်းဆိုင် .... ဘာဖြစ်လို့လဲ” အိရှိုဂါမိ၏ နားထင်ကြောများ ထောင်ထသွားသည်ဟု ခံစားလိုက်ရသည်။

“ဟင်းသွားဝယ်မလို့ပေါ့ကွာ။ ပြောစရာ လိုသေးလို့လား။ ခဏနေကျရင် ငါ တခြားတစ်နေရာကို သွားစရာ ရှိသေးလို့ ထမင်းစားဖို့ အချိန် သီးသန့် ပေးနိုင်မယ် မထင်ဘူး။ ဒါကြောင့် ညစာကိစ္စကို တစ်ခါတည်း ရှင်းထားချင်လို့။ အဲဒီဆိုင်ရဲ့ ဟင်းတွေက မဆိုးဘူး မဟုတ်လား။ နို့မဟုတ်ရင် မင်း နေ့တိုင်း ဘယ်ဝယ်စားပါ့မလဲ”

“ဩော် .... ဒါဆိုလည်း သွားလေ” အိရှိုဂါမိကလည်း ယုကာဝါ၏ အနောက်သို့ လျှောက်လိုက်သွားလေသည်။

သူတို့သည် ကိယိုစုတံတားဆီသို့ ဦးတည်၍ လျှောက်နေကြသည်။ သူတို့နှစ်ဦး ယှဉ်၍ လျှောက်နေကြစဉ် ကုန်ကားကြီးတစ်စီးသည် သူတို့အနားမှ ဖြတ်မောင်းသွားသည်။

“ဟိုရှေ့ရက်တွေက ငါ ကုစာနာဂိနဲ့ တွေ့သေးတယ်။ အဲဒီကောင်ကို မင်း မှတ်မိတယ်မလား။ မင်းဆီ လာရှာတဲ့ ရဲလေ”

အိရှိုဂါမိ၏ ရင်ထဲ လှပ်ခနဲ ဖြစ်သွားသည်။ စိုးရိမ်စိတ်က တဖြည်းဖြည်းနှင့် တိုးပွားလာနေသည်။ “သူက ဘာဖြစ်လို့လဲ”

“ဘာရယ် မဟုတ်ပါဘူး။ သူက အလုပ်မှာ အဆင်မပြေတာ တစ်ခုခုနဲ့ ကြုံလာတိုင်း ငါ့ဆီလာပြီး ငြီးတွားနေတတ်တာ။ ပြီးတော့ တစ်ခေါက်ရောက်လာတိုင်း ခေါင်းစားစရာ ပြဿနာတစ်ခုခုတော့ ပါလာတတ်တာပဲ။ တစ်ခါကဆိုရင် ငါ့ကို ဝိဉာဉ်ကိစ္စတွေတောင် လာဖြေရှင်းခိုင်းနေသေးတာ။ တကယ် ဟုတ်တဲ့ကောင်ပဲ”

ယုကာဝါ ပြောနေသော ဝိဉာဉ်ကိစ္စ၊ သရဲပူးသည့်ကိစ္စမှာ အိရှိုဂါမိအတွက် စိတ်ဝင်စားဖွယ် ကောင်းပါ၏။ သို့သော် ယုကာဝါသည် ထိုသို့သော တစ္ဆေဇာတ်လမ်းကို ပြောရန် သူ့ထံသို့ ရောက်လာခြင်း မဟုတ်ကြောင်းကိုမူ သူ ကောင်းစွာ သိနေသည်။

သူ့အား လာတွေ့ရသည့် အကြောင်းအရင်းကို မေးမြန်းမည်ဟု အိရှိုဂါမိက ဟန်ပြင်၍ ခေါင်းမော့လိုက်သောအခါ လေထဲတွင် တအိအိ လှုပ်ယမ်းနေသော ‘ဘန်တန်တိုင်’ ဆိုင်းဘုတ်ကို တွေ့မြင်လိုက်ရသည်။

စိုးရိမ်စိတ် လှိုင်းလုံးများက တရိပ်ရိပ် တက်လာပြန်သည်။ ယာစုကိုသည် သူတို့နှစ်ယောက်ကို မြင်သွားသောအခါတွင် မည်သို့ ပြုမူတုံ့ပြန်မည်နည်း။ ယခုအချိန်မျိုးတွင် သူသည် ဤဆိုင်သို့ လာလေ့လာထ မရှိသည့်အပြင် ယခုလာပြန်တော့လည်း တစ်ယောက်တည်း မဟုတ်။ ယာစုကိုသည် တောင်တောင်ဤဤ လျှောက်တွေးကာ အတွေးချော်နေမည်လော။ သူမ၏ မျက်နှာပေါ်တွင် သဘာဝမကျသော အမူအရာများ မမြင်ရပါစေနှင့်ဟုသာ အိရှိုဂါမိက ဆုတောင်းနေမိသည်။

ယုကာဝါသည် မှန်တံခါးကို တွန်းဖွင့်ပြီး ဆိုင်ထဲသို့ ဝင်သွားသည်။ အိရှိုဂါမိလည်း အနောက်မှ ကပ်လိုက်သွားလေသည်။ ထိုစဉ်က ယာစုကိုသည် တခြားဈေးဝယ်တစ်ဦးနှင့် စကားပြောနေသည်။

"မင်္ဂလာပါရှင်" ယာစုကိုသည် ပြုံးချိုသော မျက်နှာဖြင့် ယုကာဝါကို နှုတ်ဆက်လိုက်သည်။ ထို့နောက် သူမ၏ အကြည့်က အိရှိုဂါမိထံသို့ ရောက်ရှိသွားသည်။ ထိုစဉ် ချက်ချင်းဆိုသကဲ့သို့ သူမ၏ မျက်နှာပေါ်တွင် အံ့သြခြင်းနှင့် တွေဝေခြင်းများ အထင်သား ပေါ်လာပြီး သူမ၏ အပြုံးမှာလည်း တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားသည်။

"သူက ဘာဖြစ်နေလို့လဲ" ယုကာဝါသည် ထိုပြောင်းလဲမှုကို သတိထားမိသွားဟန် တူသည်။

"အဲ ... ဘာမှ မဖြစ်ပါဘူး" ယာစုကို၏ အပြုံးက အနည်းငယ် ပုံပျက်နေသည်။ ခေါင်းကိုလည်း ခပ်သွက်သွက် ခါယမ်းနေသည်။ "သူက ကျွန်မရဲ့ အိမ်နီးချင်းပါ။ ဆိုင်ရဲ့ ဖောက်သည်ပါပဲ"

"သူက ဒီဆိုင်အကြောင်းကို ပြောပြပြီးကတည်းက ကျွန်တော် ခင်ဗျားတို့ဆိုင်ကို လာပြီး အားပေးချင်နေတာ"

"လာအားပေးတဲ့အတွက် ကျေးဇူးပါရှင်" ယာစုကိုက ခါးကို ညွှတ်၍ အရိုအသေ ပြုလိုက်သည်။

"ကျွန်တော်တို့က တက္ကသိုလ် ကျောင်းနေဖက်တွေလေ" ယုကာဝါက အိရှိုဂါမိဘက်သို့ လှည့်ကြည့်သည်။ "ဟိုတစ်နေ့ကတောင် သူ့အိမ်သွားပြီး ဒုက္ခပေးခဲ့သေးတယ်"

"ဟုတ်။ ကျွန်မ ကြားမိပါတယ်" ယာစုကိုက ခေါင်းညိတ်ပြသည်။

"သူ ပြောပြတာလား"

"ဟုတ်ကဲ့။ နည်းနည်းပြောဖူးပါတယ်"

"ဪ ... ဒါနဲ့ ဘယ်အမျိုးအစားက စားလို့ ကောင်းလဲ။ သူကရော ဘယ်ဟာကို ဝယ်လေ့ရှိလဲ"

"မစ္စတာအိရှိဂါမိက စပယ်ရှယ်ဟင်းကို ဝယ်တတ်တယ်။ ဒါပေမယ့် အခု အဲဒါ ကုန်သွားပြီရှင့်"

"ဝမ်းနည်းစရာပဲ။ ကျွန်တော် ဘာယူရရင် ကောင်းမလဲ။ အမယ်တိုင်းက ကြည့်ရတာ စားကောင်းမယ့် ပုံပဲ"

ဟင်းများကို ယုကာဝါ ရွေးချယ်နေစဉ် အိရှိဂါမိသည် မှန်တံခါးမှတဆင့် ဆိုင်အပြင်သို့ အကဲခတ်နေမိသည်။ ရဲများသည် တစ်နေရာရာမှ ချောင်းကြည့်နေပေလိမ့်မည်။ ဖြစ်နိုင်လျှင် သူနှင့် ယာစုကိုတို့ ရင်းရင်းနှီးနှီး ဆက်ဆံပြောဆိုနေကြသည်ကို ရဲများအား မတွေ့စေလို။

သူ၏ ခေါင်းထဲသို့ နောက်ထပ် အတွေးတစ်မျိုး ဝင်ရောက်လာသည်။ သူသည် ယုကာဝါကို အတန်ကြာ စိုက်ကြည့်နေမိသည်။ ယုကာဝါကို ယုံ၍ ရနိုင်မည်လော။ ဤသူငယ်ချင်းကို သတိထား၍ ဆက်ဆံသင့်ပါ၏လော။ ထိုသူနှင့် ကုစာနာဂိတို့သည် သူငယ်ချင်းများ ဖြစ်နေသောကြောင့် ယခု ပစ္စက္ခ အခြေအနေများကို ထိုရဲအရာရှိအား ပြောပြကောင်း ပြောပြပေလိမ့်မည်။

ယုကာဝါက စိတ်တိုင်းကျ ရွေးချယ်ပြီးသွားပြီ ဖြစ်၍ ယာစုကိုသည် မီးဖိုချောင်ဘက်သို့ လှည့်ထွက်သွားသည်။

ထိုစဉ်မှာပင် မှန်တံခါး ပွင့်လာပြီး အမျိုးသားတစ်ဦး အထဲသို့ ဝင်လာသည်။ အိရှိဂါမိသည် ထိုသူ့ကို အမှတ်တမဲ့ ကြည့်လိုက်မိသောအခါ အလိုလို အံကြိတ်မိလျက်သား ဖြစ်သွားတော့သည်။

အနန်းခွံရောင် ဂျက်ကက်ကို ဝတ်ဆင်ထားသော ထိုအမျိုးသားကို အိရှိဂါမိသည် လွန်ခဲ့သော ရက်အနည်းငယ်ခန့်က သူ၏ တိုက်ခန်းရှေ့တွင် ဆုံတွေ့ခဲ့ဖူးသည်။ ယာစုကိုက ထိုသူနှင့် ရင်းရင်းနှီးနှီး စကားပြောဆိုနေသည်ကို သူ မြင်ခဲ့ဖူးသည်။ သူတို့နှစ်ဦးသည် မိတ်ဆွေဟောင်းများ ဖြစ်ကြပေလိမ့်မည်။ သို့မဟုတ် ထို့ထက်လည်း ပိုကောင်း ပိုလိမ့်မည်။

ထိုအမျိုးသားက အိရှိဂါမိကို သတိထားမိပုံ မရ။ မီးဖိုချောင်မှ ထွက်လာမည့် ယာစုကိုကိုသာ စောင့်မျှော်နေသည်။

ယာစုကို အနောက်ဘက်မှ ထွက်လာသည်။ အသစ်ရောက်လာသော

ညှော်သည်ကို မြင်လိုက်ရသောအခါ သူမ၏ မျက်နှာပေါ်တွင် အံ့အားသင့်သော အရိပ်အရောင်များ ထင်ရှားပေါ်လွင်လာသည်။

ထိုအမျိုးသားက ဘာမျှ မပြောဘဲ ပြုံးလျက် ယာစုကိုကို ခေါင်းဆတ်ပြသည်။ ဈေးဝယ်များ ရှင်းသွားသောအခါမှသာ သူ ပြောချင်သည်တို့ကို ပြောတော့မည်ဟု အသိပေးနေသည့်နှယ်။

ထိုသူသည် မည်သူနည်း။ အိရှိုဂါမိက တွေးနေမိသည်။ ထိုသူသည် ဘယ်ချောင်ထဲမှ ထွက်ပေါ်လာသနည်း။ ယာစုကိုနှင့် မည်သည့် အချိန်ကတည်းက ခင်မင်ရင်းနှီးနေကြသနည်း။

တက္ကစီပေါ်မှ ဆင်းလာသော ယာစုကို၏ မျက်နှာအမူအရာကို ယနေ့အချိန်ထိ အိရှိုဂါမိ မေ့မရနိုင်သေးပေ။ သူ မည်သည့်အခါကမျှ မမြင်ခဲ့ဖူးသော မျှော်လင့်ချက် ပြည့်လျှမ်းနေသည့် ရုပ်ပုံလွှာ။ မိခင်တစ်ယောက် သို့မဟုတ် အရောင်းဝန်ထမ်းတစ်ဦး၏ မျက်နှာသွင်ပြင်မျိုး မဟုတ်။ ၎င်းသည်သာ သူမ၏ ရုပ်သွင်ပြင်အစစ် ဖြစ်ရမည်။ မိန်းမသားတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော မျက်နှာ။ သို့သော် ထိုမျက်နှာသည် အိရှိုဂါမိ၏ ရှေ့မှောက်တွင် ဘယ်တုန်း ဘယ်အခါကမျှ ပေါ်ပေါက်လာခဲ့ခြင်း မရှိ။ ထိုလူအတွက်သာ ဖြစ်နေခဲ့သည်။

အိရှိုဂါမိသည် ပဟေဠိအမျိုးသားနှင့် ယာစုကိုတို့ကို တစ်လှည့်စီ စိုက်ကြည့်နေမိသည်။ ထိုသူနှစ်ဦး၏ အကြားရှိ လေထုထဲတွင် သံလိုက်ဓာတ်များ သက်ဝင်လှုပ်ရှားနေပေလိမ့်မည်ဟု သူ တွေးလိုက်မိသည်။ ထိုအတွေးက သူ့ရင်ကို ဆူးဖြင့် ထိုးလိုက်သကဲ့သို့ စူးခနဲ အောင့်သွားစေသည်။

ယုကာဝါ မှာထားသော ဟင်းထုပ်ကို ပြင်ဆင်ပြီးလေပြီ။ သူသည် ပါဆယ်ထုပ်ကို လှမ်းယူပြီး ငွေရှင်း၍ အိရှိုဂါမိကို လှမ်းပြောလိုက်သည်။ “မင်းကို စောင့်နေခိုင်းရတာ အားနာစရာပဲ။ လစ်ကြစို့”

ဘန်တန်တိုင်၏ အပြင်သို့ ရောက်ကြသောအခါ ကိယိုစုတံတားပေါ်ရှိ လှေကားမှ ဆင်း၍ ဆုမိဒမြစ်ကမ်းတစ်လျှောက် လမ်းလျှောက်သွားကြသည်။

“အဲဒီလူက ဘယ်သူလဲ” ယုကာဝါက မေးသည်။

“အမ်”

“ဆိုင်ထဲကို နောက်မှ ဝင်လာတဲ့တစ်ယောက်လေ။ မင်း သူ့ကို အတော် စိတ်ဝင်စားနေတဲ့ပုံပဲ”

'အတော် စပ်စုတဲ့ကောင်ပဲ' ဟု ရင်ထဲမှ ကျိတ်၍ ကျိန်ဆဲနေမိသည်။ "ဟင့်အင်း၊ ငါ သူ့ကို မသိဘူး" အိရှိဂါမိသည် တည်ငြိမ်အောင် ကြိုးစားနေရသည်။

"ဩော်" ယုကာဝါ၏ မျက်နှာတွင် သံသယ ရှိနေသော အရိပ်အရောင်များ မတွေ့မြင်ရပေ။

"ဒါနဲ့ အရေးကြီးတဲ့ ကိစ္စရှိတယ် ဆိုတာ ဘာလဲ။ ထမင်းထုပ် ဝယ်ရုံသက်သက်တော့ မဟုတ်လောက်ဘူး ထင်ပါတယ်"

"အား ဟုတ်သား။ အရေးကြီးတဲ့ကိစ္စကို မေ့တော့မလို့" ယုကာဝါက မျက်မှောင်ကို ကုတ်လိုက်သည်။ "စောစောက မင်းကို ပြောခဲ့သလိုပဲကွာ။ ကုစာနာဂိဆိုတဲ့ အကောင်က ထစ်ခနဲဆိုရင် ငါ့ဆီ ရောက်ရောက်လာပြီး သူကြုံနေရတဲ့ ပြဿနာတွေကို လာလာပြီး ပြောပြတတ်တယ်။ ဒီတစ်ခေါက်လည်း အဲဒီအတိုင်းပဲ။ ထမင်းဆိုင်က အမျိုးသမီးရဲ့ အိမ်ဘေးမှာ မင်းနေနေတယ်ဆိုတာကို သိလိုက်ရတာနဲ့ သူ ငါ့ဆီကို ပြေးလာတော့တာပဲ။ ငါ့ကို အကူအညီတစ်ခု လာတောင်းတယ်"

"ဘာလဲ"

"ရဲတွေက သူ့ကို သံသယ ဝင်နေကြတယ်။ ဒါပေမယ့် သက်သေအထောက်အထားကလည်း ရှာလို့ မတွေ့သေးဘူး။ သူတို့က သူ့ကို စောင့်ကြည့်ချင်နေကြတယ်။ ဒါပေမယ့် သူတို့ လုပ်နိုင်တဲ့ အတိုင်းအတာကလည်း အကန့်အသတ် ရှိနေတာကြောင့် မင်းကို သတိရလာကြတယ်"

"ငါက သူ့ကို စောင့်ကြည့်ပေးရမယ်ပေါ့?"

"ဟုတ်တယ်" ယုကာဝါက ခေါင်းကုတ်နေသည်။ "၂၄ နာရီလုံးလုံး စောင့်ကြည့်နေဖို့လည်း မဟုတ်ပါဘူးကွာ။ အိမ်ဘေးက အခြေအနေကို အရင်ကထက် ပိုပြီး သတိထားပေးနေရုံ သက်သက်ပါပဲ။ ထူးခြားတာ တစ်ခုခု တွေ့လာရင် သူတို့ဆီ သတင်းပို့ပေးဖို့ပေါ့။ သူကတော့ အဲဒီလို ပြောတာပဲ။ သူ့သဘောကတော့ အဲဒီအမျိုးသမီးကို အာရုံစိုက်ပေးဖို့ပဲ။ အဲဒီအကောင်တွေက မျက်နှာပြောင်တယ်ပဲ ပြောရမလား။ ယဉ်ကျေးမှုကို နားမလည်ဘူးပဲ ဆိုရမလားတောင် မသိတော့ဘူး"

"မင်းက အဲဒီကိစ္စကို လာပြောပြပေးတယ် ဆိုပါတော့"

"ဟုတ်တယ်။ ရဲတွေက မင်းဆီ တရားဝင်လာပြီး အကူအညီ တောင်းခံပါလိမ့်မယ်။ ငါက မင်းရဲ့ ဆန္ဒကို အရင်ဦးဆုံး လာပြီး တီးခေါက်ကြည့်တာ။ မင်းအနေနဲ့ ငြင်းချင်တယ် ဆိုလည်း ကိစ္စ မရှိဘူး။ ငါ့အမြင်

ပြောရရင် ငြင်းလိုက်တာက ပိုကောင်းလိမ့်မယ်။ ဒါပေမယ့် လူ့လောကမှာ ကျင်လည်နေကြရတာဆိုတော့ သူ့မျက်နှာ ကိုယ်နာရ၊ ကိုယ်မျက်နှာ သူနာရ ဆိုတဲ့ ကိစ္စမျိုးတွေကလည်း ရှိသေးတာ မဟုတ်လား” ယုကာဝါက အားနာတိုးလျှိုးသော လေသံဖြင့် ပြောနေသည်။

ရဲဌာနသည် သာမန် အရပ်သားတစ်ဦးကို ဤသို့သော ကိစ္စမျိုးတွင် အကူအညီ တောင်းခံနိုင်ပါမည်လော။ အိရှိုဂါမိက တွေးနေသည်။

“မင်း ဘန်တန်တိုင်ကို တကူးတက သွားရတာကလည်း ဒီကိစ္စနဲ့ ပတ်သက်နေတာပဲလား”

“အမှန်အတိုင်း ဝန်ခံရရင်တော့ ပတ်သက်တယ် ဆိုပါတော့။ ရဲတွေရဲ့ ပါးစပ်ဖျားမှာ နာမည်ကြီးနေတဲ့ သံသယတရားခံ ဆိုတဲ့ အမျိုးသမီးကို ငါကိုယ်တိုင် မြင်ဖူးချင်တယ်လေ။ သူ့ပုံက လူသတ်သမားနဲ့ နည်းနည်းမှ မတူပါဘူးကွာ”

‘ငါလည်း အဲဒီလိုပဲ ထင်တယ်’ အိရှိုဂါမိက ထိုသို့ ပြောလိုက်ရန် စိတ်ကူးမိလိုက်သေးသည်။ “ဘယ်ပြောနိုင်မလဲ။ စိန်ကဲကျောက်ကဲထက် လူကဲခတ်ရတာ ပိုခက်တယ်ဆိုတဲ့ စကားပုံတောင် ရှိသေးတာပဲ”

“ဒါလည်း ဟုတ်တာပဲ။ ကဲ ... မင်း ဘယ်လို သဘောရသလဲ။ ရဲတွေက မင်းကို အကူအညီ လာတောင်းရင် မင်း သဘောတူမှာလား”

အိရှိုဂါမိက ခေါင်းခါပြသည်။ “အမှန်အတိုင်း ဝန်ခံရရင်တော့ ငါ မလုပ်ချင်ဘူး။ သူများတွေကို ချောင်းမြောင်း အကဲခတ်နေရတာ ငါ့စရိုက်နဲ့ နည်းနည်းမှ မကိုက်ပါဘူးကွာ။ ပြီးတော့ ငါ့မှာ အချိန်လည်း မရှိဘူး။ ငါ့အလုပ်နဲ့ငါတောင် အားနေတာ မဟုတ်ဘူး”

“ဒါဆို ငါ မင်းကိုယ်စား ငြင်းပေးလိုက်မယ်။ ဒီကိစ္စ ဒီမှာပဲ ထားလိုက်တော့ကွာ။ မင်းကို စိတ်ကသိကအောက် ဖြစ်သွားအောင် လုပ်မိရင် တောင်းပန်ပါတယ်”

“ကိစ္စ မရှိပါဘူး”

ရှင်-အိုဟရှိတံတားအနီးသို့ ရောက်လာကြသည်။ မြစ်ကမ်းနံဘေးရှိ အိုးမဲ့အိမ်မဲ့တို့၏ တဲစုတ်များကို မြင်တွေ့နေရသည်။

“လူသတ်မှုက မတ်လ ၁၀ ရက်နေ့မှာ ဖြစ်တယ်လို့ ကြားတယ်” ယုကာဝါက ပြောသည်။ “အဲဒီနေ့က မင်း အိမ်ကို စောစော ပြန်ရောက်တယ်ဆို”

“တခြား သွားစရာလည်း ငါ့မှာ ရှိမှ မရှိတာ။ ငါ မှတ်မိသလောက်ဆိုရင် ၇

နာရီလောက် အိမ်ပြန်ရောက်တယ်လို့ သူတို့ကို ပြောခဲ့မိသလိုပဲ”

“အိမ်ရောက်ပြီးနောက်တော့ ခါတိုင်းလိုပဲ ထုံးစံအတိုင်း အိမ်ထဲမှာ အောင်းနေပြီး သချာပုစ္ဆာတွေနဲ့ နပန်းလုံးနေတာပဲလား”

“ဟုတ်တယ်” အိရှိဂါမိက ထိုသို့ အဖြေပေးရင်း စဉ်းစားခန်း ဝင်နေသည်။ ယုကာဝါသည် သူ၏ အလီဘိုင်သက်သေကို စစ်ဆေး အတည်ပြုနေခြင်းပေလော။ ထိုသို့သာ အမှန်ဖြစ်မည်ဆိုလျှင် သူသည် မိမိကို သံသယ ဝင်နေပြီဟု ဆိုရပေတော့မည်။

“ဒါနဲ့ ငါသိသလောက် မင်းမှာ တခြား ဘာဝါသနာမှ မပါသလိုပဲနော်။ သင်္ချာကလွဲလို့ တခြား ဝါသနာပါတာ ဘာမှ မရှိတော့ဘူးလား”

အိရှိဂါမိက ပြုံးလိုက်သည်။ “ဝါသနာ? ဘာမှ မရှိသလိုပဲ။ ငါ့အတွက်တော့ သင်္ချာ သရဏံ ဂစ္ဆာမိပဲ”

“စိတ်တွေ ရှုပ်ထွေးနောက်ကျိနေလို့ ရှိရင် စိတ်ပြေလက်ပျောက် တစ်ခုခု လုပ်တာမျိုး မရှိဘူးလား။ ဥပမာ လေညင်းခံဖို့ ကားလျှောက်စီးတာတို့ပေါ့” ယုကာဝါသည် လက်နှစ်ဘက်ကို ကားမောင်းသည့် ပုံသဏ္ဌာန် လုပ်ပြနေသည်။

“ငါ လုပ်ချင်လည်း လုပ်လို့ မရဘူးလေ။ ငါ့မှာ ကားမှ မရှိဘဲ”

“မင်းမှာ လိုင်စင် ရှိတယ် မဟုတ်လား”

“ထူးဆန်းလို့လား”

“အဲဒီလိုတော့ မဟုတ်ပါဘူး။ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ်၊ ကားမောင်းသင်တန်း တက်ဖို့တော့ အချိန်ပေးနိုင်သေးတာပဲ”

“တက္ကသိုလ်မှာ နေပြီး သုတေသန လုပ်မယ်ဆိုတဲ့ ငါရဲ့ အိပ်မက်တွေကို လွှတ်ချပြီးတဲ့နောက်မှာ ငါ ယာဉ်မောင်းလိုင်စင် ချက်ချင်း သွားဖြေခဲ့တာပဲ။ အလုပ်သစ် ရှာတဲ့နေရာမှာ အကူအညီ ရလိုရငြားပေါ့။ လက်တွေ့တော့ ဘာမှ အသုံးမကျပါဘူးကွာ” ပြောပြီးနောက် အိရှိဂါမိသည် ယုကာဝါ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ “မင်းက ငါ ကားမောင်းတတ် မတတ်ဆိုတာကို သိချင်နေသလိုပဲ”

ယုကာဝါသည် မေးခွန်းကို အံ့အားသင့်နေဟန်ဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ “မဟုတ်ရပါဘူးကွာ။ ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ”

“ငါ အဲဒီလို ခံစားနေရတယ်”

“အဲဒီလို မရည်ရွယ်ပါဘူးကွာ။ မင်း ကားနဲ့ လေညင်းခံထွက်တတ်သလားလို့ တွေးနေမိလို့ပါ။ အဲ ... အတိအကျ ပြောရရင် သင်္ချာနဲ့ ပတ်သက်တဲ့ အကြောင်းအရာက လွဲလို့ တခြား ဘာများ မင်းနဲ့ ဆွေးနွေးလို့ ရနိုင်မလဲလို့ စဉ်းစားနေတာ”

“သင်္ချာနဲ့ လူသတ်မှု အကြောင်းကလွဲလို့လို့ ပြောရင် ပိုမှန်မယ် ထင်တယ်”

သူက ယုကာဝါကို ခနဲ့လို၍ ပြောလိုက်ခြင်း ဖြစ်သော်လည်း ယုကာဝါ၏ တဟားဟား ရယ်မောသံက မထင်မှတ်ဘဲ ထွက်ပေါ်လာသည်။ “ဟုတ်လိုက်လေကွာ”

ရှင်-အိုဟရှိတံတားအောက်သို့ ရောက်လာကြသည်။ ဆံပင်အဖြူနှင့် အမျိုးသားသည် ဂတ်စ်မီးဖိုပေါ်တွင် ဒယ်အိုးတစ်လုံးကို တင်နေသည်။ သူ၏ ဘေးနားတွင် ဆီပုလင်းတစ်လုံး ထောင်ထားလျက်။ အပြင်ဘက် ဟိုဟိုဒီဒီတွင် တခြားသော အိုးမဲ့အိမ်မဲ့ အနည်းအကျဉ်းကို တွေ့နေရသည်။

“ငါ ဒီမှာပဲ မင်းနဲ့ လမ်းခွဲတော့မယ်။ မင်းကို စနိုးစနောင့်ဖြစ်အောင် ပြောခဲ့တာတွေ ရှိရင် တောင်းပန်ပါတယ်” လှေကားအတိုင်း တက်၍ တံတားပေါ်သို့ ရောက်သောအခါ ယုကာဝါက နှုတ်ဆက်စကား ဆိုသည်။

“မစ္စတာ ကုစာနာဂိကို ငါ့အစား တောင်းပန်ပေးပါဦး။ အကူအညီ မပေးနိုင်တာ ဝမ်းနည်းပါတယ်”

“တောင်းပန်စရာ မလိုပါဘူး။ ငါ မင်းကို လာတွေ့လို့ ရသေးတယ်မလား”

“ရတာပေါ့”

“နောက်နေ့မှ မင်းဆီလာပြီး သောက်ရင်း သင်္ချာပုစ္ဆာတွေ ဆွေးနွေးကြတာပေါ့”

“သင်္ချာနဲ့ လူသတ်မှုအကြောင်း မဟုတ်ဘူးလား”

ယုကာဝါက နှာခေါင်းရှုံ့၍ ပခုံးကို ပင့်လိုက်သည်။

“ဒါနဲ့ ... မင်းအတွက် ပုစ္ဆာအသစ်တစ်ပုဒ် စဉ်းစားထားတာ ရှိတယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ မင်း အားနေတဲ့အချိန်မှာ စဉ်းစားထားကြည့်ပါလား”

“ဘာပုစ်ဆာလဲ”

“ဖြေရှင်းလို့ မရနိုင်တဲ့ ပြဿနာတစ်ခုကို ဖန်တီးရတာနဲ့ အဲဒီပြဿနာကို ဖြေရှင်းရတာ၊ ဘယ်ဟာက ပိုခက်မလဲ။ အဖြေကတော့ ရှိကို ရှိမှာပဲ။ ဘယ်လိုလဲ။ စိတ်ဝင်စားစရာ ကောင်းတယ်လို့ မင်း မထင်ဘူးလား”

“အတော် စိတ်ဝင်စားစရာ ကောင်းတဲ့ ပုစ္ဆာပဲ” အိခ်ျရိုဂါမိက ယုကာဝါ၏ မျက်နှာရိပ် မျက်နှာထားကို အကဲခတ်ကြည့်နေမိသည်။ “ငါ သေသေချာချာ စဉ်းစားကြည့်ကြည့်မယ်”

ယုကာဝါသည် ခေါင်းညိတ်ပြပြီး နောက်ပြန်လှည့်ကာ လမ်းမကြီးဆီသို့ ထွက်ခွာသွားလေသည်။

အခန်း (၉ - က)

နောက်ဆုံးလက်ကျန် ပုစွန်တစ်ကောင်ကို စားပြီးသောအခါတွင် ဝိုင်ပုလင်းသည်လည်း ဗလာကျင်းနေပြီ။ ယာစုကိုသည် သူ၏ ဖန်ခွက်ထဲမှ စပျစ်ဝိုင်ကို အကုန် မော့ချလိုက်ပြီးနောက် ပင့်သက်ကို ခပ်တိုးတိုးလေး ရှိုက်လိုက်မိသည်။ အီတာလျံဟင်းလျာများကို မစားခဲ့ရသည်မှာ သူမအတွက် ကြာတောင့်ကြာခဲ ရှိလှချေပြီ။

"တစ်ခုခု ထပ်သောက်ပါဦးလား" ကူဒိုက မေးသည်။ သူ၏ မျက်နှာမှာလည်း အနည်းငယ် နီမြန်းနေလေပြီ။

"ဟင့်အင်း၊ မစ္စတာကူဒိုပဲ ထပ်သောက်ချင် သောက်ပါ"

"ကိုလည်း မသောက်တော့ဘူး။ အချိုပွဲပဲ စောင့်စားတာပေါ့" သူသည် ပြုံးလျက် လက်သုတ်ပဝါဖြင့် နှုတ်ခမ်းထောင့်ကို သုတ်နေသည်။

"ရှင် မသောက်နိုင်တော့ဘူးနော်"

ကူဒိုက တစ်ခဏမျှ စဉ်းစားနေပြီး ခေါင်းညိတ်ပြသည်။ "ဟုတ်တယ်။ အရင်ကထက် သောက်တာ နည်းသွားပြီ။ အသက်ကြီးလာလို့ ထင်ပါရဲ့"

"ဒါလည်း ကောင်းပါတယ်။ ကျန်းမာရေးကို ဂရုစိုက်ပါ"

"ကျေးဇူးပဲ" ကူဒိုက ရယ်နေသည်။

ကူဒိုသည် ထိုနေ့ နေ့ခင်းက ယာစုကိုအထံသို့ ဖုန်းဆက်ပြီး သူနှင့် ညစာအတူစားရန် ချိန်းဆိုခဲ့သည်။ သူမက တစ်ခဏမျှ တွေဝေနေခဲ့သော်လည်း နောက်ဆုံး၌ သဘောတူခဲ့သည်။ တွေဝေနေခဲ့ရသည့် အကြောင်းအရင်းမှာ လူသတ်မှုအကြောင်း ခေါင်းထဲသို့ ရောက်လာသောကြောင့် ဖြစ်သည်။ ယခုကဲ့သို့ အရှုပ်အထွေးနှင့် ရင်ဆိုင်နေရသည့် အချိန်မျိုးတွင် တခြား ယောက်ျားတစ်ယောက်နှင့် ညစာထွက်စားရန် အချိန်ကောင်း အခါကောင်း မဟုတ်ပေ။ ရဲဘက်၏ စုံစမ်းထောက်လှမ်းနေမှု အပေါ်တွင် ယာစုကိုထက် မိစာတိုက များစွာ ပို၍ ကြောက်ရွံ့ထိတ်လန့်နေသည်။ သမီးဖြစ်သူ၏ ခံစားချက်ကို သူမ လွန်စွာ စာနာသနားမိသည်။ ထို့အပြင် ရှိသေးသည်မှာ အိရှိဂါမိ၏ အတိုင်းအဆမဲ့ ကူညီရိုင်းပင်းနေမှု။ အမှန်တရားကို ဖုံးဖိနိုင်ရန် အစွမ်းကုန် ကူညီပေးနေသော အိရှိဂါမိ၏ စေတနာကို သူမ မည်သို့ တုံ့ပြန်ရမည်နည်း။

ထို့အပြင် စဉ်းစားစရာ ရှိနေသေးသည်မှာ ယခုကဲ့သို့ အရေးကြီးသော အခါသမယမျိုးတွင် သူမ၏ နေ့စဉ် လှုပ်ရှားသွားလာမှုများသည် တတ်နိုင်သမျှ သဘာဝကျနေသင့်သည်။ အကယ်၍ အပြင်မထွက်ရန် သူမတွင် ထူးခြားသော အကြောင်းပြချက် ရှိမနေခဲ့လျှင် ညစာ အတူစားရန် ဖိတ်ကြားသော မိတ်ဆွေဟောင်းတစ်ယောက်၏ ကမ်းလှမ်းချက်ကို လက်ခံခြင်းမှာ 'သဘာဝ' ကျသည်ဟု မဆိုနိုင်ပါလော။ ငြင်းပယ်ခဲ့လျှင် ပို၍ပင် 'သဘာဝ' မကျသယောင် ဖြစ်နေတော့မည်။ ထိုအကြောင်းကို စာယိုကိုတို့ ကြားသိသွားပါမူ သူမအား သံသယဝင်လာနိုင်သည်။

ထိုသို့သော အကြောင်းပြချက်မှာ မိမိစိတ်ကြိုက် လိုရာဆွဲ၍ ကြံစည်စဉ်းစားထားသော အကြောင်းပြချက်မျှသာ ဖြစ်ကြောင်း ယာစုကို ကိုယ်နှိုက်ကလည်း နားလည်ထားပြီး ဖြစ်သည်။ ညစာစားပွဲသို့ တက်ရန် သဘောတူလိုက်ရခြင်း၏ အရေးပါသည့် တစ်ခုတည်းသော အကြောင်းအရင်းမှာ ကူဒိုကို တွေ့ချင်သောကြောင့်သာ ဖြစ်သည်။ ထိုမျှသာ။

ကူဒိုအပေါ်တွင် သူမ မေတ္တာသက်ဝင်နေပြီလော ဆိုသည့်အချက်ကို သူမကိုယ်တိုင်ပင် ကောင်းစွာ မဆုံးဖြတ်နိုင်သေး။ ထိုသူနှင့် ပြန်လည် မတွေ့ဆုံကြစဉ်က သူ့ကို နည်းနည်းလေးမျှ သတိမရခဲ့ပေ။ သူ့အပေါ် ခံစားချက် ရှိသည်ဟု ဆိုနိုင်သော်လည်း ယခုအချိန်အထိ ထိုမျှလောက်နှင့်ပင် ရပ်တန့်နေသည်။

ချိန်းဆိုမှုကို လက်ခံပြီးနောက်ပိုင်းတွင် သူမရင်မှာ တလှပ်လှပ်နှင့် ခုန်နေတော့သည်။ ဤသည်မှာလည်း အမှန်တရားပင်။ ထိုသို့ ရင်ခုန်နေရသော အရသာသည် ချစ်သူနှစ်ဦး ဆုံတွေ့ကြစဉ် ဖြစ်ပေါ်လေ့ရှိသည့် ရင်ခုန်မှုမျိုးနှင့် အနီးစပ်ဆုံး တူညီနေသည်။ သူမတစ်ကိုယ်လုံးပင် ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေကြောင်း သူမ ခံစားနေရသည်။ ထိုသို့ လှိုက်ဖိုသော ခံစားမှုမျိုးဖြင့် သူမသည် အလုပ်မှ စောဆင်းရန် စာယိုကိုထံတွင် အခွင့်ပန်ခဲ့သည်။

ယာစုကိုအတွက် အမှန်တကယ် အလိုရှိနေသော အရာမှာ ဓမ္မတာအဖြစ်သို့ မသိမသာ ပြောင်းလဲလာနေသော ဘဝ၏ ပူပန်မှုများမှ ရှောင်ထွက်နိုင်ရန် ထွက်ပေါက်တစ်ခုမျှသာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့မဟုတ်ပါက နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့ရသော ခံစားချက်များကို မိန်းမသားတစ်ယောက်အနေဖြင့် နောက်တစ်ကြိမ် ပြန်လည် ခံစားရန် အလိုရှိရုံ သက်သက်မျှသာလည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

မည်သို့ပင် ဖြစ်စေ၊ ယာစုကိုသည် ကူဒို၏ ဖိတ်ကြားမှုကို လက်ခံခဲ့မိသည့်အတွက် စိုးစဉ်းမျှ နောင်တရလိမ့်မည် မဟုတ်။ မိမိကိုယ်မိမိ

အပြစ်တင်လိုစိတ်များသည် သူမ၏ ဦးနှောက်ထဲတွင် ရုံဖန်ရံခါ ပေါ်လာတတ်သည်မှာ မှန်သော်လည်း ပျော်ရွှင်ချမ်းမြေ့မှုများဖြင့် သူမရင်မှာ လှိုက်ဖိုမြဲ လှိုက်ဖိုနေဆဲ ဖြစ်သည်။

"ဒီည မင်းရဲ့ သမီးက ဘယ်လို ညစာစားမှာလဲ" ကူဒိုက ကော်ဖီခွက်ကို မြှောက်ကိုင်ထားရင်း မေးသည်။

"ကျွန်မ သူ့ကို မှာထားခဲ့တယ်။ သူ့ဘာသာ အပြင်ကနေ ဝယ်စားလိမ့်မယ်။ ပီဇာပဲ မှာစားမှာ နေမှာပေါ့။ အဲဒီကလေးက ပီဇာ သိပ်ကြိုက်တာ"

"ကြားရတာ စိတ်တောင် မကောင်းဘူး။ ကိုတို့က ဒီမှာလာပြီး ခမ်းခမ်းနားနား စားသောက်နေကြတာ"

"သူ့အတွက်ကတော့ ဒီလိုနေရာမှာ လာစားမယ့်အစား တီဗီအရှေ့မှာ ပီဇာထိုင်စားနေရတာကမှ ပိုဖိမ်ကျဦးမယ် ထင်တယ်။ သူက အခုလို ဆိုဒ်ကြီးဂိုက်ကြီးနဲ့ အစားစားနေရတာမျိုးကို ကြိုက်တာ မဟုတ်ဘူး"

ကူဒိုသည် မျက်မှောင်ကြုတ်ရင်း ခေါင်းညိတ်နေသည်။ ထို့နောက် နှာခေါင်းကို ကုတ်နေပြန်သည်။ "ဟုတ်မှာပေါ့။ ပြီးတော့ ကိုယ်နဲ့ နည်းနည်းမှ မသိတဲ့ ဘိုးတော်ကြီးတစ်ယောက်နဲ့ အတူတူ ထိုင်ပြီး ထမင်းစားရဦးမှာ။ ဒါပေမယ့် နောက်တစ်ခေါက်ကျရင် မင်းတို့ နှစ်ယောက်စလုံးကို ဒီထက် အများကြီး ရိုးရှင်းတဲ့ ဆိုင်တစ်ဆိုင်မှာ ထမင်းကျွေးချင်သေးတယ်။ ဆူရှီဆိုင်လို ဟာမျိုးပေါ့"

"ကျေးဇူးပါရှင်။ ကျွန်မတို့အတွက် အဲဒီလောက် ဒုက္ခခံနေဖို့ မလိုပါဘူး"

"ဒုက္ခမဖြစ်ပါဘူး။ ကိုလည်း သူ့ကို တွေ့ချင်တယ်လေ။ မင်းရဲ့ သမီးကို တွေ့ချင်တယ်" ကူဒိုသည် ကော်ဖီ သောက်ရင်း မျှော်လင့်ချက် မျက်လုံးများဖြင့် ယာစုကိုကို စိုက်ကြည့်နေသည်။

ညစာ အတူစားရန် သူမကို ဖိတ်ကြားခဲ့စဉ်က မီစာတိုကိုလည်း အတူခေါ်လာရန် ကူဒိုက ပြောနေခဲ့သေးသည်။ ထိုစကားမှာ ဟန်ဆောင်ပန်ဆောင် ပြောနေခြင်း မဟုတ်။ သူ့ရင်ထဲမှ လာသော စကားဖြစ်ကြောင်း ယာစုကိုက ရိပ်စားမိသောကြောင့် သူ၏ စေတနာအတွက် ဝမ်းမြောက်ခဲ့မိသည်။

သို့သော် မီစာတိုကို တစ်ပါတည်း ခေါ်လာရန် မဖြစ်နိုင်ကြောင်း သူမ သိနေသည်။ မီစာတိုသည် ထိုသို့သော ကိန်းကြီးခန်းကြီးနှင့် ဆိုင်မျိုးကို နှစ်သက်သူ မဟုတ်။ ထို့ထက် ပိုအရေးကြီးသည်မှာ မလိုအပ်လျှင် မီစာတိုအား သူစိမ်းတစ်ရုံဆံနှင့် တတ်နိုင်သမျှ မထိတွေ့စေချင်။ အကယ်၍ စကားလမ်းကြောင်းသည် လူသတ်မှုနှင့် နှီးနွှယ်ပတ်သက်လာသောအခါတွင်

မီစာတိုသည် စိတ်ကို အတည်ငြိမ်ဆုံး ဖြစ်အောင် ထိန်းသိမ်းထားနိုင်ပါမည်လော။ ထို့အပြင် ကူဒို၏ ရှေ့မှောက်၌ မိန်းမသားတစ်ဦး၏ အသွင်အပြင်ဖြင့် ပြန်လည် အသက်ဝင်နေသော သူမ၏ ရုပ်ပုံလွှာကို သမီးအား မမြင်စေချင်။

"မစ္စတာကူဒို၊ ရှင်ကရော? ကိုယ့်အိမ်သားတွေနဲ့ ထမင်းအတူတူ မစားတာ ဘာပြဿနာမှ မရှိဘူးလား"

"ကိုလား" ကူဒိုသည် ကော်ဖီခွက်ကို ပြန်ချပြီး လက်နှစ်ဘက်ကို စားပွဲပေါ်သို့ တင်ထားသည်။ "ကို မင်းနဲ့ အဲဒီကိစ္စ ပြောပြချင်လို့ မင်းကို ထမင်းစားဖို့ ဖိတ်ရတာပဲ"

ယာစုကိုက သူ့စကား၏ ဆိုလိုရင်း အဓိပ္ပာယ်ကို နားမလည်။ ကူဒို၏ မျက်လုံးအစုံကို စိုက်ကြည့်နေမိသည်။

"တကယ်ဆို အခု ကိုက တစ်ကောင်ကြွက် ဖြစ်နေပြီ"

"ရှင်" ယာစုကိုက အံ့သြ၍ အာမေဋိတ်သံ ပြုလိုက်မိသည်။

"ကို့ဇနီးမှာ ကင်ဆာရောဂါ ရခဲ့တယ်။ ပန်ခရိယကင်ဆာပါ။ ခွဲစိတ်ကုသမှု ခံခဲ့ပေမယ့် အချိန်နှောင်းသွားခဲ့ပြီ။ ကင်ဆာဆဲလ်က ပြန့်တာ တအားမြန်တော့ နေ့ချင်းညချင်းပဲ အခြေအနေတွေ ဆိုးရွားသွားခဲ့တယ်။ ပြီးခဲ့တဲ့ နွေရာသီမှာပဲ သူ ဆုံးရှာတယ်"

ကူဒို၏ လေသံမှာ တည်ငြိမ်လွန်းနေသောကြောင့် ယာစုကိုသည် သူမ ကြားခဲ့ရသည့် စကားကိုပင် မယုံနိုင်အောင် ဖြစ်နေမိသည်။ သို့ဖြင့် စက္ကန့်အနည်းငယ်မျှ သူ့ကို ငေးကြောင်၍ ကြည့်နေလေသည်။

"တကယ်ကြီးလား" သတိဝင်လာအခါ အသံတစ်သံသည် သူမ၏ နှုတ်မှ ခဲခဲယဉ်းယဉ်း ထွက်ပေါ်လာသည်။

"ဒါမျိုးက နောက်ပြောင်စရာမှ မဟုတ်ဘဲ" သူက ရယ်နေသည်။

"ကျွန်မ ဘယ်လို ပြောရမလဲ ...." ယာစုကိုသည် ခေါင်းကို ငုံ့ထားမိသည်။ နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်ပြီး ခေါင်း ပြန်မော့လာသည်။ "တကယ်ပဲ .... တရားနဲ့ ဖြေပါရှင်။ ရှင် အတော်လေး စိတ်ဆင်းရဲခဲ့မှာပဲ"

"အင်း။ ဒါပေမယ့် ကို စောစောက ပြောခဲ့သလိုပေါ့။ အားလုံးဟာ လျှပ်တပြက်အတွင်းမှာ ဖြစ်ပြီး တစ်ခဏအတွင်းမှာပဲ ပျက်သွားကြတယ်။ ဘာမှ မကြာလိုက်သလိုပဲ။ ကို့ဇနီးက ခါးနာတယ်ဆိုလို့ ဆေးရုံမှာ သွားပြကြည့်တာ။ ဆရာဝန်က ကို့ကို ခေါ်ပြီး သူ့ရဲ့ ရောဂါအခြေအနေကို ပြောပြတယ်။

ဆေးရုံတက်တယ်။ ခွဲစိတ်တယ်။ သူ့ကို ပြုစုရတယ်။ တစ်ခုပြီးတစ်ခုဟာ ဇယ်ဆက်သလို တစ်ဆက်တည်း ဖြစ်လာလိုက်တာ ရွှေ့လျားခါးပတ်ပေါ် ရောက်နေတဲ့အတိုင်းပဲ။ အချိန်တွေကလည်း အဲဒီလိုပဲ တတိတိနဲ့ ကုန်သွားလိုက်တာ နောက်ဆုံးတော့ သူ လူ့လောကကို စွန့်ခွာသွားတော့တာပဲ။ သူကိုယ်တိုင်ကတော့ သူ့ရောဂါနာမည်ကိုတောင် သိမသွားရှာခဲ့ဘူးပေါ့” ပြောပြီးနောက် ကူဒိုသည် ရေထည့်ထားသော ဖန်ခွက်ကို ကောက်ယူပြီး သောက်နေလေသည်။

“ဘယ်အချိန်လောက်က ကင်ဆာဖြစ်မှန်း သိခဲ့တာလဲ”

ကူဒိုသည် တဒင်္ဂမျှ စဉ်းစားနေသည်။ “တမန်မနှစ် နှစ်ကုန်ပိုင်းလောက်ကပေါ့”

“အဲဒီတုန်းက ကျွန်မ မာရိယန်းမှာ ရှိနေတုန်းပဲ။ မစ္စတာကူဒို၊ ရှင် အဲဒီတုန်းက ကျွန်မတို့ဆိုင်ကို အလာ မပြတ်ပါဘူး”

ကူဒိုက သူ့ပခုံးများ လှုပ်ခါသွားအောင် ရယ်မောနေသည်။ “ကိုယ့်မိန်းမက ဆေးရုံမှာ အသည်းအသန် ဖြစ်နေတာကို ယောက်ျားလုပ်တဲ့သူက ကလပ်တက်ပြီး အရက်သောက်နေတယ်။ အတော် ဆိုးတဲ့လူပဲ”

ယာစုကို၏ ခန္ဓာကိုယ်မှာ တောင့်တင်းနေသည်။ သူမ ဘာစကား ပြောရမည်မှန်း မသိတော့။ သူမ အာရုံထဲတွင် ပေါ်နေသော ပုံရိပ်များမှာ ကလပ်တွင် ပြုံးရယ်နေသော ကူဒို၏ မျက်နှာများသာ။

“ဒါပေမယ့် ကို့ကို ဖြေရှင်းချက် တစ်စုံတစ်ရာ ပေးပါလို့ တောင်းခံလာရင်တော့ ကို သိပ်ပင်ပန်းနေလို့လို့ ပြောရတော့မှာပဲ။ မင်းကို မြင်တွေ့ရမှ ကို့ရဲ့ စိတ်တွေ ပြန်ပြီး လန်းဆန်းလာနိုင်မှာလေ” သူသည် ခေါင်းကုတ်လျက် ရှက်ပြုံး ပြုံးနေလေသည်။

ယာစုကိုက ဆွံ့အနေသည်။ ကလပ်တွင် ရှိနေခဲ့သော နောက်ဆုံးနေ့ရက်ကို သူမ အမှတ်ရမိသည်။ ထိုနေ့က ကူဒိုသည် ပန်းစည်းတစ်စည်းကို ကိုင်လျက် သူမထံသို့ ရောက်လာခဲ့သည်။

“ကြိုးစားထားနော်။ ပျော်ရွှင်တဲ့ ဘဝသစ်ကို ပိုင်ဆိုင်နိုင်ပါစေ”

ထိုစကားများကို သူသည် မည်သို့သော ခံစားချက်မျိုးဖြင့် ပြောထွက်ခဲ့ပါသနည်း။ သူ့ရင်ထဲတွင် လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းရွက်ထားရပါလျက် သူမကို တစ်ခွန်းတလေမျှ ဖွင့်ဟခဲ့ခြင်း မရှိ။ ထို့အပြင် သူမ၏ ဘဝသစ်အတွက် ဆုတောင်းပေးခဲ့သေးသည်။

"စိတ်ရှုပ်စရာတွေကို ပြောမိသလို ဖြစ်သွားပြီ" ကူဒိုသည် စီးကရက်တစ်လိပ်ကို ဆွဲထုတ်လိုက်သည်။ "ကို ပြောချင်တာက ကို့မှာ ပူပင်စရာ မိသားစု မရှိတော့ဘူး ဆိုတာပါပဲ"

"ရှင့်သားကရော။ စာမေးပွဲ ဖြေရတော့မယ်ဆို"

"သားက အခု ကို့မိဘတွေနဲ့ အတူတူ နေနေတယ်။ သူ့ကျောင်းနဲ့ နီးနီးလေးပဲ။ ပြီးတော့ ကိုက သူ့အတွက် ထမင်းတစ်နပ်တောင် ကောင်းကောင်း ချက်ပေးတတ်တာ မဟုတ်ဘူးလေ။ ကို့အမေကပဲ သူ့မြေးကို နေ့တိုင်း စောင့်ရှောက်ပေးနေတာ။ သူလည်း ပျော်နေပုံပါပဲ"

"ဒါဆို ရှင်က အခု တစ်ယောက်တည်း နေနေတာပေါ့"

"နေနေတယ် ဆိုတာထက် ပြန်အိပ်တယ်လို့ သုံးရင် ပိုသဘာဝ ကျမယ် ထင်တယ်"

"ရှေ့တစ်ခေါက် တွေ့တုန်းက ရှင် ကျွန်မကို ဘာဖြစ်လို့ အဲဒီအကြောင်းတွေ မပြောပြခဲ့တာလဲ"

"မလိုအပ်ဘူးလို့ ထင်လို့ပါ။ ကိုက မင်းကို စိတ်ပူလို့ လာတွေ့တာလေ။ ဒီနေ့ မင်းကို ညစာစားဖို့ ခေါ်ထုတ်လာတာ ဆိုတော့ မင်းက ကို့မိသားစုအတွက် စိတ်ပူနေမှာပဲ။ အခုချိန် ပြောပြရတာမှ ပိုပြီး သင့်လျော်တာပေါ့"

"သြော်" ယာစုကိုက မျက်လွှာကို ချလိုက်သည်။ ကူဒို၏ ရည်ရွယ်ချက်ကို သူမ နားလည်နေပြီး ဖြစ်သည်။ သူမကို မကြာခဏ တွေ့မြင်နေလိုကြောင်း သူမအား စကားခေါ်နေခြင်း ဖြစ်သည်။ သူမနှင့် တရားဝင် ပေါင်းသင်းဆက်ဆံလိုသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အကြင်လင်မယားအဖြစ်သို့ ရောက်ရှိသွားနိုင်မည့် ပေါင်းသင်းဆက်ဆံခြင်းမျိုး။ ထို့ကြောင့်လည်း သူသည် မီစာတိုနှင့် တွေ့ဆုံလိုခြင်း ဖြစ်သည်။

စားသောက်ဆိုင်မှ ထွက်လာကြသောအခါ ကူဒိုသည် ရှေ့တစ်ခေါက်ကကဲ့သို့ တက္ကစီဖြင့် သူမကို အိမ်အရောက် လိုက်ပို့ပေးသည်။

"ဒီနေ့အတွက် ကျေးဇူးပါပဲရှင်" ယာစုကိုက ကားပေါ်မှ မဆင်းခင် သူ့ကို စကားဆိုသည်။

"နောက်နေ့မှ ထပ်ပြီး အေးအေးဆေးဆေး တွေ့ကြရအောင်လား"

တစ်ခဏမျှ တိတ်ဆိတ်နေပြီးမှ ယာစုကိုသည် ပြုံးလျက် ခေါင်းညိတ်ပြလိုက်သည်။

“ဒါဆို ဂွတ်နိုက်။ သမီးကိုလည်း မေးလိုက်တယ်လို့ ပြောပေးပါဦး”

“ဘိုင်” သူ၏ စကားကြောင့် ယာစုကို၏ ရင်ထဲတွင် အလိုလို ဝမ်းနည်းသွားသည်။ သူမသည် စာယိုကိုနှင့် ညစာသွားစားမည် ဖြစ်ကြောင်း သမီးအား လိမ်ပြောထားခဲ့သည် မဟုတ်ပါလော။

တက္ကစီထွက်ခွာသွားသည်ကို စောင့်ကြည့်နေပြီးနောက်မှ သူသည် အခန်းသို့ ပြန်လာခဲ့သည်။ မီစာတိုသည် အပူပေးစားပွဲအောက်တွင် ခွေဝင်လျက် တီဗီကြည့်နေသည်။ သူမ ထင်ထားသည့်အတိုင်း စားပွဲပေါ်တွင် ပီဇာဘူးခွံ အလွတ်တစ်ဘူး တင်ထားသည်ကို တွေ့ရသည်။

“အမေ ပြန်ရောက်ပြီလား” မီစာတိုက သူ့ကို မော့ကြည့်ရင်း မေးသည်။

“အမေနောက်ကျသွားတယ် သမီးရယ်။ ဆောရီးပဲ”

ယာစုကိုသည် သမီး၏ မျက်လုံးတစ်စုံကိုပင် စေ့စေ့ မကြည့်ဝံ့အောင် ဖြစ်နေသည်။ ယောကျ်ားတစ်ယောက်နှင့် ထမင်းအတူ ထွက်စားသည့် ကိစ္စနှင့် ပတ်သက်ပြီး သူ့ကိုယ်သူ မလုံမလဲ ဖြစ်နေသည်။

“ဖုန်းဆက်လာပြီလား” မီစာတိုက မေးသည်။

“ဖုန်း?”

“ဘေးအိမ်က ဦးဦးလေ” မီစာတို၏ အသံက တိုးညင်းလှသည်။ ညစဉ် ဆက်နေကျ ဖုန်းကောကို ရည်ညွှန်းပြောဆိုနေခြင်း ဖြစ်သည်။

“အမေ ဖုန်းကို ပိတ်ထားမိတယ်”

“အို ....” မီစာတို၏ အသံမှာ စိတ်မကောင်းသည့် လေသံ။

“ဘာများ ထူးခြားလို့လဲ”

“ဘာမှ မဟုတ်ပါဘူး” မီစာတိုက နံရံပေါ်မှ နာရီကို မျက်စောင်းထိုးကြည့်သည်။ “ဦးဦး ဒီည သူ့အခန်းကနေ ဝင်လိုက်ထွက်လိုက်နဲ့ လုပ်နေတာ ခဏခဏပဲ။ သမီး ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ လမ်းမဘက် လျှောက်သွားတာ တွေ့တယ်။ မေမေ့ဆီ ဖုန်းဆက်ဖို့ သွားတာပဲ နေမှာ”

“သြော်” ဟုတ်ပေလိမ့်မည်။ အမှန်အတိုင်း ဝန်ခံရလျှင် ကူဒိုနှင့် ညစာ အတူစားနေစဉ် ကာလတစ်လျှောက်လုံး သူမ အိရှိဂါမိကို သတိရနေသည်။

ဖုန်းခေါ်လာမည်ကို စိုးရိမ်နေခြင်းမှာ အကြောင်းအရင်း တစ်ရပ်ဖြစ်သည်။ သူမ၏ ရင်ထဲတွင် ပို၍ စိတ်ပူနေမိသော အကြောင်းမှာ ဘန်တန်တိုင်တွင် အိရှိဂါမိနှင့် ကူဒိုတို့ ဆုံဆည်းခဲ့ကြခြင်း ဖြစ်သည်။ ကံကောင်းထောက်မစွာဖြင့် ကူဒိုက အိရှိဂါမိကို မမှတ်မိဘဲ သာမန် ဈေးဝယ်တစ်ဦးအဖြစ်သာ ယူဆနေခဲ့သည်။

အဘယ်ကြောင့် ထိုနေ့ ထိုအချိန်မှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေကြရသနည်း။ ထို့အပြင် သူသည် သူငယ်ချင်းတစ်ယောက်နှင့် အတူ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ဤသို့သော အခြေအနေမျိုး မည်သည့်အခါကမျှ မကြုံခဲ့စဖူး။

အိရှိဂါမိသည် ကူဒိုကို မှတ်မိပေလိမ့်မည်။ တစ်နေ့က ယာစုကိုအား အိမ်လိုက်ပို့ခဲ့သော ယောကျ်ားကို နောက်ထပ်တစ်ကြိမ် ဘန်တန်တိုင်တွင် ထပ်ဆုံမိကြပြန်သည်။ ထိုကိစ္စကို သူသည် ပေါ့ပေါ့တန်တန် တွေးလိမ့်မည် မဟုတ်ပေ။ မည်သို့ပင် တွေးတွေး၊ ထိုအတွေးများကြောင့် သူမသည် သူ့ကို ရင်မဆိုင်ရဲသကဲ့သို့ ဖြစ်နေသည်။

ထိုသို့ စဉ်းစားလျက် အပေါ်ဝတ်အင်္ကျီကို ချိတ်နေစဉ် တံခါးဝမှ လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။ ယာစုကိုသည် ရုတ်တရက် မြည်လာသော အသံကြောင့် လန့်ဖျပ်သွားပြီး သားအမိနှစ်ယောက် မျက်လုံးချင်း ဆုံမိသွားသည်။ ပထမဆုံး တွေးမိသော အတွေးမှာ အိရှိဂါမိသည် အဘယ်ကြောင့် ရောက်လာရသနည်း ဟူ၍။

"လာပြီ" သူမက တံခါးဝဘက်သို့ လှမ်းအော်လိုက်သည်။

"ဆောရီးဗျာ။ ညကြီးမိုးချုပ်မှ လာအနှောင့်အယှက် ပေးသလို ဖြစ်နေပြီ။ ကျွန်တော် ခင်ဗျားနဲ့ စကားပြောလို့ ရမလား"

အမျိုးသားတစ်ဦး၏ အသံ ဖြစ်သည်။ သူတို့ မကြားဖူးသော သူစိမ်းတစ်ဦး၏ အသံ။

ယာစုကိုသည် တံခါးသံကြိုးကို မဖြုတ်ဘဲ တံခါးကို အနည်းငယ် ဖွင့်ဟလိုက်သည်။ အပြင်ဘက်တွင် အမျိုးသားတစ်ယောက် ရပ်နေသည်။ မြင်ဖူးသယောင်ယောင်။ ထိုသူသည် အင်္ကျီအိတ်ထဲမှ ရဲသက်သေခံ ကတ်ပြားကို ထုတ်လိုက်သည်။

"ကျွန်တော် မှုခင်းဌာနက ကိရှိတာနိပါ။ အရင်က ဒီကို လာဖူးတယ်လေ"

"ဪ ....." ယာစုကို အမှတ်ရသွားသည်။ ကုစာနာဂိ၏ အရိပ်အရောင်ကိုတော့ မတွေ့ရပေ။

ယာစုကိုသည် တံခါးကို ပြန်ပိတ်ပြီး မီစာတိုကို မျက်စပစ်ပြလိုက်သည်။ မီစာတိုသည် ထပြီး အိပ်ခန်းထဲသို့ လျှောက်ဝင်သွားသည်။ စက္ကူတံခါး ပိတ်သွားသည်ကို မြင်မှ ယာစုကိုသည် တံခါးသံကြိုးကို ဖြုတ်ပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဘာကိစ္စများ ရှိလဲ မသိဘူး"

ကိရှိတာနိက ဦးညွှတ်လိုက်သည်။ "ဆောရီးဗျာ။ ခင်ဗျားတို့ သွားကြည့်တဲ့ ရုပ်ရှင်ကိစ္စပါပဲ"

ယာစုကို၏ မျက်နှာမှာ အနည်းငယ် ရှုံ့မဲ့သွားသည်။ အိရှိဂါမိသည် သူမအား သတိပေးထားပြီး ဖြစ်သည်။ ရဲများသည် ရုပ်ရှင်ရုံ ကိစ္စကို ပေကပ်၍ ကျားကုတ်ကျားခဲ စစ်ဆေးနေဦးမည်သာ။ သူ၏ ဟောကိန်းမှာ သေးထွက်အောင် မှန်နေသည်။

"ပြောစရာရှိတဲ့ စကားတွေ အကုန်လုံးကို ကျွန်မ ပြောပြီးနေပြီပဲ"

"ခင်ဗျား ပြောတာ ကျွန်တော် သဘောပေါက်ပါတယ်။ ဒီနေ့ ကျွန်တော် လာရတဲ့ အကြောင်းအရင်းက လက်မှတ်တွေကို ခဏ ယူသွားချင်လို့ပါ"

“လက်မှတ်? ရုပ်ရှင်လက်မှတ်တွေကို ပြောတာလား”

“ဟုတ်ကဲ့။ ကျွန်တော်တို့ ရှေ့တစ်ခေါက် လာတုန်းက အဲဒီလက်မှတ်တွေကို သေသေချာချာ သိမ်းထားပေးဖို့ မှာထားခဲ့သလိုပဲ”

“ခဏလေး စောင့်ပါဦး”

ယာစုကိုသည် ဗီဒိုအံဆွဲကို ဆွဲဖွင့်လိုက်သည်။ ရဲများကို ရှေ့တစ်ခေါက် ယူပြခဲ့စဉ်က လက်မှတ်ကို ရုပ်ရှင်လက်ကမ်းကြော်ငြာထဲတွင် ညှပ်ထားခဲ့သည်။ ထိုနောက်ပိုင်းတွင် သူမသည် လက်မှတ်များကို အံဆွဲထဲသို့ ပြောင်းသိမ်းထားခဲ့သည်။

သူမသည် လက်မှတ်နှစ်စောင်ကို ကိရှိတာနိထံသို့ ကမ်းပေးလိုက်သည်။

“ကျေးဇူးပဲ” ကိရှိတာနိက လက်မှတ်များကို လှမ်းယူသည်။ သူ့လက်ပေါ်တွင် လက်အိတ်များ ဝတ်ထားကြသည်။

“ရှင်တို့က ကျွန်မကို သံသယ ဝင်နေကြတုန်းလား” ယာစုကိုက အားတင်း၍ မေးလိုက်သည်။

“မဟုတ်ပါဘူး” သူက လက်ကို တွင်တွင် ခါယမ်းနေသည်။ “ကျွန်တော်တို့ အခုချိန်ထိ သံသယတရားခံကို မသတ်မှတ်နိုင်သေးပါဘူး။ ဒါကြောင့် တတ်နိုင်သလောက် သံသယ မဖြစ်ထိုက်တဲ့ လူတွေကို ဖယ်ထုတ်နိုင်ဖို့ ကြိုးစားနေတာပါ။ ခင်ဗျားဆီက လက်မှတ်လာယူရတာကလည်း အဲဒီ ရည်ရွယ်ချက်အတွက်ပါ”

“လက်မှတ်ပေါ်ကနေ ဘာ စစ်နိုင်မှာမို့လဲရှင်”

“ဒါတော့ ကျွန်တော် မပြောပြတတ်ဘူး။ လေ့လာကြည့်ဖို့ သက်သက်လည်း ဖြစ်ချင် ဖြစ်မှာပေါ့။ ခင်ဗျားတို့ ဟိုတစ်နေ့က ရုပ်ရှင်ရုံ သွားခဲ့တယ် ဆိုတာကို ဒါနဲ့ သက်သေတည်နိုင်တာပဲ။ .... ဒါနဲ့ ဘာများ ထပ်ပြီး စဉ်းစားမိတာ ရှိသေးလဲ မသိဘူး”

“မရှိတော့ပါဘူး။ စဉ်းစားလို့ ရသမျှ အကုန်လုံးကို ကျွန်မ ပြောပြီးနေမှပဲ”

“ဟုတ်ကဲ့။ ကျေးဇူးပါ ခင်ဗျ” သူက အခန်းတွင်းသို့ လှမ်းကြည့်နေသည်။ “ရာသီဥတုက အတော်လေး အေးလာပြီနော်။ အိမ်မှာ နှစ်တိုင်း အဲဒီအပူပေးစားပွဲကိုပဲ သုံးတာလား”

“စားပွဲ? ဟုတ်” ယာစုကိုသည် နောက်လှည့်၍ အပူပေးစားပွဲကို

ကြည့်လိုက်သည်။ တုန်လှုပ်သွားသော သူမ၏ အမူအရာကို တတ်နိုင်သမျှ ဖုံးဖိရန် ကြိုးစားလိုက်ခြင်း ဖြစ်သည်။ အပူပေးစားပွဲကို အကြောင်းမဲ့ မေးမြန်းနေခြင်းတော့ မဟုတ်တန်ရာ။

"ခင်ဗျား အဲဒီအပူပေးစားပွဲကို ဘယ်အချိန်လောက်က စပြီး သုံးခဲ့တာလဲ"

"လေး ငါးနှစ်လောက် ရှိရောပေါ့။ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး" ကိရှိတာနိက ခေါင်းခါသည်။ "ဒါနဲ့ ဒီနေ့ အလုပ်ဆင်းတော့ ခင်ဗျား ဘယ်ကို သွားနေတာလဲ။ အိမ်ပြန်ရောက်တာ အတော်လေး နောက်ကျသလိုပဲ"

ယာစုကိုသည် မျက်တောင်များကို တဖျတ်ဖျတ် ခတ်နေမိသည်။ ထိုမေးခွန်းက သူမကို အငိုက်မိသွားစေခဲ့သည်။ ထိုရဲအရာရှိသည် သူမ၏ တိုက်ခန်းနှင့် အနီးဆုံးတစ်နေရာတွင် သူမအား စောင့်ကြည့်နေခဲ့မည်မှာ မုချမလွဲ။ ထိုသို့ဆိုလျှင် သူမ တက္ကစီပေါ်မှ ဆင်းလာခဲ့သည်ကိုလည်း မြင်ခဲ့နိုင်သည်။ လိမ်ညာနေ၍ အကျိုးမရှိတော့ပြီ။

"ကျွန်မ မိတ်ဆွေတစ်ယောက်နဲ့ ထမင်းသွားစားတာပါ"

သူမက စကားကို တိုတိုတုတ်တုတ် ပြော၍ ဖြတ်လိုက်ချင်သည်။ သို့သော် ထိုစကားက ရဲအရာရှိကို စိတ်ပြောင်းသွားအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

"ခင်ဗျားကို အိမ်လိုက်ပို့တဲ့လူက ဘယ်လို မိတ်ဆွေမျိုးလဲ။ အဆင်ပြေမယ်ဆိုရင် အတိအကျ ပြောပြပေးပါလား" ကိရှိတာနိက အားတောင့်အားနာ ဟန်ဖြင့် မေးနေသည်။

"အဲဒီလို ကိစ္စမျိုးကအစ အကုန်လုံးကို ပြောပြဖို့ လိုအပ်တာလား"

"အဆင်ပြေမယ် ဆိုရင် ပြောပြစေချင်ပါတယ်။ ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာကို စပ်စုချင်တဲ့ သဘောမျိုး မဟုတ်ပါဘူး။ တကယ်လို့ ကျွန်တော်က ဘာမှ မမေးဘဲ ပြန်သွားမယ်ဆိုရင် ကျွန်တော့်အထက်လူကြီးရဲ့ အဆဲကို ခံရမှာ သေချာသလောက်ပဲ။ အဲဒီလူကို လုံးဝ အနှောင့်အယှက် မဖြစ်စေရပါဘူး။ ဖြစ်နိုင်မယ်ဆိုရင် ပြောပြပေးပါခင်ဗျာ"

ယာစုကိုက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ "သူ့နာမည်က ကူဒိုတဲ့။ ကျွန်မ အရင်တုန်းက အလုပ်လုပ်ခဲ့တဲ့ ဆိုင်ရဲ့ ဖောက်သည်ပေါ့။ လူသတ်မှု ဖြစ်တယ်ဆိုတဲ့ သတင်းကို ကြားလို့ ကျွန်မဆီကို သာကြောင်းမာကြောင်း လာမေးတာပါ"

"သူက ဘာအလုပ် လုပ်တာလဲ"

"ပုံနှိပ်တိုက် လုပ်ပါတယ်။ အတိအကျတော့ ကျွန်မလည်း မသိဘူး"

"သူ့ကို ဘယ်လို ဆက်သွယ်လို့ ရမလဲ"

ကိရှိတာနိ၏ အမေးကြောင့် ယာစုကို၏ မျက်ခုံးများ ပင့်တက်သွားသည်။

"လုံးဝ မဖြစ်မနေ ဆက်သွယ်ဖို့ လိုအပ်လာတဲ့ အခါမျိုးမှာမှ သူ့ကို ဆက်သွယ်မှာပါ။ ဆက်သွယ်ဖို့ လိုအပ်လာပြီ ဆိုရင်လည်း သူ့ကို အနှောင့်အယှက် မဖြစ်အောင် ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးစားသွားမှာပါ။ ကျွန်တော် အာမခံပါတယ်"

ယာစုကိုသည် သူမ၏ စိတ်ညစ်ညူးနေမှုကို ဖုံးဖိမနေတော့ဘဲ လက်ကိုင်ဖုန်းကို ဆွဲထုတ်ပြီး ကူဒို၏ ဖုန်းနံပါတ်ကို ရွတ်ပြလိုက်သည်။ ကိရှိတာနိက ထိုနံပါတ်ကို အသည်းအသန် လိုက်မှတ်နေသည်။

ကိရှိတာနိ၏ မျက်နှာတွင် အားနာသော အမူအရာများ ပြမြဲ ပြနေသော်လည်း ကူဒို၏ အကြောင်းများကို စုံနိုင်သမျှ စုံလင်အောင် မေးမြန်းနေခဲ့သည်။ ကူဒို ပထမဆုံးအကြိမ် ဘန်တန်တိုင်သို့ ရောက်ရှိလာခဲ့စဉ်က အကြောင်းအရာများကိုပါ မခြွင်းမချန်တော့ဘဲ ယာစုကိုက လုံးစေ့ပတ်စေ့ ပြောပြလိုက်လေတော့သည်။

ကိရှိတာနိ ပြန်သွားသောအခါ ယာစုကိုသည် တံခါးကို ပိတ်ပြီး ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ပစ်ထိုင်ချလိုက်သည်။ ရှိသမျှ ခွန်အားများ အလုံးစုံ ကုန်ခမ်းသွားသည့်နှယ် နည်းနည်းမျှ မလှုပ်ရှားချင်တော့။

အိပ်ခန်းတံခါး ပွင့်လာပြီး အခန်းထဲမှ မိစာတို ထွက်လာသည်။

"ရုပ်ရှင်ကြည့်တဲ့ကိစ္စကို သူတို့က အခုထိ သံသယ ရှိနေတုန်းနေမှာ" မိစာတိုက ပြောသည်။ "တကယ့်ကို ဦးဦးပြောတဲ့အတိုင်း ဖြစ်လာတာပဲ။ အရမ်း မိုက်တယ်နော်"

"ဟုတ်ပ့်" ယာစုကိုသည် မတ်တတ်ထရပ်ပြီး ဧည့်ခန်းရှိရာသို့ ပြန်လာသည်။

"မေမေက ဘန်တန်တိုင်က လူတွေနဲ့ ညစာသွားစားတာ မဟုတ်ဘူးလား"

ယာစုကိုသည် ခေါင်းမော့၍ သမီး၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ မိစာတိုက သံသယ မျက်လုံးများဖြင့် သူမကို ပြန်ကြည့်နေသည်။

"သမီး ကြားလိုက်တယ်ပေါ့"

"ကြားတာပေါ့"

"အင်း ...." ယာစုကိုသည် ခေါင်းကို ငိုက်စိုက်ချလျက် ခြေနှစ်ဘက်ကို အပူပေးစားပွဲအောက်ထဲသို့ ထိုးထည့်နေသည်။ စားပွဲကို မြင်သောအခါတွင် စောစောက ရဲအရာရှိ၏ မေးခွန်းကို သတိရသွားပြန်သည်။

"ဒီလောက် ဖြစ်ပျက်နေတာတောင် အမေက ဟိုလူကြီးနဲ့ စုံတွဲခုတ်ပြီး ထမင်းထွက်စားနိုင်သေးတယ်နော်"

"အမေ ငြင်းလို့ မဖြစ်ဘူးလေ။ အရင်တုန်းက အမေ့အပေါ် သူ အရမ်းကောင်းခဲ့တယ်။ အခုလည်း အမေတို့ကို စိတ်မချလို့ တကူးတက လာတွေ့ရှာတာ။ သမီးကို မညာသင့်ဘူးဆိုတာ အမေ သိပါတယ်"

"သမီးက ဘာအရေးလဲ ....."

ထိုစဉ် တစ်ဘက်ခန်းမှ တံခါးဖွင့်သံ ထွက်ပေါ်လာသည်။ ထို့နောက် လှေခါးရှိရာသို့ လျှောက်လှမ်းသွားသော ခြေသံများ ဆက်ကာဆက်ကာ ထွက်ပေါ်လာကြသည်။ သားအမိနှစ်ယောက်သား တစ်ဦးကိုတစ်ဦး လှမ်းကြည့်လိုက်သည်။

"အမေ ဖုန်းဖွင့်လိုက်ဦး" မီစာတိုက ပြောသည်။

"ဖွင့်ထားပြီးပြီ"

မိနစ်အနည်းငယ် ကြာသောအခါ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။

အိရှိုဂါမိသည် သူ ဆက်နေကျ တယ်လီဖုန်းရုံသို့ သွားပြီး ယနေ့ည၏ တတိယအကြိမ်မြောက် ဖုန်းခေါ်ဆိုခြင်းကို ပြုလုပ်နေသည်။ ရှေ့နှစ်ကြိမ်တွင် ယာစုကို၏ ဖုန်းကို ခေါ်၍ မရခဲ့။ ယခင်နေ့များတွင် ထိုသို့ တစ်ခါမျှ မဖြစ်ခဲ့စဖူး။ သူသည် ယာစုကိုအတွက် စိုးရိမ်သွားခဲ့သည်။ ယခု ယာစုကို၏ အသံကို ကြားရသောအခါမှ သူ စိတ်ချသွားတော့သည်။ သူမ ဘာမျှ ဖြစ်ပုံမရ။

သူ ဖုန်းရုံသို့ ထွက်မလာခင်က ဟာနာအိုကာအိမ်၏ ဘဲလ်သံကို သူ ကြားခဲ့ရသည်။ သူ ထင်ထားသည့်အတိုင်း ရဲဖြစ်နေသည်။ ယာစုကို၏ ပြောစကားအရ ဆိုလျှင် သူတို့ထံမှ ရုပ်ရှင်ရုံလက်မှတ်များ လာယူခြင်း ဖြစ်သည်။ ရဲများ၏ ရည်ရွယ်ရင်းကို အိရှိုဂါမိ သဘောပေါက်ထားပြီး ဖြစ်သည်။ ရုပ်ရှင်ရုံမှ လက်ခံဖြတ်ပိုင်းနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ပေလိမ့်မည်။ သူတို့ သားအမိ၏ လက်မှတ်ဖြတ်ပိုင်းနှင့် ထပ်တူညီသော လက်ခံဖြတ်ပိုင်းကို ရှာတွေ့ခဲ့ပြီဆိုလျှင်

ဖြတ်ပိုင်းပေါ်မှ လက်ဗွေရာကို ထပ်မံ စစ်ဆေးကြမည်။ အကယ်၍ ယာစုကိုတို့ သားအမိ၏ လက်ဗွေရာများ ဖြတ်ပိုင်းပေါ်တွင် ထင်ကျန်နေပြီဆိုလျှင် အနိမ့်ဆုံးအားဖြင့် သူတို့ ရုပ်ရှင်ရုံထဲသို့ ဝင်ခဲ့သည်ဟု အတည်ပြုနိုင်သည်။ အကယ်၍ လက်ဗွေရာများကို မတွေ့ခဲ့ပါမူ သူတို့သားအမိကို ရဲဘက်မှ ပိုမို တင်းကျပ်စွာ စောင့်ကြည့်လာပေတော့မည်။ ရဲအရာရှိသည် အပူပေးစားပွဲနှင့် ပတ်သက်သော အကြောင်းများကိုလည်း လျှောက်မေးခဲ့သေးသည်။ ထိုသို့ ဖြစ်လာနိုင်သည်ဟု အိရှိုဂါမိက ကြိုတင် တွက်ဆထားခဲ့ပြီးသား။

"ဒါဆို သူတို့က လက်နက်ကို အတည်ပြုထားနိုင်ပြီလို့ ယူဆရတော့မှာပဲ" အိရှိုဂါမိက ဖုန်းတစ်ဘက်ခြမ်းမှ ယာစုကိုကို လှမ်းပြောလိုက်သည်။

"ရှင်ပြောတဲ့ လက်နက် ဆိုတာက ...."

"အပူပေးစားပွဲရဲ့ ဓာတ်ကြိုးလေ။ ခင်ဗျားတို့ အဲဒါကို သုံးခဲ့တာ မဟုတ်လား"

ဖုန်းထဲတွင် တစ်ဘက်မှ ဘာသံမျှ မကြားရတော့။ တိုဂါရှိကို ညှစ်သတ်ခဲ့စဉ်က ပုံရိပ်များသည် ယာစုကို၏ အတွေးအာရုံထဲတွင် ပြန်လည် ထင်ယောင်လာနေပုံ ရသည်။

"ညှစ်သတ်တယ် ဆိုရင် လည်ပင်းမှာ အရှိုးရာ ကျန်နေခဲ့မှာပဲ" အိရှိုဂါမိက ဆက်ပြောသည်။ ယခုအခါတွင် စကားကို ကြားကောင်းအောင် ဝေ့လည်ကြောင်ပတ် ပြောနေဖို့ အချိန်မရှိတော့။ "အခု နည်းပညာတွေက တိုးတက်လာနေတော့ ဘာလက်နက်ကို သုံးပြီး သတ်ခဲ့သလဲ ဆိုတာကို ဒဏ်ရာကြည့်ပြီး အလွယ်တကူ ခွဲခြားလို့ ရနေပြီ"

"ဒါကြောင့် အဲဒီရဲက အပူပေးစားပွဲအကြောင်းကို မေးလာတာလား"

"အဲဒီလိုပဲ ဖြစ်လိမ့်မယ်။ ခင်ဗျား စိတ်မပူပါနဲ့။ ကျွန်တော် အားလုံး ပြင်ဆင်ထားပြီးသားပါ"

ရဲဌာနက လူသတ်လက်နက်ကို ဖော်ထုတ်နိုင်သည်ဟု သူ မဆွကပင် ရိပ်စားမိခဲ့သည်။ ထို့ကြောင့် ဟာနာအိုကာအိမ်မှ အပူပေးစားပွဲနှင့် သူ့အိမ်မှ စားပွဲကို လဲလှယ်ထားခဲ့သည်။ သူတို့ ယခင်အသုံးပြုခဲ့သော အပူပေးစားပွဲမှာ ယခုအခါ သူ၏ စတိုခန်းထဲတွင် ရောက်ရှိနေလေပြီ။ ထို့အပြင် သူ၏ အပူပေးစားပွဲတွင် ပါသော ဓာတ်ကြိုးသည် သူတို့နှင့် အမျိုးအစားချင်း မတူ။ ရဲအရာရှိကလည်း ဓာတ်ကြိုးကို သတိထားမိပေလိမ့်မည်။ အဝေးမှ လှမ်းကြည့်ရုံနှင့် သိသာလှသည်။

"ရဲက တခြားရော ဘာမေးသေးလဲ"

"တခြား ...." ထိုမျှသာ ပြောနိုင်ပြီး သူမ ဆွံ့အသွားသည်။

"ဟယ်လို .... မစ္စဟာနာအိုကာ"

"ဟုတ်"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း။ ဘာမှ မဖြစ်ပါဘူး။ ဘာတွေ မေးခဲ့သေးသလဲလို့ ပြန်စဉ်းစားနေလို့ပါ။ တခြား ဘာမှ ထူးထူးခြားခြား မမေးတော့ဘူး။ သူ ပြောသေးတယ်။ တကယ်လို့ ရုပ်ရှင်ရုံ သွားခဲ့ကြောင်း အတည်ပြုနိုင်ရင် ကျွန်မတို့ကို သံသယ ဝင်နေဖို့ မလိုတော့ဘူးတဲ့"

"ကျွန်တော့်အထင် ပြောရရင် သူတို့ကတော့ ရုပ်ရှင်ကိစ္စကို နည်းနည်းမှ အလျှော့ပေးမှာ မဟုတ်ဘူး။ သူတို့ အဲဒီလို ဖြစ်လာနိုင်တယ်လို့ တွက်ဆထားလို့လည်းပဲ ကျွန်တော် ဒီအကွက်ကို ဆင်ထားခဲ့တာပါ။ ဘာမှ ကြောက်စရာ မလိုဘူး"

"ရှင် အဲဒီလို ပြောတာ ကြားရတော့ ကျွန်မစိတ်ထဲ ပေါ့ပါးသွားပါပြီ"

ယာစုကို၏ စကားသည် သူ၏ ရင်တွင်းမှ အပူမီးကို ငြိမ်းသတ်ပေးလိုက်သော ရေစင်ကဲ့သို့ ရင်ထဲ အေးမြသွားလေသည်။ တစ်နေကုန်လုံး စိတ်ပူပန်လာခဲ့သမျှ တဖြည်းဖြည်းနှင့် လျော့ပါးလာတော့သည်။

ထိုလူအကြောင်းကို မေးသင့်သည်ဟူသော အတွေးသည် သူ့ခေါင်းထဲသို့ ရုတ်တရက် ဝင်ရောက်လာသည်။ သူနှင့် ယုကာဝါတို့ ဘန်တန်တိုင်တွင် ရှိနေစဉ်က မထင်မှတ်ဘဲ ပေါ်ထွက်လာခဲ့သော ထိုသူစိမ်းသည် မည်သူ ဖြစ်သနည်း။ ယနေ့ညလည်း ထိုသူကပင် ယာစုကိုကို အိမ်အထိ လိုက်ပို့ခဲ့ပြန်သည်။ အိရှိဂါမိသည် သူ့အခန်းပြတင်းပေါက်မှ အားလုံးကို လှမ်းမြင်နေရသည်။

"ကျွန်မအတွက် ပြောစရာကတော့ အဲဒီလောက်ပါပဲ။ ရှင့်ဘက်မှာရော ဘာတွေ ထူးခြားသေးလဲ" ယာစုကိုက ပြန်မေးလိုက်သည်။

"မရှိပါဘူး။ ဘာမှ မထူးခြားဘူး။ ခင်ဗျားအနေနဲ့ ဟိုးအရင်ကလို မှုမှန်အတိုင်း နေသွားပေးပါ။ ရဲတွေက ထပ်လာနိုင်သေးတယ်။ အကြောက်မလွန်မိပါစေနဲ့"

"ဟုတ်။ ကျွန်မ သဘောပေါက်ပါတယ်"

"ကောင်းပြီလေ။ မီစာတိုကိုလည်း မေးတယ်လို့ ပြောပေးပါ။ အိပ်မက်လှလှ မက်ပါစေ"

သူသည် ယာစုကို၏ တုံ့ပြန်စကားကို ကြားရသောအခါမှ ဖုန်းကို ချလိုက်သည်။ ဖုန်းကတ်သည် ဖုန်းခွံထဲမှ ခုန်ထွက်လာသည်။

ကုစာနာဂိ၏ တင်ပြချက်ကို ကြားရသောအခါ မာမီယာ၏ မျက်နှာပေါ်တွင် အလိုမကျမှုများ ဖုံးမနိုင် ဖိမရ ထွက်ပေါ်လာလေသည်။ သူသည် သူ့ပခုံးကို လက်ဖြင့် ဆုပ်ညှစ်နေရင်း ထိုင်ခုံပေါ်တွင် ရှေ့နောက် ယိမ်းထိုးနေသည်။ "ဒီအတိုင်းသာဆိုရင် ဟို ကူဒိုဆိုတဲ့ လူနဲ့ ဟာနာအိုကာ ယာစုကိုတို့က လူသတ်မှု ဖြစ်ပြီးမှ ပြန်ဆုံကြတာပေါ့။ အဲဒါ လုံးဝ သေချာရဲ့လား"

"ဆိုင်ပိုင်ရှင် လင်မယားရဲ့ စကားအရတော့ အဲဒီလို လုံးဝ အသေအချာပဲ။ သူတို့ ညာပြောတာ မဖြစ်နိုင်ဘူး။ ပထမဆုံးအကြိမ် ကူဒို ဆိုင်ကို ရောက်လာတော့ ယာစုကိုရော သူတို့ပါ တအံ့တသြ ဖြစ်ခဲ့ကြတယ်လို့ ပြောတယ်။ သရုပ်ဆောင်နေကြတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

"သူ အရင်က ဘားမယ်လုပ်ဖူးတာဆိုတော့ သရုပ်ဆောင်တာလည်း ကျွမ်းကျင်လောက်မှာပေါ့" မာမီယာက ကုစာနာဂိကို ကြည့်နေသည်။ "မင်း အဲဒီကူဒိုဆိုတဲ့လူကို သေသေချာချာ ပြန်စုံစမ်းကြည့်ဦး။ သူက လူသတ်မှု ဖြစ်ပြီးပြီးချင်း ရုတ်တရက် ပေါ်လာတာဆိုတော့ တိုက်ဆိုင်လွန်း မနေဘူးလား"

"ဟာနာအိုကာ ယာစုကိုရဲ့ စကားအရဆိုရင် ကူဒိုက လူသတ်မှုသတင်း ကြားလို့ သူ့ကို လာတွေ့တာလို့ ပြောတယ်။ တိုက်ဆိုင်တာတော့ မဟုတ်ဘူး"

"တကယ်လို့သာ သူတို့နှစ်ယောက်က ဒီလူသတ်မှုကို အတူတူ လုပ်ခဲ့တာဆိုရင် အခုလို လူမြင်ကွင်းမှာ ပေါ်ပေါ်ထင်ထင် တွေ့ရဲပါ့မလား" ကုစာနာဂိ၏ ဘေးတွင် ရပ်နေသော ကိရှိတာနိက ကြားဝင်၍ ပြောသည်။

"အဲဒီလို ထင်စေချင်လို့ တမင်သက်သက် တွဲပြတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

ကုစာနာဂိ၏ ထင်မြင်ချက်ကို ကြားရသောအခါတွင် ကိရှိတာနိသည် မျက်မှောင်ကို ကြုတ်လိုက်သည်။ "ဒါပေမယ့် ...."

"ဆရာက ကာယကံရှင်ကို တိုက်ရိုက် မေးစေချင်တာလား" ကုစာနာဂိက မာမီယာဘက်သို့ လှည့်၍ မေးလိုက်သည်။

"အဲဒီလို လုပ်တာ ပိုကောင်းလိမ့်မယ်။ သူသာ ဒီအမှုနဲ့ ပတ်သက်နေမယ်ဆိုရင် ဘယ်လောက်ပဲ ပိရိပိရိ၊ သူ့ဆီက သဲလွန်စတစ်ခုခုတော့ ရလာနိုင်တယ်။ မင်း သွားစုံစမ်းကြည့်ကွာ" ကုစာနာဂိက ဦးညွှတ်ပြီး ကိရှိတာနိနှင့်အတူ အပြင်သို့ ထွက်လာခဲ့သည်။

"ကိုယ်ရဲ့ အမြင်သက်သက်ကိုပဲ အခြေခံပြီး စကားကို လက်လွတ်စပယ် မပြောသင့်ဘူး" ကုစာနာဂိက ကိရှိတာနိကို သတိပေးစကား ဆိုသည်။ "တရားခံက မင်းရဲ့ အဲဒီအားနည်းချက်ကို အသုံးချသွားလိမ့်မယ်"

"အာစရိက ဘာကို ဆိုလိုတာလဲ"

"မစ္စတာကူဒိုနဲ့ မစ္စဟာနာအိုကာတို့က ဟိုးအရင်ကတည်းက အဆက်အသွယ် မပြတ်ဘဲ ရှိချင် ရှိနေနိုင်တယ်။ အရင်က လူသိရှင်ကြား မတွေ့ဆုံကြတာလည်း ဖြစ်နိုင်တာပဲ။ အခု သူတို့က အဲဒီအချက်ကို အကျိုးရှိရှိ အသုံးချနေတာ မဟုတ်ဘူးလို့ မပြောနိုင်ဘူး။ သူတို့နှစ်ယောက်ရဲ့ အနီးကပ် ဆက်ဆံရေးကို ဘယ်သူကမှ သိမနေဘူး ဆိုရင် အဲဒီလို အခြေအနေမျိုးမှာ အမှုတစ်ခုကို နှစ်ယောက်ပေါင်းပြီး တွဲလုပ်ရတာ အဆင်အပြေဆုံးပဲ"

"အဲဒီလိုသာဆိုရင် သူတို့က သူတို့ရဲ့ ရင်းနှီးမှုကို ဆက်ပြီး ဖုံးကွယ်ထားသင့်တာ မဟုတ်ဘူးလား"

"ငါတော့ အဲဒီလို မထင်ဘူး။ သမီးရည်းစား ဆက်ဆံရေးဆိုတာမျိုးက ကြာကြာ ဖုံးလို့ဖိလို့ ရတာမျိုး မဟုတ်ဘူး။ လက်ရှိ ဖြစ်ပေါ်လာတဲ့ အခွင့်အလမ်းကို အသုံးချပြီး ပြန်လည်ဆုံဆည်းကြတဲ့ ပုံစံမျိုး ဟန်ဆောင်လိုက်တာ ပိုကောင်းမယ်လို့ သူတို့ ယူဆကောင်း ယူဆနိုင်တာပဲ"

ကိရှိတာနိက ခေါင်းညိတ်ပြသည်။ သို့သော် ကုစာနာဂိ၏ အကြောင်းပြချက်ကို လက်မခံနိုင်သေးမှန်း သူ့မျက်နှာမှာ ပေါ်လွင်နေသည်။

အီဒိုဂါဝါရဲစခန်းထဲမှ ထွက်လာကြပြီးနောက် ကုစာနာဂိ၏ ကားပေါ်သို့ သူတို့နှစ်ဦး တက်လိုက်ကြသည်။

"ဓာတ်ခွဲခန်းရဲ့ အလိုအရ လူသတ်လက်နက်ဟာ ဓာတ်ကြိုး ဖြစ်ရမယ်တဲ့။ ကြေးနန်းကြိုးကို အပြင်က ချည်မျှင်နဲ့ မံထားတဲ့ ဓာတ်ကြိုးမျိုးလို့ ပြောတယ်" ကိရှိတာနိသည် ထိုင်ခုံခါးပတ်ကို ပတ်ရင်း ပြောနေသည်။

"သြော် ... အပူဓာတ်ပေးရတဲ့ လျှပ်စစ်ပစ္စည်းမျိုးတွေမှာ သုံးတဲ့ ဓာတ်ကြိုးမျိုးပေါ့။ ဥပမာဆိုရင် အပူပေးစားပွဲလိုဟာမျိုး"

"ခတ်ကြိုးရဲ့ အပြင်ဘက်ဆုံးအလွှာကို ချည်မျှင်တွေနဲ့ ပတ်ထားတာဆိုတော့ လည်ပင်းမှာ ကျန်ခဲ့တဲ့ အရှိုးရာကလည်း အမြှောင်းထနေတာပေါ့"

"အဲဒီတော့ ....."

"ကျွန်တော် မစ္စဟာနာအိုကာအိမ်က အပူပေးစားပွဲကို ကြည့်ခဲ့တယ်။ သူ့ဟာက ချည်မျှင်အကာပါတဲ့ ခတ်ကြိုးမဟုတ်ဘူး။ ရာဘာအခွံနဲ့ ခတ်ကြိုးမျိုး။ အမြှောင်းမပါဘူး"

"ဒီတော့ ...."

"ဒါပဲလေ"

"အပူခတ်ပေးတဲ့ လျှပ်စစ်ပစ္စည်းက အပူပေးစားပွဲတစ်မျိုးတည်း ရှိတာမှ မဟုတ်တာ။ ပြီးတော့ အဲဒါကို လူသတ်လက်နက်အနေနဲ့ သုံးခဲ့တာ ဆိုတော့ နေ့စဉ်သုံးနေတဲ့ ပစ္စည်းမျိုးလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့။ တစ်နေရာရာက ကောက်လာတဲ့ ခတ်ကြိုးလည်း ဖြစ်နေနိုင်တာပဲ"

"အင်း ...." ကိရှိတာနိက မဖြေချင့်ဖြေချင် လေသံမျိုးဖြင့် ပြန်ဖြေလိုက်သည်။

ယမန်နေ့က ကုစာနာဂိနှင့် ကိရှိတာနိတို့သည် ဟာနာအိုကာ ယာစုကိုကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့ကြသည်။ သူမ၏ အနီးပတ်ဝန်းကျင်တွင် ကြံရာပါဟု သတ်မှတ်နိုင်မည့် အခြားလူတစ်ဦးဦး ရှိနိုင်သလော ဆိုသည့်အချက်ကို ဖော်ထုတ်နိုင်ရန် ကြိုးစားခဲ့ကြသည်။

အလုပ်ဆင်းသောအချိန်၌ သူမသည် အမျိုးသားတစ်ယောက်နှင့် အတူ တက္ကစီဖြင့် ထွက်ခွာသွားသည်ကို မြင်လိုက်ရသောအခါ ကုစာနာဂိတို့သည် သူတို့အနောက်မှ မျက်ခြည်မပြတ် လိုက်သွားခဲ့သည်။ မြစ်ကမ်းနံဘေးမှ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားသည့် အခါတွင်လည်း စိတ်ရှည်လက်ရှည်ဖြင့် ထွက်မလာမချင်း အပြင်မှ ထိုင်စောင့်နေခဲ့သည်။

ညစာစားသောက်ပြီးကြသောအခါတွင် ထိုသူနှစ်ဦးသည် တက္ကစီပေါ်သို့ တက်ကာ ယာစုကို၏ တိုက်ခန်းရှိရာသို့ ပြန်လာခဲ့ကြသည်။ အမျိုးသားသည် ကားပေါ်မှ မဆင်းချေ။ ကုစာနာဂိသည် ကိရှိတာနိကို ယာစုကိုအထံသို့ သွားခိုင်းပြီး သူကိုယ်နှိုက်က တက္ကစီအနောက်သို့ လိုက်သွားခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် ထိုသို့ နောက်ယောင်ခံ လိုက်နေသည်ကို မည်သူမျှ မရိပ်မိကြပေ။

ထိုအမျိုးသားသည် အိုဆာကာရှိ တိုက်ခန်းကျယ်တစ်ခုတွင် နေထိုင်သည်။ သူ့အခန်းတံခါးတွင် ချိတ်ဆွဲထားသော နာမည်ကတ်ပြားပေါ်မှ ထိုသူ၏ နာမည်ကို သိလာခဲ့သည်။ 'ကူဒို ကုနိအာကိ'

အကယ်၍ ယာစုကိုသည် တိုဂါရှိုကို သတ်ဖြတ်ခဲ့သော တရားခံတစ်ယောက် ဖြစ်သည်ဟု ဆိုလျှင် သူမသည် ထိုအမှုကို တစ်ဦးတည်း ဒိုင်ခံ၍ လုပ်နိုင်မည် မဟုတ် ဟူသည့်အချက်ကို ကုစာနာဂိက လက်ခံထားပြီး ဖြစ်သည်။ ယာစုကိုအတွက် ကြံရာပါ အမျိုးသားအဖော် တစ်ယောက်တော့ ရှိကို ရှိရပေမည်။ မည်သူပင် ဖြစ်စေ၊ ထိုအမျိုးသားသည် အဓိက လူသတ်တရားခံပင် ဖြစ်ကောင်း ဖြစ်နေနိုင်သည်။

ကူဒိုသည် ထိုတရားခံ ဖြစ်နိုင်မည်လော။

ကုစာနာဂိသည် ကိရှိတာနိအား သူ့အယူအဆကို ထုတ်ဖော်ပြောပြခဲ့သော်လည်း ထိုအယူအဆကို သူကိုယ်တိုင်က အပြည့်အဝယုံကြည်လှသည်တော့ မဟုတ်။ ယခု သူတို့ လုပ်ရပ်သည် ရေလိုက်လွဲနေပြီလောဟု သူ သံသယ ဝင်နေမိသည်။

ကုစာနာဂိ၏ အတွေးအာရုံထဲသို့ ပုံရိပ်တစ်ခု လွှမ်းမိုးလာသည်။ ယမန်နေ့က ဘန်တန်တိုင်ကို စောင့်ကြည့်နေခဲ့စဉ် သူ လုံးဝ မျှော်လင့်မထားခဲ့သော လူတစ်ယောက်ကို ဆိုင်တွင် တွေ့ခဲ့ရသည်။

ယုကာဝါ မနာဘု။ ... ဟာနာအိုကာ ယာစုကို၏ အိမ်မ်နီးချင်းဖြစ်သော သင်္ချာဆရာနှင့်အတူ အဘယ်ကြောင့် သူ့ကို ထိုဆိုင်တွင် တွေ့ခဲ့ရသနည်း။

အခန်း (၁၀ - က)

ညနေ ၆ နာရီ ကျော်ကျော်တွင် အစိမ်းရောင် မာစီဒီးကားတစ်စီးသည် ကွန်ဒိုတိုက်တစ်လုံး၏ မြေအောက်ယာဉ်ရပ်ကွင်းထဲသို့ မောင်းဝင်သွားသည်။ ၎င်းမှာ ကူဒို ကုနိအာကိ၏ ကားဖြစ်ကြောင်း ကုစာနာဂိက စုံစမ်းထားပြီး ဖြစ်သည်။ ကွန်ဒို၏ မျက်နှာချင်းဆိုင်ရှိ ကော်ဖီဆိုင်တွင် တစ်ချိန်လုံး ထိုင်စောင့်ကြည့်နေခဲ့သော ကုစာနာဂိသည် ကော်ဖီနှစ်ခွက်အတွက် ကျသင့်ငွေကို စားပွဲပေါ်တင်ပြီး ထိုင်ရာမှ ချက်ချင်း ထထွက်လာသည်။ ဒုတိယမြောက် ကော်ဖီကို သူ တစ်ငုံသာ သောက်ရသေးသည်။

ကုစာနာဂိသည် ခြေလှမ်းကျဲကျဲဖြင့် လမ်းမကို ဖြတ်ကူးပြီး ယာဉ်ရပ်နားကွင်း ရှိရာသို့ လျှောက်လာခဲ့သည်။ ကွန်ဒို၏ မြေညီထပ်နှင့် မြေအောက်ထပ် နှစ်ထပ်စလုံးတွင် ဝင်ပေါက်များ ရှိကြပြီး နှစ်ပေါက်စလုံးမှာ အလိုအလျောက် အဖွင့်အပိတ်စနစ်ကို အသုံးပြုထားသည်။ ကိုယ်ပိုင်ကား ရှိသူများအတွက်မူ မြေအောက်ထပ် ဝင်ပေါက်က ပို၍ အဆင်သင့်သည်။ ကုစာနာဂိသည် ကူဒိုအား တိုက်ပေါ်သို့ ဝင်ရောက် ပျောက်ကွယ်မသွားခင် အမီ တားထားနိုင်မှ ဖြစ်မည်။ အကယ်၍ အိမ်ခန်းထဲသို့ ရောက်ပြီးကာမှ ကူဒိုကို အင်တာကွန်းဖြင့် ဆက်သွယ်ရမည် ဆိုလျှင် သူ မည်သူမည်ဝါ ဖြစ်ကြောင်း ကြိုတင် အသိပေးရပေတော့မည်။ ထိုသို့ဆိုလျှင် ကူဒိုအတွက် ကြိုတင်ပြင်ဆင်ချိန်များ စီစဉ်ပေးလိုက်သကဲ့သို့ ဖြစ်သွားမည်ကို သူ စိုးရိမ်သည်။

ကံကောင်းထောက်မစွာဖြင့် ကုစာနာဂိသည် တံခါးဝသို့ ဦးစွာ ရောက်သွားနိုင်ခဲ့သည်။ နံရံကို လက်ထောက်မှီလျက် အမောဖြေနေစဉ်မှာပင် ဝတ်စုံပြည့် ဝတ်ဆင်ထားသော ကူဒိုသည် အလုပ်သေတ္တာကို ကိုင်လျက် သူ့အနားမှ ဖြတ်လျှောက်သွားသည်။

ကူဒိုသည် သော့တစ်ချောင်းကို အိတ်ထဲမှ ဆွဲထုတ်ပြီး တံခါးဝရှိ သော့ပေါက်ထဲသို့ ထိုးထည့်ရန် ဟန်ပြင်လိုက်စဉ် ကုစာနာဂိသည် နောက်ကျောဘက်မှ နေ၍ သူ့ကို လှမ်းခေါ်လိုက်သည်။

"မင်္ဂလာပါ မစ္စတာကူဒို"

ကူဒိုသည် ခါးကို ပြန်မတ်ပြီး သော့ကို ပြန်ဆွဲနှုတ်လိုက်သည်။ သူသည် တစ်ဘက်သို့ လှည့်ပြီး ကုစာနာဂိကို လှမ်းကြည့်သည်။ သူ့မျက်နှာပေါ်တွင် ထူးဆန်းအံ့သြသည့် အမူအရာမျိုး တွေ့နေရသည်။ "ဟုတ်ကဲ့"

ကုစာနာဂိက သူ၏ ရဲသက်သေခံ ကတ်ပြားကို ထုတ်ပြလိုက်သည်။ "အခုလို အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ်။ ကျွန်တော်က ရဲဌာနကပါ။ ကျွန်တော့်ကို အကူအညီ နည်းနည်း ပေးနိုင်မလားလို့"

"ရဲဌာနက ..." ကူဒိုက ခပ်တိုးတိုး ရေရွတ်နေသည်။ သူ့မျက်လုံးများကို ကျုံ့လျက်။

ကုစာနာဂိက ခေါင်းညိတ်ပြသည်။ "ဟုတ်ကဲ့။ မစ္စဟာနာအိုကာ ယာစုကိုအကြောင်း နည်းနည်း မေးချင်လို့ပါ"

ယာစုကို ဟူသော အမည်ကို ကြားလိုက်ရသည့်အခါတွင် ကူဒို မည်သို့ ဖြစ်ပျက်သွားမည်နည်း။ ကုစာနာဂိက သူ့ကို အကဲခတ်နေမိသည်။ အကယ်၍ တအံ့တသြ ဖြစ်သောသွား အမူအရာကို သူ့မျက်နှာပေါ်တွင် တွေ့မြင်ရလျှင် သို့မဟုတ် ကြောင်အမ်းအမ်း ဖြစ်သွားလျှင် သူ့ကို မူမမှန်ဟု ယူဆရပေတော့မည်။

ကူဒိုက မျက်မှောင်ကြုတ်လျက် ခေါင်းကို လေးလေးပင်ပင်ကြီး ညိတ်လိုက်သည်။ "ရပါတယ်။ ကျွန်တော့်အိမ်ပေါ်မှာ ပြောမလား။ ဒါမှမဟုတ် ကော်ဖီဆိုင်လို နေရာမျိုးမှာ ပိုအဆင်ပြေမလား"

"အဆင်ပြေမယ်ဆိုရင် ခင်ဗျား အိမ်ပေါ်မှာပဲ ပြောကြတာပေါ့"

"ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အိမ်ကတော့ ရှုပ်ပွနေတယ်။ နည်းနည်းတော့ သည်းခံပေးပါ"

အိမ်ခန်းထဲသို့ ရောက်ရှိသွားသောအခါ ကုစာနာဂိ တွေးထင်ထားသကဲ့သို့ များစွာ ရှုပ်ပွနေခြင်း မရှိ။ ထို့အပြင် မထင်မှတ်ထားလောက်အောင် ရိုးရှင်းနေသည်။ အခန်းတွင်းရှိ ဗီဒိုများမှာ နံရံအတွင်းသို့ မြှုပ်ထားသော ဗီဒိုများ ဖြစ်ပြီး အခန်းတွင်းတွင် နှစ်ယောက်ထိုင် ဆိုဖာတစ်လုံးနှင့် တစ်ယောက်ထိုင် ဆိုဖာတစ်လုံးမှ အပ မည်သည့် အပိုပစ္စည်းမျှ မရှိဘဲ ရှင်းလင်းနေသည်။ ကူဒိုက နှစ်ယောက်ထိုင် ဆိုဖာကို လက်ညှိုးညွှန်ပြီး ကုစာနာဂိအား ထိုခုံပေါ်တွင် ထိုင်စေသည်။

"အပူ သောက်မလား၊ အအေး သောက်မလား" ကူဒိုက အပေါ်ဝတ်အင်္ကျီကို မချွတ်သေးဘဲ လှမ်းမေးနေသည်။

"နေပါစေတော့။ ကျွန်တော် မေးစရာရှိတာ မေးပြီးတာနဲ့ ပြန်မှာပါ"

"ဟုတ်ကဲ့" ထိုသို့ အလိုက်သင့် ပြန်ဖြေလိုက်သော်လည်း ကူဒိုသည် မီးဖိုချောင်ထဲသို့ ဝင်သွားပြီး ဖန်ခွက်နှစ်ခွက်နှင့် ဝူးလုံလက်ဖက်ရည်တစ်ဘူး

သယ်ယူလာသည်။

"စိတ်မရှိပါနဲ့ဗျာ။ ခင်ဗျားရဲ့ အိမ်သားတွေကရော" ကုစာနာဂိက မေးသည်။

"ဇနီးသည်ကတော့ မနှစ်ကပဲ ဆုံးသွားတယ်။ သားကတော့ ကျွန်တော့်မိဘအိမ်မှာ နေနေပါတယ်" ကူဒိုက အေးဆေးသော လေသံဖြင့် ပြန်ဖြေသည်။

"အခု ခင်ဗျားတစ်ယောက်တည်း နေနေတာပေါ့"

"ဟုတ်တယ်" ကူဒိုက ပြောသည်။ သူ၏ အမူအရာမှာလည်း နူးညံ့တည်ငြိမ်နေသည်။ သူသည် ဝူးလုံလက်ဖက်ရည်ကို ဖန်ခွက်နှစ်ခွက်ထဲသို့ ငှဲ့ထည့်ပြီး တစ်ခွက်ကို ကုစာနာဂိ၏ အရှေ့သို့ ချပေးသည်။ "ခင်ဗျား ဒီနေ့ လာရတဲ့ အကြောင်းအရင်းက တိုဂါရှိရဲ့ အမှုနဲ့ ဆိုင်မယ် ထင်တယ်"

ကုစာနာဂိသည် လက်ဆန့်၍ ဖန်ခွက်ကို လှမ်းယူနေစဉ် မေးခွန်းကို ကြားလိုက်ရသောကြောင့် လက်ကို ပြန်ရုပ်လိုက်သည်။ တစ်ဘက်လူက ပေါ်ပေါ်ထင်ထင် မေးလာပြီ ဆိုမှဖြင့် မိမိအနေဖြင့်လည်း စကားပလ္လင် ခံနေဖို့ မလိုတော့ပြီ။

"ဟုတ်ပါတယ်။ မစ္စဟာနာအိုကာ ယာစုကိုရဲ့ ခင်ပွန်းဟောင်း အသတ်ခံရမှုနဲ့ ပတ်သက်နေပါတယ်"

"သူ့မှာ ဘာအပြစ်မှ မရှိပါဘူး"

"ဟုတ်လား"

"ဟုတ်တယ်လေ။ သူတို့က ကွာရှင်းထားကြပြီးသား။ ပြီးတော့ ဘာ အဆက်အသွယ်မှလည်း မရှိကြဘူး။ သူက အဲဒီလူကို ဘာအကြောင်းပြချက်နဲ့ သတ်ချင်ရမှာပဲ"

"ဒါပေါ့။ ကျွန်တော်တို့လည်း ယေဘုယျအားဖြင့် အဲဒီလိုပဲ တွေးမိပါတယ်"

"ယေဘုယျအားဖြင့် ဆိုတာ ဘာအဓိပ္ပာယ်လဲဗျ"

"လောကမှာ လင်မယား ပေါင်းစုံ ရှိတယ်ဗျ။ ကွာရှင်းသွားကြတဲ့ စုံတွဲတွေလည်း မနည်းဘူး။ ခက်တာက သူတို့အားလုံးဟာ ပုံစံတစ်မျိုးတည်းနဲ့ ကွာရှင်းသွားကြတာ မဟုတ်ဘူး။ တကယ်လို့သာ အဆင်မပြေကြတဲ့ စုံတွဲတိုင်းဟာ ရှင်းရှင်းပြတ်ပြတ် ကွာရှင်းနိုင်သွားကြပြီးတော့ လောကအလယ်မှာ

သူစိမ်းတွေအဖြစ်နဲ့ ဘယ်လိုမှ ပြန်ဆုံနိုင်စရာ အကြောင်း မရှိကြတော့ဘူး ဆိုရင် ဒီကမ္ဘာကြီးမှာ လင်တရှူးတွေ၊ မယားတရှူးတွေ ရှိလာစရာအကြောင်း မရှိတော့ဘူး။ ဝမ်းနည်းစရာ ကောင်းတာက လောကမှာ အဲဒီလို လူမျိုးတွေ ရှိနေသေးတယ်ဗျ။ တစ်ခါတလေမှာ တစ်ဘက်လူက ဆက်ဆံရေးကို တစ်ဘက်သတ် ဖြတ်တောက်ပစ်လိုက်ပေမယ့် နောက်တစ်ဘက်က အဲဒီလို ဆန္ဒ ရှိမနေဘူး။ တရားဝင် ကွာရှင်းပြီးပြီ ဆိုတာတောင် တန်းတန်းစွဲ ဖြစ်နေကြတဲ့ သူတွေ ရှိနေသေးတယ်”

“တိုဂါရှိနဲ့ မတွေ့ဖြစ်တာကြာပြီလို့ သူက ပြောတယ်” ကူဒိုက သူ့ကို စိန်းစိန်းဝါးဝါး စိုက်ကြည့်နေသည်။

“ခင်ဗျားနဲ့ မစ္စဟာနာအိုကာတို့ အခုဖြစ်သွားတဲ့ လူသတ်မှုအကြောင်း ပြောခဲ့ကြဖူးသလား”

“ပြောဖူးတယ်။ ကျွန်တော်က အဲဒီကိစ္စအတွက် စိတ်ပူလို့ သူ့ကို သွားတွေ့တာပဲ”

ဤအချက်မှာ ဟာနာအိုကာ ယာစုကို ပြောခဲ့သည့်စကားနှင့် ကိုက်ညီနေသည်။

“ခင်ဗျားက မစ္စဟာနာအိုကာကို အတော် ဂရုစိုက်တာပဲဗျ။ ကြည့်ရတာ လူသတ်မှု မဖြစ်ခင်ကတည်းက ဂရုစိုက်ခဲ့ပုံပဲ”

“ဂရုစိုက်တယ်? ခင်ဗျား ဘာကို ဆိုလိုချင်သလဲ ဆိုတာ ကျွန်တော် နားမလည်ဘူး။ ကျွန်တော့်ကို အိမ်အထိ လာရှာတယ် ဆိုကတည်းက သူနဲ့ ကျွန်တော်ရဲ့ ခင်မင်မှု အတိုင်းအတာကို ခင်ဗျား သိထားပြီးလို့ပဲ နေမှာပေါ့။ ကျွန်တော်က သူ အရင် အလုပ်လုပ်ခဲ့တဲ့ ဘားဆိုင်ရဲ့ ဖောက်သည်လေ။ ပြီးတော့ သူ့ ခင်ပွန်းဟောင်းနဲ့လည်း မတော်တဆ ဆုံခဲ့ကြဖူးတယ်။ အဲဒီအချိန်က စပြီး တိုဂါရှိဆိုတဲ့ နာမည်ကို သိနေခဲ့ရတာပဲ။ သတင်းတွေထဲ လူသတ်မှုအကြောင်းကို ကြေညာတဲ့အခါမှာ မစ္စတာတိုဂါရှိရဲ့ ဓာတ်ပုံကအစ ထုတ်ပြန် ကြေညာတာဆိုတော့ ကျွန်တော်လည်း အတော်လေး စိတ်ပူသွားတာနဲ့ သူ့ရဲ့ အခြေအနေကို သွားစုံစမ်းကြည့်ဖြစ်တာပဲ”

“ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် ဖောက်သည်လို့ ပြောနေပေမယ့် တော်ရုံ ဖောက်သည်ကတော့ ဒီလောက်အထိ လုပ်နိုင်လိမ့်မယ် မထင်ဘူးဗျ။ မစ္စတာကူဒိုက ကုမ္ပဏီသူဌေးဆိုတော့ ခင်ဗျားမှာ အလုပ်တွေက လက်မလည်အောင် ရှုပ်နေမှာပဲလေ” ကုစာနာဂိက ခနဲ့တဲ့တဲ့ လေသံဖြင့် တမင်လုပ်၍ မေးလိုက်သည်။ ထိုသို့သော စကားမျိုးကို လုပ်ငန်းလိုအပ်ချက်အရ မကြာမကြာ မဖြစ်မနေ

ပြောဆိုနေရသော်လည်း သူ၏ ပင်ကိုစိတ်ရင်းအားဖြင့် ထိုသို့ ပြောချင်သည့် ဆန္ဒမရှိပေ။

ကုစာနာဂိ၏ တိုက်ကွက်ကြောင့် အခြေအနေမှာ တစ်မူထူးခြားလာသည်။ ကူဒို၏ မျက်နှာမှာ နီရဲလာလေသည်။ “နေပါဦးဗျ။ ခင်ဗျားက ဟာနာအိုကာ ယာစုကိုရဲ့ အကြောင်းကို မေးနေတာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ ကျွန်တော့်ဘက် မြှားဦး လှည့်လာရတာလဲ။ ဘာလဲ။ ခင်ဗျားက ကျွန်တော့်ကိုပါ တရားခံပါလို့ သံသယ ဝင်နေတာလား”

ကုစာနာဂိက မျက်နှာကို အချိုသာဆုံး ပြုံးလိုက်ပြီး လက်ကို ခါယမ်းနေသည်။ “မဟုတ်ရပါဘူးဗျာ။ ပြောမှားဆိုမှားရှိရင် ကျွန်တော် တောင်းပန်ပါတယ်။ ခင်ဗျားနဲ့ မစ္စဟာနာအိုကာနဲ့က သိပ်ရင်းနှီးလွန်းနေတယ်လို့ သတိထားမိတာကြောင့် တစ်ခွန်းတလေ မေးလိုက်မိတာပါ”

ကုစာနာဂိက ထိုစကားကို တတ်နိုင်သမျှ ညင်သာစွာ ပြောလိုက်သော်လည်း ကူဒို၏ မျက်လုံးများမှာ ပို၍ ဝင်းတောက်လာသည်။ သူက သက်ပြင်းကို တစ်ချက် မှုတ်ထုတ်ပြီး ခေါင်းညိတ်လိုက်သည်။ “အခုလို ဝေ့လည်ကြောင်ပတ် လုပ်နေရတာကို ကျွန်တော် နည်းနည်းမှ သဘောမကျဘူး။ ကျွန်တော် ခင်ဗျားကို ရှင်းရှင်းပဲ ပြောမယ်ဗျာ။ ကျွန်တော် သူ့ကို သဘောကျနေတယ်။ မေတ္တာရှိနေတယ်။ လူသတ်မှု အကြောင်းကို ကြားလိုက်တာနဲ့ ‘ဒါ သူ့ကို ချဉ်းကပ်ဖို့ အကောင်းဆုံး အခွင့်အရေးပဲ’ ဆိုပြီး ကျွန်တော် သူ့ကို ချက်ချင်း သွားတွေ့ခဲ့တယ်။ ကဲ ... ဒီလောက်ဆို ခင်ဗျား ကျေနပ်ပြီမလား”

ကုစာနာဂိက သရော်တော်တော် ပြုံးလိုက်မိသည်။ ဟန်ဆောင်ပြုံး မဟုတ်။ အလုပ်သဘောအရ ပြုံးရသော အပြုံးမျိုးလည်း မဟုတ်။ ရင်ထဲမှ လာသော အပြုံး။ “ခင်ဗျား ဒီလောက်ကြီးလည်း ဖြစ်နေဖို့ မလိုပါဘူးဗျာ”

“ခင်ဗျားက အဲဒီလိုစကားမျိုး ကြားချင်နေတာပဲ မဟုတ်ဘူးလား”

“ကျွန်တော်က ဟာနာအိုကာ ယာစုကိုရဲ့ လူမှုအသိုင်းအဝိုင်းကို နားလည်ဖို့ ကြိုးစားကြည့်နေတာပါ”

ကူဒိုက သူ့ခေါင်းကို ခါယမ်းနေသည်။ “အဲဒါကိုတော့ ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ ရဲဌာနက ဘာဖြစ်လို့ သူ့ကို သံသယ ဝင်နေရတာလဲ”

“မစ္စတာတိုဂါရှိဟာ အလုပ်ကြံမခံရခင် တစ်ပတ်အလိုမှာ

မစ္စဟာနာအိုကာရဲ့ သတင်းကို စုံစမ်းနေခဲ့တယ်။ ဒါကြောင့် အသတ်မခံရခင်မှာ သူတို့နှစ်ယောက် ဆုံဖြစ်ကြလိမ့်မယ်လို့ ယူဆရတယ်” ကူဒိုအား ထိုအကြောင်းကို ပြောပြခြင်းဖြင့် ဘာမျှ ပြဿနာ ရှိနိုင်မည် မဟုတ်ကြောင်း ကုစာနာဂိက သုံးသပ်မိသည်။

“ဒါနဲ့ပဲ သူက မစ္စတာတိုဂါရှိကို သတ်လိုက်တယ်လို့ ခင်ဗျားတို့က ယူဆကြရောလား။ ခင်ဗျားတို့ ရဲတွေရဲ့ အတွေးက တစ်ဘက်သတ် ဆန်လွန်းမနေဘူးလားဗျာ” ကူဒိုက နှာမှုတ်ပြီး ပခုံးကို တွန့်လိုက်သည်။

“ကျွန်တော်တို့က မစ္စဟာနာအိုကာ တစ်ယောက်တည်းကို ရွေးပြီး သံသယ ဝင်နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအချိန်ထိ သူ့ကို သံသယစာရင်းထဲကနေ မဖယ်ထုတ်နိုင်သေးဘူး။ သူ ကိုယ်နှိုက်က အပြစ်ကင်းနေတယ် ဆိုရင်တောင်မှ သူ့အနားမှာ အမှုအတွက် အရေးပါတဲ့ လူတစ်ယောက်ယောက်တော့ ရှိနေနိုင်တယ်”

“သူ့အနားမှာ?” ကူဒို၏ မျက်ခုံးများ ပင့်တက်သွားကြသည်။ ထို့နောက် တစ်စုံတစ်ခုကို နားလည်သဘောပေါက်သွားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်နေလေသည်။ “ဒါကြောင့်ကိုး”

“ဗျာ”

“ခင်ဗျားရဲ့ သဘောက သူဟာ သူ့ခင်ပွန်းဟောင်းကို သတ်ပေးဖို့ လူတစ်ယောက်ယောက်ကို အကူအညီ တောင်းခဲ့တယ် ဆိုတဲ့ အဓိပ္ပာယ်လား။ ကျွန်တော်က သံသယတရားခံစာရင်းရဲ့ ထိပ်ဆုံးကလူပဲ ဆိုပါတော့?”

“ကျွန်တော် အဲဒီလို မပြောဘူးနော် ....” ကုစာနာဂိသည် စကား၏ အဆုံးသတ်ကို တမင်သက်သက် တိမ်ဝင်သွားအောင် ပြောလိုက်ပြီး ကူဒိုဘက်မှ ထွက်ကျလာမည့် အဖြေကို ငံ့လင့်နေသည်။

“ဒီလိုသာဆိုရင် ကျွန်တော့်အပြင် တခြား လူအတော်များများကိုလည်း ကျွန်တော့်လို စစ်လားဆေးလား လုပ်ဖို့ လိုဦးမှာပဲ။ သူ့ကို သဘောကျနေတဲ့ လူတွေက နည်းတာမှ မဟုတ်တာ။ သူကလည်း ဒီလောက် လှနေတာကိုးဗျာ။ ယိုနာဇာဝါ လင်မယား ပြောတာ ကျွန်တော် ကြားဖူးတယ်။ အခုချိန်ထိတောင် တချို့လူတွေက သူ့မျက်နှာကို မြင်ချင်လို့ တကူးတက ဈေးလာဝယ်တတ်ကြသေးတာတဲ့။ အဲဒီလို လူမျိုးတွေကိုရော ခင်ဗျားတို့ သွားမရှာတော့ဘူးလား”

“တကယ်လို့သာ နာမည်နဲ့ ဆက်သွယ်ရမယ့် လိပ်စာကို သိမယ်ဆိုရင်

ဘယ်ချိန်ထားလိမ့်မလဲဗျာ။ ဘယ်သူတွေလဲ ဆိုတာ ခင်ဗျား သိလို့လား"

"ဟင့်အင်း၊ မသိပါဘူး။ ကျွန်တော် ဘယ်တုန်းကမှ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ အလုပ်မျိုး မလုပ်တတ်ဘူး" ကူဒိုက တစ်စုံတစ်ရာကို လက်ဖြင့် ခါထုတ်နေသည့်နှယ် လက်ကို ခါနေသည်။ "အဲဒီလို တစ်ယောက်စီ တစ်ယောက်စီတိုင်းကို ခင်ဗျား လိုက်မေးနေလည်း အလုပ်ပိုပဲ ဖြစ်နေမှာ။ သူက အဲဒီလို မိုက်မိုက်ကန်းကန်း လုပ်မယ့် သူမျိုး မဟုတ်ဘူး။ သူ အဲဒီလောက်လည်း မရက်စက်တတ်သလို အဲဒီလောက်လည်း အ,မနေဘူး။ ကြုံတုန်း ပြောရဦးမယ်။ ကိုယ်ကြိုက်တဲ့ မိန်းမတစ်ယောက်က တောင်းဆိုလာလို့ သူ့အလိုကျ လူသတ်ပေးရလောက်အောင် ကျွန်တော်လည်း အဲဒီလောက် အ,မနေဘူးဗျ။ မစ္စတာ ..... ကုစာနာဂိ၊ ဒါ ခင်ဗျားနာမည် ဟုတ်ပါတယ်နော်။ စိတ်မကောင်းပါဘူး။ ဒီနေ့တော့ ခင်ဗျားအတွက် ဘာမှ အလုပ်ဖြစ်လိမ့်မယ် မထင်ဘူး" ကူဒိုသည် စကားများကို အားရပါးရ ပြောပြီးနောက် မတ်တတ်ထရလိုက်သည်။ 'ခင်ဗျား ပြန်ပေတော့' ဟူသည့် သဘော။

ကုစာနာဂိသည် ဆိုဖာမှ ထရပ်လိုက်သည်။ လက်ထဲတွင် မှတ်စုစာအုပ်နှင့် ဘောပင်ကို ကိုင်မြဲ ကိုင်ထားလျက်။ "မတ်လ ၁၀ ရက်နေ့က ခင်ဗျား အလုပ်မှာပဲလား"

မမျှော်လင့်ထားသော မေးခွန်းကြောင့် ကူဒို၏ မျက်လုံးများ ပြူးကျယ်သွားပြီး မျက်နှာမှာလည်း တင်းမာလာသည်။ "ဒါကတော့ အလီဘိုင်ကို လိုချင်လို့ ထင်ပါရဲ့"

"အဲဒီသဘောပါပဲ" ကုစာနာဂိအနေဖြင့် ဖုံးဖိနေဖို့ မလိုအပ်တော့ပြီ။ ကူဒိုက အမျက်ဒေါသ ခြောင်းခြောင်းထွက်နေပြီ မဟုတ်ပါလား။

"ဒါဆို ခဏစောင့်ပါဦး" ကူဒိုသည် သူ၏ အလုပ်သေတ္တာကို ဖွင့်ပြီး မှတ်စုစာအုပ် အထူတစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ စာရွက်များကို တဖျပ်ဖျပ် လှန်ပြီးနောက် သက်ပြင်း ရှိုက်လိုက်သည်။ "အဲဒီနေ့အတွက် ဘာမှ ထူးထူးခြားခြား ရေးထားတာ မရှိဘူး ဆိုတော့ ခါတိုင်းလိုပဲ အလုပ်သွားတာ ဖြစ်လိမ့်မယ်။ ကျွန်တော်တို့ ကုမ္ပဏီက ၆ နာရီလောက်မှာ အလုပ်နားတယ်။ မယုံဘူးဆိုရင် ကျွန်တော့်ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်ယောက်ကို သွားမေးနိုင်ပါတယ်"

"ကုမ္ပဏီကနေ ပြန်လာပြီးတော့ရော"

"ကျွန်တော် ခင်ဗျားကို ပြောပြီးသားပဲ။ ဒိုင်ယာရီထဲမှာ ဘာမှ ရေးမထားဘူး ဆိုတော့ ထုံးစံအတိုင်း အိမ်ပြန်လာပြီး တစ်ခုခု စား၊ ပြီးတော့ အိပ်ရုံ ရှိတာပေါ့။ ဒီမှာက ကျွန်တော်တစ်ယောက်တည်း ရှိတာဆိုတော့ ဘာသက်သေမှ

ရှိမှာ မဟုတ်ဘူး”

“အဲဒီနေ့မှာ ဘာလုပ်ခဲ့သလဲ ဆိုတာ ဒီထက်ပိုပြီး စဉ်းစားပေးလို့ ရမလား။ ကျွန်တော်တို့အတွက်ကလည်း သံသယတရားခံ နည်းလေ၊ အလုပ်ရှုပ် သက်သာလေပါဗျာ”

ကူဒိုရဲ့ အမူအရာက စိတ်ရှည်တော့ဟန် မရှိ။ သူ၏ ဒိုင်ယာရီစာအုပ်ကို နောက်တစ်ကြိမ် စိုက်ကြည့်နေပြန်သည်။ “၁၀ ရက်နေ့ .... ဟုတ်တာပေ့ါ။ အဲဒီနေ့ပဲ ....” သူက ရေရွတ်နေသည်။

“ဘာဖြစ်ခဲ့လို့လဲ”

“ကျွန်တော်ရဲ့ ဖောက်သည်တစ်ယောက်ဆီ အဲဒီနေ့က သွားတာ။ ညနေပိုင်းမှာပေ့ါ။ သူက ကျွန်တော့်ကိုတောင် အသားကင်ကျွေးလိုက်သေးတယ်”

“အချိန်ကို မမှတ်မိဘူးလား”

“အတိအကျတော့ မမှတ်မိတော့ဘူး။ ည ၉ နာရီလောက်အထိ အတူ ထိုင်စားဖြစ်ကြတယ်။ အဲဒီနောက်တော့ ကျွန်တော် အိမ်ပြန်လာတာပဲ။ ကျွန်တော်နဲ့ တွေ့တဲ့လူက သူပဲ” ကူဒိုသည် ဒိုင်ယာရီစာအုပ်ကြားတွင် ညှပ်ထားသော လိပ်စာကတ်ကို လှမ်းပေးလိုက်သည်။ ဒီဇိုင်းကုမ္ပဏီမှ လူတစ်ဦး ဖြစ်သည်။

“ကျေးဇူးပါပဲ” ကုစာနာဂိသည် ဦးညွှတ်လိုက်ပြီး တံခါးပေါက်သို့ ထွက်လာခဲ့သည်။

သူ ဖိနပ်စီးနေစဉ် ကူဒိုထံမှ အသံထွက်ပေါ်လာသည်။ “ခင်ဗျားတို့က သူ့ကို ဘယ်လောက်ကြာကြာအထိ စောင့်ကြည့်နေကြဦးမှာလဲ”

ကုစာနာဂိက ကူဒိုကို လှမ်းကြည့်လိုက်သည်။ ကူဒိုက သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ရင်း ဆက်ပြောသည်။ “ခင်ဗျားတို့ သူ့ကို စောင့်ကြည့်နေလို့ပဲ ကျွန်တော်တို့နှစ်ယောက် အတူတူ ဆုံခဲ့တာကို တွေ့သွားတာ မဟုတ်လား။ ကျွန်တော်တို့ သွားတဲ့ နေရာကိုလည်း နောက်ယောင်ခံလိုက်ဦးမှာ သေချာသလောက်ပဲ”

ကုစာနာဂိက ခေါင်းကုတ်နေသည်။ “ခင်ဗျား ပြောသလိုပါပဲ”

“ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါ။ ခင်ဗျားတို့ သူ့ကို ဘယ်လောက်ကြာကြာ စောင့်ကြည့်နေကြဦးမှာလဲ”

ကုစာနာဂိက သက်ပြင်းချလိုက်သည်။ သူက ဟန်ဆောင်ပန်ဆောင်လည်း

ပြုံးမနေချင်တော့။ ကူဒိုကို စိုက်ကြည့်လိုက်သည်။ "အဲဒီလို လုပ်ဖို့ မလိုအပ်တော့တဲ့ အချိန်ထိပေါ့"

ကူဒိုက တစ်စုံတစ်ခု ပြောချင်နေသေးပုံ ရသည်။ သို့သော် ကုစာနာဂိသည် အခန်းပြင်သို့ ချက်ချင်း လှည့်ထွက်လာခဲ့သည်။

ကွန်ဒိုမှ ထွက်လာပြီးနောက် ကုစာနာဂိသည် တက္ကစီတစ်စီးကို ငှားလိုက်သည်။ "အမ်ပီရီယယ်တက္ကသိုလ်ကို မောင်းဗျာ"

ကားဆရာက ခေါင်းညိတ်ပြပြီး ကားကို စတင်မောင်းနှင်လေသည်။ ကုစာနာဂိသည် မှတ်စုစာအုပ်ကို ဖွင့်ပြီး အထဲမှ သူကိုယ်တိုင် ရေးခြစ်ထားသော မှတ်စုများကို ကြည့်ရင်း ကူဒိုနှင့် ပြောခဲ့သမျှတို့ကို ပြန်လည် တွေးနေမိသည်။ ကူဒို၏ အလီဘိုင်ကို စစ်ဆေးကြည့်ရန် လိုအပ်လိမ့်မည်ဟု သူ ယူဆသည်။ သို့သော် ရလဒ်ကို သူ၏ စိတ်ထဲမှ ကြိုသိနေသည်။

ထိုသူသည် ဤအမှုနှင့် ဘာမျှ မသက်ဆိုင်။ သူ့စကားများသည် အမှန်များသာ ဖြစ်ရပေမည်။

ထို့အပြင် ကူဒိုသည် ဟာနာအိုကာ ယာစုကိုကို မေတ္တာစစ် သက်ဝင်နေသည်။ သူ ထောက်ပြခဲ့သကဲ့သို့ ဟာနာအိုကာ ယာစုကိုအား ကူညီချင်သည့်သူ အတော်များများပင် ရှိနိုင်လိမ့်မည်။

အမ်ပီရီယယ်တက္ကသိုလ်၏ တံခါးမကြီးမှာ ပိတ်ထားလေပြီ။ ဟိုနားဒီနားတွင် မီးရောင်တချို့ ရှိနေသောကြောင့် လုံးဝ မှောင်မိုက်နေသည်တော့ မဟုတ်။ သို့သော် အမှောင်ထုထဲရှိ တက္ကသိုလ်ကြီးကို ကြည့်ရသည်မှာ ဝေဝေဝါးဝါးနှင့် မှော်ဆန်နေသည်။ ကုစာနာဂိသည် မလွယ်ပေါက်မှ ဝင်သွားပြီး လုံခြုံရေးရုံးခန်းတွင် စာရင်းပေးလိုက်သည်။ "ကျွန်တော် ရူပဗေဒဌာန ဓာတ်ခွဲခန်း အမှတ် ၁၃ က လက်ထောက်ပါမောက္ခ ယုကာဝါနဲ့ ချိန်းထားလို့ပါ" သူသည် ဂိတ်စောင့်ကို ထိုသို့ ပြောလိုက်သော်လည်း ယုကာဝါနှင့် ချိန်းဆိုထားခြင်း မရှိ။

တက္ကသိုလ် အဆောက်အအုံအတွင်းရှိ လျှောက်လမ်းပေါ်တွင် လူခြေတိတ်လျက် ဘာသံမျှ မကြားရပေ။ သို့သော် အခန်းတချို့တွင် လူရှိနေသေးကြောင်းကိုကား ပွင့်ဟနေသော တံခါးများမှတစ်ဆင့် သိရှိနိုင်သည်။ ဆရာ သို့မဟုတ် ကျောင်းသားတချို့ အခန်းထဲတွင် စမ်းသပ်ချက်များကို တိတ်တဆိတ် ပြုလုပ်နေခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။ ယုကာဝါသည်လည်း စမ်းသပ်ခန်းထဲတွင် မကြာခဏဆိုသကဲ့သို့ ညအိပ်ညနေ နေတတ်ကြောင်းကို ကုစာနာဂိ တွေးနေမိသည်။

ကူဒိုအိမ်သို့ မသွားခင်ကတည်းက အပြန်တွင် ယုကာဝါထံသို့ ဝင်ရန် သူ ဆုံးဖြတ်ထားခဲ့သည်။ အပြန်တွင် လမ်းသင့်သောကြောင့် ဖြစ်သည်။ သို့သော် ပို၍ အရေးကြီးသော အကြောင်းအရင်းမှာ သူ့ကို မေးစရာ ရှိနေသည်။

ယုကာဝါသည် အဘယ်ကြောင့် ဘန်တန်တိုင်သို့ သွားခဲ့သနည်း။ သချ်ာဆရာနှင့် ထိုဆိုင်သို့ အတူ သွားရောက်ခဲ့ခြင်းမှာ ထိုသူသည် အမှုနှင့် ပတ်သက်နေ၍ပေလော။ အကယ်၍ ယုကာဝါသည် အမှုနှင့် သက်ဆိုင်သည့် သဲလွန်စ တစ်စုံတစ်ရာ တွေ့ရှိသည် ဆိုလျှင် အဘယ်ကြောင့် သူ့ကို ပြောမပြရသနည်း။ သို့တည်းမဟုတ် ယုကာဝါသည် သူငယ်သူငယ်ချင်းနှင့် အလွမ်းပြေ သွားရောက် တွေ့ဆုံခြင်း သက်သက်သာ ဖြစ်ပြီး တခြား မည်သည့် ရည်ရွယ်ချက်မျှ မရှိပေဘူးလော။

ယုကာဝါသည် သံသယတရားခံ၏ ဆိုင်သို့ အကြောင်းမဲ့သက်သက် သွားရောက်လိမ့်မည် မဟုတ်ဟု ကုစာနာဂိက ယူဆသည်။ သူသည် ကုစာနာဂိ ကိုင်တွယ်နေရသည့် အမှုများတွင် မလိုအပ်ဘဲ မည်သည့်အခါကမျှ ဝင်ရောက် စွက်ဖက်လေ့ မရှိပေ။ ဘုန်းကြီးအမှု ရှာပတ်မည်ကို စိုးရွံ့သောကြောင့် မဟုတ်ဘဲ ကုစာနာဂိကို လေးစားသမှု ပြုလိုသောကြောင့်သာ ဖြစ်သည်။

ဓာတ်ခွဲခန်းအမှတ် ၁၃ ၏ တံခါးရှေ့ပေါ်တွင် အခန်းအသုံးပြုသူတို့၏ ဝင်ထွက်စာရင်းကို မှတ်သားထားသော သင်ပုန်းတစ်ခု ရှိသည်။ ထိုစာရင်းထဲတွင် ဓာတ်ခွဲခန်း အသုံးပြုသော ကျောင်းသားများ၊ သုတေသီများနှင့် ယုကာဝါကဲ့သို့သော ဆရာများ၏ နာမည်များ ပါရှိသည်။ ထိုစာရင်းထဲတွင် ယုကာဝါ အပြင်ထွက်သွားကြောင်း မှတ်သားထားသည်။ ကုစာနာဂိက တောက်တစ်ချက် ခေါက်လိုက်သည်။ ယုကာဝါသည် အလုပ်ရှိသဖြင့် အပြင်သို့ ထွက်သွားခဲ့လျှင် လုပ်စရာ ပြီးသည်နှင့် သူ့အိမ်သို့သာ တန်းပြန်သွားပေတော့မည်။

သို့သော် သူ ဓာတ်ခွဲခန်းထဲသို့ ဝင်၍ အကျိုးအကြောင်းကို မေးကြည့်ချင်သေးသောကြောင့် တံခါးခေါက်လိုက်သည်။ စာရင်းအရ အခန်းထဲတွင် ဘွဲ့ရကျောင်းသားနှစ်ယောက် ရှိရပေဦးမည်။

"ဝင်ခဲ့ပါ" ခပ်သြသြ အသံတစ်သံ ထွက်ပေါ်လာသည်။ ကုစာနာဂိသည် တံခါးကို တွန်းဖွင့်၍ ဝင်သွားသည်။ တီရှပ်အကျႌနှင့် မျက်မှန်တပ်ထားသော လူငယ်တစ်ယောက် သူ့အနားသို့ ရောက်လာသည်။ ယခင်က သူ မကြာခဏ မြင်ဖူးနေခဲ့သော ဘွဲ့ရကျောင်းသားတစ်ယောက်။

"ယုကာဝါ ပြန်သွားပြီလား"

ကျောင်းသားက အားနာသော မျက်နှာပေးဖြင့် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်ခင်ဗျာ။ စောစောကလေးတင် ပြန်သွားတာ။ ဆရာရဲ့ လက်ကိုင်ဖုန်းနံပါတ်ကို သိတယ် မဟုတ်လား"

"သိပါတယ်။ ဒါပေမယ့် ကိစ္စ မရှိပါဘူး။ ထွေထွေထူးထူး ဘာအကြောင်းမှ ရှိလို့ မဟုတ်ဘူး။ လမ်းကြုံလို့ ဝင်လာကြည့်တာပါ"

"ဪ" ကျောင်းသား၏ အမူအရာက စိတ်သက်သာရာ ရသွားသည့်ပုံ။ ဤနေရာသို့ ကုစာနာဂိ မကြာခဏ လာရောက်တတ်သည်ကိုလည်း သူ သိထားပြီး ဖြစ်ပေလိမ့်မည်။

"သူက အတော်ညဥ့်နက်တဲ့အထိ ဒီမှာ နေနေတတ်တာဆိုတော့ မှောင်လည်း တွေ့ရလောက်သေးတယ် ဆိုပြီး ဝင်လာကြည့်တာ"

"ဒီလိုလား။ ဒါပေမယ့် ဒီရက်ပိုင်း ဆရာ အိမ်ပြန်တာ အတော်လေး စောတယ်။ ဒီနေ့ ဆရာက တစ်နေရာရာ သွားဦးမယ် ဆိုလားပဲ"

"ဘယ်သွားမှာတဲ့လဲ" ကုစာနာဂိက မေးလိုက်သည်။ သင်္ချာဆရာဆီ ထပ်သွားဦးမည်လော မသိ။

ကျောင်းသား၏ နှုတ်မှ ပြောထွက်လာသော နေရာမှာ သူ လုံးဝ မျှော်လင့်မထားသည့် နေရာတစ်ခု။

"အတိအကျတော့ ကျွန်တော်လည်း မသိဘူး ခင်ဗျ။ ရှီနိုဇာကိဘက် သွားမယ် ပြောတာပဲ"

"ရှီနိုဇာကိ?"

"ဟုတ်ကဲ့။ ရှီနိုဇာကိဘူတာကို အမြန်ဆုံး ဘယ်လိုသွားလို့ ရမလဲလို့ ကျွန်တော့်ကို မေးနေသေးတာ"

"ဘာလုပ်ဖို့ သွားမယ် ဆိုတာကိုကော သူ မပြောပြဘူးလား"

"ကျွန်တော် သူ့ကို မေးကြည့်တယ်။ လုပ်စရာလေး ရှိလို့ပါ လို့ပဲ ပြန်ဖြေတယ်"

"ဪ"

ကုစာနာဂိသည် ထိုကျောင်းသားကို ကျေးဇူးတင်စကား ပြောပြီးနောက် အခန်းထဲမှ ထွက်လာခဲ့သည်။ သူ့ရင်ထဲတွင် သံသယစိတ်များ တဖွားဖွား ဖြစ်ပေါ်လာသည်။ သို့သော် မည်သည့်အရာကို သံသယ ဖြစ်နေမိမှန်းတော့ သူ

မသိ။ ရှိနိုဇာကိဘူတာသည် အလောင်းတွေ့ထားသည့် နေရာနှင့် အနီးဆုံး ဘူတာဖြစ်သည်။ ယုကာဝါသည် ထိုဘူတာသို့ အဘယ်ကြောင့် သွားရသနည်း။

ကုစာနာဂိသည် တက္ကသိုလ်ဝင်းထဲမှ ထွက်လာပြီးနောက် လက်ကိုင်ဖုန်းကို ထုတ်၍ လိပ်စာဘုတ်အုပ်ထဲမှ ယုကာဝါ၏ ဖုန်းနံပါတ်ကို ရှာလိုက်သည်။ သို့သော် သူ ချက်ချင်း စိတ်ပြောင်းသွားပြီး ဖုန်းကို အိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်သည်။ ယခုအချိန်တွင် သူ့ကို ဇွတ်အတင်း မေးနေလျှင် ကောင်းကျိုးထက် ဆိုးကျိုးရဖို့သာ ပိုများနိုင်ကြောင်း သူ့စိတ်က အလိုလို သိနေသည်။ သူနှင့် လုံးဝ မတိုင်ပင်ဘဲ အမှုခွင်ထဲသို့ ဇွတ်တိုးဝင်လာခြင်းကို ကြည့်ခြင်းအားဖြင့် သူ့တွင် အကြံအစည် တစ်ခုခုတော့ ရှိရပေမည်။

သို့သော် .... သူ ဆုံးဖြတ်ချက် ချလိုက်သည်။ ‘သူလည်း သူလုပ်ချင်တာ သူလုပ်ပေါ့။ ငါလည်း ငါလုပ်သင့်တာ ငါ လုပ်ရမှာပဲ’

အခန်း (၁၀ - ၁)

အိရိုဂါမိသည် စပလီ အဖြေလွှာများကို အမှန်ခြစ်နေရင်း သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ အဖြေလွှာများမှာ သည်းမခံနိုင်လောက်အောင် ဆိုးရွားလွန်းနေသည်။ စပလီ ပြန်စစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများကို အတန်းတင်ပေးချင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မူလ စာမေးပွဲ မေးခွန်းထက် ပို၍ လွယ်ကူသော မေးခွန်းများကိုသာ မေးမြန်းထားသည်။ သို့သော် အဖြေလွှာများထဲတွင် အမှတ်ပေးချင်လောက်သည့် အဖြေများကို ရှာမတွေ့ခဲ့။ ကျောင်းသားများဘက်ကလည်း အပိုင်တွက်ထားပြီး ဖြစ်ပေလိမ့်မည်။ သူတို့၏ အဖြေလွှာမှာ မည်မျှပင် နံ့ချာနေစေကာမူ ဆရာသည် သူတို့ကို မဖြစ်မနေ အအောင်သာ ပေးရမည်။ ထို့ကြောင့်လည်း သူတို့သည် စာမေးပွဲအတွက် ဘာမျှ ဟုတ်ဟုတ်ငြားငြား ပြင်ဆင်ထားခြင်း မရှိကြ။ ထိုသို့ အပိုင်တွက်လည်း တွက်ချင်စရာပင်။ ရမှတ်မှာ မည်မျှ နည်းနေစေကာမူ ကျောင်းအုပ်ချုပ်ရေး အဖွဲ့သည် အကြောင်းပြချက် မျိုးစုံပေး၍ ကျောင်းသားများ အားလုံးကို အတန်းတင်ပေးလိုက်ကြမည်သာ။

ထိုသို့ဆိုလျှင် အတန်းတင်ရန် အအောင်အရှုံး သတ်မှတ်သည့် စာမေးပွဲထဲတွင် သင်္ချာဘာသာကို အဘယ်ကြောင့် ထည့်ထားရသေးသနည်း။ အိရိုဂါမိက တွေးနေမိသည်။ သင်္ချာကို အမှန်တကယ် နားလည်နိုင်သူမှာ လူနည်းစုသာ ဖြစ်သည်။ အထက်တန်း ကျောင်းသားများအား လွယ်ကူသည့် အခြေခံ သင်္ချာပုစ္ဆာများကိုသာ သင်ကြားပေးရလျှင်လည်း မည်သို့မျှ အဓိပ္ပာယ် ရှိတော့မည် မဟုတ်။ ထိုသို့ဆိုလျှင် သူတို့အား ဘာမျှ သင်မနေတော့ဘဲ သင်္ချာဟူသော ဘာသာရပ်တစ်ခု ရှိသေးကြောင်းကိုသာ အသိပေးလိုက်ရုံဖြင့် လုံလောက်နေလေပြီ။

အဖြေလွှာများကို အမှတ်ခြစ်ပြီး၍ နာရီကို ကြည့်လိုက်သောအခါ ည ၈ နာရီ ကျော်နေပြီ။

ဂျူဒို အားကစားရုံ၏ တံခါးရွက်များကို ပိတ်ထားခြင်း ရှိမရှိ စစ်ဆေးပြီးနောက် သူ ကျောင်းပြင်သို့ ထွက်လာခဲ့သည်။ ကျောင်းပြင်ရောက်၍ မျဉ်းကျားပေါ်တွင် မီးစိမ်းကို စောင့်နေစဉ် အမျိုးသားတစ်ဦး အနားသို့ ရောက်လာသည်။

"ခင်ဗျား အခုမှ အိမ်ပြန်မှာလား" ထိုသူက ပြုံးနေသည်။ "ခင်ဗျားကို ခင်ဗျားအိမ်မှာ မတွေ့လို့ ဒီကို လာရှာကြည့်တာ"

အိရှိဂါမိသည် ထိုသူ၏ မျက်နှာကို မှတ်မိနေသည်။ မှူခင်းရဲဌာနမှ ရဲအရာရှိ။

"ခင်ဗျားက ....."

"အဲ ... ခင်ဗျား ကျွန်တော့်ကို မေ့လောက်ပြီ ထင်တယ်"

ထိုသူသည် သူ့ကုတ်အင်္ကျီ၏ အိတ်ကပ်ဆီသို့ လက်ရောက်သွားသည်။ သို့သော် အိရှိဂါမိက သူ့လက်ကို ဖမ်းကိုင်လိုက်ပြီး ခေါင်းဆတ်လိုက်သည်။ "ကျွန်တော် မှတ်မိသွားပြီ။ ခင်ဗျား မစ္စတာကုစာနာဂိ မဟုတ်လား"

မီးစိမ်းသွားပြီ။ အိရှိဂါမိသည် ရှေ့သို့ လျှောက်သွားသောအခါ ကုစာနာဂိက အနောက်မှ လိုက်ပါလာသည်။

အဘယ်ကြောင့် ရဲအရာရှိသည် ဤနေရာသို့ ရောက်လာရသနည်း။ အိရှိဂါမိသည် ခြေလှမ်းများကို လျှောက်လှမ်းနေရင်း ဦးနှောက်မှလည်း အသည်းအသန် စဉ်းစားနေသည်။ လွန်ခဲ့သည့် နှစ်ရက်က ယုကာဝါ လာတွေ့သည့် ကိစ္စနှင့် ဆက်စပ်နေရော့သလား။ အမှုနှင့် ပတ်သက်ပြီး ရဲဘက်မှ သူ့ကို ကူညီပေးစေလိုကြောင်း ထိုစဉ်က ယုကာဝါ ပြောခဲ့သေးသည်။ သို့သော် ထိုကိစ္စကို သူ ချက်ချင်း ငြင်းပယ်ခဲ့ပြီးပြီ မဟုတ်ပါလော။

"ခင်ဗျား ယုကာဝါ မနာဘုကို သိတယ် မဟုတ်လား" ကုစာနာဂိက မေးသည်။

"သိတယ်။ ခင်ဗျား ကျွန်တော့်အကြောင်းကို ပြောပြလိုက်လို့ သူ ကျွန်တော့်ဆီ လာတွေ့တာဆို"

"ဟုတ်တယ်ဗျ။ ခင်ဗျားက အမ်ပီရီယယ်တက္ကသိုလ်ကနေ ဘွဲ့ရထားတာမှန်း သိလိုက်ရတော့ ကျွန်တော်လည်း မနေနိုင်ဘဲ သူ့ကို ပြောပြလိုက်တယ်။ နေရာတကာ ဝင်ပါတယ် ဆိုပြီး ကျွန်တော်ကို စိတ်မဆိုးဘူး မဟုတ်လား"

"မဆိုးပါဘူး။ သူ့ကို ပြန်တွေ့ရလို့ ကျွန်တော် အရမ်း ဝမ်းသာနေတာပါ"

"ခင်ဗျားတို့ ပြန်ဆုံကြတော့ ဘာအကြောင်းတွေများ ပြောဖြစ်ကြတာတုန်း"

"အများစုကတော့ အတိတ်က အကြောင်းတွေပေ့ါ။ ပထမဆုံးအကြိမ် တွေ့တုန်းက ငယ်ငယ်က အကြောင်းပဲ ပြန်ပြောဖြစ်တာ"

"ပထမဆုံး?" ကုစာနာဂိက တအံ့တသြဖြင့် ပြန်မေးနေသည်။ "ခင်ဗျားတို့

တွေ့တာ ဘယ်နှကြိမ် ရှိပြီမို့လဲ”

“နှစ်ကြိမ်တည်းပါ။ ဒုတိယအကြိမ်မှာတော့ ခင်ဗျားက အကူအညီတောင်းလို့ ကျွန်တော်ဆီ လာရတယ် ဆိုပဲ”

“ကျွန်တော်က အကူအညီတောင်းလို့ ….” ကုစာနာဂိ၏ သူငယ်အိမ်မှာ ဟိုဟိုဒီဒီ လှုပ်ရှားနေကြသည်။ “သူက ခင်ဗျားကို အဲဒီလို ပြောတယ်လား”

“ခင်ဗျားက သူ့ကိုလွှတ်ပြီး ကျွန်တော့်ကို မေးခိုင်းတယ်ဆို။ အမှုတစ်ခုမှာ ကူညီစုံစမ်းပေးဖို့ ဆန္ဒ ရှိမရှိ …..”

“ဪ ကူညီစုံစမ်းပေးဖို့ …..” ကုစာနာဂိက လမ်းလျှောက်ရင်း ခေါင်းကုတ်နေသည်။

တစ်စုံတစ်ခု လွဲမှားနေပြီ ဖြစ်ကြောင်းကို အိရှိုဂါမိ ချက်ချင်း သတိထားလိုက်မိသည်။ ထိုရဲအရာရှိ၏ အမူအရာမှာ ဘာမျှ မသိသောကြောင့် အူလည်လည် ဖြစ်နေသည့် ပုံမျိုး။ သို့ဆိုလျှင် သူသည် ယုကာဝါကို မိမိထံသို့ စေလွှတ်ခဲ့ခြင်း မဟုတ်တန်ရာ။

ကုစာနာဂိက သွားဖြဲလျက် ပြုံးနေသည်။ “သူနဲ့ကျွန်တော်က ပြောခဲ့တာတွေ အများကြီး ဆိုတော့ ဘာတွေ ပြောခဲ့မှန်းတောင် ကောင်းကောင်း မမှတ်မိချင်တော့ဘူးဗျာ။ သူက ခင်ဗျားကို ဘယ်ပုံ အကူအညီပေးဖို့ ပြောခဲ့တာလဲ”

အိရှိုဂါမိသည် ကုစာနာဂိ၏ အမေးကို ပြန်လှန် သုံးသပ်ကြည့်နေမိသည်။ ဟာနာအိုကာ ယာစုကို ဟူသည့် နာမည်ကို သုံးသင့်မသင့် သူ ဝေခွဲမရ ဖြစ်နေသည်။ သို့သော် ယခုမှ ရှူးချင်ယောင် ဆောင်နေ၍လည်း မဖြစ်တော့ပြီ။ သူသည် ယုကာဝါထံသွား၍ ထိုအကြောင်းကို မမေးဘဲ နေမည် မဟုတ်။

“ဟာနာအိုကာ ယာစုကိုကို စောင့်ကြည့်ပေးဖို့ပါ” အိရှိုဂါမိက ပြောသည်။

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။ “ကျွန်တော်က သူ့ကို ခင်ဗျားဆီမှာ အဲဒီလို မေးခိုင်းတယ်?” သူက ကြောင်အမ်းအမ်း ဖြစ်လျက် ပြန်မေးနေသည်။ ထို့နောက်မှ “အာ … ဟုတ်ပြီ၊ ဟုတ်ပြီ။ ကျွန်တော် သူ့ကို ပြောခဲ့ဖူးတယ်။ တကယ်လို့သာ ခင်ဗျားဆီက အကူအညီရရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် သူ့ကို ပြောခဲ့တာ။ ဒါကြောင့် သူက ခင်ဗျားဆီ ပြေးပြီး အကူအညီ လာတောင်းတာ ဖြစ်မယ်”

အိရှိုဂါမိ နားလည်လိုက်သည်။ ကုစာနာဂိ၏ စကားမှာ ဖာထေး၍ ရေလိုက်ငါးလိုက် ပြောသော စကားမျှသာ ဖြစ်သည်။ ထိုသို့ဆိုလျှင် ယုကာဝါသည်

အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ထိုသို့ လိမ်လည်ပြောဆိုခဲ့ရသနည်း။

အိရှိဂါမိသည် ခြေလှမ်းကို တုံ့ရပ်ပြီး ကုစာနာဂိနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ "ဒီနေ့ ခင်ဗျား ကျွန်တော့်ကို တကူးတက လာတွေ့တာကရော၊ အဲဒါ လာမေးဖို့ပဲလား"

"မဟုတ်ဘူးဗျ။ အဓိက ကိစ္စက ဒီဟာ" ကုစာနာဂိသည် အပေါ်ဝတ်အင်္ကျီ၏ အိတ်ကပ်ထဲမှ ဓာတ်ပုံတစ်ပုံ ဆွဲထုတ်သည်။ "ခင်ဗျား သူ့ကို မြင်ဖူးလား။ ကျွန်တော် ခိုးရိုက်ထားတာ။ ပုံက သိပ်တော့ မကောင်းဘူး"

အိရှိဂါမိသည် ဓာတ်ပုံကို မြင်လိုက်သည်နှင့် တံတွေးကို မျိုချမိသည်။

ဓာတ်ပုံပေါ်မှလူသည် ယခုတလောတွင် သူ စိတ်အဝင်စားဆုံးလူ ဖြစ်နေသည်။ ထိုသူ၏ နာမည်ကို သူ မသိ။ သူ့အကြောင်းကိုလည်း သိထားသည် မဟုတ်။ ထိုသူနှင့် ပတ်သက်၍ သူ သိထားသည်မှာ တစ်ခုတည်း။ ထိုသူသည် ယာစုကိုနှင့် လွန်စွာမှ ရင်းနှီးသည်။

"ဘယ်လိုလဲ" ကုစာနာဂိက ထပ်မေးသည်။

မည်သို့ ပြန်ဖြေရအံ့နည်း။ အိရှိဂါမိက စဉ်းစားနေသည်။ မသိဟု ဖြေလိုက်လျှင် ကိစ္စ ပြီးနိုင်သည်။ သို့သော် ထိုသို့ ဖြေလိုက်လျှင် ထိုလူနှင့် ပတ်သက်သော သတင်းပလင်းကို အစ်အောက် ထုတ်နိုင်တော့မည် မဟုတ်။

"မြင်ဖူးသလိုပဲ" အိရှိဂါမိက ခပ်တည်တည်ဖြင့် ပြန်ဖြေသည်။ "သူက ဘယ်သူလဲ"

"ခင်ဗျား ဘယ်မှာ မြင်ဖူးတာလဲ။ သေသေချာချာ စဉ်းစားကြည့်ပါဦးလား"

"ဒုက္ခပဲ။ တစ်နေ့တစ်နေ့ ကျွန်တော် တွေ့နေရတဲ့ လူတွေက အများကြီးပဲ။ တကယ်လို့ နာမည်နဲ့ အလုပ်အကိုင်ကို သိရင်တော့ စဉ်းစားလို့ ပိုလွယ်နိုင်တာပေါ့"

"သူ့နာမည်က ကူဒိုတဲ့။ ပုံနှိပ်လုပ်ငန်း လုပ်တယ်"

"ကူဒို?"

"ဟုတ်တယ်။ ဘယ်လို ရေးသလဲဆိုတော့ ...." ကုစာနာဂိသည် ကူဒို ဟူသော နာမည်၏ ခန်းဂျီးအက္ခရာများကို ပြောပြသည်။

သူ့နာမည် ကူဒို .... ။ အိရှိဂါမိသည် ဓာတ်ပုံကို စိုက်ကြည့်နေသည်။ ရဲအရာရှိသည် အဘယ်ကြောင့် ထိုသူ့ကို စုံစမ်းနေရသနည်း။ သူသည် ထိုသူနှင့်

ယာစုကိုတို့ ခင်မင်ရင်းနှီးကြသည်ကို သိနေပုံ ရသည်။ ယာစုကိုနှင့် အထူးရင်းနှီးသည့်သူကို လိုက်လံ စုံစမ်းနေခြင်း ဖြစ်မည်။ တစ်နည်းဆိုရသော် ယာစုကို၏ ကြံရာပါ သို့မဟုတ် စစ်ကူ ရှိရဦးမည်ဟု ရဲဘက်မှ သံသယ ဝင်နေပြီဖြစ်ကြောင်း သေချာနေသည်။

"ဘယ်လိုလဲဗျ။ စဉ်းစားလို့ ရပြီလား"

"တစ်နေရာရာမှာတော့ တွေ့ဖူးသလိုပဲ ...." အိရှိုဂါမိက ခေါင်းကို ငုံ့စောင်း၍ စဉ်းစားဟန် ပြုနေသည်။ "ဆောရီးဗျာ။ စဉ်းစားလို့ မရဘူး။ ကျွန်တော် လူမှားနေတာလည်း ဖြစ်ချင်ဖြစ်မှာ"

"သြော်" ကုစာနာဂိ၏ မျက်နှာက သံသယ ရှိသည့်ပုံ။ ဓာတ်ပုံကို အိတ်ကပ်ထဲ ပြန်ထည့်ပြီး လိပ်စာကတ်တစ်ကတ်ကို ဆွဲထုတ်လိုက်သည်။ "တကယ်လို့ စဉ်းစားလို့ရရင် ကျွန်တော်ဆီ ဆက်သွယ်ပေးပါဗျာ"

"ဟုတ်၊ ရပါတယ်။ ဒါနဲ့ အဲဒီလူက အမှုနဲ့ ပတ်သက်နေလို့လား"

"အခုထိတော့ မသေချာသေးပါဘူး။ ကျွန်တော်တို့ စုံစမ်းနေတုန်းပဲ ရှိသေးတယ်"

"အဲဒီလူနဲ့ မစ္စဟာနာအိုကာက ....."

"အဆက်အသွယ် ရှိကြတယ် ဆိုပါတော့ဗျာ" ကုစာနာဂိက ခပ်ဝါးဝါးသာ ပြန်ဖြေလိုက်သည်။ သူသိထားသည်တို့ကို များများစားစား ထုတ်ပြောပြချင်ပုံ မရ။ "ဒါနဲ့ ... ခင်ဗျားနဲ့ ယုကာဝါတို့ ဘန်တန်တိုင်ကို အတူ သွားခဲ့ကြသေးတယ် မဟုတ်လား"

အိရှိုဂါမိက ကုစာနာဂိကို လှမ်းကြည့်သည်။ စကားလမ်းကြောင်းမှာ သူ မျှော်လင့်မထားသော ဦးတည်ရာသို့ ချက်ချင်း ပြောင်းလဲသွားသောကြောင့် တဒင်္ဂ ဆွံ့အသွားသည်။

"ဟိုတစ်နေ့က ခင်ဗျားတို့နှစ်ယောက်ကို မတော်တဆ လှမ်းတွေ့လိုက်တာပဲ။ အဲဒီအချိန်မှာ ကျွန်တော်က ပတ္တရောင်လှည့်နေတာ ဆိုတော့ ခင်ဗျားတို့နဲ့ စကားလာပြောဖို့ အဆင်မပြေခဲ့ဘူး"

သူသည် ဘန်တန်တိုင်၏ အနီးတစ်နေရာတွင် ယာစုကိုကို စောင့်ကြည့်နေခြင်းသာ ဖြစ်ရပေမည်ဟု အိရှိုဂါမိက တွေးသည်။

"ယုကာဝါက ဟင်းဝယ်ချင်တယ် ဆိုတာနဲ့ ကျွန်တော် သူ့ကို အဲဒီ ခေါ်သွားလိုက်တာပါ"

“ဘာဖြစ်လို့ ဘန်တန်တိုင်ကိုမှ တကူးတက သွားရတာလဲဗျ။ အနီးအနားမှာ ရှိတဲ့ တခြားဆိုင်တွေက မဖွင့်ကြလို့လား”

“ဘယ်သိမလဲဗျာ။ .... အဲဒါ သူ့သာ မေးကြည့်တော့။ ကျွန်တော်က သူခိုင်းလို့ လမ်းပြပေးရတာ”

“မစ္စဟာနာအိုကာနဲ့ အမှုအကြောင်းကို ယုကာဝါက ဘာမှ မပြောဘူးလား”

“ကျွန်တော် ပြောပြီးပြီလေ။ ခင်ဗျားတို့ကို ကူညီပြီး အနီးကပ် စုံစမ်းပေးနိုင်မလားလို့ သူ မေးခဲ့တာပဲ”

ကုစာနာဂိက ခေါင်းကို ခပ်သွက်သွက် ခါယမ်းနေသည်။ “အဲဒါက လွဲလို့ ပြောတာ။ ခင်ဗျားလည်း ကြားဖူးပြီးလောက်ရောပေါ့။ ကျွန်တော့်အလုပ်နဲ့ ပတ်သက်ပြီး သူ့ဆီကနေ တန်ဖိုးရှိတဲ့ အကြံဉာဏ်တွေ မကြာမကြာ ရနေခဲ့တယ်။ ဒီလူက ရူပဗေဒ ပညာရပ်မှာ ဉာဏ်ကြီးရှင် တစ်ယောက်ပဲ။ ပြီးတော့ စုံစမ်းထောက်လှမ်းတဲ့ အပိုင်းမှာလည်း ခေသူ မဟုတ်ဘူးဗျ။ သူ့ဆီက အကြံကောင်း ဉာဏ်ကောင်းတွေ မျှော်လင့်မိတာ အမှန်ပဲ။ ဒီအမှုမှာလည်း အရင်ကလို သူ့ဆီက သုံးသပ်ချက်တွေ မျှော်လင့်နေမိတယ်”

ကုစာနာဂိ၏ စကားကြောင့် အိရှိုဂါမိ၏ အတွေးများ ရှုပ်ထွေးကုန်ကြသည်။ သူတို့နှစ်ဦးသည် မကြာခဏဆိုသကဲ့သို့ တွေ့ဆုံနေခဲ့ကြသည် မှန်လျှင် ထိုသို့ တွေ့ဆုံကြစဉ်အတွင်း သတင်းများ၊ အထင်အမြင်များကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဖလှယ်ခဲ့ကြပေလိမ့်မည်။ သို့ဆိုလျှင် သူသည် အဘယ်ကြောင့် သူစိမ်းဖြစ်သူ မိမိကို လာမေးနေရသနည်းဟု အိရှိုဂါမိက တွေးနေမိသည်။

“ဘာမှတော့ ထွေထွေထူးထူး ပြောတာ မရှိပါဘူး” အိရှိုဂါမိအနေဖြင့် ထိုမျှသာ ပြန်ပြောနိုင်သည်။

“သြော် ... ဟုတ်ကဲ့။ အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ်”

ကုစာနာဂိသည် ဦးညွတ်၍ အရိုအသေ ပေးပြီးနောက် လာလမ်းအတိုင်း လှည့်ပြန်သွားလေသည်။ အိရှိုဂါမိသည် သူ၏ ကျောပြင်ကို ငေးကြည့်နေရင်း ရင်ထဲတွင် တစ်ဆို့၍ လှိုက်ဖိုလာသည်။ ခိုင်မာသပ်ရပ်လှပါသည်ဟု အပြည့်အဝ ယုံကြည်ယူဆထားသော သင်္ချာဖော်မြူလာတစ်ခုသည် မမျှော်လင့်၊ မတွက်ဆထားနိုင်သည့် ကိန်းရှင်တစ်ခု၏ ခြောက်ခြားနှောင့်ယှက်မှုကို ရုတ်တရက် ခံလိုက်ရသည့်နှယ်။

အခန်း (၁၁ - က)

ရှိနိုဗာကိဘူတာသို့ ရောက်သောအခါ ကုစာနာဂိသည် သူ၏ လက်ကိုင်ဖုန်းကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ယုကာဝါ၏ ဖုန်းနံပါတ်ကို ရှာပြီး ဖုန်းခေါ်ခလုတ်ကို နှိပ်ချလိုက်သည်။ သူသည် ဖုန်းကို နားနားသို့ကပ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ နေ့ခင်း ၃ နာရီကဲ့သို့ စကောစက အချိန်တွင်လည်း လမ်းပေါ်တွင် လူများ အတန်အသင့် ရှိနေကြသည်။ စူပါမားကတ်၏ အရှေ့တွင် စက်ဘီးများစွာ တန်းစီ၍ ရပ်ထားသည်။

ချက်ချင်း ဖုန်းဝင်သွားသော်လည်း ယုကာဝါ၏ ဖုန်းအကိုင်ကို စောင့်နေရပြန်သည်။

သို့သော် တစ်အောင့်မျှ ကြာသောအခါ သူသည် တစ်ဘက်လူ၏ ဖုန်းအကိုင်ကို မစောင့်တော့ဘဲ ဖုန်းကို ချပစ်လိုက်သည်။ သူ တွေ့လိုသောလူကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ယုကာဝါသည် စာအုပ်ဆိုင် အရှေ့ရှိ ပလက်ဖောင်းလက်ရန်းပေါ်တွင် ထိုင်လျက် ရေခဲမုန့်စားနေသည်။ သူသည် အနက်ရောင် ရှပ်လက်ရှည်၊ အဖြူရောင် ဘောင်းဘီနှင့် နေကာမျက်မှန် သေးသေးတစ်လက်ကို တပ်ထားသေးသည်။

ကုစာနာဂိသည် လမ်းကို ဖြတ်ကူးပြီး ယုကာဝါ၏ နောက်ကျောဘက်သို့ လျှောက်သွားသည်။ ယုကာဝါ၏ မျက်လုံးများက စူပါမားကတ်ဘက်သို့ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။

"ဗျို့ စုံထောက်ကြီး ဂယ်လီလီယို"

သူ့ကို လန့်သွားစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် အထိတ်တလန့်ဖြစ်အောင် သူ့နားကပ်၍ အော်လိုက်သော်လည်း ယုကာဝါ၏ တုံ့ပြန်မှုက ဣန္ဒြေရရ နှေးကွေးလွန်းနေသည်။ သူသည် ရေခဲမုန့်ကို လျှာဖြင့် လျက်နေရင်း ခေါင်းကို စလိုးမိုးရှင်းဖြင့် တစ်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာသည်။

"မင်းရဲ့ နှာခေါင်းက အနံ့ခံ တော်တော် ကောင်းတာပဲ။ ဒါကြောင့်လည်း လူတွေက ရဲကို ခွေးလို့ တင်စားခေါ်တာလား မသိဘူး" ယုကာဝါ၏ မျက်နှာအမူအရာမှာ စိုးစဉ်းမျှ ပြောင်းလဲခြင်း မရှိ။

"မင်းက ဒီနေရာမှာ ဘာလာလုပ်နေတာလဲ။ ရေခဲမုန့် စားနေတာလေကွာ

ဆိုတဲ့ အဖြေမျိုးတော့ ငါ မကြားချင်ဘူး”

ယုကာဝါက မျက်ခုံးပင့်၍ ကြည့်လိုက်သည်။ “အဲဒီမေးခွန်းကို ငါက မေးရမှာပါကွာ။ ဒါပေမယ့် မေးနေဖို့ လိုမယ် မထင်ဘူး။ မင်းက ငါ့ကို လာရှာတယ်။ အဲ … အတိအကျ ပြောရမယ် ဆိုရင်တော့ ငါ ဘာလုပ်နေသလဲဆိုတာကို လာချောင်းတယ်”

“အေး … မင်းသိနေရင် ပြီးတာပဲ။ ဒီတော့ အမှန်အတိုင်း ဖြေကွာ။ မင်း ဘာလုပ်နေတာလဲ”

“မင်းကို စောင့်နေတာလေ”

“စောင့်နေတာ? နောက်မနေစမ်းပါနဲ့”

“အတည်ပြောနေတာပေါ့ကွ။ ငါ စောစောက ဓာတ်ခွဲခန်းကို ဖုန်းဆက်လိုက်သေးတယ်။ မင်း အဲဒီကို ရောက်ခဲ့သေးတယ် မဟုတ်လား။ မနေ့ညကလည်း ငါ့ကို လာရှာသေးတယ်လေ။ ဒီတော့ ငါ စဉ်းစားကြည့်တယ်။ ဒီနေရာကနေသာ ထိုင်စောင့်နေရင် မင်းနဲ့ တွေ့ကို တွေ့ရမယ်လို့။ ငါ ရှီနိုဇာကိဘူတာကို သွားတယ် ဆိုတာ ကျောင်းသားလေးဆီကနေ မင်း ကြားထားပြီးပြီ မဟုတ်လား”

သူ ပြောခဲ့သည်မှာ အမှန်များပင်။ သို့သော် မေးခွန်းကို ဖြေကြားခြင်းတော့ မဟုတ်။

“ဒီလိုနေရာကို မင်းက ဘာဖြစ်လို့ လာရတာလဲ” ကုစာနာဂိက အသံကို တစ်ဆင့် မြှင့်လိုက်သည်။ စကားကို ဝေ့လည်ကြောင်ပတ် ပြောနေတတ်သော ဤလောကဓာတ်ဆရာကြီး၏ ဝသီနှင့် သူ အသားကျနေပြီးသော်လည်း တစ်ခါတစ်ရံ စိတ်ထဲ၌ ကသိကအောက် ဖြစ်နေဆဲပင် ရှိတတ်သေးသည်။

“မလောစမ်းပါနဲ့ကွာ။ ကော်ဖီလေး ဘာလေး သောက်ရင် မကောင်းဘူးလား။ လမ်းဘေး ရောင်းသူမဲ့စက်က ဝယ်တဲ့ ကော်ဖီဆိုပေမယ့် ငါတို့ ဓာတ်ခွဲခန်းက ကော်ဖီထက်တော့ အပုံကြီး သောက်ကောင်းလောက်ပါတယ်” ယုကာဝါသည် မတ်တတ်ထရပ်ပြီး ရေခဲမုန့်အခွံကို အနီးရှိ အမှိုက်ပုံးထဲသို့ ပစ်ထည့်လိုက်သည်။

စူပါမားကတ်အရှေ့ရှိ ရောင်းသူမဲ့စက်မှ ကော်ဖီဘူး နှစ်ဘူးဝယ်ပြီး တစ်ဘူးကို ကုစာနာဂိထံသို့ ကမ်းပေးသည်။ ထို့နောက် ယုကာဝါသည် အနီးတွင် ထိုးထားသော စက်ဘီးတစ်စီးပေါ်တွင် ခပ်တည်တည်နှင့် ခွထိုင်လိုက်ပြီး ကော်ဖီဘူးကို ဖောက်သောက်လေသည်။

ကုစာနာဂိက အနီးတွင် ရပ်လျက် ကော်ဖီဘူးကို ဖွင့်ပြီး ဘေးဘီသို့ ဝေ့ကြည့်လိုက်သည်။ "သူများ စက်ဘီးပေါ် လှောက်မထိုင်ရင် ကောင်းမယ်။ ပိုင်ရှင် ပြန်ရောက်လာရင် ဘယ်နှယ့် လုပ်မလဲ"

"စိတ်မပူပါနဲ့။ ဒီစက်ဘီးရဲ့ ပိုင်ရှင်က တော်တော်နဲ့ ပြန်ရောက်ဦးမှာ မဟုတ်ဘူး"

"မင်း ဘယ်လိုလုပ် သိသလဲ"

"စက်ဘီးရှင်က သူ့ဘီးကို ဒီမှာ ထိုးထားပြီး မြေအောက်ဘူတာထဲ ဆင်းသွားတယ်။ တစ်ဘူတာတည်း စီးမယ် ဆိုရင်တောင်မှ အသွားအပြန်ဆို အနည်းဆုံး နာရီဝက်လောက်တော့ အချိန်ပေးရမှာပဲ"

ကုစာနာဂိသည် ကော်ဖီကို တစ်ကျိုက် မော့သောက်ပြီး မအီမလည် မျက်နှာပေးဖြင့် မေးလိုက်သည်။ "မင်းက ဒီလိုနေရာမှာ လာထိုင်ပြီး ရေခဲမုန့်စားရင်း လူတွေကို ထိုင်ရှုနေတယ်ပေါ့"

"လူတွေကို ထိုင်ကြည့်နေရတာကလည်း ငါ့ရဲ့ ဝါသနာတစ်ခုပဲ။ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်"

"ဝါသနာတွေ ဝါသနက်တွေကို ခဏထားစမ်းပါဦး။ ဒီမှာ ဘာလာလုပ်နေတာလဲ။ စကားလမ်းကြောင်းကို လွှဲဖို့ ထပ်မကြံနဲ့တော့"

ယုကာဝါသည် နောက်သို့လှည့်ပြီး သူ့ခွထိုင်နေသည့် စက်ဘီး၏ နောက်ဘီး ရွှံ့ကာကို ကြည့်နေသည်။

"ဒီခေတ်မှာ ကိုယ့်စက်ဘီးပေါ် နာမည်ရေးတဲ့သူက အင်မတန် နည်းသွားပြီ။ သူတို့ ဘယ်သူလဲဆိုတာ သူစိမ်းတွေကို မသိစေချင်လို့လည်း ဖြစ်ချင် ဖြစ်မှာပေါ့။ ဟိုးအရင်တုန်းကတော့ စက်ဘီးပေါ်မှာ လူတိုင်း ကိုယ့်နာမည်ကိုယ် ရေးထိုးထားတတ်ကြတာပဲ။ ခေတ်ကြီး ပြောင်းလာတာနဲ့အမျှ အလေ့အထတွေလည်း လိုက်ပြောင်းကုန်တော့တာပဲ"

ယုကာဝါ၏ ဆိုလိုရင်းသဘောကို ကုစာနာဂိ သဘောပေါက်စ ပြုလာသည်။ "မင်း စက်ဘီးကိစ္စကို အင်မတန် စိတ်ဝင်စားတဲ့အကြောင်း ဟိုးအရင်ကလည်း ပြောခဲ့ဖူးသေးတယ်"

ယုကာဝါက ခေါင်းညိတ်ပြသည်။ "ငါမှတ်မိသလောက်ဆိုရင် တရားခံဟာ စက်ဘီးကို အလောင်းတွေ့တဲ့နေရာမှာ ရည်ရွယ်ချက်ရှိရှိနဲ့ ထားပစ်ခဲ့တာ မဟုတ်ဘူးလို့ မင်း ပြောခဲ့ဖူးတယ်"

"အတိအကျပြောရရင် အဲဒီလို လုပ်လို့ ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ ငါ ပြောခဲ့တာပါ။ တကယ်လို့ လူသတ်သမားက စက်ဘီးပေါ်မှာ လက်ဗွေရာတွေ ချန်ထားခဲ့မယ် ဆိုရင် ဘာလုပ်ဖို့ ဒုက္ခခံပြီး အလောင်းရဲ့ လက်ဗွေတွေကို ဖျက်ဆီးနေဦးမလဲ။ နောက်ဆုံးတော့ စက်ဘီးပေါ်က လက်ဗွေရာတွေကြောင့် သေသူရဲ့ နောက်ကြောင်းကို ဖော်နိုင်ခဲ့တာပဲ မဟုတ်ဘူးလား"

"ငါ မင်းကို မေးပါဦးမယ်။ တကယ်လို့သာ စက်ဘီးပေါ်မှာ လက်ဗွေရာတွေ ရှိမနေဘူးဆိုရင် ဘယ်လို လုပ်မလဲ။ အလောင်းပိုင်ရှင်ကို မင်းတို့ ဘယ်လိုမှ မဖော်ထုတ်နိုင်တော့ဘူးလား"

ထိုမေးခွန်းကို ဖြေကြားနိုင်ရန်အတွက် ကုစာနာဂိသည် ၁၀ စက္ကန့်မျှ စဉ်းစားလိုက်ရသည်။ ထိုသို့သော မေးခွန်းမျိုးကို သူ ဘယ်တုန်းကမျှ မစဉ်းစားခဲ့စဖူး။

"ဟင့်အင်း" သူက ပြန်ဖြေသည်။ "ဒီလက်ဗွေနဲ့ တည်းခိုခန်းက ပျောက်ဆုံးသူရဲ့ လက်ဗွေကို တိုက်ဆိုင် စစ်ဆေးနိုင်လို့ သူရဲ့ နောက်ကြောင်းကို ဖော်ထုတ်နိုင်ခဲ့တာ ဆိုပေမယ့် လက်ဗွေမရှိလည်း အခက်အခဲ မရှိနိုင်ဘူး။ ငါ မင်းကို ပြောခဲ့ဖူးတာပဲ။ ငါတို့ ဒီအန်အေလည်း စစ်ခဲ့ကြသေးတယ်"

"ငါ မှတ်မိပါတယ်။ ဒီလိုဆိုရင် အလောင်းပေါ်က လက်ဗွေတွေကို ဖျက်ဆီးပစ်တာ အဓိပ္ပာယ် မရှိတော့ဘူးပေါ့။ ဒါပေမယ့် တရားခံက အဲဒီအချက်ကိုလည်း ကြိုတင်တွက်ဆပြီး အကွက်ဆင်ထားတာ ဆိုရင်ရော၊ ဘယ်လိုလုပ်မလဲ"

"မင်းဆိုလိုချင်တာက လူသတ်သမားဟာ အဲဒီလို ဖြစ်လာမယ်မှန်း သိပါလျက်နဲ့ လက်ဗွေတွေကို တမင်သက်သက် ဖျက်ဆီးပစ်ခဲ့တယ် ဆိုတဲ့ သဘောလား"

"တရားခံအနေနဲ့ အဲဒီလို လုပ်ရတာ သူ့ရည်ရွယ်ချက်နဲ့ သူတော့ ရှိမှာပေါ့။ ဒါပေမယ့် သေသူရဲ့ ရာဇဝင်ကို ဖုံးကွယ်ထားချင်လို့ မဟုတ်ဘူး။ မင်း အခုလို စဉ်းစားကြည့်ဖူးလား။ စက်ဘီးကို အလောင်းအနားမှာ တမင်သက်သက် အကွက်ဆင်ပြီး ထားခဲ့ပါလျက်နဲ့ အကွက်ဆင်ထားတာ မဟုတ်ဘူးလို့ မင်းတို့ကို ထင်သွားစေချင်တာကြောင့် လက်ချောင်းတွေကို မီးရှို့ပစ်ခဲ့တာ ဆိုရင်ရော"

ကုစာနာဂိသည် ပါးစပ်အဟောင်းသားနှင့် ရပ်နေမိသည်။ "အမှုသွား အမှုလာတွေ ရှုပ်ထွေးသွားအောင် တစ်နည်းတစ်ဖုံ ထောင်ချောက်ဆင်ထားတာလို့ မင်းက ဆိုလိုချင်တာလား"

"ဟုတ်တယ်။ ဒါပေမယ့် အဲဒီ 'တစ်နည်းတစ်ဖုံ' ဆိုတာကို ငါ စဉ်းစားလို့ မရသေးဘူး" ယုကာဝါသည် ခွထိုင်ထားသော စက်ဘီးပေါ်မှ ဆင်းလာသည်။ "အသတ်ခံရသူဟာ စက်ဘီးကို သူ့ဘာသာသူ စီးပြီး အခင်းဖြစ်တဲ့ နေရာကို အရောက်သွားခဲ့တယ်လို့ အထင်ရောက်အောင် တရားခံက မင်းတို့ကို နှတ်ကြောင်းပေးခဲ့တယ်။ ဒီအချက်က လွဲမှားစရာ အကြောင်း မရှိဘူး။ ဒါပေမယ့် သူက ဘာဖြစ်လို့ မင်းတို့ကို အဲဒီလို ယူဆစေချင်ရတာလဲ"

"ဒါဆို အသတ်ခံရသူဟာ အခင်းဖြစ်တဲ့ နေရာကို စက်ဘီးစီးပြီး သွားခဲ့တာ မဟုတ်ဘူး။ ပြီးတော့ တရားခံက အဲဒီအချက်ကို ဖုံးဖိထားချင်တယ်။ အဲဒီလိုလား" ကုစာနာဂိက မေးသည်။ "သေသူဟာ အခြားတစ်နေရာရာမှာ အသတ်ခံရပြီးမှ အဲဒီနေရာရောက်အောင် တရားခံက သူ့အလောင်းကို ရွှေ့ယူလာခဲ့တယ် ဆိုတဲ့ သဘောပေါ့။ ငါတို့ တပ်ဖွဲ့မှူးကလည်း အဲဒီလို တွေးနေခဲ့တာ"

"ဒါပေမယ့် မင်းက အဲဒီအဆိုကို လက်မခံနိုင်ဘူးလို့ ပြောခဲ့တာ ငါ မှတ်မိနေသေးတယ်။ မင်းတို့ရဲ့ သံသယစာရင်းမှာ ထိပ်ဆုံးကပါနေတဲ့ ဟာနာအိုကာ ယာစုကိုမှာ ယာဉ်မောင်းလိုင်စင် မရှိဘူး မဟုတ်လား"

"အမှုကို တွဲဖက်လုပ်တဲ့သူ နောက်တစ်ယောက် ရှိနေမယ် ဆိုရင်တော့ တစ်မျိုးတစ်မည် ဖြစ်သွားမှာပဲ" ကုစာနာဂိက ဖြေသည်။

"အဲဒါကို ခဏ ထားလိုက်ပါဦး။ ငါ လတ်တလော စိတ်အဝင်စားဆုံးက စက်ဘီးပျောက်တဲ့ အချိန်ပဲ။ မင်းတို့က နံနက် ၁၁ နာရီနဲ့ ည ၁၀ နာရီကြားလို့ သတ်မှတ်ထားတယ်။ ဘယ်လိုလုပ်ပြီး အခိုးခံရတဲ့ အချိန်ကို ဒီလောက် အတိအကျ တွက်ဆထားနိုင်ရတာလဲ"

"လွယ်လွယ်လေးလေ။ စက်ဘီးပိုင်ရှင်က ပြောတာပေါ့။ ဒုံးပျံပစ်လွှတ်ရသလို တွက်ချက်နေစရာမှ မလိုတာပဲ"

"ငါ ပြောချင်တာ အဲဒါပဲ" ယုကာဝါသည် ကော်ဖီဘူးကိုင်ထားသော လက်ဖြင့် ကုစာနာဂိကို လက်ညှိုးထိုးလိုက်သည်။ "ဘယ်လိုလုပ်ပြီး စက်ဘီးပိုင်ရှင်ကို လွယ်လွယ်နဲ့ ရှာတွေ့သွားရတာလဲ"

"ဒါက ဘာခက်လဲကွာ။ စက်ဘီးပိုင်ရှင်က စက်ဘီးပျောက်လို့ အမှုဖွင့်တယ်။ တိုင်ချက်ဖွင့်ထားတဲ့ စာရင်းနဲ့ တိုက်ကြည့်လိုက်ရင် ရနေပြီပဲ ဥစ္စာ"

ယုကာဝါက သက်ပြင်းကို ရှိုက်လိုက်သည်။ အကြားတွင် နေကာမျက်မှန် ခြားထားသည် မှန်သော်လည်း သူသည် မိမိကို စူးစူးရဲရဲ စိုက်ကြည့်နေမည် ဖြစ်ကြောင်း ကုစာနာဂိ ခန့်မှန်းကြည့်နိုင်သည်။

"မင်းက ဘာတွေးမိပြန်လို့လဲ"

"စက်ဘီး အခိုးမခံရခင်က ဘယ်မှာ ရပ်ထားခဲ့သလဲ ဆိုတာ မင်း သိလား"

"သိတာပေါ့။ ငါကိုယ်တိုင် တာဝန်ယူပြီး စက်ဘီးပိုင်ရှင်ကို မေးခဲ့တာပဲဟာ"

"ငါ့ကို လိုက်ပြနိုင်မလား။ ဒီပတ်ဝန်းကျင်မှာပဲ နေမှာ"

ကုစာနာဂိသည် ယုကာဝါကို စိုက်ကြည့်နေမိသည်။ အဘယ်ကြောင့် စက်ဘီးကိစ္စကို ဤမျှ ရေဆုံးမြေဆုံး လိုက်ချင်နေရသနည်း။ သူ ထိုသို့ မေးလိုက်ချင်သော်လည်း မျိုသိပ်ထားရန် ဆုံးဖြတ်လိုက်သည်။ စိတ်နှစ်ပြီး ပြဿနာတစ်ရပ်ရပ်ကို စူးစမ်းတွေးခေါ်နေသည့် အခါတိုင်းမှာကဲ့သို့ ယုကာဝါ၏ မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် လက်နေကြသည်။

"ဒီဘက်မှာ" ကုစာနာဂိက ဦးဆောင်၍ ထွက်ခွာသွားသည်။

စက်ဘီးပျောက်ဆုံးခဲ့သော နေရာသည် သူတို့ ကော်ဖီသောက်နေခဲ့သည့် နေရာနှင့် မီတာ ၅၀ မျှသာ ကွာဝေးသည်။ ကုစာနာဂိသည် ရပ်ထားသော စက်ဘီးတန်းတစ်တန်း၏ အရှေ့တွင် ရပ်လိုက်သည်။ "စက်ဘီးပိုင်ရှင်ရဲ့ ပြောစကားအရ ဆိုရင် သူက စက်ဘီးကို ဒီလက်ရန်းတိုင်မှာ ကြိုးသော့နဲ့ တွဲခတ်ထားခဲ့တာ"

"တရားခံက ကြိုးသော့ကို ဖြတ်ပစ်ခဲ့တာလား"

"အဲဒီလိုပဲ ထင်တယ်"

"အဲဒီလိုသာဆိုရင် တရားခံက သံဖြတ်ကတ်ကြေးတစ်လက်တော့ ကြိုဆောင်ထားရမှာပေါ့" ယုကာဝါသည် စက်ဘီးတန်း တစ်တန်းလုံးကို အကဲခတ်ကြည့်နေသည်။ "သော့မခတ်ထားတဲ့ စက်ဘီးတွေကတောင် ပိုများနေသလိုပဲ။ ဘာဖြစ်လို့ ကိုယ့်ဒုက္ခကိုယ် ရှာချင်ရတာလဲ"

"သူ မျက်စိကျနေတဲ့ စက်ဘီးက သော့ခတ်ထားလို့ နေမှာပေါ့"

"မျက်စိကျနေတဲ့ ....." ယုကာဝါက တတွတ်တွတ် ရေရွတ်နေသည်။ "ဘာကို မျက်စိကျရတာလဲ"

"မင်း ဘာကို ပြောချင်နေတာလဲ" ကုစာနာဂိက စိတ်မရှည်ချင်တော့။

ယုကာဝါသည် လှည့်လာပြီး ကုစာနာဂိနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ "ငါ မနေ့ကလည်း ဒီကို ရောက်ခဲ့သေးတယ်။ ဒီနေ့လိုပဲ

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေခဲ့တာ။ ဒီပတ်ဝန်းကျင်မှာ ရပ်ထားတဲ့ စက်ဘီးတွေက ဒုနဲ့ဒေးရယ်။ တချို့က သော့တွေဘာတွေနဲ့ ကျကျနန ခတ်ထားကြတယ်။ ဒီအတိုင်း ပစ်ထားတဲ့ စက်ဘီးတွေကလည်း မနည်းဘူး။ တရားခံက ဘာဖြစ်လို့ အဲဒီစက်ဘီးကိုမှ ရွေးချယ်ခဲ့ရတာလဲ”

“တရားခံက ခိုးခဲ့ပါတယ်လို့ အတည်မပြုနိုင်သေးဘူးလေ”

“ကဲပါ။ အသတ်ခံရသူ ကိုယ်တိုင်က ခိုးသွားတယ်ပဲ ဆိုကြပါစို့။ ဘာဖြစ်လို့ အဲဒီစက်ဘီးကိုမှ တကူးတက ရွေးခိုးရတာလဲ”

ကုစာနာဂိက ခေါင်းခါပြသည်။ “မင်း ပြောချင်တာကို ငါ နားမလည်သေးဘူး။ အခု အခိုးခံရတာက ဘာထူးခြားချက်မှ မရှိတဲ့ သာမန်စက်ဘီးတစ်စီးလေ။ လက်သင့်သလို ရွေးသွားလိုက်တာပေါ့။ ဒါထက် ဘာပိုဦးမှာလဲ”

“နိုးနိုး၊ မဟုတ်သေးဘူး” ယုကာဝါက လက်ညှိုးကို ခါယမ်းပြနေသည်။ “ငါမှန်းတာ မလွဲဘူးဆိုရင် အဲဒီစက်ဘီးက အသစ်စက်စက်၊ ဒါမှမဟုတ် အသစ်နီးနီး သန့်တဲ့ စက်ဘီးပဲ ဖြစ်ရမယ်။ ဟုတ်တယ်မလား”

ကုစာနာဂိသည် ကိုယ်ကို အနောက်သို့ ယို့လိုက်သည်။ စက်ဘီးပိုင်ရှင်နှင့် ပြောခဲ့သည့် စကားများကို ပြန်လည် တူးဆွကြည့်နေသည်။ “ဟုတ်တယ်။ အသစ်ပဲ” သူက ပြန်ဖြေသည်။ “ငါ သတိရပြီ။ အဲဒီအမျိုးသမီးက လွန်ခဲ့တဲ့ တစ်လလောက်ကမှ အဲဒီစက်ဘီးကို ဝယ်ထားတာ”

ယုကာဝါက ကျေနပ်စွာ ပြုံးလျက် ခေါင်းညိတ်ပြသည်။ “အဲဒါကြောင့်မို့လည်းပဲ တကူးတက သော့ခတ်ထားတာပေါ့။ ဒါကြောင့်မို့ပဲ ပျောက်တာနဲ့ ရဲတိုင်တာပေါ့။ သူခိုးက အဲဒီလို ဖြစ်လာဖို့ မျှော်လင့်ထားတယ်။ ဒါကြောင့်လည်း သော့မခတ်တဲ့ စက်ဘီးတွေ အများကြီး ရှိနေတာ သိပါလျက်နဲ့ ဒုက္ခခံပြီး သံဖြတ်ကတ်ကြေး ဆောင်ထားရတာပေါ့”

“ဆိုလိုတဲ့သဘောက သူခိုးဟာ ရည်ရွယ်ချက် ရှိရှိနဲ့ စက်ဘီးအသစ်ကို ရွေးခိုးခဲ့တယ်။ အဲဒီလိုလား”

“သိပ်မှန်တာပေါ့”

“ဘာဖြစ်လို့လဲ”

“အကြောင်းအရင်းက တစ်ခုပဲ ရှိတယ်။ စက်ဘီးပိုင်ရှင်ကို ရဲတိုင်စေချင်တာပဲ။ အဲဒီလို လုပ်ခြင်းအားဖြင့် တရားခံ ဆင်ထားတဲ့

ထောင်ချောက်ထဲ လမ်းညွှန်ပြီးသား ဖြစ်သွားလိမ့်မယ်။ အကျိုးရလဒ်အနေနဲ့ စုံစမ်းစစ်ဆေးမှု လမ်းကြောင်းကို ဦးတည်ရာ လွဲသွားအောင် လုပ်လိုက်သလို ဖြစ်သွားနိုင်တယ်”

“စက်ဘီးကို နံနက် ၁၁ နာရီနဲ့ ည ၁၀ နာရီအကြားမှာ အခိုးခံခဲ့ရတယ်ဆိုတဲ့ ငါတို့ရဲ့ ယူဆချက်ကို မှားတယ်လို့ မင်းက ပြောချင်တာလား။ ဒါပေမယ့် စက်ဘီးပိုင်ရှင်က ဘယ်လို ဖြေမလဲဆိုတာကို တရားခံက ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ”

“အခိုးခံရတဲ့ အချိန်ကို စက်ဘီးရှင်က ဘယ်လို ပြောမလဲဆိုတာ တရားခံအနေနဲ့ မသိနိုင်တာ မှန်ပေမယ့် အပိုင်တွက်ထားလို့ ရတဲ့ အချက်တစ်ချက် ရှိနေတယ်။ ရှီနိုဇာကိဘူတာနားမှာ အခိုးခံရတယ်လို့ ပိုင်ရှင်က မပြောဘဲ နေမှာ မဟုတ်ဘူး”

ကုစာနာဂိသည် တံတွေးကို မျိုချလိုက်ပြီး လောကဓာတ်ဆရာကြီးကို စိုက်ကြည့်နေမိသည်။ “ရဲဘက်ရဲ့ အာရုံစိုက်မှုကို ရှီနိုဇာကိဘူတာဘက် ရောက်လာအောင် တမင် အကွက်ဆင်ထားတာလား”

“ဟုတ်တယ်”

“ငါတို့ တကယ်ပဲ ဒီရှီနိုဇာကိဘူတာနားမှာ အချိန်နဲ့ လူအင်အားတွေ မနည်းမနော သုံးခဲ့ကြတယ်။ မင်း တွက်ဆသလိုသာ အမှန်ဆိုရင်တော့ ငါတို့ လုပ်ခဲ့သမျှဟာ အကုန်လုံး သဲထဲရေသွန်သလို ဖြစ်နေပြီပေါ့”

“လုံးဝ အလဟဿတော့ မဖြစ်ပါဘူး။ ဒီနေရာမှာ စက်ဘီးပျောက်သွားတယ် ဆိုတာက တကယ့် အဖြစ်မှန်ပဲလေ။ သိမ်းဆည်းရမိခဲ့တဲ့ အထောက်အထားတွေကို ကြည့်ပြီး အဲဒီကနေတစ်ဆင့် သဲလွန်စတွေကို ဆွဲထုတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားနိုင်လောက်အောင် ဒီအမှုက ရိုးရှင်းမနေဘူး။ တရားခံ ဆင်ထားတဲ့ခွင်ဟာ မင်းတို့ ထင်ထားတာထက် အများကြီး ပိုပြီး ဆန်းပြားတယ်။ ပိုပြီး စေ့စပ်သေချာတယ်” ယုကာဝါသည် ပြောပြီးပြီးချင်း တစ်ဘက်သို့ လှည့်၍ ထွက်ခွာသွားသည်။

ကုစာနာဂိက အနောက်မှ အသည်းအသန် ပြေးလိုက်သွားသည်။ “မင်း ဘယ်သွားမလို့လဲ”

“အိမ်ပြန်မယ်လေ။ ဘယ်သွားရဦးမှာလဲ”

“နေပါဦးဟ” ကုစာနာဂိသည် ယုကာဝါ၏ လက်မောင်းကို ဖမ်းဆွဲထားသည်။ “မင်းကို မေးစရာတစ်ခု ကျန်နေသေးတယ်။ မင်း ဘာဖြစ်လို့

ဒီအမှုကို ဒီလောက် စိတ်ဝင်စားနေရတာလဲ”

“စိတ်ဝင်စားလို့ မရဘူးလား”

“ငါ မေးတာ ဖြေစမ်းပါ”

ယုကာဝါသည် ကုစာနာဂိ၏ လက်ကို ဖယ်ထုတ်လိုက်သည်။ “ငါရော သံသယစာရင်းထဲ ပါသေးတာလား”

“သံသယ? ဟုတ်ပ့ါမလားကွာ”

“မဟုတ်ဘူးဆိုရင် ဘာလုပ်လုပ် ငါ့သဘောနဲ့ ငါပဲလေ။ မင်းတို့ အမှုလိုက်နေတာကို နှောင့်ယှက်ဖို့ ငါ့မှာ ဆန္ဒ မရှိပါဘူး”

“ဒါဆိုလည်း ငါမင်းကို အားမနာတမ်း ပြောရတော့မှာပဲ။ မင်း ငါ့နာမည်ကို သုံးပြီး ဟာနာအိုကာ ယာစုကိုရဲ့ အိမ်ဘေးမှာနေတဲ့ သင်္ချာဆရာကို ဘာဖြစ်လို့ ညာပြောခဲ့ရတာလဲ။ အမှု စုံစမ်းထောက်လှမ်းတဲ့ ကိစ္စမှာ ငါက သူ့အကူအညီကို လိုနေပါတယ်လို့ မင်း သူ့ကို ပြောခဲ့တယ် မဟုတ်လား။ မင်း ဘာရည်ရွယ်ချက်နဲ့ အဲဒီလို လိမ်ပြောခဲ့ရသလဲ ဆိုတာတော့ ငါ့မှာ မေးပိုင်ခွင့် ရှိတယ် မဟုတ်လား”

ယုကာဝါက ကုစာနာဂိကို လှည့်ကြည့်သည်။ သူ့ကိုယ်မှာလည်း ရုတ်တရက် တောင့်တင်းသွားသည်။ နေကာမျက်မှန် အနောက်မှ မျက်လုံးများက ကုစာနာဂိကို အေးစက်စက် အကြည့်ဖြင့် စိုက်ကြည့်နေလေသည်။

“မင်း သူ့ကို သွားတွေ့ခဲ့သေးတယ်ပေါ့”

“သွားတယ်လေ။ မင်းက ငါ့ကိုမှ တိုင်တိုင်ပင်ပင် မလုပ်ဘဲ”

“သူက ဘယ်လို ပြောသလဲ”

“နေစမ်းပါဦး။ ငါက မင်းကို မေးနေတာလေ။ အဲဒီ သင်္ချာဆရာက အမှုနဲ့ ပတ်သက်နေတယ်လို့ မင်း ယူဆထားလို့လား” ယုကာဝါက ဘာမျှ ပြန်မဖြေ။ ကုစာနာဂိ၏ အကြည့်ကို ရှောင်လွှဲပြီး ဘူတာရုံ ရှိရာဘက်သို့ ထွက်ခွာသွားလေသည်။

“နေစမ်းပါဦး” ကုစာနာဂိက အနောက်မှ လှမ်းအော်လိုက်သည်။

ယုကာဝါသည် တုံ့ရပ်ပြီး ဦးခေါင်းကို အနောက်ဘက်သို့ လှည့်လိုက်သည်။ “ငါ မင်းကို တစ်ခုတော့ ပြောထားရဦးမယ်။ ဒီတစ်ခေါက်တော့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် မင်းကို ဘယ်လိုမှ မကူညီနိုင်တော့ဘူး။ ငါ့ရဲ့ တစ်ကိုယ်ရည် ဆန္ဒအရ

ငါ ဒီအမှုကို လေ့လာနေတာပဲ ရှိတာ။ ဒါကြောင့် ငါ့ဆီကနေ ဘာအကူအညီမှ မျှော်လင့်မထားစေချင်ဘူး”

“ဒါဆို ငါ့ဘက်ကလည်း မင်းကို အရင်လို အမှုနဲ့ ပတ်သက်တဲ့ သတင်းတွေ ပေးလို့ မဖြစ်တော့ဘူး”

ယုကာဝါသည် မျက်လွှာချပြီး ခေါင်းညိတ်လိုက်သည်။ “အဲဒါတော့ မင်းသဘောပဲလေ။ ဒီတစ်ခေါက် ငါတို့ ကိုယ့်လမ်းကိုယ် လျှောက်ကြတာပေါ့” သူ ပြန်လည် ထွက်ခွာသွားသည်။ ယုကာဝါ၏ ပြတ်သားသော ဆုံးဖြတ်ချက်အတွက် ကုစာနာဂိတွင် ဆိုစရာ စကားမရှိ။ နောက်တစ်ကြိမ် လှမ်းခေါ်ရန်လည်း သူ စိတ်မကူးတော့။

ကုစာနာဂိသည် ဆေးလိပ်တစ်လိပ်ကို ဖွာရှိုက်ပြီးသော အခါမှ ဘူတာရုံသို့ လှည့်ပြန်လာခဲ့သည်။ ထိုသို့ အချိန်ဆွဲနေရခြင်းမှာ ယုကာဝါနှင့် ရထားတစ်စီးတည်းတွင် အတူ မဆုံမိစေရန် ဖြစ်သည်။ အကြောင်းအရင်းကို သူ ကောင်းစွာ နားမလည်နိုင်သေးသော်လည်း ဤအမှုသည် ယုကာဝါ၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် ပတ်သက်ဆက်စပ်နေကြောင်း သိသာနေသည်။ ထို့အပြင် ယုကာဝါသည် ထိုကိစ္စကို သူ့ဘာသာ တစ်ကိုယ်တည်း ဖြေရှင်းရန် ဆုံးဖြတ်ထားပြီး ဖြစ်နေသည်။ သူ့ကို နှောင့်ယှက်ဟန့်တားနိုင်သည့် မည်သည့်ကိစ္စကိုမျှ ပြုလုပ်ရန် ကုစာနာဂိတွင် ဆန္ဒ မရှိပေ။

ယုကာဝါသည် အဘယ်အတွက်ကြောင့် စိတ်နောက်ကျိုနေရသနည်း။ ကုစာနာဂိသည် မြေအောက်ရထားထဲတွင် ဘယ်ညာယိမ်းထိုးရင်း စဉ်းစားနေသည်။

သင်္ချာဆရာ အိရှိဂါမိကြောင့်ပေလော။ သို့သော် လက်ရှိ စုံစမ်းထောက်လှမ်းထားသည့် ရလဒ်များအရ အိရှိဂါမိတွင် သံသယဖြစ်စရာ မည်သည့် အကြောင်းအချက်မျှ မရှိ။ ဟာနာအိုကာ ယာစုကို၏ အိမ်နီးနားချင်းမျှသာ ဖြစ်သည်။ ယုကာဝါသည် အဘယ်ကြောင့် သူ့အတွက် စိတ်ရှုပ်နေရသနည်း။

ကုစာနာဂိ၏ အတွေးအာရုံထဲသို့ ထမင်းဆိုင်မှ မြင်ကွင်းများ ဝင်ရောက်လာပြန်သည်။ ထိုနေ့ညနေက ယုကာဝါနှင့် အိရှိဂါမိတို့နှစ်ဦးသည် ထိုဆိုင်သို့ အတူတကွ သွားရောက်ခဲ့ကြသည်။ အိရှိဂါမိ၏ စကားအရဆိုလျှင် ယုကာဝါက ဘန်တန်တိုင်သို့ သွားရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ယုကာဝါသည် အကြောင်းမရှိဘဲ မည်သည့် ကိစ္စကိုမျှ အရမ်းကာရော လုပ်တတ်သူတစ်ယောက် မဟုတ်။ ထိုဆိုင်သို့ သူနှင့် အိရှိဂါမိတို့ နှစ်ယောက်အတူ သွားခြင်းမှာ ရည်ရွယ်ချက် တစ်ခုခုတော့ ရှိရပေမည်။ အဘယ်အတွက်ကြောင့်

သွားခဲ့ရသနည်း။

ကူဒိုသည် ထိုလူနှစ်ယောက် ဆိုင်တွင် ရှိနေစဉ်အတွင်း ရှေ့ဆင့်နောက်ဆင့် ဆိုသလို ပေါ်ထွက်လာခဲ့သည်ကို ကုစာနာဂိက သတိရလာမိသည်။ ယုကာဝါသည် ထိုအချက်ကို ကြိုတွက်ဆမိခဲ့မည် မဟုတ်ပေ။ ထို့နောက် ကူဒိုနှင့်သူ ပြောခဲ့သမျှသော စကားများကို ပြန်၍ စဉ်းစားကြည့်နေသည်။ ကူဒိုသည် အိရှိဂါမိအကြောင်းကို ဘာမျှ မပြောခဲ့။ အတိအကျ ဆိုရလျှင် သူ မည်သူ့အကြောင်းကိုမျှ မပြောခဲ့ပေ။ 'ကျွန်တော် ဘယ်တုန်းကမှ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ အလုပ်မျိုးတွေ မလုပ်တတ်ဘူး' ဟု ကူဒိုက ပွင့်ပွင့်လင်းလင်း ပြောခဲ့သည် မဟုတ်ပါလော။

'ကျွန်တော် ဘယ်တုန်းကမှ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ အလုပ်မျိုးတွေ မလုပ်တတ်ဘူး' – မည်သည့်စကားကို အကြောင်းပြု၍ ကူဒိုက ထိုစကားကို ပြောခဲ့သနည်း။ ကုစာနာဂိက ပြန်တွေးကြည့်နေသည်။

'အခုချိန်ထိတောင် တချို့လူတွေက သူ့မျက်နှာကို မြင်ချင်လို့ တကူးတက ဈေးလာဝယ်တတ်ကြသေးတာ' ထိုစကားနှင့်အတူ မအီမသာ မျက်နှာထားဖြင့် ပြောဆိုနေသော ကူဒို၏ ရုပ်ပုံက သူ၏ အတွေးအာရုံထဲတွင် ထင်ဟပ်လာသည်။

ကုစာနာဂိသည် အသက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်ပြီး ခါးကို ဆတ်ခနဲ မတ်ပစ်လိုက်သည်။ သူ့မျက်နှာချင်းဆိုင်တွင် ထိုင်နေသော အမျိုးသမီးငယ်လေးက သူ့ကို ကြောက်လန့်တကြား စိုက်ကြည့်နေသည်။

သူသည် တံခါးပေါင်ပေါ်ရှိ ရထားလမ်းကြောင်း မြေပုံကို မော့ကြည့်လိုက်သည်။ ဟာမာချိဘူတာတွင် ဆင်းရမည်ဟု သူ တွေးနေမိသည်။

အခန်း (၁၁ - ခ)

ကားစတီယာရင်ကို မကိုင်ခဲ့ရသည်မှာ ကြာတောင့်ကြာခဲ ရှိလှပြီ။ သို့သော် မိနစ် ၃၀ ခန့် မောင်းနှင်ပြီးသောအခါတွင် ယခင်ကကဲ့သို့ ပြန်လည် အသားကျသွားသည်။ ကားရပ်နားနိုင်မည့် နေရာတစ်နေရာ ရရန်အတွက် နေရာလွတ်ရှာနေခြင်းကြောင့် အချိန် အတော်လေး ဖင့်သွားခဲ့သည်။ ကားကို မည်သည့်နေရာတွင် ရပ်ထားသည် ဖြစ်စေ၊ တခြားကားများကို ပိတ်ရပ်ထားသကဲ့သို့သာ ဖြစ်နေတော့မည်ဟု အိရှိုဂါမိ ယူဆမိသည်။ ကံကောင်းထောက်မစွာဖြင့် ကိုးရိုးကားရား ထိုးရပ်ထားသော ကုန်ကားငယ်တစ်စီးကို တွေ့လိုက်ရသည်။ ထို့ကြောင့် ထိုကားအနောက်တွင် ရပ်ထားရန် ဆုံးဖြတ်လိုက်သည်။

သူ့အနေဖြင့် အငှားယာဉ်ကို ဒုတိယအကြိမ်မြောက် ငှားရမ်း မောင်းနှင်ဖူးခြင်း ဖြစ်သည်။ တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က တစ်ကြိမ် မောင်းခဲ့ဖူးသည်။ ထိုစဉ်က ကျောင်းသားများနှင့်အတူ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လေ့လာရေးခရီးထွက်ရန် စီစဉ်သောအခါ ကားဖြင့် မဖြစ်မနေ သွားရမည် ဖြစ်သောကြောင့် ပထမဆုံးအကြိမ် ကားငှားခဲ့ရသည်။ ထိုစဉ်က ငှားခဲ့သော ကားမှာ လူခုနစ်ယောက် စီးနိုင်သည့် ဗန်ကားအမျိုးအစား ဖြစ်သည်။ ယခု ငှားထားသောကားမှာ ပြည်တွင်းဖြစ် ကားအသေးစား ဖြစ်သောကြောင့် မောင်းရသည်မှာ လွန်စွာ ပေါ့ပါးနေသည်။

အိရှိုဂါမိ၏ အကြည့်က သူ၏ ညာဘက်တွင် ရှိသော တိုက်ငယ်လေးတစ်လုံးပေါ်သို့ ကျရောက်သွားသည်။ အဆောက်အအုံပေါ်တွင် 'ဟိကာရိ ပုံနှိပ်လုပ်ငန်း' ဟု ရေးထားသော ဆိုင်းဘုတ်တစ်ခုကို တွေ့နိုင်သည်။ ၎င်းမှာ ကူဒို ကုနိအာကိ၏ ကုမ္ပဏီဖြစ်သည်။

ဤကုမ္ပဏီ၏ လိပ်စာကို ရရှိရန်မှာ ဘာမျှ အခက်အခဲ မရှိလှ။ ကုစာနာဂိထံမှ ကူဒိုဟူသော နာမည်နှင့် ပုံနှိပ်လုပ်ငန်း လုပ်သည်ဟူသော အချက်အလက်ကို ရရှိပြီဆိုလျှင်ဖြင့် အင်တာနက်ကို အသုံးပြု၍ ပုံနှိပ်လုပ်ငန်းရှင်များ၏ လိပ်စာများကို စုစည်းထားသည့် ဝက်ဆိုက်မှတစ်ဆင့် တိုကျိုရှိ ပုံနှိပ်ကုမ္ပဏီများကို ရွေးထုတ်နိုင်သည်။ ကုမ္ပဏီပိုင်ရှင် နေရာတွင် ကူဒို ဟူသော အမည်ရှိမရှိ တိုက်ရှာကြည့်လိုက်သောအခါ ဟိကာရိကုမ္ပဏီ ဖြစ်ကြောင်း သိလာရသည်။

ယနေ့ ကျောင်းဆင်းသည်နှင့် တစ်ပြိုင်နက် အိရှိုဂါမိသည်

ကားငှားကုမ္ပဏီသို့ ထွက်လာခဲ့သည်။ ထို့နောက် ကြိုတင်အမှာစာ တင်ထားသည့် ကားကို ငှားရမ်းပြီး ပုံနှိပ်ကုမ္ပဏီ ရှိရာသို့ မောင်းထွက်လာခဲ့သည်။

ကားငှားရသည်မှာ အန္တရာယ်တချို့တော့ ရှိသည်။ ပြန်၍ နောက်ကြောင်းလိုက်နိုင်သောကြောင့် ဖြစ်သည်။ သို့သော် ကောင်းကျိုးဆိုးပြစ်ကို အသေအချာ ဝေဖန်စိစစ်ပြီးမှသာ သူ ငှားရမ်းခဲ့ခြင်း ဖြစ်သည်။

ကားပေါ်ရှိ နာရီအရ အချိန်မှာ ညနေ ၅ နာရီ မိနစ် ၅၀ ဖြစ်သည်။ တိုက်ကြီး၏ ပင်မဝင်ပေါက်မှ လူပေါင်းများစွာ ဥဒဟို ဖြတ်သန်းသွားလာနေကြသည်။ ထိုလူများအတွင်းမှ ကူဒိုကို လှမ်းမြင်လိုက်ရသောအခါ အိရှိုဂါမိ၏ ခန္ဓာကိုယ်သည် အနည်းငယ် တောင့်တင်းသွားသည်။

သူသည် ဘေးထိုင်ခုံပေါ်ရှိ ကင်မရာကို လှမ်းယူပြီး ထိုလူအုပ်ရှိရာသို့ ကင်မရာဖြင့် လှမ်းချိန်လိုက်သည်။ ထို့နောက် မှန်ဘီလူးကို ချဲ့နိုင်သမျှ ချဲ့၍ ကူဒို၏ မျက်နှာကို ကြည်လင်စွာ မြင်တွေ့နိုင်ရန် ဖိုးကပ်ကို ချိန်ညှိလိုက်သည်။

ကူဒိုသည် ယခင်ကအတိုင်း ခေတ်ဆန်စွာ ဝတ်စားဆင်ပြင်ထားသည်။ အိရှိုဂါမိ အနေဖြင့် ထိုသို့သော အဝတ်အစားမျိုးကို မည်သည့်နေရာတွင် ဝယ်ယူ၍ ရနိုင်မည် ဆိုသည်ကိုပင် သိသူ မဟုတ်။ သေချာပါသည်။ ထိုသူမှာ ယာစုကို သဘောကျတတ်သော အမျိုးအစားပင် ဖြစ်သည်။ ယာစုကို တစ်ယောက်တည်းတင် က,မည် မထင်။ တစ်လောကလုံးရှိ မိန်းမများအားလုံးက မျက်စိကျလောက်သည့် အသွင်အပြင်ပင် ဖြစ်တော့သည်။ အကယ်၍ သူနှင့် ကူဒို နှစ်ဦးအကြားမှ တစ်ယောက်ယောက်ကို ထိုမိန်းမများအား ရွေးချယ်ခိုင်းမည် ဆိုလျှင် အားလုံးက ကူဒိုကိုသာ ရွေးချယ်ကြမည်သာ။

မနာလိုစိတ်ဖြင့် ကြည့်နေရင်းမှပင် အိရှိုဂါမိသည် ဓာတ်ပုံတစ်ပုံ ရိုက်ယူလိုက်သည်။ ကင်မရာပေါ်ရှိ ဖလက်မီးကို ပိတ်ထားသည်။ နေမဝင်သေးသောကြောင့် ပတ်ဝန်းကျင်မှာ လင်းလင်းကျင်းကျင်း ရှိနေသေးသည်။ LCD မျက်နှာပြင်ပေါ်တွင် ကူဒို၏ ရုပ်ပုံလွှာက ပြတ်ပြတ်သားသား ထင်ပေါ်နေသည်။

ကူဒိုသည် တိုက်၏ အနောက်ဘက်သို့ လှည့်ဝင်သွားသည်။ ထိုနေရာတွင် ကားရပ်နားကွင်းရှိကြောင်း အိရှိုဂါမိ လေ့လာထားပြီး ဖြစ်သည်။ သို့ဖြင့် ကားမောင်းထွက်လာမည့် ကူဒိုကို စောင့်နေရုံသာ။ တစ်ခဏအကြာတွင် အစိမ်းရောင် မာစီဒီးကားတစ်စီး မောင်းထွက်လာသည်။ ကားမောင်းသူမှာ ကူဒို ဖြစ်သည်ကို တွေ့မြင်လိုက်သည်နှင့် အိရှိုဂါမိ၏ ကားသည်လည်း စက်နှိုးပြီးသား ဖြစ်နေတော့သည်။

သူသည် မာစီဒီးကား၏ ဘရိတ်မီးကို အထူးအာရုံစိုက်၍ အနောက်မှ တကောက်ကောက် လိုက်လာခဲ့သည်။ သူ့အတွက် ကားမောင်းရသည်မှာ များစွာ အသားကျလှသေးသည် မဟုတ်။ ယခုကဲ့သို့ တခြားကားတစ်စီးကို နောက်ယောင်ခံ လိုက်ရသည်မှာ သူ့အတွက် ပို၍ပင် ခက်ခဲနေတော့သည်။ အဆိုးဆုံးမှာ မီးပွိုင့်မှ မီးစိမ်းနှင့် မီးနီအကူးအပြောင်းတွင် ဖြစ်သည်။ သို့သော် ကံကောင်းသည်ဟု ဆိုရမည်။ ကူဒိုသည် ကားကို အဘိုးကြီးမောင်း မောင်းတတ်သူ ဖြစ်သည်။ ကားကို ဖြည်းဖြည်းမှန်မှန်သာ မောင်းတတ်ပြီး မီးဝါတွေ့သည်နှင့် ကားကို ရပ်ပစ်တတ်သည်။

မာစီဒီးကားနှင့် တအား ကပ်လွန်းလျှင်လည်း သတိထားမိသွားမည်ကို စိုးရိမ်ရပြန်သည်။ သို့သော် မတတ်နိုင်။ အဆိုးဆုံး ဖြစ်နိုင်ခြေကို ကြိုတင်တွက်ဆထားပြီး ဖြစ်သောကြောင့် မျက်ခြည်မပြတ်အောင် အနောက်မှ ကပ်လိုက်နေရသည်။

ယခု မောင်းနှင်နေသော လမ်းကြောင်းကို မရင်းနှီးသောကြောင့် အိရိုဂါမိသည် ကားပေါ်ရှိ GPS လမ်းညွှန်မြေပုံကို မပြတ်ကြည့်၍ မောင်းနှင်လာခဲ့သည်။ ကြည့်ရသည်မှာ ကူဒိုသည် ရှီနာဂါဝါဘက်သို့ သွားနေခြင်း ဖြစ်မည်။

လမ်းမကြီးပေါ်ရှိ ကားအရေအတွက်မှာ များသည်ထက် များလာသဖြင့် နောက်ယောင်ခံ လိုက်ရသည့် အလုပ်မှာလည်း ခက်ခဲသည်ထက် ခက်ခဲလာသည်။ တစ်နေရာအရောက်တွင် သူ့ကားသည် မာစီဒီးနှင့် အတော်လေး အလှမ်းကွာသွားသောကြောင့် သူတို့၏ အကြားသို့ ကုန်တင်ကားတစ်စီး ကြားဖြတ် ဝင်ရောက်လာသည်။ သို့ဖြင့် မာစီဒီးကားကို သူ လုံးဝ မမြင်ရတော့ချေ။ အိရိုဂါမိသည် ယာဉ်ကြောပြောင်းရန် စိတ်ကူးနေစဉ်မှာပင် မီးပွိုင့်တွင် မီးနီပေါ်လာသောကြောင့် ကားကို ထိုးရပ်လိုက်ရသည်။ လမ်းဆုံတွင် မီးပွိုင့်စောင့်နေသော ကားမှာ သူ့အရှေ့တွင် ကုန်တင်ကားတစ်စီးသာ ရှိသည်။ မာစီးဒီးကား၏ အမြီးကိုပင် မမြင်ရတော့ချေ။

လွတ်ထွက်သွားပြီလော။ အိရိုဂါမိက စိတ်ပျက်လက်ပျက်ဖြင့် တောက်ခေါက်လိုက်သည်။

မီးစိမ်းသွားပြီးနောက် သူ ရှေ့သို့ ဆက်မောင်းလာပြီး နောက်ထပ် မီးပွိုင့်တစ်ခု အရောက်တွင် မီးနီကိုစောင့်ရင်း ညာဘက်သို့ ချိုးကွေ့ရန် နေရာယူထားသော မာစီဒီးကားတစ်စီးကို တွေ့လိုက်ရသည်။ ကူဒိုပင် ဖြစ်သည်။

ညာဘက်တွင် စားသောက်ဆိုင်တစ်ဆိုင် ရှိပြီး ထိုဆိုင်ထဲသို့ ချိုးဝင်ရန် ဟန်ပြင်ထားသည်။

အိရှိုဂါမိသည် တွန့်ဆုတ်မနေဘဲ အနောက်မှ ကပ်လိုက်သွားသည်။ ထိုသို့ ကပ်လိုက်နေခြင်းမှာ သံသယ ဝင်ချင်စရာ ကောင်းနေသော်လည်း သူ့အတွက် ရွေးစရာလမ်း မရှိတော့ပြီ။ နောက်တစ်ကြိမ် အပျောက်ခံ၍ မဖြစ်တော့။

မီးပွိုင့်စိမ်းသည်နှင့် တစ်ပြိုင်နက် မောင်းထွက်သွားသော ကူဒို၏ အနောက်သို့ အိရှိုဂါမိက ထက်ကြပ်မကွာ လိုက်ပါသွားသည်။ မာစီဒီးကားသည် စားသောက်ဆိုင်၏ ဝင်ပေါက်ဝကို ဖြတ်၍ မြေအောက် ကားရပ်နားကွင်းသို့ ဦးတည်သွားနေသည်။ အိရှိုဂါမိကလည်း အနောက်မှ ကပ်လျက်။

ကူဒိုသည် ပါကင်လက်မှတ်ကို စောင့်ယူနေစဉ် အနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အိရှိုဂါမိက ကိုယ်ကို အောက်သို့ လျှောချပြီး အလျင်အမြန် ကွယ်နေလိုက်ရသည်။ ကူဒိုက တစ်စုံတစ်ရာကို ရိပ်မိသွားသောကြောင့်လော မသိ။

ကားရပ်နားကွင်းထဲတွင် ကား များများစားစား မရှိ။ ကူဒိုသည် ကားကို ဝင်ပေါက်နှင့် အနီးဆုံးနေရာတွင် ရပ်လိုက်သည်။ အိရှိုဂါမိက မာစီဒီးနှင့် ခပ်လှမ်းလှမ်းတွင် ကားကို ရပ်ထားလိုက်သည်။ သူသည် ကားကို စက်သတ်ပြီး ကင်မရာကို ကောက်ကိုင်လိုက်သည်။

ကားပေါ်မှ ဆင်းလာသော ကူဒို၏ ပုံကို အိရှိုဂါမိက အမိအရ ဖမ်းရိုက်လိုက်သည်။ ကူဒိုသည် အိရှိုဂါမိ ရှိရာဘက်သို့ လှမ်းကြည့်နေသည်။ သူ သံသယ ဝင်နေပုံရသည်။ အိရှိုဂါမိက သူ မမြင်အောင် ကားထဲ ဝပ်နေရပြန်သည်။

ကူဒိုသည် စားသောက်ဆိုင် တံခါးဝသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ သူ့ကို လုံးဝ မမြင်ရသော အခါမှ အိရှိုဂါမိက ကားကို စက်ပြန်နှိုးလိုက်သည်။

ဤနှစ်ပုံ ရှိရုံနှင့် လုံလောက်ပြီ။

ကားရပ်နားချိန် တိုတောင်းလှသောကြောင့် ယာဉ်ရပ်နားခလည်း တစ်ပြားမျှ တောင်းခံခြင်း မရှိပေ။ အိရှိုဂါမိသည် စတီယာရင်ကို ဂရုတစိုက် ထိန်းကိုင်ရင်း လမ်းကျဉ်းလေးထဲသို့ မောင်းဝင်လာခဲ့သည်။

အိရှိုဂါမိသည် ထိုဓာတ်ပုံနှစ်ပုံနှင့် အတူတွဲရေးမည့် စာများကို စီကြည့်နေသည်။ ဦးနှောက်ထဲတွင် ပေါ်လာသော စာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

“ ခင်ဗျားနဲ့ မကြာမကြာ တွဲတွဲနေတဲ့ လူက ဘယ်သူလဲဆိုတာ ကျွန်တော် စုံစမ်းလို့ ရသွားပြီ။ ကျွန်တော် သူ့ဓာတ်ပုံကို ဘာကြောင့် ရိုက်ယူထားသလဲဆိုတာ ခင်ဗျား သဘောပေါက်မှာပေါ့။ ကျွန်တော် ခင်ဗျားကို မေးပါရစေဦး။ အဲဒီလူနဲ့

ခင်ဗျားက ဘယ်လို ပတ်သက်နေတာလဲ။ ခင်ဗျားတို့နှစ်ယောက်ရဲ့ ပတ်သက်မှုက သမီးရည်းစားအဆင့်ပါ ဆိုရင်တော့ ခင်ဗျား ကျွန်တော့်ကို ရက်ရက်စက်စက် သစ္စာဖောက်လိုက်တာပဲ။ ခင်ဗျားအတွက် ကျွန်တော် ဘာတွေ လုပ်ပေးခဲ့သလဲဆိုတာ ခင်ဗျား နည်းနည်းလေးမှ သတိမရတော့ဘူးလား။ ခင်ဗျားကို ကျွန်တော် ဒီကိစ္စမှာ အမိန့်ပေးပိုင်ခွင့် ရှိတယ်လို့ ကျွန်တော် ယူဆတယ်။ ခင်ဗျား အဲဒီလူနဲ့ ချက်ချင်း အဆက်အသွယ် ဖြတ်ပါ။ အဲဒီလို မလုပ်ခဲ့ရင်တော့ ကျွန်တော့်အဆိုး မဆိုပါနဲ့။ အဲဒီလူကို တိုင်ဂါရှိလို ဇာတ်သိမ်းသွားအောင် လုပ်လိုက်ဖို့ရာ ကျွန်တော့်အတွက် နည်းနည်းလေးမှ အခက်အခဲ မရှိဘူး။ အဲဒီလို လုပ်နိုင်ဖို့ အားလုံး အဆင်သင့် ဖြစ်နေသလို အချိန်မရွေးလည်း လုပ်လိုက်လို့ ရတယ်။ နောက်တစ်ခေါက် ထပ်ပြောပါရစေ။ တကယ်လို့ ခင်ဗျားသာ အဲဒီလူနဲ့ သမီးရည်းစား ဆက်ဆံရေးမျိုး ရှိနေခဲ့ရင် အဲဒီလို သစ္စာဖောက်မှုမျိုးကို ကျွန်တော် နည်းနည်းမှ သည်းခံနေမှာ မဟုတ်ဘူး။ ကျွန်တော် မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်စားချေရပါလိမ့်မယ်။ ”

အိရှိဂါမိသည် ထိုစကားလုံးများကို နောက်တစ်ကြိမ် ပြန်ရွတ်ကြည့်နေမိသည်။ ထိုစကားလုံးများသည် အမှန်ပင် ခြိမ်းခြောက်နိုင်စွမ်း ရှိပါ၏လော။ သူ တွေးနေမိသည်။

မီးပွိုင့် စိမ်းသွားပြီ။ အိရှိဂါမိသည် စားသောက်ဆိုင် အပေါက်ဝမှ ထွက်ခွာရန် ဟန်ပြင်နေစဉ်မှာပင် လမ်းပေါ်မှ တစ်စုံတစ်ရာကို မြင်၍ မျက်လုံးများ ပြူးကျယ်သွားသည်။

မျဉ်းကျားပေါ်မှတစ်ဆင့် လမ်းဖြတ်ကူး၍ စားသောက်ဆိုင်သို့ တန်းတန်းမတ်မတ် လျှောက်လာနေသော အမျိုးသမီးတစ်ယောက်။

ဟာနာအိုကာ ယာစုကို။

အခန်း (၁၂ - က)

ယာစုကိုသည် ကော်ဖီဘားထဲသို့ ဝင်လိုက်သောအခါ လူတစ်ယောက်၏ လက်ပြနှုတ်ဆက်သံကို ကြားလိုက်ရသည်။ ရေညှိစိမ်းရောင် ဂျက်ကက်အင်္ကျီကို ဝတ်ဆင်ထားသော ကူဒို။ ဆိုင်ထဲတွင် သုံးပုံတစ်ပုံမျှ လူပြည့်နေသည်။ စုံတွဲအချို့ ရှိပြီး အများစုမှာ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသည်။ သူမသည် ခေါင်းကို ငုံ့ကာ ကူဒိုရှိရာသို့ လျှောက်သွားသည်။

"အခုလို ရုတ်တရက် ခေါ်လိုက်ရတာ အားနာစရာ ဖြစ်နေပြီဗျာ" ကူဒိုက ပြုံးလျက် ပြောနေသည်။ "သောက်စရာ တစ်ခုခု မှာလိုက်ပါလား"

စားပွဲထိုးရောက်လာသောအခါ ယာစုကိုက လက်ဘက်ရည်အချိုတစ်ခွက် မှာလိုက်သည်။

"ဘာများ ဖြစ်လို့လဲ" သူမက မေးလိုက်သည်။

"ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး" ကူဒိုသည် ကော်ဖီခွက်ကို ကောက်ကိုင်ပြီး နှုတ်ခမ်းအနား တော့ပြီးကာမှ မသောက်သေးဘဲ ဆက်ပြောနေသည်။ "မနေ့က ကို့ကို ရဲလာရှာတယ်"

ယာစုကို၏ မျက်ခုံးများ ပင့်တက်သွားသည်။ "သူတို့ ....."

"ကို့အကြောင်း သူတို့ကို မင်း ပြောလိုက်တာလား"

"ဆောရီးပဲရှင်။ ရှေ့တစ်ခေါက်က ရှင်နဲ့ ညစာစားပြီး အိမ်ပြန်ရောက်တော့ သူတို့ အိမ်ကို ပေါက်ချလာတယ်။ ကျွန်မကို ဇွတ်အတင်း မေးနေတာကြောင့် ရှင်နဲ့ ညစာအတူ စားဖြစ်တဲ့အကြောင်း ပြောပြလိုက်ရတယ်။ ကျွန်မက အဲဒီကိစ္စကို မပြောဘဲ ဖုံးကွယ်ထားရင်လည်း သူတို့က ကျွန်မကို သံသယ ဖြစ်နေကြမှာဆိုတော့ ......"

ကူဒိုက လက်မြှောက်ကာ တားလိုက်သည်။

"ကို့ကို တောင်းပန်နေစရာ မလိုပါဘူး။ ကို မင်းကို အပြစ်တင်နေတာမှ မဟုတ်တာ။ နောက်နောင် ပေါ်ပေါ်ထင်ထင် တွေ့ဆုံနိုင်ဖို့အတွက် ကိုတို့ရဲ့ ဆက်ဆံရေးကို သူတို့ သိနေတာက ပိုတောင် အဆင်ပြေသေးတယ်"

"ဟုတ်လား" ယာစုကိုက စိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။

“ဟုတ်တယ်။ ဒါပေမယ့် အခုလောလောဆယ်တော့ ရဲတွေက ကိုတို့ကို သံသယမျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြဦးမှာပဲ။ စောစောကတောင် ဒီကိုလာတဲ့ လမ်းတစ်လျှောက်လုံး ကားတစ်စီးက အနောက်ကနေ တကောက်ကောက် လိုက်နေခဲ့သေးတယ်”

“ကားတစ်စီး?”

“အစကတော့ ကို သတိမထားမိဘူး။ အတော်လေး မောင်းလာပြီးမှ ကို့နောက်မှာ ကားတစ်စီး လိုက်နေမှန်း သတိထားမိတာပဲ။ ကို အထင်မှားတာ မဟုတ်ဘူး။ အဲဒီကားက ဒီဆိုင်ရဲ့ ကားပါကင်ထဲတောင် လိုက်ဝင်လာသေးတယ်”

ကူဒိုက ဘာမျှ မဖြစ်သလို ပြောပြနေသော်လည်း ယာစုကိုက သူ့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။

“နောက်တော့ရော။ ဘာဖြစ်သေးလဲ”

“မပြောတတ်ဘူးလေ” သူက ပခုံးတွန့်ပြသည်။ “သူ့ကားက အဝေးကြီးမှာ ရပ်ထားတာဆိုတော့ မျက်နှာလည်း ကောင်းကောင်း မမြင်ရဘူး။ နောက်တော့ မတွေ့တော့ဘူး။ မင်း ရောက်မလာခင် ကို ဘေးဘီကို သတိထား ကြည့်နေတာပဲ။ ဘယ်သူမှတော့ မတွေ့ဘူး။ ဒါမှမဟုတ် ကို မမြင်နိုင်တဲ့ တစ်နေရာကနေ စောင့်ကြည့်နေတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့”

ယာစုကိုက ကော်ဖီဘားထဲသို့ ဟိုဟိုဒီဒီ ဝေ့ကြည့်လိုက်သည်။ သံသယဖြစ်ဖွယ် တစ်စုံတစ်ဦးကိုမျှ မတွေ့ရ။

“ကြည့်ရတာ ရဲတွေက ရှင့်ကို သံသယ ဝင်နေပုံပဲ”

“သူတို့ရဲ့ ဇာတ်ညွှန်းအရ ဆိုရင် မင်းက လူသတ်မှုရဲ့ အဓိက တရားခံ။ ကိုက ကြံရာပါ။ မနေ့က လာရှာတဲ့ ရဲက ခပ်ဘွင်းဘွင်းပဲ၊ ကို့ကို အလီဘိုင် တောင်းနေသေးတာ”

လက်ဘက်ရည်တစ်ခွက် ရောက်လာသည်။ စားပွဲထိုး ပြန်ထွက်မသွားခင် ယာစုကိုက ပတ်ဝန်းကျင်ကို နောက်တစ်ကြိမ် ဝေ့ကြည့်လိုက်ပြန်သည်။

“တကယ်လို့ ရဲဘက်က စောင့်ကြည့်နေမယ်ဆိုရင် ကျွန်မတို့ကို အခုလို တွဲမြင်သွားတော့ ပိုလို့တောင် သံသယ ဝင်သွားဦးမယ်”

“ဘာအရေးလဲ။ ကို စောစောက ပြောခဲ့သလိုပေါ့။ ကို မင်းနဲ့ ပေါ်ပေါ်ထင်ထင်ပဲ ချိန်းတွေ့ချင်တယ်။ ခိုးကြောင်ခိုးဝှက် တွေ့နေကြရင် ပိုလို့တောင် သံသယဝင်ကြဦးမှာ။ အရေးကြီးဆုံးက ကိုတို့မှာ လူမြင်မခံဝံ့တာ

ဘာတစ်ခုမှမှ မရှိဘဲ” ကူဒိုသည် ဆိုဖာထိုင်ခုံပေါ်တွင် နောက်သို့ မှီထိုင်ပြီး လက်နှစ်ဘက်ကို ဖြန့်ကားထားလိုက်သည်။ သူ၏ ကိုယ်နေဟန်ထားက မည်သူ့ကိုမျှ မှုနေစရာ မလိုပဟု ဖော်ပြနေသယောင်။ ထို့နောက် ကော်ဖီခွက်ကို နှုတ်ခမ်းတွင်တေ့ပြီး စိမ်ပြေနပြေ သောက်နေလေသည်။

ယာစုကိုလည်း လက်ဘက်ရည်ခွက်ကို ကောက်ကိုင်လိုက်သည်။ “ရှင် အဲဒီလိုပြောတာ ကြားရတော့ ကျွန်မ ဝမ်းသာမိပါတယ်။ ဒါပေမယ့် ရှင့်ကို ဒုက္ခပေးသလို ဖြစ်သွားရင်တော့ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မတို့ လတ်တလော မတွေ့သေးဘဲ နေတာကမှ ပိုကောင်းမလား မသိဘူးနော်”

“မင်း အဲဒီလို ပြောလာလိမ့်မယ်လို့ ကို ထင်သားပဲ” ကူဒိုသည် ခွက်ကို ချထားပြီး ကိုယ်ကို ရှေ့သို့ တိုးလိုက်သည်။ “အဲဒါကြောင့်မို့လို့လည်း မင်းကို တကူးတက ခေါ်တွေ့ရတာပေါ့။ ကို့ကို ရဲတွေ လာတွေ့သွားတယ် ဆိုတာ မင်း တစ်ချိန်မဟုတ်တစ်ချိန် သိသွားမယ့်အတူတူ ကိုက အရင်ဦးအောင် ကြိုပြောထားလိုက်တာပဲ။ မင်းကို သိပ်ပြီး စိတ်ပူမနေစေချင်ဘူး။ ရှင်းရှင်းပြောရရင် ကိုကတော့ ကိုယ့်ကိုယ်ကိုယ် နည်းနည်းမှ စိတ်မပူပါဘူး။ သူတို့က ကိုယ့်အလီဘိုင်အကြောင်းကို မေးတယ်။ ကိုယ့်ကို သက်သေခံပေးမယ့်လူလည်း အဆင်သင့် ရှိတာ ဆိုတော့ အဲဒီရဲတွေက ကို့ကို မကြာခင်မှာပဲ စိတ်ဝင်စားတော့မှာ မဟုတ်ဘူး”

“အဲဒါဆို အကောင်းဆုံးပေါ့”

“ကိုက မင်းကို ပိုပြီး စိတ်ပူနေတာ” ကူဒိုက ပြောသည်။ “သူတို့က ကို့ကို ကြံရာပါ မဟုတ်ကြောင်း စစ်ဆေးဖို့ သိပ်ကြာလိုက်မယ် မထင်ဘူး။ ဒါပေမယ့် သူတို့က မင်းကို အခုချိန်ထိ ကျားပိန်တွယ် တွယ်နေကြတော့ မင်းကို တရားခံပါလို့ အသေသတ်မှတ်ထားပုံ ရတယ်။ သူတို့က မင်းကို ရှေ့လျှောက် အခုလိုဆက်ပြီး ဒုက္ခပေးနေဦးမယ်ဆိုတာ တွေးလိုက်မိတိုင်း ကို့စိတ်ထဲ နေလို့ထိုင်လို့ လုံးဝ မကောင်းဘူး”

“မတတ်နိုင်ဘူးလေ။ တိုဂါရှိ မသေခင်က ကျွန်မကို ရှာနေခဲ့တာကိုး”

“အဲဒီအကောင်က တကယ် ငြိုပ်ဆိုးပဲ။ လူ သေသွားတာတောင် ဒုက္ခက ဆက်ပေးနေသေးတုန်း” ကူဒိုသည် စိတ်မကောင်းသည့် ဟန်ဖြင့် ယာစုကိုကို စိုက်ကြည့်နေသည်။ “မင်းနဲ့ အဲဒီလူသတ်မှုက ဘယ်လိုမှ မပတ်သက်ဘူး မဟုတ်လား။ အခုလို မေးရတာက မင်းကို မယုံကြည်လို့ မဟုတ်ပါဘူး။ မင်းနဲ့ တိုဂါရှိအကြားမှာ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ ကို့ကို ပွင့်ပွင့်လင်းလင်း ပြောပြစေချင်ရုံ သက်သက်ပါ”

ယာစုကိုသည် ကူဒို၏ ယောက်ျားပီသသော မျက်နှာသွင်ပြင်ကို စိုက်ကြည့်နေမိသည်။ ဤသည်မှာ သူမကို ရုတ်တရက် ခေါ်တွေ့ရခြင်း၏ အဓိက ရည်ရွယ်ချက်လော။ သူမကို သူ သံသယ ဝင်လာနေပြီလော။ အပြည့်အဝ ယုံကြည်မထားသည်တော့ သေချာနေသည်။

ယာစုကိုက ခပ်ယဲ့ယဲ့ ပြုံးပြလိုက်သည်။ "စိတ်ချပါ။ ကျွန်မနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"ကို ယုံပါတယ်။ ဒါပေမယ့် မင်း ပါးစပ်က ကိုယ်တိုင် ထုတ်မပြောမချင်း ကို စိတ်မချနိုင်လို့ပါ" ကူဒိုက ခေါင်းဆတ်ပြပြီး နာရီကို ငုံ့ကြည့်လိုက်သည်။ "အခု ဒီရောက်နေမယ့်အတူတူ ညစာအတူ သွားစားရအောင်လား။ စားကောင်းတဲ့ အကင်ဆိုင်တစ်ဆိုင် တွေ့ထားတာ ရှိတယ်"

"ဆောရီးပဲရှင်။ ဒီည မိစာတိုကို ဘာမှ မပြောခဲ့ရဘူး"

"ဪ ... ဒါဆိုလည်း အတင်း မခေါ်တော့ပါဘူး" ကူဒိုသည် ပြေစာကို ကောက်ကိုင်ပြီး မတ်တတ်ရပ်လိုက်သည်။ "သွားကြစို့"

ပိုက်ဆံရှင်းနေသော အချိန်တွင်လည်း ယာစုကိုသည် ဆိုင်လေးဘက်လေးတန်ကို ဝေ့ကြည့်လိုက်မိပြန်သည်။ သံသယရှိဖွယ် လူတစ်ဦးတစ်ယောက်မျှ မတွေ့။

ကူဒိုအပေါ်တွင် မတရားသကဲ့သို့ ဖြစ်နေသော်လည်း သူ့အပေါ်တွင် ရှိနေသော သံသယများကို ရဲဘက်မှ မဖယ်ရှားနိုင်သေးသရွေ့ ယာစုကိုအတွက် အန္တရာယ် ကင်းနေဦးမည်သာ။ ရဲဘက်မှ သူ့ကို သံသယ ဝင်လေလေ၊ အမှန်တရားနှင့် အလှမ်းဝေးလေလေ ဖြစ်နေတော့မည်။

ကူဒိုနှင့် သူမ၏ ဆက်ဆံရေးကို မိတ်ဆွေအဆင့်မှ ချစ်သူအဆင့်သို့ ဤမျှမြန်မြန် တိုးမြှင့်သွားရန် သင့်လျော်ပါ၏လော။ ယာစုကိုက ဤကိစ္စနှင့် ပတ်သက်၍ ချီတုံချတုံ ဖြစ်နေဆဲ။ အမှန်အတိုင်း ဝန်ခံရလျှင် သူမအနေဖြင့် ထိုသူနှင့် ပိုမို၍ နီးစပ်လိုသည်။ သို့သော် သူမ မျှော်လင့်ထားသည့်အတိုင်း အကောင်အထည် ပေါ်လာပြီဆိုလျှင် ပို၍ ကြီးမားသော အန္တရာယ်တစ်ခုကို လက်ယပ်ခေါ်လိုက်သကဲ့သို့ ဖြစ်သွားဦးမည်ကို သူမ စိုးရိမ်မိသည်။ ခံစားချက်ကင်းမဲ့လှသော အိရှိဂါမိ၏ မျက်နှာပြင်ကို သူမ မြင်ယောင်လာသည်။

"ကို မင်းကို လိုက်ပို့မယ်လေ" ကူဒိုက ပိုက်ဆံရှင်းပြီးနောက် ပြောသည်။

"ရပါတယ်။ ကျွန်မ ဓာတ်ရထားစီးပြီးတော့ ပြန်လိုက်မယ်"

"ကိစ္စ မရှိပါဘူး။ ကို လိုက်ပို့ပေးမယ်"

"ဟင့်အင်း၊ တကယ် မလိုအပ်ပါဘူး။ လမ်းကြုံတုန်း ကျွန်မ ပစ္စည်းနည်းနည်း ဝင်ဝယ်လိုက်ချင်သေးလို့"

"အင်း ....." စိတ်ထဲမှ အလိုမကျ ဖြစ်နေသော်လည်း ကူဒိုသည် သူမကို ပြုံးပြလိုက်သည်။ "ဒါဆို နောက်မှ ထပ်တွေ့ကြတာပေါ့။ ကို မင်းဆီ ဖုန်းခေါ်လာခဲ့မယ်"

"လက်ဘက်ရည်အတွက် ကျေးဇူးပါရှင်" ပြောပြီး ဆိုင်ထဲမှ ယာစုကို လှည့်ထွက်လာခဲ့သည်။

ရှိနာဂါဝါဘူတာဘက်သို့ သွားသော မျဉ်းကျားကို ကူးပြီးသောအခါ သူမ၏ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ သူမသည် လမ်းလျှောက်ရင်း ဖုန်းကို ဆွဲထုတ်၍ ဖုန်းမျက်နှာပြင်ကို ကြည့်လိုက်သည်။ စာယိုကို၏ ဖုန်းနံပါတ်။

"ဟယ်လို"

"ယာစုကိုလား၊ ငါ စာယိုကိုပါ။ အခု ဖုန်းပြောလို့ အဆင်ပြေတယ်မလား" သူမ၏ အသံထဲတွင် စိုးရိမ်စိတ်တို့ ရောစွက်နေသည်။

"ပြေပါတယ်။ ပြောလေ"

"စောစောက နင် ဆိုင်ကနေ ထွက်သွားပြီးတော့ ရဲတွေ ရောက်လာပြန်တယ်။ ငါ့ကို အတော် ထူးဆန်းတဲ့ မေးခွန်းမေးသွားတယ်။ အဲဒါ နင် သိသင့်တယ် ထင်လို့ ဖုန်းဆက်လိုက်တာ"

ယာစုကိုသည် ဖုန်းကို ကိုင်ထားရင်း မျက်စိကို စုံမှိတ်လိုက်သည်။ လာပြန်ပြီ ဒီရဲ။ ထိုသူတို့သည် သူမကို မလှုပ်နိုင် မရှားနိုင်အောင် ပင့်ကူအိမ်ကဲ့သို့ လေးဘက်လေးတန်မှ ရစ်ပတ်တုပ်နှောင်နေကြသည်။

"ထူးဆန်းတဲ့မေးခွန်း? သူတို့က ဘာမေးလို့လဲ" သူမက စိတ်မသက်မသာဖြင့် မေးလိုက်သည်။

"ရဲတွေက ဟိုကျောင်းဆရာအကြောင်း မေးနေတာ။ သူ့နာမည်က အိရှိဂါမိ မဟုတ်လား"

ထိုစကားကြောင့် ယာစုကို၏ လက်ထဲမှ ဖုန်းကို လွတ်ကျသွားတော့မယောင် ဖြစ်သွားလေသည်။

"သူက ဘာဖြစ်လို့လဲ" သူမ၏ အသံမှာ တုန်ယင်နေသည်။

"နင့်ကို တွေ့ချင်လို့ တမင်သက်သက် ဈေးလာဝယ်တဲ့ ဈေးဝယ်ရှိတယ်လို့ ရဲတွေက သတင်းကြားထားတယ်တဲ့။ အဲဒါ ဘယ်သူလဲလို့ သူတို့က လာစုံစမ်းနေတာ။ သူတို့က မစ္စတာကူဒိုဆီကနေ ကြားလာခဲ့တာ ထင်တယ်"

"မစ္စတာကူဒို?"

အဘယ်ကြောင့် သူက ပါလာရပြန်သနည်း။ ယာစုကို နားမလည်နိုင်အောင် ဖြစ်နေသည်။

"ငါ သေချာပြန်စဉ်းစားကြည့်တော့ အရင်က မစ္စတာကူဒိုကို ငါ ပြောခဲ့ဖူးတာ ရှိတယ်။ နင့်ကို တွေ့ချင်လို့ မနက်တိုင်း ဟင်းလာဝယ်နေတဲ့ ဈေးဝယ်ရှိတယ်လို့။ အဲဒီစကားကို ရဲတွေဆီ သူ ပြောပြလိုက်တာ ဖြစ်မယ်"

ယခုမှ လိပ်ပတ်လည်လာသည်။ ရဲများသည် ကူဒိုကို မေးမြန်းပြီးနောက် သူ့စကား မှန်မမှန်ကို အတည်ပြုနိုင်ရန် ဘန်တန်တိုင်သို့ သွားခဲ့ခြင်း ဖြစ်မည်။

"အဲ့တော့ နင် ဘယ်လို ဖြေလိုက်လဲ"

"ငါက ငြင်းနေလည်း အပိုပါပဲဆိုပြီး အမှန်အတိုင်း ပြောပြလိုက်တယ်လေ။ အဲဒါ နင့်ဘေးအိမ်က ကျောင်းဆရာပဲလို့။ ဒါပေမယ့် ငါ ဖြည့်ပြောလိုက်ပါသေးတယ်။ အဲဒီဆရာက နင့်ကို တွေ့ဖို့အတွက် တကူးတက လာတယ် ဆိုတာက ငါတို့ လင်မယားရဲ့ စိတ်အထင် သက်သက်ပါလို့"

ယာစုကို၏ နှုတ်ခမ်းများ ခြောက်သွေ့လာသည်။ ရဲများ၏ မြားဦးသည် အိရှိဂါမိထံသို့ ဦးတည်လာချေပြီ။ ကူဒို၏ စကားတစ်ခွန်းတည်းကြောင့်ပေလော။ သို့တည်းမဟုတ် တခြား အကြောင်းအရင်း ရှိသေးသလော။

"ဟယ်လို? ယာစုကို?" စာယိုကိုက အော်ခေါ်နေသည်။

"အင်း၊ ရှိတယ်"

"ငါ အဲဒီလို ဖြေလိုက်လို့ ဘာပြဿနာမှ မရှိဘူး မဟုတ်လား"

'ပြဿနာက အကြီးကြီးပဲ' ထိုစကားကို သူမ သေတောင် ပြော၍ မဖြစ်။

"ကိစ္စ မရှိပါဘူး။ ငါနဲ့ သူကလည်း ဘာမှမှ မပတ်သက်တာ"

"ဟုတ်တာပဲ။ ငါ နင့်ကို ပြောပြချင်တာ အဲဒါပါပဲ"

"အင်း၊ ကျေးဇူးပဲ"

ယာစုကို ဖုန်းချလိုက်သည်။ ဗိုက်ထဲတွင် အော်ဂလီဆန်လာပြီး အန်ချင်သလိုလို ဖြစ်လာသည်။

တိုက်ခန်းသို့ ပြန်ရောက်သည့်အထိ ယာစုကိုမှာ တစ်လျှောက်လုံး အီလည်လည် ဖြစ်နေသည်။ လမ်းတစ်ဝက်တွင် စူပါမားကတ်သို့ ဝင်၍ သူမ ဈေးဝယ်ခဲ့သေးသည်။ သို့သော် မည်သည့် ပစ္စည်းများကို ဝယ်ယူသနည်း ဆိုသည်ကိုမူ သူမ မမှတ်မိတော့ပေ။

အိရှိဂါမိသည် ကွန်ပျူတာအရှေ့တွင် ထိုင်နေစဉ် တစ်ဘက်ခန်းမှ တံခါးဖွင့်ပိတ်သံကို ကြားလိုက်ရသည်။ ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် ဓာတ်ပုံသုံးပုံကို တွေ့မြင်နိုင်သည်။ နှစ်ပုံမှာ ကူဒို၏ပုံ ဖြစ်ပြီး ကျန်တစ်ပုံမှာ စားသောက်ဆိုင်ထဲသို့ ဝင်သွားသော ယာစုကို၏ ပုံဖြစ်သည်။ သူတို့နှစ်ယောက် အတူထိုင်နေသော ပုံကို ရိုက်ယူထားချင်သော်လည်း ကူဒို တွေ့သွားမည်ကို စိုးရိမ်သောကြောင့် မရိုက်ဖြစ်ခဲ့။ ယာစုကို တွေ့သွားလျှင်လည်း ပြဿနာ ရှုပ်ထွေးလာနိုင်သည်။

အိရှိဂါမိက အဆိုးဆုံး အခြေအနေအတွက် ကြိုတင် ပြင်ဆင်ထားသည်။ ထိုအချိန်ရောက်လျှင် ဤဓာတ်ပုံများက အသုံးတည့်လာနိုင်သည်။ သို့သော် ဤဓာတ်ပုံများကို အသုံးချရမည့် အခြေအနေသို့ ဆိုက်ရောက်မသွားစေရန် တတ်အားသမျှ သူ ကာကွယ်သွားရမည်သာ။

သူသည် စားပွဲပေါ်ရှိ နာရီကို ငေးကြည့်ပြီး မတ်တတ်ရပ်လိုက်သည်။ ၈ နာရီ ထိုးတော့မည်။ ယာစုကိုနှင့် ကူဒိုတို့၏ ဆုံတွေ့ချိန်မှာ ကြာလှသည် မဟုတ်။ ထိုအချက်က သူ့ကို နှစ်သိမ့်မှု ရစေသည်။

သူသည် ဖုန်းကတ်ကို အိတ်ထဲသို့ ထည့်၍ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ မိမိကို နောက်ယောင်ခံ လိုက်နေမည့်သူ ရှိမရှိ ဆိုသည်ကို အကဲခတ်၍ ယခင်ကအတိုင်း ညမှောင်မှောင်ထဲတွင် ခြေလှမ်းများကို လှမ်းနေခဲ့သည်။

အိရှိဂါမိသည် ကုစာနာဂိအကြောင်းကို စဉ်းစားနေမိသည်။ သူ၏ နှုတ်မှ ယာစုကို၏ အကြောင်းများကိုသာ မေးမြန်းနေသော်လည်း သူအမှန်တကယ် စုံစမ်းချင်နေသည်မှာ ယုကာဝါ၏ အကြောင်းသာ ဖြစ်ကြောင်း အိရှိဂါမိက ရိပ်စားမိနေသည်။ ထိုသူနှစ်ဦးသည် မည်သို့ ပြောခဲ့ဆိုခဲ့ကြသနည်း။ မိမိအား သံသယ ဝင်နေခြင်း ရှိမရှိ ဆိုသည့်အချက်ကို အိရှိဂါမိအနေဖြင့် မည်သို့မျှ ခန့်မှန်းတွက်ဆ၍ မရနိုင်အောင် ဖြစ်နေသည်။ သို့ဆိုလျှင် သူ မည်သို့

ဆက်လှမ်းရမည်ကို ဆုံးဖြတ်ရန် ခဲယဉ်းနေပေတော့မည်။

သူ သုံးနေကျ ဖုန်းရုံမှ ယာစုကိုထံသို့ ဖုန်းခေါ်လိုက်သည်။ ဖုန်းမြည်သံ သုံးခါ ကြားရပြီးနောက် ဖုန်းဝင်သွားသည်။

"ကျွန်တော်ပါ" အိရှိုဂါမိက ပြောသည်။ "အခုချိန် ဖုန်းပြောလို့ အဆင်ပြေတယ်မလား"

"ပြေပါတယ်"

"ဒီနေ့ ဘာအကြောင်း ထူးသေးလဲ"

သူမနှင့် ကူဒိုတို့ မည်သည့်စကားများ ပြောခဲ့ကြသနည်းဟု သူ မေးလိုက်ချင်သည်။ သို့သော် မေးခွန်းက ပါးစပ်ထဲမှ ထွက်ကျမလာခဲ့။ သူတို့နှစ်ဦး တွေ့ဆုံခဲ့ကြောင်းကို သိနေခြင်းမှာလည်း သူ့အတွက် သဘာဝ မကျလှပေ။

"ဟိုလေ ....." ယာစုကို၏ အသံက တိမ်ဝင်ပျောက်ကွယ်သွားသည်။

"ဘာကိစ္စလဲ။ ဘာပြဿနာ ရှိလို့လဲ" ကူဒိုထံမှ သူမ ဘာတွေ ကြားခဲ့ရသနည်း။ အိရှိုဂါမိက တွေးနေသည်။

"ဆိုင်မှာ .... ရဲတွေ ဒီနေ့ ဘန်တန်တိုင်ကို ရောက်လာသေးတယ်။ ပြီးတော့ ..... ရှင့်အကြောင်းကို စုံစမ်းနေတာ"

"ကျွန်တော့်အကြောင်း? ဘယ်လို စုံစမ်းတာလဲ" အိရှိုဂါမိက တံတွေးကို မျိုချလိုက်သည်။

"ကျွန်မ ဘယ်လို ရှင်းပြရမယ်မှန်း မသိတော့ဘူး။ ..... ပွင့်ပွင့်လင်းလင်း ပြောရရင် ဆိုင်က လူတွေက ဟိုးအရင်ကတည်းက ရှင့်အကြောင်းကို ပြောနေကြတာ ..... ရှင် ကြားရင် သဘောကျမယ် မထင်ဘူး"

ပြောသင့်သော စကားကို ထုတ်မပြောဘဲ ဝေ့လည်ကြောင်ပတ် လုပ်နေသောကြောင့် အိရှိုဂါမိမှာ စိတ်မရှည်နိုင်အောင် ဖြစ်လာတော့သည်။ ယာစုကိုသည် သချာည့်သူတစ်ယောက် ဖြစ်ရမည်ဟု သူ အတပ် ပြောနိုင်သည်။

"ကျွန်တော် စိတ်မဆိုးပါဘူး။ ခင်ဗျား ပြောစရာရှိတာကို ဘွင်းဘွင်းသာ ပြောပါ။ ဆိုင်ကလူတွေက ကျွန်တော့်အကြောင်း ဘာ ပြောကြတာလဲ" သူ၏ အကျည်းတန်မှုကို လှောင်ပြောင်နေခြင်းသာ ဖြစ်ရမည်ဟု အိရှိုဂါမိက တွေးနေသည်။

“အဲဒီလို မဖြစ်နိုင်ဘူးလို့ ကျွန်မက ငြင်းခဲ့တာပဲ။ ဒါပေမယ့် ဆိုင်ကလူတွေက …… သူတို့က ပြောတယ်။ ရှင်က ကျွန်မကြောင့် ဆိုင်မှာ ဟင်းလာဝယ်တာတဲ့ …..”

“ဘာ?” အိရှိုဂါမိသည် လောကကြီးနှင့် တဒင်္ဂမျှ အဆက်အသွယ် ပြတ်သွားသည်။

“ဆောရီးပါရှင်။ သူတို့က နောက်နေကြတာပါ။ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး။ အဲဒီကိစ္စကိုလည်း သူတို့ အတည်ယူလိမ့်မယ်လို့ ကျွန်မ မထင်ဘူး” ယာစုကိုက ကြိုးစား၍ ဖြေရှင်းနေသည်။ သို့သော် အိရှိုဂါမိ၏ နားထဲသို့ ထိုစကားများက မဝင်တစ်ချက် ဝင်တစ်ချက်။

ယာစုကိုမှတစ်ပါး တခြားလူများက သူ့ကို ဤသို့ မြင်နေကြသည်ကော။

သူတို့ နားလည်မှု လွဲနေကြခြင်း မဟုတ်။ သူသည် ယာစုကိုကို တွေ့လိုသောကြောင့်သာလျှင် နေ့တိုင်း နံနက်တိုင်း ဆိုင်သို့သွားပြီး ဟင်းဝယ်နေခြင်း ဖြစ်သည်။ ထိုသို့ ‘လျှောက်ပြန်သံပေး’ ပြုလုပ်နေရသည့် ရည်ရွယ်ချက်ကို ကာယကံရှင်ဖြစ်သူ သူမက သတိထားမိပါစေဟု သူ မသိစိတ်ထဲမှ မျှော်လင့်နေမိသည်။ သို့သော် သူမ၏ ပတ်ဝန်းကျင်မှ လူများကပါ သူ့ကို ထိုသို့ မြင်နေကြသည်ဟု သိရသောအချိန်၌ သူ့တစ်ကိုယ်လုံး ထူပူသွားလေသည်။ သူကဲ့သို့ ရုပ်ရည်ချူချာသော လူတစ်ယောက်က ထိုသို့သော မိန်းမချောတစ်ယောက်ကို ချစ်ကြိုက်နေသည်ဟု သိသွားသောအခါတွင် အဘယ်သူက မပြောင်မလှောင်ဘဲ နေနိုင်ပါအံ့နည်း။

“ရှင် စိတ်ဆိုးသွားတာလား” ယာစုကိုက မေးသည်။

အိရှိုဂါမိက ချောင်းဟန့်၍ ခံတွင်းကို ရှင်းလိုက်သည်။ “မဆိုးပါဘူး။ …. ဒီတော့ ရဲတွေက ဘာမေးတာလဲ”

“ရဲတွေကလည်း အဲဒီသတင်းကို ကြားပြီး ဆိုင်ကို ရောက်လာတယ်။ အဲဒီဈေးဝယ်က ဘယ်သူလဲလို့ လာမေးတယ်။ သူတို့က ရှင်ပါလို့ ပြောလိုက်ကြတယ်”

“ဩော်” အိရှိုဂါမိ၏ ကိုယ်တွင် ရှိန်းတိန်းဖိန်းတိန်းနှင့် ပူလောင်နေဆဲ။ “ရဲတွေက အဲဒီသတင်းကို ဘယ်က ရတာတဲ့လဲ”

“အဲဒါ ….. ကျွန်မလည်း ကောင်းကောင်း မသိဘူး”

“သူတို့က ဒီတစ်ခုပဲ မေးတာလား”

"ဟုတ်မယ်"

အိရှိုဂါမိက ဖုန်းလက်ကိုင်ကို လက်ဖြင့် ဆုပ်ကိုင်ထားရင်း ခေါင်းညိတ်လိုက်သည်။ သူ့တွင် တွေဝေနေဖို့ အချိန် မရှိ။ မည်သို့သော အကြောင်းကြောင့် ထိုသို့ ဖြစ်ပျက်လာရသနည်း ဆိုသည်ကို ကောင်းစွာ သိရှိထားခြင်း မရှိသော်လည်း ရဲအဖွဲ့၏ မြားဦးသည် သူ့ထံသို့ တဖြည်းဖြည်းချင်း ဦးလှည့်လာနေသည် ဆိုသည့်အချက်မှာ ငြင်းမရနိုင်သော အမှန်တရား ဖြစ်သည်။

"သမီးရော ဘေးနားမှာ ရှိလား" သူက မေးသည်။

"မီစာတိုလား။ ရှိတယ်"

"သူနဲ့ ပြောလို့ရမလား"

"အင်း"

အိရှိုဂါမိသည် သူ့မျက်လုံးများကို စုံမှိတ်လိုက်သည်။ ကုစာနာဂိတို့သည် မည်သို့ ကြံစည်နေကြမည်နည်း။ မည်သည့်ပုံစံဖြင့် လှုပ်ရှားကြမည်နည်း။ နောက်တစ်လှမ်းအနေဖြင့် သူတို့ ဘာလုပ်လာနိုင်သနည်း။ သူ၏ အာရုံများကို စုစည်းလိုက်ပြီး ထိုမေးခွန်းကို စဉ်းစားဆင်ခြင်ကြည့်နေသည်။ သူ၏ အတွေးပင်လယ်ထဲတွင် ယုကာဝါ၏ မျက်နှာက ရုတ်တရက် ဘွားခနဲ ထွက်ပေါ်လာသည်။ ထိုရူပဗေဒ ပညာရှင်ကြီးသည် မည်သည့် အခန်းကဏ္ဍတွင် မည်သို့ ပါဝင်ပတ်သက်နေသနည်း။

"ဟယ်လို" မိန်းမငယ်တစ်ဦး၏ အသံက နားထဲသို့ တိုးဝင်လာသည်။

"အိရှိုဂါမိပါ" သူက ဆက်ပြောသည်။ "၁၂ ရက်နေ့က သမီးနဲ့ ရုပ်ရှင်အကြောင်း ပြောဖြစ်တဲ့ သူငယ်ချင်းနာမည်က မီကာ မဟုတ်လား"

"ဟုတ်။ အဲဒီအကြောင်း သမီး ရဲတွေကို ပြောပြပြီးပြီ"

"အင်း။ ဦး မှတ်မိတယ်။ နောက် သူငယ်ချင်းတစ်ယောက် ရှိသေးတယ်လေ။ သူ့နာမည်ကရော ..... ဟာရုကာ ထင်တယ်"

"ဟုတ်တယ်။ တာမာအိုကာ ဟာရုကာ"

"သမီး သူ့ကိုလည်း ရုပ်ရှင်ကြည့်တဲ့အကြောင်း ပြောပြဖူးတယ် မဟုတ်လား။ အဲဒီအကြိမ်အပြင် နောက်ပိုင်းရော သူနဲ့ ပြောဖြစ်သေးလား"

"ဟင့်အင်း။ သူနဲ့ တစ်ခါပဲ ပြောဖူးတယ်။ ပြောလည်း နည်းနည်းပဲ"

“သူ့အကြောင်း ရဲတွေကို မပြောရသေးဘူးမလား”

“ဟင့်အင်း။ မီကာအကြောင်းကိုပဲ ပြောဖူးတယ်။ သူ့အကြောင်း မပြောနဲ့ဦးလို့ ဦးက သမီးကို မှာထားဖူးတယ်လေ”

“ဟုတ်တယ်။ ဒါပေမယ့် သမီး အခု ပြောလို့ရပြီ”

အိရှိုဂါမိသည် ပတ်ဝန်းကျင်ကို အကဲခတ်နေရင်း ဆက်လုပ်ရမည့် အလုပ်များကို မီစာတိုအား အသေးစိတ် ညွှန်ကြားနေလေသည်။

တင်းနစ်ကွင်းအနီးရှိ မြေကွက်လပ်ထဲမှ မီးခိုးများ အူထနေသည်။ ထိုအနားသို့ ကုစာနာဂိ ရောက်သွားသောအခါ ဓာတ်ခွဲခန်းဝတ်စုံကို ဝတ်ဆင်ထားသော ယုကာဝါသည် အကျီလက်ရှည်ကို လက်မောင်းအထက်သို့ ရောက်အောင် ခေါက်တင်ထားလျက် သံပုံးအလွတ် တစ်လုံးထဲသို့ တုတ်တစ်ချောင်းဖြင့် ထိုးနေသည်ကို တွေ့ရသည်။ မီးခိုးများမှာ ထိုနေရာမှ အူထွက်နေခြင်း ဖြစ်သည်။

ခြေသံကြားရသောကြောင့် ယုကာဝါက နောက်ပြန် လှည့်ကြည့်သည်။

"မင်းက ငါ့အနောက်ကို တကောက်ကောက် လိုက်နေတော့တာပဲနော်"

"ရဲတွေရဲ့ အလုပ်က သံသယဖြစ်စရာလူကို တွေ့ရင် မျက်ခြည်မပြတ် လိုက်ကြည့်နေရတာပဲ"

"ငါ့ကို သံသယ ဖြစ်နေတယ် ဆိုပါတော့" ယုကာဝါက မျက်လုံးကို မှေးစင်းလျက် မေးသည်။ "ကိုယ့်ရဲ့အမြင်ကို သတ္တိရှိရှိ ထုတ်ပြောရဲတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်။ မင်း အဲဒီအရည်အချင်းကို ဆက်ထိန်းထားနိုင်ရင် ရှေ့လျှောက် မင်းအတွက် တက်လမ်းချည်းပဲကွ"

"မင်းကို ဘာကြောင့် သံသယ ဝင်နေတာလဲလို့ ငါ့ကို မမေးတော့ဘူးလား"

"မလိုပါဘူးကွာ။ ဘယ်ခေတ်ကာလပဲ ရောက်ရောက်၊ သိပ္ပံပညာရှင်တွေကို လူတွေက သံသယမျက်လုံးတွေနဲ့ပဲ ကြည့်နေတတ်ကြတာ မဟုတ်လား" ပြောပြီး ယုကာဝါသည် သံပုံးထဲသို့ တစ်စုံတစ်ခု ထိုးထည့်နေသည်။

"မင်း ဘာတွေ ရှို့နေတာလဲ"

"ဘာမှ မဟုတ်ပါဘူး။ အသုံးမလိုတော့တဲ့ စာရွက်စာတမ်းတွေပါ။ စက္ကူဖျက်စက်ကို ငါ မယုံဘူး" ယုကာဝါသည် အနီးရှိ ရေပုံးကို ယူ၍ သံပုံးထဲသို့ လောင်းချလိုက်သည်။ ဗွမ်းဟူသော အသံနှင့်အတူ အဖြူရောင် မီးခိုးများ လွင့်ပျံတက်လာသည်။

"ငါ မင်းကို မေးစရာ ရှိတယ်။ ရဲတစ်ယောက်အနေနဲ့ မေးမှာ"

"မင်းက ဒီနေ့ တကယ့်ကို မုဒ်အပြည့်နဲ့ပါလား" သံပုံးထဲတွင် မီးငြိမ်းသွားခြင်း ရှိမရှိ ဆိုသည်ကို စစ်ဆေးပြီးနောက် ယုကာဝါသည် ရေပုံးကိုင်ကာ

ထွက်ခွာသွားသည်။

ကုစာနာဂိက သူ့အနောက်မှ လိုက်သွားသည်။ “ငါ မနေ့က ဘန်တန်တိုင်ကို ရောက်ခဲ့သေးတယ်။ အဲဒီကနေ စိတ်ဝင်စားစရာ သတင်းတစ်ခု ကြားခဲ့တယ်။ မင်း မကြားချင်ဘူးလား”

“မကြားချင်ဘူး”

“မင်း မကြားချင်လည်း ငါ ပြောရမှာပဲ။ မင်းရဲ့ သူငယ်ချင်း အိရှိဂါမိက ဟာနာအိုကာ ယာစုကိုကို ခရက်ရှ်နေတယ်”

ယုကာဝါက လျှောက်လှမ်းနေသော ခြေလှမ်းများ ရပ်တန့်သွားသည်။ သူ၏ လည်ပြန်အကြည့်မှာ ဝင်းလက်တောက်ပနေသည်။

“ဆိုင်ကလူတွေက ပြောတာလား”

“ဟုတ်တယ်။ မနေ့က မင်းနဲ့ စကားပြောရင်း ငါ့ခေါင်းထဲ အတွေးတစ်ချက် ဝင်လာတာနဲ့ ဘန်တန်တိုင်ကို သွားလိုက်တယ်။ သီအိုရီတွေ၊ လောဂျစ်တွေက အရေးပါကောင်း ပါလိမ့်မယ်။ ဒါပေမယ့် ငါတို့အတွက်ကတော့ ဗီဇသိက အကောင်းဆုံး လက်နက်တစ်ခုပဲ”

“အဲဒီတော့ ....” ယုကာဝါက ကုစာနာဂိဘက်သို့ လှည့်လာသည်။ “သူက ဟာနာအိုကာ ယာစုကိုကို ကျိတ်ကြိုက်နေတယ်ပဲ ထားပါဦး။ အဲဒီအချက်က မင်းတို့ရဲ့ ထောက်လှမ်းမှုကို ဘယ်လိုများ အထောက်အပံ့ ဖြစ်နေလို့လဲ”

“ဒီအခြေအနေ ရောက်မှတော့ မင်းလည်း ရှူးချင်ယောင် ဆောင်မနေစမ်းပါနဲ့တော့။ မင်း ဘယ်လိုပုံစံမျိုးနဲ့ အဲဒီကိစ္စကို သတိထားမိသွားသလဲ ဆိုတာ ငါ မသိပေမယ့် မင်းကိုယ်တိုင်က အိရှိဂါမိကို ဟာနာအိုကာ ယာစုကိုရဲ့ ကြံရာပါလို့ သံသယဝင်နေတယ် မဟုတ်လား။ ဒါကြောင့်မို့လည်း ငါ မသိအောင် ခိုးကြောင်ခိုးဝှက်နဲ့ တစ်ယောက်တည်း ကျိတ်လုပ်နေတာလေ”

“ငါ ဘယ်တုန်းကများ ခိုးကြောင်ခိုးဝှက် လုပ်နေမိလို့လဲ”

“ဘာပဲဖြစ်ဖြစ် ငါ အိရှိဂါမိကို သံသယရှိတယ်။ ဒီနေ့ကစပြီး သူ့ကို မျက်စိဒေါက်ထောက်ပြီး စောင့်ကြည့်နေတော့မယ်။ အဲဒီအတွက် ငါ မင်းဆီကို လာရတာပဲ။ မနေ့က မင်းနဲ့ငါ ကိုယ့်လမ်းကိုယ် လျှောက်ကြမယ်လို့ ပြတ်ပြတ်သားသား လမ်းခွဲဖို့ စစ်ကြေညာခဲ့ကြပေမယ့် ဖြစ်နိုင်ရင် ငါတို့ အပေးအယူလုပ်ပြီး စစ်ပြေငြိမ်းကြရအောင်လား။ မင်းကို ငါ့ဆီက သတင်းတွေ

အရင်လို ပြန်ပေးမယ်။ မင်းကလည်း မင်း သိထားတဲ့ သဲလွန်စ အထောက်အထားတွေ ငါ့ကို ပေးပါလား။ ဘယ်လိုလဲ”

“မင်းက ငါ့ကို အထင်ကြီးလွန်းနေတာကိုးကွ။ ငါ့မှာ ဘာအထောက်အထားမှ မရှိဘူး။ အကုန်လုံး စိတ်ကူးယဉ်သက်သက်ချည်းပဲ”

“ဒါဆိုလည်း မင်း စိတ်ကူးထဲမှာ မြင်နေတဲ့အတိုင်း ပြောပြပေါ့” ကုစာနာဂိက သူ့သူငယ်ချင်း၏ မျက်လုံးများကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။

ယုကာဝါက ခေါင်းကို ပြန်လှည့်ပြီး ရှေ့သို့ ဆက်လျှောက်သွားသည်။ “ငါ့စာတ်ခွဲခန်းကို အရင် သွားရအောင်”

စာတ်ခွဲခန်း အမှတ် ၁၃ သို့ ရောက်သောအခါ ကုစာနာဂိသည် ထူးထွေဆန်းပြားသော အမှတ်ကြီး ရှိသည့် စားပွဲအရှေ့တွင် ထိုင်လိုက်သည်။ ယုကာဝါက မတ်ခွက်နှစ်ခွက်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ ထုံးစံအတိုင်း မတ်ခွက်များပေါ်တွင် ချေးညှော်များ ကပ်လျက်။

“တကယ်လို့ အိရှိဂါမိက ကြံ့ရာပါဆိုရင် သူက ဘယ်လိုနေရာကနေ ဝင်ပါခဲ့သလဲ” ယုကာဝါက မေးခွန်းဖြင့် တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။

“မင်း အရင်ပြော”

“အပေးအယူလုပ်ဖို့ မင်းက တောင်းဆိုတာလေ” ယုကာဝါသည် ထိုင်ခုံတွင် ဝင်ထိုင်ပြီး ကော်ဖီအပူကို မှုတ်နေသည်။

“ကောင်းပြီလေ။ အခုဟာက တွေးဆရုံ အဆင့်ပဲ ရှိသေးတာဆိုတော့ အိရှိဂါမိကို သံသယ ဖြစ်နေတဲ့အကြောင်း ငါ့ဆရာကိုတောင် မပြောပြရသေးဘူး။ တကယ်လို့သာ လူသတ်မှု ဖြစ်တဲ့နေရာဟာ တခြားတစ်နေရာ ဖြစ်ခဲ့မယ်ဆိုရင် အလောင်းကို နေရာရွှေ့တဲ့သူဟာ အိရှိဂါမိပဲ”

“အလောင်းသယ်ရွှေ့တဲ့အဆိုကို မင်းက သဘောမတူဘူးဆို”

“ငါ ပြောခဲ့ဖူးသားပဲ။ တကယ်လို့သာ ကြံ့ရာပါ ရှိမယ်ဆိုရင် တစ်နည်း စဉ်းစားရမယ်လို့။ ဒါပေမယ့် အဓိကတရားခံ – လက်တွေ့သတ်ဖြတ်တဲ့သူဟာ ဟာနာအိုကာ ယာစုကိုပဲ။ အိရှိဂါမိလည်း လူသတ်တဲ့ကိစ္စမှာ ဝင်မကူခဲ့ဘူးလို့ မပြောနိုင်ဘူး။ ယာစုကိုကတော့ အခင်းဖြစ်တဲ့အချိန် အနားမှာ ရှိကို ရှိရမယ်။ လူသတ်မှုမှာ မပါဘဲ မနေဘူး”

“မင်းဟာက အတိအကျကြီးပါလား”

"တကယ်လို့သာ လူသတ်တာနဲ့ အလောင်းပစ်တာကို အိရှိဂါမိ တစ်ယောက်တည်းက လုပ်မယ်ဆိုရင် သူက ကြံရာပါ မဟုတ်တော့ဘူး။ အဓိကတရားခံ၊ ဒီအမှုအတွက် တစ်ဦးတည်းသော တရားခံ ဖြစ်သွားမှာပေါ့။ လူတစ်ယောက်ကို ဘယ်လောက်ပဲ အရူးအမူး ချစ်ချစ်၊ အဲဒီလောက် အဆင့်ထိတော့ မိုက်မိုက်ကန်းကန်း လုပ်လိမ့်မယ် မထင်ဘူး။ အဲဒီလို အခြေအနေမျိုးမှာ ယာစုကိုက သစ္စာဖောက်လိုက်ရင် သူ့ဘဝလည်း သွားပြီပဲ။ ဒါကြောင့် ဒီအလောင်းအစားမှာ လောင်းကြေးထပ်တဲ့သူဟာ အိရှိဂါမိ တစ်ယောက်တည်း ဖြစ်နေလို့ မရဘူး။ ယာစုကိုလည်း ပါနေမှ သူ့အတွက် အန္တရာယ် ပိုကင်းမယ်"

"အိရှိဂါမိ တစ်ယောက်တည်းက လူသတ်ပြီး အလောင်းပစ်တဲ့ အပိုင်းကိုကျတော့ နှစ်ယောက်တွဲပြီး လုပ်တာရော မဖြစ်နိုင်ဘူးလား"

"လုံးဝ မဖြစ်နိုင်ဘူးလို့တော့ ငါ မပြောရဲဘူး။ ဒါပေမယ့် ဖြစ်နိုင်ခြေ အတော် နည်းတယ်။ ဟာနာအိုကာ ယာစုကိုတို့ တင်ပြထားတဲ့ ရုပ်ရှင်ရုံအလီဘိုင်က အတော်လေး ခိုင်မာတယ်။ အဲဒီနောက်ပိုင်း အလီဘိုင်ကတော့ သံသယဝင်စရာကို မရှိတာ။ ကြည့်ရတာ အချိန်သတ်မှတ်ပြီးမှ လှုပ်ရှားကြပုံပဲ။ ဒီအတိုင်းသာဆိုရင် အချိန် ဘယ်လောက် ကြာမယ်မှန်း တွက်ဆလို့ မရတဲ့ အလောင်းပစ်တဲ့ကိစ္စမှာ သူ ဝင်ပါနေစရာ မလိုတော့ဘူး"

"ဟာနာအိုကာ ယာစုကိုရဲ့ အလီဘိုင်မှာ လတ်တလော အတည်ပြုလို့ မရသေးတာက ...."

"ရုပ်ရှင်သွားကြည့်တဲ့ ၇ နာရီနဲ့ ၉ နာရီ ၁၀ မိနစ်၊ ကြားကာလပဲ။ အဲဒီနောက်ပိုင်း သွားတဲ့ ခေါက်ဆွဲဆိုင်နဲ့ ကာရာအိုကေဆိုင်တွေကို အတည်ပြုပြီးသွားပြီ။ သူ ရုပ်ရှင်ရုံထဲကို ဝင်သွားခဲ့တယ်လို့ ပြောလို့ရတယ်။ ရုပ်ရှင်ရုံမှာ သိမ်းထားတဲ့ လက်မှတ်ဖြတ်ပိုင်း အဟောင်းတွေထဲက ဟာနာအိုကာသားအမိရဲ့ လက်ဗွေပါတဲ့ ဖြတ်ပိုင်းတွေကို ငါတို့ ရှာတွေ့ထားပြီ"

"အဲဒီလိုဆိုရင် ယာစုကိုနဲ့ အိရှိဂါမိက အဲဒီ ၂ နာရီ ၁၀ မိနစ်အချိန်ကို သုံးပြီး လူသတ်ခဲ့တယ်ပေါ့။ အဲဒီလိုလား"

"အဲဒီအချိန်ထဲမှာ အလောင်းပစ်တဲ့အချိန်လည်း ပါချင် ပါမှာပေါ့။ ဒါပေမယ့် ကြာချိန်အရ တွက်ကြည့်မယ်ဆိုရင် ယာစုကိုဟာ အိရှိဂါမိထက် စောပြီး အခင်းဖြစ်တဲ့နေရာကနေ ထွက်ခွာသွားဖို့ များတယ်"

"ဘယ်နေရာမှာ လူသတ်ခဲ့တာလဲ"

“ငါ မသိဘူး။ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ ယာစုကိုက တိုရှိုဂါကို ချိန်းထားခဲ့တာပဲ ဖြစ်မယ်”

ယုကာဝါသည် ဘာမျှ မပြောတော့ဘဲ ကော်ဖီကို သောက်နေသည်။ မျက်ခုံးနှစ်ခုအကြားရှိ အရေပြားမှာ တွန့်ခေါက်နေပြီး ကြားထားခဲ့သော စကားများကို အပြည့်အဝ လက်ခံနိုင်သေးဟန် မတူ။

“မင်း ဘာပြောချင်လို့လဲ”

“ဟင့်အင်း၊ မရှိဘူး”

“ပြောစရာရှိရင် ပြောလိုက်စမ်းပါ။ ငါ ထင်တဲ့မြင်တဲ့အတိုင်း ငါ ပြောပြီးသွားပြီ။ ဒီတစ်ခါ မင်းအလှည့်ပဲ”

ယုကာဝါက သက်ပြင်းချလိုက်သည်။ “သူ ကားကို သုံးခဲ့မှာ မဟုတ်ဘူး”

“ဟမ်?”

“အိရှိုဂါမိက ကားကို မသုံးခဲ့ဘူးလို့ ပြောတာ။ အလောင်းကို ပစ်ဖို့ ဆိုရင် ကားတစ်စီး လိုလိမ့်မယ်။ ဒါပေမယ့် သူ့မှာ ကားမရှိဘူး။ တစ်နေရာရာကနေ ငှားထားမှ ဖြစ်မှာ။ ကားတစ်စီးကို ဘယ်လိုမှ ခြေရာခံလို့ မရအောင် ငှားနိုင်ဖို့အတွက် သူ့မှာ အဲဒီလောက် အစွမ်းအစ မရှိဘူးလို့ ငါ ယူဆတယ်။ သဘာဝကျကျ ပြောရရင် ဘယ်သူ့မှာမှ အဲဒီလို အစွမ်းအစ မရှိဘူး”

“ကားငှားတဲ့ ကုမ္ပဏီတွေကို တစ်ခုမကျန် ပိုက်စိပ်တိုက် ရှာမလားလို့ ငါ စိတ်ကူးထားတယ်”

“ဒုက္ခ မခံချင်စမ်းပါနဲ့။ မင်း ဘယ်လိုမှ ရှာတွေ့နိုင်မယ် မထင်ဘူး။ ငါ လောင်းရဲတယ်”

ကုစာနာဂိက ယုကာဝါကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ သို့သော် ယုကာဝါကတော့ အနည်းငယ်မျှ မမှုသည့်ဟန်။

“ငါ ဆိုလိုချင်တဲ့ အဓိပ္ပာယ်က ... တကယ်လို့သာ လူသတ်တဲ့နေရာဟာ သီးခြားဖြစ်နေခဲ့မယ် ဆိုရင် အလောင်းပစ်ဖို့ တာဝန်ယူရတဲ့သူဟာ အိရှိုဂါမိပဲ ဖြစ်ရတော့မယ်။ အလောင်းတွေ့တဲ့ နေရာကလည်း လူသတ်မှု ဖြစ်တဲ့နေရာ ဖြစ်ချင် ဖြစ်နိုင်တာပဲ။ နှစ်ယောက်ပေါင်းပြီး လုပ်မှတော့ အတော်လေး ခရီးတွင်နိုင်တယ်”

“နှစ်ယောက်ပေါင်းပြီး တိုဂါရှိုကို သတ်မယ်။ ပြီးတော့ အလောင်းရဲ့

မျက်နှာကို ဖျက်ဆီး၊ လက်ဖွေတွေကို မီးရှို့၊ အဝတ်အစားတွေကို မီးတိုက်၊ နောက်ဆုံး အဲဒီနေရာကနေ ထွက်သွားကြ။ အဲဒီလိုလား”

“သူတို့နှစ်ယောက်ရဲ့ ထွက်ခွာချိန်က ကွာကောင်း ကွာနေနိုင်တယ်။ ယာစုကိုက ရုပ်ရှင်မပြီးခင် အိမ်ပြန်ရဦးမှာကိုး”

“မင်းရဲ့ အယူအဆအတိုင်းဆိုရင် အခင်းဖြစ်တဲ့နေရာမှာ တွေ့ရတဲ့ စက်ဘီးကို တိုဂါရှိုကိုယ်တိုင် စီးလာခဲ့တယ် ဆိုတဲ့ သဘောပေါ့”

“ဟုတ်တယ်”

“အိရှိုဂါမိဟာ စက်ဘီးပေါ်မှာ ထင်ကျန်နေတဲ့ လက်ဖွေရာတွေကို ဖျက်ဖို့ မေ့နေခဲ့တယ်လို့ ဆိုလိုရာ ရောက်နေတယ်။ သူက အဲဒီလို ရိုးရှင်းတဲ့ အမှားမျိုးကို ကျူးလွန်လိမ့်မယ်လို့ မင်း ထင်နေတာလား။ သူက နာမည်ကျော် ‘ဘိုးတော် အိရှိုဂါမိ’ နော်”

“ဘယ်လောက် မိုးပျံအောင် တော်နေတဲ့ ဉာဏ်ကြီးရှင် ဖြစ်နေပါစေ။ လူတိုင်း အမှားလုပ်နိုင်တာပဲ”

ယုကာဝါက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေသည်။ “အဲဒီအထဲမှာ သူမပါဘူး”

“ဒါဆို ဘာဖြစ်လို့ လက်ဖွေကို ဖျက်မပစ်ရတာလဲ”

“ငါလည်း အဲဒီကိစ္စကို စဉ်းစားနေတာပဲ” ယုကာဝါက လက်နှစ်ဘက်ကို ပိုက်ထားသည်။ “ဒါပေမယ့် အဖြေမရသေးဘူး”

“မင်း အတွေးခေါင်နေတာ ဖြစ်မှာပါ။ အဲဒီဘဲက သင်္ချာမှာ သူမတူအောင် တော်ချင် တော်နေလိမ့်မယ်။ ဒါပေမယ့် စေ့စပ်ကျွမ်းကျင်တဲ့ လူသတ်သမားတော့ မဖြစ်နိုင်ဘူး”

“ဘာမှ မထူးပါဘူးကွာ” ယုကာဝါက ပြောသည်။ “လူသတ်တာကတောင် သူ့အတွက် ပိုလွယ်ချင် လွယ်နေဦးမှာ”

ကုစာနာဂိက ခေါင်းခါလိုက်ပြီး ညစ်ပတ်နေသော မတ်ခွက်ကို ကောက်ကိုင်သည်။ “ဘာပဲဖြစ်ဖြစ် ငါတို့ သူ့ကို အလွတ်မပေးတော့ဘူး။ တကယ်လို့ အမျိုးသားကြံရာပါ ရှိတယ်ဆိုတဲ့ အယူအဆသာ အတည်ဖြစ်သွားရင် စုံစမ်းထောက်လှမ်းရမယ့် နယ်ပယ်ကလည်း ပိုပြီး ကျယ်လာနိုင်တယ်”

“မင်းရဲ့ ထင်မြင်ချက်အတိုင်းသာ အမှန်ဆိုရင် ဒီလူသတ်မှုကြီးက သိပ်ကို

ဖရိုဖရဲ ဆန်လွှန်းနေတယ်။ စက်ဘီးပေါ်မှာ ရှိတဲ့ လက်ဗွေရာတွေကို ဖျက်ဖို့ မေ့သွားခဲ့တယ်။ သေသူရဲ့ အဝတ်အစားတွေကို ပြာကျသွားအောင် မရှို့နိုင်ခဲ့ဘူး။ ပေါ့ပေါ့ဆဆ လုပ်ခဲ့တာတွေက နည်းတာ မဟုတ်ဘူး။ ငါမင်းကို တစ်ခုလောက် မေးပါရစေဦး။ ဒီလူသတ်မှုက ကြိုတင်ကြံစည်ပြီး လုပ်တဲ့ အမှုလား။ ဒါမှမဟုတ် အခြေအနေအရ ရုတ်တရက် ဖြစ်ပေါ်လာတဲ့ အမှုလား"

ကုစာနာဂိသည် ယုကာဝါ၏ တည်ကြည်သော မျက်နှာကို တစ်ခဏမျှ စိုက်ကြည့်နေသည်။ "ရုတ်တရက် ဖြစ်ပေါ်လာတဲ့ အမှုလို့ ဆိုရမယ် ထင်တယ်။ ယာစုကိုက တိုဂါရှိနဲ့ ကိစ္စတစ်ခုခု ညှိနှိုင်းဖို့ သူ့ကို အပြင်မှာ ချိန်းလိုက်တယ်။ အိရှိဂါမိက ကိုယ်ရံတော်အနေနဲ့ လိုက်သွားမယ်။ နောက်ဆုံး စကားအခြေအတင် ဖြစ်လာတာနဲ့ သူတို့နှစ်ယောက်က တိုဂါရှိကို ခြေလွှန်လက်လွန် သတ်ပစ်လိုက်ကြတယ်။ အဲဒီလိုပဲ ဖြစ်ရမှာပေါ့"

"ဒီလိုသာဆိုရင် ရုပ်ရှင်ကြည့်တဲ့ကိစ္စနဲ့ ဝိရောဓိ ဖြစ်မနေဘူးလား" ယုကာဝါက ပြောသည်။ "တကယ်လို့သာ စေ့စပ်ညှိနှိုင်းဖို့ သက်သက်ဆိုရင် ဘာလုပ်ဖို့ အလီဘိုင်သက်သေတွေကို ကြိုတင်ပြီး ပြင်ဆင်ထားရတာလဲ။ အခုလို စင်းလုံးချော မဟုတ်တဲ့ သက်သေတွေပဲ ဖြစ်စေဦးတော့၊ အဲဒါကိုလည်း ကြိုလုပ်ထားစရာ အကြောင်းမရှိတော့ဘူး"

"မင်းက အဲဒါကို ကြိုတင်ကြံစည်မှုလို့ ထင်တာလား။ ယာစုကိုနဲ့ အိရှိဂါမိက ဟိုးအစကတည်းက တိုဂါရှိကို သတ်ဖို့ ကြံစည်ထားတာကြောင့် သူ့ကို ထောင်ချောက်ဆင် လုပ်ကြံကြတယ်ပေါ့"

"အဲဒီလိုလည်း မဖြစ်နိုင်ဘူး"

"မင်းဟာက ဘာအဓိပ္ပာယ်လဲ" ကုစာနာဂိက စိတ်မရှည်နိုင်တော့။

"တကယ်လို့သာ အစီအစဉ်အားလုံးကို အိရှိဂါမိက အကွက်ချ စီမံခဲ့တယ်ဆိုရင် အခုလို လစ်ကွက် ဟာကွက်တွေ တွေ့နေရမှာ မဟုတ်ဘူး"

"အဲဒီတော့ ...." ကုစာနာဂိ၏ ဖုန်းမြည်သံကြောင့် စကားစ ပြတ်သွားသည်။ "ခဏ" ဟုဆိုကာ ဖုန်းကိုင်လိုက်သည်။

ကိရှိတာနိထံမှ ဖုန်းဝင်လာခြင်း ဖြစ်သည်။ အရေးကြီးသော သတင်းတစ်ခုကို ရရှိလာသောကြောင့် ကုစာနာဂိသည် တစ်ဘက်မှ ပြောကြားလာသည်တို့ကို နားထောင်ရင်း စာရွက်ပေါ်တွင် ရေးခြစ်မှတ်သားနေသည်။

ဖုန်းချသွားပြီးနောက် ကုစာနာဂိက ယုကာဝါကို လှမ်းပြောလိုက်သည်။

"ယာစုကိုရဲ့ သမီးနဲ့ ပတ်သက်တဲ့ အရမ်း အရေးကြီးတဲ့သတင်းတစ်ခု ရလာတယ်။ သူ့သမီးနာမည်က မီစာတိုတဲ့။ အဲဒီကလေးမရဲ့ သူငယ်ချင်းမတစ်ယောက်က အတော်လေး စိတ်ဝင်စားစရာ ကောင်းတဲ့ ထွက်ဆိုချက်တစ်ခု ပေးခဲ့တယ်တဲ့"

"ဘာလဲ"

"မီစာတိုက ညကျရင် သူတို့သားအမိ ရုပ်ရှင်သွားကြည့်ကြမယ် ဆိုတဲ့အကြောင်း သူ့သူငယ်ချင်းကို အခင်းဖြစ်တဲ့နေ့ နေ့ခင်းပိုင်းမှာ ပြောပြခဲ့တယ် ဆိုပဲ"

"တကယ်?"

"ကိရှိတာနိက အဲဒါကို တိုက်ဆိုင်စစ်ဆေးပြီးသွားပြီ။ မှားစရာ မရှိဘူး။ ဒီလိုသာဆိုရင် ဟာနာအိုကာ သားအမိက အစောကြီးကတည်းက ရုပ်ရှင်ကြည့်ဖို့ ဆုံးဖြတ်ထားကြပြီးသား" ကုစာနာဂိက သူ့သူငယ်ချင်းကို ခေါင်းဆတ်ပြသည်။ "ဒါဆို ကြိုတင်ကြံစည်ထားတဲ့ ပြစ်မှုပဲ။ လွဲစရာ မရှိဘူး"

သို့သော် ယုကာဝါက လေးနက်တည်ကြည်သော အကြည့်ဖြင့် စိုက်ကြည့်ရင်း ခေါင်းကို ခါယမ်းနေသည်။ "လုံးဝ မဖြစ်နိုင်ဘူး"

အခန်း (၁၃ - က)

ကင်ရှိချိုဘူတာမှ ထွက်လာပြီး ၅ မိနစ်ခန့် လမ်းလျှောက်လိုက်လျှင် မာရိယန်းကလပ်သို့ ရောက်သည်။ မာရိယန်းသည် အရက်ဘားများစွာ စုပြုံဖွင့်လှစ်ထားသော အဆောက်အအုံကြီး၏ ငါးလွှာတွင် တည်ရှိသည်။ အဆောက်အအုံမှာ အိုဟောင်းနေပြီး ဓာတ်လှေကားမှာလည်း ခေတ်ဟောင်းပုံစံ ဖြစ်သည်။

ကုစာနာဂိက နာရီကို ကြည့်လိုက်သည်။ ည ၇ နာရီ ထိုးခါစ ရှိသေးသည်။ မေးရမြန်းရ အဆင်ပြေစေရန်အတွက် ဧည့်နည်းသောအချိန်ကို တမင် ရွေးချယ်၍ လာရောက်ခဲ့ကြသည်။ သို့သော် ဤမျှ စုတ်ပျက်နုံချာသော နေရာမျိုးတွင် ဧည့်သည်များများစားစား ရှိနိုင်ပါမည်လောဟု ကုစာနာဂိက သံသယ ဝင်နေမိသည်။ ဓာတ်လှေကားနံရံများကို ကြည့်ရင်း သံသယ ဝင်နေမိသည်။

မာရိယန်းကလပ်ထဲသို့ ဝင်ရောက်သွားသည့် အခါတွင်မူ သူ့ အံ့အားသင့်သွားလေသည်။ ဆိုင်အတွင်းရှိ စားပွဲခုံ အလုံး ၂၀ ခန့်တွင် သုံးပုံတစ်ပုံမှာ ဧည့်သည်များနှင့် ပြည့်လျှံနေသည်။ အများစုမှာ လခစား ဝန်ထမ်းများဖြစ်ပြီး မည်သည့်အလုပ်လုပ်မှန်း ဝေခွဲရခက်သော ဧည့်သည်တချို့ကိုလည်း တွေ့ရသည်။

"ဂင်ဇာမှာ ရှိတဲ့ ကလပ်တစ်ခုကို အမှုကိစ္စတစ်ခုနဲ့ ရောက်တုန်းက" ကိရှိတာနိက သူ့နားကပ်ပြီး ခပ်တိုးတိုး ပြောသည်။ "အဲဒီက အပျိုခေါင်းက ပြောနေတာ။ စီးပွားရေးပူဖောင်းကာလမှာတုန်းက ညတိုင်း သူ့ဆိုင်ကို ရောက်လာခဲ့ကြတဲ့ လူတွေဟာ အခု ဘယ်နားသွားပြီး သောက်နေကြသလဲ မသိဘူးတဲ့။ လက်စသတ်တော့ အဲဒီလူတွေ အကုန်လုံး ဒီဘဝ ရောက်နေကြတာကိုးဗျ"

"အဲဒီလိုတော့ မဖြစ်နိုင်လောက်ဘူး" ကုစာနာဂိက ပြောသည်။ "လူတစ်ယောက်က စည်းစိမ် ခံစားမိသွားပြီဆိုရင် အောက်တစ်ထစ် ပြန်ဆင်းဖို့ အတော်လေး ခက်သွားတယ်။ ဒီမှာ အရက်သောက်နေကြတဲ့ လူတွေက ဂင်ဇာကအုပ်စုနဲ့ တစ်ဖွဲ့တည်း မဖြစ်နိုင်ဘူး"

ကုစာနာဂိသည် စားပွဲထိုးကို ခေါ်၍ မန်နေဂျာနှင့် စကားပြောလိုကြောင်း ပြောလိုက်သည်။ ငယ်ရွယ်သော စားပွဲထိုး၏ မျက်နှာပေါ်မှ အပြုံးတို့သည်လည်း ရုတ်ချည်း ပျောက်ကွယ်သွားပြီး ဆိုင်အနောက်ဘက်ထဲသို့

တိုးလျှိုးပျောက်ကွယ်သွားသည်။

တစ်ခဏအကြာတွင် နောက်ထပ် စားပွဲထိုးတစ်ယောက် ရောက်လာပြီး ကုစာနာဂိတို့ နှစ်ယောက်ကို ဘားကောင်တာတွင် နေရာချပေးသည်။

"တစ်ခုခု သောက်ကြဦးမလား" စားပွဲထိုးက မေးသည်။

"ဘီယာပဲပေးပါ" ကုစာနာဂိက ဖြေသည်။

"အဲဒီလိုလည်း ရတယ်လား" စားပွဲထိုးထွက်သွားပြီးနောက် ကိရှိတာနိက မေးသည်။ "ကျွန်တော်တို့က တာဝန်နဲ့ ရောက်လာတာလေ"

"ငါတို့က ဘာမှ မသောက်ဘဲ ဒီအတိုင်း ထိုင်နေရင် တခြားဧည့်သည်တွေက ယုန်ထင်ကြောင်ထင် ထင်နေမှာပေါ့"

"ဒါဆို ရေနွေးကြမ်းပဲ သောက်ရင် တော်ရောပေါ့"

"ယောကျာ်းကြီးနှစ်ယောက်က ဒီလိုနေရာ ရောက်လာပြီး ရေနွေးကြမ်း သောက်စရာလားကွာ"

ထိုသို့ အပြန်အလှန် ငြင်းခုန်နေကြစဉ် ငွေမင်ရောင် ဝတ်စုံ ဝတ်ဆင်ထားသော အသက် ၄၀ ခန့် အရွယ်ရှိ အမျိုးသမီးတစ်ဦး အနားသို့ ရောက်ရှိလာသည်။ သူမ၏ မျက်နှာပေါ်တွင် မိတ်ကပ်များ မှုန်နေအောင် လိမ်းခြယ်ထားပြီး ဆံပင်ကိုလည်း ဂျယ်ဖြင့် အမောက်ထောင်ထားသည်။ ပိန်သော်လည်း အမို့အမောက် အကွေ့အကောက်များနှင့် ကြည့်ကောင်းသော မိန်းမလှတစ်ဦးဟု ဆိုရပေမည်။

"မင်္ဂလာပါရှင်" သူမက နှုတ်ခမ်းကို ကွေးညွတ်သွားအောင် ပြုံးလိုက်သည်။ "ကျွန်မနဲ့ တွေ့ချင်တယ် ဆိုလို့"

"ကျွန်တော်တို့ မှုခင်းရဲတပ်ဖွဲ့ကပါ" ကုစာနာဂိက အသံကို နှိမ့်ချ၍ ပြန်ဖြေသည်။

အနားတွင် ထိုင်နေသော ကိရှိတာနိက လက်တစ်ဘက်ကို အိတ်ကပ်ထဲသို့ လှမ်းနှိုက်နေသည်။ ကုစာနာဂိက သူ့ကို လှမ်းတားလိုက်ပြီး အမျိုးသမီးကို စိုက်ကြည့်နေသည်။ "သက်သေခံကတ်ပြား ပြဖို့ မလိုတော့ဘူး မဟုတ်လား"

"မလိုပါဘူးရှင်" သူမက ကုစာနာဂိ၏ ဘေးတွင် ဝင်ထိုင်ပြီး သူမ၏ လိပ်စာကတ်ကို အနားတွင် ချလိုက်သည်။ ကတ်ပေါ်တွင် 'ဆုဂိမူရာ ဆိုနိုကို' ဟု ရိုက်နှိပ်ထားသည်။

“ခင်ဗျားက ဒီဆိုင်ရဲ့ မန်နေဂျာလား”

“ကျွန်မကို အဲဒီလို ခေါ်လို့ ရနိုင်ပါတယ်” ဆုဂိမူရာက အပြုံးနှင့် ပြန်ဖြေသည်။

“ခင်ဗျားတို့ စီးပွားရေးက မဆိုးဘူးပဲ” ကုစာနာဂိက ဆိုင်အတွင်းသို့ အကဲခတ်ရင်း ပြောသည်။

“အဲဒါက အပြင်ပန်းပါ။ ဒီဆိုင်ရဲ့ သူဌေးက အခွန်ခံစားခွင့် ရဖို့အတွက် ဒီဆိုင်ကို ဖွင့်ထားတာ။ အခု မြင်နေရတဲ့ ဧည့်သည်အများစုကလည်း သူ့ရဲ့ ဘော်ဒါတွေချည်းပဲ”

“ဪ”

“ဒီလိုဆိုင်မျိုးက မနက်ဖြန်မှာ ဘာဖြစ်သွားနိုင်မလဲ ဆိုတာတောင် ခန့်မှန်းကြည့်ဖို့ ခက်တယ်။ စာယိုကိုလို အလုပ်ကထွက်ပြီး ထမင်းဆိုင်ဖွင့်ထားတာကမှ မျှော်လင့်ချက် ရှိဦးမယ်”

စကားကို တိုးတိုးနှင့်မှန်မှန် ပြောသွားခဲ့ခြင်း ဖြစ်သော်လည်း အလျင်တာဝန်ခံ ဖြစ်သော စာယိုကို၏ နာမည်ကို ခပ်ပေါ့ပေါ့ ပြောသွားသော သူမ၏ လေသံထဲတွင် မာန၏ အရိပ်အငွေ့များကို တွေ့မြင်နေရသည်။

“ဒီ့မတိုင်ခင်လည်း ကျွန်တော်တို့ရဲ့ ဘော်ဒါတွေက ဒီကို အခေါက်ခေါက် ရောက်လာခဲ့ကြပြီးပြီ”

သူမက ခေါင်းညိတ်လိုက်သည်။ “တိုဂါရှိရဲ့ ကိစ္စနဲ့ ပတ်သက်ပြီး လာမေးကြတာ အကြိမ်ရေ မနည်းတော့ဘူး။ အခုလည်း အဲဒီအတွက်ပဲ လာတာ ထင်တယ်”

“ခဏခဏ လာနှောင့်ယှက်သလို ဖြစ်နေတဲ့အတွက် တောင်းပန်ပါတယ်”

“အရင်က လာခဲ့တဲ့ ရဲအရာရှိတွေကိုလည်း ကျွန်မ ပြောခဲ့ပြီးပါပြီ။ တကယ်လို့ ရှင်တို့က ယာစုကိုကို သံသယ ရှိနေမယ်ဆိုရင် ရှင်တို့ မှားနေကြပြီ။ သူ့မှာ လူသတ်ရလောက်တဲ့ အကြောင်းအရင်း ဘာမှ မရှိနေဘူး”

“မဟုတ်ပါဘူး။ သံသယ ရှိနေတယ်လို့လည်း ခေါ်လို့ မရပါဘူး” ကုစာနာဂိက ပြုံးလျက် လက်ခါပြသည်။ “ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးမှုက ဘယ်ကိုမှ ခရီးမရောက်ဘူး ဖြစ်နေတယ်။ ကျွန်တော်တို့က ပုံစံတစ်မျိုးပြောင်းပြီး စလုံးရေး ပြန်စဖို့ စိတ်ကူးထားတာကြောင့် ခင်ဗျားနဲ့ လာတွေ့တာပါ”

“ပြန်စမယ်?” ဆုဂိမူရာက သက်ပြင်းချလိုက်သည်။

“တိုဂါရှိ ရှင်ဂျိက မတ်လ ၅ ရက်နေ့မှာ ဒီကို လာခဲ့သေးတယ်လို့ ကြားတယ်”

“ဟုတ်ပါတယ်။ အချိန်တွေ ဒီလောက်ကြာမှ သူ့ကို ပြန်တွေ့ရတော့ ကျွန်မလည်း အံ့ဩသွားခဲ့တယ်”

“အရင်ကတည်းက သူ့ကို တွေ့ဖူးနေခဲ့တာလား”

“နှစ်ခါ တွေ့ဖူးတယ်။ ကျွန်မ အရင်က အာကာစာကာမှာ လုပ်ဖူးတယ်။ ယာစုကိုနဲ့ တစ်ဆိုင်တည်းပဲ။ အဲဒီတုန်းက သူ့ကို တွေ့ခဲ့ဖူးတာ။ အဲဒီတုန်းကတော့ သူက ငွေအတော်လေး ရှင်တယ်။ ဝတ်စားဆင်ပြင်ပုံကလည်း အပျံစားပဲ”

သူမ၏ လေသံအရ မတ်လတွင် ပြန်တွေ့ရသော တိုဂါရှိနှင့် ကွာချင်တိုင်း ကွာနေကြောင်း သိသာနေသည်။

“တိုဂါရှိ ရှင်ဂျိက မစ္စဟာနာအိုကာကို အဲဒီတုန်းက ရှာနေခဲ့တယ်ဆို။ ဟုတ်တယ်မလား”

“သူက ပြန်ပေါင်းထုပ်ချင်လို့ နေမှာ။ ဒါပေမယ့် ကျွန်မ သူ့ကို ပြောမပြခဲ့ဘူး။ သူ ယာစုကိုကို ဘယ်လောက် နှိပ်စက်ခဲ့သလဲဆိုတာ ကျွန်မ အသိဆုံးပဲ။ ဒါပေမယ့် သူက ဆိုင်ထဲမှာရှိတဲ့ တခြားကောင်မလေးတွေကို သွားမေးတယ်။ ယာစုကိုကို သိတဲ့သူ မရှိနိုင်တော့ဘူးလို့ ကျွန်မက ထင်နေတာ။ ခက်တာက စာယိုကိုရဲ့ ဆိုင်ကို ရောက်ဖူးတဲ့ ကောင်မလေးတစ်ယောက် ရှိနေတယ်။ အဲဒီကောင်မလေးကပဲ ယာစုကို အလုပ်လုပ်နေတဲ့ ဆိုင်အကြောင်း တိုဂါရှိကို ပြောပြလိုက်တယ်”

“ဒီလိုလား” ကုစာနာဂိက ခေါင်းညိတ်နေသည်။ လူအများနှင့် ပေါင်းသင်းဆက်ဆံနေရသော ယခုလို အလုပ်မျိုးကို လုပ်ကိုင်ခဲ့ဖူးသူ တစ်ယောက်အနေဖြင့် တစ်နေရာရာတွင် လူမသိသူမသိ ပုန်းအောင်းနေ၍ ရနိုင်မည် မဟုတ်ပေ။

“ကူဒို ကုနိအာကိဆိုတဲ့ လူကရော ဒီကို မကြာခဏ လာတတ်သလား” ကုစာနာဂိက စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။

“မစ္စတာကူဒို? ပုံနှိပ်လုပ်ငန်း လုပ်တဲ့ တစ်ယောက်လား”

“ဟုတ်တယ်”

"သူ အမြဲလာတတ်တယ်။ ဒါပေမယ့် အခုတလော သိပ်မလာတော့ဘူး" ဆုဂိမူရာက ခေါင်းကို စောင်းငဲ့လိုက်သည်။ "မစ္စတာကူဒိုက ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး။ အရင် ဟာနာအိုကာ ယာစုကို ဒီမှာရှိတုန်းက မစ္စတာကူဒိုက သူနဲ့ပဲ အမြဲ ထိုင်လေ့ရှိတယ်လို့ ကြားဖူးထားတာကြောင့် မေးကြည့်တာပါ"

ဆုဂိမူရာ၏ အမူအရာမှာ အနည်းငယ် ပြေလျော့သွားပြီး ခေါင်းညိတ်နေသည်။ "ဟုတ်တယ်။ မစ္စတာကူဒိုက သူ့ကို အတော်လေး စောင့်ရှောက်ပါတယ်"

"သူတို့နှစ်ယောက်က တွဲခဲ့ကြဖူးလား"

ဆုဂိမူရာသည် ခေါင်းကို ငဲ့စောင်း၍ အတန်ကြာမျှ စဉ်းစားနေသည်။

"အဲဒီလို ထင်ကြေးပေးတဲ့ လူတချို့တော့ ရှိတယ်။ ဒါပေမယ့် ကျွန်မကတော့ မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"အာကာစာကာမှာ အလုပ်ဝင်တုန်းက ယာစုကိုနဲ့သူက အတော်လေး ရင်းနှီးကြတယ်။ အဲဒီအချိန်တုန်းက ယာစုကိုဟာ တိုဂါရှိကြောင့် တော်တော်ကို စိတ်ညစ်နေခဲ့တာ။ အဲဒါကို မစ္စတာကူဒိုက ဘယ်လိုလုပ်ပြီး သိသွားသလဲ မပြောတတ်ဘူး။ အဲဒီနောက်တော့ သူက ယာစုကိုကို တွေ့တိုင်း အကြံဉာဏ်တွေ ပေးနေတတ်တာပဲ။ သူတို့နှစ်ယောက်က သမီးရည်းစား အဆင့်အထိတော့ ရောက်မသွားခဲ့ကြဘူး"

"ဒါပေမယ့် နောက်ပိုင်းမှာ မစ္စဟာနာအိုကာက ကွာရှင်းပြီးပြီ ဆိုတော့ တရားဝင် တွဲလို့ ရပြီပေါ့"

ဆုဂိမူရာက ခေါင်းခါပြသည်။ "မစ္စတာကူဒိုက အဲဒီလို လူစားမျိုး မဟုတ်ဘူး။ ယာစုကိုကို သူ့ယောကျ်ားနဲ့ ကွာရှင်းနိုင်ဖို့ မစ္စတာကူဒိုက အကြံပေးခဲ့တာကိုး။ ကွာရှင်းပြီးလို့ လူလွတ် ဖြစ်သွားမှ သူနဲ့ တွဲနိုင်ဖို့ ကြိုးစားနေမယ် ဆိုရင် ဒီယုန်မြင်လို့ ဒီချုံထွင်တယ်လို့ အပြောခံရတော့မှာပေါ့။ ဒါကြောင့် သူ ကွာရှင်းပြီး နောက်ပိုင်းလည်း သူတို့က မိတ်ဆွေတွေ အဖြစ်နဲ့ပဲ ဆက်ပြီး နေသွားကြတယ်။ နောက်ပြီးတော့ မစ္စတာကူဒိုမှာကလည်း မယား ရှိနေသေးတယ်"

ကူဒို ကုနိအာကိ၏ ဇနီးသည်မှာ ယခုအခါ ကွယ်လွန်သွားပြီ ဖြစ်ကြောင်း

ဆုဂိမူရာက သိသေးပုံ မရ။ ကုစာနာဂိ အနေဖြင့် ထိုအကြောင်းကို သူမအား ပြောပြနေဖို့ မလိုဟု ယူဆသောကြောင့် ထိုအတိုင်း နှုတ်ဆိတ်နေလိုက်သည်။

ယာစုကိုနှင့် ကူဒိုတို့၏ ရင်းနှီးမှု အတိုင်းအတာကို ဆုဂိမူရာသည် အနီးစပ်ဆုံး ခန့်မှန်းနိုင်သည်ဟု ကုစာနာဂိက တွေးနေမိသည်။ သမီးရည်းစား ကိစ္စနှင့် ပတ်သက်လာလျှင် အရက်ဘားမှ အမျိုးသမီးများ၏ ဗီဇသိသည် မှုခင်းစုံထောက်များထက် များစွာ ထက်မြက်စူးရှလှပေသည်။

ဆုဂိမူရာ၏ ထင်မြင်ယူဆချက်သည် ကုစာနာဂိ၏ ယုံကြည်ချက်ကို ထပ်ဆင့် ထောက်ခံလိုက်သကဲ့သို့ ဖြစ်နေသည်။ ကူဒိုကို အပြစ်ကင်းသူတစ်ယောက်ဟု သူ ယုံကြည်ထားသည်။ သို့ဖြစ်လျှင် သူ၏ စကားလမ်းကြောင်းကို နောက်ထပ် ခေါင်းစဉ်တစ်ခုဆီသို့ ပြောင်းရွှေ့ရန် အချိန်တန်ပြီ။ သူသည် အိတ်ကပ်ထဲမှ ဓာတ်ပုံတစ်ပုံ ဆွဲထုတ်ပြီး သူမကို ပြလိုက်သည်။ "ခင်ဗျား သူ့ကို မြင်ဖူးလား"

အိရှိဂါမိ တေကျူယာ၏ ဓာတ်ပုံ ဖြစ်သည်။ ကျောင်းထဲမှ ထွက်လာသော သူ့ကို ကိရှိတာနိက ဓာတ်ပုံ ခိုးရိုက်ထားခဲ့သည်။ အဝေးတစ်နေရာမှ တစောင်းရိုက်ယူထားခြင်း ဖြစ်သောကြောင့် အိရှိဂါမိ၏ မျက်လုံးများသည် တခြားတစ်နေရာသို့ ငေးကြည့်နေကြသည်။

ဆုဂိမူရာ၏ အမူအရာက ဇဝေဇဝါ ဖြစ်နေသည်။ "သူက ဘယ်သူလဲ"

"ခင်ဗျား မသိဘူးလား"

"ဟင့်အင်း၊ ကျွန်မတို့ ဆိုင်က ဧည့်သည်တော့ မဖြစ်နိုင်ဘူး"

"သူ့နာမည်က အိရှိဂါမိတဲ့"

"အိရှိဂါမိ ......"

"မစ္စဟာနာအိုကာဆီက မကြားဖူးဘူးလား"

"ဟင့်အင်း၊ ကျွန်မ မှတ်ဉာဏ်ထဲမှာ မရှိဘူး"

"အဲဒီလူက အထက်တန်းကျောင်းဆရာပါ။ သူ့အကြောင်းနဲ့ ပတ်သက်ပြီး မစ္စဟာနာအိုကာက ဘာမှ မပြောပြဖူးဘူးလား"

"ဟင့်အင်း" ဆုဂိမူရာက ခေါင်းကို စောင်းငဲ့ထားသည်။ "အခုချိန်အထိ ကျွန်မနဲ့သူက ဖုန်းအဆက်အသွယ် ရှိနေကြသေးတယ်။ ဒါပေမယ့် အဲဒီအကြောင်း ပြောတာ တစ်ခါမှ မကြားဖူးဘူး"

"မစ္စဟာနာအိုကာက သူနဲ့ လက်ရှိ ထိတွေ့ဆက်ဆံနေတဲ့ အမျိုးသားမိတ်ဆွေတွေ အကြောင်းကို ပြောပြဖူးတာ ရှိလား။ သူ့ရဲ့ လတ်တလော အတွေ့အကြုံတွေနဲ့ ပတ်သက်ပြီး ခင်ဗျားကို တိုင်ပင်တာ ဒါမှမဟုတ် ပြောတာမျိုး မရှိဘူးလား"

ဆုဂိမူရာထံမှ မချိတရိ ပြုံးသော အပြုံးတစ်စ ထွက်ပေါ်လာသည်။ "ဒီကိစ္စနဲ့ ပတ်သက်ပြီး အရင်လာခဲ့ဖူးတဲ့ ရဲအရာရှိတွေကိုလည်း ကျွန်မ ပြောခဲ့ဖူးပြီးသားပါ။ ယာစုကိုက ကျွန်မကို အဲဒီအကြောင်း တစ်ခါမှ မပြောခဲ့ဖူးဘူး။ တွဲနေတဲ့ ယောကျ်ားတစ်ယောက်ယောက် သူ့မှာ ရှိချင် ရှိမှာပေ့ါ။ ကျွန်မကို ပြောမပြတာလည်း ဖြစ်ချင် ဖြစ်နိုင်တာပဲ။ ဒါပေမယ့် အဲဒါက ဖြစ်နိုင်ခြေ မရှိသလောက်ပဲ။ ယာစုကိုခမျာ မီစာတိုကို စောင့်ရှောက်နေရတာနဲ့တင် လိပ်ပတ်မလည်နိုင်ဘူး။ ဘယ်မှာလာပြီး စိတ်ကူးယဉ်နေဖို့ အချိန်ရှိနေဦးမလဲရှင်။ ရှေ့တစ်ခေါက် စာယိုကိုနဲ့ တွေ့တုန်းက သူလည်း အဲဒီလိုပဲ ပြောခဲ့ဖူးသေးတယ်"

ကုစာနာဂိက ဘာမျှ မပြောဘဲ ခေါင်းညိတ်လိုက်သည်။ အိရှိဂါမိနှင့် ယာစုကိုတို့၏ ဆက်နွှယ်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို ဤကလပ်တွင် စုံစမ်းသိရှိနိုင်လိမ့်မည် မဟုတ်ဟု နဂိုမူလကတည်းက သူ ယူဆထားပြီး ဖြစ်သောကြောင့် များစွာ မျှော်လင့်ထားခြင်း မရှိချေ။ ထို့ကြောင့် များစွာ စိတ်ပျက်အားလျော့မှုလည်း မဖြစ်။ သို့သော် ယာစုကို၏ နေ့စဉ်ဘဝတွင် မည်သည့် ယောကျ်ားနှင့်မျှ အရောတဝင် ပတ်သက်ဆက်စပ်နေခြင်း မရှိ ဆိုသည့်အချက်ကို ဆုဂိမူရာက အခိုင်အမာ ပြောဆိုနေခဲ့သည်။ ထိုစကားကို ကြားရသောအခါတွင် အိရှိဂါမိအား ယာစုကို၏ ကြံရာပါအဖြစ် ယူဆထားသော ကုစာနာဂိ၏ စိတ်ထဲ၌ အနည်းနှင့်အများ ဆိုသကဲ့သို့ မိမိကိုယ်ကိုယ် ယုံကြည်စိတ်များ ယုတ်လျော့လာကြသည်။

ဧည့်သည်အသစ်များ ဝင်ရောက်လာကြပြန်သည်။ ဆုဂိမူရာသည် တစ်ဘက်မှ အကြောင်းခြင်းရာများကို လှမ်း၍ အာရုံစိုက်နေသည်။

"ခင်ဗျားနဲ့ မစ္စဟာနာအိုကာတို့ နောက်ဆုံး ဖုန်းပြောဖြစ်ကြတာ ဘယ်နေ့တုန်းကလဲ"

"တိုဂါရှိအကြောင်း တီဗီသတင်းထဲ ပါလာတဲ့ နေ့က။ သတင်းကြားကြားချင်း ကျွန်မလည်း လန့်ဖျပ်ပြီး သူ့ဆီ ဖုန်းလှမ်းဆက်လိုက်တာပဲ။ အဲဒီအကြောင်းကိုလည်း အရင်လာဖူးတဲ့ ရဲအရာရှိကို ပြောပြီးပါပြီ"

"မစ္စဟာနာအိုကာက ဘယ်လို တုံ့ပြန်သလဲ"

"ဘာမှတော့ ထွေထွေထူးထူး မရှိပါဘူး။ ရဲတွေက သူ့ဆီကိုလည်း

ရောက်လာခဲ့ပြီးပြီလို့ ပြောတယ်” ယာစုကိုကို သွားတွေ့သူများမှာ သူတို့ပင် ဖြစ်ကြောင်း ကုစာနာဂိက သူမကို ပြောပြမနေချင်တော့။

“မစ္စတာတိုဂါရှိက ခင်ဗျားတို့ဆီလာပြီး မစ္စဟာနာအိုကာအကြောင်းကို စုံစမ်းခဲ့တယ် ဆိုတာ ခင်ဗျား သူ့ကို ပြောမပြလိုက်ဘူးလား”

“မပြောဖြစ်ဘူး။ ပြောမထွက်ဘူးလေ။ သူ့ကို ဒီထက်ပိုပြီး စိတ်မပင်ပန်းစေချင်တော့ဘူး”

သို့ဆိုလျှင် တိုဂါရှိက ဟာနာအိုကာ ယာစုကိုအား ရှာဖွေနေကြောင်းကို သူမသည် ကြိုတင် သိရှိထားခြင်း မရှိ။ တစ်နည်းဆိုရသော် တိုဂါရှိက သူမကို လာတွေ့မည် ဖြစ်ကြောင်း သိရှိထားခြင်း မရှိသောကြောင့် သူ့ကို လုပ်ကြံရန် ကြိုတင်အကွက်ချ ပြင်ဆင်ထားနိုင်တော့မည် မဟုတ်ပေ။

“အစကတော့ ကျွန်မလည်း သူ့ကို ပြောပြမလို့ပဲ။ ဒါပေမယ့် အဲဒီတုန်းက သူက အူမြူးပြီး ဟိုဟိုဒီဒီ လျှောက်ပြောနေတော့ ကျွန်မလည်း သူ့ကို ပြောပြချင်စိတ် မရှိတော့ဘူး”

“အဲဒီတုန်းက?” ဆုဂိမူရာ၏ စကားကြောင့် ကုစာနာဂိ၏ ဦးနှောက်မှာ အနည်းငယ် အလုပ်ရှုပ်သွားသည်။ “ခင်ဗျားပြောတဲ့ အဲဒီတုန်းက ဆိုတာ ဘယ်အချိန်ကို ပြောတာလဲ။ နောက်ဆုံးအကြိမ် ဖုန်းပြောခဲ့ကြတုန်းက မဟုတ်ဘူးလား”

“အဲဒီထက် စောတယ်။ တိုဂါရှိ ကျွန်မဆိုင်ကို ရောက်လာပြီး သုံး၊ လေးရက်လောက်နေတော့။ သူက ကျွန်မဆီ စာတို ပို့ထားလို့ ကျွန်မက သူ့ဆီ ဖုန်းပြန်ခေါ်လိုက်တာ”

“အဲဒါ ဘယ်နေ့ကလဲ”

“ခဏ” ဆုဂိမူရာသည် အိတ်ကပ်ထဲမှ ဖုန်းကို ဆွဲထုတ်လိုက်သည်။ သူမသည် ဖုန်းလက်ခံ သို့မဟုတ် ဖုန်းခေါ် မှတ်တမ်းကို စစ်ဆေးကြည့်လိမ့်မည်ဟု ကုစာနာဂိက ယူဆထားသည်။ သို့သော် သူမက ပြက္ခဒိန်ကို ဖွင့်ကြည့်ပြီး ခေါင်းမော့လာသည်။ “မတ်လ ၁၀ ရက်နေ့”

“၁၀ ရက်?” ကုစာနာဂိ၏ အသံက အတန်ငယ် ကျယ်လောင်သွားသည်။ သူနှင့် ကိရှိတာနိတို့ မျက်လုံးချင်း ဆုံမိကြသည်။ “သေချာရဲ့လားဗျ”

“သေချာပါတယ်။ အဲဒီနေ့ပဲ”

၁၀ ရက်နေ့သည် တိုဂါရှိ ရှင်ဂျိ အသတ်ခံရသည့် နေ့ဖြစ်သည်။

"ဘယ်အချိန်လောက်လဲ"

"အဲဒါလား .... ကျွန်မက အိမ်ပြန်ရောက်မှ သူ့ဆီ ဖုန်းပြန်ခေါ်တာဆိုတော့ ည ၁ နာရီ ပတ်ဝန်းကျင်လောက် ဖြစ်မယ်။ သူက ကျွန်မဆီ ၁၂ နာရီ မတိုင်ခင်လောက်က ဖုန်းခေါ်လာတာ။ အဲဒီအချိန်က ဆိုင်မသိမ်းသေးတော့ ကျွန်မ ဖုန်းမကိုင်လိုက်ဘူး"

"ခင်ဗျားတို့ ဘယ်လောက်ကြာကြာ ဖုန်းပြောလိုက်တာလဲ"

"နာရီဝက်လောက် ရှိမှာပေါ့။ ကျွန်မတို့က စကားပြောရင် အဲဒီလောက်တော့ ကြာတတ်တယ်"

"ခင်ဗျားက သူ့ဟန်းဖုန်းကို ခေါ်လိုက်တာလား"

"ဟင့်အင်း၊ ဟန်းဖုန်း မဟုတ်ဘူး။ သူ့အိမ်ဖုန်းကို ခေါ်တာ"

"ကျွန်တော် စကားကို ကတ်သီးကတ်ဖဲ့ လုပ်ချင်လို့ မဟုတ်ဘူးနော်။ အဲဒါ ၁၀ ရက်နေ့ မဟုတ်ဘူးဗျ။ ၁၁ ရက်နေ့ နံနက် ၁ နာရီ"

"အဲ ... ဟုတ်တယ်။ အတိအကျ ပြောရင်တော့ အဲဒီလိုပေါ့"

"မစ္စဟာနာအိုကာက ခင်ဗျားဆီ စာတိုပို့ထားတာ ဆိုတော့ အဲဒီအထဲမှာ ဘာရေးထားတာလဲ"

"ပြောစရာရှိလို့ အလုပ်ပြီးရင် ဖုန်းပြန်ခေါ်ပါ။ ဒါမျိုးပဲပေါ့"

"သူက ဘာပြောစရာ ရှိတာတဲ့လဲ"

"ကြီးကြီးကျယ်ကျယ် ကိစ္စလည်း မဟုတ်ပါဘူး။ ကျွန်မ ဟိုးအရင် ခါးနာတုန်းက ကုခဲ့ဖူးတဲ့ အနှိပ်ဆရာအကြောင်း မေးတာ။ အဲဒီအနှိပ်ခန်းရဲ့ လိပ်စာကို သိချင်လို့တဲ့"

"အနှိပ်ခန်း? ဟိုးအရင်တုန်းကရော အခုလို အသေးအဖွဲ ကိစ္စလေးအတွက် ခင်ဗျားဆီ တကူးတက ဖုန်းခေါ်လာတာမျိုး ရှိလား"

"တကယ်တော့ ကျွန်မတို့ ဖုန်းပြောခဲ့သမျှ ဘာမှ မည်မည်ရရ ကိစ္စရှိလို့ မဟုတ်ပါဘူး။ သူပဲဖြစ်ဖြစ်၊ ကျွန်မပဲဖြစ်ဖြစ်၊ အာလူးဖုတ်ချင်လို့ ဖုန်းခေါ်လိုက်ကြတာချည်းပဲ"

"အမြဲတမ်း အဲဒီလိုပဲလား။ ညသန်းခေါင်ကြီး ဖုန်းဆက်တယ်ပေါ့"

"ဒါလည်း အထူးအဆန်း မဟုတ်ပါဘူးရှင်။ ကျွန်မတို့ အလုပ်က ညသန်းခေါင်ရောက်မှ အလုပ်နားရတာကိုးရှင့်။ ဒါပေမယ့် ကျွန်မကတော့ တတ်နိုင်သလောက် ခွင့်ရက်တွေကျမှပဲ သူနဲ့ ဖုန်းပြောဖြစ်တယ်။ အဲဒီတစ်ခေါက်ကတော့ သူ အရင်ဆက်လာလို့ ကျွန်မက ပြန်ခေါ်လိုက်တာ"

ကုစာနာဂိက ခေါင်းညိတ်ပြလိုက်သည်။ သို့သော် သူ့ရင်ထဲတွင် အကျိတ်အခဲအဖြစ် တည်ရှိနေကြသော သံသယစိတ်တို့ကို ခွဲချေဖျောက်ဖျက်နိုင်စွမ်း မရှိကြသေး။

အပိုင်း (၁၃ - ခ)

မာရိယန်းကလပ်မှ ထွက်လာသောအခါ ကုစာနာဂိသည် ကင်ရှိချိုဘူတာသို့ ဦးတည်၍ လျှောက်လာရင်း အတွေးနယ်ချဲ့နေမိသည်။ နောက်ဆုံးပြောခဲ့သော ဆုဂိမူရာ၏ စကားများက သူ့ရင်ကို လေးပင်နေစေသည်။ မတ် ၁၀ ရက်နေ့ည သန်းခေါင်အချိန်တွင် ဟာနာအိုကာ ယာစုကိုသည် သူမနှင့် ဖုန်းပြောခဲ့သည်။ ထို့အပြင် အိမ်ဖုန်းဖြင့် ပြောဆိုခဲ့ခြင်း။ သို့ဆိုလျှင် ထိုအချိန်၌ ယာစုကိုသည် သူမအိမ်၌ ရှိနေရပေမည်။

လူသတ်မှုသည် မတ်လ ၁၀ ရက်နေ့ ည ၁၁ နာရီနောက်ပိုင်းတွင် ဖြစ်ပွားခဲ့မည်ဟု မှုခင်းစုံထောက်အဖွဲ့အတွင်းရှိ ရဲတချို့က ယူဆကြသည်။ ဟာနာအိုကာ ယာစုကိုကို လူသတ်တရားခံအဖြစ် သတ်မှတ်၍ ထိုထင်မြင်ချက်ကို ထုတ်ဖော်ခဲ့ခြင်း ဖြစ်သည်။ ကာရာအိုကေဆိုင်သို့ သီချင်းသွားဆိုခဲ့ခြင်းမှာ အမှန်ပင် ဖြစ်လင့်ကစား သီချင်းသွားဆိုပြီး နောက်ပိုင်းတွင်မှ လူမသတ်နိုင်ပေဘူးလော။

သို့သော် ထိုထင်မြင်ချက်ကို ထောက်ခံသူမှာ များများစားစား မရှိ။ ကာရာအိုကေဆိုင်မှ ထွက်ထွက်ချင်း အခင်းဖြစ်ရာ နေရာသို့ ချက်ချင်း အရောက်သွားခဲ့လျှင် ထိုနေရာသို့ ည ၁၂ နာရီ ထိုးခါနီးလောက်မှ ရောက်သွားနိုင်သည်။ ထို့နောက် အမှုအခင်း ပြုလုပ်ပြီး အိမ်ပြန်တော့မည့် အချိန်တွင် စီးစရာ မည်သည့်ယာဉ်မျှ ရှိတော့မည် မဟုတ်ပေ။ သာမန်အားဖြင့် လူသတ်သမားများသည် သဲလွန်စကျန်နေနိုင်သည့် တက္ကစီများကို စီးနင်းလေ့ မရှိကြ။ ထို့အပြင် အခင်းဖြစ်ရာဒေသသည် တက္ကစီ အသွားအလာ ကျဲပါးသော ဒေသဖြစ်နေသည်။

စက်ဘီးပျောက်ဆုံးခဲ့သော အချိန်ကိုလည်း ထည့်သွင်း စဉ်းစားရဦးမည်။ စက်ဘီးသည် ည ၁၀ နာရီမတိုင်ခင်က ပျောက်ဆုံးခဲ့သည်။ အကယ်၍ စက်ဘီးဖြင့် အကွက်ဆင်ထားသည်ဟု ယူဆမည်ဆိုလျှင် ယာစုကိုသည် ရှိနိုဇာကိဘူတာသို့ အလျင် သွားရပေဦးမည်။ အကွက်ဆင်ထားခြင်း မဟုတ်ဘဲ တိုဂါရှိကိုယ်တိုင်က ထိုစက်ဘီးကို ခိုးယူခဲ့သည်ဟု ယူဆလျှင် မေးစရာ မေးခွန်းများ ထွက်ပေါ်လာပြန်သည်။ စက်ဘီးကို ခိုးပြီးနောက် ည ၁၀ နာရီမှ ယာစုကိုနှင့် ချိန်းထားသည့် ည ၁၂ နာရီ မတိုင်ခင် ကြားကာလတွင် သူ ဘယ်နေရာသို့ သွားနေခဲ့သနည်း။ ဘာတွေ လုပ်နေခဲ့သနည်း။

အထက်ပါအတိုင်း ဖင်ပြန်ခေါင်းပြန် စဉ်းစားသုံးသပ်လိုက်သောအခါ ကာရာအိုကေဆိုင်မှ ပြန်လာပြီး နောက်ပိုင်း အခြေအနေများကို ယာစုကိုထံမှ

စုံစမ်းမေးမြန်းနေစရာ မလိုအပ်တော့ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ အကယ်၍ စုံစမ်းရန် လိုအပ်လာလျှင်လည်း သူမတွင် သက်သေပြစရာ ရှိနေသည်။ ထိုညက သူမအိမ်တွင် ဆုဂိမူရာ ဆိုနိုကိုနှင့် ဖုန်းပြောနေခဲ့သည် မဟုတ်ပါလော။

ဧင်းမှာ သူ မကျေမလည် ဖြစ်နေသော အချက်ပင်တည်း။

"ငါတို့ ပထမဆုံးအကြိမ် ဟာနာအိုကာ ယာစုကိုကို သွားတွေ့ခဲ့ကြတာ မင်း မှတ်မိသေးတယ်မလား" ကုစာနာဂိက လမ်းလျှောက်နေရင်း ကိရှိတာနိကို လှမ်းပြောလိုက်သည်။

"မှတ်မိတယ်။ ဘာဖြစ်လို့လဲ"

"အဲဒီတုန်းက အလီဘိုင်နဲ့ ပတ်သက်ပြီး ငါ သူ့ကို ဘယ်လို မေးလိုက်တာလဲ။ မတ်လ ၁၀ ရက်နေ့က ဘယ်မှာ ရှိနေခဲ့သလဲလို့ မေးလိုက်တာလား"

"ကျွန်တော် အတိအကျတော့ မမှတ်မိတော့ဘူး။ အဲဒီလိုပဲ ဖြစ်မှာပါပဲ"

"သူက ဒီလို ပြန်ဖြေတယ်။ မနက်ခင်းမှာ အလုပ်သွားတယ်။ ညနေရောက်တော့ သမီးနဲ့ အပြင်ထွက်ပြီး ရုပ်ရှင်သွားကြည့်တယ်။ ပြီးတော့ ခေါက်ဆွဲသွားစားပြီး ကာရာအိုကေ ဆိုတယ်။ အိမ်ပြန်ရောက်တော့ ည ၁၁ နာရီ ကျော်နေပြီ။ သူ အဲဒီလို ပြောတာ မဟုတ်လား"

"ဟုတ်တယ်"

"စောစောက အမျိုးသမီးရဲ့ စကားအရဆိုရင် ယာစုကိုဟာ အိမ်ပြန်ရောက်တာနဲ့ အဲဒီအမျိုးသမီးဆီကို ဖုန်းခေါ်လိုက်တာပဲ။ ဘာမှ အရေးတကြီးကိစ္စ ရှိတာလည်း မဟုတ်ဘဲနဲ့ သူ့ဆီ ဖုန်းပြန်ခေါ်ဖို့ မှာထားလိုက်သေးတယ်။ ဆုဂိမူရာ ဖုန်းပြန်ခေါ်တဲ့ အချိန်က ည ၁ နာရီကျော်။ နှစ်ယောက်သား မိနစ် ၃၀ လောက် ဖုန်းပြောကြတယ်"

"ဘာမှားနေလို့လဲ အာစရိ"

"ငါ ယာစုကိုကို ဘာတွေ လုပ်ခဲ့သလဲလို့ မေးတုန်းက သူ ဘာဖြစ်လို့ အဲဒါတွေကို ထည့်မပြောခဲ့ရတာလဲ"

"ဘာဖြစ်လို့ .... မလိုအပ်ဘူးလို့ ထင်လို့ နေမှာပေါ့"

"ဖြစ်နိုင်ပါ့မလား" ကုစာနာဂိက တုံ့ရပ်ပြီး သူ့ရဲဘော်ဘက်သို့ လှည့်ကြည့်လိုက်သည်။ "ကိုယ့်အိမ်က တယ်လီဖုန်းနဲ့ တခြားလူတစ်ယောက်ဆီကို

ဖုန်းခေါ်တာဟာ အိမ်မှာ သူ ရှိနေကြောင်း ပြတဲ့ သက်သေပဲလေ”

ကိရှိတာနို၏ ခြေလှမ်းများလည်း ရပ်တန့်သွားသည်။ ထို့နောက် နှုတ်ခမ်းကို စူလိုက်သည်။ “ဟုတ်ပါတယ်။ ဒါပေမယ့် ဟာနာအိုကာ ယာစုကို အနေနဲ့ ကြည့်မယ်ဆိုရင် အပြင်ထွက်တဲ့ အကြောင်းကိုပဲ ပြောပြလိုက်ရင် လုံလောက်ပြီလို့ ယူဆထားတာ နေမှာပေါ့။ တကယ်လို့ ကျွန်တော်တို့က တစ်ဆင့်တက်ပြီး အိမ်ထဲမှာ ဘာလုပ်နေခဲ့သလဲလို့ မေးလိုက်ရင်တော့ သူက တယ်လီဖုန်းဆက်တဲ့ကိစ္စကို ပြောပြလာမှာပဲ”

“အဲဒီလောက်ပဲလို့ မင်းက ထင်တာလား”

“တခြား ဘာအကြောင်းအရင်းရော ရှိသေးလို့လဲ။ အလီဘိုင် မရှိတာကို လူမသိအောင် ဖုံးဖိဖို့ ကြိုးစားနေတယ် ဆိုရင်တော့ သံသယ ဖြစ်စရာပေါ့။ အခုဟာက သူ့မှာလည်း အလီဘိုင် ရှိနေတယ်လေ။ ကျွန်တော်တို့ကို မပြောတာပဲ ရှိတာ။ အဲဒါကို မပြောပြရကောင်းလားလို့ ရမယ်ရှာနေရင်တော့ နည်းနည်း ထူးဆန်းမနေဘူးလား”

ကုစာနာဂိသည် အလိုမကျ ဖြစ်နေသော ကိရှိတာနိုထံမှ သူ၏ အကြည့်ကို ဖဲခွာလိုက်ပြီး ဆက်လက် ထွက်ခွာသွားသည်။ သူ၏ ရဲဘော်သည် ဟာနာအိုကာအိမ်၏ တံခါးကို မခေါက်စဉ်ကတည်းက ထိုသားအမိ၏ ဘက်တော်သား ဖြစ်နေခဲ့သည်။ သူ့ထံမှ ဓမ္မဓိဋ္ဌာန်ကျသော အမြင်မျိုး တောင်းခံနေမိခြင်းမှာ မဟာအမှားပင် ဖြစ်နေတော့သည်။

နေ့ခင်းပိုင်းက ယုကာဝါနှင့် ပြောခဲ့သော စကားများသည် ကုစာနာဂိ၏ အတွေးအာရုံထဲသို့ ပြန်လည် တိုးဝင်လာသည်။ အကယ်၍ ထိုလူသတ်မှုထဲတွင် အိရှိဂါမိ ပါဝင်ပတ်သက်နေသည်ဟု ဆိုလျှင် ၎င်းမှာ ကြိုတင်ကြံစည်မှု လုံးဝ မဖြစ်နိုင်ကြောင်း လောကဓာတ်ဆရာကြီးက အခိုင်အမာ ပြောဆိုခဲ့သည်။

“တကယ်လို့သာ ဒီအစီအစဉ်တွေကို သူ ရေးဆွဲခဲ့တာဆိုရင် သူက ရုပ်ရှင်ရုံကို အလီဘိုင်သက်သေအဖြစ်နဲ့ အသုံးချမှာ မဟုတ်ဘူး” ယုကာဝါက မှတ်ချက်ချသည်။ “မင်းတို့ သံသယ ရှိနေကြသလိုပဲ ရုပ်ရှင်သွားကြည့်တယ်ဆိုတဲ့ ထွက်ဆိုချက်က အတော်ကို ဝိုးတိုးဝါးတား နိုင်လွန်း အားကြီးတယ်။ အိရှိဂါမိက ဒီအချက်ကို မစဉ်းစားမိဘဲ နေမှာ မဟုတ်ဘူး။ အဲဒါအပြင် အဲဒီထက်ပိုပြီး အရေးကြီးတဲ့ မေးခွန်းတစ်ခုကိုလည်း မေးစရာ ရှိနေသေးတယ်။ အိရှိဂါမိဟာ ဟာနာအိုကာ ယာစုကိုကို ကူပြီး တိုဂါရှိကို သတ်ဖြတ်ပေးဖို့ ဘာအကြောင်းအရင်း ရှိလို့လဲ။ တိုဂါရှိက သူ့ဇနီးဟောင်းကို အမျိုးမျိုး ဒုက္ခလိုက်ပေးနေတယ်ပဲ ထားဦး။ အိရှိဂါမိရဲ့ စရိုက်အရဆိုရင် သူ့မှာ ဖြေရှင်းစရာ နည်းလမ်းတွေ အပုံကြီး ရှိနေနိုင်တယ်။ လူသတ်ပြီး ဖြေရှင်းမယ်ဆိုတဲ့ နည်းလမ်းကို

ရွေးချယ်စရာအကြောင်း မရှိဘူး”

“မင်း ဆိုလိုချင်တဲ့ အဓိပ္ပာယ်က အိရှိုဂါမိဟာ အဲဒီလို ရက်စက်တတ်တဲ့လူ မဟုတ်ဘူးလို့ ပြောချင်တာလား” ကုစာနာဂိက မေးခဲ့သည်။

ထိုစဉ်က ယုကာဝါသည် တည်ငြိမ်အေးစက်စွာ ကြည့်ရင်း ခေါင်းခါပြခဲ့သည်။ “ဒီကိစ္စက ခံစားချက်နဲ့ မဆိုင်ဘူး။ ဒုက္ခကို ကျော်လွှားနိုင်ဖို့အတွက် လူသတ်ပြီး ဖြေရှင်းတယ်ဆိုတာ ကျိုးကြောင်းဆီလျော်တဲ့ နည်းလမ်း မဟုတ်ဘူး။ လူသတ်ပြီးတဲ့ နောက်မှာ နောက်ထပ် ဒုက္ခအသစ်တွေ ထပ်ပေါ်လာဦးမှာပဲ။ အိရှိုဂါမိက အဲဒီလို ရူးမိုက်တဲ့ အလုပ်မျိုးကို လုပ်မှာ မဟုတ်ဘူး။ အဲဒါကို ပြောင်းပြန် ပြန်တွေးကြည့်လိုက်။ တကယ်လို့သာ ကျိုးကြောင်းဆီလျော်မယ် ဆိုရင် ဘယ်လောက် ရက်စက်တဲ့ ကိစ္စမျိုးပဲ ဖြစ်ဖြစ်၊ သူက လက်ရှောင်နေမှာ မဟုတ်ဘူး”

“ဒါဆို အိရှိုဂါမိက ဘယ်လိုပုံစံမျိုးနဲ့ ဒီအမှုထဲမှာ ပါဝင်နေမယ်လို့ မင်း ယူဆသလဲ”

“တကယ်လို့သာ ဒီအမှုမှာ သူ ပါဝင်ပတ်သက်နေမယ်ဆိုရင် အမှန်တကယ် လူသတ်တဲ့ကဏ္ဍမှာ သူ့ရဲ့ လုံ့လဥဿာဟ နည်းနည်းမှ ပါခဲ့မယ် မထင်ဘူး။ တစ်နည်းပြောရရင် အခြေအနေ အရပ်ရပ်ကို သူ သိရှိသွားတဲ့အချိန်မှာ တိုဂါရှိက သေနေပြီ။ အဲဒီလိုအချိန်မှာ သူ ဘာဆက်လုပ်မလဲ။ ဖုံးဖိထားနိုင်ရင်တော့ အကောင်းဆုံးပေါ့။ တကယ်လို့ ဖုံးဖိထားဖို့ မဖြစ်နိုင်ဘူးဆိုရင် နောက်နောင် ကြုံတွေ့လာနိုင်တဲ့ စုံစမ်းစစ်ဆေးမှုတွေကို ကျော်လွှားနိုင်ဖို့ နည်းဗျူဟာတွေ ချမှတ်တော့မှာပဲ။ ပြီးတော့ ဟာနာအိုကာ ယာစုကိုတို့ သားအမိကိုလည်း လမ်းညွှန်ပေးလိမ့်မယ်။ ရဲတွေရဲ့ မေးခွန်းတွေကို ဘယ်လို ဖြေရမယ်။ ဘယ်လိုအချိန်မှာ ဘယ်လိုအထောက်အထားမျိုးကို ချပြသင့်တယ်။ စတာတွေကို သင်ပေးထားဦးမှာပဲ”

ထိုသို့ဆိုလျှင် ယခုအချိန်ထိ ဟာနာအိုကာသားအမိတို့၏ ထွက်ဆိုချက် မှန်သမျှသည် သူတို့၏ ကိုယ်ပိုင် သဘောထားများ မဟုတ်ကြဟု ယုကာဝါ၏ သီအိုရီအရ ယူဆရပေတော့မည်။ ဤကာလတစ်လျှောက်လုံး သူတို့သားအမိကို အိရှိုဂါမိက နောက်ကွယ်မှ ကြိုးကိုင်ကစားနေသည်ဟု ဆိုရပေမည်။

“တကယ်တော့ ….” လောကဓာတ်ဆရာကြီးက အေးစက်သော လေသံဖြင့် ဆက်ပြောသည်။ “အဲဒါတွေ အားလုံးက ငါ့ရဲ့ ထင်မြင်ယူဆချက် သက်သက်ပါပဲ။ အိရှိုဂါမိသာ ပါဝင်ပတ်သက်ခဲ့ရင် ဆိုတဲ့ ပေးထားချက်အပေါ် အခြေခံပြီး တည်ဆောက်ထားတဲ့ သီအိုရီပေါ့။ ဒီပေးထားချက် ကိုယ်နှိုက်ကလည်း မှားချင် မှားနေနိုင်တာပဲ။ အတိအကျ ပြောရရင်တော့ ငါ့အနေနဲ့

အဲဒီပေးထားချက်ကို မှားနေစေချင်တယ်။ ငါ အတွေးခေါင်နေတာ ဖြစ်ပါစေလို့ ငါ့ရင်ထဲကနေ ကျိတ်ပြီး ဆုတောင်းနေမိတယ်” ထိုစကားကို ပြောဆိုနေစဉ်အတွင်း ယုကာဝါ၏ အမူအရာမှာ လွန်စွာ နာကျင်ခံခက် ဖြစ်နေသော ဝေဒနာတစ်ခုကို ခံစားနေရသကဲ့သို့ ဖြစ်နေသည်။ မိတ်ဆွေဟောင်းနှင့် မတော်တဆ ပြန်လည်ဆုံစည်းခွင့် ရပြီးနောက် များမကြာမီ ပြန်လည် ဆုံးရှုံးရပေတော့မည်။ အဖြစ်မှန်သည် သူ တွေးဆထားသကဲ့သို့ ဖြစ်နေမည်ကို သူ စိုးရိမ်နေပုံရသည်။

ယုကာဝါသည် အဘယ်ကြောင့် အိရှိဂါမိကို သံသယ ဝင်ခဲ့ရသနည်း။ ထိုအချက်ကို သူက ကုစာနာဂိအား ပြောမပြခဲ့ပေ။ အိရှိဂါမိက ယာစုကိုအား မေတ္တာရှိနေသည်ကို သူ ရိပ်မိသွားပုံ ရသည်။ သူ မည်သို့ ရိပ်စားမိသွားခဲ့သနည်း ဆိုသည်ကိုမူ ကုစာနာဂိအနေဖြင့် လုံးဝ မသိခဲ့။

ကုစာနာဂိသည် ယုကာဝါ၏ ထိုးဖောက်မြင်နိုင်စွမ်းနှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းကို အပြည့်အဝ ယုံကြည်သည်။ ယုကာဝါကိုယ်နှိုက်က သူ၏ ကိုယ်ပိုင်ယူဆချက်ကို လက်ခံထားပြီ ဆိုလျှင် မှားနိုင်စရာ အကြောင်းမရှိတော့ပေ။ ထိုသို့ဆိုလျှင် မာရိယန်းတွင် သူ ကြားခဲ့ရသော သတင်းများသည် ပို၍ပင် စိတ်ဝင်စားစရာ ကောင်းလာတော့သည်။

ယာစုကိုသည် မတ်လ ၁၀ ရက်နေ့ညတွင် တခြားသူတစ်ဦးနှင့် ဖုန်းပြောခဲ့သည့် ကိစ္စကို အဘယ်ကြောင့် ကုစာနာဂိတို့အား မပြောပြခဲ့သနည်း။ အကယ်၍ သူမသည် လူသတ်မှုကျူးလွန်ခဲ့ပြီး အလီဘိုင်သက်သေများကို ကြိုတင် ပြင်ဆင်ထားခဲ့သည် မှန်လျှင် ယေဘုယျအားဖြင့် သူမသည် ထိုအထောက်အထားများကို ရဲအရာရှိများအား အမြန်ဆုံး ပြောပြခဲ့မည်သာ။ သူမ ထိုသို့ မပြုလုပ်ခဲ့ခြင်းမှာ အိရှိဂါမိ၏ ညွှန်ကြားချက်ကြောင့်သာ ဖြစ်ရပေမည်။ အိရှိဂါမိ၏ ညွှန်ကြားချက်ကို အတိုချုပ် ဖော်ပြရလျှင် ‘သတ်မှတ်သည့်အချိန်တွင် လိုအပ်သည်ထက် ပိုမပြောမိစေရန်’ ဖြစ်သည်။

ယုကာဝါသည် ဤအမှုကို များစွာ စိတ်ဝင်စားခြင်း မရှိခဲ့စဉ်က ကုစာနာဂိကို စကားတစ်ခွန်း ပြောခဲ့ဖူးသည်။ ထိုစဉ်က သူတို့ ဆွေးနွေးပြောဆိုနေကြသော အကြောင်းအရာမှာ ရုပ်ရှင်လက်မှတ်ဟောင်းကို ဟာနာအိုကာ ယာစုကိုက ကြော်ငြာစာရွက်ထဲမှ ထုတ်ပြခဲ့ခြင်းအကြောင်း ဖြစ်သည်။ ထိုအကြောင်းကို ကြားပြီးနောက် ယုကာဝါက ဤသို့ ပြောကြားခဲ့သည်။

“သာမန်လူတစ်ယောက် ဆိုရင် အလီဘိုင်သက်သေအဖြစ် သုံးနိုင်မှန်း သိတဲ့ ရုပ်ရှင်လက်မှတ်ကိုတောင် ဒီလောက် အလေးထားပြီး သိမ်းနေမှာ မဟုတ်ဘူး။ ရဲတွေ လာမေးနိုင်တယ်လို့ အပိုင်တွက်ထားပြီး ရုပ်ရှင်လက်မှတ်ကို ကြော်ငြာစာရွက်ကြားမှာ တကူးတက ညှပ်ထားတာပါ ဆိုရင်တော့ အဲဒီလူက

ပေါ့သေးသေး လူတစ်ယောက် မဖြစ်နိုင်ဘူး”

၆ နာရီ ထိုးခဲ့ပြီ။ ယာစုကိုသည် ခါးစည်းအဝတ်ကို ချွတ်လိုက်တော့မည်ဟု စိတ်ကူးနေစဉ်မှာပင် ဧည့်သည်တစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။

“မင်္ဂလာပါရှင်” အပြုံးဖြင့် နှုတ်ခွန်းဆက်ပြီး ဧည့်သည်ကို မော့ကြည့်လိုက်သောအခါ သူမ၏ နှုတ်ခမ်းများ တောင့်တင်းသွားကြသည်။ ထိုသူကို မြင်ဖူးနေသည်။ သို့သော် မရင်းနှီးလှ။ အိရှိုဂါမိ၏ သူငယ်ချင်းအဖြစ်သာ သူမ သိထားသည်။

“ကျွန်တော့်ကို မှတ်မိသေးတယ်မလား” ဧည့်သည်က မေးသည်။ “အရင်က အိရှိုဂါမိနဲ့အတူ လာခဲ့ဖူးတယ်လေ”

“ဟုတ်၊ မှတ်မိပါတယ်” ယာစုကိုက ပြုံးပြနိုင်ရန် ပြန်လည်ကြိုးစားနေရသည်။

“ကျွန်တော် ဒီနား လမ်းကြုံလို့ ခင်ဗျားတို့ ဆိုင်ကို သတိရတာနဲ့ ဝင်လာတာ။ ပြီးခဲ့တဲ့အခေါက်က ဟင်းတွေက အရမ်း စားလို့ကောင်းတာပဲ”

“ကျေးဇူးပါပဲရှင်”

“ဒီနေ့တော့ ….. ဘာယူရင် ကောင်းမလဲ။ စပယ်ရှယ်ဟင်းပဲ ပေးဗျာ။ အိရှိုဂါမိက အမြဲတမ်း အဲဒါပဲ ဝယ်တာဆို။ ပြီးခဲ့တဲ့အခေါက်ကတော့ မရလိုက်ဘူးဗျာ။ ဒီနေ့တော့ ကျန်သေးတယ် မဟုတ်လား”

“ဟုတ်ကဲ့ရှင့်” ယာစုကိုသည် စားဖိုချောင်ဘက်သို့ ဟင်းမှာလိုက်ပြီးနောက် ခါးစည်းအဝတ်ကို ချွတ်နေလေသည်။

“ဩော် … အလုပ်သိမ်းတော့မှာလား”

“ဟုတ်၊ ကျွန်မက ၆ နာရီအထိ အလုပ်ဆင်းပါတယ်”

“ဩော် ဒါဆို အခု အိမ်ပြန်တော့မှာပေါ့”

“ဟုတ်ကဲ့”

“ကျွန်တော် ခင်ဗျားနဲ့အတူ လိုက်လို့ ရမလား။ ခင်ဗျားကို စကားနည်းနည်း ပြောစရာ ရှိလို့”

“ကျွန်မကို?”

"အဲ ... တိုင်ပင်စရာ ရှိလို့လို့ ပြောရင် ပိုမှန်မယ်။ အိရိုဂါမိရဲ့ ကိစ္စပါ" ထိုအမျိုးသားက ပြုံးနေသည်။

ယာစုကို၏ စိတ်ထဲ မအီမသာ ဖြစ်လာသည်။ "ဒါပေမယ့် ကျွန်မက မစ္စတာအိရိုဂါမိအကြောင်း ဘာမှမှ မသိတာပဲဟာ"

"မကြာစေရပါဘူး။ ကျွန်တော်တို့ လမ်းလျှောက်ရင်း ပြောကြတာပေါ့" သူ၏ လေသံမှာ ပျော့ပျောင်းနေသော်လည်း တစ်ဘက်လူကို ငြင်း၍ မရအောင် ပိုင်စိုးပိုင်နင်း ပြောနေသည်။

"ခဏဆိုရင်တော့ ဖြစ်ပါတယ်" သူမအနေဖြင့် ငြင်းရန် မဖြစ်နိုင်ကြောင်း နားလည်လိုက်သည်။

ပါဆယ်ပြင်ပြီးသောအခါ သူတို့ ဆိုင်မှ ထွက်ခွာခဲ့ကြသည်။

ထိုအမျိုးသားက သူ့ကိုယ်သူ ယုကာဝါဖြစ်ကြောင်း မိတ်ဆက်စကား ဆိုသည်။ အိရိုဂါမိ တက်ခဲ့သော တက္ကသိုလ်တွင် လက်ထောက်ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်နေသည်။

ယာစုကိုသည် ခါတိုင်းကဲ့သို့ပင် အလုပ်သို့ စက်ဘီးစီး၍ လာခဲ့ခြင်း ဖြစ်သည်။ သူမသည် စက်ဘီးကို တွန်း၍ လမ်းလျှောက်မည် ပြုစဉ် ယုကာဝါထံမှ စကားသံ ထွက်ပေါ်လာသည်။ "ကျွန်တော် တွန်းလိုက်ပါမယ်" သို့ဖြင့် စက်ဘီးသည် သူ့လက်ထဲသို့ ရောက်ရှိသွားသည်။

"ခင်ဗျား အိရိုဂါမိနဲ့ စကား ကောင်းကောင်း မပြောဖူးဘူးလား" ယုကာဝါက မေးသည်။

"ဟုတ်၊ သူ ဆိုင်ကိုလာတုန်း နှုတ်ဆက်ကြတာလောက်ပဲ"

"ဪ" သူ့ထံမှ ဘာအသံမျှ ထွက်မလာတော့ပေ။

"ဒါနဲ့ ... ကျွန်မကို ပြောစရာ ရှိလို့ဆို" သူမက မအောင့်အည်းနိုင်တော့ဘဲ မေးချလိုက်သည်။

သို့သော် ယုကာဝါက ဘာမျှ မပြောဘဲ ငြိမ်သက်နေသည်။ ယာစုကို၏ ကသိကအောက် ဖြစ်နေသော သောကစိတ်အစဉ်များက ရုပ်ဝေဒနာအဖြစ်သို့ အသွင်ပြောင်းလာပြီး ခေါင်းခဲစ ပြုလာသောအချိန်တွင် သူ့ထံမှ အသံထွက်ပေါ်လာသည်။ "သူက အင်မတန် ရိုးစင်းတဲ့ လူတစ်ယောက်ပါ"

"ရှင်"

"အိရှိုဂါမိလေ။ သူက လူရိုးတစ်ယောက်။ ရိုးအ,တယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ သူက ရိုးစင်းတယ်။ သူဟာ အမြဲတမ်း အရိုးရှင်းဆုံး အဖြေကိုပဲ ရှာဖွေနေတတ်တယ်။ သူက တစ်ခုဆို တစ်ခုပဲ အာရုံစိုက်တတ်ပြီး ဟိုလိုလို ဒီလိုလို ဗျာများနေတတ်တဲ့ လူမျိုး မဟုတ်ဘူး။ ပြီးတော့ သူတောင်းဆိုတာကို ရနိုင်ဖို့ ကြိုးပမ်းတဲ့ နည်းလမ်းကလည်း အင်မတန်မှ ရိုးရှင်းတယ်။ သူက ဘယ်တော့မှ မတွေဝေတတ်သလို အသေးအမွှား ကိစ္စလေးကြောင့်လည်း ဘယ်တော့မှ ယိမ်းယိုင်မသွားတတ်ဘူး။ သူ့အတွက်ကတော့ ဘာလုပ်လုပ် အကုန်လုံးရရင် ရ၊ မရရင် အကုန်လုံး အဆုံးခံမယ့် လူစားမျိုး။ ဒါကိုကြည့်ခြင်းအားဖြင့် သူဟာ ဒီလူ့ပတ်ဝန်းကျင်နဲ့ အံဝင်ခွင်ကျ ဖြစ်မနေဘူးလို့ ပြောလို့ရတယ်။ ဒါကြောင့်လည်း သူ့ဘဝ တစ်လျှောက်လုံးမှာ သူ လုပ်ခဲ့သမျှ အရာမထင်ခဲ့တာပဲ များတာပေါ့"

"မစ်စတာယုကာဝါ ....."

"ဆောရီးဗျာ။ ကျွန်တော် ဘာပြောချင်နေသလဲ ဆိုတာကို ခင်ဗျား နားလည်ပုံ မရဘူး" ယုကာဝါက မချိပြုံး ပြုံးနေသည်။ "ခင်ဗျား အိရှိုဂါမိကို ပထမဆုံး မြင်တွေ့ဖူးတာ အဲဒီတိုက်ခန်းကို ပြောင်းလာပြီးမှ မဟုတ်လား"

"ဟုတ်၊ ကျွန်မ သူ့ဆီ သွားနှုတ်ဆက်ခဲ့တာပါ"

"ခင်ဗျား ဘန်တန်တိုင်မှာ အလုပ်လုပ်နေတဲ့အကြောင်း သူ့ကို အဲဒီအချိန်က ပြောပြလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"သူ ဘန်တန်တိုင်ကို စပြီး ဝင်ထွက်နေတာကလည်း အဲဒီအချိန်လောက်က စမယ် ထင်တယ်"

"ဟုတ်လောက်မယ်"

"ခင်ဗျား သူနဲ့ စကားတွေ အများကြီး မပြောခဲ့ဖူးဘူး ဆိုတာ ကျွန်တော် ယုံပါတယ်။ သူ ပြောခဲ့ဖူးသမျှ စကားတွေထဲမှာ ခင်ဗျားအနေနဲ့ အခုချိန်ထိ စွဲစွဲမြဲမြဲ ဖြစ်နေပြီး မေ့လို့ မရနိုင်သေးတဲ့စကား တစ်ခွန်းတလေများ မရှိဘူးလား။ အသေးအမွှားဆိုလည်း ကိစ္စမရှိပါဘူး"

ယာစုကို၏ စိတ်ထဲ ရှုပ်ထွေးလာသည်။ ဘယ်တုန်းကမျှ ထိုသို့သော မေးခွန်းမျိုးကို သူမ မစဉ်းစားခဲ့ဖူးချေ။ "ရှင် ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ"

"အင်း ......" ယုကာဝါသည် လမ်းလျှောက်ရင်း သူမကို အကြာကြီး စိုက်ကြည့်နေသည်။ "ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်တော့်သူငယ်ချင်း

ဖြစ်နေလို့ပဲ။ အင်မတန်မှ အရေးပါတဲ့ သူငယ်ချင်းတစ်ယောက်ပါ။ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတာကို ကျွန်တော် သိချင်နေတယ်"

"သူနဲ့ ကျွန်မရဲ့ ဆက်ဆံရေးက ဘာမှ မပြောပလောက်ပါဘူး"

"သူ့အတွက်တော့ သိပ်ကို အရေးပါလွန်းနေတယ်" ယုကာဝါက ပြောသည်။ "အရမ်း အရမ်းကို အရေးပါလွန်းတယ်။ ဒီအချက်ကို ခင်ဗျား နားလည်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

ယုကာဝါ၏ မျက်လုံးထဲမှ လေးနက်သောအကြည့်များကို မြင်ရသည့်အခါ ယာစုကို၏ တစ်ကိုယ်လုံးတွင် ကြက်သီးများ တဖြန်းဖြန်း ထလာတော့သည်။ ယခုမှ သူမ နားလည်လာသည်။ အိရှိဂါမိသည် သူမအပေါ်တွင် မေတ္တာသက်ဝင်နေကြောင်းကို ထိုသူက သိရှိထားသည်။ အဘယ်ကြောင့် ထိုသို့ ဖြစ်လာခဲ့ရသည်ကို သူက နားလည်နိုင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။

ယာစုကိုသည် ထိုမေးခွန်းကို မည်သည့်အခါကမှ စဉ်းစားခဲ့ဖူးခြင်း မရှိပေ။ ထိုအချက်ကိုလည်း သူမ ယခုမှ သတိထားလိုက်မိသည်။ သူမသည် မြင်မြင်ချင်း ချစ်မိသွားလောက်အောင် ဆွဲဆောင်နိုင်သော အလှဂေရီတစ်ပါး မဟုတ်ကြောင်း သူမကိုယ်သူမ အသိဆုံး ဖြစ်သည်။

သူမက ခေါင်းခါလိုက်သည်။ "ကျွန်မ ဘာမှ စဉ်းစားလို့ မရဘူး။ သူနဲ့ကျွန်မက စကားတွေလည်း များများစားစား ပြောဖူးတာ မဟုတ်ဘူး"

"ဪ ... တကယ်လည်း အဲဒီလို ဖြစ်ချင် ဖြစ်မှာပါ" ယုကာဝါ၏ လေသံက နူးညံ့သိမ်မွေ့လာသည်။ "ခင်ဗျား သူ့ကို ဘယ်လို သဘောရလဲ"

"ရှင်"

"ခင်ဗျားအပေါ်ထားတဲ့ သူ့ရဲ့ စေတနာကို ခင်ဗျား နည်းနည်းမှ မရိပ်မိတာတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လို သဘောထားသလဲ"

တဲ့တိုးမေးလာသော မေးခွန်းကြောင့် ယာစုကို အနည်းငယ် တွန့်သွားသည်။ သူမက ရှက်ရှက်နှင့် ရယ်ချပစ်လိုက်ချင်သည်။ သို့သော် လက်ရှိအနေအထားက သူမကို ရှက်ပြုံးပြုံးရန်ပင် အခြေအနေ မပေးချေ။

"ကျွန်မအနေနဲ့ သူ့အပေါ် ဘာမှ ထူးထူးခြားခြား ခံစားရတာ မရှိပါဘူး။ သူဟာ လူကောင်းတစ်ယောက်လို့ပဲ ကျွန်မ ယူဆမိတယ်။ ပြီးတော့ အင်မတန်မှ ဉာဏ်ကောင်းတယ်"

“သူဟာ အင်မတန်မှ ဥာဏ်ထက်မြက်တဲ့ လူတစ်ယောက်ဆိုတာကို ခင်ဗျား သိထားတယ် ဆိုပါတော့”

“သိတယ် ဆိုတာထက် ကျွန်မ စိတ်ထဲက အဲဒီလို ဖြစ်လိမ့်မယ်လို့ ခံစားနေမိရုံ သက်သက်ပါ”

“ကျွန်တော် သဘောပေါက်ပါပြီ။ ခင်ဗျားကို အနှောင့်အယှက် ပေးမိရင် တောင်းပန်ပါတယ်” ယုကာဝါက စက်ဘီးလက်ကိုင်ကို ယာစုကိုလက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။ “အိရှိဂါမိကို ကျွန်တော် နှုတ်ဆက်လိုက်တယ်လို့ ပြောပေးပါဦး”

“ဒါပေမယ့် ကျွန်မ သူနဲ့ ဆုံချင်မှ ဆုံမှာလေ”

သို့သော် ယုကာဝါသည် ခပ်ပြုံးပြုံး မျက်နှာထားဖြင့် ခေါင်းညိတ်ပြကာ အနားမှ လှည့်ထွက်သွားသည်။ ယာစုကိုသည် ထွက်ခွာသွားသော သူ၏ ကျောပြင်ကို ငေးကြည့်နေရင်း ထိုသူကို စိတ်ထဲမှ ကြောက်ရွံ့လာမိလေသည်။

အခန်း (၁၄ - က)

စိတ်ဆင်းရဲနေသော မျက်နှာများကို အိရှိဂါမိက ထိုင်၍ ငေးကြည့်နေမိသည်။ တချို့သောသူများ၏ အမူအရာမှာ စိတ်ဆင်းရဲနေခြင်းထက် ပိုလွန်နေသည်။ နာကျင်ခံခက်နေသော မျက်နှာများ။ ထို့ထက် ပိုမိုဆိုးရွားနေသော သူများလည်း ရှိနေပြန်သေးသည်။ ထိုသူတို့၏ မျက်နှာများမှာ မကျေမချမ်းစိတ်ဖြင့် နီမြန်းနေကြသည်။ မိုရီအိုကာသည် စာမေးပွဲ စတင်ချိန်မှ စ၍ မေးခွန်းလွှာကို တစ်ချက်ကလေးမျှပင် ကြည့်ဖော်မရ။ ပြတင်းပေါက် အပြင်သို့သာ ငေးမိငေးရာ ငေးမျှော်ကြည့်နေသည်။ ယနေ့သည် နေသာသော နေ့တစ်နေ့ ဖြစ်သည်။ ကျောင်းပရိဝုဏ်၏ အပြင်ဘက် တစ်နံတစ်လျားတွင် အဆုံးအစ မရှိသော ကောင်းကင်ပြာကြီးက မင်းမူလျက်။ ဤကဲ့သို့သော အစိပ္ပာယ် ကင်းမဲ့လှသည့် စာမေးပွဲခန်းထဲတွင် ထိုင်မနေရပါမူ သူသည် မော်တော်ဆိုင်ကယ်ဖြင့် လှိမ့်ချင်တိုင်း လှိမ့်၍ လွတ်လွတ်လပ်လပ် နေရပေလိမ့်မည်။ မိုရီအိုကာက ထိုသို့ တွေးတောနေမည်လော။

ယခုအချိန်မှာ နွေဦးကျောင်းပိတ်ရက် ဖြစ်သောကြောင့် ကျောင်းထဲတွင် ကျောင်းသားများ မရှိကြတော့။ သို့သော် အကုန်လုံးတော့ မဟုတ်။ ကျောင်းသားတချို့မှာ စိတ်ပျက်ငြီးငွေ့ဖွယ် ကောင်းသည့် စာမေးပွဲနှင့် နပန်းလုံးနေကြရဆဲ ဖြစ်သည်။ စပလီ ပြန်စစ်သော်လည်း ကျရှုံးသော ကျောင်းသား အတော်များများ ရှိနေပြန်သေးသည်။ သို့ဖြင့် အချိန်ပိုသင်တန်း ပေးခဲ့ရပြန်သည်။ အိရှိဂါမိသင်သော အခန်းမှ အချိန်ပိုသင်တန်း တက်ရောက်ရသည့် ကျောင်းသားဦးရေမှာ သုံးဆယ်တိတိ ဖြစ်သည်။ ထိုပမာဏမှာ တခြား ဘာသာရပ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် လွန်စွာမှ များပြားနေသည်။ အချိန်ပိုသင်တန်း ပြီးသောအခါတွင် စာမေးပွဲကို နောက်တစ်ကြိမ် စစ်ရပြန်သည်။ ယနေ့မှာ ဒုတိယမ္ဘိ ဖြည့်စွက်စာမေးပွဲနေ့ ဖြစ်သည်။

မေးခွန်းထုတ်နေစဉ်အတွင်း သင်ကြားရေးတာဝန်ခံက အိရှိဂါမိအား မေးခွန်းကို အခက်ကြီး မထုတ်ရန် သတိပေးခဲ့သည်။ "ကျွန်တော်လည်း အဲဒီလို မပြောချင်ပါဘူး။ ဒါပေမယ့် စပလီစစ်တယ် ဆိုတာကလည်း ကျောင်းသားတွေကို အမှတ်နည်းနည်းနဲ့ အတန်းတင်ရတယ် မဖြစ်အောင် ဟန်ပြ လုပ်ရတဲ့ သဘောပဲ မဟုတ်လားဗျာ။ ကလေးတွေက ဆရာရဲ့ မေးခွန်းတွေကို ခက်လွန်းတယ်လို့ ငြီးငြူနေကြတယ်ဗျ။ အခု ဒုတိယအကြိမ်မြောက် စပလီမှာတော့ အကုန်လုံး အောင်သွားအောင် ထုတ်ပေးလိုက်ပါဗျာ"

အိရှိဂါမိက သူထုတ်ခဲ့သော မေးခွန်းများကို ခက်သည်ဟု မယူဆ။ လွယ်ပင် လွယ်နေသေးသည်။ မေးခွန်းများမှာ သင်ရိုးညွှန်းတမ်းစာအုပ်၏ နယ်နိမိတ်ကို ကျော်လွန်သွားခြင်း မရှိ။ အကယ်၍သာ အခြေခံ သဘောတရားများကို နားလည်ထားမည် ဆိုလျှင် အခက်အခဲမရှိ ဖြေဆိုနိုင်မည်သာ ဖြစ်သည်။ သို့သော် လှေနံဓားထစ် ကျက်မှတ်ထား၍တော့ မရ။ တစ်နည်းတစ်ဖုံ လှည့်၍ စဉ်းစားနိုင်မှ ဖြေဆိုနိုင်မည်။ ဖတ်စာအုပ်ထဲမှ အဖြေများကို အလွတ်ကျက်ထားနိုင်ရုံဖြင့် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး မဟုတ်ပေ။

ယခုတစ်ကြိမ်တွင် သူသည် သင်ကြားရေးတာဝန်ခံ၏ ညွှန်ကြားချက်အတိုင်း ဖတ်စာအုပ်ထဲမှ မေးခွန်းများကို ဘာမျှ မပြောင်းမလဲတော့ဘဲ စာမေးပွဲမေးခွန်းထဲသို့ တစ်သဝေမတိမ်း ကူးထည့်ထားလိုက်သည်။ ကျောင်းသင်ခန်းစာကိုသာ စဉ်ဆက်မပြတ် လုပ်ခဲ့သူ မှန်လျှင် ဖြေကို ဖြေနိုင်ရပေမည်။

မိုရီအိုကာသည် တစ်ချက်မှ သမ်းဝေလိုက်ပြီး နာရီကို ငုံ့ကြည့်သည်။ အိရှိဂါမိက သူ့ကို လှမ်းကြည့်လိုက်စဉ် မျက်လုံးချင်း ဆုံမိကြသည်။ သူ နေရထိုင်ရ ခက်သွားမည်လောဟု အိရှိဂါမိက တွေးလိုက်မိသည်။ သို့သော် သူက မျက်နှာကို ရှုံ့ပြကာ လက်နှစ်ဘက်ကို မြှောက်၍ လက်ချောင်းများဖြင့် ဝလုံးပုံသင်္ကေတ လုပ်ပြနေသည်။ သူ့အဖြေလွှာထဲတွင် ဘဲဥအကြီးကြီး ရတော့မည် ဖြစ်ကြောင်း ကြိုတင် အသိပေးနေသည့်ဟန်။

အိရှိဂါမိက သူ့ကိုကြည့်ပြီး ပြုံးလိုက်မိသည်။ ထိုအခြင်းအရာကို မြင်သော မိုရီအိုကာကလည်း အထူးတဆန်း ဖြစ်ကာ ပြန်၍ သွားဖြဲပြလေသည်။ ထို့နောက် ပြတင်းပေါက်ဘက်သို့ ပြန်လည် ငေးကြည့်နေတော့သည်။

ကဲကုလက်စ်ကို သင်ကြားခြင်းအားဖြင့် မည်သို့ အသုံးဝင်နိုင်မည်နည်း။ မိုရီအိုကာ မေးခဲ့ဖူးသော ထိုမေးခွန်းကို အိရှိဂါမိက ပြန်လည် သတိရမိသည်။ ထိုစဉ်က သူသည် မော်တော်ဆိုင်ကယ် အမောင်းပြိုင်ပွဲကို ဥပမာပြု၍ သင်္ချာသင်ကြားရခြင်း၏ အရေးပါပုံကို ရှင်းပြပေးခဲ့သည်။ သို့သော် မိုရီအိုကာ၏ နားထဲသို့ မည်မျှ ဝင်ရောက်သွားခဲ့သနည်း။ မိုရီအိုကာကဲ့သို့ ဘာသာရပ်များအပေါ် သံသယဝင်နေတတ်ခြင်းကို အိရှိဂါမိက အပြစ်မမြင်လို။ အဘယ်ကြောင့် ဤပညာရပ်ကို သင်ယူရသနည်း။ ဤသို့ သိရှိလိုခြင်းမှာလည်း လူ့စိတ်၏ သဘာဝမျှသာ ဖြစ်သည်။ ထိုသိလိုစိတ်ကို ဖြေရှင်းပေးလိုက်နိုင်မှသာလျှင် သင်ကြားလိုစိတ်၊ သိမြင်လိုစိတ်သည်လည်း ဆင့်ကဲ ပေါက်ပွားလာနိုင်တော့သည်။ သို့မှသာ သင်္ချာပညာရပ်၏ စစ်မှန်သော သဘောတရားကို နားလည်သဘောပေါက်နိုင်မည့် လမ်းကြောင်းပေါ်သို့ ဦးတည်လျှောက်လှမ်းသွားနိုင်ပေမည်။

သို့သော် ဆရာအများစုသည် ထိုသို့ ရိုးရှင်းသော မေးခွန်းများကို ဖြေဆိုရန် ဆန္ဒမရှိကြသည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်။ မဟုတ်သေး။ သူတို့ကိုယ်နှိုက်က မဖြေတတ်ခြင်းသာ ဖြစ်မည်ဟု အိရှိဂါမိက ယူဆသည်။ သူတို့ကိုယ်တိုင်ကလည်း သင်္ချာကို အမှန်တကယ် နားလည်သဘောပေါက်ကြသည် မဟုတ်။ သင်ရိုးညွှန်းတမ်းကို ကိုင်၍ သင်ကြားပေးနေခြင်းမျှသာ ဖြစ်သည်။ ကျောင်းသားကို အမှတ်ရအောင် လုပ်ပေးနိုင်လျှင် သူတို့ တာဝန်ကျေပြီဟု ယူဆထားကြပုံ ရသည်။ မိုရီအိုကာ မေးခဲ့သော မေးခွန်းမျိုးသည် သူတို့အား စိတ်အနှောင့်အယှက် ပေးရုံမျှသာ ဖြစ်နေလိမ့်မည်။

မိမိသည် ဤသို့သော နေရာမျိုး၌ ဘာလာလုပ်နေသနည်း။ အိရှိဂါမိက မိမိကိုယ်မိမိ ပြန်မေးနေမိသည်။ ကျောင်းသားများကို အမှတ်ရရုံ သက်သက်မျှ စာမေးပွဲ စစ်နေရခြင်းသည် သင်္ချာ၏ စစ်မှန်သော အနှစ်သာရနှင့် ဘာမျှ မသက်ဆိုင်ပေ။ ဘာမျှ အဓိပ္ပာယ် မရှိ။ ၎င်းမှာ သင်္ချာ မဟုတ်။ ပညာရေးဟုပင် ခေါ်ဆို၍ မရ။

အိရှိဂါမိက မတ်တတ်ရပ်ပြီး အသက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။

"မင်းတို့ ဖြေနေတာတွေ ရပ်လိုက်ကြတော့" သူက အတန်းတွင်းမှ ကျောင်းသားများကို ဝေ့ကြည့်လိုက်သည်။ "အခု ကျန်နေတဲ့ အချိန်အတွင်း အဖြေလွှာရဲ့ နောက်ကျောမှာ ကိုယ်ရဲ့ အမြင်ကို ချရေးလိုက်ကြစမ်းပါ"

ကျောင်းသားများ၏ အမူအရာများမှာ သံသယစိတ်ဖြင့် အူလည်လည် ဖြစ်နေကြသည်။ တစ်တန်းလုံးရှိ ကျောင်းသားများ၏ တွတ်ထိုးသံများ သောသောညံသွားလေသည်။ အိရှိဂါမိသည် ကျောင်းသားတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ "ကိုယ်ရဲ့ အမြင်ဆိုတာ ဘာကို ပြောတာလဲ"

"သင်္ချာအပေါ် ဘယ်လို မြင်သလဲ။ အဲဒီအမြင်ကို ချရေးခိုင်းတာ။ တကယ်လို့သာ သင်္ချာနဲ့ ပတ်သက်နေမယ်ဆိုရင် ဘာရေးရေး ရတယ်" သူက ထပ်ဖြည့်၍ ပြောလိုက်ပြန်သည်။ "အဲဒါကို အမှတ်ပေးမှာနော်"

ကျောင်းသားများ၏ မျက်လုံးများ လင်းလက်သွားကြသည်။

"အမှတ် ဘယ်လောက် ပေးမှာလဲ ဆရာ" ကျောင်းသားတစ်ယောက်က လှမ်းမေးသည်။

"မင်းရေးထားတာ ဘယ်လောက် ကောင်းသလဲ ဆိုတာအပေါ် မူတည်မှာပေါ့။ တကယ်လို့သာ သင်္ချာပုစ္ဆာတွေကို မဖြေနိုင်ဘူးဆိုရင်

ဘယ်လိုရေးရင် ကောင်းမလဲဆိုတာ စဉ်းစားကြပေတော့” ပြောပြီး အိရှိဂါမိက ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။

ကျောင်းသားအားလုံးသည် အဖြေလွှာကို ပြောင်းပြန်လှန်လိုက်ကြသည်။ တချို့သူများက ဘောပင်တလှုပ်လှုပ်ဖြင့် စရေးနေကြပြီ။ မိုရီအိုကာလည်း ပြတင်းပေါက်ဘက်သို့ ငေးကြည့်မနေတော့။

ဤတစ်ကြိမ်တွင်တော့ အားလုံး မအောင်စရာ အကြောင်း မရှိတော့ပြီ။ အိရှိဂါမိက တွေးနေသည်။ အကယ်၍သာ အဖြေလွှာကို ဗလာအတိုင်း ပြန်အပ်လျှင် မည်သို့မျှ အမှတ်ပေး၍ မဖြစ်နိုင်ပေ။ တစ်စုံတစ်ရာ ရေးခြစ်ထားမှသာလျှင် အခြေအနေကြည့်၍ အမှတ်ပေးနိုင်မည်။ သင်ကြားရေးတာဝန်ခံကတော့ ကျေနပ်ချင်မှ ကျေနပ်ပေလိမ့်မည်။ သို့သော် သူလည်း အခြေအနေကို နားလည်နိုင်မည်သာ။

ကျောင်းခေါင်းလောင်းသံ မြည်၍ စာမေးပွဲချိန် ပြီးဆုံးသွားသည်။ ကျောင်းသားတချို့က “ခဏစောင့်ပါဦး ဆရာ” ဟု အသံပြုသောကြောင့် အိရှိဂါမိက ၅ မိနစ်မျှ အချိန်ပို ပေးလိုက်သည်။

အဖြေလွှာများကို သိမ်းပြီး စာသင်ခန်းထဲမှ ထွက်၍ တံခါးကို ပိတ်လိုက်သည်။ လက်ခုပ်လက်ဝါး တီး၍ အော်ဟစ်နေသော ကျောင်းသားများ၏ အသံကို ကြားနေရသည်။ ကျောင်းသားတချို့က “ဝင့်ကျွတ်ပြီဟေ့” ဟု အော်နေသည်။

ရုံးခန်းသို့ပြန်ရောက်သောအခါ ရုံးဝန်ထမ်းတစ်ဦးက သူ့ကို စောင့်မျှော်နေကြောင်း တွေ့လိုက်ရသည်။

“ဆရာအိရှိဂါမိ၊ ဧည့်သည် ရောက်နေတယ်”

“ကျွန်တော့်ကို ရှာတာလား”

ရုံးဝန်ထမ်းက အိရှိဂါမိအနားသို့ ရောက်လာပြီး နားနားကပ်၍ ပြောလိုက်သည်။ “ရဲ”

အိရှိဂါမိက သက်ပြင်းရှိုက်လိုက်သည်။

“ကျွန်တော် ဘာလုပ်ပေးရမလဲ” ရုံးဝန်းထမ်းက သူ့ကို အကဲခတ်နေသည်။

“ဘာကိုပြောတာလဲ။ သူက ကျွန်တော့်ကို စောင့်နေတာ မဟုတ်ဘူးလား”

“ဟုတ်တယ်။ ဒါပေမယ့် ကျွန်တော် အကြောင်းတစ်ခုခုပြပြီး

ပြန်ခိုင်းလိုက်ရမလား”

အိရှိုဂါမိက ပြုံးလိုက်သည်။ “မလိုပါဘူးဗျာ။ သူ အခု ဘယ်မှာလဲ”

“ဧည့်ခန်းထဲမှာ စောင့်ခိုင်းထားတယ်”

“ကျွန်တော် အမြန်ဆုံး သွားလိုက်ပါ့မယ်” သူသည် အဖြေလွှာများကို အိတ်ထဲသို့ ထိုးထည့်လိုက်ပြီး အိတ်ကို လွယ်လျက် ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ အိမ်ပြန်ရောက်မှ အဖြေလွှာများကို စစ်ရပေတော့မည်။

ရုံးဝန်ထမ်းက သူနှင့်အတူ ဧည့်ခန်းထဲသို့ လိုက်ပါရန် ဟန်ပြင်နေသောကြောင့် အိရှိုဂါမိက တားလိုက်သည်။ “ကျွန်တော် တစ်ယောက်တည်းလည်း အဆင်ပြေပါတယ်” ရဲအရာရှိ အဘယ်ကြောင့် ရောက်လာရသည်ကို သူလည်း စပ်စုလိုဟန် ရှိကြောင်း အိရှိုဂါမိက ရိပ်စားမိသည်။ ရဲကို အကြောင်းပြု၍ နှင်ထုတ်ပေးမည်ဟု သူ့ပါးစပ်မှ ပြောထွက်လာခြင်းမှာလည်း အိရှိုဂါမိထံမှ အခြေအနေကို အစ်ထုတ်လိုသောကြောင့်ပင် ဖြစ်သည်။

သူ့ကို လာရောက် တွေ့ဆုံသူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း အိရှိုဂါမိက ကြိုတင်မှန်းဆ၍ သိရှိနေသည်။ ထိုသူသည် ဧည့်ခန်းထဲတွင် ထိုင်လျက် သူ့ကို စောင့်ဆိုင်းနေသည်။ ထိုသူမှာ ကုစာနာဂိပင် ဖြစ်သည်။

“ကျောင်းထဲအထိ လာနှောင့်ယှက်ရတာ စိတ်မကောင်းပါဘူး” ကုစာနာဂိက မတ်တတ်ရပ်ပြီး ဦးညွှတ်လိုက်သည်။

“ကျွန်တော် ကျောင်းမှာ ရှိနေတယ်ဆိုတာကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာလဲ။ အခုက နွေဦးကျောင်းပိတ်ရက်တောင် ရောက်နေပြီပဲ”

“ကျွန်တော် ခင်ဗျားအိမ်ကို ရောက်ခဲ့ပြီးပြီဗျ။ ခင်ဗျား အိမ်မှာ မရှိတာနဲ့ ကျောင်းကို ဖုန်းဆက်ကြည့်ခဲ့တာ။ ဒါကြောင့် ကျောင်းမှာ စပလီစာမေးပွဲ ရှိနေမှန်း သိခဲ့ရတယ်။ ဆရာလုပ်ရတာကလည်း မချောင်ဘူးပဲဗျ”

“ကျောင်းသားတွေအတွက်တော့ ပိုဆိုးတာပေါ့။ ပြီးတော့ အခုဟာက စပလီ မဟုတ်ဘူးဗျ။ နှစ်ထပ်ကွမ်းစပလီ”

“သြော် ... ဒါဆို ခင်ဗျား ထုတ်တဲ့မေးခွန်းတွေက ခက်လို့ နေလို့များလား”

“ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ” အိရှိုဂါမိက ကုစာနာဂိ၏ မျက်နှာကို စိုက်ကြည့်ရင်း မေးလိုက်သည်။

“ဘာရယ်မဟုတ်ပါဘူး။ အဲဒီလို ထင်မိလို့ပါ”

"တစ်ချက်ကလေးမှ မခက်ပါဘူး။ တစ်ခုပဲ ရှိတယ်။ ကျွန်တော်က လူတွေ မျက်စိရှုန်းတတ်တဲ့ မျက်ကွယ်မှတ်ကို တည်ပြီး မေးခွန်း ထုတ်တတ်တယ်"

"မျက်ကွယ်မှတ်?"

"ဥပမာဗျာ။ အများရဲ့ အမြင်မှာတော့ ဂျီသြမေတြီပုစ္ဆာလို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ အဲဒါက အယ်ဂျီဘရာပုစ္ဆာ ဖြစ်နေတာမျိုးပေါ့" အိရှိဂါမိက ကုစာနာဂိ၏ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ "ဆောရီးဗျာ။ ခင်ဗျား ဒီကိုရောက်လာတာ ကျွန်တော်နဲ့ သင်္ချာအကြောင်း ဆွေးနွေးဖို့ လာတာမှ မဟုတ်ဘဲ။ ဒါနဲ့ အခု လာရင်းကိစ္စက ...."

"ထွေထွေထူးထူးတော့ မရှိပါဘူး" ကုစာနာဂိကလည်း ထိုင်ချပြီး မှတ်စုစာအုပ်ကို ဆွဲထုတ်လိုက်သည်။ "ကျွန်တော် အဲဒီညက အခြေအနေကို ပိုပြီး စေ့စေ့စုံစုံလေး နားလည်ချင်လို့"

"ဘယ်ညကို ပြောတာလဲ"

"မတ်လ ၁၀ ရက်နေ့" ကုစာနာဂိက ပြောသည်။ "အခင်းဖြစ်တဲ့ ညပေါ့"

"အာရာကာဝါ မြစ်ဘေးမှာ အလောင်းတွေ့တယ် ဆိုတဲ့ အမှုကို ပြောတာလား"

"အာရာကာဝါ မဟုတ်ဘူး။ ကျူး-အီဒိုဂါဝါမြစ်ပါ" ကုစာနာဂိက ချက်ချင်း ပြင်ဆင်ပေးလိုက်သည်။ "ကျွန်တော် အရင်တုန်းက ခင်ဗျားကို မေးခဲ့ဖူးတယ်လေ။ အဲဒီညမှာ မစ္စဟာနာအိုကာဘက်က ဘာများ ထူးခြားသလဲလို့"

"ဘာမှ မထူးခြားဘူးလို့ ကျွန်တော် ဖြေခဲ့ဖူးတယ် ထင်တာပဲ"

"ဟုတ်တယ်။ ဒါပေမယ့် နောက်တစ်ကြိမ်လောက် ထပ်ပြီး စဉ်းစားပေးလို့ ရမလား မသိဘူး"

"ဘာကို ဆိုလိုတာလဲ။ ကျွန်တော် တကယ်ကို ဘာမှ မသိဘူး။ ကျွန်တော့်ကို နောက်ထပ် ဆယ်ခါပြန်ပြီး စဉ်းစားခိုင်းလည်း စဉ်းစားလို့ ရမှာ မဟုတ်ဘူး"

"ကျွန်တော် ဆိုလိုတာကဗျာ၊ အဲဒီအချိန်က ခင်ဗျား တကူးတက အာရုံစိုက်မိတာမျိုး မဟုတ်ပေမယ့် အရေးပါနေနိုင်တဲ့ ကိစ္စမျိုးတွေ ရှိနေနိုင်တယ်ဗျာ။ တကယ်လို့ ခင်ဗျားအနေနဲ့ အဲဒီညက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပိုက်စပ်တိုက်ပြီး ပြန်ဆင်ခြင်စဉ်းစားကြည့်ပေးမယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့။ အမှုနဲ့ သက်ဆိုင်လား၊ မသက်ဆိုင်လား ဆိုတာကို

လတ်တလော ထည့်မစဉ်းစားပါနဲ့ဦး”

“အမ် … အဲဒီလိုလား” အိရှိဂါမိက ကုပ်ပိုးကို လက်ဖြင့် ပွတ်နေသည်။

“အခင်းဖြစ်ခဲ့တာကလည်း ကြာပြီဆိုတော့ မလွယ်ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်။ ခင်ဗျား ပြန်ပြီး စဉ်းစားလို့ လွယ်အောင် ကျွန်တော် ဒါလေးတွေကို တမင် ယူလာခဲ့တယ်”

ကုစာနာဂိ လှမ်းပေးလာသော ပစ္စည်းများမှာ မတ်လ ၁၀ ရက်နေ့ပါဝင်သော ရက်သတ္တပတ်၏ အချိန်စာရင်း ဇယားဖြစ်သည်။ ထို့နောက် ကျောင်း၏ ရုံးတက်မှတ်တမ်း။ ကျောင်းအုပ်ချုပ်ရေးရုံးမှ ငှားရမ်းလာခဲ့ခြင်း ဖြစ်ပေမည်။

“ဒါတွေကို ကြည့်လိုက်ရင် ခင်ဗျား ပြန်စဉ်းစားရတာ ပိုလွယ်သွားမှာပေါ့” ကုစာနာဂိက ပြုံးလျက် ပြောနေသည်။

အချိန်ဇယားများကို မြင်လိုက်ရသောအခါ အိရှိဂါမိသည် ကုစာနာဂိ၏ လာရင်းအကြောင်းကို ချက်ချင်း သဘောပေါက်သွားသည်။ ကုစာနာဂိသည် စကားကို ဝေ့လည်ကြောင်ပတ် ပြောကြားနေခဲ့သော်လည်း သူ သိချင်နေသည်မှာ ဟာနာအိုကာ ယာစုကို၏ အလီဘိုင်သက်သေ မဟုတ်ဘဲ အိရှိဂါမိ၏ အလီဘိုင်သက်သေ ဖြစ်ကြောင်း သိသာပေါ်လွင်နေသည်။ ရဲဌာန၏ မြှားဦးသည် အဘယ်ကြောင့် သူ့ထံသို့ ပြောင်းလဲလာရသနည်း။ ထိုအချက်ကို သူ ကောင်းစွာ မသိသေးသော်လည်း ၎င်းသည် ယုကာဝါနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟု သူ သံသယ ဖြစ်နေမိသည်။

ရဲအရာရှိ၏ ရည်ရွယ်ချက်မှာ သူ၏ အလီဘိုင်ကို စစ်ဆေးရန် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်ဟု ဆိုလျှင် သူ့အနေဖြင့် အကောင်းဆုံး ဖြေကြားပေးရတော့မည်သာ။ အိရှိဂါမိသည် ကိုယ်ကို အနည်းငယ် ရွှေ့ပြီး ခါးကို မတ်မတ်ဆန့်ထားလိုက်သည်။

“အဲဒီညက ဂျူဒိုသင်တန်းပြီးတော့ ကျွန်တော် အိမ်ပြန်သွားခဲ့တယ်။ ၇ နာရီ ပတ်ဝန်းကျင်လောက် အိမ်ရောက်တာ ဖြစ်လိမ့်မယ်။ ကျွန်တော် ရှေ့တစ်ခေါက်ကလည်း အဲဒီအတိုင်း ပြောခဲ့သလိုပါပဲ”

“ဟုတ်တယ်။ အဲဒီနောက်တော့ ခင်ဗျား တစ်ချိန်လုံး အိမ်ထဲမှာပဲ နေနေတာလား”

“ဟုတ်လောက်တယ်” အိရှိဂါမိသည် ကုစာနာဂိ၏ တုံ့ပြန်မှုကို သိလိုသောကြောင့် ရည်ရွယ်ချက်ရှိရှိဖြင့် ဝိုးတိုးဝါးတားသာ ဖြေဆိုလိုက်သည်။

"အိမ်ကို ညွှန်သည့်လာတာတို့၊ ဒါမှမဟုတ် တစ်ယောက်ယောက်ဆီက ဖုန်းဝင်တာမျိုးတို့ မရှိဘူးလား"

အိရှိုဂါမိက မျက်ခုံးကို ပင့်လိုက်သည်။ "ဘယ်သူ့အိမ်ကို မေးတာလဲ။ မစ္စဟာနာအိုကာရဲ့ အိမ်လား"

"မဟုတ်ဘူးဗျ။ ခင်ဗျားအိမ်ကို မေးတာ"

"ကျွန်တော့်အိမ်?"

"ဒီမေးခွန်းက အမှုနဲ့ ဘာဆိုင်လို့လဲလို့ ခင်ဗျား တွေးနေလောက်မှာပဲ။ ကျွန်တော်တို့ အဓိက သိချင်တာက ခင်ဗျား ဘာလုပ်ခဲ့သလဲ ဆိုတာကို မဟုတ်ဘူးဗျ။ အဲဒီနေ့ညက မစ္စဟာနာအိုကာရဲ့ ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာကို ကျွန်တော်တို့က တတ်နိုင်သလောက် ပြည့်ပြည့်စုံစုံ သိရအောင် ကြိုးစားပုံဖော် ကြည့်နေတာပါ"

'တယ် ကောင်းတဲ့ အကြောင်းပြချက်ပဲ' အိရှိုဂါမိက တွေးနေသည်။ သူ၏ အကြောင်းပြချက်မှာ များစွာ ယုတ္တိမတန်ဟု အိရှိုဂါမိက ရိပ်မိနေမည် ဖြစ်ကြောင်းကို ကုစာနာဂိကလည်း တွက်ဆမိနေပေလိမ့်မည်။

"အဲဒီနေ့ညက ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ခဲ့ဘူး။ ဖုန်းကတော့ ….. ကျွန်တော့်ဆီ ဘယ်သူမှ ဆက်မလာဘူး။ နဂိုကတည်းက ကျွန်တော့်ဆီ ဖုန်းခေါ်မယ့်သူမှ များများစားစား မရှိတာ"

"ဩော်"

"ဆောရီးပဲဗျာ။ ကျွန်တော့်ဆီ တကူးတက လာရပြီး ကျွန်တော့်ဘက်က ဘာမှ မကူညီပေးနိုင်ဘူး"

"ကိစ္စ မရှိပါဘူးဗျာ။ အားနာစရာ မလိုပါဘူး။ ဒါနဲ့ …" ကုစာနာဂိသည် အိရှိုဂါမိ၏ ရုံးတက်မှတ်တမ်းကို ကောက်ကိုင်လိုက်သည်။ "ဒီမှာ ရေးထားတာက ၁၁ ရက်နေ့ မနက်မှာ ခင်ဗျား ခွင့်ယူပြီး နေ့ခင်းမှ ကျောင်းလာတယ်တဲ့။ အဲဒီနေ့မနက်က တခြားအလုပ် ရှိနေလို့လား"

"မရှိပါဘူး။ နေသိပ်မကောင်းချင်လို့ ခွင့်ယူလိုက်တာပါ။ တတိယ လေးလပတ်အတွက် သင်ရမယ့် စာတွေကလည်း ပြီးနေပြီ ဆိုတော့ သိပ်ပြဿနာ မရှိဘူးလေ"

"ဆေးခန်း သွားပြတာလား"

"မပြိုပါဘူး။ အဲဒီလောက်လည်း ဆိုးဆိုးဝါးဝါးမှ မဟုတ်တာ။ ဒါကြောင့်လည်း နေ့ခင်းကျ ကျောင်းပြန်လာပြီး စာဆက်သင်ဖြစ်တာပေါ့"

"ကျွန်တော် စောစောက ရုံးဝန်ထမ်းကို မေးကြည့်သေးတယ်။ ခင်ဗျားက ခွင့်ပျက်လေ့ မရှိဘူးတဲ့။ တစ်လမှာ တစ်ရက်လောက်ပဲ နေ့တစ်ဝက် ခွင့်ယူတတ်တယ်လို့ ကြားတယ်"

"အဲဒီလိုပါပဲ"

"ခင်ဗျားက ညဉ့်နက်တဲ့အထိ သင်္ချာပုစ္ဆာတွေနဲ့ အလုပ်များနေတတ်တော့ အိပ်ရေးပျက်ပြီး နောက်တစ်နေ့ မနက်ပိုင်းကို ခွင့်ယူတတ်တယ်လို့ ခင်ဗျားတို့ရုံးက ပြောတယ်"

"ကျွန်တော် ရုံးဝန်ထမ်းကို အဲဒီလို ပြောခဲ့ဖူးပါတယ်"

"ပုံမှန်ဆိုရင် တစ်လကို တစ်ကြိမ်လောက် ခွင့်ယူတတ်တယ်" ကုစာနာဂိက ရုံးတက်မှတ်တမ်းကို စွေကြည့်လိုက်သည်။ "၁၁ ရက်နေ့ရဲ့ ရှေ့တစ်ရက်၊ ၁၀ ရက်နေ့မှာလည်း ခင်ဗျား နံနက်ခင်း နေ့ဝက် ခွင့်ယူထားခဲ့သေးတယ်။ နောက်တစ်ရက်မှာလည်း ထပ်ပြီး ခွင့်ယူခဲ့သေးတယ်ဆိုတော့ အခုလို နှစ်ရက်ဆက်တိုက် ခွင့်ယူတာမျိုး အရင်က တစ်ခါမှ မရှိခဲ့ဖူးသလိုပဲ"

"တစ်ခါမှ … မရှိခဲ့ဖူးဘူး ….." အိရှိဂါမိသည် နဖူးကို လက်ဖြင့် ပွတ်သပ်နေသည်။ သူ သတိကြီးကြီးထားပြီး ဖြေဆိုရမည့် စကားဖြစ်ကြောင်း သူ နားလည်သည်။ "ဘာမှတော့ မဟုတ်ပါဘူး။ ၁၀ ရက်နေ့ကတော့ ခင်ဗျား စောစောက ပြောသလိုပေါ့။ ရှေ့တစ်ရက်က တစ်ညလုံး အိပ်ရေးပျက်ထားလို့ နေ့ခင်းကျမှ ကျောင်းသွားနိုင်တယ်။ ၁၀ ရက်နေ့ညကျတော့ ကျွန်တော် ဖျားချင်သလိုလို ဖြစ်လာတာနဲ့ နောက်တစ်ရက် မနက်ခင်းကို ခွင့်ထပ်ယူလိုက်ရတာပဲ"

"ဒါကြောင့် နေ့ခင်းမှ ကျောင်းတက်ဖြစ်တယ် ဆိုပါတော့"

"ဟုတ်တယ်"

"အင်း ......" ကုစာနာဂိသည် သံသယမျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေသည်။

"ဘာမှားနေလို့လဲ"

"မမှားပါဘူး။ ကျွန်တော်က စဉ်းစားနေတာ။ နေ့ခင်းမှာ ကျောင်းပြန်လာနိုင်တယ်ဆိုတော့ ခင်ဗျားရဲ့ ကျန်းမာရေးက ဆိုးဆိုးဝါးဝါးကြီး

မဟုတ်လို့ပေါ့။ တကယ်လို့သာ ပြိုင်းပြိုင်းထန်ထန် ဖျားနာတာမျိုး မဟုတ်ဘူးဆိုရင် လူအများစုက အားမွေးပြီး အလုပ်ကို မဖြစ်မနေ တက်ကြတာပဲလေ။ အထူးသဖြင့် ခင်ဗျားလို ရှေ့တစ်ရက်မှာ ခွင့်ယူထားတဲ့ လူမျိုးတွေက ပိုလို့တောင် ရက်ဆက် ခွင့်မပျက်ချင်ကြဘူး” ကုစာနာဂိသည် အိရှိဂါမိအပေါ် ထားရှိနေသော သံသယစိတ်ကို ဖုံးကွယ်မနေတော့ဘဲ ဘွင်းဘွင်း ပြောချလိုက်သည်။ ကုစာနာဂိက လောင်းကြေးကို ‘အော’ ချလိုက်ပုံ ရသည်။ အိရှိဂါမိကို စိတ်ဆိုးအောင် လုပ်မိသွားလျှင်လည်း ထိုကိစ္စအတွက် သူ စိုးစဉ်းမျှ အမှုမထားတော့သည့်နှယ်။

ကုစာနာဂိ၏ လောင်းကြေးကို ‘လိုက်’ နေစရာ သူ့မှာ အကြောင်းမရှိ။ အိရှိဂါမိက မချိုမချဉ် ပြုံးလိုက်မိသည်။

“ခင်ဗျား ပြောတာလည်း အဓိပ္ပာယ် ရှိသလိုပဲ။ ဒါပေမယ့် အဲဒီအချိန်က ကျွန်တော် နေမကောင်းလို့ ခုတင်ပေါ်ကနေတောင် မထနိုင်ဘူး။ နေ့ခင်းရောက်ခါနီးမှ ရုတ်တရက် ပြန်ကောင်းလာတာလေ။ ဒါနဲ့ပဲ အိပ်ရာက ကုပ်ကတ်ထပြီး ကျောင်းကို သွားခဲ့တာပေါ့။ တကယ်လည်း ခင်ဗျားပြောသလိုပါပဲ။ ရှေ့တစ်ရက်က ခွင့်ယူထားတော့ နောက်တစ်ရက် ထပ်ပြီး ခွင့်ယူဖို့ရာ အတော်လေး စဉ်းစားခဲ့ရတယ်”

အိရှိဂါမိ စကားပြောနေစဉ် ကာလတစ်လျှောက်လုံးတွင် ကုစာနာဂိသည် သူ၏ မျက်လုံးများကို မမှိတ်မသုန် စိုက်ကြည့်နေခဲ့သည်။ တစ်ဘက်လူက မိမိကို အမှန်အတိုင်း ပြောဆိုနေခြင်း မဟုတ်တန်ရာ ဟူသော သံသယဖြင့် စူးစူးရဲရဲ စိုက်ကြည့်နေတတ်သည့် အကြည့်မျိုး ဖြစ်သည်။

“ဟုတ်မှာပါပဲ။ ခင်ဗျားက ဂျူဒိုကို ပုံမှန် ကစားနေတဲ့လူဆိုတော့ တော်ရုံတန်ရုံ နေမကောင်းတာလောက်ကတော့ နေ့ဝက် နားလိုက်တာနဲ့ သက်သာသွားလောက်မှာပါ။ ရုံးဝန်ထမ်းရဲ့ အပြောအရဆိုရင် မစ္စတာအိရှိဂါမိကို ဖျားတာနာတာ တစ်ခါမှ မမြင်ဖူးဘူး ဆိုပဲ”

“ဘယ်ဟုတ်မလဲဗျာ။ တစ်ခါတလေတော့လည်း ဖျားတတ်တာပေါ့”

“ခင်ဗျားရဲ့ သဘောက အဲဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် လာဖျားနေတယ် ဆိုပါတော့”

“တိုက်တိုက်ဆိုင်ဆိုင် ဆိုတာက ဘာသဘောလဲ။ ကျွန်တော့်အတွက်တော့ အဲဒီနေ့က ဘာမှ ထူးခြားမနေပါဘူး”

“ဟုတ်ပါပြီဗျာ” ကုစာနာဂိသည် မှတ်စုစာအုပ်ကို ပိတ်ပြီး မတ်တတ်ထရပ်လိုက်သည်။ “ဒီလောက် အလုပ်ရှုပ်နေတဲ့ ကြားက

အနှောင့်အယှက် ပေးမိတာ ကျွန်တော် တောင်းပန်ပါတယ်”

“ကျွန်တော်က တောင်းပန်ရမှာပါ။ ခင်ဗျားကို ဘာမှ မကူညီလိုက်နိုင်ဘူး”

“ရပါတယ်ဗျာ။ ဒီလောက်ဆိုရင် လုံလောက်နေပါပြီ”

သူတို့နှစ်ဦးသည် ညှော်ခန်းထဲမှ အတူတူ ထွက်လာကြပြီးနောက် အိရှိုဂါမိသည် သူ့ကို ကျောင်းဂိတ်ဝအထိ လိုက်ပို့ပေးသည်။

“ခင်ဗျားနဲ့ ယုကာဝါတို့ နောက်ရော ထပ်တွေ့ကြသေးလား” ကုစာနာဂိက လမ်းလျှောက်ရင်း မေးလိုက်သည်။

“ဟင့်အင်း။ နောက်ပိုင်း တစ်ခါမှ မတွေ့ဖြစ်တော့ဘူး” အိရှိုဂါမိက ပြန်ဖြေသည်။ “ခင်ဗျားတို့ကတော့ ပုံမှန် တွေ့ဖြစ်ကြမှာပေါ့”

“ကျွန်တော်လည်း ဒီရက်ပိုင်း အလုပ်မအားလို့ သူနဲ့ မတွေ့ဖြစ်ဘူး။ ကျွန်တော်တို့ သုံးယောက် တစ်ရက်လောက်မှ ဆုံကြရအောင်ဗျာ။ မစ္စတာအိရှိုဂါမိလည်း အတော် သောက်နိုင်တယ်လို့ ယုကာဝါဆီက ကြားထားတယ်” ကုစာနာဂိက လက်မထောင်၍ အရက်သောက်သည့် ဟန်ပန် လုပ်ပြသည်။

“ကျွန်တော်ကတော့ အားပါတယ်ဗျာ။ ခင်ဗျားတို့ရဲ့ အမှုကိစ္စ ပြီးမှ ဆုံကြတာပေါ့”

“ကောင်းပြီလေ။ ဒါပေမယ့် ကျွန်တော်တို့ ရဲတွေက ၂၄ နာရီ နားရက်မရှိ အလုပ်လုပ်နေရတာမှ မဟုတ်ဘဲဗျာ။ နောက်နေ့မှ ကျွန်တော် ဆက်သွယ်လိုက်ပါ့မယ်”

“မျှော်နေပါ့မယ်ဗျာ”

“အိုကေ” ကုစာနာဂိသည် ကျောင်းဂိတ်ဝမှ အပြင်သို့ လျှောက်ထွက်သွားသည်။

အိရှိုဂါမိသည် စကြံလမ်းပေါ်သို့ ပြန်လာပြီးနောက် ပြတင်းပေါက်မှနေ၍ ကုစာနာဂိ၏ ကျောပြင်ကို လှမ်းကြည့်သည်။ ကုစာနာဂိသည် ဖုန်းကိုကိုင်လျက် စကားပြောနေသည်။ အမူအရာကိုကား သဲသဲကွဲကွဲ မမြင်ရပေ။

ယနေ့ ကုစာနာဂိသည် မည်သို့သော ဦးတည်ချက်ဖြင့် သူ့ထံသို့ လာရောက်ခဲ့သနည်း။ သူ့ထံသို့ မြားဦးလှည့်လာစေသည့် အထောက်အထား တစ်ခုခုတော့ ရှိနေရမည်။ ၎င်းမှာ အဘယ်နည်း။ ယခင် ကုစာနာဂိနှင့်

တွေ့ဆုံခဲ့ကြစဉ်က ထိုသို့သောအတွေးမျိုး သူ့တွင် ရှိနေခဲ့ပုံ မရ။

သို့သော် ယနေ့ စစ်မေးသည့် မေးခွန်းများကို ကြည့်ခြင်းအားဖြင့် ကုစာနာဂိသည် အမှန်တရားနှင့် များစွာ အလှမ်းကွာဝေးနေသေးကြောင်း တွေ့ရှိရသည်။ သူသည် ယခုအချိန်ထိ မှန်ချင်ရာမှန် ဆိုသည့်သဘောဖြင့် ရမ်းပစ်နေရုံမျှသာ ရှိနေသေးသည်။ အိရှိုဂါမိတွင် အလီဘိုင် ကင်းမဲ့နေလျှင် သူ့အတွက် လမ်းကြောင်းသစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု သူ ယူဆနေပေလိမ့်မည်။ ထိုကိစ္စအတွက်လည်း အိရှိုဂါမိက များစွာ စိတ်ပူပန်ခြင်း မရှိ။ လက်ရှိအချိန်ထိ အဖြစ်အပျက် အားလုံးတို့သည် သူ၏ 'ခွင်' အတွင်း၌သာ သွားလာကျက်စားနေကြသည်။ အဓိက ပြဿနာမှာ ……

ယုကာဝါ၏ မျက်နှာသည် သူ့အတွေးအာရုံထဲတွင် ထင်ဟပ်လာသည်။ သူသည် အဖြစ်မှန်ကို အဘယ်မျှလောက် တူးဆွထားနိုင်ခဲ့သနည်း။ အမှန်တရားကို အဘယ်မျှသော ပမာဏအထိ လှစ်ဟရန် ကြံရွယ်ထားသနည်း။

တစ်နေ့က အိရှိုဂါမိသည် ယာစုကိုနှင့် ဖုန်းပြောစဉ် သူမထံမှ သတင်းဆန်းတစ်ခုကို ကြားခဲ့ရသည်။ ယုကာဝါသည် သူမထံသို့ ရောက်သွားခဲ့သည့် သတင်းဖြစ်သည်။ သူက သူမအား အိရှိုဂါမိအပေါ်တွင် မည်သို့ သဘောထားသနည်းဟု မေးမြန်းခဲ့သည်။ သို့ဆိုလျှင် အိရှိုဂါမိက ယာစုကိုအား ကျိတ်ပိုးပိုးနေကြောင်းကို သူ သိထားပြီးသည်မှာ သေချာနေသည်။

အိရှိုဂါမိသည် ယုကာဝါနှင့် ပြောခဲ့သမျှသော စကားလုံးများကို ပြန်လည် တွေးဆကြည့်သည်။ သူမကို သဘောကျနှစ်သက်နေကြောင်း သက်သေတည်နိုင်သော မည်သည့် စကားမျိုး၊ မည်သည့် အမူအရာမျိုးကိုမျှ သူ အမှတ်တမဲ့ မပြုလုပ်ခဲ့မိဖူး။ အနိမ့်ဆုံးအားဖြင့် သူ ထိုသို့ ပြုလုပ်ခဲ့ဖူးသည်ဟု အမှတ်မရ။ သို့စင်လျက် ယုကာဝါက မည်သို့ သိရှိသွားခဲ့သနည်း။

သူသည် နောက်ပြန်လှည့်ပြီး ရုံးခန်းဘက်သို့ ထွက်လာခဲ့ရာ စင်္ကြံလမ်းပေါ်တွင် ရုံဝန်ထမ်းနှင့် မထင်မှတ်ဘဲ ဆုံမိပြန်သည်။

"ရဲက ပြန်သွားပြီလား"

"အင်း၊ အခုလေးတင်ပဲ"

"ဆရာရော မပြန်သေးဘူးလား"

"မပြန်သေးဘူး။ လုပ်စရာ အလုပ်တစ်ခု သတိရလာလို့" ရုံးဝန်ထမ်းထံမှ စပ်စုသော မေးခွန်းများ ထွက်ပေါ်မလာခင် အိရှိုဂါမိသည် ရုံးခန်းရှိရာသို့ အလျင်အမြန် ထွက်ခွာလာခဲ့သည်။

သူ့စားပွဲတွင် ဝင်ထိုင်လိုက်ပြီးနောက် စားပွဲအောက်တွင် ထားထားသော သေတ္တာကို ဆွဲထုတ်၍ အထဲမှ ဖိုင်တွဲတချို့ကို လှမ်းယူလိုက်သည်။ ၎င်းသေတ္တာထဲတွင် သိမ်းထားသော စာရွက်စာတမ်းများမှာ ကျောင်းအလုပ်နှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိ။ ခက်ခဲနက်နဲသော သင်္ချာပုစ္ဆာများကို နှစ်ပေါင်းများစွာ လေ့လာစူးစမ်းခြင်းမှ ရရှိလာသည့် အကျိုးရလဒ်များသာ ဖြစ်သည်။

သူသည် ထိုစာရွက်စာတမ်းများကို အိတ်ထဲသို့ ထိုးထည့်ပြီး ရုံးခန်းထဲမှ ထွက်ခွာလာခဲ့သည်။

"ငါ မင်းကို ဘယ်နှခါ ပြောရမလဲ။ တစ်ခုခုကို စူးစမ်းရှာဖွေတယ်ဆိုတာ အဲဒါကို သဲကြီးမဲကြီး စိုက်ကြည့်နေတတ်ရုံနဲ့ မပြီးသေးဘူး။ မင်း မျှော်လင့်ထားတဲ့ ရလဒ်ကို ရနေတာနဲ့ပဲ မင်းရဲ့ သုတေသနကို ဟုတ်လှပြီ၊ ကောင်းလှပြီလို့ ကျေနပ်နေဖို့ မသင့်ဘူး။ မင်းရဲ့ စမ်းသပ်ချက်အပေါ်မှာ မင်း ဘယ်လို သဘောထားနေရသလဲ ဆိုတာကို ငါ ဂရုမစိုက်ဘူး။ နောက်ပြီး လောကမှာ ကိုယ် မျှော်လင့်ထားတဲ့အတိုင်း အကုန်လုံး ဖြစ်လာနိုင်တာမှ မဟုတ်တာ။ မင်းရဲ့ စမ်းသပ်မှုအပေါ် စိတ်ကို စူးစူးစိုက်စိုက် ထားပြီး မင်းအတွက် တန်ဖိုးရှိတဲ့ အရာတစ်ခုခုကို ရှာဖွေတွေ့ရှိနိုင်ဖို့ မင်း ကြိုးစားသင့်တယ်။ စာတမ်း မရေးခင်မှာ အရင်ဦးဆုံး ဦးနှောက်သုံးပြီး လေးလေးနက်နက် စဉ်းစားတတ်ဖို့ လိုတယ်။ ဟုတ်ပြီလား"

ဤမျှ စိတ်ဆိုးမာန်ဆိုး ဖြစ်နေသော ယုကာဝါကို မြင်ရခဲလှသည်။ သူက ခေါင်းကို ခါယမ်းပြီး တုဏှိဘော ရပ်နေသော ကျောင်းသား၏ လက်ထဲသို့ စာတမ်းကို ထိုးပေးလိုက်သည်။ ကျောင်းသားသည် ဦးညွှတ်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

"မင်းလည်း စိတ်ဆိုးတတ်သေးတာပဲကွ" ကုစာနာဂိက ပြောသည်။

"ငါ စိတ်မဆိုးပါဘူး။ အဲဒီကျောင်းသားက အလုပ်ကို ပြီးစလွယ် လုပ်ထားလို့ သူ့ကို လမ်းညွှန်ပေးနေတာ" ယုကာဝါသည် မတ်တတ်ရပ်ပြီး ခွက်ယူ၍ ကော်ဖီမစ် ဖျော်နေသည်။ "ဘာတွေ သတင်းထူးသေးလဲ"

"ငါ အိရှိုဂါမိရဲ့ အလီဘိုင်ကို စစ်ဆေးပြီးသွားပြီ။ ပြောရရင်တော့ ငါကိုယ်တိုင် သူ့ကို သွားမေးခဲ့တာပဲ"

"စီးချင်းထိုးခဲ့တယ် ဆိုပါတော့" ယုကာဝါသည် လက်ဆေးကန်မှ ပြန်လှည့်လာပြီး လက်ထဲတွင် မက်ခွက်အကြီးစားတစ်ခွက်ကို ကိုင်ထားသည်။ "ဒီတော့ သူက ဘယ်လိုတုံ့ပြန်သလဲ"

"အဲဒီည တစ်ချိန်လုံး အိမ်မှာ ရှိနေတယ်လို့ ပြောတာပဲ"

ယုကာဝါသည် မျက်မှောင်ကြုတ်လျက် ခေါင်းယမ်းနေသည်။ "သူ ဘယ်လို တုံ့ပြန်သလဲလို့ မင်းကို မေးနေတာ။ သူ ဘယ်လို ဖြေသလဲလို့ မေးနေတာ မဟုတ်ဘူး"

“အင်း …. ကြည့်ရတာ စိတ်လှုပ်ရှားပုံလည်း မရဘူး။ ရဲလာတယ်လို့ ကြိုကြားထားလို့လားတော့ မပြောတတ်ဘူး။ ဒါကြောင့်မို့ စိတ်တည်ငြိမ်အောင် ပြင်ဆင်ထားနိုင်တာလည်း ဖြစ်ချင် ဖြစ်မှာ”

“မင်း သူ့ကို အလီဘိုင်တောင်းတော့ သူ့ရဲ့ အမူအရာက အံ့သြထိတ်လန့် ဖြစ်သွားတာမျိုး မရှိဘူးလား”

“ဟင့်အင်း၊ ဘာကြောင့်တောင်းတာလဲ လို့လည်း ငါ့ကို မမေးဘူး။ တစ်ခုတော့ ရှိတာပေါ့။ ငါကလည်း သူ့ကို ပေါ်ပေါ်ထင်ထင် တောင်းခဲ့တာမျိုးမှ မဟုတ်တာ”

“မင်းတို့တွေ သူ့ဆီကနေ တစ်နေ့မဟုတ် တစ်နေ့တော့ အလီဘိုင် တောင်းလာလိမ့်မယ်ဆိုတာ သူ မတွက်တတ်ဘဲ နေမှာ မဟုတ်ဘူး” ယုကာဝါက တစ်ကိုယ်တည်း ရေရွတ်နေသကဲ့သို့ ပြောပြီး ကော်ဖီတစ်ငုံ သောက်လိုက်သည်။ “အဲဒီနေ့ညက တစ်ချိန်လုံး သူ အိမ်မှာ ရှိနေတယ်လို့ သူ ပြောတယ်လား”

“ပြီးတော့ ဖျားနေသေးတယ်လို့တောင် ပြောလိုက်သေးတယ်။ ဒါကြောင့် နောက်တစ်နေ့မနက်ကို ခွင့်ယူခဲ့တာတဲ့” ကုစာနာဂိသည် ကျောင်းမှ ငှားလာသော အိရှိဂါမိ၏ ရုံးတက်မှတ်တမ်းကို စားပွဲပေါ်သို့ တင်လိုက်သည်။

ယုကာဝါသည် အနားသို့ ရောက်လာပြီး ထိုင်ကာ ရုံးတက်မှတ်တမ်းကို ကောက်ကိုင်လိုက်သည်။

“နောက်တစ်နေ့မနက် ……”

“လူသတ်ပြီးတော့ နောက်ပိုင်း ဖြေရှင်းစရာ ရှိတာ ဖြေရှင်းရဦးမှာမို့ ကျောင်းမသွားနိုင်တာပဲ နေမှာ”

“ထမင်းဆိုင်ဘက်ကရော”

“စုံစမ်းပြီးပြီ။ ၁၁ ရက်နေ့မှာ ဟာနာအိုကာ ယာစုကိုက ပုံမှန်အတိုင်း အလုပ်ဝင်တယ်။ မင်း စဉ်းစားလို့ရအောင် တစ်ခါတည်း ပြောလိုက်ဦးမယ်။ သူ့သမီးလည်း ပုံမှန် ကျောင်းတက်တယ်။ နောက်မကျဘူး”

ယုကာဝါသည် ရုံးတက်မှတ်တမ်းကို စားပွဲပေါ်သို့ ပြန်တင်ပြီး လက်ပိုက်ထားလိုက်သည်။

“နောက်ပိုင်း ဖြေရှင်းစရာ …… ဘာတွေ လုပ်စရာ လိုမှာမို့လဲ”

“လူသတ်လက်နက်ကို ဖျောက်ဖျက်တာတို့ ဘာတို့ပေါ့”

“အဲဒါတွေ လုပ်ဖို့ ၁၀ နာရီကျော်တောင် အချိန်လိုအပ်တာလား”

“၁၀ နာရီကျော်?”

“အခင်းဖြစ်တာက ၁၀ ရက်နေ့ညမှာ။ တကယ်လို့ နောက်တစ်ရက်မှာ မနက်ပိုင်း နေ့တစ်ဝက် ခွင့်ယူခဲ့ရင် သဘောအရ ‘နောက်ပိုင်း ဖြေရှင်းစရာ’ ဆိုတာတွေအတွက် ၁၀ နာရီတောင် အချိန်လိုအပ်နေသလို ဖြစ်နေတယ်”

“အိပ်ဖို့လည်း အချိန်လိုသေးလို့ နေမှာပေါ့”

“လူသတ်ပြီးတဲ့နောက်မှာ အလောင်းကို မဖြေရှင်းသေးဘဲ ဘယ်သူမှ အိပ်ဖို့ ကြိုးစားနေမှာ မဟုတ်ဘူး။ ပြီးတော့ မအိပ်လိုက်ရလို့ ဆိုတဲ့ အကြောင်းပြချက်နဲ့လည်း ခွင့်ယူမှာ မဟုတ်ဘူး။ ဘယ်လောက်ပဲ အိပ်ချင်အိပ်ချင်၊ သံသယမဝင်ရအောင် ဖိညှစ်ပြီး ရုံးတော့ လာတက်မှာပဲ”

“ဒါဆိုလည်း မဖြစ်မနေ ခွင့်ယူရလောက်တဲ့ အကြောင်းအရင်း ရှိလို့ နေမှာပေါ့”

“ငါ အဲဒီအကြောင်းအရင်းကို စဉ်းစားနေတာပဲ” ယုကာဝါက မက်ခွက်ကို ကောက်ကိုင်သည်။

ကုစာနာဂိသည် စားပွဲပေါ်ရှိ ရုံးတက်မှတ်တမ်းကို အသေအချာ ပြန်ခေါက်လိုက်သည်။ “ဒီနေ့ ငါမင်းကို မေးခွန်းတစ်ခု မေးကိုမေးမှ ဖြစ်မယ်။ မင်း အိရှိဂါမိကို ဘယ်လိုကနေ ဘယ်လို စပြီး သံသယ ဝင်သွားခဲ့တာလဲ။ မင်း ငါ့ကို မဖြေဘူးဆိုရင် ငါလည်း ဘာဆက်လုပ်ရမှန်း မသိတော့ဘူး”

“မင်းစကားက အထူးဆန်းကြီးပါလား။ အိရှိဂါမိက ဟာနာအိုကာ ယာစုကိုအပေါ် ကျိတ်ကြိုက်နေတာကို မင်းရဲ့ ကိုယ်ပိုင်အရည်အချင်းနဲ့ ဖော်ထုတ်နိုင်ခဲ့တာ မဟုတ်ဘူးလား။ ဒီတော့ ငါ့အမြင်ကို မေးနေဖို့ လိုသေးလို့လား”

“ကိစ္စက မင်းထင်သလို မရိုးရှင်းဘူးကွ။ ငါ့မှာလည်း ငါ့အခက်အခဲနဲ့ ငါပဲ။ ငါ့အထက်လူကြီးကို အစီရင်ခံတဲ့အခါမှာ အိရှိဂါမိကို သံသယတရားခံအဖြစ်နဲ့ နံကြားထောက်ပြီး သတ်မှတ်ထားပါတယ်လို့ တင်ပြလို့မှ မရဘဲ”

“ဟာနာအိုကာ ယာစုကိုရဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို လေ့လာကြည့်လိုက်တဲ့အခါမှာ အဲဒီသင်္ချာဆရာ အိရှိဂါမိကို မသင်္ကာစရာ ဖြစ်လာတယ်လို့ ပြောလိုက်လို့ ရနေတာပဲ”

“ခက်တာက လက်ရှိအချိန်အထိ ဘာ သက်သေအထောက်အထားမှ

ရှာလို့ မတွေ့သေးတာပဲ။ သူတို့နှစ်ယောက်ရဲ့ နီးကပ်တဲ့ ခင်မင်ရင်းနှီးမှုကို ဘယ်လိုနည်းနဲ့မှ အတည်ပြုလို့ မရသေးဘူး”

ယုကာဝါသည် ကော်ဖီခွက်ကို လက်မှ မချသေးဘဲ တဟားဟား ရယ်မောနေသည်။ “ဟား ဟား ဟား၊ ဒါလည်း ဟုတ်တာပဲ”

“မင်းဟာက ဘာအဓိပ္ပာယ်လဲ”

“ဘာမှ မဟုတ်ပါဘူးကွာ။ သူတို့နှစ်ယောက်အကြားမှာ ဘယ်လို အပေးအယူမျိုးကိုမှ ငါ မျှော်လင့်မထားလို့ပါ။ ငါ ပြောရဲတယ်။ မင်းတို့ ဘယ်လောက်ပဲ စုံစမ်းစုံစမ်း၊ ဘာမှ အကျိုးထူးလာမှာ မဟုတ်ဘူး”

“ငါ့ကို စိတ်ဓာတ်ကျအောင် မပြောပါနဲ့လားကွာ။ အခုဆိုရင် ငါတို့ရဲ့ တပ်ဖွဲ့မှူးက အိရှိုဂါမိအပေါ် စိတ်မဝင်စားသလောက် ဖြစ်နေပြီ။ ဒီအတိုင်းသာ ဆက်သွားရင် ငါ့ဘက်က သူ့ကို စုံစမ်းချင်တယ် ဆိုရင်တောင် အတော်လေး ခက်ခဲသွားလိမ့်မယ်။ ငါ့ကို ပြောပြစမ်းပါကွာ။ မင်း ဘာဖြစ်လို့ အိရှိုဂါမိကို သင်္ကာမရှင်း ဖြစ်နေရတာလဲ”

ကုစာနာဂိ၏ ညွတ်နူးတောင်းဆိုနေသံကြောင့် ယုကာဝါ၏ အမူအရာမှာ ပြန်လည် တည်ကြည်သွားသည်။ လက်ထဲမှ ကော်ဖီခွက်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ “ပြောလည်း ဘာအကျိုးမှ ထူးမယ် မထင်ဘူး။ မင်းအတွက် ဘာမှ အထောက်အပံ့ ဖြစ်လာမှာ မဟုတ်ဘူး”

“ဘာဖြစ်လို့လဲ”

“အမှုထဲမှာ သူ ပါဝင်နေနိုင်တယ်လို့ ငါ သံသယဖြစ်ခဲ့ရတဲ့ အကြောင်းအရင်းက မင်း စောစောက ထပ်ခါထပ်ခါ ပြောနေတဲ့ အကြောင်းအရင်းနဲ့ ဘာမှ မထူးဘူး။ ဟာနာအိုကာ ယာစုကိုအပေါ်မှာ သူ စိတ်ဝင်စားနေတာ ဖြစ်ရမယ်လို့ ငါ မတော်တဆ သတိထားလိုက်မိတယ်။ ဒါကြောင့် ဒီအမှုမှာ သူ ပါဝင်နိုင်ခြေရှိတယ် ဆိုတဲ့ ထင်မြင်ချက်နဲ့ ငါ ဆက်စုံစမ်းနေခဲ့မိတာပဲ။ လူတစ်ယောက်ကို ကျိတ်ပိုးပိုးနေတာနဲ့ပဲ ဘာကြောင့် အခုလို ထင်မြင်ရတာလဲလို့ မင်း မေးချင်နေလိမ့်မယ်။ လွယ်လွယ် ပြောရရင် ငါ့ရဲ့ စိတ်ထဲမှာ ရုတ်တရက် ဖြစ်ပေါ်လာတဲ့ ဗီဇသိလို့ပဲ ဆိုပါတော့။ အိရှိုဂါမိရဲ့ စရိုက်ကို အတိုင်းအတာတစ်ခုထိ သိမထားဘူးဆိုရင် ဒီကိစ္စကို နားလည်ရ အတော်လေး ခက်လိမ့်မယ်။ မင်းတို့ မှူခင်းရဲတွေကလည်း ဗီဇသိ၊ ဗီဇသိ ဆိုပြီး တဖွဖွ ပြောနေတတ်ကြတာပဲ မဟုတ်ဘူးလား။ အဲဒီလိုပဲပေါ့”

“မင်းပါးစပ်က ထွက်လာတဲ့စကားလို့ ငါဖြင့် ယုံတောင် မယုံချင်ဘူး။

မင်းလိုကောင်မျိုးက 'ဗီဇသိ' ဆိုတာကို အသိအမှတ် ပြုတတ်သေးတာလား"

"တစ်ခါတလေ ပြောတာပဲကွာ။ ငရဲမကြီးလောက်ပါဘူး"

"ဒါဆိုရင်လည်းကွာ၊ အိရှိဂါမိက မစ္စဟာနာအဲ့ကိုကာကို ကြိုက်နေပါတယ်လို့ မင်း ဘယ်လိုလုပ်ပြီး သတိထားမိလိုက်တာလဲ။ အနည်းဆုံး ဒီလောက်တော့ ငါ့ကို ပြောပြသင့်ပါတယ်"

"မဖြစ်ဘူး" ယုကာဝါက ချက်ချင်း ပြန်ဖြေသည်။

"အမ်"

"အဲဒါ သူ့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်သလို ဖြစ်နေတယ်။ ငါ ဘယ်သူ့ကိုမှ မပြောပြနိုင်ဘူး"

ကုစာနာဂိက သက်မကို မှုတ်ထုတ်လိုက်စဉ် တံခါးခေါက်သံ မြည်လာပြီး ကျောင်းသားတစ်ယောက် အထဲသို့ ဝင်လာသည်။

"မင်း ရောက်ပြီကိုး" ယုကာဝါက ထိုကျောင်းသားကို လှမ်းပြောသည်။ "မင်းကို ရုတ်တရက် လှမ်းခေါ်လိုက်ရလို့ အားနာပါတယ်။ ဟိုးရှေ့ရက်က ပို့လာတဲ့ မင်းရဲ့ စာတမ်းအကြောင်း ငါ မင်းနဲ့ ဆွေးနွေးချင်လို့"

"ပြဿနာ ရှိလို့လား ဆရာ" မျက်မှန်နှင့် ကျောင်းသားက တောင့်တောင့်ကြီး ရပ်နေသည်။

"မင်းရဲ့ စာတမ်းက ရေးထားတာ မဆိုးဘူး။ ဒါပေမယ့် မင်းကို မေးချင်တာ တစ်ခု ရှိတယ်။ ဘာဖြစ်လို့ အစိုင်အခဲရူပဗေဒကို သုံးပြီး မင်းရဲ့ ပြဿနာကို ဖြေရှင်းထားရတာလဲ"

"အဲဒါ အစိုင်အခဲနဲ့ ဆိုင်တဲ့ စမ်းသပ်ချက် မဟုတ်ဘူးလား ဆရာ" ကျောင်းသားက ဝေးကြောင်၍ ကြည့်နေသည်။

ယုကာဝါ၏ နှုတ်ခမ်းစွန်းတစ်ဘက်မှာ အနည်းငယ် တွန့်သွားပြီး ခေါင်းခါလိုက်သည်။ "တကယ်တော့ ဒီပုစ္ဆာက အမှုန်ရူပဗေဒပေါ် အခြေခံတဲ့ ပုစ္ဆာမျိုးပဲ။ ဒါကြောင့် မင်း အဲဒီရှုထောင့်ကနေ ချဉ်းကပ်သင့်တယ်လို့ ငါ အကြံပေးချင်တယ်။ အပြင်ပန်းအရ အစိုင်အခဲရူပဗေဒနဲ့ ဆင်ဆင်တူနေတာကို ကြည့်ပြီး တခြားသီအိုရီတွေကို ထည့်စဉ်းစားဖို့ မလိုအပ်တော့ဘူးလို့ မယူဆသင့်ဘူး။ အဲဒီလိုသာဆိုရင် မင်း ဘယ်တော့မှ သုတေသီကောင်းတစ်ယောက် ဖြစ်လာမှာ မဟုတ်တော့ဘူး။ မင်းရဲ့ ကြိုတင်မှန်းဆချက်တွေဟာ မင်းရဲ့ အကြီးမားဆုံး ရန်သူ ဖြစ်လာနိုင်တယ်။

အဲဒါတွေကို အယုံကြည် အကိုးစား လွန်သွားတာနဲ့ မင်းရဲ့ လက်တစ်ကမ်းမှာ ရှိနေတဲ့ အရာတွေကိုတောင် မြင်နိုင်စွမ်း ရှိမှာ မဟုတ်တော့ဘူး”

“ဟုတ်ကဲ့ပါ ဆရာ” ကျောင်းသားက လေးစားသမှုဖြင့် ခေါင်းညိတ်လိုက်သည်။

“မင်းမှာ ထိုက်သင့်တဲ့ အရည်အချင်း ရှိတယ်လို့ ဆရာ ယူဆလို့ မင်းကို ခေါ်ပြီး သတိပေးရတာပါ။ ကဲ ... မင်း သွားနိုင်ပြီ”

“ကျေးဇူးပါ ဆရာ” ကျောင်းသားက ဦးညွှတ်၍ ထွက်ခွာသွားသည်။

ယုကာဝါသည် ကုစာနာဂိဘက်သို့ လှည့်လိုက်သောအခါ သူ့အား အကြောင်သားဖြင့် ငေးကြည့်နေသည်ကို တွေ့လိုက်ရသည်။

“ဘာဖြစ်လို့လဲ။ ငါ့မျက်နှာပေါ်မှာ ဘာ ပေနေလို့လဲ”

“မဟုတ်ပါဘူး။ ပညာရှင်ဆိုတဲ့ လူတွေရဲ့ လေသံက တထေရာတည်းပါလားလို့ စဉ်းစားနေတာ”

“မင်း ဘာကို ဆိုလိုချင်တာလဲ”

“အိရှိဂါမိကလည်း ငါ့ကို အဲဒီလို စကားမျိုး ပြောခဲ့ဖူးတယ်” ကုစာနာဂိသည် အိရှိဂါမိ ပြောခဲ့သည့် စာမေးပွဲမေးခွန်းနှင့် ပတ်သက်သော သူ့အမြင်ကို ယုကာဝါအား ပြန်လည် ဖောက်သည်ချလိုက်သည်။

“အင်း ..... ကြိုတင်မှန်းဆချက်ကြောင့် ဖြစ်လာတဲ့ မျက်ကွယ်မှတ် .... အဲဒါမှ တကယ့်ကို သူ့ရဲ့ စတိုင်ပဲ” ယုကာဝါက စပ်ဖြဲဖြဲနှင့် ပြောနေသည်။ သို့သော် လက်ဖျစ်တစ်တွက်ခန့် အကြာတွင် လောကဓာတ်ဆရာကြီး၏ မျက်နှာပေါ်၌ အပြောင်းလဲကြီး ပြောင်းလဲသွားပြီး ရုတ်ချည်း ထိုင်ခုံပေါ်မှ ထရပ်လိုက်သည်။ ဦးခေါင်းကို လက်ဖြင့် ပွတ်လျက် ပြတင်းပေါက်အနားသို့ လျှောက်သွားသည်။ ထို့နောက် ခေါင်းမော့ကာ ကောင်းကင်ပြင်သို့ ငေးမောကြည့်နေသယောင်။

“ဟေ့ကောင် ယုကာဝါ”

ယုကာဝါသည် လက်တစ်ဘက်ကို မြှောက်ပြီး ကုစာနာဂိဘက်သို့ လှမ်းပြလိုက်သည်။ တွေးတောဆင်ခြင်နေသည်ကို မနှောင့်ယှက်ပါနှင့်ဟု ဆိုလိုနေသည့်နှယ်။ မတတ်နိုင်သည့်အဆုံးတွင် ကုစာနာဂိလည်း တုဏှိဘာဝေဖြင့် သူငယ်ချင်းကို အကြောင်သား ငေးကြည့်နေရသည်။

“မဖြစ်နိုင်ဘူး” ယုကာဝါက အသံတိုးတိုးဖြင့် ရေရွတ်နေသည်။ “သူ

အဲဒီလို ကိစ္စမျိုး လုံးဝ လုပ်မှာ မဟုတ်ဘူး”

“မင်း ဘာဖြစ်နေတာလဲ” ကုစာနာဂိက အောင့်အည်းမနေနိုင်တော့ဘဲ မေးလိုက်သည်။

“ခုနက စာရွက် ငါ့ကို ပြစမ်းပါဦး။ အိရှိဂါမိရဲ့ ရုံးတက်မှတ်တမ်းလေ”

ကုစာနာဂိက ခေါက်ထားသော စက္ကူကို ရင်ဘတ်ထဲမှ ထုတ်ပေးလိုက်သည်။ ယုကာဝါက စာရွက်ကို လှမ်းယူပြီး စူးစူးစိုက်စိုက်ကြည့်ကာ တတွတ်တွတ် ရေရွတ်နေလေသည်။

“မဖြစ်နိုင်ဘူး ...... အဲဒီလို လုံးဝ မဖြစ်နိုင်ဘူး”

“ဟေ့ ယုကာဝါ၊ မင်း ဘာတွေ စဉ်းစားနေတာလဲ။ ငါ့ကိုလည်း ပြောပြစမ်းပါဦး” ယုကာဝါသည် ရုံးတက်မှတ်တမ်းကို ကုစာနာဂိထံသို့ ပြန်ကမ်းပေးလိုက်သည်။

“ဆောရီးကွာ။ အခု မင်း ပြန်သွားလိုက်ရင် ကောင်းမယ်”

“မင်းဟာက မလွန်လွန်းဘူးလား” ကုစာနာဂိက မကျေမနပ် ပြန်ပြောလိုက်သည်။ သို့သော် ယုကာဝါ၏ အမူအရာကို မြင်လိုက်ရသည့်အခါတွင်ကား သူ ဘာမျှ ဆက်ပြောလိုသော ဆန္ဒ မရှိတော့ပေ။

လောကဓာတ်ဆရာကြီး၏ မျက်နှာသည် စိုးရိမ်မှုနှင့် စိတ်သောကတို့ကြောင့် မဲ့ရွဲ့ကာ ရှုံ့တွနေသည်။ ကုစာနာဂိသည် သူနှင့် ရင်းနှီးခင်မင်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာညောင်းလှခဲ့ပြီ။ သူ့ကို ထိုအမူအရာမျိုးနှင့် တစ်ရံတစ်ဆစ်မျှ မမြင်ဖူးခဲ့။

“မင်း သွားပါတော့။ ငါ တောင်းပန်ပါတယ်” ယုကာဝါက နောက်တစ်ကြိမ် ထပ်ပြောပြန်သည်။ အံကြိတ်၍ ငြီးတွားနေသည့် အသံမျိုး။

ကုစာနာဂိသည် ထိုင်ရာမှ ထလိုက်သည်။ သူ့တွင် မေးချင်သည့် မေးခွန်းများ တောင်ပုံရာပုံ ရှိနေသေးသည်။ သို့သော် သူ့ကိုယ်သူ ပြန်လည် ဖျောင်းဖျရုံမှတစ်ပါး အခြား မရှိ။ ယခုအချိန် လုပ်နိုင်သည့် တစ်ခုတည်းသော အလုပ်မှာ သူ့သူငယ်ချင်း၏ မျက်စိရှေ့မှ ထွက်ခွာသွားရန်ပင် ဖြစ်တော့သည်။

အခန်း (၁၅ - က)

နံရံကပ်နာရီမှ လက်တံများသည် နံနက် ၇ နာရီ ၃၀ မိနစ်တွင် ပြိုင်ညွှန်နေကြသည်။ အိရိုဂါမိသည် အလုပ်ဆောင်အိတ်ကို ပိုက်လျက် အိမ်ထဲမှ ထွက်လာသည်။ ထိုအိတ်ထဲတွင် သူ တန်ဖိုးအထားဆုံး အရာများ ထည့်ထားသည်။ သူ ယခုတလော သုတေသန ပြုနေသည့် သင်္ချာပုစ္ဆာများကို ရေးခြစ်ထားသော စာရွက်စာတမ်းများ ဖြစ်သည်။ 'ယခုတလော' ဟု ဆိုခြင်းထက် နှစ်ပေါင်းများစွာအတွင်း နေ့စဉ်ရက်ဆက် သုတေသန ပြုလုပ်ခဲ့သော စာရွက်စာတမ်းများ ဖြစ်သည်ဟု ဆိုလျှင် သာ၍ တိကျမှန်ကန်ပေလိမ့်မည်။ တက္ကသိုလ် တက်စဉ်က ရေးသားခဲ့သော ဘွဲ့ယူစာတမ်းကိုပင် ပြီးပြည့်စုံသည်ဟု မယူဆနိုင်သေးဘဲ ယနေ့အချိန်ထိ ဆက်လက် ဖြည့်စွက်လေ့လာဆဲ ရှိနေသေးသည်။

၎င်းကို ပြီးပြည့်စုံသော စာတမ်းတစ်စောင် ဖြစ်လာစေရန်အတွက် နောက်ထပ် အနှစ် ၂၀ ခန့်မျှ အချိန်ပေးရပေဦးမည်ဟု သူ တွက်ဆထားသည်။ အခန့်မသင့်ပါက ထို့ထက်ပင် ကြာကောင်း ကြာသွားနိုင်သည်။ မည်မျှပင် ပင်ပန်းခက်ခဲပါစေ၊ ၎င်းမှာ သင်္ချာသမားတစ်ဦးအတွက် တစ်ဘဝလုံးကို မြှုပ်နှံထားရန် ထိုက်တန်သော ပုစ္ဆာတစ်ခုပင် ဖြစ်သည်ဟု သူ အခိုင်အမာ ယုံကြည်သည်။ ထို့အပြင် ထိုပုစ္ဆာကို မိမိမှ လွဲ၍ မည်သူမျှ ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ဟု သူ ယူဆနေသည်။

အကယ်၍သာ တခြားသော ဗာဟိရ ကိစ္စများကို ထည့်သွင်း စဉ်းစားနေစရာ မလိုအပ်ဘဲ၊ နေ့စဉ် ဝေယျာဝစ္စများ၏ အနှောင့်အယှက်ကို မခံရဘဲ မိမိ၏ သုတေသန အလုပ်ထဲ၌သာ စိတ်နှစ်ထားရပါမူ မည်မျှ ကောင်းလိုက်လေမည်နည်း။ အိရိုဂါမိက ထိုသို့ မကြာခဏ စိတ်ကူးယဉ်ခဲ့ဖူးသည်။ မိမိ မသေခင် ကာလအတွင်း ဤအလုပ်ကို ပြီးပြတ်အောင် လုပ်နိုင်ပါမည်လောဟု စဉ်းစားမိလိုက်သည့် အခါတိုင်းတွင် သုတေသနနှင့် မဆိုင်သည့် ကိစ္စများ၌ အချိန်ကို ဖြုန်းပစ်နေမိခြင်းအတွက် နှမြောတသ ဖြစ်မိပြန်သည်။

မည်သည့် နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ၊ ဤစာရွက်စာတမ်းများကို ကိုယ်နှင့်မကွာ ယူဆောင်သွားရမည်ဟု သူ ဆုံးဖြတ်ထားသည်။ သူ၏ အလုပ်အတွက် မှန်ညင်းစေ့မျှသော တိုးတက်မှုကိုသာ ရရှိနိုင်သည် ဖြစ်စေ၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်ကိုပင် သူ အဆုံးရှုံး မခံနိုင်။ စာရွက်နှင့် ဘောပင်သာ ရှိလျှင် သူ ဆက်လုပ်နိုင်သည်။ ဤအလုပ်ကိုသာ သူ ဆက်လုပ်ခွင့်

ရနေမည်ဆိုလျှင် သူ့အတွက် ဘာကိုမှ ထပ်မံ တောင်းဆိုနေစရာ မလိုအပ်တော့ပြီ။

သူသည် စက်ရုပ်တစ်ရုပ်အလား သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း လမ်းလျှောက်နေသည်။ ရှင်-အိုဟရှိတံတားကို ကူးဖြတ်ပြီးနောက် ဆုမိဒမြစ်ရိုးအတိုင်း လျှောက်ကာ အပြာရောင် တာလပတ်စများဖြင့် အမိုးမိုးထားသော တဲစုတ်များကို ဖြတ်ကျော်လာသည်။ ဆံဖြူကို နောက်စေ့တွင် ထုံးချည်ထားသော အမျိုးသားသည် ဂတ်စ်မီးဖိုပေါ်သို့ ဒယ်အိုးတစ်လုံးကို တင်နေသည်။ ဒယ်အိုးထဲတွင် မည်သည့်အရာများ ရှိသည်ကို မမြင်ရပေ။ သူ့ဘေး၌ ရှိသော တိုင်တွင် နီညိုရောင် မျိုးစပ်ခွေးတစ်ကောင်ကို တွဲချည်ထားသည်။ ထိုခွေးသည် သူ့သခင်ဘက်သို့ မျက်နှာမမူဘဲ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေသည်။

'ကိုဘူးခွံ' သည် ထုံးစံအတိုင်း တစ်ကိုယ်တည်း ရေရွတ်လျက် ဘူးခွံများကို ပြားသွားအောင် နင်းခြေနေသည်။ သူ့ဘေးနားတွင် အပြားခတ်ပြီးသား ဘူးခွံများ အပြည့်ထည့်ထားသည့် အိတ်နှစ်လုံးကို တွေ့နိုင်သည်။

'ကိုဘူးခွံ' ကို လွန်ပြီး အတန်ကြာမျှ လမ်းလျှောက်သွားလျှင် ခုံတန်းလျားတစ်လုံးကို တွေ့ရသည်။ ခုံပေါ်တွင် မည်သူမျှ မရှိ။ အိရှိုဂါမိသည် ထိုနေရာသို့ တစ်ချက်မျှ စွေကြည့်လိုက်ပြီး ခေါင်းကို ငုံ့မြဲအတိုင်း ပြန်ငုံ့ထားလိုက်သည်။ ခြေလှမ်းများမှာ အနည်းငယ်မျှ ယိုယွင်းသွားခြင်း မရှိ။

ရှေ့တူရူအရပ်မှ လူတစ်ဦး လျှောက်လာနေသည်။ ယခုအချိန်ဆိုလျှင် ခွေးသုံးကောင် ဆွဲလာသည့် အမယ်အိုကြီးပင် ဖြစ်ရပေမည်။ သို့သော် နီးကပ်လာသော ခြေသံများအရ ဆိုလျှင် ထိုအမျိုးသမီးကြီး၏ ခြေသံများ မဟုတ်ကြ။ အိရှိုဂါမိက ခေါင်းမော့ကြည့်လိုက်သည်။

"အဲ" သူ့ပါးစပ်မှ အာမေဋိတ်သံ ထွက်ပေါ်လာပြီး ခြေထောက်များသည်လည်း တုံ့ခနဲ ရပ်တန့်သွားကြသည်။

တစ်ဘက်လူမှာ နီးသည်ထက် နီးအောင် ဆက်လျှောက်လာနေသည်။ ထို့နောက် ပြုံးချိုသော မျက်နှာနှင့် ထိုသူသည် အိရှိုဂါမိ၏ ရှေ့အရောက်တွင် ခြေစုံရပ်လိုက်သည်။

"မောနင်း" ယုကာဝါက နှုတ်ဆက်သည်။

အိရှိုဂါမိ၏ ပါးစပ်သည် အာစေးထည့်ခံ ထားရသကဲ့သို့ မလှုပ်နိုင်ဘဲ အတန်ကြာမှ ပွင့်ဟလာသည်။ "မင်း ငါ့ကို စောင့်နေတာလား"

"ဒါပေါ့" ယုကာဝါက ပေါ့ပေါ့ပါးပါး ပြန်ဖြေသည်။ "ဒါပေမယ့်

စောင့်နေတယ်လို့ ပြောရတာ သိပ်တော့ မမှန်ဘူး။ ငါ ကိုယ်ပိုဆုတံတားဘက်ကို လျှောက်လာရင်း မင်းနဲ့ တွေ့ကောင်းရဲ့လို့ တွေးနေခဲ့တာတော့ အမှန်ပဲ”

“အရေးကြီးလို့လား”

“အရေးကြီးလား ..... မပြောတတ်ဘူး။ ကြီးချင် ကြီးမှာပေါ့”

“အခုပြောမှ ဖြစ်မှာလား” အိရှိုဂါမိက နာရီကို ငုံ့ကြည့်သည်။ “ငါ့မှာ အချိန်အများကြီး မရှိဘူး”

“၁၀ မိနစ် ဒါမှမဟုတ် ၁၅ မိနစ်ဆိုရင် ရပါပြီ”

“လမ်းလျှောက်ရင်း ပြောလို့ ဖြစ်တယ် မဟုတ်လား”

“ဖြစ်ပါတယ်” ယုကာဝါက လေးဘက်လေးတန်သို့ အကဲခတ်ကြည့်သည်။ “ဒါပေမယ့် ငါ မင်းကို ဒီနေရာမှာ စကားနည်းနည်း ပြောချင်တယ်။ ၂ မိနစ်၊ ၃ မိနစ်လောက်ပေါ့။ ဟောဟိုက ခုံတန်းလျားမှာ ထိုင်ရအောင်” အိရှိုဂါမိ၏ အဖြေကို မစောင့်တော့ဘဲ ယုကာဝါသည် လူသူကင်းမဲ့နေသော ခုံတန်းလျားဆီသို့ လျှောက်သွားသည်။

အိရှိုဂါမိက ပင့်သက်ရှိုက်လိုက်ပြီး သူငယ်ချင်းအနောက်သို့ လိုက်သွားသည်။

“အရင်တုန်းကလည်း မင်းနဲ့ငါ ဒီလမ်းအတိုင်း တစ်ခါ လျှောက်ခဲ့ဖူးတယ်” ယုကာဝါက ပြောသည်။

“အင်း”

“အဲဒီတုန်းက မင်းပြောခဲ့တယ်လေ။ ဟောဟိုအိုးမဲ့အိမ်မဲ့တွေရဲ့ နေ့စဉ်ဘဝဟာ နာရီတစ်လုံးလိုပဲ မှန်မှန်လည်ပတ်နေကြတယ်တဲ့။ မင်း မှတ်မိသေးတယ်မလား”

“မှတ်မိတယ်။ အချိန်ရဲ့ ကန့်သတ်မှုကနေ ကျော်လွန်သွားရင် လူတွေဟာ အဲဒီအတိုင်း ဖြစ်သွားတော့တာပဲလို့ မင်း ပြောခဲ့သေးတယ်”

ယုကာဝါက ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

“မင်းရော ငါရောက အချိန်ရဲ့ ကန့်သတ်မှုကို မကျော်လွန်နိုင်ကြသေးဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်ဆိုတဲ့ နာရီရဲ့ ခွေးသွားစိပ်တစ်ခု အနေနဲ့ ငါတို့ ပါဝင်လှုပ်ရှားနေကြရတယ်။

အဲဒီခွေးသွားစိပ်လေး လစ်ဟာသွားတာနဲ့ ငါတို့ရဲ့ နာရီလည်း ဖရိုဖရဲ ဖြစ်သွားနိုင်တယ်။ ငါတို့ဟာ အမှိအခို ကင်းမဲ့ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေပါတယ်လို့ ဘယ်လောက်ပဲ အထင်ရောက်နေနေ တကယ့်လက်တွေ့မှာကျတော့ အဲဒီလို ဖြစ်မနေဘူး။ လူ့အဖွဲ့အစည်းကြီးက ငါတို့ကို အတိုင်းအတာတစ်ခုထိ လုံခြုံမှု ပေးနေတယ် ဆိုပေမယ့် တစ်နည်းအားဖြင့် ငါတို့ဟာ အပြည့်အဝ လွတ်လပ်မနေဘူးလို့ ဆိုလိုရာ ရောက်နေပြန်တယ်။ ဒီအိမ်ရာမဲ့တွေထဲမှာ ပုံမှန်လူ့လောကထဲကို ပြန်မဝင်ချင်တော့တဲ့လူတွေ မနည်းမနော ရှိနေလိမ့်မယ် ထင်တယ်”

“မင်း အဲဒီလို စကားပုံတွေ လျှောက်ပြောနေရင် သုံးမိနစ်ဆိုတဲ့ အချိန်က ခဏလေးနဲ့ ကုန်သွားလိမ့်မယ်” အိရှိုဂါမိက နာရီကို ငုံ့ကြည့်ပြန်သည်။ “ကြည့် … အခု တစ်မိနစ် ကုန်သွားပြီ”

“လောကမှာ အသုံးမဝင်တဲ့ ခွေးသွားစိပ်ဆိုတာ မရှိပါဘူး။ တစ်ခုပဲ ရှိတယ်။ ခွေးသွားစိပ် ကိုယ်နှိုက်ကသာ သူ့ရဲ့ အသုံးဝင်ပုံကို ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်နိုင်တယ်။ ငါ ပြောချင်တာ အဲဒါပဲ” ယုကာဝါက အိရှိုဂါမိ၏ မျက်လုံးအိမ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ “မင်း အလုပ်ထွက်ပစ်ဖို့ စိတ်ကူးထားတာလား”

အိရှိုဂါမိက တအံ့တသြဖြင့် မျက်လုံးပြူးလျက် စိုက်ကြည့်နေမိသည်။ “ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ”

“ဘာမှ မဟုတ်ပါဘူး။ စိတ်ထဲမှာ အဲဒီလို ထင်နေမိလို့ မေးကြည့်တာ။ ဒီလူမှုယန္တရားကြီးထဲမှာ မင်းကိုယ်မင်း သင်္ချာဆရာဆိုတဲ့ ခွေးသွားစိပ်တစ်ခုအဖြစ် ကျေကျေနပ်နပ်ကြီး လက်ခံထားတာမှ မဟုတ်ဘဲ” ယုကာဝါသည် ထိုင်ရာမှ ထရပ်လိုက်သည်။ “သွားကြစို့လား”

သူတို့ နှစ်ဦးသည် ပခုံးချင်းယှဉ်ကာ ဆုမိဒမြစ်ကမ်းတစ်လျှောက် လမ်းလျှောက်သွားကြသည်။ အိရှိုဂါမိက ဘာမျှ မပြောဘဲ တစ်ဘက်မှ သူငယ်ချင်း၏ စကားအဟကိုသာ ငံ့လင့်နေသည်။

“မင်းဆီကို ကုစာနာဂိ လာသွားသေးတယ်လို့ ကြားတယ်။ မင်းဆီက အလီဘိုင် တောင်းသွားတယ်ဆို”

“အင်း၊ ပြီးခဲ့တဲ့အပတ်ကပဲ”

“သူက မင်းကို သံသယ ဝင်နေတယ်”

“ဟုတ်မှာပေါ့။ သူ ဘာဖြစ်လို့ ငါ့ကို သံသယ ဝင်နေသလဲ ဆိုတာ ငါတော့

နားမလည်နိုင်အောင်ဘဲ”

ယုကာဝါက နားထောင်ပြီး ပြုံးနေသည်။

“သူကိုယ်တိုင်ကလည်း မယုံတစ်ဝက် ယုံတစ်ဝက်ပဲ။ ငါ မင်းကို စိတ်ဝင်စားနေတာ မြင်တော့ သူ မင်းကို စပြီး သတိထားမိလာတယ်။ မင်းကို ဒီလိုကိစ္စမျိုး ပြောမပြသင့်ဘူး ထင်တာပဲ။ တကယ်တော့ ရဲဘက်မှာ မင်းကို သံသယဝင်နိုင်လောက်တဲ့ အထောက်အထား ဘာတစ်ခုမှ မရှိဘူး”

အိရှိုဂါမိက ရပ်တန့်လိုက်သည်။ “ဒါဆို ဘာဖြစ်လို့ ငါ့ကို ပြောပြနေရသေးတာလဲ”

ယုကာဝါကလည်း ရပ်တန့်ကာ သူ့ဘက်သို့ လှည့်လိုက်သည်။ “ငါတို့က သူငယ်ချင်းတွေလေ။ တခြား ဘာအကြောင်းပြချက်မှတော့ မရှိပါဘူး”

“သူငယ်ချင်း ဖြစ်တာနဲ့ပဲ ငါ့ကို အဲဒါတွေ ပြောပြနေဖို့ လိုအပ်လို့လား။ ငါနဲ့ အဲဒီအမှုက ဆိုင်မှမဆိုင်ဘဲ။ ရဲတွေက ငါ့ကို သံသယ ဝင်ဝင် မဝင်ဝင်၊ ငါ နည်းနည်းမှ ဂရုမစိုက်ဘူး”

ယုကာဝါအထဲမှ လေးပင်၍ ရှည်လျားသော ပင့်သက်ရှိုက်သံကို ကြားလိုက်ရသည်။ ထို့နောက် ခေါင်းကို ခါယမ်းနေသည်။ သူ၏ မျက်နှာပေါ်မှ ကြေကွဲဖွယ် အရိပ်အယောင်တို့က အိရှိုဂါမိ၏ အတွင်းစိတ်ကို ထိုးဆွသကဲ့သို့ ရှိနေကြသည်။

“အလီဘိုင်နဲ့ မဆိုင်ပါဘူး” ယုကာဝါက ခပ်တိုးတိုး ပြောသည်။

“ဘာရယ်”

“ကုစာနာဂိတို့အဖွဲ့က သံသယတရားခံရဲ့ အလီဘိုင်ကို အလိမ်ဖော်နိုင်ဖို့ပဲ အာရုံစိုက်နေကြတာ။ ဟာနာအိုကာ ယာစုကိုသာ တရားခံ ဖြစ်မယ်ဆိုရင် သူ့အလီဘိုင်ရဲ့ ဟာကွက်ကို ရှာထုတ်နိုင်တာနဲ့ တစ်ပြိုင်နက် အမှုမှန်ကို ဖော်ထုတ်နိုင်ပြီလို့ သူတို့က ယုံကြည်နေကြတယ်။ တကယ်လို့သာ မင်းက ကြံရာပါဆိုရင် မင်းရဲ့ အလီဘိုင်ကိုလည်း တစ်ပါတည်း စစ်ဆေးသွားမယ်။ ဒါဆိုရင် မင်းတို့ရဲ့ ခံတပ်ကြီး ပြိုလဲသွားလိမ့်မယ်ပေါ့”

“မင်း ဘာဖြစ်လို့ အဲဒါတွေကို လာပြောနေရသလဲဆိုတာ ငါ နားမလည်ဘူး” အိရှိုဂါမိက ဆက်ပြောသည်။ “ရဲတွေဘက်ကကြည့်ရင် အဲဒီလို လုပ်တာ သဘာဝ ကျနေတာပဲ။ ဒါပေမယ့် မင်း စောစောက ပြောခဲ့သလိုပေါ့။ ပေးထားချက်အနေနဲ့ သူဟာ တရားခံ ဖြစ်နေရမယ်”

ယုကာဝါ၏ နှုတ်ခမ်းမှာ နောက်တစ်ကြိမ် ကွေးညွတ်သွားပြန်သည်။

"ကုစာနာဂိက ငါ့ကို စိတ်ဝင်စားစရာ ကိစ္စတစ်ခု ပြောပြခဲ့တယ်။ ကျောင်းသားတွေရဲ့ ကြိုတင်မှန်းဆချက်ကြောင့် ဖြစ်ပေါ်လာတဲ့ မျက်ကွယ်မှတ်ကို အခွင့်ကောင်းယူပြီး မင်း မေးခွန်းထုတ်တတ်တယ်လို့ သူ့ဆီက ကြားခဲ့ရတယ်။ ဥပမာ ပြောရရင် အယ်ဂျီဘရာပုစ္ဆာကို ဂျီဩမေတြီပုစ္ဆာလို့ အထင်ရောက်သွားအောင် ထုတ်တတ်တာမျိုးပေါ့။ သိပ် ပိုင်တာပဲ။ သင်္ချာရဲ့ အခြေခံ သဘောတရားတွေကို နားလည်မထားဘဲ ဂဏန်းမြင်တာနဲ့ အပေါင်းအနှုတ်လောက် လုပ်ဖို့ပဲ စိတ်ကူးနေတဲ့ ကျောင်းသားတစ်ယောက်ကို ကောင်းကောင်းကြီး လှည့်စားလိုက်နိုင်မှာပဲ။ ကျောင်းသားက အဲဒါကို ဂျီဩမေတြီပုစ္ဆာလို့ ထင်သွားတာနဲ့ တစ်ပြိုင်နက် အဲဒီရှုထောင့်ကနေပဲ ဖြေရှင်းဖို့ ကြိုးစားနေတော့မှာ။ ဒါပေမယ့် သူတို့ ဘယ်တော့မှ အဖြေရမှာ မဟုတ်ဘူး။ အချိန်ကုန် လူပန်းတာပဲ အဖတ်တင်မယ်။ တချို့လူတွေက အဲဒါကို မတရားဘူးလို့ စွပ်စွဲကောင်း စွပ်စွဲလိမ့်မယ်။ ဒါပေမယ့် လူတစ်ယောက်ရဲ့ တကယ့် စစ်မှန်တဲ့ အရည်အချင်းကို စမ်းသပ်ဖို့ရာတော့ အဲဒါက အထိရောက်ဆုံး နည်းလမ်းတစ်ခုပဲ"

"မင်း ဘာပြောချင်နေတာလဲ"

"ကုစာနာဂိတို့ အဖွဲ့က" ယုကာဝါ၏ အမူအရာမှာ ပြန်လည် တည်ကြည်အေးဆေးနေသည်။ "ဒီတစ်ခေါက် ပုစ္ဆာကို အလီဘိုင် စိတ်ဖြာသုံးသပ်ခြင်းလို့ အထင်ရောက်နေကြတယ်။ သူတို့အတွက် အရေးပါဆုံး သံသယတရားခံမှာကလည်း အလီဘိုင် ရှိနေမှကိုး။ သူတို့ အဲဒီလို တွေးထင်နေတာကိုလည်း အပြစ်လို့ မဆိုသာဘူး။ သူတို့ ရထားတဲ့ အလီဘိုင်က အက်ကြောင်းလိုက်နေတော့ အဲဒီအက်ကြောင်းကို တည်ပြီး တူးဆွသွားရင် မကြာခင်မှာ ပြိုလဲသွားရမယ်လို့ ယုံကြည်နေကြတယ်။ ဒါလည်း လူ့သဘာဝပဲလေ။ ငါတို့ရဲ့ သုတေသနလောကမှာလည်း ဘာထူးလို့လဲ။ သဲလွန်စတွေ့ပြီ ဆိုပြီး အူယားဖားယားနဲ့ အဲဒီအနောက်ကို တကောက်ကောက် လိုက်ကြရာက နောက်ဆုံးကျတော့ အချိန်ကုန် လူပန်းတာပဲ အဖတ်တင် ကျန်ရစ်တယ်။ ကုစာနာဂိတို့လည်း အဲဒီအတိုင်းပဲ။ ထောင်ချောက်ထဲ ပြုတ်ကျသွားခဲ့တယ်။ အဲ မဟုတ်သေးဘူး။ ထောင်ချောက်ထဲ ဆွဲပို့ခံလိုက်ရတယ်လို့ ပြောမှ ပိုမှန်မယ်"

"တကယ်လို့ မင်းအနေနဲ့ သူတို့ရဲ့ ထောက်လှမ်းမှုအပေါ် သံသယ ရှိနေခဲ့ရင် ကုစာနာဂိကို ပြောပြရမှာ မဟုတ်ဘူးလား။ ငါ့ကို မဟုတ်ဘူးလေ"

"ဒါပေါ့။ သူ့ကိုလည်း ပြောပြဖို့ လိုအပ်တာပေါ့။ ဒါပေမယ့် သူ့ကို မပြောပြခင် မင်းနဲ့ အရင်ဆုံး ဆွေးနွေးကြည့်ချင်သေးတယ်။ အကြောင်းအရင်းကိုတော့ ငါမင်းကို စောစောက ပြောခဲ့ပြီးပြီပဲ"

"ငါတို့က သူငယ်ချင်း ဖြစ်နေလို့ ဆိုတာလား"

"ဟုတ်တယ်။ နောက်တစ်ဆင့် တက်ပြီး ပြောရရင် မင်းရဲ့ ဉာဏ်စွမ်းကို ငါ အဆုံးရှုံး မခံနိုင်ဘူး။ အခုလို စိတ်အနှောင့်အယှက် ဖြစ်စရာတွေကို မြန်မြန် ပြီးသွားစေချင်ပြီ။ ဒါမှ မင်းလုပ်သင့်တာကို စိတ်နှစ်ပြီး လုပ်သွားနိုင်မှာ။ မင်းရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းကို အရေးမပါတဲ့ ကိစ္စတွေအပေါ်မှာ ဖြုန်းတီးပစ်တာမျိုး ငါ မလိုလားဘူး"

"အဲဒါတော့ မင်းမပူပါနဲ့။ ငါ ဘယ်တော့မှ အချိန်ကို အလဟဿ ဖြုန်းတီးမပစ်ဘူး" ပြောပြီး အိရိုဂါမိက ခြေလှမ်းကို စတင် လှမ်းလျှောက်လိုက်သည်။ ရုံးချိန် နီးကပ်လာသောကြောင့်တော့ မဟုတ်။ ထိုနေရာတွင် ဆက်လက် ရပ်တည်နိုင်စွမ်း မရှိတော့သောကြောင့်သာ ဖြစ်သည်။

ယုကာဝါက အနောက်မှ လိုက်ပါလာသည်။ "ဒီအမှုကို ဖြေရှင်းနိုင်ဖို့ဆိုရင် ပုစ္ဆာကို အလီဘိုင် စိတ်ဖြာသုံးသပ်ခြင်းလို့ မရှုမြင်သင့်ဘူး။ တခြားလမ်းကြောင်း တစ်ခုကနေ ချဉ်းကပ်မှ ဖြစ်မယ်။ သူတို့နှစ်ခုရဲ့ ခြားနားချက်က ဂျီသြမေတြီနဲ့ အယ်ဂျီဘရာတို့ ကွာခြားတာထက်တောင် အပုံကြီး များနေလိမ့်ဦးမယ်"

"မင်းက အဲဒါကို ဘာပုစ္ဆာလို့ ထင်လဲ" အိရိုဂါမိက အနောက်ဘက်သို့ လှည့်မကြည့်ဘဲ လမ်းလျှောက်နေရင်း မေးလိုက်သည်။

"စကားတစ်ခွန်းတည်းနဲ့ ပုံဖော်ဖို့ ခက်လိမ့်မယ်။ မဖြစ်မနေ ပြောရမယ် ဆိုရင်တော့ အသွင်ယူလှည့်စားခြင်းလို့ ခေါ်သင့်မလားပဲ။ မှုခင်းအဖွဲ့တစ်ဖွဲ့လုံးက အသွင်ယူထားတဲ့ အရာတွေရဲ့ လှည့်စားခြင်းကို ခံနေရတယ်။ သဲလွန်စလို့ သူတို့ ယူဆထားတဲ့ အရာတွေဟာ တကယ်တော့ ဘာမှ မဟုတ်ဘူး။ တရားခံရဲ့ ချက်ကောင်းကို ကိုင်ထားမိပြီလို့ သူတို့ ယူဆလိုက်တဲ့ တစ်ချိန်တည်းမှာပဲ သူတို့ကိုယ်နှိုက်က သူများ ဆင်ထားတဲ့ ထောင်ချောက်ထဲမှာ ပိတ်မိနေကြပြီ"

"အတော် ရှုပ်ထွေးတာပဲ"

"ဟုတ်တယ်။ အတော်ကို ရှုပ်ထွေးတယ်။ ဒါပေမယ့် လှေလာတဲ့ ရှုထောင့်ကို ပြောင်းလိုက်တာနဲ့ အံ့သြစရာ ကောင်းလောက်အောင်ကို ရိုးရှင်းသွားတော့တာပဲ။ သာမန်လူတွေက တစ်စုံတစ်ရာကို ဖုံးကွယ်ဖို့ ကြိုးစားတဲ့အခါမှာ ရှုပ်ထွေးတဲ့ နည်းလမ်းတွေကို သုံးတတ်ကြတယ်။ အဲ ... အဲဒီလို ရှုပ်ထွေးတဲ့ နည်းလမ်းကြောင့်ပဲ ကိုယ့်သေတွင်းကိုယ် တူးမိသလို ဖြစ်သွားကြရော။ ဉာဏ်ကြီးရှင်တွေကကျတော့ အဲဒီလိုမျိုး မလုပ်တတ်ဘူး။ သူတို့က အင်မတန်မှ ရိုးရှင်းတဲ့ နည်းလမ်းကိုပဲ ရွေးချယ်တတ်ကြတယ်။ ဒါပေမယ့် အဲဒီနည်းလမ်းကို လူသာမန်တွေအနေနဲ့ စဉ်းစားလို့ မရနိုင်သလို

ဘယ်တုန်းကမှလည်း လုပ်ဖို့ စိတ်ကူးရှိခဲ့ကြမှာ မဟုတ်ဘူး။ အဲဒီလို ရိုးရှင်းလွန်းလို့လည်းပဲ ပြဿနာကို အဆုံးစွန်အထိ ရှုပ်ထွေးသွားစေတာပဲ”

“မင်းတို့လို ရူပဗေဒသမား ရုပ်ဝါဒီတွေက စိတ္တဇဆန်ဆန် စိတ်ကူးယဉ် ပုံဖော်ရတာကို အမြင်ကတ်ကြတယ် မဟုတ်ဘူးလား”

“ဒါဆိုလည်း ဒီ့ထက်အသေးစိတ်ပြီး ပြောရတာပေါ့။ အချိန်ရသေးတယ် မဟုတ်လား”

“မလောပါဘူး”

“ထမင်းဆိုင်သွားဖို့ရော အချိန်ရှိသေးလား”

အိရှိုဂါမိက ယုကာဝါကို တစ်ချက် စွေကြည့်ပြီး အရှေ့ဘက်သို့ ချက်ချင်း ပြန်လှည့်လိုက်သည်။ “ငါက အဲဒီကို နေ့တိုင်း သွားနေတာမှ မဟုတ်ဘဲ”

“ငါကြားထားသလောက်တော့ မင်း နေ့တိုင်းသွားလို့ ချောင်းတောင် ပေါက်နေပြီတဲ့”

“အဲဒါက ငါ့ကို အမှုထဲ ဆွဲထည့်ရတဲ့ အကြောင်းအရင်းပဲလား”

“ဟုတ်တယ်လို့လည်း ပြောလို့ ရတယ်။ မဟုတ်ဘူးလို့လည်း ပြောလို့ ရတယ်။ ထမင်းဆိုင်တစ်ဆိုင်တည်းကိုပဲ နေ့တိုင်းနေ့တိုင်း သွားနေတာ ငါ့အတွက်တော့ အထူးအဆန်း မဟုတ်ပါဘူး။ ဒါပေမယ့် အမျိုးသမီးတစ်ယောက်ကို နေ့တိုင်းနေ့တိုင်း သွားကြည့်နေတယ် ဆိုရင်တော့ ဒါမျိုးက စိတ်မဝင်စားလို့ မဖြစ်တော့ဘူး”

အိရှိုဂါမိသည် ရပ်ပြီး ယုကာဝါကို စိုက်ကြည့်နေသည်။ “ငယ်သူငယ်ချင်း ဖြစ်တယ် ဆိုတာနဲ့ အခုလို ပေါက်ပန်းဈေး လျှောက်ပြောနေလို့ ရတယ်လို့ ယူဆထားတာလား” ယုကာဝါက သူ့အကြည့်ကို ရှောင်ဖယ်မသွားဘဲ အိရှိုဂါမိကို စူးစူးရဲရဲ ပြန်စိုက်ကြည့်နေသည်။

“မင်း စိတ်ဆိုးသွားတာလား။ မင်းရဲ့စိတ်တွေ ယောက်ယက်ခတ်ကုန်ပြီ ထင်တယ်”

“ရယ်စရာပဲကွာ” အိရှိုဂါမိက ဆက်လက် ထွက်ခွာသွားပြီး ကိယိုဆုတံတားနားသို့ အရောက်တွင် လှေကားပေါ်သို့ လှမ်းတက်သွားလေသည်။

“အလောင်းနဲ့ မလှမ်းမကမ်းလောက်မှာ သေသူရဲ့ ပစ္စည်းလို့ ယူဆရတဲ့ အဝတ်အစားတွေကို မီးရှို့ခံထားရတယ်” ယုကာဝါသည် အနောက်မှ

အမီလိုက်လာပြီး ပြောနေသည်။ “ဆီပုံးခွံထဲမှာ တစ်ဝက်တစ်ပျက် မီးကျွမ်းနေတဲ့ အဝတ်အစားတွေကို ရဲတွေ တွေ့ခဲ့ကြတယ်။ သူတို့က အဲဒါကို တရားခံရဲ့ လက်ချက်လို့ ယူဆထားကြတယ်။ ငါ အဲဒီအကြောင်းကို စကြားခါစက စဉ်းစားနေခဲ့သေးတယ်။ တရားခံက အဝတ်အစားတွေကို အကုန်လုံး ပြာကျသွားတဲ့အထိ မစောင့်ဘဲ ဘာဖြစ်လို့ ထွက်သွားရတာလဲ။ ကုစာနာဂိတို့ရဲ့ အယူအဆကတော့ တရားခံဟာ အမြန်ဆုံး ထွက်ပြေးသွားချင်လို့တဲ့။ အဲဒီလိုသာဆိုရင် အဝတ်အစားတွေကို အရင် သယ်သွားပြီး နောက်မှ ဖြည်းဖြည်းချင်း ဖြေရှင်းလိုက်လို့ ရတာပဲ မဟုတ်ဘူးလား။ ဒါမှမဟုတ် မြန်မြန် ပြာကျသွားနိုင်တယ်လို့ တရားခံက အတွက်မှားခဲ့တာလား။ အဲဒီလို တွေးလိုက်မိတော့ ငါ့စိတ်ထဲ ကသိကအောက် ဖြစ်လာတာနဲ့ လက်တွေ့ပဲ စမ်းပြီး မီးရှို့ကြည့်လိုက်တယ်”

အိရှိုဂါမိ၏ ခြေလှမ်းများ နောက်တစ်ကြိမ် ရပ်တန့်သွားကြပြန်သည်။

“အဝတ်တွေကို မီးရှို့ကြည့်တာလား”

“ဟုတ်တယ်၊ ဆီပုံးခွံထဲမှာ ရှို့တာ။ ဂျက်ကက်ရယ်၊ ဆွယ်တာရယ်၊ ဘောင်းဘီရှည်ရယ်၊ ခြေအိတ်ရယ် .... ပြီးတော့ အတွင်းခံရယ်။ ငါ တစ်ပတ်ရစ်ဆိုင်ကနေ အဲဒါတွေကို သွားဝယ်ခဲ့တာ။ ဘတ်ဂျက်တောင် အတော်လေး ထိသွားတယ်။ ငါတို့က သချာသမားတွေနဲ့ မတူဘူး။ လက်တွေ့မှ မစမ်းလိုက်ရရင် နေမထိ ထိုင်မသာ ဖြစ်လို့”

“အဲ့တော့ ဘာတွေ့လဲ ...”

“အဝတ်အစားတွေကနေ အနံ့စူးစူးတွေ ထွက်လာပြီး တဖျစ်ဖျစ်နဲ့ လောင်သွားလိုက်တာ” ယုကာဝါက ပြောသည်။ “အကုန်လုံး ပြာကျသွားရောပဲ။ ဘယ်လောက်မှ မကြာလိုက်ဘူး။ ၅ မိနစ်တောင် ကြာလိုက်မယ် မထင်ဘူး”

“ဒီတော့ ....”

“တရားခံက ဘာဖြစ်လို့ ၅ မိနစ်လောက်တောင် မစောင့်နိုင်ရတာလဲ”

အိရှိုဂါမိက ပခုံးကို တွန့်ပြသည်။ သူသည် လှေကား၏ နောက်ဆုံးအထစ်ကို ကျော်နင်းပြီးနောက် ကိယိုဆုဘာရှိလမ်းပေါ်တွင် ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။ ဘန်တန်တိုင်သို့ သွားသော လမ်းကို ကျောခိုင်းလျက်။

“မင်း ဟင်းသွားမဝယ်တော့ဘူးလား” ယုကာဝါက မေးသည်။

"တကယ့်ကောင်ပဲကွာ။ ငါ နေ့တိုင်း သွားနေတာ မဟုတ်ဘူးလို့ မင်းကို ပြောပြီးပြီပဲ" အိရိုဂါမိက မျက်မှောင်ကို ကြုတ်လိုက်သည်။

"ပြီးရောလေ။ နေ့လယ်စာအတွက် စိတ်ပူလို့ ငါက မေးကြည့်တာပဲဟာ" ယုကာဝါသည် သူ့အနီးသို့ လျှောက်လာပြီး ပခုံးချင်း ယှဉ်လိုက်သည်။ "အလောင်းနားမှာ စက်ဘီးတစ်စီးကိုလည်း တွေ့ထားသေးတယ်။ စုံစမ်းကြည့်လိုက်တော့ အဲဒီစက်ဘီးက ရှီနိုဇာကိဘူတာရုံအနားကနေ အခိုးခံထားရတာတဲ့။ စက်ဘီးပေါ်မှာ အသတ်ခံရသူရဲ့ လက်ဗွေရာတွေကို တွေ့ရသေးတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"သေသူရဲ့ မျက်နှာကိုတောင် ဖျက်ဆီးပစ်ထားပြီးမှ စက်ဘီးပေါ်က လက်ဗွေရာကို သုတ်ပစ်ဖို့ အဲဒီလူက မေ့ကျန်နေခဲ့တယ်။ လက်ဗွေရာတွေကို စက်ဘီးပေါ်မှာ ရည်ရွယ်ချက်ရှိရှိ ချန်ပစ်ခဲ့တာ မဟုတ်ဘူး ဆိုရင်တော့ အဲဒီလူဟာ အတော် မိုက်မဲတာပဲ။ အဲဒီလူက ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ"

"မင်းက ဘယ်လို ထင်သလဲ"

"စက်ဘီးနဲ့ သေသူကို ချိတ်ဆက်ထားချင်လို့ပေါ့။ ...... တကယ်လို့သာ ရဲဘက်က စက်ဘီးကို လူသတ်မှုနဲ့ မပတ်သက်ဘူးလို့ ယူဆလိုက်ရင် တရားခံအတွက် အကျိုးယုတ်သွားနိုင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အသတ်ခံရသူဟာ စက်ဘီးကို ရှီနိုဇာကိဘူတာကနေ သူ့ဘာသာသူ စီးလာပါတယ်လို့ ရဲတွေကို အထင်ရောက်သွားစေချင်တယ်။ အဲဒီလို လုပ်နိုင်ဖို့ရာကလည်း သာမန် စက်ဘီးဟောင်းနဲ့လည်း မဖြစ်ပြန်ဘူး"

"သာမန်စက်ဘီး မဟုတ်ဘူးလား"

"ဘယ်နေရာမှာမဆို တွေ့မြင်နိုင်တဲ့ မိန်းမစီး စက်ဘီးပါပဲ။ ဒါပေမယ့် အချက်တစ်ချက်က သာမန် မဟုတ်ဘူး။ စက်ဘီးအသစ် ဖြစ်နေတယ်"

အိရိုဂါမိ၏ တစ်ကိုယ်လုံးရှိ ဒွါရကိုးပေါက်စလုံးမှာ ပွင့်ထွက်သွားမတတ် ခံစားနေရသည်။ ဝင်သက်ထွက်သက်ကိုပင် ဟန်ချက်ညီအောင် ရှူရှိုက်ရန် ခက်ခဲလာတော့သည်။

"မင်္ဂလာပါ ဆရာ" ရုတ်တရက် ထွက်ပေါ်လာသော

နှုတ်ခွန်းဆက်သံကြောင့် အိရှိဂါမိ၏ ရင်တွင် ထိတ်ခနဲ ဖြစ်သွားသည်။ စက်ဘီးနင်းလာသော အထက်တန်း ကျောင်းသူတစ်ယောက်သည် သူ့ကို ဦးညွှတ်နှုတ်ဆက်ပြီး အနားမှ ကျော်တက်သွားသည်။

"သြော် ... အေး၊ မင်္ဂလာပါ" သူက ကသုတ်ကရက် နှုတ်ဆက်လိုက်သည်။

"တကယ်တော်တဲ့ ကလေးပဲ။ ဒီခေတ်ကြီးထဲမှာ ဘယ်ကျောင်းသားကမှ ဆရာ့ကို နှုတ်မဆက်တတ်တော့ဘူးလို့ ထင်နေတာ"

"တကယ့်ကို မျိုးသုဉ်းကုန်ပြီ။ ဒါနဲ့ မင်း စောစောက ပြောနေတာ စက်ဘီးက အသစ်ဆို။ တခြားရော ဘာတွေ ထူးခြားသေးလဲ"

"သူခိုးက ခိုးမယ့်ခိုး၊ အသစ်ပဲ ရွေးခိုးမှာပေါ့လို့ ရဲတွေက ထင်နေကြတာ။ တကယ့် အကြောင်းအရင်းက အဲဒီလောက် ဘယ် ရိုးရှင်းပါ့မလဲ။ တရားခံ အဓိက စိတ်ဝင်စားတာက အဲဒီစက်ဘီးကို ဘယ်အချိန်တုန်းက ရှီနိုဇာကိဘူတာမှာ ထားထားခဲ့သလဲ ဆိုတဲ့ အချက်ပဲ"

"ဘာဖြစ်လို့လဲ"

"ဘူတာရုံနားမှာ ရက်ပေါင်းများစွာ ပစ်ထားတဲ့ စက်ဘီးစုတ်တွေက တရားခံအတွက် နည်းနည်းမှ အသုံးမဝင်ဘူး။ စက်ဘီးပိုင်ရှင်ကို အမှုဖွင့်စေချင်တာကြောင့် စက်ဘီးက အသစ် ဖြစ်နေမှ ရမယ်။ ဒါမှ အခိုးခံရပြီးတာနဲ့ စက်ဘီးပျောက် အတိုင်ခံရခြေ များမယ် မဟုတ်လား။ ဒါပေမယ့် .... ဒါတွေက ပြစ်မှုကို ဖုံးကွယ်နိုင်ဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ အချက်တွေတော့ မဟုတ်ဘူး။ ကံသေကံမ မပြောနိုင်လို့ တရားခံအတွက် အောင်မြင်နိုင်ခြေ အရှိဆုံး နည်းလမ်းတစ်ခုကို ရွေးချယ်ခဲ့တာပဲ"

"သြော်"

အိရှိဂါမိသည် ယုကာဝါ၏ သုံးသပ်ချက်များကို မည်သို့မျှ ဝေဖန်ပြောကြားခြင်း မရှိဘဲ ရှေ့သို့သာ ဆက်လက် လျှောက်လှမ်းနေသည်။ ကျောင်းပရိဝုဏ်အနီးသို့ ရောက်ရှိလာသောအခါ လမ်းဘေး ပလက်ဖောင်းများပေါ်၌ ကျောင်းသားများနှင့် ပြည့်နှက်နေလေသည်။

"မင်းစကားက အတော် စိတ်ဝင်စားစရာ ကောင်းတာပဲ။ ငါ့ဖြင့် ထပ်ပြီးတောင် ကြားချင်နေသေးတယ်" သူက တုံ့ရပ်ပြီး ယုကာဝါဘက်သို့ လှည့်လိုက်သည်။ "ဒါပေမယ့် မင်း ရှေ့ဆက်ပြီး လိုက်မလာရင် ကောင်းလိမ့်မယ်။ ကျောင်းသားတွေကို ကြားမသွားစေချင်ဘူး"

"အဲဒီအတိုင်းပဲ ပိုကောင်းပါလိမ့်မယ်။ ငါ ပြောချင်တဲ့ စကားတွေကလည်း အကြမ်းအားဖြင့်တော့ ပြောလို့ ပြီးသွားပြီ"

"စိတ်ဝင်စားစရာပဲ" အိရှိုဂါမိက ပြောသည်။ "အရင်က မင်း ငါ့ကို မေးခွန်းတစ်ခု မေးခဲ့ဖူးတယ်။ သူများ မဖြေရှင်းနိုင်တဲ့ ပုစ္ဆာတစ်ခုကို ဖန်တီးတာနဲ့ အဲဒီပုစ္ဆာကို ဖြေရှင်းရတာ၊ ဘယ်ဟာက ပိုခက်သလဲ ဆိုတာလေ။ မင်း မှတ်မိသေးတယ်မလား"

"မှတ်မိတယ်။ ငါရဲ့ အဖြေကတော့ ပုစ္ဆာကို ဖန်တီးရတာ ပိုခက်တယ်။ ပုစ္ဆာကို ဖြေရှင်းဖို့ ကြိုးစားတဲ့ လူတိုင်းဟာ အဲဒီပုစ္ဆာရဲ့ ဖန်တီးရှင်ကို အမြဲတမ်း တလေးတစား ရှိနေသင့်တယ်လို့ ငါကတော့ ယူဆတာပဲ"

"ဒါဆို P = NP ပုစ္ဆာကရော။ ကိုယ်တိုင် အဖြေရှာတာနဲ့ သူများ ရှာထားတဲ့အဖြေကို မှန်မမှန် စစ်ဆေးတာ၊ ဘယ်ဟာက ပိုပြီး လွယ်ကူသလဲ"

ယုကာဝါက သံသယအကြည့်ဖြင့် သူ့ကို စိုက်ကြည့်နေသည်။ အိရှိုဂါမိ၏ ရည်ရွယ်ချက်ကို လုံးဝ နားမလည်သည့်ဟန်။

"မင်းက ကိုယ်ကိုယ်တိုင် အရင်ဆုံး အဖြေရှာပြီးမှ သူများရဲ့ အဖြေကို နားထောင်လိမ့်မယ်" အိရှိုဂါမိက ပြောရင်း ယုကာဝါ၏ ရင်ဝကို လက်ညှိုးဖြင့် ထောက်လိုက်သည်။

"အိရှိုဂါမိ ......"

"ဒီမှာပဲ လမ်းခွဲကြစို့" အိရှိုဂါမိသည် ယုကာဝါကို ကျောခိုင်းကာ ရှေ့သို့ ဆက်လျှောက်သွားသည်။ အလုပ်ဆောင်အိတ်ကို ရင်ခွင်ထဲတွင် မြဲမြံစွာ ပိုက်ထွေးထားလျက်။

လမ်းဆုံးသွားပြီလော။ သူ တွေးနေမိသည်။ ထိုရူပဗေဒပညာရှင်သည် အရာအားလုံးကို သိရှိသွားခဲ့ပြီ မဟုတ်ပါလော။

အခန်း (၁၅ - ခ)

မီစာတိုသည် သူမ၏ မက်မွန်ပူတင်းကို စားလျက် နှုတ်ဆိတ်စွာ ထိုင်မြဲထိုင်နေသည်။ သူမကို ဤနေရာသို့ ခေါ်လာရန် မသင့်ဟု ယာစုကိုက နောက်ထပ်တစ်ကြိမ် တွေးမိပြီး နောင်တရနေသည်။

"မီစာတို၊ သမီး စားလို့ပြီးပြီလား" ကူဒိုက မေးသည်။ သူသည် တစ်ချိန်လုံး သတိကြီးကြီးဖြင့် သူမ၏ မျက်နှာရိပ် မျက်နှာခြည်ကို အကဲခတ်နေသည်။

မီစာတိုက သူ့ကို မော်၍မျှ မကြည့်။ ဇွန်းကို ပါးစပ်ထဲသို့ ထိုးထည့်ရင်း ခေါင်းညိတ်ပြသည်။

သူတို့သည် ဂင်ဇာရှိ အဆင့်မြင့် တရုတ်စားတော်ဆက်တစ်ခုသို့ ရောက်ရှိနေကြသည်။ မီစာတိုကိုပါ တစ်ပါတည်း ခေါ်ဆောင်လာရန် ကူဒိုက အတင်းအကျပ် တောင်းဆိုနေသောကြောင့် ယာစုကိုသည် သူမကို မရအရ ဆွဲခေါ်လာခဲ့ရတော့သည်။ အလယ်တန်းကျောင်းသားအရွယ် လူငယ်တစ်ယောက်ကို 'အစားကောင်း စားရမည်' ဟူသော မက်လုံးဖြင့် ဆွဲဆောင်၍ ရနိုင်တော့သည် မဟုတ်။ နောက်ဆုံး၌ 'မူမမှန်လျှင် ရဲများ သံသယဝင်လာလိမ့်မည်' ဟူသော စကားကို သုံး၍ မီစာတိုကို စည်းရုံးခဲ့ရသည်။

သို့သော် ယခုကဲ့သို့ ဇွတ်အတင်း ခေါ်လာခဲ့မိခြင်းအတွက် ကူဒိုကို အားနာနေရပြန်သည်။ ညစာစားနေသည့် ကာလတစ်လျှောက်လုံးတွင် ကူဒိုသည် မီစာတိုအား စကားပြောလာစေရန် နည်းပေါင်းစုံသုံး၍ ချဉ်းကပ်ကြည့်ခဲ့သည်။ သို့သော် မီစာတိုက သူ့ကို အရေးတယူ လုပ်ပြီး ပြန်လည် ပြောဆိုခဲ့ခြင်း မရှိ။

မက်မွန်ပူတင်းကို စားပြီးသောအခါ မီစာတိုသည် ယာစုကိုဘက်သို့ လှည့်ပြီး စကားတစ်ခွန်း ပြောလိုက်သည်။ "သမီး အိမ်သာခဏသွားဦးမယ်"

"အင်း၊ သွားလေ"

မီစာတို ထွက်ခွာသွားသည်နှင့် ယာစုကိုသည် ကူဒိုအား တောင်းပန်စကား ဆိုလိုက်သည်။

"ဆောရီးပါ၊ မစ္စတာကူဒို"

"ဘာဖြစ်လို့လဲ" သူက တအံ့တသြ ကြည့်နေသည်။ သူ၏ အမူအရာမှာ ဟန်ဆောင်နေမှန်း သိသာလှသည်။

"အဲဒီကလေးက လူစိမ်းသူစိမ်းဆိုရင် ကြောက်တတ်တယ်။ အထူးသဖြင့် အရွယ်ရောက်ပြီးသား ယောကျ်ားတွေဆိုရင် ပိုပြီး ကြောက်တတ်သေးတယ်"

ကူဒိုက ရယ်သည်။

"ကိုကလည်း ချက်ချင်းကြီး တရင်းတနှီး ဖြစ်သွားလိမ့်မယ်လို့ မျှော်လင့်မထားပါဘူး။ ကိုတို့ ကလေးဘဝကလည်း သူ့လိုပါပဲ။ နဂိုကတည်းက တွေ့ကြုံဆုံကြုံရရုံနဲ့ လုံလောက်ပြီလို့ ကိုက ခံယူထားတာပါ"

"ကျေးဇူးပါရှင်"

ကူဒိုက ခေါင်းညိတ်ပြသည်။ ထိုင်ခုံနောက်မှီတွင် လွှားထားသော အပေါ်ဝတ် ဂျက်ကက်အင်္ကျီထဲမှ စီးကရက်နှင့် မီးခြစ်ကို ထုတ်ယူလိုက်သည်။ ညစာ စားသောက်နေကြစဉ်က မီစာတို ရှိနေသောကြောင့် သူ မျိုသိပ်ထားခဲ့ရသည်။

"နောက်တော့ ဘာတွေ ဖြစ်လာသေးလဲ" ကူဒိုက ဆေးလိပ်တစ်ဖွာ ရှိုက်လိုက်ပြီး မေးသည်။

"ရှင် ဘာကို ပြောနေတာလဲ"

"ဟိုအမှုလေ"

"သြော်" ယာစုကိုက မျက်လွှာကို ချပစ်လိုက်သည်။ ထို့နောက် ကူဒိုကို မော့ကြည့်လိုက်ပြန်သည်။ "ဘာမှ မထူးခြားပါဘူး။ အားလုံး ပုံမှန်ပါပဲ"

"ကောင်းတယ်၊ ကောင်းတယ်။ ရဲတွေရော မလာတော့ဘူးလား"

"အခုတလော ရောက်မလာတော့ဘူး။ ဆိုင်ကိုလည်း လာတာ မတွေ့တော့ဘူး။ ရှင့်ဆီကိုရော?"

"ကို့ကိုလည်း ထပ်လာမရှာတော့ဘူး။ ကြည့်ရတာ သံသယ မဝင်တော့ဘူးနေမှာ" ကူဒိုက ဆေးလိပ်ပြာကို ပြာခံခွက်ထဲသို့ ခြွေချလိုက်သည်။ "ဒါပေမယ့် ထူးဆန်းနေတာ တစ်ခုတော့ ရှိတယ်"

"ဘာဖြစ်လို့လဲ"

"အင်း ....." အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။ ထို့နောက် ကူဒိုထံမှ အသံထွက်ပေါ်လာသည်။ "အခုတလော ဘယ်က ခေါ်မှန်းမသိတဲ့ ဖုန်းတစ်ကော ဝင်ဝင်လာတတ်သည်။ တစ်ဘက်က ဘာအသံမှလည်း မထွက်ဘူး။

အိမ်ကိုချည်း ဆက်ဆက်လာတာ”

“အယ် ... ကြောက်စရာကြီး” ယာစုကို၏ မျက်နှာမှာ ရှုံ့မဲ့နေသည်။

“ပြီးတော့” သူသည် တစ်ခဏမျှ တုံ့ဆိုင်းနေပြီး ကုတ်အင်္ကျီ အိတ်ကပ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။ “ကို့အိမ်က စာတိုက်ပုံးထဲမှာ ဒီဟာကို ထည့်ထားတယ်”

သူမ၏ နာမည်ကို စာရွက်ပေါ်တွင် တွေ့မြင်လိုက်ရသောအခါ ယာစုကို မှင်တက်မိသွားသည်။ စာရွက်ပေါ်တွင် ဤသို့ ရေးသားထားသည်။

❝ ယာစုကိုနဲ့ ခပ်ဝေးဝေးနေပါ။ ခင်ဗျားလို လူမျိုးက သူ့ကို စိတ်ချမ်းသာအောင် ထားနိုင်မှာ မဟုတ်ဘူး ❞

မည်သူ ရေးသားထားကြောင်း ခန့်မှန်း၍ မရနိုင်။ ကွန်ပျူတာဖြင့် စာစီပြီး ပရင့်ထုတ်ထားသော စကားလုံးများ။

“စာတိုက်ကနေ ပို့လာတာလား”

“မဟုတ်ဘူး။ လူကိုယ်တိုင် လာထည့်ထားတာ ဖြစ်မယ်”

“ဘယ်သူလုပ်တာလဲဆိုတာ ရှင် စဉ်းစားလို့ မရဘူးလား”

“ဟင့်အင်း၊ ဒါကြောင့် မင်းကို မေးကြည့်ချင်နေတာ”

“ကျွန်မလည်း မခန့်မှန်းတတ်ဘူး” ယာစုကိုသည် သားရေအိတ်ကို အနားသို့ ဆွဲယူပြီး အထဲမှ လက်ကိုင်ပဝါကို ထုတ်လိုက်သည်။ သူမ၏ လက်ဖဝါးပြင်ပေါ်တွင် ချွေးစေးများ ပြန်နေချေပြီ။

“ရှင့်စာတိုက်ပုံးထဲကို အဲဒီစာတစ်စောင်တည်း ထည့်ထားတာလား”

“မဟုတ်ဘူး။ ဓာတ်ပုံတစ်ပုံလည်း ပါတယ်”

“ဓာတ်ပုံ?”

“ရှေ့တစ်ခေါက် မင်းနဲ့ကို ရှီနာဂါဝါမှာ ဆုံခဲ့ကြတုန်းက ဓာတ်ပုံ။ စားသောက်ဆိုင်ရဲ့ ကားပါကင်မှာ ရှိနေတုန်းက ခိုးရိုက်ထားတာ ဖြစ်မယ်။ အဲဒီတုန်းကတော့ ကို လုံးဝ သတိမထားမိခဲ့ဘူး” ကူဒိုက ခေါင်းကို ခါယမ်းနေသည်။

ယာစုကိုသည် လေးဘက်လေးတန်သို့ အမှတ်တမဲ့ ဝေ့ကြည့်မိသည်။

ဤနေရာတွင်လည်း သူတို့ကို စောင့်ကြည့်နေမည့်သူ မရှိနိုင်ဘူးလော။ မီစာတို ပြန်ရောက်လာသောကြောင့် စကားလမ်းကြောင်းလည်း ပြတ်တောက်သွားသည်။

စားသောက်ဆိုင်မှ ထွက်လာသောအခါ သူတို့သားအမိသည် တက္ကစီပေါ်တက်ပြီး ကူဒိုကို နှုတ်ဆက်လိုက်ကြသည်။

“ဒီနေ့ည ဟင်းတွေ စားလို့ကောင်းရဲ့လား” ယာစုကိုက သမီးကို မေးသည်။

မီစာတိုက မျက်နှာသေဖြင့် ထိုင်လျက် ဘာမျှ ပြန်မဖြေ။

“သမီး အဲဒီလို မျက်နှာရှုစ်ခေါက်ချိုးကြီးနဲ့ ထိုင်နေတာ လူကြီးကို မလေးစားရာ ရောက်တယ်”

“သမီးကို ခေါ်မလာရင် ပြီးနေတာပဲဟာကို။ အစကတည်းက လာချင်တာမှ မဟုတ်ဘဲ”

“သူများက စေတနာနဲ့ ခေါ်တာလေကွယ်”

“အမေတစ်ယောက်တည်း သွားလည်း ပြီးနေတာပဲဥစ္စာ။ နောက်တစ်ခေါက်တော့ သမီးကို ထပ်မခေါ်နဲ့တော့”

ယာစုကိုက ပင့်သက်ရှိုက်လိုက်သည်။ အချိန်ကြာလာသည်နှင့်အမျှ မီစာတိုသည် သူ့ကို လိုလိုချင်ချင်ဖြင့် လက်ခံလာလိမ့်မည်ဟု ကူဒိုက ယုံကြည်နေရှာသည်။ ယာစုကိုကတော့ ထိုသို့ မထင်။ မျှော်လင့်ချက် ရှိလာလိမ့်မည် မဟုတ်။

“အမေက အဲဒီလူကြီးကို ယူမလို့လား” မီစာတိုက ရုတ်တရက် မေးလာသည်။

ယာစုကိုသည် အနောက်သို့ မှီနေရာမှ ဆတ်ခနဲ ကိုယ်ကို မတ်ချလိုက်သည်။ “နင် ဘာတွေ လျှောက်ပြောနေတာလဲ”

“သမီး အတည်မေးနေတာ။ အမေတို့ လက်ထပ်ကြမှာလား”

“ဟင့်အင်း”

“တကယ်လား”

“တကယ်ပေါ့။ အမေတို့က မကြာမကြာ တွေ့ဖြစ်ကြတာပဲ ရှိတာ”

“ဒါဆိုလည်း ပြီးရော” မီစာတို၏ မျက်လုံးများက ကားပြတင်း

အပြင်ဘက်သို့ ငေးကြည့်နေကြသည်။

"သမီး ဘာပြောချင်နေတာလဲ"

"ဘာမှ မဟုတ်ဘူး" ထိုသို့ပြောပြီး မီစာတိုသည် ယာစုကိုဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာသည်။ "ဟိုဦးဦးကို သစ္စာဖောက်တာမျိုး မလုပ်ကောင်းဘူးလို့ သမီးထင်တာပဲ"

"ဟိုဦးဦး?"

မီစာတိုသည် မိခင်ကို ရှုသိုးသိုး စိုက်ကြည့်နေသည်။ ဘာမျှ မပြော။ မပြောပင် မပြောကြားသော်လည်း 'ဘေးအိမ်က ဦးဦး' ဟု ပြောလိုနေကြောင်း အလိုအလျောက် သိနေသည်။ နာမည်ကို ကားဆရာ ကြားသွားမည်စိုး၍ ဘာမျှ ဆက်မပြောခြင်းသာ ဖြစ်ရပေမည်။

"အဲဒါကို စိတ်ပူစရာ မလိုပါဘူး" ယာစုကိုသည် အနောက်သို့ မှီချလိုက်ပြန်သည်။

မီစာတိုထံမှ မကျေမနပ် ရေရွတ်လိုက်သည့် "ဟွန့်" ဟူသော အသံတစ်ချက် ထွက်ပေါ်လာသည်။

ယာစုကိုသည် အိရှိုဂါမိအကြောင်းကို တွေးနေမိသည်။ သူမသည် နဂိုကတည်းက သူ့ကို စိုးရိမ်နေခဲ့သည်။ မီစာတို သတိပေးစရာပင် မလို။ ကူဒို နောက်ဆုံး ပြောကြားခဲ့သော စကားများကလည်း သူမ၏ရင်ကို ပိုမို လေးပင်စေသည်။

ယာစုကို၏ အမြင်အရဆိုလျှင် သူမ စိတ်ကူးထဲ၌ ကိန်းအောင်းနေသော သံသယရှိထိုက်သူမှာ တစ်ဦးတည်းသာ ရှိသည်။ အိမ်သို့ သူမအား ကူဒို ပထမဆုံးအကြိမ် လိုက်ပို့ခဲ့စဉ်က အဝေးတစ်နေရာမှ သူတို့ကို စိုက်ကြည့်နေခဲ့သည့် အိရှိုဂါမိ၏ မီးဝင်းဝင်းတောက်နေသော မျက်လုံးများသည် ယခုအချိန်ထိ သူမ၏ ဦးနှောက်ထဲတွင် ပုံနှိပ်ထားသည့်နှယ် စွဲမြဲစွာ ထင်ကျန်ဆဲ ရှိနေကြသေးသည်။

ယာစုကိုနှင့် ကူဒိုတို့ ချိန်းတွေ့ကြခြင်းကြောင့် အိရှိုဂါမိ၏ မနာလိုစိတ်များက သူ့ကို မီးမြှိုက်ပေးသကဲ့သို့ ရှိကြပေလိမ့်မည်။ ပြစ်မှုမြောက်သော အထောက်အထားများကို ဖျောက်ဖျက်ပေးခြင်း၊ ဟာနာအိုကာ သားအမိကို ကာကွယ်ပေးခြင်းနှင့် ယနေ့အချိန်ထိ ရဲများနှင့် အံတုဘက်ပြိုင်နေခြင်းတို့ကို သူ အဘယ်ကြောင့် စိတ်လိုလက်ရ အားတက်သရော လုပ်ပေးနေသနည်း။ အဖြေက ရှင်းသည်။ သူသည် ယာစုကိုအား

သာမန်ထက်ပိုသော မေတ္တာဖြင့် စွဲလန်းနေသည် ဆိုသည့် အချက်မှာ ငြင်းစရာ မလို။ သို့သော် သူမကရော .... ။ သူမသည် သူ့ကို အမှုကိစ္စထက်ပို၍ မည်သည့်အခါကမျှ စိတ်ဝင်စားခဲ့ခြင်း မရှိ။

ကူဒိုကို ခြိမ်းခြောက်နှောင့်ယှက်နေသူမှာ အိရှိုဂါမိပင် ဖြစ်သလော။ ထိုသို့သာ အမှန်ဖြစ်လျှင် သူသည် သူမကို မည်သို့ ကြိုးကိုင်ရန် ကြံစည်ထားသနည်း။ ထိုသို့သော အတွေးများက ယာစုကိုအား စိတ်ညစ်ညူးလာစေသည်။ နိုင်ကွက်ကို အပိုင်ကိုင်ထားပြီး သူမကို တစ်ဘဝလုံး ထိန်းချုပ်သွားတော့မည်လော။ တခြားယောကျ်ားတစ်ဦးနှင့် အိမ်ထောင်ပြုဖို့ ဝေးစွ။ ချိန်းတွေ့ရန်ပင် မဖြစ်နိုင်တော့ပြီလော။

အိရှိုဂါမိ၏ ကျေးဇူးကြောင့် ယာစုကိုသည် ရဲများ၏ ပစ်ကွင်းထဲမှ တဖြည်းဖြည်း ရုန်းထွက်လာနိုင်ခဲ့သည်။ ထို့အတွက် သူ့ကို ရင်နှင့်အမျှ ကျေးဇူးတင်၍ မဆုံး။ သို့သော် ကျေးဇူးတည်းဟူသော အကြောင်းတရားကြောင့် သူ၏ လက်ခုပ်ထဲမှ ရေကဲ့သို့ သူ့ဆန္ဒအတိုင်းသာ တစ်ဘဝလုံး နေသွားရတော့မည် ဆိုလျှင် ဤဘဝကြီးသည် မည်သို့ အဓိပ္ပာယ်ရှိနိုင်တော့အံ့နည်း။ တိုဂါရှိ အသက်ရှင်စဉ်က တွေ့ကြုံခဲ့ရသော ဘဝနှင့် မည်သို့ ခြားနားပါတော့အံ့နည်း။ တိုဂါရှိအစား အိရှိုဂါမိ ရောက်ရှိလာခြင်းသာ ထူးခြားပေမည်။ ပို၍ ဆိုးရွားသည်မှာ ယခုတစ်ချိန်တွင်မူ သူမသည် သူ့ကို မည်သို့မျှ ခါထုတ်ပစ်နိုင်တော့မည် မဟုတ်။ သူ့ကို ကလန်ကဆန် လုပ်၍ပင် ရအံ့မထင်။

တက္ကစီသည် တိုက်ခန်း၏ အရှေ့တွင် ရပ်လိုက်သောအခါ သူတို့ ကားပေါ်မှ ဆင်းကြပြီး တိုက်ခန်းထဲသို့ ဝင်ခဲ့ကြသည်။ အိရှိုဂါမိ၏ အခန်းမှ မီးရောင်ကို တွေ့မြင်နေရသည်။

အိမ်ထဲသို့ ရောက်သည်နှင့် ယာစုကိုသည် အဝတ်အစားများကို လဲလိုက်သည်။ ထို့နောက်မကြာခင် ဘေးအိမ်မှ တံခါး ဖွင့်ပိတ်သံကို ကြားလာရသည်။

"တွေ့လား" မီစာတိုက ပြောသည်။ "ဦးဦး သမီးတို့ကို စောင့်နေတာ အတော်ကြာနေလောက်ပြီ"

"ငါ သိပါတယ်" ယာစုကို၏ အသံမှာ စိတ်မရှည်တော့သည့် အသံမျိုး။ မိနစ်အနည်းငယ် ကြာသောအခါ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။

"ဟယ်လို" ယာစုကိုက ကောက်ကိုင်လိုက်သည်။

"ကျွန်တော် အိရှိုဂါမိပါ" ရင်းနှီးထားပြီးသော အသံထွက်ပေါ်လာသည်။

"အခု ဖုန်းပြောလို့ အဆင်ပြေတယ်မလား"

"ဟုတ်၊ ရပါတယ်"

"ဒီနေ့လည်း ဘာမှ မထူးခြားဘူးမလား"

"ဟုတ်၊ ဘာမှ မထူးဘူး"

"ကောင်းတယ်" အိရှိဂါမိ၏ သက်မချသံ တိုးတိုးလေးကို သူမ ကြားလိုက်ရသည်။ "ကျွန်တော် ခင်ဗျားကို ပြောစရာလေးတွေ ရှိနေတယ်။ ပထမဆုံးအချက်က .... ခင်ဗျားအိမ်ရှေ့က စာတိုက်ပုံးထဲမှာ ကျွန်တော် စာသုံးစောင် ထည့်ထားတယ်။ ခဏနေ ခင်ဗျား သွားကြည့်လိုက်ပါဦး"

"စာ?" ယာစုကိုက တံခါးဝကို လှမ်းကြည့်မိသည်။

"အဲဒီစာတွေက နောက်ကျရင် အသုံးဝင်လာလိမ့်မယ်။ ခင်ဗျား ဂရုတစိုက် သိမ်းထားပေးပါ"

"ဟုတ်"

"အဲဒီစာတွေကို ဘယ်လို အသုံးချရမလဲ ဆိုတာ ကျွန်တော် စာရွက်တစ်ရွက်အပေါ်မှာ ရေးပေးထားတယ်။ အဲဒီစာရွက်ကို ဖတ်ပြီးတာနဲ့ ဖျက်ဆီးပစ်ဖို့ ကျွန်တော် သင်ပေးနေစရာ မလိုလောက်တော့ဘူး ထင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မ သဘောပေါက်ပါတယ်။ ကျွန်မ အခုပဲ သွားကြည့်လိုက်ရမလား"

"မလောပါဘူး။ ခဏနေမှ လုပ်လည်း ရပါတယ်။ နောက်ပြီးတော့ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိသေးတယ်" ထိုသို့ ပြောပြီးနောက်တွင် သူ့ထံမှ အသံတိတ်သွားသည်။ တစ်စုံတစ်ခု ပြောဆိုရန် တွန့်ဆုတ်နေခြင်း ဖြစ်ကြောင်း ယာစုကို ခံစားလိုက်ရသည်။

"ဟယ်လို"

"အခုလို ဆက်သွယ်နေတာ ...." သူ့ထံမှ အသံထွက်ပေါ်လာသည်။ "ဒါ နောက်ဆုံးအကြိမ်ပဲ ဖြစ်လိမ့်မယ်။ ကျွန်တော် ခင်ဗျားကို ထပ်ပြီး မဆက်သွယ်တော့ဘူး။ ခင်ဗျားလည်း ကျွန်တော့်ကို မဆက်သွယ်ပါနဲ့။ ဒီနောက်ပိုင်းကျရင် အခြေအနေတွေ ဘယ်လိုပဲ ဖြစ်လာဖြစ်လာ၊ ခင်ဗျားနဲ့ သမီးက ပွဲကြည့်ပရိသတ်အနေနဲ့ပဲ ဆက်နေသွားပေးပါ။ အဲဒါက ခင်ဗျားတို့ကို ကယ်တင်ပေးနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းပဲ"

သူ၏ စကားသံများကို နားထောင်နေစဉ် ယာစုကို၏ နှလုံးခုန်နှုန်းမှာ တဖြည်းဖြည်း မြန်သည်ထက် မြန်လာသည်။ "ရှင် ဘာတွေ ပြောနေတာလဲ။ ကျွန်မ တစ်လုံးမှ နားမလည်ဘူး"

"ခင်ဗျား မကြာခင် နားလည်လာပါလိမ့်မယ်။ အခုတော့ ပြောလို့ မဖြစ်သေးဘူး။ ကျွန်တော် စောစောက ပြောခဲ့တာတွေကို လုံးဝလုံးဝ မမေ့လိုက်ပါနဲ့"

"နေပါဦးရှင်။ ဒီထက်ပိုပြီး ရှင်းအောင် ပြောပြလို့ မရတော့ဘူးလား"

ယာစုကို၏ တုန်ယင်နေသည့် အသံကို သတိထားမိသွားသော မီစာတိုသည် အနားသို့ တိုးကပ်လာသည်။

"ရှင်းပြဖို့ မလိုတော့ပါဘူး။ ကံကောင်းကြပါစေ"

"ခဏ ......" သို့သော် သူ ဖုန်းချသွားလေပြီ။

ဖုန်းမြည်လာသောအချိန်တွင် ကုစာနာဂိသည် ကိရှိတာနိနှင့်အတူ ကားတစ်စီးဖြင့် လမ်းပေါ်တွင် ရောက်နေသည်။ သူသည် ဘေးခုံတွင် ထိုင်လျက် နောက်မှီကို အဆုံးထိ လှန်ထားပြီး ဖိမ်ယူနေသည်။ နေရာတွင် ထိုသို့ လဲလျောင်းနေလျက်က သူ့ဖုန်းကို ကောက်ကိုင်လိုက်သည်။ "ဟယ်လို၊ ကုစာနာဂိပါ"

"ငါပါ၊ မာမီယာ" တပ်ဖွဲ့မှူး၏ အက်ကွဲကွဲအသံ ထွက်ပေါ်လာသည်။ "အခုချက်ချင်း အိဒိုဂါဝါရဲစခန်းကို ပြန်လာခဲ့"

"ဘာထူးလို့လဲ ဆရာ"

"မဟုတ်ဘူး။ ဧည့်သည်ရောက်နေတယ်။ လူတစ်ယောက်က မင်းကို တွေ့ချင်လို့တဲ့"

"ဧည့်သည်? ဘယ်သူလဲ ဆရာ" ယုကာဝါ ဖြစ်မည်လောဟု တွေးထင်လျက် သူ မေးလိုက်သည်။

"မစ္စတာအိရှိဂါမိ၊ ဟာနာအိုကာ ယာစုကိုရဲ့ အိမ်ဘေးမှာ နေတဲ့ သင်္ချာဆရာလေ"

"အိရှိဂါမိ? သူက ကျွန်တော့်ကို တွေ့ချင်လို့တဲ့လား။ ဖုန်းနဲ့ ပြောလည်း ရနေတာပဲ ဥစ္စာ"

"မရလို့ပေါ့ကွ" မာမီယာ၏ အသံက မာထန်လာသည်။

"သူပြောမယ့်အကြောင်းကို ဆရာကြားပြီးပြီလား"

"ဖြစ်ကြောင်းကုန်စင်ကို မင်းကလွဲလို့ ဘယ်သူ့ကိုမှ မပြောပြဘူးတဲ့။ အမြန်ပြန်လာကွာ။ လျှာရှည်မနေနဲ့"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် အမြန်ပြန်လာပါ့မယ်" ကုစာနာဂိသည် လက်တစ်ဘက်တွင် ဖုန်းကို ကိုင်ထားလျက် ကျန်လက်တစ်ဘက်ဖြင့် ကိရှိတာနိ၏ ပခုံးကို ပုတ်လိုက်သည်။ "ဆရာက ငါတို့ကို စခန်း ပြန်လာဖို့ ခေါ်နေတယ်"

"ဟိုလူကို သူ သတ်လိုက်တာတဲ့" မာမီယာ၏အသံ ထွက်ပေါ်လာပြန်သည်။

"ဗျာ"

"တိုဂါရှိကို သူ သတ်ခဲ့တာပါတဲ့။ အိရှိဂါမိက အခု ဖြောင့်ချက်လာပေးနေတာ"

"ဘယ်လိုလုပ် ....." ကုစာနာဂိသည် ထိုင်ခုံပေါ်တွင် ရုတ်ချည်း ထထိုင်မိလျက်သား ဖြစ်သွားလေတော့သည်။

အခန်း (၁၆ - က)

အိရှိုဂါမိသည် ခံစားချက် ကင်းမဲ့သော မျက်နှာထားဖြင့် ကုစာနာဂိကို စိုက်ကြည့်နေသည်။ သို့မဟုတ် သူ၏ မျက်လုံးများသည် ကုစာနာဂိ ရှိရာအရပ်သို့ တူရူနေကြသည်။ တစ်စုံတစ်ဦးကိုမျှ စိုက်ကြည့်နေခြင်း မဟုတ်။ သူ၏ စိတ်မျက်စိဖြင့် အဝေးတစ်နေရာမှ တစ်စုံတစ်ခုကို စူးစိုက်ကြည့်နေစဉ် ကုစာနာဂိက သူ့ရှေ့တွင် အခန့်သင့် ထိုင်နေမိခြင်းလည်း ဖြစ်နိုင်သည်။ အိရှိုဂါမိ၏ မျက်နှာသေကို ကြည့်ပြီး မည်သူမဆို ထိုသို့ ကောက်ချက်ဆွဲကြလိမ့်မည် ထင်သည်။

"ကျွန်တော် သူ့ကို ပထမဆုံး တွေ့တဲ့နေ့က မတ်လ ၁၀ ရက်နေ့" အနိမ့်အမြင့် မရှိသော လေသံဖြင့် သူ စကားစလာသည်။ "ကျွန်တော် ကျောင်းကနေ အိမ်ပြန်လာတော့ တိုက်ခန်းရှေ့မှာ လမ်းသလားနေတဲ့ သူ့ကို တွေ့လိုက်ရတာပဲ။ မစ္စဟာနာအိုကာကို လာရှာတာ ဖြစ်မယ်။ သူ့အိမ်က စာတိုက်ပုံးထဲကို ခပ်တည်တည်နဲ့ နှိုက်ပြီး ဟိုမွှေဒီမွှေ လုပ်နေခဲ့သေးတယ်"

"ဆောရီးဗျာ၊ ခင်ဗျားပြောနေတဲ့ 'သူ' ဆိုတာက ......"

"တိုဂါရှို ရှင်ဂျီ။ အဲဒီတုန်းကတော့ သူ့နာမည်ကို ကျွန်တော် မသိသေးဘူး" အိရှိုဂါမိက ဖြေသည်။

စစ်ကြောရေးအခန်းထဲတွင် ကုစာနာဂိနှင့် ကိရှိတာနိ နှစ်ဦးတည်းသာ ရှိကြသည်။ ကိရှိတာနိက စားပွဲပေါ်တွင် မှတ်တမ်းရေးရန် တာဝန်ယူရသည်။ တခြားရဲအရာရှိများ မပါဝင်ရန် အိရှိုဂါမိက တောင်းဆိုခဲ့သည်။ သူ၏ အကြောင်းပြချက်မှာ ပါးစပ်ပေါက်များလျှင် အာရုံစူးစိုက်ရခက်သည် ဟူ၏။

"ကျွန်တော်က ထူးဆန်းတာနဲ့ သူ့ကို လှမ်းခေါ်လိုက်တယ်။ သူ့ရဲ့ အမူအရာက လမ်းသရဲစတိုင်။ ဟာနာအိုကာ ယာစုကိုကို လာရှာတာလို့ ပြောတယ်။ နောက်ပြီး သူ့ကိုယ်သူ အိမ်ခွဲနေနေတဲ့ မစ္စဟာနာအိုကာရဲ့ ယောကျ်ားပါတဲ့။ သူ ညာပြောနေတယ် ဆိုတာကို ကျွန်တော် ချက်ချင်းပဲ ရိပ်မိလိုက်တယ်။ ဒါပေမယ့် သူ့ကို အယုံသွင်းချင်တာနဲ့ ကျွန်တော်လည်း သူ့စကားကို ယုံချင်ယောင် ဆောင်လိုက်တာပေါ့"

"နေပါဦး။ ခင်ဗျားက သူ ညာနေမှန်း ဘယ်လိုလုပ်ပြီး သိလိုက်တာလဲ" ကုစာနာဂိက မေးသည်။

အိရိုဂါမိက ပင့်သက်ရှိုက်လိုက်သည်။ "ဟာနာအိုကာ ယာစုကို အကြောင်းကို အူမချေးခါးမကျန် ကျွန်တော် အကုန်သိတယ်။ ကွာရှင်းပြီးနောက်ပိုင်း သူ အဲဒီလူကို ပတ်ပုန်းနေရတယ်ဆိုတာ ကျွန်တော် ကောင်းကောင်း သိတာပေါ့"

"ခင်ဗျားက ဘယ်လိုလုပ်ပြီး အဲဒီလောက် သိနေရတာလဲ။ ခင်ဗျားတို့က အိမ်နီးချင်းတွေ ဆိုပေမယ့် ကျွန်တော် သိသလောက် ခင်ဗျားတို့တွေက အဆက်အဆံမှ မရှိကြတာပဲ။ ခင်ဗျားက သူ အလုပ်လုပ်နေတဲ့ ဆိုင်ကို ပုံမှန် သွားနေတတ်တာပဲ ရှိတာ"

"အဲဒါက အပြင်ပန်းလေ"

"အပြင်ပန်း?"

အိရိုဂါမိသည် ခါးကို ဆန့်တန်းပြီး ရင်ကို အနည်းငယ် ကော့လိုက်သည်။ "ကျွန်တော်က ဟာနာအိုကာ ယာစုကိုရဲ့ ဘော်ဒီဂတ်လေ။ သူ့အနား အကြံအဖန်နဲ့ ကပ်လာတတ်ကြတဲ့ ယောက်ျားတွေရဲ့ အန္တရာယ်တွေကနေ ကာကွယ်ပေးရမှာ ကျွန်တော့်တာဝန်ပဲ။ ဒါပေမယ့် ဘယ်သူမှ အဲဒီအကြောင်းကို မသိကြဘူး။ ကျွန်တော်က အများအမြင်မှာ ကျောင်းဆရာလည်း ဖြစ်နေသေးတာကိုး"

"ဒါကြောင့် သူတို့နဲ့ အဆက်အဆံ မရှိသလောက်ပဲလို့ ပထမဆုံးအကြိမ် တွေ့ကြတုန်းက ခင်ဗျား ကျွန်တော့်ကို ပြောခဲ့တယ် ဆိုပါတော့"

အိရိုဂါမိက တိုးတိတ်စွာ သက်မချလိုက်သည်။ "ခင်ဗျားက လူသတ်မှုအတွက် ကျွန်တော့်ကို လာရှာတာလေ။ ကျွန်တော်က ခင်ဗျားကို အမှန်အတိုင်း ပြောလို့ ဖြစ်ပါ့မလား။ နို့မို့ ကိုယ့်ဘာသာကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်နေမှာပေါ့"

"အင်း" ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။ "ဟာနာအိုကာ ယာစုကိုအကြောင်းကို ခရေစေ့တွင်းကျ သိထားတယ်လို့ ခင်ဗျား စောစောက ပြောခဲ့တယ်။ သူ့ဘော်ဒီဂတ် ဖြစ်နေတာကြောင့် အဲဒီလောက် သိနေတာပါလို့ ခင်ဗျားက ဆိုလိုချင်တာလား"

"ဟုတ်တယ်"

"ဒီအမှု မဖြစ်ခင်ကတည်းက သူနဲ့ ရင်းနှီးတဲ့ ဆက်ဆံရေး ရှိနေတယ်လို့ ဆိုလိုချင်တာလား"

"ဟုတ်တယ်။ ကျွန်တော် စောစောက ပြောခဲ့သလိုပဲ။ ဒါက အထူးလျှို့ဝှက်

အစီအစဉ်ပါ။ သူ့သမီးတောင် သိတာ မဟုတ်ဘူး။ ကျွန်တော်တို့ နှစ်ယောက်က အများမသိအောင် သတိထားပြီး လျှို့ဝှက်ဆက်သွယ်ခဲ့ကြတာ”

“ဒီထက်ပိုပြီး အတိအကျ ပြောမပြနိုင်တော့ဘူးလား”

“ကျွန်တော်တို့မှာ ဆက်သွယ်ဖို့ နည်းလမ်းတွေ အများကြီး ရှိတယ်။ ..... အဲဒီအကြောင်းကို စပြီး ပြောစေချင်တာလား” အိရှိဂါမိက အကဲခတ်သည့် မျက်လုံးဖြင့် ကုစာနာဂိကို လှမ်းကြည့်သည်။

တစ်ခုခုတော့ လွဲမှားနေပြီ ဖြစ်ကြောင်း ကုစာနာဂိ ခံစားနေရသည်။ ဟာနာအိုကာ ယာစုကိုနှင့် လျှို့ဝှက်စွာ ဆက်သွယ်ခဲ့ကြပါသည်ဟု ဝန်ခံပြောဆိုနေသော အိရှိဂါမိ၏ စကားများမှာ ယုတ္တိမဲ့လွန်းလှသည်။ အကြောင်းပြချက်များကလည်း မှုန်တိမှုန်ဝါးနှင့် ပြက်ပြက်ထင်ထင် မရှိလှ။ သို့သော် ကုစာနာဂိအနေဖြင့် လတ်တလော အသိချင်ဆုံး ကိစ္စမှာ ဘာတွေ ဖြစ်ခဲ့သနည်း ဟူသော အချက်သာ ဖြစ်သည်။

“အဲဒါကို ကျွန်တော်တို့ နောက်မှ အေးအေးဆေးဆေး ပြောကြတာပေ့ါ။ အခုလောလောဆယ်မှာ ခင်ဗျားနဲ့ မစ္စတာတိုဂါရှိတို့ ပြောခဲ့ကြတဲ့ စကားတွေကို အသေးစိတ် ပြောပြပေးပါလား။ သူ့ကို ဟာနာအိုကာ ယာစုကိုရဲ့ လင်သားဖြစ်ကြောင်း ခင်ဗျား ဟန်ဆောင်ပန်ဆောင် ယုံပေးလိုက်တယ် ဆိုတဲ့အကြောင်း ရောက်သွားပြီ”

“သူက ကျွန်တော့်ကို ဟာနာအိုကာ ယာစုကို ဘယ်သွားသလဲလို့ မေးတာပေ့ါ။ ကျွန်တော်က သူ့ကို ညာပြောလိုက်တယ်။ သူ အခု ဒီမှာ မနေဘူး။ အလုပ်ကိစ္စကြောင့် တခြားနေရာကို ပြောင်းသွားတာ မကြာသေးဘူးလို့ ပြောလိုက်တော့ သူ တအံ့တသြနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။ ပြီးတော့ သူ့ရဲ့ လိပ်စာအသစ်ကို သိလားလို့ ကျွန်တော့်ကို မေးပြန်တယ်။ ကျွန်တော်လည်း သိကြောင်း သူ့ကို ပြန်ဖြေလိုက်တယ်”

“သူ့လိပ်စာသစ်ကို ခင်ဗျား ဘယ်လို ပြောလိုက်တာလဲ”

အိရှိဂါမိက ခပ်ထေ့ထေ့ ပြုံးလိုက်သည်။ “ရှီနိုဇာကိ။ ကျုး-အီဒိုဂါဝါ မြစ်ကမ်းဘေးက တိုက်တစ်လုံးကို ပြောင်းသွားတယ်လို့ ကျွန်တော် ပြောလိုက်တယ်”

ရှီနိုဇာကိ ဟူသော နာမည်ကို စတင် ကြားရချေပြီ။

“ဒါပေမယ့် ခင်ဗျားက သူ့ကို အဲဒီလောက် ပြောပြလိုက်ရုံနဲ့ သူက ဘယ်လိုလုပ်ပြီး ရှာတွေ့နိုင်ပါ့မလဲ”

"တိုဂါရှိက လိပ်စာအတိအကျကို သိချင်တာနဲ့ ကျွန်တော့်ကို အူယားဖားယား မေးနေတော့တာ။ ကျွန်တော်လည်း သူ့ကို အပြင်မှာ ခဏစောင့်ခိုင်းပြီး အိမ်ခန်းထဲ ဝင်သွားလိုက်တယ်။ အထဲရောက်တော့ မြေပုံကြည့်ပြီး စာရွက်ပိုင်းတစ်ပိုင်းပေါ်မှာ လိပ်စာတစ်ခု ရေးပေးလိုက်တယ်။ ရေဆိုးသန့်စင်ရေးစက်ရုံရဲ့ လိပ်စာလေ။ စာရွက်ပိုင်းကို ကြည့်ပြီး ပျော်နေတဲ့ သူ့မျက်နှာကို ခင်ဗျားတို့ မြင်စေချင်တယ်။ သူက ကျွန်တော့်ကိုတောင် ကျေးဇူးတွေ တင်လို့"

"ဘာဖြစ်လို့ အဲဒီလိပ်စာအတုကို ညာပေးလိုက်ရတာလဲ"

"သူ့ကို လူသူကင်းမဲ့တဲ့နေရာ လိမ်ခေါ်သွားချင်လို့ပေါ့ဗျာ။ ကျွန်တော်က အဲဒီ ရေဆိုးသန့်စင်စက်ရုံရဲ့ ပတ်ဝန်းကျင် အနေအထားကို ကောင်းကောင်း သိတယ်"

"ဒီလိုဆိုရင် တိုဂါရှိကို စစ မြင်မြင်ချင်းမှာပဲ သူ့ကို သတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့တယ်ပေါ့?" ကုစာနာဂိသည် အိရှိဂါမိကို သက်ာမကင်းသည့် မျက်လုံးဖြင့် စိုက်ကြည့်နေရင်း မေးလိုက်သည်။ သူ ကြားခဲ့ရသည်များကို ယုံကြည်ရန် ခက်ခဲနေသည်။

"ဒါပေါ့" အိရှိဂါမိက ဏ္ဍေ္ဒရရ ပြန်ဖြေသည်။ "ကျွန်တော် ပြောခဲ့ပြီးသားပဲ။ ကျွန်တော် ဟာနာအိုကာ ယာစုကိုကို ကာကွယ်ပေးရမယ်။ သူ့ကို ဒုက္ခပေးနိုင်တဲ့ ယောက်ျားတွေ မြင်ကွင်းထဲ ဝင်လာတာနဲ့ အဲဒီလူတွေကို အမြန်ဆုံး ရှင်းထုတ်ပစ်ဖို့ရာက ကျွန်တော်ရဲ့ တာဝန်ပဲလေ"

"တိုဂါရှိက မစ္စဟာနာအိုကာကို ဒုက္ခပေးလိမ့်မယ်လို့ ခင်ဗျားက ယူဆတယ်ပေါ့"

"ယူဆတာ မဟုတ်ဘူး။ သိကို သိနေတာ။ ဟာနာအိုကာ ယာစုကိုဟာ အဲဒီသူတောင်းစားရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို တစ်လျှောက်လုံး ခံလာခဲ့ရတာ။ သူ့ကို ရှောင်ပုန်းချင်လို့လည်းပဲ ကျွန်တော့်အခန်းဘေး ပြောင်းလာတာပေါ့"

"အဲဒါတွေကို မစ္စဟာနာအိုကာက ကိုယ်တိုင် ပြောပြခဲ့ဖူးတာလား"

"ကျွန်တော်ရဲ့ လျှို့ဝှက်ဆက်သွယ်နည်းကတစ်ဆင့် သိထားတာပါ"

အိရှိဂါမိ၏ စကားများက တစ်ချက်ကလေးမျှ အထစ်အငေါ့မရှိ။ ရဲဌာနသို့ ဖြောင့်ချက်ပေးရန် ရောက်ရှိလာပြီ ဆိုမှဖြင့် သူ့ဦးနှောက်ထဲတွင် အစီအစဉ်များ အားလုံးကို အကျအပေါက် မရှိအောင် ကြိုတင်စီမံပြီး ဖြစ်ချေတော့မည်။ သို့သော် သူ၏ ထွက်ဆိုချက်ထဲတွင် သဘာဝမကျသည့် အချက်များက တောင်လိုပုံနေသည်။

သေချာသည်မှာ ကုစာနာဂိက သူ့အပေါ်တွင် နားလည်ထားခဲ့သော စရိုက်သဘာဝနှင့် မိုးမြေပမာ ကွာလွန်းနေလေသည်။

"ခင်ဗျား သူ့ကို စာရွက်ပိုင်းပေးပြီး ဘာဆက်ဖြစ်သလဲ" သူ့စကားကို အဆုံးထိ နားထောင်ပြီးမှသာ ဝေဖန်သုံးသပ်တော့မည်ဟု ကုစာနာဂိက ဆုံးဖြတ်လိုက်သည်။

"ဟာနာအိုကာ ယာစုကို အလုပ်လုပ်တဲ့ နေရာကို သိလားလို့ ကျွန်တော့်ကို မေးတယ်။ လိပ်စာအတိအကျတော့ မသိဘူး။ ထမင်းဆိုင် ဆိုတာပဲ သိတယ်လို့ ပြန်ဖြေလိုက်တယ်။ ပြီးတော့ သူက ၁၁ နာရီမှာ အလုပ်သိမ်းပြီး သူ့သမီးကလည်း အဲဒီထမင်းဆိုင်မှာ သူ့ကို သွားစောင့်နေတတ်တယ်။ နောက်မှ အိမ်အတူ ပြန်ကြတယ်လို့ ကျွန်တော် ညာပြောလိုက်တယ်"

"ညာပြောရတဲ့ ရည်ရွယ်ချက်က ....."

"သူရဲ့ လှုပ်ရှားမှုကို ကန့်သတ်ချင်လို့ပေါ့။ အဲဒီနေရာက ဘယ်လောက် ခေါင်ပါတယ်ပဲ ပြောပြော၊ သူ့ကို အစောကြီး ရောက်မသွားစေချင်ဘူး။ ကျွန်တော်က ၁၁ နာရီမှ အလုပ်သိမ်းတယ်လို့ ပြောထားတော့၊ နောက်ပြီး သမီးကလည်း အိမ်မှာ ခပ်စောစော ရှိနေမှာ မဟုတ်တော့ သူက အဲဒီလိပ်စာကို အစောကြီး သွားတော့မှာ မဟုတ်ဘူး"

"ခဏလေး နေပါဦးဗျ" ကုစာနာဂိက လက်မြှောက်ပြီး အိရှိဂါမိ၏ စကားကို ဝင်ဖြတ်လိုက်သည်။ "အဲဒီအကြံအစည်တွေ အကုန်လုံးကို ခင်ဗျား တစ်ထိုင်တည်း စဉ်းစားလိုက်တာလား"

"ဟုတ်တယ်လေ။ ပြဿနာရှိလို့လား"

"မဟုတ်ပါဘူး။ ..... ဒီလို အစီအစဉ်ကြီးတစ်ခုလုံးကို တစ်ခဏအတွင်း တွေးလိုက်နိုင်တယ် ဆိုတော့ ခင်ဗျားကို ချီးကျူးနေမိလို့ပါ"

"ဒါက ဘာမှ မပြောပလောက်ပါဘူး" အိရှိဂါမိ၏ မျက်နှာမှာ ပြန်လည် လေးနက်သွားသည်။ "သူက ဟာနာအိုကာ ယာစုကိုကို အသည်းအသန် တွေ့ချင်နေတယ် ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော့်အနေနဲ့ အဲဒီအချက်ကို အသုံးချတတ်ရင် ရနေပြီလေ။ ဘာမှ မခက်ပါဘူး"

"ခင်ဗျားအတွက်တော့ ဟုတ်မှာပေါ့ဗျာ" ကုစာနာဂိက နှုတ်ခမ်းကို သပ်လိုက်သည်။ "နောက်တော့ရော"

"ကျွန်တော်က ကျွန်တော်ရဲ့ လက်ကိုင်ဖုန်းနံပါတ် သူ့ကို ပေးလိုက်တယ်။

တကယ်လို့ တိုက်ခန်းကို ရှာမတွေ့ရင် ကျွန်တော့်ကို ဆက်သွယ်ပါပေါ့။ တကယ်လို့ သူစိမ်းတစ်ယောက်က အဲဒီလောက်အထိကို သဘောမနော ကောင်းနေပြီဆိုရင် သာမန်အားဖြင့် လူတွေက သံသယ ဝင်တတ်ကြတာကိုး။ ဒါပေမယ့် သူကတော့ တစ်ချက်ကလေးမှ သံသယ ဝင်ပုံ မရဘူး။ အတော် တုံးတဲ့လူလို့ ပြောရမယ်”

“ဒါကတော့ဗျာ၊ လူတစ်ယောက်က စမြင်မြင်ချင်း ကိုယ့်ကို သတ်ချင်စိတ် ဝင်နေလိမ့်မယ်လို့ ဘယ်သူကမှ တွေးထင်မိကြမှာ မဟုတ်ဘူး”

“အခုမှ စမြင်ဖူးလို့လည်းပဲ သံသယ ဝင်သင့်တာပေါ့။ ဘာပဲဖြစ်ဖြစ်ဗျာ။ အဲဒီလူက လိပ်စာအတုကို သူ့အိတ်ကပ်ထဲ ထည့်ယူသွားပြီး လှေကားကနေ အမြန် ဆင်းသွားတော့တယ်။ သူ အဝေးကို ရောက်သွားတာ သေချာမှ ကျွန်တော် အခန်းထဲ ပြန်ဝင်ပြီး ပြင်ဆင်စရာ ရှိတာ စပြီး ပြင်ဆင်လိုက်တယ်” ထိုသို့ ပြောပြီး အိရှိုဂါမိသည် စားပွဲပေါ်ရှိ ခွက်ဆီသို့ လက်ကို ဆင်မယဉ်သာ လှမ်းနေသည်။ သူသည် အေးစက်နေပြီ ဖြစ်သော ရေနွေးကြမ်းကို တဂွတ်ဂွတ်မြည်အောင် မော့သောက်ချလိုက်သည်။

“ဘာတွေ ပြင်ဆင်တာလဲ” ကုစာနာဂိက သူ့ကို စကားကြောင်းပေးသည်။

“ဘာရယ် မဟုတ်ပါဘူး။ လှုပ်ရှားရ လွယ်တဲ့ အဝတ်အစားတစ်စုံ ပြောင်းဝတ်ပြီး အချိန်ကို စောင့်နေတာပေါ့။ အဲဒီ စောင့်နေတဲ့ အချိန်အတွင်းမှာ သူ့ကို ဘယ်လို သတ်ရမလဲလို့ စပြီး စဉ်းစားကြည့်တယ်။ နောက်ဆုံး အဖြေကတော့ သူ့ကို ညှစ်သတ်ဖို့ပဲ။ အဲဒီနည်းလမ်းက အဆင်အပြေဆုံး နည်းလမ်းပဲလေ။ တကယ်လို့ သူ့ကို ခုတ်ပဲ သတ်သတ်၊ ထိုးပဲ သတ်သတ်၊ ကိုယ့်ဆီ သွေးတွေ ဘယ်လောက် လာစဉ်နိုင်မလဲဆိုတာ ဘယ်သူ သိနိုင်တာမှတ်လို့။ ပြီးတော့ သူ့ကို တစ်ချက်တည်းနဲ့ အသေသတ်နိုင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူး။ ညှစ်သတ်မယ်ဆိုရင် လက်နက်ကလည်း ရှာရ မခက်ဘူး။ ဒါပေမယ့် ခိုင်ခံ့တဲ့ ကြိုးမျိုး ရွေးနိုင်ဖို့တော့ လိုတာပေါ့။ နောက်ဆုံး ကျွန်တော် အပူပေးစားပွဲက ဓာတ်ကြိုးကို သုံးဖို့ ဆုံးဖြတ်လိုက်တယ်”

“ဘာဖြစ်လို့ ဓာတ်ကြိုးကို သုံးရတာလဲ။ တောင့်တင်းတဲ့ ကြိုးတွေမှ တစ်ပုံကြီးပဲကို”

“လည်စည်းကြိုးတို့၊ ပါဆယ်ထုတ်ရင်သုံးတဲ့ ပလတ်စတစ်ကြိုးတို့ကို သုံးရင် ကောင်းမလားလို့ ကျွန်တော် စဉ်းစားကြည့်ခဲ့သေးတယ်။ ဒါပေမယ့် အဲဒီ ပစ္စည်းနှစ်ခုစလုံးက ကိုင်ရတာ ချောတယ်။ လက်ထဲကနေ အလွယ်တကူနဲ့ ချော်ထွက်သွားနိုင်တယ်လေ။ အပူပေးစားပွဲရဲ့ ဓာတ်ကြိုးက အဆင်ပြေဆုံးပဲ”

“ဒါနဲ့ပဲ ခင်ဗျား ဓာတ်ကြိုးယူပြီး အဲဒီနေရာကို သွားတယ် ဆိုပါတော့”

အိရိုဂါမိက ခေါင်းညိတ်ပြသည်။

“၁၀ နာရီဝန်းကျင်လောက် ကျွန်တော် အိမ်က ထွက်ခဲ့တယ်။ ဓာတ်ကြိုးအပြင် ဘလိတ်ဓားနဲ့ တစ်ခါသုံး မီးခြစ်တွေကိုလည်း ကျွန်တော် ယူသွားတယ်။ ဘူတာကို သွားနေတုန်း အမှိုက်ပုံထဲမှာ အပြာရောင် ပလတ်စတစ်တစ်စ လွှင့်ပစ်ထားတာ တွေ့တာနဲ့ အဲဒါကို ကောက်ပြီး တစ်ပါတည်း ယူလာခဲ့တယ်။ ကျွန်တော် မိဇူအေဘူတာကို ရောက်တော့ အဲဒီကနေ တက္ကစီငှားပြီး ကျူး-အီဒိုဂါဝါဘက် သွားလိုက်တယ်”

“မီဇူအေဘူတာ? ရှီနိုဇာကိ မဟုတ်ဘူးလား”

“ရှီနိုဇာကိဘူတာမှာ ဆင်းလို့ ဟိုအကောင်နဲ့ မျက်နှာချင်းဆိုင် တွေ့ကြရင် ဒုက္ခပဲလေ” အိရိုဂါမိက တုံ့ဆိုင်းခြင်း မရှိဘဲ ပြန်ဖြေသည်။ “ကျွန်တော် တက္ကစီပေါ်ကနေ ဆင်းတဲ့နေရာက သူ့ကို ပြောထားတဲ့ နေရာထက် အဝေးကြီး လှမ်းသေးတယ်။ သတိဆိုတာ ပိုတယ် မရှိဘူး။ ရည်ရွယ်ချက် မပေါက်မြောက်မချင်း သူနဲ့ အတွေ့ခံလို့ လုံးဝ မဖြစ်ဘူး”

“တက္ကစီပေါ်ကနေ ဆင်းပြီးတော့ရော”

“ကျွန်တော် သူများတွေ မမြင်အောင် သတိထားပြီး သူ ရှိနိုင်မယ့် နေရာဆီကို လျှောက်သွားတယ်။ တကယ်တော့ အဲဒီလောက်ကြီးလည်း တကူးတက သတိထားနေစရာ မလိုပါဘူး။ လမ်းပေါ်မှာ တစ်ကောင်တစ်မြီးမှမှ မရှိတာ” အိရိုဂါမိက ရေနွေးကြမ်းတစ်ငုံ ထပ်သောက်လိုက်သည်။ “ကျွန်တော် မြစ်ကမ်းဘေးကို ရောက်တဲ့အချိန်မှာပဲ ဖုန်းမြည်လာတယ်။ သူ ဆက်လာတာ။ စာရွက်ပေါ်မှာ ရေးထားတဲ့ လိပ်စာအတိုင်း သူ ရောက်နေပြီတဲ့။ ဒါပေမယ့် ဘယ်လိုပဲရှာရှာ အဲဒီတိုက်ကို ရှာမတွေ့ဘူးလို့ ကျွန်တော့်ကို ပြောနေတယ်။ ခင်ဗျား အခု ဘယ်မှာလဲလို့ ကျွန်တော် မေးလိုက်တော့ သူက သူရောက်နေတဲ့ နေရာအတိအကျကို ပြောပြတယ်။ ကျွန်တော်က သူနဲ့ ဖုန်းပြောနေရင်း သူ ရှိတဲ့ နေရာနားကို သတိထားပြီး ချဉ်းကပ်သွားလိုက်တယ်။ ရေးပေးလိုက်တဲ့ လိပ်စာမှန်မမှန် ဆိုတာ သေချာပြန်စစ်ကြည့်ဦးမယ်လို့ ပြောပြီး ကျွန်တော် ဖုန်းကို ချပစ်လိုက်တယ်။ သူ ဘယ်မှာ ရှိနေတယ် ဆိုတာကို ကျွန်တော် မြင်ရနေပြီကိုး။ မြစ်ကမ်းနံဘေးက ခြုံပုတ်နားမှာ သူ ပျင်းရိပျင်းရွဲ ထိုင်နေတယ်။ ကျွန်တော်က ခြေသံလုံအောင် ထိန်းပြီး သူ့အနားကို အရောက်သွားလိုက်တယ်။ သူကတော့ ကျွန်တော့်ကို နည်းနည်းမှ သတိမထားမိဘူး။ သူ သတိထားမိတဲ့ အချိန်မှာတော့ ကျွန်တော်က သူ့နောက်ကျောနားမှာ ရပ်နေမိပြီ။ ကျွန်တော် ချက်ချင်းပဲ ဓာတ်ကြိုးနဲ့ သူ့လည်ပင်းကို ဆွဲပတ်လိုက်တယ်။ အစပိုင်းတော့ သူက ကြိုးစားပြီး ရုန်းကန်နေသေးပေမယ့် ကျွန်တော် အားစိုက်ပြီး

တစ်ချက်ဆောင့်ဆွဲလိုက်တဲ့အခါမှာ သူ့အသက်ပါ ပါသွားတော့တာပဲ။ ကျွန်တော် ထင်ထားတာထက်တောင် လွယ်နေသေးတယ်” အိရှိုဂါမိသည် လက်ဘက်ရည်ခွက်ကို မျက်စိစွေကြည့်သည်။ ရေနွေးကြမ်း မရှိတော့။ “နောက်တစ်ခွက်လောက် ရနိုင်ဦးမလား”

ကိရှိုတာနိသည် မတ်တတ်ထရပ်ပြီး ရေနွေးခရားအိုးကိုင်၍ အိရှိုဂါမိအတွက် ရေနွေးငှဲ့ပေးသည်။ အိရှိုဂါမိက ကျေးဇူးတင်ကြောင်း ခေါင်းဆတ်ပြသည်။

“အလုပ်ကြွဲခံရသူက ကျန်းမာတောင့်တင်းတဲ့အပြင် အသက် ၄၀ ကျော်ပဲ ရှိသေးတာ။ တကယ်လို့သာ သူက အစွမ်းကုန် တွန်းလှန်နေမယ်ဆိုရင် လွယ်လွယ်နဲ့ ညှစ်သတ်လို့ ရနိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး”

အိရှိုဂါမိ၏ အမူအရာက ယခင်အတိုင်း စိုးစဉ်းမျှ ပြောင်းလဲသွားခြင်း မရှိဘဲ မျက်လုံးများသာ အနည်းအကျဉ်းမျှ မှေးမှိတ်သွားသည်။

“ကျွန်တော်က ဂျူဒိုနည်းပြလေ။ တကယ်လို့ နောက်ကျောကနေသာ အလစ်တိုက်ခိုက်မယ်ဆိုရင် တစ်ဘက်လူက ကျွန်တော့်ထက် ခန္ဓာကိုယ် ထွားကျိုင်းနေပါစေ။ သိပ် ခက်ခဲလှတဲ့ ကိစ္စမဟုတ်ပါဘူး”

ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။ သူ့အကြည့်များက အိရှိုဂါမိ၏ နားများပေါ်သို့ ကျရောက်သွားသည်။ သူ၏ နားရွက်များသည် ဂျူဒိုနပန်းသမား ဖြစ်ကြောင်း သက်သေခံနေသကဲ့သို့ ပွရောင်းဖူးရောင်နေသည်။ ရဲဌာနထဲတွင်လည်း ထိုသို့သော နားမျိုး ပိုင်ဆိုင်ထားသူများ မနည်းမနော။

“လူသတ်ပြီးတော့ရော” ကုစာနာဂိက မေးသည်။

“လတ်တလော အရေးအကြီးဆုံး ကိစ္စက အလောင်းကို မည်သူမည်ဝါ ဖြစ်တယ်ဆိုတာ မသိအောင် ဖုံးဖိထားနိုင်ဖို့ပဲ။ သေသူက ဘယ်သူဆိုတာ သိသွားတာနဲ့ ဟာနာအိုကာ ယာစုကိုကို သံသယ ဝင်လာကြတော့မှာပေါ့။ ပထမဆုံး ကျွန်တော် ဘလိတ်ဓားနဲ့ သူ့အကျီတွေကို တစ်စစီ လှီးထုတ်ပစ်လိုက်တယ်။ နောက်ပြီး သူ့မျက်နှာကို ထုရိုက်ပစ်တယ်” အိရှိုဂါမိ၏ လေသံမှာ အေးစက်ပြီး တည်ငြိမ်နေသည်။ “ကျွန်တော် ကျောက်တုံးကြီးတစ်တုံး ကောက်လာတယ်။ သူ့မျက်နှာကိုလည်း ပလတ်စတစ်စနဲ့ ဖုံးပြီး ကျောက်တုံးနဲ့ အချက်ပေါင်းများစွာ ထုချေပစ်လိုက်တယ်။ ဘယ်နှချက် ထုလိုက်မိမှန်းတောင် မမှတ်မိတော့ဘူး။ ၁၀ ချက်လောက် ဖြစ်မယ် ထင်တယ်။ နောက်ဆုံးတော့ မီးခြစ်နဲ့ သူ့လက်ဗွေတွေကို မီးရှို့ပစ်တယ်။ အဲဒါတွေ လုပ်ပြီးသွားတော့မှ လှီးထုတ်ထားတဲ့ အဝတ်အစားတွေကို ယူပြီး အဲဒီနေရာကနေ ထွက်သွားဖို့ ပြင်တယ်။ ဖြစ်ချင်တော့

အဲဒီအနားမှာ သံပုံးခွံတစ်ပုံး တွေ့တာနဲ့ အဝတ်အစားတွေကို အဲဒီအထဲ ထည့်ပြီး မီးရှို့ပစ်ဖို့ ဆုံးဖြတ်လိုက်တယ်။ မီးလည်း ရှို့လိုက်ရော မီးညွန့်က ကျွန်တော် ထင်ထားတာထက် တောက်လွန်းနေလို့ သူများတွေ ရိပ်မိသွားမှာ စိုးတာနဲ့ ပြာကျတဲ့အထိ မစောင့်တော့ဘဲ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်တယ်။ ဘတ်စ်ကားပြေးတဲ့ လမ်းမကြီးပေါ် ရောက်တဲ့အထိ လျှောက်လာပြီးမှ တက္ကစီတစ်စီးကို တားလိုက်တယ်။ အရင်ဆုံး တိုကျိုဘူတာကို သွားတယ်။ အဲဒီကနေမှ နောက်ထပ် တက္ကစီတစ်စီး ပြောင်းစီးပြီး အိမ်ပြန်လာခဲ့တယ်။ တိုက်ခန်းကို ပြန်ရောက်တော့ ည ၁၂ နာရီ ထိုးပြီးသွားပြီ” ထိုနေရာအရောက်တွင် အိရှိုဂါမိသည် သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်သည်။ “အဲဒါတွေက ကျွန်တော် လုပ်ခဲ့တာတွေပဲ။ ကျွန်တော် သုံးခဲ့သမျှ ဓာတ်ကြိုး၊ ဘလိတ်ဓား၊ မီးခြစ် အကုန်လုံး အိမ်မှာ ရှိနေတုန်းပဲ”

ကုစာနာဂိသည် မှတ်တမ်းရေးနေသော ကိရှိတာနိကို မျက်စိစွေကြည့်ပြီး စီးကရက်တစ်လိပ်ကို ပါးစပ်တွင် တေ့ကာ မီးညှိ၍ အားရပါးရ ဖွာရှိုက်လိုက်သည်။ မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပြီးနောက် အိရှိုဂါမိကို စိုက်ကြည့်နေသည်။ အိရှိုဂါမိ၏ မျက်လုံးများသည် မျက်စိကန်းနေသူ တစ်ယောက်ကဲ့သို့ တည်ငြိမ်အေးစက်နေကြသည်။

အခန်း (၁၆ - ၁)

သူ၏ ထွက်ဆိုချက်ထဲတွင် သံသယ ဖြစ်စရာ များများစားစား မတွေ့ရပေ။ သူ ပြောဆိုခဲ့သော အချက်အလက်များသည် ရဲဌာနမှ သိရှိထားသမျှသော အထောက်အထားများနှင့် အံဝင်ခွင်ကျ ကိုက်ညီနေကြသည်။ ထိုအချက်အလက် အများစုကို သတင်းမီဒီယာများသို့ အသိပေးထားခြင်း မရှိပေ။ ဤမျှ ထပ်တူညီအောင် စိတ်ကူးဖြင့် လုပ်ကြံဖန်တီးရန်မှာလည်း မဖြစ်နိုင်သလောက်ပင်။

"တိုဂါရှိကို သတ်ဖြတ်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မစ္စဟာနာအိုကာကို ပြောပြခဲ့ဖူးလား" ကုစာနာဂိက မေးသည်။

"ကျွန်တော် သူ့ကို ဘယ်လိုလုပ်ပြီး ပြောပြလို့ ဖြစ်မလဲ" အိရှိဂါမိက ဖြေသည်။ "သူကသာ တခြားလူကို လျှောက်ပြောပြလိုက်ရင် ကျွန်တော် ဂွမ်းပြီပေါ့။ မိန်းမဆိုတဲ့ သတ္တဝါက လျှို့ဝှက်ချက်ကို ထိန်းသိမ်းတတ်ကြတာ မဟုတ်ဘူး"

"သူနဲ့ လူသတ်မှုအကြောင်းကို ဆွေးနွေးတာမျိုးလည်း မရှိဘူးပေါ့"

"မရှိဘူး။ ကျွန်တော်နဲ့ သူရဲ့ ဆက်နွှယ်မှုကို ခင်ဗျားတို့ ရိပ်မိသွားရင် ခက်ကုန်တော့မှာပေါ့။ ကျွန်တော်တို့ တတ်နိုင်သလောက် တိုက်ရိုက်ဆက်သွယ်နည်းကို ရှောင်ကြတယ်"

"စောစောက ခင်ဗျား ပြောခဲ့တယ်။ ဘယ်သူမှ မသိနိုင်တဲ့ နည်းကို သုံးပြီး မစ္စဟာနာအိုကာနဲ့ ဆက်သွယ်ခဲ့တယ် ဆိုတော့ အဲဒါ ဘယ်လို နည်းလမ်းမျိုးလဲ"

"အမျိုးမျိုး ရှိတာပဲ။ တစ်နည်းကတော့ သူပြောတာကို ကျွန်တော်က နားထောင်တာပေါ့"

"ခင်ဗျားတို့ ဘယ်နေရာမှာ ချိန်းတွေ့ကြတာလဲ"

"မဟုတ်ဘူး။ အဲဒီလိုသာဆိုရင် လူတွေ တွေ့ကုန်မှာပေါ့။ သူက သူ့အိမ်ထဲမှာနေပြီး ပြောတယ်။ ကျွန်တော်က ကျွန်တော့်အိမ်ကနေ စက်ပစ္စည်း အကူအညီနဲ့ နားထောင်တယ်"

"စက်ပစ္စည်း?"

"သူ့အခန်းနဲ့ ကျွန်တော့်အခန်းကို ခြားထားတဲ့ နံရံမှာ အသံချဲ့စက်တစ်လုံး တပ်ထားတယ်"

ကိရှိတာနိ၏ လက်မှာ ရုတ်တရက် ရပ်တန့်သွားပြီး ခေါင်းမော့လာသည်။

သူ ဘာပြောချင်နေသည်ကို ကုစာနာဂိက ကြိုသိနေသည်။

"ခိုးနားထောင်တယ်လို့ ပြောချင်တာလား"

အိရှိုဂါမိ၏ မျက်ခုံးများ ပင့်တက်သွားပြီး ခေါင်းခါယမ်းနေသည်။

"ခိုးနားထောင်တာ မဟုတ်ဘူး။ သူက ကျွန်တော့်ကို ပြောပြနေတာ"

"မစ္စဟာနာအိုကာက အဲဒီစက်အကြောင်းကို သိလား"

"မသိလောက်ဘူး။ ဒါပေမယ့် သူက ကျွန်တော့်အိမ်ဘက် နံရံကို မျက်နှာမူပြီး ပြောနေတာတော့ သေချာတယ်"

"အဲဒါကြောင့်ပဲ သူက ခင်ဗျားကို ပြောပြနေတာပါလို့ ဆိုချင်တာလား"

"ဟုတ်တယ်။ သူ့မှာက သမီးလည်း ရှိသေးတော့ ကျွန်တော့်ကို ပေါ်ပေါ်ထင်ထင် ပြောပြလို့ မရဘူးလေ။ ဒါကြောင့် သမီးနဲ့ပဲ စကားပြောနေသလိုလို ဟန်ဆောင်ပြီး ကျွန်တော့်ကို ရင်ဖွင့်ရတာပေါ့"

ကုစာနာဂိ၏ လက်ထဲမှ စီးကရက်သည် လောင်ကျွမ်းပြီး တစ်ဝက်မျှ ပြာဖြစ်နေသည်။ သူသည် ပြာခံခွက်ထဲသို့ ဆေးလိပ်ပြာများကို ခြွေချလိုက်သည်။ ကိရှိတာနိနှင့် မျက်လုံးချင်း ဆုံမိကြသောအခါ သူ၏ ရဲဘော်သည် စိတ်ရှုပ်သော အမူအရာဖြင့် ခေါင်းကုတ်နေလေသည်။

"သူ့သမီးနဲ့ ဟန်ဆောင်ပန်ဆောင် ပြောနေတဲ့ စကားတွေဟာ တကယ်တော့ ခင်ဗျားကို ရည်ရွယ်ပြီး ပြောပြနေတာပါလို့ မစ္စဟာနာအိုကာက ခင်ဗျားကို အသိပေးထားတာလား"

"အသိပေးနေဖို့ မလိုပါဘူး။ သူ့အကြောင်း ကျွန်တော် အသိဆုံးပဲ" အိရှိုဂါမိက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"ဒီလိုသာဆိုရင် သူက ခင်ဗျားနဲ့ ဘာမှ ညှိနှိုင်းထားတာ မရှိဘဲ ခင်ဗျားဟာခင်ဗျား လိုရာ ဆွဲတွေးနေတာ ဖြစ်နေပြီ"

"ဟုတ်မလားဗျာ" တစ်ချိန်လုံး မျက်နှာသေနှင့် ထိုင်နေသော အိရှိုဂါမိသည် အနည်းငယ် မျက်နှာပျက်စ ပြုလာသည်။ "သူ့အရင်ယောကျ်ား နှိပ်စက်တဲ့ ကိစ္စကို သူရင်ဖွင့်ခဲ့လို့သာ ကျွန်တော် သိခဲ့ရတာ။ အဲဒီစကားတွေက သူ့သမီးတစ်ယောက်တည်းကိုပဲ ပြောနေခဲ့တာဆိုရင် ဘာအဓိပ္ပာယ် ရှိဦးမှာလဲ။ သူက ကျွန်တော် ကြားစေချင်လို့သာ တမင်သက်သက် ပြောပြနေခဲ့တာပေါ့။ သူ့အတွက် အကြံထုတ်ပေးပါဦး လို့တောင် ကျွန်တော့်ကို အကူအညီ

တောင်းနေသေးတယ်”

ကုစာနာဂိက လက်တစ်ဘက်ဖြင့် သူ့ကို စိတ်လျှော့ရန် တားလိုက်ပြီး ကျန်လက်တစ်ဘက်ဖြင့် စီးကရက်ကို မီးသတ်နေသည်။

“ခင်ဗျားတို့က တခြား ဘယ်နည်းတွေနဲ့ ဆက်သွယ်ကြသေးလဲ”

“ဖုန်း။ ကျွန်တော် ညတိုင်း သူ့ဆီ ဖုန်းဆက်တယ်”

“သူ့အိမ်ကို ဆက်တာလား”

“သူ့ဟန်းဖုန်းကို ဆက်တာ။ ဒါပေမယ့် ကျွန်တော်တို့က ဖုန်းထဲမှာ အပြန်အလှန် စကားပြောလေ့ မရှိဘူး။ ကျွန်တော်က ဖုန်းသံ မြည်ရုံ သူ့ဆီကို ဖုန်းခေါ်လိုက်တယ်။ သူ့မှာ ပြောစရာရှိနေရင် ဖုန်းကို လက်ခံလိုက်တယ်။ မရှိရင် လက်မခံဘူး။ ကျွန်တော်က ဖုန်းသံမြည်တာကို ငါးကြိမ်အထိ စောင့်ပြီး ဖုန်းချလိုက်တယ်။ ကျွန်တော်တို့ နှစ်ယောက်အကြားမှာ အဲဒီလိုမျိုး အချက်ပေးကြတယ်”

“ခင်ဗျားတို့ နှစ်ယောက်ကြား? ဒါဆို သူက အဲဒီလိုလုပ်ဖို့ သဘောတူတယ်ပေါ့”

“ဒါပေါ့။ ကျွန်တော်တို့ အရင်ကတည်းက ပြောထားပြီးသား”

“ကျွန်တော်တို့ မစ္စဟာနာအိုကာဆီကလည်း အတည်ပြုချက် ယူဦးမှာပါ”

“အကောင်းဆုံးပေါ့” အိရှိုဂါမိက ယုံကြည်ချက် ပြည့်ဝသော လေသံဖြင့် ပြန်ပြောသည်။

“စောစောက ခင်ဗျား ထွက်ဆိုထားတဲ့ စကားတွေကို နောက်လည်း အကြိမ်ပေါင်းများစွာ ပြောခိုင်းနေဦးမှာ။ အဲဒီကနေမှ တရားဝင် ဝန်ခံချက်တစ်စောင် ပြုစုရမယ်”

“ရပါတယ်။ ကျွန်တော့်ကို ဘယ်နှခေါက် ပြောခိုင်းပြောခိုင်း၊ ကိစ္စမရှိပါဘူး။ အားလုံးက အမှန်တွေချည်းပဲ”

“နောက်ဆုံးအနေနဲ့ ခင်ဗျားကို မေးခွန်းတစ်ခု မေးချင်တယ်” ကုစာနာဂိသည် လက်ဖဝါးနှစ်ဘက်ကို စားပွဲပေါ်တင်ပြီး ပတ္တာဆက်ထားလိုက်သည်။ “ခင်ဗျား ဘာဖြစ်လို့ လာ အဖမ်းခံရတာလဲ”

အိရှိုဂါမိက ပင့်သက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။ “လာ အဖမ်းခံလို့

မရဘူးလား”

“ကျွန်တော် အဲဒီလို မပြောဘူးနော်။ လာပြီး အဖမ်းခံတယ် ဆိုမှတော့ အကြောင်းအရင်း ရှိရမှာပေါ့။ အဲဒါကို ကျွန်တော် သိချင်တယ်”

“အဲဒါက ခင်ဗျားအလုပ်နဲ့ ဘာမှ မဆိုင်ဘူး ထင်တယ်။ တရားခံက သူ့ဟာသူ နောင်တရလို့ လာပြီး ဝန်ခံနေပြီပဲ။ ဒီလောက်နဲ့ မရသေးဘူးလား။ အကြောင်းပြချက်တွေ လိုသေးတာလား”

“ခင်ဗျားပုံ ကြည့်ရတာ ကိုယ့်အမှားကိုယ် နောင်တရနေတာနဲ့ တစ်စက်မှ မတူဘူး”

“ကျွန်တော့်ကို အမှား လုပ်ခဲ့သလားလို့ မေးလာရင် ကျွန်တော် မမှားဘူးလို့ပဲ ပြန်ဖြေမိမှာပဲ။ ဒါပေမယ့် ကျွန်တော် နောင်တရတယ်။ အစောကြီးကတည်းကသာ အဲဒီလို ဖြစ်လာမယ်မှန်း သိရင် ကျွန်တော် အခုလို အလုပ်မျိုး လုပ်မိမှာ မဟုတ်ဘူး။ အစောကြီးကတည်းကသာ သစ္စာဖောက်ခံရမယ်မှန်း ကြိုသိခဲ့ရင် ကျွန်တော် ဘာလုပ်ဖို့ လူသတ်နေတော့မလဲ”

“ဘယ်သူက သစ္စာဖောက်တာလဲ”

“သူပေါ့ .... ဟာနာအိုကာ ယာစုကို” အိရှိဂါမိသည် မျက်လွှာကို ချလိုက်ပြီး ဆက်ပြောသည်။ “ကျွန်တော့်ကို သစ္စာဖောက်တယ်။ ကျွန်တော့်မှာဖြင့် သူ့ကို ကူပြီး သူ့လင်ဟောင်းကို ဖြေရှင်းပေးခဲ့ရတာကိုမှ မထောက်ဘူး။ တခြား ယောကျ်ားတစ်ယောက်နဲ့ ချိန်းတွေ့ချင်နေတယ်။ သူသာ ကျွန်တော့်ကို ရင်ဖွင့်မပြောခဲ့ဘူး ဆိုရင် ကျွန်တော် လူသတ်မိမှာ မဟုတ်ဘူး။ အဲဒီလို လူယုတ်မာမျိုးကို သတ်ပစ်လိုက်ချင်တယ်လို့ သူ ပြောခဲ့ဖူးလို့ ကျွန်တော်က သူ့ကိုယ်စား လုပ်ပေးရတာလေ။ ပြောရရင် သူလည်း ကြံရာပါပဲ။ ခင်ဗျားတို့ သူ့ကိုပါ ဖမ်းလိုက်သင့်တယ်”

အိရှိဂါမိ၏ ထွက်ဆိုချက်ကို အတည်ပြုနိုင်ရန်အတွက် သူ့အိမ်သို့ ရဲဘက်မှ ဝင်ရောက် ရှာဖွေခဲ့ကြသည်။ ထိုသို့ ရှာဖွေနေကြစဉ် ကုစာနာဂိနှင့် ကိရှိတာနိတို့သည် ဟာနာအိုကာ ယာစုကိုထံသို့ သွားပြီး စကားပြောကြသည်။ ညနေခင်းဖြစ်၍ သူမနှင့် မီစာတိုတို့ အိမ်၌ ရှိနေကြသည်။ ကလေးမလေးကို အခြား ရဲအရာရှိတစ်ဦးက တစ်နေရာသို့ ခေါ်ထုတ်သွားသည်။ သူမကို မကြားသင့်သည်များ မကြားရစေရန် ကာကွယ်လိုသည့် သဘောမဟုတ်။ သူမကိုလည်း သီးခြား စစ်မေးလိုသောကြောင့်သာ ဖြစ်သည်။

ရဲစခန်းသို့ သွားရောက် အဖမ်းခံသည့် အိရှိဂါမိ၏ သတင်းကို

ကြားရသောအခါ ယာစုကို၏ မျက်လုံးများ ပြူးကျယ်သွားသည်။ အသက်ရှူသံများ ရပ်တန့်သွားမလောက် ငြိမ်သက်သွားပြီး သူမ၏ နှုတ်ခမ်းများသာ ပွင့်ဟလာကြ၍ အသံက ထွက်မလာတော့။

"အတော် ထူးဆန်းသွားသလား" ကုစာနာဂိက သူမ၏ အမူအရာကို မျက်တောင်မခတ် အကဲခတ်နေသည်။

ယာစုကိုက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်။ တစ်ခဏအကြာ ဆွံ့အ,နေရာမှ အသံထွက်ပေါ်လာသည်။ "ကျွန်မ ထင်တောင် ထင်မထားဘူး။ သူက တိုဂါရှိကို ....."

"သူ ဘာကြောင့် အဲဒီလို လုပ်ရတယ် ဆိုတဲ့ သူ့ရဲ့ ရည်ရွယ်ချက်ကို ခင်ဗျား နည်းနည်းမှ မရိပ်မိခဲ့ဘူးလား"

ကုစာနာဂိ၏ အမေးကို ဖြေဆိုရန် ယာစုကို တွန့်ဆုတ်နေသည်။ သူမ၏ မျက်နှာပေါ်တွင် နားလည်ရ ခက်ခဲသော မှိုင်းပျပျ အမူအရာကို တွေ့နေရသည်။ ပြောစရာ တစ်စုံတစ်ခု ရှိနေသော်လည်း နှုတ်မှ ဖွင့်ဟပြောဆိုရန် မချင့်မရဲ ဖြစ်နေသည့် ပုံမျိုး။

"အိရှိဂါမိက ပြောတယ်။ သူက ခင်ဗျားအတွက်ကြောင့် အဲဒီလို လုပ်ရတာတဲ့။ ခင်ဗျားအတွက် လူသတ်ပေးရတာတဲ့"

ယာစုကိုထံမှ ကြေကြေကွဲကွဲ သက်ပြင်းချသံကို ကြားရသည်။

"ကြည့်ရတာ ခင်ဗျား ရိပ်မိနေသလိုပဲ"

သူမက ခေါင်းကို လေးတွဲ့စွာ ညိတ်လိုက်သည်။ "သူ ကျွန်မအပေါ် မေတ္တာရှိနေတာကို ကျွန်မ အစောကြီးကတည်းက သတိထားမိပါတယ်။ ဒါပေမယ့် သူ အခုလို လုပ်လာလိမ့်မယ်လို့ ကျွန်မ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့မိဘူး"

"သူက ပြောတယ်။ ခင်ဗျားနဲ့ တစ်လျှောက်လုံး အဆက်အသွယ် မပြတ်ခဲ့ဘူးတဲ့"

"ကျွန်မနဲ့?" ယာစုကိုက မျက်မှောင်ကြုတ်လိုက်သည်။ "သူနဲ့ တစ်ခါမှ စကားတောင် ဖြောင့်အောင် ပြောဖူးတာ မဟုတ်ဘူး"

"သူက ခင်ဗျားဆီကို ဖုန်းဆက်တယ် မဟုတ်လား။ ပြီးတော့ ညတိုင်း ဆက်တာတဲ့လေ"

ကုစာနာဂိသည် အိရှိဂါမိ၏ ထွက်ဆိုချက်ကို ယာစုကိုအား

ပြောပြလိုက်သည်။ သူမ၏ မျက်နှာတွင် အလိုမကျသည့် အရိပ်အယောင်များ လွှမ်းမိုးလာသည်။

"လက်စသတ်တော့ အဲဒီဖုန်းတွေက သူ ခေါ်နေတာကိုး"

"ခင်ဗျား မသိဘူးလား"

"သူ ဖြစ်လိမ့်မယ်လို့တော့ ထင်တော့ ထင်မိသား။ ဒါပေမယ့် မသေချာဘူးလေ။ ဖုန်းဆက်တဲ့သူက တစ်ခါမှမှ သူ့နာမည်ကို ထုတ်မပြောဖူးဘဲ"

ယာစုကို၏ ရှင်းပြချက်အရ သိရသည်မှာ လွန်ခဲ့သော သုံးလခန့်မှ စ၍ လူတစ်ယောက်သည် သူမထံသို့ ညတိုင်း ဖုန်းခေါ်နေခဲ့သည်။ ပထမဆုံးအကြိမ် ဖုန်းဆက်လာစဉ်က ထိုသူသည် သူ မည်သူဖြစ်သည်ကို ပြောကြားခြင်း မရှိဘဲ သူမ၏ ဘဝနှင့် ပတ်သက်သည့် အကြောင်းအရာများကို အမျှင်မပြတ် ပြောကြားနေခဲ့သည်။ သူ ပြောကြားခဲ့သော အကြောင်းအရာများမှာ သာမန်လူတစ်ယောက်အနေဖြင့် လွယ်လွယ်နှင့် မသိရှိနိုင်သော သူမ၏ အတွင်းရေးများသာ ဖြစ်သည်။ တစ်ဦးတစ်ယောက်က သူမအား ချောင်းမြောင်းကြည့်ရှုနေမှသာလျှင် သိရှိနိုင်သည့် အကြောင်းအရာများသာ ဖြစ်သည်။ သို့ဖြင့် သူမ အလွန်အမင်း ကြောက်ရွံ့လာခဲ့သည်။ သို့သော် ထိုသူမှာ မည်သူဖြစ်နိုင်ကြောင်း သူမ မည်သို့မျှ စဉ်းစား၍ မရနိုင်ခဲ့ပေ။ နောက်ပိုင်းတွင် ထိုသူသည် သူမထံသို့ အကြိမ်များစွာ ဖုန်းခေါ်နေခဲ့သေးသော်လည်း သူမက ဖုန်းကို နောက်ထပ် လက်မခံတော့ချေ။ သို့သော် တစ်နေ့တွင် သူမသည် အမှတ်တမဲ့ ဖုန်းလက်ခံမိလိုက်သည်။ ထိုအခါ တစ်ဘက်လူက ဤသို့ ပြောလာခဲ့သည်။ "ခင်ဗျား မအားလို့ ဖုန်းမကိုင်နိုင်ဘူး ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒီလို လုပ်ကြရအောင်လား။ ကျွန်တော် ညတိုင်း ဖုန်းဆက်လာခဲ့မယ်။ ခင်ဗျားမှာ ပြောစရာရှိရင် ဖုန်းလက်ခံလိုက်ပေါ့။ ကျွန်တော် ဖုန်းမြည်သံကို ငါးခါအထိ စောင့်နေမယ်။ ခင်ဗျားမှာ ပြောစရာရှိရင် အဲဒီမတိုင်ခင် ဖုန်းလက်ခံလိုက်ပါ"

ယာစုကိုက သဘောတူလိုက်သည်။ ထိုသို့ဖြင့် ဖုန်းမှာ ညစဉ်ညတိုင်း မြည်နေတော့သည်။ ထိုသူသည် သူမထံသို့ အများသုံးဖုန်းဖြင့်သာ ခေါ်ဆိုလေ့ရှိသည်။ နောက်ပိုင်း သူမက တစ်ခါမျှ ဖုန်းမကိုင်တော့ပေ။

"အဲဒီရှိဂါမိအသံကို ခင်ဗျား မမှတ်မိဘူးလား"

"ကျွန်မတို့က စကားမှ သိပ်မပြောဖြစ်ကြတာ။ ပြီးတော့ ဖုန်းထဲက လူနဲ့လည်း အဲဒီနှစ်ခါပဲ ပြောဖူးတာ။ အဲဒီအသံကို အခုတောင် ကျွန်မ မှတ်မိတော့တာ မဟုတ်ဘူး။ နောက်ပြီး သူ့လိုလူမျိုးက အဲဒီလို လုပ်လာလိမ့်မယ်လို့ ကျွန်မက ဘယ်လိုလုပ် ထင်ရက်မှာလဲ။ သူက အထက်တန်းကျောင်းဆရာလေရှင်"

"ဒီခေတ်မှာ လူတွေက မှန်းရခက်တယ်" အနားရှိ ကိရှိတာနိက ဝင်ပြောသည်။ ထို့နောက် ရုတ်ချည်း ခေါင်းငုံ့သွားပြန်သည်။ ဝင်လျှာရှည်မိသည့်အတွက် တောင်းပန်နေသည့်နှယ်။

ထိုညီငယ်ရဲဘော်သည် အမှုစဖြစ်ကတည်းက ဟာနာအိုကာ ယာစုကိုတို့အား တစ်လျှောက်လုံး ကာကွယ်ပြောဆိုနေခဲ့သည်ကို ကုစာနာဂိ သတိရမိသည်။ အိရှိုဂါမိ၏ ဖြောင့်ချက်ကြောင့် သူ အထူး ဝမ်းမြောက်နေပေတော့မည်။

"ဖုန်းဆက်တာအပြင် တခြားရော ရှိသေးလား" ကုစာနာဂိက မေးသည်။

"ခဏထိုင်ပါဦး" ယာစုကိုသည် မတ်တတ်ထရပ်ပြီး အံဆွဲထဲမှ စာတချို့ ထုတ်ယူလိုက်သည်။ စုစုပေါင်း သုံးစောင်။ စာပို့သူ၏ အမည်မပါဘဲ စာအိတ်ပေါ်တွင် 'ဟာနာအိုကာ ယာစုကို လက်ခံရန်' ဟုသာ ရေးထားသည်။ လိပ်စာလည်း မပါ။

"ဒါက ......"

"ကျွန်မတို့ အိမ်ပေါက်ဝက စာတိုက်ပုံးထဲမှာ ထည့်ထားတာ။ အစကတော့ အများကြီးပဲ။ အကုန်လုံး ကျွန်မ လွှင့်ပစ်လိုက်ပြီ။ ပြဿနာတစ်ခုခု ဖြစ်လာခဲ့ရင် သက်သေအနေနဲ့ ပစ္စည်းတစ်ခုခု ရှိနေတာ ကိုယ့်အတွက် အကျိုးရှိနိုင်တယ်လို့ ရုပ်ရှင်ထဲမှာ ကြားဖူးထားတာကြောင့် စိတ်ထဲ မသတီပေမယ့် ဒီစာသုံးစောင်ကို သိမ်းထားလိုက်တယ်"

ကုစာနာဂိက စာအိတ်များကို ဖွင့်ကြည့်သည်။

စာအိတ်များထဲတွင် ကွန်ပျူတာဖြင့် ပုံနှိပ်ထားသော စာလုံးများနှင့် စာရွက်တစ်ရွက်စီကို တွေ့ရသည်။ စာမှာ များစွာ ရှည်လျားခြင်း မရှိ။

" အခုတလော ခင်ဗျား အလှပြင်တာ ပိုပို ကဲလာသလိုပဲ။ အဝတ်အစားကလည်း ပိုဟော့လာတယ်။ အရင် ဒီလို မဟုတ်ပါဘူး။ ရိုးရိုးယဉ်ယဉ်လေးက ခင်ဗျားနဲ့ ပိုလိုက်ဖက်တယ်။ ပြီးတော့ ခင်ဗျား အိမ်ပြန်နောက်ကျနေတာကို တွေ့ရတော့ ကျွန်တော် စိတ်မချချင်တော့ဘူး။ အလုပ်ပြီးတာနဲ့ အိမ်ကို ချက်ချင်း ပြန်လာခဲ့ပါ "

" ခင်ဗျားမှာ စိတ်ညစ်စရာတွေ ရှိနေတာလား။ ရှိနေမယ်ဆိုရင် ကျွန်တော့်ကို မခြွင်းမချန် ပြောပြစေချင်တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော် ခင်ဗျားကို ညတိုင်း ဖုန်းခေါ်နေတာလေ။ ကျွန်တော် ခင်ဗျားကို အကြံဉာဏ်တွေ အများကြီး ပေးနိုင်ပါတယ်။ တခြားလူတွေက ယုံရတာ မဟုတ်ဘူး။ သွားလည်း

မယုံမိစေနဲ့။ ကျွန်တော့်စကားကိုပဲ နားထောင်ပါ ❞

❝ တစ်ခုခု ဖြစ်လာတော့မယ်လို့ ကျွန်တော် အာရုံရနေတယ်။ ခင်ဗျား ကျွန်တော့်ကို သစ္စာဖောက်သွားမှာ ကျွန်တော် စိုးရိမ်နေမိတယ်။ အဲဒီလို ဖြစ်မလာနိုင်ပါဘူးလို့ ကျွန်တော် ယုံကြည်ထားပေမယ့် တကယ်လို့သာ အဲဒီလို ဖြစ်လာခဲ့မယ်ဆိုရင် ခင်ဗျားကို လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး။ ကျွန်တော်သာလျှင် ခင်ဗျားရဲ့ တစ်ဦးတည်းသော ရဲဘော်ရဲဘက်ပဲ။ ကျွန်တော်သာလျှင် ခင်ဗျားကို စောင့်ရှောက်ပေးနိုင်တယ် ❞

စာများကို ဖတ်ပြီးနောက် ကုစာနာဂိသည် စာအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

“ကျွန်တော် ခဏ ယူထားလို့ ရမလား”

“ရှင်တို့ သဘောပါ”

“တခြားရော ထူးထူးခြားခြား ဖြစ်ခဲ့တာတွေ ရှိသေးလား”

“ကျွန်မတော့ မကြုံဘူး ....” ယာစုကိုက တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

“သမီးမှာ ကြုံခဲ့ရလို့လား”

“ဟင့်အင်း၊ မဟုတ်ဘူး။ မစ္စတာကူဒို ....”

“မစ္စတာ ကူဒို ကုနိအာကိ? သူက ဘာတွေကြုံခဲ့ရလို့လဲ”

“သူ့ဆီလည်း ထူးဆန်းတဲ့ စာတစ်စောင် ရောက်လာတယ်လို့ ရှေ့တစ်ခေါက် ကျွန်မတို့ ဆုံကြတုန်းက ကျွန်မကို ပြောတယ်။ စာထည့်သူနာမည် မပါဘူး။ စာထဲမှာ ကျွန်မအနား မကပ်ဖို့ သူ့ကို ခြိမ်းခြောက်ထားတယ်။ ပြီးတော့ ခိုးရိုက်ထားတဲ့ သူ့ဓာတ်ပုံကိုပါ စာအိတ်ထဲ တွဲထည့်ပေးထားတယ်”

“ဒါဆို သူ့ကိုပါ လိုက်ချောင်းနေတယ် ဆိုတဲ့ သဘောပေါ့”

လက်ရှိအခြေအနေအရ ဆိုရပါမူ စာထည့်သူမှာ အိရှိဂါမိမှ လွဲ၍ တခြားသူ မဖြစ်နိုင်။ ကုစာနာဂိသည် ယုကာဝါကို သတိရလာသည်။ သူသည် အိရှိဂါမိအား ပညာရှင်တစ်ယောက်အဖြစ် လွန်စွာ လေးစားနေသည်။ သူ လေးစားဂုဏ်ယူနေသော ထိုသူငယ်ချင်းသည် စိတ္တဇဝေဒနာရှင်တစ်ယောက်အလား ဤသို့သော ဆိုးညစ်သည့် အလုပ်များကို ရှူးရှူးမိုက်မိုက် လုပ်ကိုင်ခဲ့သည်ဟု သိရှိသွားပါမူ သူ မည်မျှ ဆို့နင့်ကြေကွဲသွားချိမ့်မည်နည်း။

တံခါးခေါက်သံ မြည်လာသည်။ “ဝင်ခဲ့ပါရှင်” ဟူသော ယာစုကို၏အသံ ထွက်ပေါ်ပြီးနောက် ငယ်ရွယ်သော ရဲသားတစ်ဦးသည် တံခါးဖွင့်ပြီး အတွင်းသို့ ခေါင်းလျှိုကြည့်သည်။ အိရှိုဂါမိ၏ အခန်းကို စစ်ဆေးရန် တာဝန်ချထားခြင်း ခံရသော ရဲဘော်တစ်ဦး။

“ဆရာကုစာနာဂိ၊ ခဏ ထွက်လာလို့ ရမလား”

“အေး အေး” ကုစာနာဂိက ခေါင်းညိတ်ကာ မတ်တတ်ရပ်လိုက်သည်။

တစ်ဘက်ခန်းသို့ ရောက်သောအခါ မာမီယာသည် ထိုင်ခုံတွင် ထိုင်လျက် သူ့ကို စောင့်နေသည်။ စားပွဲပေါ်တွင် ကွန်ပျူတာကို ဖွင့်လျက် တွေ့ရသည်။ ရဲဘော်ကလေးများသည် ပစ္စည်းများစွာကို စက္ကူပုံးထဲ ထည့်ရင်း အလုပ်များနေကြသည်။

မာမီယာက စာအုပ်စင်ဘေးရှိ နံရံကို လက်ညှိုးထိုးပြသည်။ “အဲဒီမှာ ကြည့်ကြည့်”

အံ့သြလွန်းသောကြောင့် ကုစာနာဂိထံမှ အာမေဍိတ်သံ ထွက်ပေါ်လာသည်။

နံရံ၏ ထောင့်တစ်ထောင့်မှ နံရံကပ်စက္ကူကို ခွာချထားပြီး နံရံတွင် ထွင်းဖောက်ထားသည့် ၂၀ စင်တီမီတာ အလျားရှိသော စတုရန်းကွက်တစ်ကွက်ကို တွေ့နေရသည်။ ၎င်းအပေါက်ထဲမှ ဓာတ်ကြိုးတစ်ကြိုး တွဲလောင်းကျနေကာ ထိုဓာတ်ကြိုး၏ အဆုံးတွင် နားကြပ်တစ်ခု ရှိနေသည်။

“မင်း နားကြပ်ကို တပ်ပြီး နားထောင်ကြည့်ကြည့်စမ်း”

ကုစာနာဂိသည် မာမီယာ၏ စေခိုင်းချက်အတိုင်း နားကြပ်ကို နားတွင်တပ်၍ နားထောင်ကြည့်ရာ စကားပြောသံများ ကြားလာရသည်။

“တကယ်လို့ အိရှိုဂါမိရဲ့ ထွက်ဆိုချက်တွေကို မှန်တယ်လို့ အတည်ပြုနိုင်ရင် နောက်ပိုင်းကိစ္စက မြန်မြန်နဲ့ ပြီးသွားတော့မှာ။ နောက်ဆို မစ္စဟာနာအိုကာတို့ကိုလည်း အနှောင့်အယှက် ပေးမှာ မဟုတ်တော့ပါဘူး”

ကိရှိတာနိ၏ အသံဖြစ်သည်။ ဆူညံသံတချို့ ညပ်ပါနေသော်လည်း ပြောစကားကို ကောင်းစွာ ကြားနိုင်သည်။ နံရံတစ်ချပ် ခြားထားလျက် ရှိသည်ဟု မထင်ရလောက်အောင် အသံမှာ ပြတ်သားနေသည်။

“မစ္စတာအိရှိုဂါမိကို ဘယ်လို ပြစ်ဒဏ်မျိုး ချမှတ်မှာလဲ”

"ဒါကတော့ တရားရုံးရဲ့ အမိန့်ပေါ် မူတည်တာပဲ။ သူ ကျူးလွန်ထားတာက လူသတ်မှုဆိုတော့ သေဒဏ် မပေးရင်တောင် သက်သက်ညှာညှာ ခံရလိမ့်မယ် မထင်ဘူး။ နောက်နောင်တော့ ခင်ဗျားကို နှောင့်ယှက်နိုင်မှာ မဟုတ်တော့ပါဘူး"

'ဒီကောင် ရဲတစ်ယောက်လုပ်နေပြီး ဒီလောက်တောင် လျှာရှည်ရသလား' ကုစာနာဂိကု နားကြပ်ကို ဖြုတ်ရင်း စိတ်ထဲမှ ကျိန်ဆဲနေမိသည်။

"ခဏနေကျရင် ဟာနာအိုကာ ယာစုကိုကို အဲဒါ ခေါ်ပြလိုက်။ အိရှိဂါမိရဲ့ စကားအရဆိုရင် ဒီပစ္စည်း ရှိနေတာကို သူ သိထားလောက်တယ်။ ဒါပေမယ့် ငါကတော့ သူ့စကားကို သိပ် မယုံချင်ဘူး"

"အိရှိဂါမိ လုပ်ခဲ့သမျှကို ဟာနာအိုကာ ယာစုကိုက ဘာမှ သိခဲ့မှာ မဟုတ်ဘူးလို့ ဆရာ ဆိုလိုချင်တာလား"

"စောစောက မင်းတို့နှစ်ယောက် ပြောခဲ့တဲ့ စကားတွေကို ငါ အကုန် ကြားပြီးသွားပြီ" မာမီယာသည် နံရံပေါ်မှ တွဲလောင်းကျနေသော နားကြပ်ကို စိုက်ကြည့်ရင်း ပြုံးလိုက်သည်။ "အိရှိဂါမိ ဆိုတဲ့ကောင်က တကယ့်ကို မယားတရူးပဲ။ သုက်ပိုး ဦးနှောက်ထဲဝင်ပြီး ကြောင်နေတဲ့ ကောင်မျိုး။ ယာစုကိုနဲ့ သူရဲ့ ဆက်ဆံရေးကို သူ့ဟာသူ စိတ်ကူးထဲမှာ စိတ်ကြိုက်ပုံဖော်ပြီး တစ်ဘက်သတ် ကျိတ်ရူးနေတဲ့ကောင်။ ဒါကြောင့်လည်း ယာစုကိုအနား ကပ်လာသမျှ ယောကျ်ားတိုင်းကို ရှင်းထုတ်ပစ်ဖို့ ကြိုးစားနေတာပေါ့။ လင်ဟောင်းကို ဒီလောက် မုန်းနေရတာလည်း အထူးအဆန်းတော့ မဟုတ်တော့ဘူး"

"အဲ ....."

"ဘာဖြစ်တာလဲ။ မင်းမျက်နှာက မသာမယာနဲ့။ အီးမှန်ထားသလိုပဲ။ ဘာတွေ အလိုမကျ ဖြစ်နေတာလဲ။ ပြောစမ်းပါဦး"

"မဟုတ်ပါဘူး ဆရာ။ ကျွန်တော် အိရှိဂါမိဆိုတဲ့ လူရဲ့ စရိုက်ကို အထိုက်အလျောက် နားလည်တယ်လို့ ယူဆထားတယ်။ ဒါပေမယ့် အခု သူ ထွက်ဆိုထားသမျှ အကြောင်းအရာတွေ အကုန်လုံးက ကျွန်တော်သိထားတဲ့ သူ့ရဲ့ စရိုက်သဘာဝနဲ့ လုံးဝ ခြားနားနေသလိုပဲ။ ဒါကြောင့် ကျွန်တော့်စိတ်ထဲ မချိတင်ကဲ ဖြစ်နေမိတာပါ"

"လူပဲကွာ။ မျက်နှာဖုံးအမျိုးမျိုး စွပ်ထားတတ်ကြတယ်။ သူ့လို ဂေါက်ကြောင်မျိုးရဲ့ မျက်နှာဖုံးကို လွယ်လွယ်နဲ့ ခွာချလို့ ရတာ မဟုတ်ဘူး"

"အဲဒါကိုတော့ ကျွန်တော်လည်း သဘောပေါက်ပါတယ်။ ..... အသံဖမ်းစက်အပြင် တခြားရော ဘာရှာတွေ့သေးလဲ ဆရာ"

မာမီယာက လေးလေးနက်နက် ခေါင်းညိတ်ပြသည်။

"အပူပေးစားပွဲရဲ့ ခြေတက်ကြိုးကို တွေ့တယ်။ စားပွဲနဲ့အတူ ပုံးတစ်ပုံးထဲမှာ ထည့်သိမ်းထားတယ်။ ခြေတက်ကြိုးက ချည်မျှင်အကာနဲ့။ တိုဂါရှိုကို သတ်ခဲ့တဲ့ လက်နက်နဲ့ တထေရာတည်းပဲ။ အဲဒီကြိုးပေါ်မှာသာ အသတ်ခံရသူရဲ့ အရေပြား နည်းနည်းလေး ရှာတွေ့မယ် ဆိုရင် တရားခွင် တင်လို့ရပြီ"

"တခြားရော"

"မင်း ဒါကို ကြည့်ကြည့်စမ်း" မာမီယာက ကွန်ပျူတာမှ မောက်စ်ကို ရွှေ့လိုက်သည်။ သူ၏ ကိုင်တွယ်ပုံမှာ မယုံနိုင်လောက်အောင် ကျွမ်းကျင်လှသည်။ တစ်စုံတစ်ဦးက သူ့ကို သင်ပေးထားခဲ့ပုံ ရသည်။ "ဟောဒါပဲ"

ဖန်သားမျက်နှာပြင်ပေါ်တွင် စာပိုဒ်တစ်ပိုဒ်ကို တွေ့နေရသည်။ ကုစာနာဂိက အနားသို့ ကပ်ပြီး သေချာစွာ ဖတ်ကြည့်လိုက်သည်။

❝ ခင်ဗျားနဲ့ မကြာမကြာ တွဲတွဲနေတဲ့ လူက ဘယ်သူလဲဆိုတာ ကျွန်တော် စုံစမ်းလို့ ရသွားပြီ။ ကျွန်တော် သူ့ခြေတက်ပုံကို ဘာကြောင့် ရိုက်ယူထားသလဲဆိုတာ ခင်ဗျား သဘောပေါက်မှာပေါ့။ ကျွန်တော် ခင်ဗျားကို မေးပါရစေဦး။ အဲဒီလူနဲ့ ခင်ဗျားက ဘယ်လို ပတ်သက်နေတာလဲ။ ခင်ဗျားတို့နှစ်ယောက်ရဲ့ ပတ်သက်မှုက သမီးရည်းစားအဆင့်ပါ ဆိုရင်တော့ ခင်ဗျား ကျွန်တော့်ကို ရက်ရက်စက်စက် သစ္စာဖောက်လိုက်တာပဲ။ ခင်ဗျားအတွက် ကျွန်တော် ဘာတွေ လုပ်ပေးခဲ့သလဲဆိုတာ ခင်ဗျား နည်းနည်းလေးမှ သတိမရတော့ဘူးလား။ ခင်ဗျားကို ကျွန်တော် ဒီကိစ္စမှာ အမိန့်ပေးပိုင်ခွင့် ရှိတယ်လို့ ကျွန်တော် ယူဆတယ်။ ခင်ဗျား အဲဒီလူနဲ့ ချက်ချင်း အဆက်အသွယ် ဖြတ်ပါ။ အဲဒီလို မလုပ်ခဲ့ရင်တော့ ကျွန်တော့်အဆိုး မဆိုပါနဲ့။ အဲဒီလူကို တိုဂါရှိုလို ဇာတ်သိမ်းသွားအောင် လုပ်လိုက်ဖို့ရာ ကျွန်တော်အတွက် နည်းနည်းလေးမှ အခက်အခဲ မရှိဘူး။ အဲဒီလို လုပ်နိုင်ဖို့ အားလုံး အဆင်သင့် ဖြစ်နေသလို အချိန်မရွေးလည်း လုပ်လိုက်လို့ ရတယ်။ နောက်တစ်ခေါက် ထပ်ပြောပါရစေ။ တကယ်လို့ ခင်ဗျားသာ အဲဒီလူနဲ့ သမီးရည်းစား ဆက်ဆံရေးမျိုး ရှိနေခဲ့ရင် အဲဒီလို သစ္စာဖောက်မှုမျိုးကို ကျွန်တော် နည်းနည်းမှ သည်းခံနေမှာ မဟုတ်ဘူး။ ကျွန်တော် မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်စားချေရပါလိမ့်မယ်။ ❞

အခန်း (၁၇ - က)

ပြတင်းပေါက်နံဘေးတွင် ရပ်နေသော ယုကာဝါသည် အပြင်ဘက်သို့ မျက်တောင်မခတ်ဘဲ ငေးကြည့်နေသည်။ အထီးကျန်ခြင်းနှင့် ဆို့နင့်ကြေကွဲခြင်းဟူသော ခံစားမှုတို့သည် သူ၏ ကျောပြင်မှ တရှိန်းရှိန်း ဖြာထွက်နေသော အခိုးအငွေ့များသဖွယ် သူ့တစ်ကိုယ်လုံးအား လွှမ်းမိုးနေကြသည်။ မကြာခင်ကမှ ဆုံစည်းခဲ့ရသော ငယ်သူငယ်ချင်း၏ ဒုစရိုက်မှုအကြောင်းကို ကြားသိရ၍ တုန်လှုပ်ချောက်ချားနေခြင်း ဖြစ်ရမည်ဟု အဓိပ္ပာယ် ဖွင့်ချင် ဖွင့်နိုင်ပေသည်။ သို့သော် ကုစာနာဂိ၏ အမြင်အရ ထို့ထက် ပိုလိမ့်မည်ဟု သံသယ ဝင်နေမိသည်။

“ဒီတော့” ယုကာဝါက အသံတိုးတိုးဖြင့် ပြောသည်။ “မင်းက အဲဒါကို ယုံလိုက်တယ်ပေါ့။ အိရှိဂါမိရဲ့ ထွက်ဆိုချက်ကို ပြောတာ”

“ရဲတစ်ယောက်အနေနဲ့ သံသယ ဝင်စရာ ဘာအကြောင်းမှ မရှိဘူးလေ” ကုစာနာဂိက ပြောသည်။ “ငါတို့ နည်းပေါင်းစုံသုံးပြီး သူ့စကားတွေကို တိုက်ဆိုင်စစ်ဆေးကြည့်ပြီးသွားပြီ။ အိရှိဂါမိရဲ့ အိမ်နဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ အများသုံး ဖုန်းရုံကို ငါ ဒီနေ့ ရောက်ခဲ့ပြီးပြီ။ အဲဒီကနေ သူ ညတိုင်း ယာစုကိုဆီ ဖုန်းဆက်တယ် ပြောတာပဲ။ ဖုန်းရုံရဲ့ ဘေးနားလေးမှာ ကုန်စုံဆိုင်တစ်ဆိုင် ရှိတယ်။ ဆိုင်ပိုင်ရှင်က အိရှိဂါမိကို မြင်ဖူးတယ်တဲ့။ အခုခေတ်မှာ အများသုံး ဖုန်းရုံကို သုံးတဲ့လူက မရှိသလောက် ရှားနေပြီဆိုတော့ ဆိုင်ရှင်က သူ့ကို ကောင်းကောင်း မှတ်မိနေတယ်”

ယုကာဝါသည် တစ်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာပြီး ကုစာနာဂိနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

“ငါက ရဲတစ်ယောက်အနေနဲ့ ဘယ်လို မြင်သလဲလို့ မေးနေတာ မဟုတ်ဘူး။ ငါက မင်းကို မေးနေတာ။ မင်း ယုံသလား။ စစ်ဆေးတာ၊ မစစ်ဆေးတာတွေ ငါ စိတ်မဝင်စားဘူး”

ကုစာနာဂိက ခေါင်းဆတ်ပြီး သက်ပြင်းချလိုက်သည်။

“ပွင့်ပွင့်လင်းလင်း ပြောရရင် ငါလည်း ထူးဆန်းနေတယ်။ သူပြောခဲ့တဲ့ စကားတွေက ကျိုးကြောင်းဆီလျော်နေသလို ငါတို့ အရင်က သိထားတာတွေနဲ့လည်း ဝိရောဓိ မဖြစ်ဘူး။ ဒါပေမယ့်လည်း ငါ ယုံလို့ မရဘူး

ဖြစ်နေတယ်။ အိရှိဂါမိက အဲဒီလို အလုပ်မျိုး လုပ်လိမ့်မယ်လို့ ငါ မယုံဘူး။ အဲဒါက ငါ့ရဲ့ ခံစားချက်ပဲ။ ခက်တာ ငါ့အထက်လူကြီးက အဲဒီလို စကားမျိုး မကြားချင်ဘူး”

“မင်းတို့ အထက်လူကြီးတွေက လူသတ်မှုအတွက် လက်ညှိုးထိုးစရာ လူတစ်ယောက် ရလာတော့ အပျော်ကြီး ပျော်နေမှာပေါ့။ ဒုက္ခခံပြီး ဘာဖြစ်လို့ ထပ်စဉ်းစားချင်ပါဦးတော့မလဲ”

“သံသယဖြစ်စရာ အချက်ကလေးတစ်ချက်သာ ထင်ထင်ရှားရှား ရှိလာရင်ကိုပဲ အခြေအနေက အများကြီး ပြောင်းလဲသွားနိုင်တယ်။ ဒါပေမယ့် ဘာမှ ရှာမတွေ့ဘူး။ သိပ်ကို ပြီးပြည့်စုံလွန်းနေတယ်။ စက်ဘီးပေါ်က လက်ဗွေရာကို ဘာဖြစ်လို့ မဖျက်ပစ်တာလဲလို့ သူ့ကို မေးတော့ တိုဂါရှိ စက်ဘီးစီးလာမှန်းကို သူ မသိပါဘူးတဲ့။ ဘာမှ သံသယ ဖြစ်စရာ မရှိတော့ အိရှိဂါမိရဲ့ ထွက်ဆိုချက်ဟာ အမှန်တွေပါလို့ ထောက်ခံပေးသလို ဖြစ်နေတော့တာပေါ့။ ဒီအခြေအနေမျိုး ရောက်မှတော့ စုံစမ်းစစ်ဆေးမှုကို အစကနေ ပြန်စဖို့လည်း လုံးဝ မဖြစ်နိုင်တော့ဘူး”

“အတိုချုပ် ပြောရရင် မင်းက မယုံပေမယ့် အများလက်ခံထားတဲ့ ဆုံးဖြတ်ချက်အတိုင်း အိရှိဂါမိဟာ လူသတ်သမား ဖြစ်တယ်လို့ မဖြစ်မနေ လိုက်နာလိုက်ရတယ် ဆိုပါတော့”

“ငါ့ကို မခနဲ့ပါနဲ့ကွာ။ ခံစားချက်ထက် အချက်အလက်ကို ဦးစားပေးရမယ် ဆိုတာ မင်းရဲ့ မူဝါဒပဲ မဟုတ်ဘူးလား။ လောဂျစ်အရ ကြောင်းကျိုးကိုက်ညီနေမှတော့ စိတ်ထဲက လက်မခံချင်လည်း လက်ခံရတော့မှာပဲ။ အဲဒါက သိပ္ပံပညာရှင်တွေရဲ့ အခြေခံမူဝါဒပဲလို့ မင်းပဲ ပြောခဲ့ဖူးတာလေ”

ယုကာဝါက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြီး ကုစာနာဂိနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

“အိရှိဂါမိနဲ့ နောက်ဆုံးတစ်ကြိမ် တွေ့ကြတုန်းက သူ ငါ့ကို မေးခွန်းတစ်ခု မေးခဲ့တယ်။ အင်မတန် နာမည်ကြီးတဲ့ P = NP ပုစ္ဆာပေါ့။ ကိုယ်တိုင် အဖြေထုတ်တာနဲ့ သူများထုတ်ထားတဲ့ အဖြေကို မှန်မမှန် စစ်ဆေးတာ၊ ဘယ်ဟာက ပိုလွယ်သလဲတဲ့”

ကုစာနာဂိက မျက်မှောင်ကြုတ်လိုက်သည်။ “အဲဒါက သင်္ချာလား။ ကြားရတာ ဒဿနဆန်နေသလိုပဲ”

“မင်း သဘောပေါက်လား။ အိရှိဂါမိက မင်းတို့ကို အဖြေတစ်ခု ထုတ်ပေးခဲ့တယ်။ အဲဒါက သူ့ရဲ့ ဖြောင့်ချက်၊ ထွက်ဆိုချက်ပဲ။ ဘယ်လိုကြည့်ကြည့်

အပြစ်အနာအဆာ မရှိဘူးလို့ ထင်ရတဲ့ အဲဒီအဖြေကို သူ့ရဲ့ မဟာဦးနှောက်ကြီးနဲ့ ဖန်တီးတည်ဆောက်ထားခဲ့တာ။ တကယ်လို့သာ မင်းတို့က အဲဒါကို ကျေကျေနပ်နပ်ကြီး လက်ခံလိုက်မယ် ဆိုရင် မင်းတို့ ရှုံးသွားပြီလို့ မှတ်လိုက်ကြပေတော့။ သူက မင်းတို့အကုန်လုံးကို သတ္တိရှိရှိနဲ့ စိန်ခေါ်ခဲ့တယ်။ မင်းတို့ ဆက်လုပ်ရမှာက သူ့ကို အားသွန်ခွန်စိုက် ရင်ဆိုင်ကြဖို့ပဲ။ သူ ထုတ်ပြလာတဲ့ အဖြေဟာ မှားသလား၊ မှန်သလား ဆိုတာ ခွဲခြမ်းစိစစ် ပြနိုင်ရမယ်”

“လိုအပ်တာအားလုံး ငါတို့ တိုက်ဆိုင်စစ်ဆေး ပြီးကြပြီပဲ”

“မင်းတို့ လုပ်ခဲ့သမျှက သူရဲ့ သက်သေပြချက်အတိုင်း ခြေရာခံသွားတာပဲ ရှိတာ။ တကယ်တမ်း မင်းတို့ လုပ်သင့်တာက တခြားအဖြေ တစ်ခုခုများ ရှိနိုင်သေးသလားလို့ စုံစမ်းရှာဖွေဖို့ပဲ။ သူ တင်ပြထားတဲ့ အဖြေအပြင် တခြား ဘာမှ ဖြစ်နိုင်စရာ မရှိတော့ဘူးလို့ သက်သေပြနိုင်တဲ့ အဆင့်ရောက်မှ ဒီအဖြေဟာ တစ်ခုတည်းသော အဖြေပါလားလို့ အပိုင် ပြောနိုင်တော့မှာ”

ယုကာဝါ၏ မာကျော ခက်ထန်နေသော လေသံထဲမှ သူ၏ စိတ်စနိုးစနောင့် ဖြစ်နေမှုကို ခံစားသိရှိနိုင်သည်။ အမြဲတမ်း တည်ငြိမ်အေးဆေးစွာ ဆက်ဆံပြောဆိုတတ်သော လောကဓာတ်ဆရာကြီးထံမှ ထိုသို့သော တင်းမာမှုမျိုးကို တွေ့မြင်ရခဲ့သည်။

“အိရှိဂါမိက ညာနေတယ်လို့ မင်း ထင်နေတာလား။ သူက လူသတ်တရားခံ မဟုတ်ဘူးပေါ့”

ယုကာဝါသည် မျက်မှောင်ကို ကုတ်ကာ ခေါင်းငုံ့သွားသည်။

“မင်းက ဘာကြောင့် အဲဒီလို ပြောနိုင်ရတာလဲ” ကုစာနာဂိက ဆက်မေးသည်။ “တကယ်လို့ မင်းမှာ ကိုယ်ပိုင် သီအိုရီရှိတယ် ဆိုရင် ငါလည်း အဲဒါကို ကြားချင်တယ်။ ဒါမှမဟုတ် မင်းက မင်းရဲ့ ငယ်သူငယ်ချင်းကို လူသတ်သမားတစ်ယောက်အဖြစ် လက်မခံနိုင်ရုံ သက်သက်ပဲလား”

ယုကာဝါသည် မတ်တတ်ရပ်ပြီး ကုစာနာဂိကို ကျောပေးလိုက်သည်။

“ယုကာဝါ ....”

“ငါ မယုံချင်တာတော့ အမှန်ပဲ” ယုကာဝါက ပြောသည်။ “ငါ အရင်က ပြောခဲ့ဖူးသလိုပေါ့။ သူ ပထမဆုံး ဦးစားပေးတာက လောဂျစ်၊ အဲဒီနောက်ကမှ စိတ်ခံစားမှုလိုက်တယ်။ ကြုံတွေ့နေရတဲ့ ပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် နည်းလမ်းတစ်ခုခုကို သူက အကောင်းဆုံး နည်းလမ်းပဲလို့ ယုံကြည်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီနည်းလမ်းကို အကောင်အထည် ဖော်နိုင်ဖို့အတွက် သူ ဘာမဆို

လုပ်ရဲတယ်။ လုပ်ရဲတယ် ဆိုပေမယ့်လည်း လူသတ်ရဲလောက်တဲ့အထိ လုပ်လိမ့်မယ်လို့ ငါတော့ မထင်ဘူး။ .... ပြီးတော့ အဲဒီလူက ကိုယ်နဲ့ ဘယ်လိုမှ မပတ်သက်တဲ့ လူတစ်ယောက်”

“အဲဒါနဲ့ပဲ မင်းက သူ့ရဲ့ ထွက်ဆိုချက်ကို လက်မခံနိုင်အောင် ဖြစ်နေရတာလား”

ယုကာဝါသည် ရုတ်ချည်း လှည့်လာပြီး ကုစာနာဂိကို စိုက်ကြည့်လိုက်သည်။

“လောကမှာ ရှိတဲ့ ကိစ္စတချို့ကို ငါတို့က ဘယ်လောက်ပဲ မယုံကြည်ချင်ပါဘူး ပြောပြော၊ အမှန်တရားအဖြစ် လက်ခံပေးရတဲ့ အရာတွေ ရှိနေသေးတာပဲ။ အဲဒါကို ငါ နားလည်ပါတယ်”

“ဒါဆို အိရှိဂါမိကို အပြစ်ကင်းပါတယ်လို့ ထင်နေတုန်းပဲလား”

ယုကာဝါ၏ မျက်နှာမှာ ရှုံ့မဲ့သွားပြီး ခေါင်းကို ခါယမ်းနေသည်။ “ငါ အဲဒီလို ပြောမှာ မဟုတ်ဘူး”

“မင်း ဘာပြောချင်တယ်ဆိုတာ ငါသိတယ်။ တိုဂါရှိကို တကယ်တမ်း သတ်တဲ့သူက ဟာနာအိုကာ ယာစုကို။ အိရှိဂါမိက သူ့ကို ကာကွယ်ဖို့ ကြိုးစားနေတယ်လို့ မင်း ယူဆနေတာ မဟုတ်လား။ ဒါပေမယ့် စုံစမ်းမှုတွေ အသေးစိတ်လာလေလေ အဲဒီ ဖြစ်နိုင်ခြေက နည်းလာလေလေပဲ။ အိရှိဂါမိရဲ့ ချောင်းမြောင်း နောက်ယောင်ခံတတ်တဲ့ အပြုအမူနဲ့ သက်ဆိုင်တဲ့ ဝတ္ထုသက်သေတွေ ငါတို့ အများကြီး ရထားပြီးပြီ။ ကိုယ့်ချစ်သူကို ကာကွယ်ပေးချင်တာနဲ့ပဲ ဒီလောက်အဆင့်ထိ ဟန်ဆောင်နေဖို့ရာ မဖြစ်နိုင်သလောက်ပဲ။ နောက်ပြီးတော့ လောကမှာ ဘယ်လိုလူမျိုးက လူသတ်မှုတစ်ခုကို စိတ်လိုလက်ရ ခေါင်းခံပေးချင်မှာတဲ့လဲ။ ယာစုကို ဆိုတာက အိရှိဂါမိအတွက် ဇနီးမယားလည်း မဟုတ်ဘူး။ မိသားစုဝင်လည်း မဟုတ်ဘူး။ ကုန်ကုန်ပြောရရင် သမီးရည်းစားလို့တောင် ပြောလို့ မရဘူး။ အိရှိဂါမိက လူသတ်မှုကို ဖုံးကွယ်ပေးဖို့၊ ယာစုကိုကို ကာကွယ်ပေးဖို့ ဆန္ဒရှိခဲ့တယ်ပဲ ဆိုကြပါစို့။ ဒါပေမယ့် ဘယ်လိုမှ ဖုံးလို့ ဖိလို့ မရတော့ဘူး ဆိုတဲ့ အခြေအနေမျိုး ရောက်သွားရင် အလိုလို လက်လျှော့သွားမှာပဲ။ အဲဒါက လူ့သဘာဝပဲ မဟုတ်လား”

ယုကာဝါသည် တစ်စုံတစ်ခုကို ရုတ်တရက် သဘောပေါက် နားလည်သွားသည့်အလား မျက်လုံးများ ပြူးကျယ်လာသည်။ “ဟုတ်တယ်” သူက ရေရွတ်နေသည်။ “ဘယ်လိုမှ ဖုံးလို့ ဖိလို့ မရတော့ဘူး ဆိုတဲ့ အခြေအနေမျိုး ရောက်သွားရင် အလိုလို လက်လျှော့သွားမှာ။ အဲဒါက သာမန်လူတွေရဲ့ တုံ့ပြန်မှုပဲ။

အဆုံးထိ တောင့်ခံပြီး ဆက်လက်ကာကွယ်သွားနိုင်ဖို့က အခက်ခဲဆုံး ပုစ္ဆာတစ်ပုဒ်ပဲ” ယုကာဝါသည် အဝေးသို့ ငေးမောနေရင်း ခပ်တိုးတိုး ရေရွတ်နေသည်။ “အိရှိဂါမိအတွက်လည်း အဲဒီအတိုင်းပဲ။ သူ အဲဒီအချက်ကို ကောင်းကောင်း သိနေတယ်။ အဲဒါကြောင့် ....”

“အဲဒါကြောင့် ဘာဖြစ်လဲ”

“ဟင့်အင်း” ယုကာဝါက ခေါင်းခါသည်။ “ဘာမှမဟုတ်ဘူး”

“အိရှိဂါမိဟာ လူသတ်တရားခံပါလို့ မှုခင်းရဲတစ်ယောက်အနေနဲ့ ငါ ဝန်မခံလို့ မဖြစ်ဘူး။ နောက်ထပ် အထောက်အထားအသစ်သာ ပေါ်မလာတော့ဘူးဆိုရင် ဒီလမ်းကြောင်းအတိုင်း ဆက်သွားနေတော့မှာပဲ”

ယုကာဝါသည် ဘာမျှ ပြန်မပြောဘဲ မျက်နှာကို လက်ဖြင့် ပွတ်သပ်နေသည်။ ထို့နောက် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ “သူ ..... ထောင်ထဲမှာ တစ်သက်လုံး နေသွားဖို့ ရွေးချယ်ထားတာလား”

“လူသတ်ထားမှတော့ ဒီလိုပဲ ဖြစ်ရတော့မှာပေါ့”

“ဟုတ်တာပေါ့” ယုကာဝါသည် ခေါင်းငိုက်စိုက်ချလျက် မလှုပ်မယှက် ရပ်နေသည်။ ထို့နောက် ရပ်နေမြဲအတိုင်း တစ်ချက်ကလေးမျှ လှုပ်ရှားခြင်း မပြုဘဲ စကားဆိုလိုက်သည်။ “ဆောရီးပဲကွာ။ ငါ ပင်ပန်းနေပြီ။ မင်း ပြန်ချင် ပြန်လိုက်တော့”

ယုကာဝါ၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ရသည်မှာ ဟန်ပုံမရ။ ကုစာနာဂိတွင် သံသယများ ရှိနေသေးသော်လည်း နှုတ်ဆိတ်လျက် ထိုင်ခုံမှ ထလာခဲ့သည်။ သူ့သူငယ်ချင်းမှာ ပင်ပန်းချိနဲ့၍ ချုံးချုံးကျနေပြီ။

ကုစာနာဂိသည် ဓာတ်ခွဲခန်း အမှတ် (၁၃) မှ ထွက်လာပြီး မှောင်မဲသော စင်္ကြံလမ်းတွင် လမ်းလျှောက်နေစဉ် အပေါ်ထပ်သို့ တက်လာသော လူငယ်တစ်ယောက်နှင့် ထိပ်တိုက် တိုးမိသည်။ ခန္ဓာကိုယ် ပိန်ပါး၍ ရင့်ကျက်သော မျက်နှာထားရှိသည့် ထိုလူငယ်ကို ကုစာနာဂိက မှတ်မိနေသည်။ ယုကာဝါ၏ တပည့်တစ်ယောက်ဖြစ်သည့် ထိုဘွဲ့ရကျောင်းသား၏ အမည်မှာ တိုကီဝါ ဖြစ်သည်။ ဓာတ်ခွဲခန်းထဲသို့ နောက်ဆုံးအကြိမ် ရောက်ရှိခဲ့စဉ်က ယုကာဝါ ရှီနိုဓာကိဘူတာသို့ သွားကြောင်းကို ကုစာနာဂိအား ပြောပြခဲ့သူမှာ ထိုကျောင်းသားပင် ဖြစ်သည်။

တိုကီဝါသည် သူ့ကို အသိအမှတ်ပြုသည့် အနေဖြင့် ခေါင်းဆတ်ပြပြီးမှ ရှေ့ဆက်လျှောက်သွားသည်။

"ခဏလေး" ကုစာနာဂိက သူ့ကို လှမ်းခေါ်လိုက်သည်။ ဇဝေဇဝါ ဖြစ်နေသော မျက်နှာပေးနှင့် တိုကီဝါ လှည့်လာသောအခါ ကုစာနာဂိသည် သူ့ကို ပြုံးပြလိုက်သည်။ "ခင်ဗျားကို မေးစရာလေး ရှိလို့။ အချိန်ရတယ်မလား"

တိုကီဝါက နာရီကြည့်ပြီး မိနစ်အနည်းငယ်ရကြောင်း ပြောလိုက်သည်။

သူတို့သည် ရူပဗေဒ ဌာနအဆောက်အအုံထဲမှ ထွက်လာကြပြီး ကန်တင်းသို့ ဦးတည်လျှောက်သွားကြသည်။ ရောင်းသူမဲ့စက်မှ ကော်ဖီနှစ်ခွက် ဝယ်ပြီးနောက် အနီးရှိ စားပွဲတစ်လုံးတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ဒါက ခင်ဗျားတို့ ဓာတ်ခွဲခန်းထဲမှာ သောက်ရတဲ့ ကော်ဖီမစ်ထက်တော့ ပိုပြီး သောက်လို့ကောင်းတယ်" ကုစာနာဂိသည် သူ၏ စက္ကူခွက်ထဲမှ ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ တိုကီဝါကို စိတ်လက်ပေါ့ပါးသွားစေရန် စကားကြောင်းလိုက်ခြင်း ဖြစ်သည်။

တိုကီဝါက ပြုံးပြနေသော်လည်း သူ၏ အမူအရာမှာ တင်းတောင့်နေဆဲ။

မူလက ပဋိသန္ဓာရစကားဖြင့် နိဒါန်းပျိုးရန် စိတ်ကူးထားမိသော်လည်း ယခုလို အနေအထားမျိုးတွင် သူ၏ ကြိုးပမ်းမှုမှာ အလဟဿသာ ဖြစ်သွားနိုင်သည်ဟု ကုစာနာဂိက ရိပ်စားမိသည်။ သို့ဖြင့် ဆိုင်းမဆင့် ဗုံမဆင့်တော့ဘဲ မေးချင်သည့် မေးခွန်းကို တိုက်ရိုက် မေးချလိုက်သည်။ "ကျွန်တော် မေးချင်တာက ခင်ဗျားတို့ရဲ့ လက်ထောက်ပါမောက္ခ ဆရာယုကာဝါအကြောင်းပဲ။ အခုတလော သူ့ကို ကြည့်ရတာ ဘာများ မူမမှန်တာ တွေ့သလဲ"

တိုကီဝါ၏ မျက်နှာသည် ထိုမေးခွန်းကြောင့် ပို၍ ရှုံ့မဲ့သွားသည်။ 'ငါ မေးခွန်းမေးပုံများ လွဲသွားတာလား' ဟု ကုစာနာဂိက တွေးနေမိသည်။

"သူ့အလုပ်နဲ့ မဆိုင်တဲ့ကိစ္စအတွက် စုံစမ်းနေတာမျိုး၊ ဒါမှမဟုတ် တစ်နေရာရာ ထွက်သွားတာမျိုး ရှိလား"

တိုကီဝါက အံကို ကြိတ်လိုက်သည်။ သူ့ကို ကြည့်ရသည်မှာ မေးခွန်းကို အကြိတ်အနယ် စဉ်းစားနေသည့်ပုံတော့ ပေါ်လွင်နေသည်။ ကုစာနာဂိက သူ့ကို ပြုံးပြလိုက်သည်။

"သူက အမှုတစ်ခုခုနဲ့ ပတ်သက် စပ်ဆိုင်နေလို့ မဟုတ်ပါဘူး။ ရှင်းပြရမှာတော့ နည်းနည်း ခက်တယ်။ ကျွန်တော့်အထင်တော့ ယုကာဝါက ကျွန်တော့်ကို မသိစေချင်လို့ တစ်စုံတစ်ခု ဖုံးကွယ်ထားသလိုပဲ။ ကျွန်တော် သူ့ကို တိုက်ရိုက် မေးကြည့်ချင်တာပဲ။ ဒါပေမယ့် ခင်ဗျားသိတဲ့အတိုင်းပဲ။ ခင်ဗျားဆရာက ခေါင်းသိပ်မာတာ"

တစ်ဘက်သားကို ထိုမျှ ရှင်းပြရုံဖြင့် မည်မျှ အရာရောက်မည်ကို ကုစာနာဂိကိုယ်တိုင်က မရေမရာ ဖြစ်နေသော်လည်း တိုကီဝါ၏ မျက်နှာမှ ဖော်ရွေသော အမူအရာများကို စတင်၍ မြင်လာရသည်။ 'ခေါင်းသိပ်မာတာ' ဟူသော စကားကို သူလည်း သဘောတူကြောင်း ဖော်ပြနေသည့်နှယ်။

"ဆရာ ဘာကို စုံစမ်းနေသလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ ဒါပေမယ့် ရှေ့ရက်တွေတုန်းက သူ စာကြည့်တိုက်ကို ဖုန်းဆက်နေတာတော့ ကျွန်တော် တွေ့တယ်" တိုကီဝါက ပြောသည်။

"စာကြည့်တိုက်? ဒီတက္ကသိုလ်ထဲက စာကြည့်တိုက်ကို ပြောတာလား"

တိုကီဝါက ခေါင်းညိတ်ပြသည်။ "စာကြည့်တိုက်ထဲမှာ သတင်းစာရှိသလားလို့ မေးနေသလိုပဲ"

"သတင်းစာ? စာကြည့်တိုက်ဆိုမှတော့ သတင်းစာ ရှိတာပေါ့"

"ဟုတ်ကဲ့။ ဒါပေမယ့် ဆရာသိချင်တာက သတင်းစာအဟောင်းတွေကို ဘယ်လောက်ကြာကြာ သိမ်းထားတတ်သလဲလို့ သိချင်တာ"

"သတင်းစာအဟောင်း ....."

"သတင်းစာက တအားကြီး အဟောင်းတော့ မဟုတ်ဘူး။ ကျွန်တော် မှတ်မိသလောက် ပြောရရင် ဆရာက ဒီတစ်လအတွင်း ထွက်သမျှ သတင်းစာအကုန်လုံးကို ရနိုင်မလားလို့ မေးနေတာ"

"ဒီလ .... အဲတော့ စာကြည့်တိုက်က ဘယ်လို ပြန်ဖြေသလဲ"

"ရှိတယ်လို့ ဖြေတာ နေမှာပေါ့။ ဆရာ စာကြည့်တိုက်ကို ချက်ချင်း ထွက်သွားတယ်"

ကုစာနာဂိက ခေါင်းညိတ်ပြီး တိုကီဝါကို ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ ထို့နောက် ကော်ဖီခွက်ကို လက်ထဲတွင် ကိုင်လျက် မတ်တတ်ရပ်လိုက်သည်။ စက္ကူခွက်ထဲတွင် ကော်ဖီတစ်ဝက်မျှ ကျန်နေသေးသည်။

အမ်ပီရီယယ်တက္ကသိုလ်၏ စာကြည့်တိုက်သည် သုံးထပ်တိုက် အဆောက်အအုံတစ်လုံး ဖြစ်သည်။ ကုစာနာဂိသည် ကျောင်းသားဘဝက ဤစာကြည့်တိုက်သို့ လွန်ရောက်ျရောမှ သုံးကြိမ်သာ ရောက်ခဲ့ဖူးသည်။ စာကြည့်တိုက်အား ပြန်လည်ပြင်ဆင်ထားခြင်း ရှိမရှိ ဆိုသည်ကိုလည်း သူ ကောင်းစွာ မသိပေ။ သူ့အမြင်အရ စာကြည့်တိုက်မှာ များစွာ သစ်လွင်နေဆဲ။

တံခါးမကြီးမှ ဝင်ဝင်ချင်း နေရာတွင် ဧည့်ကြိုကောင်တာကို တွေ့ရသည်။ ထိုနေရာတွင် အမျိုးသမီးဝန်ထမ်းတစ်ယောက် ထိုင်နေသည်။ ကုစာနာဂိသည် သူမအား ယုကာဝါ သတင်းစာရှာသည့် အကြောင်းကို မေးကြည့်သည်။ သူမက သူ့ကို သံသယဖြင့် စိုက်ကြည့်နေသည်။

ကုစာနာဂိက သက်သေခံကတ်ပြားကို ထုတ်ပြရတော့သည်။

“ဆရာယုကာဝါနဲ့ တိုက်ရိုက် ပတ်သက်နေတာတော့ မဟုတ်ပါဘူး။ သူ အဲဒီအချိန်က ဘယ်သတင်းစာ ဖတ်ခဲ့သလဲ ဆိုတာကိုပဲ ကျွန်တော် သိချင်တာပါ” ထိုသို့သော စကားမှာ သဘာဝမကျမှန်း သူ သိနေသော်လည်း သူ့တွင် ပြောရန် တခြားစကားလည်း ရှာမတွေ့ဘဲ ဖြစ်နေသည်။

“ကျွန်မ မှတ်မိသလောက် သူက မတ်လထုတ်သတင်းစာကို ကြည့်ချင်တာ” အမျိုးသမီးက စကားလုံးများကို ဂရုတစိုက် ပြောနေသည်။

“ဘယ်လို သတင်းမျိုးကို ရှာသလဲ ဆိုတာ ခင်ဗျား သိလား”

“အဲဒါတော့ ကျွန်မ မသိဘူး” ထို့နောက် သူမသည် တစ်ခုခုကို သတိရသွားဟန်ဖြင့် စကားစလာပြန်သည်။ “ကျွန်မ မှတ်မိတာတော့ အဲဒီတုန်းက သူ ဒေသတွင်းသတင်း ဖြစ်ရင် ပြီးတာပဲလို့ ပြောတာပဲ”

“ဒေသတွင်းသတင်း? သတင်းစာတွေက ဘယ်မှာလဲဗျ”

“ဒီဘက်ကြွပါ” သူမသည် သူ့ကို သတင်းစာသိမ်းသည့် စင်များရှိရာသို့ ခေါ်ဆောင်သွားသည်။ စင်တိုင်းစင်တိုင်းတွင် ဆယ်ရက်စာ သတင်းစာများကို တစ်စုစီ စုစည်းပေးထားသည်။

“ကျွန်မတို့ဆီမှာက သတင်းစာကို တစ်လစာပဲ သိမ်းထားလေ့ရှိတယ်။ သူ့ထက် ဟောင်းတဲ့ သတင်းစာတွေဆိုရင် ရှင်းထုတ်ပစ်လိုက်တာပဲ။ ဟိုးအရင်ကတော့ သိမ်းထားတာပေါ့။ အခုတော့ မလိုတော့ဘူးလေ။

အင်တာနက်ပေါ်မှာ သတင်းစာအဟောင်းတွေကို ရှာလို့ ရနေပြီပဲ ဥစ္စာ”

“ယုကာဝါက အဲ ….. ဆရာယုကာဝါက မတ်လတစ်လတည်းရဲ့ သတင်းစာတွေကို တောင်းတာလား”

“ဟုတ်တယ်။ မတ်လ ၁၀ ရက်နေ့ နောက်ပိုင်းက သတင်းစာဆိုရင် ရပြီတဲ့”

“မတ်လ ၁၀ ရက်နေ့?”

“ဟုတ်တယ်။ သူက အဲဒီလို ပြောတာ”

“ကျွန်တော် အဲဒီသတင်းစာတွေကို ကြည့်ကြည့်လို့ ရမလား”

“ရပါတယ်။ ကြည့်ပြီးရင်သာ ကျွန်မကို လှမ်းခေါ်လိုက်ပါ”

အမျိုးသမီး ထွက်ခွာသွားသည်နှင့် ကုစာနာဂိသည် စင်ပေါ်မှ သတင်းစာဖိုင်တွဲကို ဆွဲထုတ်ပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ မတ်လ ၁၀ ရက်နေ့၏ ဒေသတွင်းသတင်းမှ စဖတ်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

မတ်လ ၁၀ ရက်နေ့မှာ တိုဂါရှိ ရှင်ဂျိ အသတ်ခံခဲ့ရသော နေ့ဖြစ်သည်။ ယုကာဝါသည် ထိုအမှုကို စုံစမ်းလိုသောကြောင့်သာ စာကြည့်တိုက်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် သူသည် သတင်းစာထဲတွင် မည်သည့်အချက်ကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သနည်း။

ကုစာနာဂိသည် ထိုအမှုနှင့် သက်ဆိုင်သည့် သတင်းများကို ရှာဖွေဖတ်ရှုကြည့်သည်။ အမှုအကြောင်း အစောဆုံး ပုံနှိပ်သော သတင်းစာမှာ မတ်လ ၁၁ ရက်နေ့၏ ညနေခင်းသတင်းစာ ဖြစ်သည်။ သေသူ၏ နောက်ကြောင်းကို ဖော်ထုတ်နိုင်ပြီးနောက် ၁၃ ရက်နေ့ နံနက်သတင်းစာတွင် နောက်သတင်းတစ်ပုဒ်ကို တွေ့ရပြန်သည်။ ထိုရက်နောက်ပိုင်းတွင် အမှုနှင့်ပတ်သက်သည့် မည်သည့် သတင်းကိုမျှ မတွေ့ရတော့ပေ။ သို့သော် အိရှိဂါမိ အဖမ်းခံပြီးသည့်နောက်တွင် နောက်တစ်ကြိမ် ရေးသားဖော်ပြကြပြန်သည်။

ယုကာဝါသည် ဤသတင်းများထဲမှ မည်သည့်အချက်ကို စိတ်ဝင်စားနေသနည်း။

ကုစာနာဂိသည် အရေအတွက် မများလှသော ထိုသတင်းဆောင်းပါးများကို စေ့စေ့ငုငုသေချာစွာ အကြိမ်ကြိမ် ဖတ်ကြည့်သည်။ အရေးပါသော အချက်အလက်များကို များစွာ မတွေ့ရ။ ယုကာဝါသည် ကုစာနာဂိထံမှ ထို့ထက်ပင်

ပို၍ သိရှိခဲ့ရသည်။ သူသည် အဘယ်ကြောင့် ဤသတင်းများကို ဒုက္ခခံ၍ ထပ်ဖတ်နေရသနည်း။

ကုစာနာဂိသည် လက်ပိုက်လျက် အရှေ့တွင် ရှိသော သတင်းစာအပုံကြီးကို ငေးကြည့်နေမိသည်။

ယုကာဝါကဲ့သို့သော လူတော်တစ်ယောက်သည် မှုခင်းသတင်း ရယူနိုင်ရန်အတွက် သတင်းစာ၏ အကူအညီကို လိုအပ်လိမ့်မည်ဟု သူ မယူဆပေ။ နေ့စဉ်နှင့်အမျှ လူသတ်မှု ဖြစ်ပွားနေသော ယနေ့ခေတ်အခါတွင် ထူးခြားသော တွေ့ရှိချက်မှ မဟုတ်လျှင် မည်သည့်သတင်းစာကမျှ အမှုတစ်ခုကို အဖက်လုပ်၍ ဖော်ပြချင်ကြမည် မဟုတ်ချေ။ တိုဂါရှိအမှုသည် လူအများအတွက် မည်သို့မျှ အရေးပါသည့် အမှုတစ်ခု မဟုတ်ခဲ့။ ထိုအချက်ကို ယုကာဝါက နားမလည်ဘဲ နေမည် မဟုတ်။

သို့သော် သူသည် အရေးမပါသည့် အလုပ်ကို အချိန်ပေး၍ မည်သည့်အခါကမျှ လုပ်လေ့ရှိသူ မဟုတ်ပေ။

ယုကာဝါအား သူ့အမြင်ကို ဖွင့်ပြောခဲ့ရသော်လည်း အိရှိဂါမိသည် တရားခံအစစ် ဟုတ်နိုင်ပါ၏လောဟူသည့် သံသယသည် ကုစာနာဂိ၏ ရင်ထဲတွင် အမြစ်တွယ်နေဆဲ ရှိနေသေးသည်။ ရေလိုက်လွဲနေပြီလော ဟူသည့် စိုးရိမ်စိတ်ကိုလည်း သူ့စိတ်ထဲမှ ဖယ်ရှားပစ်ရန် မစွမ်းနိုင်သေးချေ။ ယုကာဝါသည် မိမိတို့ မည်သည့်နေရာတွင် လွဲမှားနေသည် ဆိုသည့်အချက်ကို ကောင်းစွာ သိနေသည်ဟု သူ ယုံကြည်နေမိသည်။ ယခင်ကလည်း ထိုလောကဓာတ်ဆရာကြီးသည် သူတို့ ရဲအဖွဲ့ကို အကြိမ်ကြိမ် ကူညီပေးခဲ့ဖူးသည် မဟုတ်ပါလော။ ယခုတစ်ကြိမ်တွင်လည်း အသုံးတည့်နိုင်မည့် အကြံဉာဏ်ကောင်းများ သူ့တွင် ရှိနေရပေလိမ့်မည်။ သို့သော် သူသည် အဘယ်ကြောင့် ပြောပြရန် ဝန်လေးနေရသနည်း။

ကုစာနာဂိသည် သတင်းစာများကို နေရာတကျ ပြန်ထားပြီးနောက် စာကြည့်တိုက်ဝန်ထမ်း အမျိုးသမီးကို နှုတ်ဆက်လိုက်သည်။

"ရှင့်အတွက် အကူအညီ ရခဲ့မယ်လို့ မျှော်လင့်ပါတယ်" သူမက မရေရာသော ဟန်ပန်ဖြင့် မေးသည်။

"မဆိုးပါဘူး" ကုစာနာဂိကလည်း ဝိုးတိုးဝါးတား ပြန်ဖြေသည်။

စာကြည့်တိုက်ထဲမှ ထွက်ခွာရန် သူ ဟန်ပြင်နေစဉ် သူမထံမှ စကားသံ ထွက်ပေါ်လာသည်။ "ဆရာယုကာဝါက မြို့နယ်သတင်းစာတွေကိုလည်း

ရှာဖတ်ခဲ့သေးသလိုပဲ”

“ဗျာ” ကုစာနာဂိက လှည့်ကြည့်လိုက်သည်။ “မြို့နယ်သတင်းစာ?”

“ဟုတ်တယ်။ စာကြည့်တိုက်ထဲမှာ ချိဘနဲ့ ဆိုင်တာမာစီရင်စုတွေက ထုတ်တဲ့ သတင်းစာတွေ ရှိသလားလို့ ကျွန်မကို သူ မေးသေးတယ်။ ကျွန်မတို့ဆီမှာ အဲဒီသတင်းစာတွေ မရှိဘူး”

“တခြားရော သူ ဘာမေးသေးလဲ”

“ဟင့်အင်း၊ အဲဒီလောက်ပဲ”

“ချိဘနဲ့ ဆိုင်တာမာ ……”

ကုစာနာဂိသည် သံသယကို ရင်ဝယ်ပိုက်လျက် စာကြည့်တိုက်ထဲမှ ထွက်ခွာလာခဲ့သည်။ ယုကာဝါ ဘာလုပ်နေသည်ကို သူ နည်းနည်းမျှ နားမလည်နိုင်။ အဘယ်ကြောင့် မြို့နယ်သတင်းစာများကို လိုက်ရှာနေရသနည်း။ သူ ဤသို့ ပြုလုပ်နေခြင်းမှာ လူသတ်မှုနှင့် လုံးဝဥဿုံ ပတ်သက်မှု မရှိပေဘူးလော။

ကုစာနာဂိသည် အတွေးနယ်ချဲ့ရင်း ကားရပ်နားကွင်းသို့ ပြန်လာခဲ့သည်။ ယာဉ်မောင်းထိုင်ခုံတွင် ဝင်ထိုင်ပြီး ကားစက်နှိုးရန် သော့လှည့်မည် အပြုတွင် မျက်နှာချင်းဆိုင်ရှိ အဆောက်အအုံထဲမှ လျှောက်ထွက်လာသော ယုကာဝါကို လှမ်းမြင်လိုက်ရသည်။ သူသည် ဓာတ်ခွဲခန်း ကုတ်အင်္ကျီအစား နက်ပြာရောင် ဂျက်ကက်အင်္ကျီကို အပေါ်မှ ထပ်ဝတ်ထားသည်။ သူ၏ အမူအရာမှာ တည်ကြည်လေးနက်လျက် တက္ကသိုလ်ဂိတ်ပေါက်ဆီသို့ ဦးတည်၍ လျှောက်လှမ်းနေသည်။

ယုကာဝါသည် ကျောင်းပြင်ရောက်၍ ဘယ်ဘက်သို့ ချိုးကွေ့သွားသည်ကို မြင်ရသည့်အခါမှ ကုစာနာဂိသည် ကားစက်နှိုး၍ ကျောင်းထဲမှ တိတ်တဆိတ် ထွက်ခွာလာခဲ့သည်။ ဂိတ်ပေါက်ဝသို့ ရောက်သောအခါတွင် အခန့်သင့်စွာဖြင့် တက္ကစီတစ်စီးပေါ်သို့ တက်သွားသော ယုကာဝါကို လှမ်းမြင်လိုက်ရသည်။ တက္ကစီကား မောင်းထွက်သွားသည်နှင့် ကုစာနာဂိလည်း ကားလမ်းမပေါ်သို့ မောင်းတက်လိုက်လေသည်။

လူလွတ်ဖြစ်သော ယုကာဝါသည် သူ၏ အချိန်အများစုကို တက္ကသိုလ်၌သာ ကုန်လွန်စေခဲ့သည်။ သူ၏ အကြောင်းပြချက်မှာ ဤသို့။ “အိမ်ပြန်ရောက်လည်း လုပ်စရာမှ မရှိဘဲ။ စာအုပ်ပဲဖတ်ဖတ်၊ အားကစားပဲ လုပ်လုပ်၊ ကျောင်းမှာက ပိုပြီး အဆင်ပြေတယ်လေ။ နောက်ပြီး ထမင်းစားရတာကလည်း ဒီမှာဆို အလုပ်ရှုပ် သက်သာတယ်”

အချိန်မှာ ညနေ ၅ နာရီပင် မထိုးသေး။ သူ အိမ်ပြန်သွားနေခြင်းတော့ မဟုတ်တန်ရာ။

ကုစာနာဂိသည် အနောက်မှ တကောက်ကောက် လိုက်နေရင်း အရှေ့မှ မောင်းနှင်နေသော တက္ကစီ၏ ကုမ္ပဏီတံဆိပ်နှင့် ကားနံပါတ်ကို စိတ်ဖြင့် တေးမှတ်နေသည်။ လမ်းတွင် မတော်တဆ ခြေရာပျောက်သွားလျှင်လည်း မည်သည့်နေရာ၌ ယုကာဝါ ဆင်းသွားသည်ကို နောက်ပိုင်းတွင် ပြန်လည် စုံစမ်းနိုင်သည်။

တက္ကစီသည် အရှေ့အရပ်စူးစူးသို့သာ ဦးတည်၍ မောင်းနှင်နေသည်။ ကားကျပ်သော လမ်းများ ဖြစ်သည်။ တခြားသော ကားများသည် သူတို့၏ ကားနှစ်စီးကြားသို့ မကြာခဏ ဖြတ်ဝင်လာတတ်ကြသည်။ ကံကောင်းထောက်မစွာဖြင့် ကုစာနာဂိ၏ မြင်ကွင်းထဲမှ လွတ်ထွက်မသွားခဲ့ပေ။

တက္ကစီသည် နီဟွန်းဘရှိမြို့နယ်ကို ဖြတ်ကျော်ပြီး ဆုမိဒမြစ်နားအရောက်တွင် ရပ်တန့်သွားသည်။ အရှေ့တွင် ရှင်-အိုဟရှိတံတားကို လှမ်းမြင်နေရသည်။ အိရှိဂါမိ၏ တိုက်ခန်းသည်လည်း ဤအနီးအနားတွင် တည်ရှိသည်။

ကုစာနာဂိသည် ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်ပြီး ကားထဲမှနေ၍ အခြေအနေကို အကဲခတ်ကြည့်သည်။ ယုကာဝါသည် တက္ကစီပေါ်မှ ဆင်းပြီး တံတားဘေးရှိ လှေကားအတိုင်း အောက်သို့ ဆင်းသွားသည်။ တိုက်ခန်းသို့ သွားရန် ရည်ရွယ်ထားပုံ မရ။

ကုစာနာဂိသည် ပတ်ဝန်းကျင်ကို အလျင်အမြန် ဝေ့ဝိုက်ကြည့်ပြီး ကားရပ်ထားနိုင်မည့် နေရာကို ရှာဖွေသည်။ သူ့အတွက် ကံကောင်းသည်ဟု ဆိုရမည်။ ပါကင်မီတာအနားတွင် နေရာတစ်နေရာ လွတ်နေသည်။ သူသည် ကားကို ထိုနေရာတွင် ထိုးခဲ့ပြီး ယုကာဝါအနောက်သို့ အပြေးအလွှား လိုက်သွားခဲ့သည်။

ယုကာဝါသည် ဆုမိဒမြစ်ကို စုန်၍ မြစ်ရိုးတစ်လျှောက် ဖြည်းညင်းစွာ လမ်းလျှောက်နေသည်။ ဘာမျှ အရေးတကြီး လုပ်စရာ မရှိဘဲ အညောင်းအညာပြေ လမ်းလျှောက်ထွက်နေသည့်နှယ်။ ရံဖန်ရံခါတွင် သူသည် မြစ်ကမ်းနံဘေးရှိ တဲစုတ်အနားမှ အိမ်ရာမဲ့တို့ကို ငေးကြည့်နေတတ်သည်။ သို့သော် ခြေလှမ်းများကိုတော့ ရပ်တန့်ခြင်း မပြု။

တဲစုတ်များကို လွန်အောင် လျှောက်သွားပြီးသောအခါမှ သူ၏ ခြေလှမ်းများ ရပ်တန့်သွားကြသည်။ သူသည် မြစ်ကမ်းဘေးရှိ လက်ရန်းပေါ်တွင်

လက်ကို ထောက်ထားပြီး ကုစာနာဂိ ရှိရာအရပ်သို့ အမှတ်မထင် လှည့်ကြည့်လိုက်သည်။

ကုစာနာဂိက ရှုံးတိုးရှန့်တန့် ဖြစ်သွားသော်လည်း ယုကာဝါကမူ ထူးခြားသော မည်သည့်အမူအရာကိုမျှ မပြ။ မခို့တရို့သာ ပြုံး၍ ကြည့်နေသည်။

ကုစာနာဂိသည် ခြေလှမ်းကျဲကျဲဖြင့် သူ့အနားသို့ လှမ်းသွားသည်။ "အစောကြီးကတည်းက သိနေတယ်ပေါ့"

"မင်းရဲ့ကားက သိပ်ကို ထင်ပေါ်လွန်းနေတယ်" ယုကာဝါက ပြောသည်။ "ဒီလောက်စုတ်တဲ့ စကိုင်းလိုင်းကို နောက်တစ်စီး ရှာတွေ့ဖို့ မလွယ်တော့ဘူး"

"ငါ အနောက်က လိုက်နေမှန်းသိလို့ ဒီကို တမင် ခေါ်လာတာလား။ ဒါမှမဟုတ် အစကတည်းက ဒီကိုလာဖို့ ရည်ရွယ်ထားတာလား"

"နှစ်မျိုးစလုံး မှန်တယ်။ မမှန်ဘူးလို့လည်း ပြောလို့ရတယ်။ နဂိုရည်ရွယ်ချက်က ဒီထက် နည်းနည်း ရှေ့ဆက်သွားဦးမလို့ပဲ။ မင်းလိုက်လာမှန်း သိလို့ ဆင်းမယ့်နေရာကို နည်းနည်းလေး ပြင်ဆင်လိုက်တာ။ ငါ မင်းကို ဒီခေါ်လာချင်လို့"

"ဒီကို ဘာဖြစ်လို့ ခေါ်လာချင်ရတာလဲ" ကုစာနာဂိက ဘေးဘီကို ခပ်သွက်သွက် မျက်စိကစားလိုက်သည်။

"ငါ အိရှိုဂါမိနဲ့ နောက်ဆုံးတစ်ကြိမ် တွေ့ခဲ့ကြတာ ဒီနေရာမှာပဲ။ အဲဒီတုန်းက ငါ သူ့ကို ဒီလို ပြောလိုက်တယ်။ လောကမှာ အသုံးမဝင်တဲ့ ခွေးသွားစိပ်ဆိုတာ မရှိပါဘူး။ တစ်ခုပဲ ရှိတယ်။ ခွေးသွားစိပ် ကိုယ်နှိုက်ကသာ သူ့ရဲ့ အသုံးဝင်ပုံကို ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်နိုင်တယ်။"

"ခွေးသွားစိပ်?"

"အဲဒီနောက်တော့ ငါ သူ့ကို လူသတ်မှုနဲ့ ဆိုင်တဲ့ သံသယတချို့ ပြောပြလိုက်တယ်။ အဲဒီတုန်းကတော့ သူဟာ ဘာမှတ်ချက်မှ ပေးစရာ မရှိဘူးဆိုတဲ့ ဟန်အမူအရာမျိုး ပြုမူခဲ့တယ်။ ဒါပေမယ့် ငါတို့ လမ်းခွဲပြီးနောက်မှာတော့ သူ အဖြေတစ်ခု ထုတ်ဖော်သွားနိုင်ခဲ့တယ်။ အဲဒါက အဖမ်းခံဖို့ပဲ"

"မင်းရဲ့စကားကို ကြားသွားပြီးတဲ့နောက် သူ စိတ်လျှော့ပြီး အဖမ်းခံလိုက်တယ်။ အဲဒီလိုလား"

"စိတ်လျှော့ပြီး ..... အင်း၊ အဲဒီလို သုံးချင်ရင် သုံးလို့ ရနိုင်တာပဲ။

ဒါပေမယ့် သူ့အတွက်ကတော့ နောက်ဆုံး ဗုက်ဖဲတစ်ချပ်ကို ထုတ်သုံးလိုက်တာလို့ ဆိုရမယ်။ အဲဒီဗုက်ဖဲကို ကြိုတင်ပြင်ဆင်ထားပုံက အင်မတန်မှ ပိရိတယ်လို့ ဆိုရတော့မှာပဲ”

“မင်း အိရှိဂါမိကို ဘာတွေ ပြောခဲ့တာလဲ”

“မင်းကို ပြောပြီးပြီလေ။ ခွေးသွားစိပ်နဲ့ ဆိုင်တဲ့ စကားတွေပေါ့”

“အဲဒီနောက်မှာ သံသယတချို့ကို ထုတ်ပြောခဲ့တယ်ဆို။ ငါ အဲဒါကို မေးနေတာ”

ယုကာဝါသည် တည်ငြိမ်သော အပြုံးဖြင့် ခေါင်းကို လှုပ်လီလှုပ်လဲ့ ခါယမ်းနေသည်။

“အဲဒါက အရေးမကြီးပါဘူး”

“အရေးမကြီးဘူး?”

“အရေးကြီးတာက ခွေးသွားစိပ်ပဲ။ သူ အဲဒါကို ကြားသွားလို့သာလျှင် အဖမ်းခံဖို့ ဆုံးဖြတ်ချက် ချလိုက်တာ ဖြစ်မယ်”

ကုစာနာဂိက ထွက်သက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။

“မင်း တက္ကသိုလ်စာကြည့်တိုက်ကို သွားပြီး သတင်းစာတွေ လှန်ရှာခဲ့သေးတယ် မဟုတ်လား။ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ”

“တိုကီဝါ မင်းကို ပြောပြလိုက်တာလား။ ကြည့်ရတာ မင်းက ငါ့ကိုတောင် အလွတ်မပေးတော့ဘူးပဲ”

“ငါလည်း အဲဒီလို မလုပ်ချင်ပါဘူး။ မင်းက ငါ့ကို ဘာမှမှ မပြောချင်တဲ့ ဥစ္စာ”

“ငါ စိတ်မဆိုးပါဘူး။ အဲဒါက မင်း အလုပ်ပဲ မဟုတ်လား။ ငါ့အကြောင်းကိုပဲ စုံစမ်းစုံစမ်း၊ တခြား ဘာပဲလုပ်လုပ် ငါ့အပူ တစ်ပြားသားမှ မပါပါဘူး”

ကုစာနာဂိသည် ယုကာဝါကို တစ်ခဏမျှ စူးစူးရဲရဲ စိုက်ကြည့်ပြီးနောက် ခေါင်းငုံ့ကာ မျက်လွှာကို ချပစ်လိုက်သည်။

“ကျေးဇူးပြုပြီး ငါ့ကို ပဟေဠိ ဖွဲ့မနေပါနဲ့တော့လားကွာ။ မင်း တစ်ခုခုတော့ သိနေရမယ်။ ငါ့ကို ပြောပြပါလား။ အိရှိဂါမိက တရားခံအစစ် မဟုတ်ဘူးမလား။

အပြစ်မရှိဘဲနဲ့ အဲဒီလို အသားလွတ်ကြီး ခေါင်းခံနေရရင် တရားမဲ့လွန်းရာ မကျဘူးလား။ မင်းရဲ့ ငယ်သူငယ်ချင်းကို လူသတ်သမားလို့ ကင်ပွန်းတပ်ခံရတာ မင်းလည်း ကြိုက်မှာ မဟုတ်ပါဘူး”

“ခေါင်းမော့စမ်းပါဦး”

ကုစာနာဂိက ခေါင်းထောင်ကြည့်လိုက်သည်။ သူ၏ အသက်ရှူသံများ ပြင်းထန်လာသည်။ သူ့အရှေ့တွင် မြင်တွေ့နေရသော လောကဓာတ်ဆရာကြီး၏ မျက်နှာသည် နာကျင်မှု ဝေဒနာဖြင့် ရှုံ့မဲ့နေသည်။ လက်နှစ်ဘက်ကို မြှောက်၍ နားထင်ကို လက်ဖြင့် ဖိထားလျက် မျက်စိကို စုံမှိတ်ထားကြသည်။

“သူ လူသတ်သမား ဖြစ်သွားမှာကို ငါ မျှော်လင့်ပါ့မလား။ ဒါပေမယ့် ဘာမှ မတတ်နိုင်တော့ဘူး။ ဘာဖြစ်လို့ အဲဒီလို ဖြစ်သွားရတယ်ဆိုတာ ငါတောင် နားမလည်နိုင်တော့ဘူး”

“မင်း ဘယ်လိုလုပ်ပြီး အဲဒါတွေကို သိနေရတာလဲ။ မင်း ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပြသင့်တယ် မဟုတ်ဘူးလား။ ငါတို့က သူငယ်ချင်းတွေလေကွာ”

ယုကာဝါသည် သူ့မျက်လုံးများကို ရုတ်တရက် ပြန်ဖွင့်ပြီး လေးနက်သည့် မျက်နှာထားဖြင့် ပြန်ပြောလိုက်သည်။ “မင်းက ငါ့သူငယ်ချင်း ဆိုတာတော့ မှန်တယ်။ တစ်ချိန်တည်းမှာပဲ မင်းက မှုခင်းရဲ ဖြစ်နေသေးတယ်”

ကုစာနာဂိ ဆွံ့အသွားသည်။ နှစ်ပေါင်းများစွာ ခင်မင်လာခဲ့သော သူငယ်ချင်းကောင်းနှင့် သူ့အကြားတွင် အလွှာတစ်ခု ခြားနေသေးကြောင်း ပထမဆုံးအကြိမ်အဖြစ် သူ သတိထားမိလိုက်သည်။ ယခုအခါ သူ့သူငယ်ချင်း၏ မျက်နှာပေါ်တွင် ယခင်အချိန်က တစ်ရံတစ်ဆစ်မျှ မမြင်ဖူးခဲ့သော နာကျင်မှုဝေဒနာများ အတိုင်းသား ပေါ်လွင်နေသည်။ ကုစာနာဂိသည် ထိုသို့ ဖြစ်နေရသည့် အကြောင်းအရင်းကို သူ့သူငယ်ချင်းအား မေးမြန်းလိုသော်လည်း ရဲတစ်ယောက် ဖြစ်နေသောကြောင့် မေးရန် တွန့်ဆုတ်နေမိပြန်သည်။

“ငါ အခု ဟာနာအိုကာ ယာစုကိုကို သွားတွေ့မလို့” ယုကာဝါက ပြောသည်။ “မင်းရော လိုက်ဦးမလား”

“လိုက်လို့ ရလား”

“ကိစ္စ မရှိပါဘူး။ ဘာမှသာ ဝင်မပြောနဲ့”

“အိုကေလေ”

ယုကာဝါသည် တစ်ဘက်သို့ လှည့်သွားပြီး ရှေ့သို့ စတင်လှမ်းလျှောက်သွားသည်။ ကုစာနာဂိက အနောက်မှ ကပ်ပါလာသည်။ ယုကာဝါ၏ မူလဦးတည်ရာမှာ ဘန်တန်တိုင် ဖြစ်သည်။ သူသည် ဟာနာအိုကာ ယာစုကိုကို သွားတွေ့၍ မည်သည့်စကား ပြောရန် စိတ်ကူးထားသနည်း။ ကုစာနာဂိက အကျိုးအကြောင်းကို ချက်ချင်း မေးလိုက်ချင်သော်လည်း အောင့်အည်း၍သာ ငြိမ်ငြိမ်သက်သက် ဆက်လျှောက်လာခဲ့သည်။

ကိယိုစုတံတား အနီးသို့ ရောက်ခါနီးတွင် ယုကာဝါသည် လှေကားအတိုင်း ကားလမ်းမပေါ်သို့ တက်သွားသည်။ ယုကာဝါက လှေကားထိပ်မှ သူ့ကို ရပ်စောင့်နေသည်။

"ဟိုက ရုံးအဆောက်အအုံကြီးကို တွေ့တယ်မဟုတ်လား" ယုကာဝါသည် လမ်းဘေးရှိ တိုက်ကြီးတစ်လုံးကို လက်ညှိုးထိုးပြသည်။ "ဝင်ပေါက်မှာ မှန်တံခါးကြီးတစ်ချပ် ရှိတယ်။ တွေ့လား"

ကုစာနာဂိသည် လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်လိုက်သည်။ မှန်တံခါးပေါ်တွင် လူနှစ်ယောက်၏ အရိပ်များ ထင်ဟပ်နေကြသည်။

"တွေ့တယ်။ အဲဒါ ဘာဖြစ်လို့လဲ"

"အမှုဖြစ်ပြီးနောက် မကြာခင်မှာ ငါ အိရှိုဂါမိကို သွားတွေ့ခဲ့တယ်။ အဲဒီတုန်းကလည်း ငါတို့နှစ်ယောက် ဒီနေရာကနေပဲ အဲဒီမှန်တံခါးကြီးပေါ်က လူရိပ်ကို ငေးကြည့်နေခဲ့ကြတယ်။ ဒါပေမယ့် စစချင်း ငါက အဲဒါကို သတိမထားမိခဲ့ဘူး။ အိရှိုဂါမိ ပြောလို့သာ ငါ ကြည့်လိုက်မိတာ။ အဲဒီမတိုင်ခင်ကတော့ သူနဲ့ လူသတ်မှုဟာ ပတ်သက်နေနိုင်မလားလို့ ယောင်လို့တောင် တွေးမကြည့်မိခဲ့ဘူး။ အဆက်အသွယ် ပြတ်နေတဲ့ ငယ်သူငယ်ချင်းနဲ့ ပြန်ဆုံလိုက်ရလို့ အပျော်လွန်နေတဲ့ အချိန်ပေါ့"

"မင်း ဆိုလိုချင်တဲ့ သဘောက .... မှန်ပေါ်က လူရိပ်ကို မင်း မြင်လိုက်ပြီးတဲ့နောက်မှ သူ့ကို စပြီး သံသယ ဝင်လာခဲ့တယ်။ အဲဒီလိုလား"

"သူ အဲဒီတုန်းက ဒီလို ပြောတယ်ကွ။ 'အခုလို နုပျိုနေအောင် မင်း ဘယ်လိုများ လုပ်ထားတာလဲ။ ကြည့်စမ်းပါဦး၊ မင်းနဲ့ငါက ကွာချင်တိုင်း ကွာနေတော့တာပဲ။ မင်းရဲ့ ခေါင်းပေါ်မှာတော့ ဆံပင်တွေ အပြည့် ရှိနေသေးတယ်' တဲ့။ အဲဒီလိုပြောပြီး သူ့ခေါင်းပေါ်က ဆံပင်တွေကို အရေးတယူလုပ်ပြီး ပွတ်သပ်နေသေးတယ်။ အဲဒီအချက်က ငါ့ကို အံ့အားသင့်စေခဲ့တယ်။ အိရှိုဂါမိဆိုတဲ့ လူက ဘယ်တုန်းကမှ အပြင်ပန်း အသွင်အပြင်တွေကို အလေးထားတဲ့လူ မဟုတ်ဘူး။ လူတစ်ယောက်ရဲ့ တန်ဖိုးကို အဲဒီလိုအရာတွေနဲ့

ချင့်ချိန်နိုင်းဆဖို့ မသင့်ဘူးလို့ သူ နှစ်နှစ်ကာကာ ယုံကြည်နေခဲ့တာ။ ပြီးတော့ သူကိုယ်နှိုက်ကလည်း အပြင်ပန်း ဦးစားပေးတဲ့ လူမျိုးတွေကို အရေးတယူလုပ်ပြီး ဆက်ဆံတတ်တာ မဟုတ်ဘူး။ အခုတော့ သူက သူ့ရုပ်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေခဲ့တယ်။ သူ့ဆံပင်တွေက အတော်လေးကို ပါးလျားနေပြီ။ ကိုယ် ဘာမှ မတတ်နိုင်တဲ့ အဲဒီလို အခြေအနေကို ကြည့်ပြီး သူက စိတ်ပျက်အားငယ်နေခဲ့တယ်။ အဲဒီအခါမှ ငါ နားလည်သဘောပေါက်လိုက်တယ်။ သူဟာ သူ့ရဲ့ အသွင်အပြင်နဲ့ ရုပ်ရည်ကို ဂရုမစိုက်လို့ မဖြစ်တော့တဲ့ အနေအထားမျိုး ရောက်နေပြီလို့။ သဘောက သူ တစ်ယောက်ယောက် ချစ်ကြိုက်နေမိပြီ ဆိုတာပဲ။ ဒါပေမယ့် သူ ဘာဖြစ်လို့ ရုတ်တရက်ကြီး အဲဒီလို ပြောလာရတာလဲ။ ဒီနေရာရောက်မှ ဘာဖြစ်လို့ ရုတ်တရက်ကြီး သူ့ကိုယ်သူ စိတ်ပျက်သွားမိတာလဲ”

ကုစာနာဂိက သူ့စကား၏ ဆိုလိုရင်းကို နားလည်လိုက်သည်။ “ဘာဖြစ်လို့လဲဆိုတော့ မကြာခင် သူ ချစ်တဲ့သူနဲ့ တွေ့ရတော့မှာမို့လို့ပေါ့။ ဟုတ်တယ်မလား”

ယုကာဝါက ခေါင်းညိတ်သည်။ “ငါလည်း အဲဒီလို ထင်တာပဲ။ အဲဒီတော့ ငါ သံသယဝင်လာတယ်။ ထမင်းဆိုင်မှာ အလုပ်ဝင်နေတဲ့ အမျိုးသမီး၊ သူ့ဘေးအခန်းမှာနေတဲ့ အိမ်နီးချင်း၊ ခင်ပွန်းဟောင်း အသတ်ခံရတဲ့ အမျိုးသမီးဟာ သူ့ရဲ့ စိတ်ကူးထဲက ချစ်သူပဲ ဖြစ်ရတော့မယ်လို့။ ဒါပေမယ့် အဲဒီလိုသာဆိုရင် မေးချင်စရာ မေးခွန်းကြီးတစ်ခု ထွက်ပေါ်လာတယ်။ သူနဲ့ အမှုက ဘယ်လိုပတ်သက်နေသလဲ။ တကယ်လို့သာ သူက အဲဒီ အမျိုးသမီးကို သိပ်ပြီး အရေးတယူ လုပ်နေရင် အမှုနဲ့ပတ်သက်ပြီး သူ စိတ်မပူဘဲ နေမှာ မဟုတ်ဘူး။ ဒါပေမယ့် လက်တွေ့မှာကျတော့ သူက ပွဲကြည့်ပရိသတ်တစ်ယောက် အနေနဲ့ပဲ သရုပ်ဆောင်နေခဲ့တယ်။ ဒါမှမဟုတ် ငါပဲ အတွေးချော်နေသလားပေါ့။ ဒါနဲ့ သူ့ဆီ နောက်တစ်ကြိမ် ထပ်သွားပြီး သူနဲ့အတူ ထမင်းဆိုင်ကို အရောက်သွားကြည့်ခဲ့တယ်။ သူတို့ နှစ်ယောက်ရဲ့ မျက်နှာအမူအရာကနေ တစ်စုံတစ်ခု သိလာနိုင်မလားလို့ မျှော်လင့်မိတာပေါ့။ ဖြစ်ချင်တော့ လုံးဝ မျှော်လင့်မထားတဲ့ လူတစ်ယောက် ထွက်လာပါရော။ ဟာနာအိုကာ ယာစုကိုရဲ့ အမျိုးသားမိတ်ဆွေတစ်ယောက်”

“ကူဒို ကုနိအာကိ” ကုစာနာဂိက ပြောသည်။ “သူနဲ့ ဟာနာအိုကာ ယာစုကိုတို့က အခု ဒိတ်နေကြတာ”

“ဟုတ်မှာပေါ့။ မစ္စတာကူဒိုနဲ့ ဟာနာအိုကာ ယာစုကိုတို့ စကားပြောနေတာကို ကြည့်နေတဲ့ အိရှိဂါမိရဲ့ အမူအရာက..” ယုကာဝါသည် သူ့မျက်လုံးများကို မှေးစင်းလိုက်ပြီး ခေါင်းခါနေသည်။ “သူ့ရဲ့ မျက်နှာပေးကို မြင်ပြီး အိရှိဂါမိ ကြိုက်နေတဲ့သူဟာ ဟာနာအိုကာ ယာစုကိုပါလို့ ငါ မယုံချင်လည်း

မရတော့ဘူး။ သူ ဂျောဝင်နေတယ် ဆိုတာ သူ့မျက်နှာတစ်ပြင်လုံးမှာ အထင်းသား ပေါ်နေတယ်”

“အဲဒီလို ကောက်ချက်ချလိုက်ရင် စောစောက မေးခွန်းက ပြန်ပေါ်လာရော မဟုတ်လား”

“ဟုတ်တယ်။ အဲဒီ ဝိရောဓိကို ဖြေရှင်းပြနိုင်တဲ့ အဖြေက တစ်ခုပဲ ရှိတယ်”

“အိရှိဂါမိဟာ လူသတ်မှုနဲ့ ပတ်သက်နေတယ်။ အဲဒီလိုနဲ့ပဲ မင်းက သူ့ကို စပြီး သံသယ ဝင်ခဲ့တယ် ဆိုပါတော့?” ကုစာနာဂိက အဆောက်အအုံကြီးရှိ မှန်တံခါးကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်သည်။ “မင်းဆိုတဲ့ကောင်က အတော် ကြောက်စရာ ကောင်းတာပဲ။ အိရှိဂါမိရဲ့ ဘာမဟုတ်တဲ့ အပြုအမူလေးတစ်ချက်က သူ့အတွက် အိပ်မက်ဆိုးကြီးတစ်ခု ဖြစ်သွားစေခဲ့တယ်”

“ငါတို့နှစ်ယောက် နှစ်ကာလတွေ ဘယ်လောက်ပဲ ကင်းကွာကင်းကွာ၊ သူ့ရဲ့ ပြင်းထန်လွန်းတဲ့ စိတ်ဓာတ်က ငါ့မှတ်ဉာဏ်ထဲမှာ သံမှိုစွဲသလို စွဲနေတော့တာပဲ။ နို့မဟုတ်ရင် ငါလည်း သတိထားမိမှာ မဟုတ်ဘူး”

“အိရှိဂါမိ ကံဆိုးတယ်လို့ပဲ ပြောရတော့မှာပေါ့” ကုစာနာဂိသည် ကားလမ်းမအတိုင်း ဆက်လျှောက်သွားသည်။ ယုကာဝါ လိုက်ပါမလာသည်ကို သတိထားမိသွားသောအခါ သူ တုံ့ရပ်လိုက်သည်။ “ဘန်တန်တိုင် သွားမလို့ဆို”

ယုကာဝါသည် ခေါင်းငိုက်စိုက်ချလျက် ကုစာနာဂိအနားသို့ တိုးကပ်လာသည်။

“မင်း မနှစ်မြို့နိုင်လောက်တဲ့ တောင်းဆိုချက်တစ်ခုကို ငါ တောင်းဆိုချင်တယ်။ ဖြစ်လား”

ကုစာနာဂိက သွားဖြဲပြသည်။ “ဒါတော့ ဘာကိစ္စလဲပေါ် မူတည်တာပေါ့”

“မင်းကိုယ်မင်း ရဲတစ်ယောက်ဆိုတာကို ခဏမေ့ဖျောက်ထားပြီး သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ ပြောတာကို နားထောင်ပေးနိုင်မလား”

“ဘာအခိပ်ပာယျလဲ”

“ငါ မင်းကို ပြောစရာ ရှိတယ်။ ဒါပေမယ့် ငါ သူငယ်ချင်းကိုပဲ ပြောပြချင်တယ်။ မှူခင်းရဲတစ်ယောက်ကို မဟုတ်ဘူး။ ငါ့ဆီက ကြားလာခဲ့သမျှ စကားတွေကို မင်း ဘယ်သူ့ကိုမှ ပြန်မပြောရဘူး။ မင်းရဲ့ အထက်အရာရှိကိုပဲဖြစ်ဖြစ်၊ မင်းရဲ့ လုပ်ဖော်ကိုင်ဖက်၊ မင်းရဲ့ မိသားစု၊ ဘယ်သူ့ကိုမှ ပြန်မပြောပြရဘူး။ မင်း သဘောတူနိုင်မလား” ယုကာဝါ၏ စူးရှ၍

မျက်ရည်လဲ့နေသော အကြည့်မှာ သူ့ကို အရေးတကြီး တောင်းဆိုနေသည့် ဟန်။ ယုကာဝါအနေဖြင့် ထိုသို့ မလုပ်လျှင်လည်း မဖြစ်နိုင်သည့် အကြောင်းအရင်းတစ်ခုတော့ သူ့တွင် ရှိနေနိုင်သည်။

"ဒါတော့ ဘာကိစ္စလဲပေါ့ မူတည်တာပေါ့" ဟု ကုစာနာဂိက နောက်တစ်ကြိမ် ထပ်ပြောလိုက်ချင်သည်။ သို့သော် သူ ထိုစကားလုံးများကို မျိုချလိုက်သည်။ သူသာ ထိုသို့ ပြောပစ်လိုက်လျှင် သူ၏ ရှေ့မှောက်တွင် ရပ်နေသောသူသည် နောက်နောင်တွင် သူ့ကို သူငယ်ချင်းအဖြစ် ဘယ်တော့မှ သတ်မှတ်တော့မည် မဟုတ်ဟု သူ စိုးရိမ်နေမိသည်။

"ကောင်းပြီလေ" ကုစာနာဂိက ပြောသည်။ "ငါ မင်းကို ကတိပေးတယ်"

အခန်း (၁၈ - က)

ကြက်ကင်ဝယ်သော နောက်ဆုံး ဈေးဝယ်သည့် ဆိုင်ထဲမှ ပြန်ထွက်သွားသည်။ ယာစုကိုသည် ထိုသူ ထွက်သွားသည်ကို တစ်ခဏမျှ ငေးကြည့်နေပြီးနောက် နာရီကို လှမ်းကြည့်လိုက်သည်။ ၆ နာရီထိုးရန် မိနစ်အနည်းငယ်သာ လိုတော့သည်။ သူမသည် သက်မချ၍ ဦးထုပ်ဖြူကို ခေါင်းပေါ်မှ ချွတ်လိုက်သည်။

ကူဒိုသည် နေ့ခင်းက သူမထံသို့ ဖုန်းဆက်၍ အလုပ်ပြီးချိန်၌ တစ်နေရာတွင် တွေ့ဆုံကြရန် ချိန်းဆိုခဲ့သည်။

"အောင်ပွဲခံရအောင်ပေါ့" သူက အားတက်သရော ပြောသည်။

မည်သည့် ကိစ္စအတွက် အောင်ပွဲခံမည်နည်းဟု သူမက မေးလိုက်သည်။ "မေးစရာ လိုသေးလို့လား" သူက ပြန်ဖြေသည်။ "တရားခံ ဖမ်းမိတဲ့အတွက် အောင်ပွဲခံရမှာပေါ့။ အဲဒီအမှုထဲကနေ မင်း ကွင်းလုံးကျွတ် လွတ်သွားပြီလေ။ ကို့အနေနဲ့လည်း သတိထားပြီး မင်းနဲ့ ခပ်ဝေးဝေး ရှောင်နေစရာ မလိုတော့ဘူး။ ရဲတွေ လိုက်နှောင့်ယှက်မှာလည်း ပူစရာ မလိုတော့ဘူး။ အဲဒီအတွက် ကိုတို့ ပျော်ပျော်ပါးပါး အောင်ပွဲမခံသင့်ဘူးလား"

ကူဒို၏ အသံက လွန်စွာ လွတ်လပ်ပေါ့ပါးနေသည်။ သူသည် အဖြစ်မှန်ကို မသိသောကြောင့်သာလျှင် ထိုမျှ မြူးထူးပျော်ရွှင်နေနိုင်ခြင်း ဖြစ်သည်။ သို့သော် ယာစုကိုအနေဖြင့် မည်သို့ ဝမ်းမြောက်၍ ရနိုင်အံ့နည်း။ သို့ဖြင့် သူမက ငြင်းဆန်လိုက်သည်။

"ဘာဖြစ်လို့လဲ" ကူဒိုက မေးသည်။ ယာစုကိုက ဘာမျှ ပြန်မပြောဘဲ ငြိမ်ဆိတ်နေသောအခါ သူသည် တစ်ခုခုကို သတိရသွားဟန်ဖြင့် ပြောလာသည်။ "ကို နားလည်ပြီ။ မင်းတို့တွေက ကွာရှင်းထားပြီးပြီ ဆိုပေမယ့် အသတ်ခံရသူဟာ တစ်ချိန်က မင်းရဲ့ ဘဝတစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့ဖူးတယ် ဆိုတာကို ကို မေ့လျော့သွားတယ်။ အောင်ပွဲခံမယ်လို့ သုံးနှုန်းခဲ့မိတဲ့အတွက် ကို တောင်းပန်ပါတယ်။ ဆောရီးပဲ"

သူ အထင်လွဲမှားနေသည်ကို ယာစုကို ဖြေရှင်းပြချင်စိတ် မရှိ။ နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေသည်။ သူက ဆက်ပြောသည်။ "ဒါပေမယ့် ကို မင်းကို အရေးတကြီး ပြောစရာ ရှိလို့ ဒီည မင်းကို မဖြစ်မနေ တွေ့ချင်တယ်"

သူမက ငြင်းဆန်လိုက်ချင်သည်။ ယခုအချိန်တွင် မည်သူ့ကိုမျှ တွေ့လိုသည့် ဆန္ဒ သူမတွင် မရှိ။ အိရှိဂါမိသည် မိမိကိုယ်စား သွားရောက်အဖမ်းခံခဲ့သည့် သတင်းကို ကြားခဲ့ရသော အချိန်မှစ၍ သူမသည် များစွာ ပူဆွေးသောက ရောက်ခဲ့ရသည်။ သို့သော် ငြင်းဆန်သည့် စကားကိုလည်း သူမ မဆိုရက်။ ကူဒို ပြောချင်နေသည့် အရေးကြီးစကား ဆိုသည်မှာ အဘယ်ပါနည်း။

၆ နာရီခွဲတွင် ဆုံရန် ချိန်းလိုက်ကြသည်။ သူက သူမကို လာခေါ်မည်ဟု ဆိုသည်။ မီစာတိုကိုလည်း အတူခေါ်ခဲ့ရန် ကူဒိုက တောင်းဆိုနေသော်လည်း ယာစုကိုက ပါးနပ်စွာ ငြင်းဆိုလိုက်သည်။ လက်ရှိအချိန်တွင် မီစာတိုနှင့် ကူဒိုတို့နှစ်ဦးကို တွေ့ခွင့်ပြု၍ မဖြစ်သေးပေ။

ယာစုကိုသည် အိမ်သို့ ဖုန်းဆက်ပြီး အိမ်ပြန်နောက်ကျမည် ဖြစ်ကြောင်း မီစာတိုအတွက် အမှာစကား ချန်ထားပေးခဲ့သည်။ ထိုအမှာစကားကို မီစာတို ကြားသွားသည့်အချိန်တွင် မည်သို့ ထင်မြင်ယူဆလိမ့်မည်နည်း။ ယာစုကို၏ စိတ်ထဲ လေးပင်လာသည်။

၆ နာရီ ထိုးသည့်အခါတွင် သူမသည် ခါးစည်းအဝတ်ကို ချွတ်ပြီး စားဖိုဆောင်ထဲမှ စာယိုကိုကို နှုတ်ဆက်လိုက်သည်။

“အယ် … အချိန်က အဲဒီလောက်တောင် ရှိသွားပြီလား” ညစာကို စောလျင်စွာ စားနေသော စာယိုကိုက နာရီကို လှမ်းကြည့်သည်။ “အေးဟယ်၊ ကျန်တာတွေ ငါပဲ ကြည့်လုပ်ထားလိုက်မယ်”

“ဒါဆို သွားတော့မယ်နော်” ယာစုကိုက ခါးစည်းအဝတ်ကို အသေအချာ ခေါက်ထားလိုက်သည်။

“မစ္စတာကူဒိုနဲ့ သွားတွေ့မလို့လား” စာယိုကိုက ခပ်တိုးတိုး မေးသည်။

“အမ်?”

“နေ့ခင်းက သူ နင့်ဆီ ဖုန်းဆက်လာပြီး တွေ့ဖို့ ချိန်းထားတာ မဟုတ်လား”

ယာစုကိုသည် မျက်လွှာချပြီး ဘာမျှ မပြောဘဲ ငြိမ်နေသည်။ ထိုသို့သော အမူအရာကို ရှက်နေခြင်း ဖြစ်မည်ဟု စာယိုကိုက ယူဆသွားဟန် တူသည်။ “ငါ နင့်အတွက် ဝမ်းသာတယ်ဟာ” သူမက ဝမ်းသာအယ်လဲ ပြောနေသည်။ “စိတ်ရှုပ်စရာကောင်းတဲ့ လူသတ်မှုကလည်း ပြေလည်သွားပြီ။ ပြီးတော့ သဘောမနောကောင်းတဲ့ မစ္စတာကူဒိုလို လူမျိုးနဲ့လည်း ရေစက်ဆုံခွင့် ရသေးတာဆိုတော့ နင် ရှေ့လျှောက် ကံကောင်းဖို့ပဲ ရှိတော့တယ်”

"ဟုတ်ချင် ဟုတ်မှာပေါ့"

"ဟုတ်ကို ဟုတ်တယ်။ နင် ဒီလောက် ဒုက္ခတွေ ခံလာခဲ့ရတာ။ နောက်နောင် စိတ်ချမ်းသာဖို့ချည်းပဲ။ မီစာတိုလည်း အတူတူပေါ့"

စာယိုကို၏စကားကြောင့် ယာစုကို၏ ရင်ထဲ တစစ်စစ် နာကျင်လာသည်။ သူမကိုသာ လူသတ်သမားတစ်ယောက်အဖြစ် သိရှိသွားခဲ့လျှင် စာယိုကိုသည် သူမအား စိတ်ချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းပေးပါဦးမည်လော။

"မနက်ဖြန်မှ တွေ့မယ်" ယာစုကို မီးဖိုဆောင်ထဲမှ ထွက်လာခဲ့သည်။ စာယိုကို၏ မျက်လုံးများကို စေ့စေ့ပင် မကြည့်ရဲခဲ့။

ဘန်တန်တိုင်မှ ထွက်သည်နှင့် ယာစုကိုသည် ယခင် အိမ်ပြန်နေကျ လမ်းကြောင်းအတိုင်း ထွက်လာခဲ့သည်။ လမ်းထောင့်ရှိ စားသောက်ဆိုင်တွင် ကူဒိုနှင့် ဆုံတွေ့ရန် ချိန်းထားခဲ့သည်။ တစ်ချိန်က တိုရှိဂါနှင့် ဆုံတွေ့ခဲ့ဖူးသော ထိုစားသောက်ဆိုင်ကို ရွေးချယ်ရန် သူမ မလိုလားခဲ့။ သို့သော် ထိုနေရာကို ရှာရလွယ်သည်ဟု ဆိုကာ ကူဒိုက ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ နေရာ ပြောင်းရွှေ့ပေးရန်လည်း သူမက ပြောမထွက်ပြန်။

အမြန်လမ်းကုန်းကျော်၏ အောက်တွင် ကန့်လန့်ဖြတ် ဖောက်ထားသော လမ်းအတိုင်း ဆက်သွားလျှင် စားသောက်ဆိုင်သို့ ရောက်နိုင်သည်။ ထိုကုန်းကျော်အောက်သို့ ရောက်သောအခါ အနောက်ဘက်မှ အော်ခေါ်လိုက်သော အမျိုးသားတစ်ဦး၏ အသံကို ကြားလိုက်ရသည်။

ယာစုကိုက နောက်လှည့်ကြည့်လိုက်သည်။ သူမနှင့် ရင်းနှီးနေပြီးသော အမျိုးသားနှစ်ယောက်သည် သူမအထံသို့ လျှောက်လာနေကြသည်။ တစ်ဦးမှာ အိရှိဂါမိ၏ သူငယ်ချင်း ယုကာဝါဖြစ်ပြီး ကျန်တစ်ဦးမှာ မှုခင်းရဲအရာရှိ ကုစာနာဂိ ဖြစ်သည်။ ထိုသူနှစ်ဦးသည် အဘယ်ကြောင့် အတူ ရှိနေရသနည်း။ သူမ စဉ်းစား၍ မတတ်။

"ကျွန်တော့်ကို မှတ်မိသေးလား" ယုကာဝါက မေးသည်။

ယာစုကိုက ထိုသူနှစ်ဦးကို တစ်လှည့်စီ ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားမှာ သွားစရာ ရှိသေးတာလား"

"ဟုတ်ကဲ့" သူမက နာရီကို ငုံ့ကြည့်လိုက်သည်။ စိတ်လှုပ်ရှားလွန်းနေသောကြောင့် နာရီလက်တံများကို ဘာမျှ မမြင်ရတော့။ "ကျွန်မ လူတစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတယ်"

“မိနစ် ၃၀ ဆိုရင် ရပါပြီ။ ကျွန်တော် ခင်ဗျားနဲ့ အေးဆေး စကားပြောချင်တယ်။ အရေးကြီးတဲ့ ကိစ္စ ရှိလို့ပါ”

“အဲ ... ကျွန်မ ....” သူမက ခေါင်းခါလိုက်သည်။

“ဒါဆိုလည်း ၁၅ မိနစ်ဗျာ။ ၁၀ မိနစ်ဆိုလည်း ရတယ်။ ဟောဟိုက ခုံတန်းလျားမှာ ခဏထိုင်ရအောင်” ယုကာဝါသည် အနီးရှိ ပန်းခြံငယ်သို့ လက်ညှိုးထိုးပြသည်။ ၎င်းမှာ အမြန်လမ်းကုန်းကျော်၏ အောက်တည့်တည့်တွင် တည်ရှိသည်။

ယုကာဝါ၏ အသံမှာ တည်ငြိမ်ပြတ်သားလှသည်။ တစ်ဘက်လူကို ပြန်လည် ငြင်းဆန်ရန် ခွင့်မပြုနိုင်သည့် လေသံမျိုး ဖြစ်သည်။ သူ မည်သည့်အကြောင်း ပြောလာလိမ့်မည်ကို ယာစုကိုက ကြိုတင် သိရှိနေသည်။ ရှေ့တစ်ခေါက် ဆုံတွေ့ခဲ့ကြစဉ်ကလည်း ဤလက်ထောက်ပါမောက္ခသည် ပေါ့ပါးသော လေသံဖြင့် သူမအား ကြီးမားလေးလံသည့် ဖိအားတစ်ခုကို ပေးခဲ့ဖူးသည် မဟုတ်ပါလော။

သူမ ရှောင်ပြေးလိုသည်။ ၎င်းမှာ သူမ၏ ရင်တွင်းစကား ဖြစ်သည်။ သို့သော် သူမစိတ်ထဲ၌ သိလိုစိတ်များ ပျံ့နှံ့လျက် ရှိနေပြန်သည်။ ယခု သူပြောလာမည့် စကားများမှာ အိရှိဂါမိနှင့် ပတ်သက်နေရပေလိမ့်မည်။

“ဒါဆိုလည်း ၁၀ မိနစ်ပေါ့”

“ကောင်းလိုက်တာ” ယုကာဝါက ပြုံး၍ ပြောပြီး ပန်းခြံငယ်ထဲသို့ ဦးဆောင်ဝင်သွားသည်။

“သွားရအောင်” တွေဝေတွန့်ဆုတ်နေသော ယာစုကိုကို ကုစာနာဂိက လက်ဆန့်ပြကာ ခပ်တိုးတိုး ပြောလိုက်သည်။ သူမက ခေါင်းညိတ်ပြီး ယုကာဝါအနောက်မှ လိုက်သွားတော့သည်။ ရင်ငုံနှုတ်ပိတ်၍ အနောက်မှ ငြိမ်ငြိမ်ကုပ်ကုပ် လိုက်ပါလာနေသော ရဲအရာရှိကို မြင်ရသည်မှာ သူမအတွက် အထူးအဆန်းတစ်ခုလို ဖြစ်နေသည်။

ယုကာဝါသည် နှစ်ယောက်ထိုင်ခုံတွင် ထိုင်ချပြီး ယာစုကိုအတွက် နေရာလွတ် ချန်ထားပေးလိုက်သည်။ “မင်း ဟိုဘက်မှာ သွားနေနေပါလား” ယုကာဝါက ကုစာနာဂိကို လှမ်းပြောသည်။ “ငါ သူနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်”

ကုစာနာဂိ၏ အမူအရာက များစွာ ကျေနပ်ဟန် မတူသော်လည်း နှုတ်ခမ်းတစ်ချက်သာ စူပြပြီး အနားမှ ထွက်ခွာသွားသည်။ ပန်းခြံအဝင်ဝနားသို့

ပြန်လှောက်သွားပြီး စီးကရက်ဘူးကို ဆွဲထုတ်နေသည်။

ယာစုကိုက ယုကာဝါနံဘေးတွင် ဝင်ထိုင်ပြီး ကုစာနာဂိ ရှိရာသို့ လှမ်းကြည့်လိုက်သည်။ "အဲဒီလူက ရဲမဟုတ်ဘူးလား။ သူ့ကို အဲဒီလိုလုပ်လို့ ကောင်းပါ့မလား"

"ကိစ္စမရှိဘူး။ ကျွန်တော် နဂိုက တစ်ယောက်တည်း လာမလို့ပဲ။ နောက်ပြီး အဲဒီလူက ကျွန်တော့်အတွက်တော့ သူငယ်ချင်းပဲ။ ရဲ မဟုတ်ဘူး"

"သူငယ်ချင်း?"

"ကျွန်တော်တို့က တက္ကသိုလ် ကျောင်းနေဖက်တွေပါ" ယုကာဝါက သူ၏ ဖြူဝင်းနေသော သွားများကို ပေါ်အောင် ပြုံးနေသည်။ "သူနဲ့ အိရှိဂါမိကလည်း ကျောင်းနေဖက်ပဲ။ ဒါပေမယ့် ဒီအမှု မဖြစ်ခင်အထိ သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မြင်ဖူးကြတာ မဟုတ်ဘူး"

ယုကာဝါသည် အဘယ်ကြောင့် အမှုဖြစ်ပြီးနောက်မှ အိရှိဂါမိထံသို့ ရောက်ရှိလာရသနည်း။ ထိုမေးခွန်းကို သူမသည် ယခင်က မည်သို့မျှ စဉ်းစား၍ မရနိုင်ခဲ့။ ယခုမှ သူမ သဘောပေါက်လာသည်။ အိရှိဂါမိထံမှ ဘာမျှ မကြားခဲ့ရသော်လည်း သူ၏ အစီအစဉ်တစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားခဲ့ရခြင်းမှာ ယုကာဝါနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟု သူမက သံသယ ရှိနေခဲ့သည်။ မှုခင်းစစ်ရဲမှာ ကျောင်းနေဖက် ဖြစ်နေခြင်း၊ ထိုသူနှစ်ဦးတွင် ဘုံသူငယ်ချင်းတစ်ယောက် ရှိနေခြင်း စသည့် အချက်အလက်များသည် အိရှိဂါမိ၏ တွက်ကိန်းထဲတွင် ထည့်သွင်းစဉ်းစားခဲ့သော အချက်အလက်များ မဖြစ်တန်ရာ။ အိရှိဂါမိအတွက် ကြိုတင်တွက်ဆနိုင်သော အကြောင်းအရာများ မဟုတ်ခဲ့ပေ။

အခြေအနေအားလုံး လက်လွန်သွားကြပြီ မဟုတ်ပါလော။ ယုကာဝါသည် မည်သည့်အကြောင်းကို ပြောဆိုရန် ရည်ရွယ်ထားသနည်း။

"အိရှိဂါမိ အဖမ်းခံတာ ကြားရတော့ ကျွန်တော် အတော်လေး စိတ်မကောင်း ဖြစ်သွားတယ်" ယုကာဝါ၏ စကားများက စစချင်း ဆောက်နှင့်ထွင်း ဆိုသကဲ့သို့ ဖြစ်နေသည်။ "သူ့လို အင်မတန်မှ တော်တဲ့လူတစ်ယောက်က တစ်သက်လုံး ထောင်ထဲမှာပဲ နေသွားရတော့မယ်လို့ စဉ်းစားလိုက်မိတိုင်း ကျွန်တော် စိတ်မကောင်း ဖြစ်မိတယ်။ သူ့လိုပဲ သုတေသီတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ သူ့အတွက် မခံမရပ်နိုင် ဖြစ်မိတာ အမှန်ပဲ"

မည်သို့ တုံ့ပြန်ရမည်ကို ယာစုကို မသိ။ သူမသည် သူမ၏ ဒူးနှစ်လုံးကို လက်ဖဝါးနှစ်ဘက်ဖြင့် တင်းတင်း ဆုပ်ကိုင်ထားသည်။

"ဒါပေမယ့် ကျွန်တော် အခုချိန်ထိ ဘယ်လိုမှ ယုံလို့ မရသေးဘူး။ သူ အဲဒီလို အလုပ်မျိုးတွေ တကယ်ရော လုပ်ခဲ့ပါ့မလား"

ယုကာဝါသည် ဘေးမှ ထိုင်လျက် သူမကို စွေကြည့်နေသည်ဟု သူမ ခံစားနေရသည်။ သူမ၏ ကိုယ်မှာ သိသိသာသာ တောင့်တင်းလာသည်။

"ခင်ဗျားအပေါ်မှာ အဲဒီလို ယုတ်ညံ့စုတ်ပဲ့တဲ့ အပြုအမူမျိုးတွေ သူ လုပ်ခဲ့လိမ့်မယ်လို့ ကျွန်တော် ဘယ်လိုမှ တွေးဆကြည့်လို့ မရဘူး။ 'တွေးဆကြည့်လို့ မရဘူး' ဆိုတဲ့စကားလုံးက သိပ် မတိကျသေးဘူး။ အစကတည်းက ယုံကို မယုံခဲ့တာလို့ ပြောရင် ပိုပြီး မှန်ကန်လိမ့်မယ်။ သူ .... လိမ်ပြောခဲ့တယ်။ ဘာဖြစ်လို့ လိမ်ညာခဲ့ရတာလဲ။ လူသတ်သမား ဆိုတဲ့ နာမည်ဆိုးကို သူ ရနေပြီးပြီပဲ။ သဘောအရဆိုရင် ထပ်ပြီး ညာနေလည်း ဘာအကြောင်းမှ မထူးတော့ဘူး။ ဒါပေမယ့် သူ လိမ်ပြောခဲ့တယ်။ အကြောင်းအရင်းက တစ်ခုပဲ ရှိတယ်။ အဲဒီမုသားဟာ သူ့အတွက်သူ ပြောခဲ့တာ မဟုတ်ဘူး။ တစ်ဦးတစ်ယောက်ကို အကာအကွယ် ပေးဖို့အတွက်ပဲ"

ယာစုကိုသည် တံတွေးကို မျိုချလိုက်ပြီး အသက်ရှူသံကို မူမှန်စေရန် အသည်းအသန် ကြိုးစားနေရသည်။

ထိုသူသည် အဖြစ်မှန်ကို သိရှိသွားပြီလော။ အိရှိဂါမိသည် တစ်စုံတစ်ဦးကို အကာအကွယ် ပေးနိုင်ရန် ကြိုးစားနေကြောင်း ထိုသူ သိရှိနေသည်။ လူသတ်တရားခံသည် တခြားသူ ဖြစ်ကြောင်း သိနေသောကြောင့် အိရှိဂါမိကို သူ ကယ်တင်လိုသည်။ သို့သော် မည်သို့ ကယ်တင်မည်နည်း။ သူ့သူငယ်ချင်းကို ကယ်တင်နိုင်ရန်အတွက် အလွယ်ဆုံး နည်းလမ်းမှာ အဘယ်ပါနည်း။ လူသတ်သမား စစ်စစ်က ရဲဌာနသို့ သွား၍ ဖြောင့်ချက်ပေးခြင်းသည် အမြန်ဆုံးနှင့် အလွယ်ဆုံး နည်းလမ်း ဖြစ်သည်။ သူမသည် ရဲဌာနသို့ သွား၍ ဖြောင့်ချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သူ့သူငယ်ချင်းသည်လည်း ကိုယ့်ကိုယ်ကိုယ် စွပ်ထားသော ကြိုးကွင်းမှ လွတ်မြောက်သွားပေတော့မည်။

ယာစုကိုသည် ယုကာဝါကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။ သူက ပြုံးလျက်။

"ကျွန်တော်က ခင်ဗျားကို လာပြီး ဖျောင်းဖျနေတယ်လို့ ခင်ဗျား ထင်နေတာ မဟုတ်လား"

"မ ... မဟုတ်ပါဘူး" ယာစုကိုက ကသုတ်ကရက် ခေါင်းခါလိုက်သည်။ "ကျွန်မကို ဖျောင်းဖျရအောင် ဖျောင်းဖျစရာ ကျွန်မမှာ ဘာရှိနေလို့လဲ"

“ဟုတ်တာပဲ။ ကျွန်တော် စကားပြော လောသွားတယ်။ ဆောရီးပါဗျာ” ယုကာဝါက ခေါင်းတစ်ချက် ဆတ်ပြီသည်။ “ကျွန်တော် ခင်ဗျားကို ကိစ္စတစ်ခု သိစေချင်လို့ လာတွေ့တာပါ”

“ဘာကိစ္စများလဲ”

ယုကာဝါသည် တစ်ခဏမျှ တုံ့ဆိုင်းနေပြီးမှ စကားစပြန်သည်။ “ခင်ဗျားက တကယ့်အဖြစ်မှန်ကို နည်းနည်းလေးမှ သိမနေဘူး”

ယာစုကိုသည် အံ့အားသင့်စွာဖြင့် မျက်လုံးများ ပြူးကျယ်လာသည်။ ယုကာဝါ၏ မျက်နှာပေါ်တွင် အပြုံးများ မရှိကြတော့။

“ခင်ဗျားရဲ့ အလီဘိုင်က တကယ့် အစစ်အမှန် ဖြစ်လိမ့်မယ်လို့ ကျွန်တော် ယူဆတယ်” သူက ဆက်ပြောသည်။ “ခင်ဗျား တကယ်ပဲ ရုပ်ရှင်ရုံကို သွားခဲ့ဖူးတယ်။ ခင်ဗျားသမီးလည်း သွားခဲ့မှာပဲ။ ခင်ဗျားတို့ကို ရဲတွေ အပြုံလိုက်ကြီးက ဒီလောက်တောင် အသည်းအသန် စစ်ဆေးနေကြတာ။ အဲဒီကို တကယ်သာ မသွားခဲ့ဘူးဆိုရင် ခင်ဗျားရော၊ အလယ်တန်းတက်နေတဲ့ ခင်ဗျားသမီးရော ဒီဒဏ်ကို ဘယ်လိုမှ တောင့်ခံနိုင်မယ် မထင်ဘူး။ ဒါကြောင့် ခင်ဗျားတို့ သားအမိနှစ်ယောက်စလုံး အမှန်အတိုင်း ပြောခဲ့တာပဲ ဖြစ်ရမယ်”

“ဟုတ်တယ်။ ကျွန်မတို့ လုံးဝ မလိမ်ညာခဲ့ဘူး။ အဲဒီတော့ ဘာဖြစ်လဲ”

“ခင်ဗျားရဲ့ စိတ်ထဲမှာ အတော်လေး ထူးဆန်းနေမှာပဲ။ ခင်ဗျားတို့ တစ်ခွန်းတလေမှ လိမ်စရာ ညာစရာ မလိုဘဲနဲ့ ရဲတွေရဲ့ အစစ်အဆေးကနေ တဖြည်းဖြည်း လွတ်မြောက်လာကြတယ်။ ဘာဖြစ်လို့လဲ။ ….. အဲဒါ အိရှိဂါမိ ကြောင့်ပဲ။ အစစ်အဆေးတွေကို ကြုံလာတဲ့အခါမှာ ခင်ဗျားတို့က အမှန်အတိုင်း ပြောပြနေရုံနဲ့တင် အားလုံး အဆင်ပြေသွားအောင် သူက အစစအရာရာ ကြိုတင် ပြင်ဆင်ပေးထားခဲ့တယ်။ ရဲဘက်က ဘယ်လောက်ပဲ ဖိအားပေးပေး၊ ခင်ဗျားတို့အတွက် ဘေးကင်းရန်ရှင်းအောင် သူ အကုန်လုံး စီစဉ်ထားခဲ့တယ်။ အဲ … သူ ဘာတွေကို ဘယ်လို ပြင်ဆင်ခဲ့သလဲ ဆိုတာကိုတော့ ခင်ဗျား ဘာတစ်ခုမှ သိလိမ့်မယ် မထင်ဘူး။ အိရှိဂါမိက ထူးခြားပြောင်မြောက်တဲ့ လှည့်ကွက်တွေကို အသုံးချခဲ့တယ် ဆိုတာလောက်ပဲ ခင်ဗျား သိတယ်။ အသေးစိတ် ဘာတွေ လုပ်ခဲ့တယ်ဆိုတာကို ခင်ဗျား လုံးလုံး မသိခဲ့ဘူး။ ကျွန်တော် ပြောတာ ဟုတ်တယ်မလား”

“ရှင် ဘာပြောနေတယ်ဆိုတာကို ကျွန်မ တစ်လုံးမှ နားမလည်ဘူး” ယာစုကိုက ယုကာဝါကို ပြုံးပြသည်။ သို့သော် သူမ၏ နှုတ်ခမ်းများ လှုပ်ရှားသွားခြင်း ရှိမရှိ ဆိုသည်ကို သူမကိုယ်သူမပင် သံသယ ဝင်နေမိသည်။

"သူက ခင်ဗျားတို့ သားအမိကို ကာကွယ်ပေးနိုင်ဖို့အတွက် ကြီးမားတဲ့ ပေးဆပ်မှုကြီးတစ်ခုကို ပြုလုပ်ခဲ့တယ်။ အဲဒါက ခင်ဗျားနဲ့ ကျွန်တော်တို့လို သာမန်လူတွေ စိတ်တောင် မကူးဖူးတဲ့ ကြီးကျယ်တဲ့ ပေးဆပ်မှုကြီးပဲ။ လူသတ်မှု ဖြစ်သွားပြီ ဆိုကတည်းက အဆိုးဆုံး ဖြစ်လာနိုင်ခြေအတွက် သူ ကြိုတင် ပြင်ဆင်ထားခဲ့တယ်။ အဲဒီအချိန် ရောက်တာနဲ့ ခင်ဗျားတို့အစား သူ ကြိုးစင်တက်ဖို့ ဆုံးဖြတ်ထားခဲ့ပြီးသား။ သူလုပ်ခဲ့သမျှ အစီအစဉ်တွေ အကုန်လုံးကလည်း အဲဒီအချက်ကိုပဲ အခြေတည်ပြီး ရေးဆွဲထားခဲ့တယ်။ အဲဒါ သူ့စီမံကိန်းရဲ့ ပေးထားချက်ပဲ။ အဲဒီပေးထားချက်ကို ဘယ်လိုနည်းနဲ့မှ ဖယ်ရှားပစ်လို့ မရဘူး။ ဒါပေမယ့် အဲဒီပေးထားချက်က ရက်စက်လွန်းရာ ကျမနေဘူးလား။ .... ဘယ်သူမဆို တစ်ချိန်ချိန်ကျရင် ဆက်လုပ်ဖို့ လက်တွန့်လာနိုင်တယ်လေ။ ဒါကို အိရှိဂါမိ ကိုယ်တိုင်ကလည်း နားလည်နေတယ်။ ဒါကြောင့် အရေးကြီးတဲ့အချိန် ရောက်လာတဲ့အခါမှာ တွေဝေမနေရအောင် ဆိုပြီး သူ့ 'ဖောင်' ကို အစောကြီးကတည်းက သူ့ဘာသာသူ ဖျက်ဆီးပစ်လိုက်တယ်။ အဲဒါက သူချခဲ့တဲ့ စီမံကိန်းကြီး တစ်ခုလုံးထဲမှာ အံ့သြစရာ အကောင်းဆုံးနဲ့ ကြောက်စရာ အကောင်းဆုံး မျက်လှည့်ပြကွက်ပဲ"

ယာစုကို၏ ဦးနှောက်ထဲတွင် ချာချာလည်နေသည်။ သူမ တစ်ကိုယ်လုံးလည်း ထူပူနေသည်။ သို့သော် ထိုသူပြောခဲ့သည့် စကားများမှာ အမှန်ပင်ဖြစ်ကြောင်း သူမ သတိထားမိသည်။ အိရှိဂါမိသည် လှည့်ကွက်များကို မည်သို့ စီမံခဲ့သနည်း ဆိုသည့်အချက်ကို သူမ တစိုးတစိမျှ သိရှိထားခြင်း မရှိ။ တစ်ချိန်တည်းမှာပင် သူမအတွက် ထူးဆန်းနေသည့် အချက်မှာ ရဲဌာန၏ စုံစမ်းစစ်ဆေးမှုများသည် သူမ တွေးထင်ထားသကဲ့သို့ တင်းကျပ်မှု ရှိမနေခြင်းပင် ဖြစ်သည်။ ထို့အပြင် ရဲဌာန၏ အပ်ကြောင်းထပ်နေသော မေးခွန်းများသည် တကယ့် အဖြစ်မှန်နှင့် လားလားမျှ မနီးစပ်ခဲ့။ သို့သော် ထိုလျှို့ဝှက်ချက်ကို ယုကာဝါက သိရှိနေသည်။

ယုကာဝါက နာရီကို ငုံ့ကြည့်သည်။

"ခင်ဗျားကို ဒီကိစ္စ ပြောသင့် မပြောသင့် စဉ်းစားရတာနဲ့ပဲ ကျွန်တော့်မှာ အတော်လေး အကျပ်တွေ့ခဲ့ရတယ်" ယုကာဝါ၏ မျက်နှာပေါ်တွင် သောက၏ အရိပ်အငွေ့များ အထင်းသား ပေါ်လွင်နေသည်။ "အခုလို လုပ်တာကို အိရှိဂါမိကတော့ လုံးဝ သဘောကျလိမ့်မယ် မထင်ဘူး။ ဘာတွေပဲ ဖြစ်လာဖြစ်လာ၊ ဘယ်လို အခြေအနေပဲ ရောက်ရောက်၊ အဖြစ်မှန်အတိုင်း ခင်ဗျား သိသွားမှာကို သူ နည်းနည်းမှ မလိုလားဘူး။ အဲဒါ သူ့အတွက် မဟုတ်ဘူး။ ခင်ဗျားအတွက်။ တကယ်လို့သာ အဖြစ်မှန်ကို ခင်ဗျား သိသွားမယ်ဆိုရင် အခုလက်ရှိ ခံစားနေရတဲ့ ဒုက္ခထက် အပုံကြီးသာတဲ့ စိတ်သောကတွေကို ခင်ဗျား တစ်သက်လုံး လည်စင်းပြီး

ခံသွားရတော့မှာ။ ဒါပေမယ့် ကျွန်တော် ခင်ဗျားကို ပြောပြမှ ဖြစ်မယ်။ တကယ်လို့သာ သူ ခင်ဗျားကို ဘယ်လောက်အထိ ချစ်သလဲဆိုတာ၊ သူ့ရဲ့ တစ်ဘဝစာလုံးကို ရင်းပြီး ဘယ်လို စတေးပစ်ခဲ့သလဲဆိုတာ ခင်ဗျားကို အသိမပေးဘဲ ပစ်ထားလိုက်ရင် သူ့အနေနဲ့ စတေးခံခဲ့ရကျိုး နပ်မှာ မဟုတ်တော့ဘူး။ ဒါက သူ့ရဲ့ ဆန္ဒနဲ့ ဆန့်ကျင်နေမယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာတစ်လုံးမှ သိမနေတာကို တွေ့မြင်ရတော့ ကျွန်တော် ဘယ်လိုမှ အောင့်အည်းမနေနိုင်တော့ဘူး”

ယာစုကို၏ နှလုံးခုန်နှုန်းမှာ မြန်သည်ထက် မြန်လာသည်။ အချိန်မရွေး မူးမေ့သွားနိုင်သည့်အလား အသက်ရှူရန်ပင် ခက်ခဲလာတော့သည်။

“ရှင် ဘာပြောချင်နေသလဲဆိုတာ ကျွန်မ နားမလည်ဘူး။ ရှင့်မှာ ပြောစရာရှိရင် မြန်မြန်သာ ပြောပါ” သူမသည် စကားလုံးများကို ခပ်မာမာ ပြောလိုက်ရန် ရည်ရွယ်ထားခဲ့သော်လည်း ထွက်ပေါ်လာသည့် အသံမှာ နွမ်းလျတုန်ခါနေသည်။

“ဟိုလူသတ်မှုရဲ့ …… ကျူး-အီဒိုဂါဝါ လူသတ်မှုရဲ့ တရားခံဟာ” ယုကာဝါသည် အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။ “သူပဲ။ အိရှိဂါမိကသာ တရားခံအစစ်။ ခင်ဗျား မဟုတ်ဘူး။ ခင်ဗျား သမီးလည်း မဟုတ်ဘူး။ သူက ဘယ်သူ့အတွက်မှ ခေါင်းခံပေးနေတာ မဟုတ်ဘူး။ သူကမှ တကယ့် လူသတ်တရားခံ”

ဘာမျှ နားမလည်သည့် အမူအရာဖြင့် ငူငူကြီး ထိုင်နေသော ယာစုကိုကို ကြည့်ပြီး ယုကာဝါက နောက်တစ်ခွန်း ထပ်ပြောလိုက်သည်။ “ဒါပေမယ့် အဲဒီအလောင်းက ခင်ဗျားရဲ့ ခင်ပွန်းဟောင်း တိုဂါရှိ ရှင်ဂျိ မဟုတ်ဘူး။ တခြားလူတစ်ယောက်ရဲ့ အလောင်း”

ယုကာဝါ၏ စကားကို ယုံကြည်ရ ခက်ခဲနေသော ယာစုကိုသည် မျက်ခုံးများကို အစွမ်းကုန် ကုတ်ထားလိုက်မိသည်။ သောက၏ ဒဏ်ချက်ကြောင့် ပုတ်ခတ်ပုတ်ခတ် လုပ်နေသည့် ယုကာဝါ၏ မျက်လုံးအစုံကို မြင်လိုက်ရသောအခါတွင်မူ သူမသည် ရုတ်တရက် နားလည် သဘောပေါက်သွားသည်။ အသက်ကို အားရပါးရ ရှူသွင်းလိုက်ပြီး လက်နှစ်ဘက်ဖြင့် ပါးစပ်ကို ပိတ်ထားလိုက်မိသည်။ စိတ်လွတ်ကိုယ်လွတ် ထမအော်မိစေရန် ချုပ်တည်းထားရသည့်နှယ်။ သူမ၏ မျက်နှာပြင်တစ်ခုလုံးသည်လည်း သွေးဆုတ်၍ ဖြူဖပ်ဖြူရော် ဖြစ်လာလေသည်။

“ကျွန်တော် ဘာပြောချင်နေတယ် ဆိုတာ ခင်ဗျား သဘောပေါက်သွားပြီပဲ”

ယုကာဝါက ပြောသည်။ "အိရှိဂါမိက ခင်ဗျားကို ကာကွယ်ပေးနိုင်ဖို့ နောက်ထပ် လူသတ်မှုတစ်ခုကို ကျူးလွန်ခဲ့တယ်။ အဲဒါက မတ်လ ၁၀ ရက်နေ့မှာ။ တိုဂါရှို ရှင်ဂျိ အသတ်ခံရပြီးတဲ့ နောက်တစ်ရက်ပဲ"

ယာစုကို၏ ခေါင်းမှာ ချာချာလည်နေ၍ ခုံတန်းလျားပေါ်မှ လဲကျမသွားစေရန် ကြိုးစားပြီး အားယူနေရသည်။ သူမ၏ ခြေလက်များမှာလည်း အေးခဲကာ တစ်ကိုယ်လုံး ကြက်သီးဖြိန်းဖြိန်း ထနေတော့သည်။

အခန်း (၁၈ - ၁)

အဝေးတွင် ရောက်နေသော ကုစာနာဂိပင်လျှင် ယာစုကို၏ အမူအရာကို တွေ့မြင်ရရုံဖြင့် ယုကာဝါသည် သူမအား အဖြစ်မှန်ကို ပြောပြနေခြင်း ဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။ သူမ၏ မျက်နှာမှာ ဖြူရော်နေသည်။ အထူးအဆန်းတော့ မဟုတ်။ ထိုကဲ့သို့သော အဖြစ်မှန်ကို ကြားသိရလျှင် မည်သူမဆို အံ့သြထိတ်လန့်ခြင်း ဖြစ်ကြမည်သာ။ သူမသည် ထိုအဖြစ်မှန်တွင် ပါဝင်ပတ်သက်နေသူ ဖြစ်သောကြောင့် ပို၍ပင် ဆိုဖွယ်ရာ မရှိတော့။

ကုစာနာဂိပင်လျှင် ထိုကိစ္စကို လက်ခံနိုင်ရန် အတော်လေး ကြိုးစားခဲ့ရသည်။ ယုကာဝါ၏ ရှင်းလင်းပြောဆိုချက်ကို နားထောင်နေစဉ်တွင် အိပ်မက်မက်နေခြင်းလောဟုပင် အထင်ရောက်ခဲ့သေးသည်။ ထိုအခြေအနေမျိုးတွင် ယုကာဝါသည် သူ့ကို နောက်ပြောင်ကျီစယ်နေမည် မဟုတ်မှန်း သူ သိသည်။ သို့သော် သူ၏ သုံးသပ်ချက်မှာ ထူးထွေဆန်းပြားလွန်းနေသည်။

"မဖြစ်နိုင်တာကွာ" ကုစာနာဂိသည် ထိုစဉ်က ဤသို့ ငြင်းချက်ထုတ်ခဲ့သည်။ "ဟာနာအိုကာ ယာစုကို လူသတ်ခဲ့တာကို ဖုံးဖိပေးချင်တာနဲ့ နောက်ထပ် လူတစ်ယောက်ကို ထပ်သတ်တယ်ဆိုတော့ မင်း အယူအဆက စိတ်ကူးယဉ် ဆန်လွန်းမနေဘူးလား။ အဲဒီလိုသာဆိုရင် နောက်ထပ် အသတ်ခံရတဲ့လူကရော ဘယ်သူလဲ"

ယုကာဝါသည် ဝမ်းနည်းကြေကွဲသော အမူအရာဖြင့် ခေါင်းခါပြသည်။ "သူ ဘယ်သူလဲ ဆိုတာကို ငါ မသိဘူး။ ဒါပေမယ့် သူ ဘယ်မှာ နေခဲ့သလဲ ဆိုတာကိုတော့ ငါ သိတယ်"

"ဘာကို ဆိုလိုတာလဲ"

"ဒီလောကကြီးထဲမှာ ရှိတဲ့ လူတချို့ဟာ လူမြင်ကွင်းထဲကနေ ရုတ်တရက် ပျောက်ဆုံးသွားခဲ့မယ် ဆိုရင်တောင် သူတို့ကို လိုက်ရှာမယ့်သူ၊ သူတို့ကို စိုးရိမ်ပေးမယ့်သူ တစ်ဦးတလေမှ မရှိကြဘူး။ အမှုဖွင့်ဖို့ဆိုတာတော့ ဝေလာဝေးရော။ အဲဒီလို လူမျိုးတွေက မိသားစုဆိုတဲ့ အနှောင်အဖွဲ့ရဲ့ အဝေးတစ်နေရာကို ရှောင်ထွက်နေကြတဲ့ လူတွေပဲ" ယုကာဝါသည် ပြောရင်း သူတို့နှစ်ဦး အတူလမ်းလျှောက်ခဲ့ကြသော မြစ်ကမ်းနံဘေး ရှိရာအရပ်သို့ လက်ညှိုးထိုးလိုက်သည်။ "စောစောက မင်းလည်း အဲဒီလို လူမျိုးတွေကို မြင်ခဲ့တယ် မဟုတ်လား"

ကုစာနာဂိသည် ယုကာ၀ါ၏ စကားကို ချက်ချင်း နားမလည်နိုင်ခဲ့ပေ။ သို့သော် သူ လက်ညှိုးညွှန်ရာ မြစ်ကမ်းနံဘေးသို့ လှမ်းမျှော်ကြည့်နေရင်းမှ ဦးနှောက်ထဲတွင် ရုတ်တရက် လင်းလက်လာသည်။ "အိမ်ရာမဲ့တွေကို ပြောတာလား"

ယုကာ၀ါက ခေါင်းမညိတ်ဘဲ ဆက်ပြောသည်။ "အဲဒီအုပ်စုထဲမှာ ဘူးခွံကောက်တဲ့ လူတစ်ယောက်ရှိတယ်။ သူက အဲဒီတစ်ဝိုက်မှာနေတဲ့ အိမ်ရာမဲ့တွေအကြောင်းကို အကုန်လုံး သိနေတယ်။ ငါ သူ့ကို သွားတွေ့ခဲ့ပြီးပြီ။ လွန်ခဲ့တဲ့တစ်လက ဘော်ဒါအသစ်တစ်ယောက် ရောက်လာခဲ့တယ်တဲ့။ သူက ဘော်ဒါလို့ သုံးပေမယ့် သူငယ်ချင်းလို့ ပြောတာ မဟုတ်ဘူး။ သူတို့နဲ့ အေးအတူ ပူအမျှ တွဲနေမယ့် ဘဝတူမို့လို့ ဘော်ဒါလို့ ခေါ်တာ။ အဲဒီလူက တဲအသစ်လည်း မဆောက်သလို သူများနည်းတူ စက္ကူပုံးကိုလည်း ခုတင်အဖြစ်နဲ့ မသုံးချင်ဘူး။ ဘူးခွံကောက်တဲ့ ဦးလေးက ပြောပြတာတော့ စရောက်ရောက်ချင်း လူတိုင်း အဲဒီလိုချည်းပဲတဲ့။ မာန်မချနိုင်ကြသေးတာပေါ့။ ဦးလေးရဲ့ ပြောစကားအရ ဆိုရင် အနေကြာသွားတာနဲ့ အလိုလို ပြောင်းလဲသွားတာပဲတဲ့။ ဒါပေမယ့် အဲဒီလူသစ်က တစ်ရက်မှာတော့ လုံး၀ ပျောက်ကွယ်သွားခဲ့တယ်။ ဘယ်သူ့ကိုမှလည်း နှုတ်ဆက်မသွားဘူး။ လူတွေက အစပိုင်းတော့ သူ့အကြောင်း တစ်ယောက်ကိုတစ်ယောက် မေးကြသေးတာပေါ့။ ရက်ကြာတော့လည်း မေ့သွားတာပါပဲ။ သူတို့ရဲ့ လောကထဲမှာ အခုလို လူတစ်ယောက် ရုတ်တရက် ပျောက်သွားတာ သူတို့အတွက်တော့ အသစ်အဆန်း မဟုတ်တော့ဘူး"

"တိုက်တိုက်ဆိုင်ဆိုင်ပဲ" ယုကာ၀ါက ဆက်ပြောသည်။ "အဲဒီလူက မတ်လ ၁၀ ရက်နေ့ ပတ်ဝန်းကျင်မှာ ပျောက်ဆုံးသွားခဲ့တယ်။ အသက်က ၅၀ ဝန်းကျင်။ ကိုယ်အလေးချိန် နည်းနည်းစီးမယ်။ ခန္ဓာကိုယ် အချိုးအစားကတော့ ပုံမှန်ပဲ"

ကျူး-အီဒိုဂါ၀ါ မြစ်ကမ်းနံဘေးရှိ အလောင်းကို မတ်လ ၁၁ ရက်နေ့တွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

"ဘယ်ပုံဘယ်နည်း ဖြစ်ပျက်ခဲ့သလဲ ဆိုတာတော့ ငါလည်း အတိအကျ မသိဘူး။ ဖြစ်နိုင်ခြေများတာကတော့ အိရှိဂါမိဟာ ဟာနာအိုကာ ယာစုကိုရဲ့ ပြစ်မှုကို တွေ့ရှိသွားရာကနေ သူ့ကို ကူပြီး အထောက်အထားတွေ ဖျောက်ဖျက်ပေးဖို့ ဆုံးဖြတ်လိုက်ပုံရတယ်။ အလောင်းကို ခြေရာလက်ရာ ဖျက်ရုံနဲ့တင် မလုံလောက်ဘူးလို့ သူ ယူဆခဲ့မှာပဲ။ အလောင်းရဲ့ နောက်ကြောင်းကို လိုက်နိုင်သွားတာနဲ့ ရဲဌာနက ဟာနာအိုကာ ယာစုကိုဆီ မဖြစ်မနေ ရောက်လာတော့မှာပဲလို့ သူ တွက်ဆထားတယ်။ အဲဒီအချိန်ကျရင် သူတို့သားအမိက ကြာကြာ တောင့်ခံနိုင်မှာ မဟုတ်ဘူး။ ဒါနဲ့ သူ ဒီစီမံကိန်းကို အကောင်အထည် ဖော်လိုက်တာပဲ။ တခြားလူ သတ်ထားတဲ့ အလောင်းတစ်ခုကို

ပြင်ဆင်ပြီး အဲဒီအလောင်းကို တိုဂါရှီ ရှင်ဂျိပါလို့ ရဲတွေ အထင်ရောက်သွားအောင် စီစဉ်လိုက်တယ်။ အသတ်ခံရသူဟာ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်လိုနည်းနဲ့ အသတ်ခံရတယ် စတဲ့ အချက်အလက်တွေကို ရဲဘက်က မဖြစ်မနေ စုံစမ်းရမှာပဲ။ ရဲဌာနရဲ့ စုံစမ်းမှုက အသေးစိတ်သွားလေလေ ဟာနာအိုကာ ယာစုကိုအပေါ် ထားတဲ့ သံသယက မှေးမှိန်သွားလေလေပဲ။ ဒါကလည်း သဘာဝ ကျတယ်လေ။ အဲဒီလူကို တကယ်လည်း သူတို့ သတ်ခဲ့တာမှ မဟုတ်ဘဲ။ အဲဒီအလောင်းက အစကတည်းက တိုဂါရှီ ရှင်ဂျိမှ မဟုတ်တာ။ မင်းတို့ စုံစမ်းနေကြတာက တခြားလူသတ်မှု တစ်မှုလေ”

ယုကာဝါ ခင်းပြနေသော ဇာတ်လမ်းမှာ အမှန်ဖြစ်ပါသည်ဟု သူ့အနေဖြင့် ယုံကြည်ရ ခက်ခဲနေသည်။ ထို့ကြောင့် ကုစာနာဂိသည် နားထောင်နေစဉ် ကာလတစ်လျှောက်လုံး ခေါင်းတစ်ခါခါ ဖြစ်နေတော့သည်။

“အခုလို အစီအမံကို အိရှိဂါမိ စဉ်းစားမိခဲ့ရတဲ့ အကြောင်းအရင်းက နေ့တိုင်း မြစ်ကမ်းဘေးတစ်လျှောက်မှာ သူ ပုံမှန် လမ်းလျှောက်ဖြစ်နေလို့ ဖြစ်မယ် ထင်တယ်။ နေ့တိုင်း အဲဒီ အိုးမဲ့အိမ်မဲ့တွေကို ငေးကြည့်ရင်း သူ ဒီလိုများ တွေးနေမိမလား မသိဘူး။ ဒီလူတွေ ဘာအတွက်နဲ့များ အသက်ရှင်နေကြသလဲ။ သေမယ့်ရက်ကို အသာတကြည် ထိုင်စောင့်နေကြတာများလား။ သူတို့ သေသွားတယ် ဆိုရင်တောင် ဘယ်သူမှ သတိထားမိလိုက်မှာ မဟုတ်ဘူး။ ဘယ်သူကမှလည်း တကူးတက ဝမ်းနည်းပေးနေကြမှာ မဟုတ်ဘူး။ ...... ငါတော့ အဲဒီလို တွေးကြည့်မိတာပဲ”

“ဒါနဲ့ပဲ အဲဒီလိုလူမျိုးကို သတ်လိုက်ရင် ဘာမှ ပြဿနာမရှိဘူးလို့ သူက ယူဆနေတာလား”

“အဲဒီလိုတော့ ဟုတ်ချင်မှ မဟုတ်မှာပေါ့။ ဒါပေမယ့် သူ့ရဲ့ အစီအစဉ်ကို ချမှတ်တဲ့အခါမှာတော့ သူတို့ကို ထည့်စဉ်းစားခဲ့မှာ သေချာတယ်။ အဲဒါကတော့ မြေကြီးလက်ခတ် မလွဲနိုင်ဘူး။ ငါ မင်းကို အရင်က ပြောခဲ့ဖူးတာပဲ။ ကြောင်းကျိုးသာ ညီညွတ်မယ်ဆိုရင် ဘယ်လောက် ရက်စက်တဲ့ အလုပ်မျိုးကိုမဆို သူ လုပ်နိုင်တယ်”

“လူသတ်တာက ကြောင်းကျိုးညီညွတ် နေလို့လား”

“သူလိုချင်တာက တခြားလူ သတ်ထားတဲ့ အလောင်းတစ်လောင်း။ အဲဒီအလောင်းကို ရမှ သူ့စီမံကိန်းထဲက ဟာနေတဲ့ ကွက်လပ်တစ်ခုကို ဖြည့်ပေးနိုင်မယ်”

ကုစာနာဂိသည် မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေသေးသည်။

စာသင်ခန်းထဲတွင် စာသင်နေသကဲ့သို့ အမှုအကြောင်း အေးဆေးစွာ ပြောဆိုနေသော ယုကာဝါကို ကြည့်၍ ကုစာနာဂိ၏ စိတ်ထဲ မသက်မသာ ဖြစ်နေမိသည်။

"တိုဂါရှိ ရှင်ဂျိကို ဟာနာအိုကာ ယာစုကိုက သတ်ပြီးတဲ့ နောက်တစ်နေ့ မနက်မှာ အိရှိဂါမိက အိမ်ရာမဲ့တစ်ယောက်နဲ့ ဆက်သွယ်ခဲ့တယ်။ သူတို့ ဘာစကားတွေ ပြောခဲ့ကြသလဲ ဆိုတာကို ငါ အတိအကျ မခန့်မှန်းတတ်ပေမယ့် သေချာတာကတော့ အဲဒီလူကို တစ်ခုခု လုပ်ခိုင်းဖို့ သွားရှာတာပဲ။ သူက အဲဒီလူကို တိုဂါရှိ ရှင်ဂျိ တည်းခဲ့တဲ့ တည်းခိုခန်းကို ခေါ်သွားပြီး အဲဒီမှာ တစ်နေကုန် တည်းခိုင်းမယ်။ အိရှိဂါမိက တစ်ရက်ကြိုပြီး တည်းခိုခန်းထဲမှာ ရှိတဲ့ တိုဂါရှိ ရှင်ဂျိနဲ့ ဆိုင်တဲ့ ခြေရာလက်ရာတွေကို အားလုံး ရှင်းလင်းထားပြီး ဖြစ်လိမ့်မယ်။ ဒါကြောင့် အခန်းထဲမှာ ကျန်ခဲ့တာက အဲဒီလူရဲ့ လက်ဗွေရာနဲ့ ဆံပင်တွေပဲ။ ညရောက်တော့ အဲဒီလူက အိရှိဂါမိ ပေးထားတဲ့ အဝတ်အစားတွေကို ဝတ်ပြီး ချိန်းထားတဲ့ နေရာကို သွားမယ်"

"ရှီနိုဇာကီ ဘူတာကိုလား" ကုစာနာဂိက မေးသည်။

ယုကာဝါက ခေါင်းယမ်းပြသည်။ "မဟုတ်ဘူး။ ရှေ့တစ်ဘူတာ။ မီဇူအေ"

"ဘာဖြစ်လို့ မီဇူအေ ဖြစ်နေရတာလဲ"

"အိရှိဂါမိက ရှီနိုဇာကီဘူတာကို သွားပြီး စက်ဘီးတစ်စီး ခိုးတယ်။ နောက်မှ မီဇူအေဘူတာမှာ အဲဒီလူနဲ့ သွားတွေ့တယ်။ သူက နောက်ထပ် စက်ဘီးတစ်စီးတောင် ကြိုတင်ပြင်ဆင်ထားမယ့်ပုံ ရတယ်။ သူတို့နှစ်ယောက် ကျူး-အီဒိုဂါဝါ မြစ်ကမ်းနံဘေးကို ရောက်ပြီးတဲ့နောက် သူက အဲဒီလူကို သတ်ပစ်လိုက်တယ်။ သူ အဲဒီလူရဲ့ မျက်နှာကို ဖျက်ဆီးပစ်လိုက်ရတဲ့ အကြောင်းအရင်းက တိုဂါရှိ ရှင်ဂျိမဟုတ်မှန်း လူသိကုန်မှာ စိုးလို့ပေါ့။ သဘောအရဆိုရင် လက်ဗွေတွေကို မီးရှို့ပစ်ဖို့ မလိုဘူး။ တည်းခိုခန်းထဲမှာ အဲဒီလူရဲ့ လက်ဗွေတွေက ကျန်နေခဲ့ပြီးပြီ ဆိုတော့ မီးမရှို့လည်း ရဲဘက်က သေသူကို တိုဂါရှိ ရှင်ဂျိလို့ ယူဆသွားကြတော့မှာပဲ။ ဒါပေမယ့် မျက်နှာကိုတောင် ဖျက်ဆီးထားပြီ ဆိုတော့ လက်ဗွေတွေကို မဖျက်ဆီးဘဲ ပစ်ထားလိုက်ရင် ယုတ္တိမရှိလို့ သံသယ ဖြစ်လာနိုင်စရာ ရှိတယ်။ ဒါကြောင့် လက်ဗွေတွေကို သူ မရှို့လို့ မဖြစ်တော့ဘူး။ အဲဒီလို လုပ်လိုက်ရင် သေသူရဲ့ နောက်ကြောင်းကို လိုက်ဖို့ ရဲတွေအတွက် အချိန်အများကြီး လိုလာပြန်ရော။ ဒါနဲ့ သူက စက်ဘီးပေါ်မှာ လက်ဗွေရာတွေ ချန်ထားပေးခဲ့တယ်။ အဝတ်အစားတွေကို ကုန်အောင် မီးမရှို့ပစ်တာကလည်း အဲဒီ အကြောင်းအရင်းပဲ"

"ဒါဆို စက်ဘီးက အသစ်ဖြစ်နေဖို့ လိုသေးလို့လား"

"မိုးမပြို့ ပြို့ခဲ့သည် ရှိသော်ပေါ့"

"ဘာအဓိပ္ပါယ်လဲ"

"အိရှိဂါမိဘက်က ကြည့်ရင် အရေးအကြီးဆုံး အချက်က ဘာလဲ။ ရဲတွေအနေနဲ့ လူသတ်မှုဖြစ်ပွားခဲ့တဲ့ အချိန်ကို အတိအကျ တွက်ဆနိုင်ဖို့ပဲ။ ရင်ခွဲလို့ ရတဲ့ အဖြေက အားကိုးလောက်တယ် ဆိုပေမယ့် အလောင်းကို တွေ့တာ နောက်ကျသွားမယ် ဆိုရင် အခင်းဖြစ်တဲ့ အချိန်လည်း အထိုက်အလျောက် ဆွဲဆန့်ခံရသလို ဖြစ်သွားနိုင်တယ်။ အခန့်မသင့်ရင် ရှေ့တစ်ရက်အထိ ဆွဲဆန့်သွားနိုင်တယ်။ သဘောက ၉ ရက်နေ့ ညအထိပေါ့။ အဲဒီလို ဖြစ်သွားရင် သူ့အတွက် နိမိတ်မကောင်းဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ၉ ရက်နေ့မှာ တိုဂါရှိ ရှင်ဂျိကို ဟာနာအိုကာ ယာစုကိုတို့က သတ်ခဲ့တာကိုး။ အဲဒီနေ့အတွက် သူတို့မှာ အလီဘိုင် မရှိဘူး။ အဲဒီအချက်ကို ကာကွယ်နိုင်ဖို့အတွက် စက်ဘီးဟာ ၁၀ ရက်နေ့မှာ ပျောက်သွားပါတယ်ဆိုတဲ့ သက်သေအထောက်အထားကို ပြင်ဆင်ဖို့ လိုအပ်လာတယ်။ ဒီတော့ တစ်နေကုန်လုံး ပစ်ထားပြီး ဘယ်သူမှ စိတ်မဝင်စားတဲ့ စက်ဘီးမျိုးကိုလည်း ရွေးလို့ မဖြစ်ဘူး။ အခိုးခံလိုက်ရတာနဲ့ တစ်ပြိုင်နက် စက်ဘီးပိုင်ရှင်က အမှုတန်းဖွင့်မယ် ဆိုတဲ့ စက်ဘီးမျိုးကို ရွေးမှ ဖြစ်မယ်။ ဒါကြောင့် ပစ်မှတ်က အသစ်ဝယ်ထားတဲ့ စက်ဘီး ဖြစ်လာရတော့တာပဲ"

"နက်ရှိုင်းပါပေ့ကွာ" ကုစာနာဂိက သူ့နဖူးကို လက်ဖဝါးဖြင့် ရိုက်လိုက်သည်။

"စက်ဘီးကို အခင်းဖြစ်တဲ့နေရာမှာ တွေ့တဲ့အချိန်တုန်းက ဘီးနှစ်ဘီးစလုံးကို သံချွန်နဲ့ ဖောက်ထားတယ် မဟုတ်လား။ အဲဒါ သူများတွေ ယူသွားမှာကို ကာကွယ်ဖို့အတွက် အိရှိဂါမိ လုပ်ထားတဲ့ အကွက်ပဲ။ ဟာနာအိုကာ သားအမိရဲ့ အလီဘိုင် ခိုင်မာဖို့အတွက် သူ ဘယ်လောက်အထိ စဉ်းစားပေးထားသလဲ ဆိုတာ အဲဒါသာ ကြည့်တော့"

"ဒါပေမယ့် သူတို့ရဲ့ အလီဘိုင်က စင်းလုံးချော ဖြစ်မနေဘူး။ သူတို့တွေ အဲဒီနေ့ညက ရုပ်ရှင်ရုံထဲမှာ ရုပ်ရှင်ကြည့်နေပါတယ်လို့ သက်သေပြနိုင်လောက်အောင် ခိုင်မာတဲ့ အထောက်အထားကို ငါတို့ အခုချိန်ထိ ရှာလို့ မတွေ့သေးဘူး"

"ဒါပေမယ့် သူတို့ ရုပ်ရှင်ရုံထဲမှာ ရှိမနေပါဘူးလို့လည်း မင်းတို့ သက်သေ မပြနိုင်ဘူး မဟုတ်လား" ယုကာဝါက ထောက်ပြသည်။ "အမြင်အရ အားနည်းပေမယ့် ဘယ်လိုမှ ချေဖျက်လို့ မရတဲ့ အလီဘိုင်ဟာ အိရှိဂါမိ ဆင်ထားတဲ့ ထောင်ချောက်ပဲ။ တကယ်လို့သာ အလီဘိုင်က စင်းလုံးချော ဖြစ်နေရင် အကြံအဖန် လုပ်ထားသလားဆိုပြီး မင်းတို့က သံသယ ဝင်ကြဦးမှာ

မဟုတ်လား။ အဲဒီကနေ မီးခိုးကြွက်လျှောက် လိုက်ပြီး သေသူကို တိုဂါရှို ရှင်ဂျိမှ ဟုတ်ရဲ့လားလို့ သံသယ ဝင်ချင် ဝင်သွားနိုင်တယ်။ အိရှိုဂါမိ ကြောက်တာ အဲဒီအချက်ပဲ။ အသတ်ခံရသူဟာ တိုဂါရှို ရှင်ဂျိ၊ သံသယတရားခံက ဟာနာအိုကာ ယာစုကို။ သူက အဲဒီထောင်ချောက်ကို အမိအရ ဆင်ထားပြီး ရဲတွေကို အဲဒီထဲကနေ ဘယ်လိုနည်းနဲ့မှ ရုန်းထွက်ခွင့် ပေးမှာမဟုတ်ဘူး"

ကုစာနာဂိက သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ ယုကာဝါ ပြောသကဲ့သို့ပင်။ သေသူကို တိုဂါရှို ရှင်ဂျိဟု အထင်မှားပြီး သူတို့၏ သံသယမျက်လုံးများသည် ချက်ချင်းဆိုသလို ဟာနာအိုကာ ယာစုကိုအထံသို့ ကျရောက်သွားကြသည်။ ထို့အပြင် သူမ တင်ပြလာသော အလီဘိုင်ကလည်း ယုံရခအခက်၊ မယုံရခအခက်။ ထို့ကြောင့် သူတို့သည် သူမကို ပို၍ သံသယ ဝင်ခဲ့ကြသည်။ ဤသို့အားဖြင့် သေသူသည် တိုဂါရှို ရှင်ဂျိဖြစ်သလော ဟူသည့်အချက်ကို မည်သူမျှ သံသယဝင်ရန် အမှတ်မရကြတော့ပေ။

"အတော် ကြောက်စရာကောင်းတဲ့ လူပဲ" ကုစာနာဂိက တီးတိုးရေရွတ်လိုက်သည်။

"ဟုတ်တယ်" ယုကာဝါက ပြောသည်။ "အဲဒီလို ကြောက်စရာကောင်းတဲ့ လှည့်ကွက်ကို ဖောက်ထွင်း မြင်နိုင်သွားတာကလည်း မင်းရဲ့ ကျေးဇူးပဲ"

"ငါ့ကြောင့်?"

"အိရှိုဂါမိ မေးခွန်းထုတ်တဲ့အခါမှာ သုံးတဲ့ ဗျူဟာကို မင်း ပြောခဲ့ဖူးတယ်လေ။ မှတ်မိသေးလား။ ကျောင်းသားတွေရဲ့ ကြိုတင်မှန်းဆချက်ကနေ အရင်းခံပြီး ဖြစ်လာတဲ့ မျက်ကွယ်မှတ်ကို အသုံးချတယ် ဆိုတာလေ။ အမြင်အရ ဂျီသြမေတြီလို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ အယ်ဂျီဘရာပုစ္ဆာ ဖြစ်နေတာမျိုး"

"အင်း ...... ။ အဲဒီတော့ ဘာဖြစ်လဲ"

"သဘောတရားက အတူတူပဲ။ အလီဘိုင်မှာ ပြဿနာရှိနေတယ်လို့ ထင်ရပေမယ့် တကယ်တမ်း ပြဿနာက အလောင်းပေါ်မှာ"

"အား" ကုစာနာဂိက ထအော်လိုက်မိသည်။

"နောက်တော့ မင်းက ငါ့ကို အိရှိုဂါမိရဲ့ ရုံးတက်မှတ်တမ်း လာပြတယ်။ မတ်လ ၁၀ ရက်နေ့မနက်မှာ သူ ခွင့်ယူပြီး ကျောင်းမသွားခဲ့ဘူး။ မင်းက အဲဒါကို အမှုနဲ့ မဆိုင်ဘူးလို့ ယူဆပြီး အလေးမထားခဲ့ပေမယ့် ခွင့်ယူထားတဲ့ အချိန်ကို ငါ မြင်လိုက်တာနဲ့ သဘောပေါက်သွားတယ်။ အိရှိုဂါမိ အရေးတကြီး

ဖုံးကွယ်ထားချင်တဲ့ ကိစ္စဟာ ၁၀ ရက်နေ့မှာ ဖြစ်တာမဟုတ်ဘဲ သူ့ရှေ့တစ်ရက် ၉ ရက်နေ့မှာ ဖြစ်သွားခဲ့တယ် ဆိုတဲ့ အချက်ပဲ”

အိရှိဂါမိ အရေးတကြီး ဖုံးကွယ်ထားချင်သော ကိစ္စ ဆိုသည်မှာ ဟာနာအိုကာ ယာစုကို၏ လက်ချက်ဖြင့် တိုဂါရှိ ရှင်ဂျိ သေဆုံးခဲ့ရသည့် လူသတ်မှုပင် ဖြစ်သည်။

ယုကာဝါ၏ သုံးသပ်ချက်များမှာ အစမှ အဆုံးတိုင် အားလုံး စရွေးကိုက်၍ အံဝင်ခွင်ကျ ဖြစ်သည်ဟု ဆိုရမည်။ အသေအချာ စဉ်းစားကြည့်လျှင် ယခင်က ပေါ့ပေါ့တန်တန် ယူဆခဲ့သော စက်ဘီးပျောက်မှုနှင့် တစ်ဝက်တစ်ပျက် လောင်ကျွမ်းခဲ့သော အဝတ်အစားများသည် လူသတ်မှုနှင့် တိုက်ရိုက် ပတ်သက်ဆက်စပ်နေသည်။ သူတို့ ရဲတပ်ဖွဲ့တစ်ဖွဲ့လုံးသည် အိရှိဂါမိ ဖန်တီးထားသော ဝင်္ကပါထဲသို့ အမှန်ပင် ခုန်ချခဲ့ကြသည်ဟု ကုစာနာဂိအနေဖြင့် ဝန်မခံချင်၍ မရ။

သို့သော်လည်း သူ၏ စိတ်ထဲတွင် ထိုဖြေရှင်းချက်များကို ယုံရ ခပ်ခက်ခက်ပင် ဖြစ်နေသေးသည်။ လူသတ်မှုတစ်ခုကို ဖုံးကွယ်ပေးနိုင်ရန်အတွက် တခြားလူတစ်ယောက်ကို သတ်ဖြတ်ခဲ့သည်။ ဤသို့သောသူ ဇမ္ဗူတွင် ရှိနိုင်ပါ၏လော။

“အဲဒီ လှည့်ကွက်ထဲမှာ နောက်ထပ် အရေးပါတဲ့ အနှစ်သာရတစ်ခုလည်း ရှိနေသေးတယ်” ယုကာဝါသည် ကုစာနာဂိ၏ သံသယစိတ်ကို ဖောက်ထွင်းမြင်နေဟန် တူသည်။ “ဘုရင့်နောင် ဖောင်ဖျက်လိုက်တဲ့ သဘောပဲ။ အဖြစ်မှန်တွေ ပေါ်ကုန်တာနဲ့ သူက ခေါင်းဝင်ခံမယ်လို့ အစောကြီးကတည်းက သူ ဆုံးဖြတ်ထားခဲ့တယ်။ အဲဒီ ဆုံးဖြတ်ချက်ကို နည်းနည်းမှ ယိုင်နဲ့မသွားရအောင် အစီအစဉ် စကတည်းက ကြိုပြီး ‘ဖောင်’ ဖျက်ထားလိုက်တယ်။ ရဲတွေရဲ့ စစ်ကြောရေးမှာ တောင့်မခံနိုင်တော့လို့ အမှန်တွေ ဖွင့်ဟမိမှာ၊ အရေးရယ် အကြောင်းရယ် ဖြစ်လာတဲ့ အချိန်ကျမှ တွန့်ဆုတ်နေမိမှာ သူလည်း ကြောက်ပုံရတယ်။ အခုလို လုပ်ပစ်လိုက်တော့ သူ ဘာမှ စိုးရိမ်နေစရာ မလိုတော့ဘူး။ ဘယ်လောက်ပဲ အတင်းအကျပ် စစ်မေးနေပါစေ၊ သူ တွန့်ဆုတ်သွားစရာ အကြောင်း မရှိတော့ဘူး။ လူကို သူ သတ်ခဲ့ပါတယ်လို့ မယိမ်းမယိုင် ထွက်ဆိုသွားရုံပဲ။ ကျူး-အီဒိုဂါဝါမှာ တွေ့တဲ့ အလောင်းကို သူ တကယ်ပဲ သတ်ခဲ့တာကိုး။ သူများအသက်ကို သတ်ခဲ့တဲ့ လူတစ်ယောက်အနေနဲ့ ထောင်ကျသွားတာ ဘာဆန်းလို့လဲ။ အဲ…တစ်ချိန်တည်းမှာပဲ သူ ချစ်တဲ့သူကိုလည်း အထိအခိုက်မရှိ ကာကွယ်ပေးသွားနိုင်တယ်”

“သူ့ရဲ့ လှည့်ကွက်တွေကို ရိပ်မိသွားပြီဆိုတာ အိရှိဂါမိ သိလား”

"ငါ သူ့ကို ပြောပြပြီးပြီ။ ဒါပေမယ့် ငါပြောတဲ့စကားကို သူတစ်ယောက်တည်းပဲ နားလည်နိုင်တယ်။ ငါ မင်းကို စောစောက ပြောခဲ့တဲ့ စကားပဲ။ 'လောကမှာ အသုံးမဝင်တဲ့ ခွေးသွားစိပ်ဆိုတာ မရှိပါဘူး။ တစ်ခုပဲ ရှိတယ်။ ခွေးသွားစိပ် ကိုယ်နှိုက်ကသာ သူ့ရဲ့ အသုံးဝင်ပုံကို ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်နိုင်တယ်။' ခွေးသွားစိပ်ဆိုတာ ဘာလဲ။ မင်းအခု နားလည်လောက်ရောပေါ့"

"အိရှိဂါမိရဲ့ လှည့်ကွက်ထဲမှာ အသုံးချခံအဖြစ် မအူမလည် ပါသွားတဲ့ အိမ်ရာမဲ့ကို ပြောတာ မဟုတ်လား"

"သူ့ရဲ့ လုပ်ရပ်က ဘယ်လိုမှ ခွင့်လွှတ်နိုင်စရာ မရှိဘူး။ သူ့ဘာသာ သွားပြီး အဖမ်းခံလိုက်တာတော့ အကောင်းဆုံးပေါ့။ ငါ သူ့ကို ခွေးသွားစိပ်အကြောင်း ပြောပြရတာကလည်း သူ့ကို အဲဒီလို လုပ်စေချင်လို့ပဲ။ ဒါပေမယ့်ကွာ။ သူက အခုလို ပုံစံမျိုးကြီး အဖမ်းခံလိမ့်မယ်လို့ ငါ ထင်တောင် ထင်မထားခဲ့ဘူး။ ကိုယ့်ရဲ့ ဂုဏ်သိက္ခာကိုတောင် အချိုးအဖွဲ့ခံပြီး သူများကို ကာကွယ်ပေးဖို့ ကြိုးစားသွားခဲ့သေးတယ်။.....ငါ အဲဒီသတင်းကို ကြားလိုက်တဲ့ အခါကျမှ သူ ဘယ်လောက် နက်နက်ရှိုင်းရှိုင်း စီမံထားခဲ့သလဲဆိုတာ သဘောပေါက်သွားတော့တယ်"

"ဒါဆို တိုဂါရှိ ရှင်ဂျိရဲ့ အလောင်းက ဘယ်မှာလဲ"

"ငါ မသိဘူး။ အိရှိဂါမိ ဖျောက်ဖျက်ပစ်လိုက်ရောပေါ့။ တခြားဒေသက ရဲတွေ တွေ့ချင် တွေ့ထားလိမ့်မယ်။ ဒါမှမဟုတ် လုံးဝ မတွေ့သေးတာလည်း ဖြစ်မယ်"

"တခြားဒေသက ရဲ? ငါတို့ ပိုင်နက်ထဲမှာ မရှိဘူးလို့ ပြောချင်တာလား"

"ဟုတ်တယ်။ သေချာတာကတော့ မင်းတို့ ပိုင်နက်ကို ရှောင်ရမယ်။ တိုဂါရှိ ရှင်ဂျိရဲ့ အလောင်းနဲ့ သူဆင်ထားတဲ့ လူသတ်မှုက ဘယ်လိုနည်းနဲ့မှ ဆက်နွှယ်သွားလို့ မဖြစ်ဘူး"

"ဒါကြောင့်ပဲ မင်းက စာကြည့်တိုက်သွားပြီး သတင်းစာ သွားလှန်တယ်ပေါ့။ ပိုင်ရှင်မပေါ်တဲ့ အလောင်းကို တွေ့ထားတာများ ရှိမလားလို့ ရှာကြည့်တာလား"

"ငါ လေ့လာထားရသလောက်တော့ အဲဒီလိုအလောင်းမျိုး အခုထိ မတွေ့သေးဘူး။ ဒါပေမယ့် တစ်နေ့မဟုတ်တစ်နေ့ တွေ့လာမှာပဲလေ။ သူက အလောင်းကို ဖွက်ထားဖို့ သိပ် အာရုံစိုက်လိမ့်မယ် မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလောင်းကို တွေ့သွားရင်တောင် အဲဒီအလောင်းရှင်ကို

တိုင်ရှိ ရှင်ဂျိပါလို့ သတ်မှတ်ကြမှာ မဟုတ်တော့ဘူး”

“ငါ အခု သွားရှာလိုက်မယ်” ကုစာနာဂိက ပြောတယ်။

ယုကာဝါက ခေါင်းခါပြသည်။ “မဖြစ်ဘူး။ အဲဒီလိုလုပ်တာက မင်းပေးထားတဲ့ ကတိကို ဖျက်တာနဲ့ အတူတူပဲ။ ငါ အစကတည်းက ပြောခဲ့ပြီးပြီ။ ငါ အခုလို ပြောပြနေတာက သူငယ်ချင်းဖြစ်တဲ့ မင်းကို ပြောတာ။ မှုခင်းစစ်ရဲကို မဟုတ်ဘူး။ တကယ်လို့ ငါ ပြောခဲ့သမျှ အချက်အလက်တွေအပေါ် အခြေခံပြီး မင်း အမှုဆက်လိုက်မယ်ဆိုရင် မင်းနဲ့ငါ သေခန်းပြတ်ပဲ”

ယုကာဝါ၏ မျက်လုံးများပေါ်တွင် ပြတ်သားမှုက အထင်သား ပေါ်လွင်နေသည်။ တစ်ဘက်သားကို စျေးဆစ်ခွင့် ပြုမည် မဟုတ်။

“ငါ သူ့အပေါ်မှာ လောင်းကြေးထပ်ကြည့်ချင်တယ်။ သူ ဘာဆက်လုပ်မလဲဆိုတာ စောင့်ကြည့်ကြရအောင်လား” ယုကာဝါသည် ဘန်တန်တိုင်ဆီသို့ လက်ညှိုးထိုးပြသည်။ “သူက အဖြစ်မှန်ကို လုံးဝ သိထားတာ မဟုတ်ဘူး။ အိရှိဂါမိဟာ သူ့တစ်ဘဝလုံးကို ဘယ်လို စတေးပစ်ခဲ့တယ် ဆိုတာ သူ မသိဘူး။ သူ့ကို အဖြစ်မှန်တွေ အကုန်လုံး ပြောပြလိုက်ဖို့ ငါ စိတ်ကူးထားတယ်။ မှန်ကန်တဲ့ ဆုံးဖြတ်ချက် ချနိုင်ပါစေလို့ မျှော်လင့်ရတာပဲ။ အိရှိဂါမိကတော့ သူ့ကို ကလေးတစ်ယောက်လို ဘာမှ မသိဘဲ ပျော်ပျော်ရွှင်ရွှင် ဆက်နေသွားစေချင်မှာပဲ။ ဒါပေမယ့် အဲဒီအနေအထားမျိုးကို ငါ ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်ဘူး။ သူ အဖြစ်မှန်ကို သိသင့်တယ်လို့ ငါ ယူဆတယ်”

“သူက အဖြစ်မှန်ကို သိသွားတဲ့အခါမှာ သွားအဖမ်းခံလိမ့်မယ်လို့ မင်း မျှော်လင့်ထားတာလား”

“ငါ မသိဘူး။ သူ့ကို အဖမ်းခံပါလို့လည်း ငါ အတင်းအကျပ် တောင်းဆိုနေမှာ မဟုတ်ဘူး။ အိရှိဂါမိရဲ့ မျက်နှာကို မြင်ယောင်လာပြန်တော့ သူ့ဆန္ဒအတိုင်း လွတ်မြောက်သွားပါစေလို့လည်း ငါ ဆုတောင်းနေမိတာ အမှန်ပဲ”

“တကယ်လို့သာ ဟာနာအိုကာ ယာစုကိုက အချိန်ကြာလာတဲ့အထိ လာပြီး အဖမ်းမခံသေးဘူး ဆိုရင်တော့ ငါ အမှုကို ဆက်စုံစမ်းရလိမ့်မယ်။ အဲဒီအခါကျရင် မင်းနဲ့ငါရဲ့ ခင်မင်မှုတွေ ပျက်သွားမယ်ဆိုလည်း ငါ မမှုနိုင်တော့ဘူး”

“မင်း သဘောပဲလေ”

ဟာနာအိုကာ ယာစုကိုနှင့် စကားပြောနေသော သူငယ်ချင်းကို ငေးကြည့်နေရင်း ကုစာနာဂိသည် ဆေးလိပ်ကို တစ်လိပ်ပြီးတစ်လိပ် ဖွာနေမိသည်။ ယာစုကိုသည် တစ်လျှောက်လုံး ခေါင်းကို ငုံ့ထားလျက် တစ်ရံတစ်ဆစ်မျှ

လှုပ်ရှားခြင်း မရှိ။ ယုကာဝါ၏ နှုတ်ခမ်းများမှာ အဆက်မပြတ် လှုပ်ရှားနေသော်လည်း မျက်နှာအမူအရာကမူ စိုးစဉ်းမျှ ပြောင်းလဲမသွားပေ။ သို့သော် သူတို့နှစ်ဦးစလုံး၏ ဘေးပတ်ဝန်းကျင်တွင် သောက၏ အရိပ်အငွေ့များ ဝေ့ဝဲပျံ့နှံ့နေသည်ဟု ကုစာနာဂိက ခံစားနေရသည်။

ယုကာဝါသည် မတ်တတ်ရပ်ပြီး ယာစုကိုကို ဦးညွှတ်လိုက်သည်။ ကုစာနာဂိ ရှိရာသို့ လျှောက်လာနေစဉ်တွင် ယာစုကိုသည် ကျောက်ဆစ်ရုပ်တစ်ရုပ်ပမာ မူလနေရာတွင် မလှုပ်မယှက် ထိုင်နေလေသည်။

“မင်းကို စောင့်ခိုင်းရတာ ဆောရီးပဲ” ယုကာဝါက ပြောသည်။

“အကုန် ပြောပြလိုက်ပြီလား”

“အင်း”

“သူ ဘယ်လို ဆက်လုပ်မှာတဲ့လဲ”

“မသိဘူးလေ။ ငါက သူ့ကို အဖြစ်မှန်ပဲ ပြောပြလိုက်တာ။ ဘာဆက်လုပ်မလဲဆိုတာတော့ မေးမနေတော့ဘူး။ ဘာလုပ်သင့်တယ်လို့လည်း အကြံမပေးချင်ဘူး။ သူ့ဘာသာ စိတ်ကြိုက် လုပ်ပါစေ”

“ငါ မင်းကို ပြောခဲ့ပြီးပြီနော်။ တကယ်လို့သာ သူ .....”

“ငါ သိပါတယ်။ မင်း ထပ်မပြောပါနဲ့တော့” ယုကာဝါက လက်မြှောက်၍ သူ့ကို တားလိုက်သည်။ သူတို့ ပန်းခြံအပြင်သို့ ထွက်လာကြသည်။ “ငါ မင်းကို အကူအညီတစ်ခု တောင်းချင်တယ်”

“မင်း အိရှိဂါမိကို တွေ့ချင်တာ မဟုတ်လား”

ယုကာဝါက မျက်လုံးပြူးလျက် သူ့ကို လှည့်ကြည့်သည်။ “မင်း ဘယ်လိုလုပ် သိသလဲ”

“သိတာပေါ့ဟ။ ငါတို့ ပေါင်းလာတာ ဒီလောက်ကြာလှပြီကို”

“အေးပေါ့လေ။ အခုချိန်ထိတော့ ငါတို့ သူငယ်ချင်းတွေ ဖြစ်နေကြသေးတာပဲ” ယုကာဝါက မချိတရိ ပြုံးလိုက်သည်။

အခန်း (၁၉ - က)

ယာစုကိုသည် ခုံတန်းလျားပေါ်တွင် ငုတ်တုတ်မေ့နေသည်။ ယုကာဝါ၏ စကားလုံးများက သူမအား ခေါင်းပေါ်မှ ဖိချထားသယောင်။ အကြောင်းအရာများက ရင်လေးစရာ၊ အံ့သြဖွယ်ရာအတိ။ သူမ၏ အသည်းနှလုံးကို ဖိချေပစ်ကြတော့မည့်နှယ်။

ဤမျှ ပေးဆပ်ဝံ့၊ စတေးဝံ့ခဲ့သော သူ .... ။

တိုဂါရှိ၏ အလောင်းကို အိရှိုဂါမိက မည်သို့ စီမံခဲ့သနည်း။ ထိုအကြောင်းကို သူ ဘာမျှ ပြောမပြခဲ့။ စိတ်ပူမနေရန်သာ သူမအား ပြောကြားခဲ့သည်။ "ကျွန်တော် အားလုံး ဖြေရှင်းပြီးသွားပြီ" သူက ဖုန်းထဲတွင် တည်ငြိမ်သော လေသံဖြင့် ဤသို့ ပြောခဲ့သည်။

သူမ ထူးဆန်းနေခဲ့သည်မှာ အမှန်။ ရဲများသည် အဘယ်ကြောင့် လူသတ်မှု ဖြစ်ပြီး နောက်တစ်ရက်၏ အလီဘိုင်ကိုသာ သူမထံမှ တောင်းခံနေကြသနည်း။ မတ်လ ၁၀ ရက်နေ့ညတွင် မည်သည့်အလုပ်များ လုပ်ရမည်ကို အိရှိုဂါမိက သူမတို့အား ကြိုတင် မှာကြားထားခဲ့သည်။ ရုပ်ရှင်ရုံ၊ ခေါက်ဆွဲဆိုင်၊ ကေတီဗီ၊ ထို့အပြင် ညဥ့်နက်သန်းခေါင်မှ ဖုန်းကော။ ထိုအရာအားလုံးတို့သည် အိရှိုဂါမိ၏ ညွှန်ကြားချက်အတိုင်း ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ တစ်ခုပဲ ရှိသည်။ ပြုလုပ်ရသည့် အကြောင်းအရင်းကိုတော့ သူမ နားမလည်ခဲ့။ ရဲအရာရှိများ၏ မေးခွန်းများကို သူမသည် မှန်သည့်အတိုင်း ဖြေကြားနေရသော်လည်း စိတ်ထဲတွင် သံသယတစ်ခု ဖြစ်ပေါ်နေခဲ့သည်။ အဘယ်ကြောင့် မတ်လ ၁၀ ရက်နေ့ကိုသာ မဲနေကြသနည်း။

ယခုတော့ သူမ အားလုံး နားလည်သွားခဲ့ပြီ။ ၎င်းမှာ အိရှိုဂါမိ ထောင်ထားခဲ့သော ထောင်ချောက်ဖြစ်သည်။ ထိုထောင်ချောင်ထဲသို့ စုပြုံ တိုးဝင်လာအောင်လည်း သူ စီမံထားခဲ့သည်။ ထိုစီမံချက်သည် အသည်းတုန် ရင်တုန်သွားအောင် ကြောက်မက်ဖွယ် ကောင်းပေစွ။ ယုကာဝါထံမှ ကြားလိုက်ရစဉ်က ထို့ထက် ယုတ္တိရှိနိုင်သော တခြား ရှင်းလင်းချက် မရှိနိုင်မှန်းကို သိနေပါလျက်နှင့် သူမ မယုံကြည်ခဲ့ပေ။ မဟုတ်သေး။ သူမ မယုံချင်ခဲ့။ အိရှိုဂါမိသည် သူမအတွက် ဤမျှအထိ ပေးဆပ်ခဲ့သည်ကို ယုံကြည်ရန် သူမ မဝံ့မရဲ ဖြစ်နေသည်။ မိမိကဲ့သို့ ဘာမျှ ထူးခြားမှု မရှိသော၊ ရွက်ကြွေမ်းရေကျို၊ အရွယ်တစ်စိတ် ဟိုင်းနေသော မိန်းမတစ်ယောက်အတွက် အိရှိုဂါမိသည် သူ၏ တစ်ဘဝလုံးကို စတေးပစ်ခဲ့သည်ဟု သူမ မယုံကြည်ဝံ့။ သူမ၏ နှလုံးသားသည် ထိုကဲ့သို့သော ပေးဆပ်မှု၊ စွန့်လွှတ်အနစ်နာခံမှုကို လက်ခံနိုင်လောက်အောင်

ကိုယ်ခံအား မရှိကြောင်း ယာစုကို သဘောပေါက်သည်။

သူမသည် လက်နှစ်ဘက်တွင် မျက်နှာအပ်ထားပြီး ဘာကိုမျှ မစဉ်းစားချင်တော့။ ယုကာဝါသည် ရဲများအား ထိုအကြောင်းကို အသိပေးမည် မဟုတ်ကြောင်း ပြောကြားခဲ့သေးသည်။ သူ ပြောခဲ့သမျှ စကားအားလုံးသည် သူ၏ သုံးသပ်ချက်မျှသာ ဖြစ်၍ ဘာအထောက်အထားမျှ မရှိ။ ထို့ကြောင့် သူမ သွားသင့်သည့်လမ်းကို သူမကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်နိုင်ကြောင်း ပြောကြားခဲ့သည်။ သူသည် သူမကို ရွေးချယ်မှုတစ်ခု ပြုလုပ်ရန် အခွင့်ပေးခဲ့သည်။ အညှာအတာ ကင်းမဲ့သော ရွေးချယ်မှုတစ်ခု။

ဘာဆက်လုပ်ရမည်ကို မသိနိုင်လောက်အောင် သူမ လမ်းပျောက်နေသည်။ မတ်တတ်ရပ်ရန်ပင် ခွန်အားများ မရှိတော့သယောင်။ ကျောက်ဆစ်ရုပ်တစ်ရုပ်ပမာ မည်မျှ ထိုင်နေခဲ့သည်ဟု မဆိုနိုင်။ ရုတ်တရက် ပခုံးပုတ်ခံရသောအခါမှ သတိဝင်လာပြီး အလန့်တကြား ခေါင်းမော့ကြည့်လိုက်သည်။

ကူဒိုသည် စိုးရိမ်စိတ်ဖြင့် သူမကို စိုက်ကြည့်နေသည်။

"မင်း ဘာဖြစ်နေတာလဲ"

ဤနေရာသို့ ကူဒို အဘယ်ကြောင့် ရောက်နေသနည်း။ ထိုမေးခွန်းကို ဖြေဆိုနိုင်ရန် အတန်ကြာမျှ အချိန်ပေးလိုက်ရသည်။ သူမသည် သူ့ကို အတန်ကြာမျှ ငေးကြောင်ကြည့်နေပြီး တဖြည်းဖြည်းနှင့်မှ သူတို့ ချိန်းဆိုထားကြောင်းကို သတိရလာသည်။

"ဆောရီးပဲ။ ကျွန်မ .... အရမ်း ပင်ပန်းနေတယ်" ထို့ထက်လည်း သူမ ဘာပြောရမည် မသိ။ အမှန်တကယ်လည်း သူမ ပုံကျလုမတတ် ပင်ပန်းနေသည်။ ကိုယ်ခန္ဓာတော့ မဟုတ်။

"မင်း နေမကောင်းဘူးလား" ကူဒိုက ကရုဏာသက်သော လေသံဖြင့် မေးသည်။

ထိုကရုဏာသံက ယာစုကို၏ နားထဲတွင် နူးညံ့မနေဘဲ အေးစက်မာကျောနေသည်။ သူမ ယခုမှ နားလည်သဘောပေါက်လာသည်။ အမှန်တရားကို မသိနားမလည်ခြင်းသည်လည်း ပြစ်မှုတစ်မျိုး ဖြစ်သည်။ ထိုပြစ်မှုကို မကြာသေးခင် အချိန်ကအထိ သူမ မြိန်ရေရှက်ရေ ကျူးလွန်နေခဲ့မိသည်။

"ရပါတယ်" ယာစုကိုသည် ထရန် ကြိုးစားလိုက်သည်။ တုန်ယင်နေသော

သူမကို မြင်၍ ကူဒိုက လှမ်းထူပေးသည်။

"ဘာဖြစ်လို့လဲ။ မင်း မျက်နှာလည်း မကောင်းဘူး"

ယာစုကိုက ခေါင်းခါပြသည်။ သူ့ကို ရှင်းပြ၍ ရနိုင်မည် မဟုတ်။ သူ့ကိုသာ မဟုတ်။ တစ်လောကလုံးတွင် ထိုသို့သောသူ ရှိနိုင်မည် မထင်။

"ကိစ္စ မရှိပါဘူး။ နေလို့ သိပ်မကောင်းလို့ပါ။ စောစောက ဒီမှာ ခဏ အနားယူလိုက်လို့ သက်သာသွားပါပြီ" သူမက ကြည်ရွှင်သော လေသံဖြင့် ပြောလိုက်ချင်သည်။ မည်သို့ ဖြစ်နိုင်ပါအံ့နည်း။

"ကို့ကားကို ဒီဘေးမှာပဲ ရပ်ထားခဲ့တာ။ ကိုတို့ မသွားခင် ခဏလောက်ဖြစ်ဖြစ် နားလိုက်ချင်သေးလား"

သူမက သူ၏ မျက်လုံးများကို လှမ်းကြည့်လိုက်သည်။ "ဘယ်သွားမလို့လဲ"

"ကို စားသောက်ဆိုင်တစ်ဆိုင်မှာ စားပွဲယူထားတယ်။ ၇ နာရီ ရောက်မယ်လို့ ပြောထားတာ။ နာရီဝက်လောက် နောက်ကျတာတော့ ကိစ္စ မရှိလောက်ပါဘူး"

စားသောက်ဆိုင်။ ထိုစကားလုံးမှာ သူမအတွက် သူစိမ်းဆန်နေသည်။ ယခုလိုအချိန်တွင် ထိုနေရာမျိုးသို့ သွားရောက် စားသောက်သင့်ပါသလော။ ရင်ထဲတွင် လေးပင်သော ဝန်ထုပ်ဝန်ပိုးကြီးကို လွယ်ထားလျက်နှင့် ဟန်ဆောင်ပန်ဆောင် ပြုံး၍နေရန် သင့်ပါ၏လော။ ဖွန်းခက်ရင်းကို ဟိတ်ဟန်ထုတ်၍ ကြီးမြတ်ချင်ယောင် ဆောင်နေသင့်ပါမည်လော။ သို့သော် ၎င်းမှာ ကူဒို၏ အမှားတော့ မဟုတ်။

"ဆောရီးပါရှင်" ယာစုကိုက တိုးညင်းလေးတွဲ့သောအသံဖြင့် ပြောသည်။ "ကျွန်မ ဒီည ဘယ်လိုမှ .... ဘယ်လိုပြောမလဲ။ ဟို ... နောက်နေ့မှပဲ ...."

"ကို နားလည်ပါတယ်" ကူဒိုက လက်မြှောက်၍ သူမကို ဆက်မပြောရန် တားလိုက်သည်။ "အေးလေ။ ဒီလောက် ပြဿနာတွေ ဖြစ်ခဲ့မှတော့ မင်းလည်း ပင်ပန်းနေရောပေါ့။ ဒီနေ့တော့ ကောင်းကောင်း အနားယူလိုက်လေ။ အခုတလော မင်း စိတ်ပန်းလူပန်း ဖြစ်နေတာကို ကိုက အလိုက်ကမ်းဆိုး မသိသလို ဖြစ်နေတယ်။ ဆောရီးပါကွာ"

ယာစုကိုသည် ကူဒို၏ ရိုးသားဖြူစင်မှုကို သူ၏ မျက်လုံးများထဲတွင် တွေ့မြင်နေရသည်။ သူမအတွက် အမှန်တကယ်ပင် စိတ်ပူပန် ပေးနေရှာသည်။ မိမိအား ချစ်ခင်စုံမက်သူ များစွာ ရှိနေပါလျက်နှင့် အဘယ်ကြောင့် မိမိမှာ

မပျော်မရွှင်နိုင် ဖြစ်နေရသနည်း။ သူမက တွေးနေမိသည်။

သူ၏ ဖေးမကူညီမှုဖြင့် ယာစုကိုသည် ကားဆီသို့ ဒယီးဒယိုင် လျှောက်သွားနေသည်။ ကူဒိုသည် ကားကို ပန်းခြံမှ ၁၀ မီတာအကွာရှိ လမ်းဘေးတွင် ရပ်တန့်ထားသည်။ သူက သူမအား အိမ်သို့ လိုက်ပို့ပေးမည်ဟု ပြောလာသည်။ သူမ ငြင်းဆန်သင့်သည်ဟု ထင်သည်။ သို့သော် မငြင်းဆန်ဖြစ်။ ယခု အိမ်အပြန်လမ်း ခရီးမှာ ဆွဲဆန့်ခံထားရသကဲ့သို့ ရှည်လျားလွန်းနေသည်။

"မင်း တကယ် အဆင်ပြေရဲ့လား။ တကယ်လို့ ကိစ္စရှိတယ် ဆိုရင် ကို့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြစေချင်တယ်" ကားပေါ် ရောက်သောအခါတွင် ကူဒိုက နောက်တစ်ကြိမ် ထပ်မေးပြန်သည်။ ယာစုကို၏ မျက်နှာ အသွင်အပြင်မှာလည်း အမှန်ပင် စိုးရိမ်ချင်စရာ ကောင်းနေသည်။

"အင်း။ ကျွန်မ အဆင်ပြေပါတယ်။ ဆောရီးပါရှင်" သူမက သူ့ကို ပြုံးပြလိုက်သည်။ ထို့ထက်လည်း သူမ ဘာမျှ မလုပ်ပြတတ်တော့။

သူမ၏ အတွေးများကို မည်သည့်ဘက်သို့ပဲ ဦးတည်ဦးတည်၊ စိတ်ထိခိုက်စရာများသာ သူမခေါင်းထဲသို့ ဝင်လာနေသည်။ အားလုံးအပေါ်တွင် တာဝန်မကျေသကဲ့သို့၊ အကြွေးတင်နေသကဲ့သို့ ခံစားနေရသည်။ ကူဒိုသည် အကြောင်းရှိ၍သာ သူမကို ယနေ့ ချိန်းဆိုထားခြင်း ဖြစ်သည် ဆိုသည့်အချက်ကိုလည်း ရုတ်တရက် သတိရလာမိသည်။

"မစ္စတာကူဒို၊ ရှင် ကျွန်မကို အရေးတကြီး ပြောစရာ ရှိတယ်ဆို"

"အင်း၊ ဟုတ်တော့ ဟုတ်တယ်" သူ ခေါင်းငုံ့သွားသည်။ "ဒါပေမယ့် ... ဒီနေ့တော့ ထားလိုက်ပါတော့"

ယာစုကိုသည် ကားပေါ်တွင် ထိုင်လျက် ပြတင်းအပြင်ဘက်သို့ ငေးမောနေမိသည်။ နေရောင် ပျောက်ကွယ်သွားပြီ ဖြစ်၍ မြို့သည် မီးရောင်များဖြင့် ဝင်းပထိန်လင်းနေသည်။ မြင်မြင်သမျှ အရာရာအားလုံး အမှောင်ကျသွားပြီး ကမ္ဘာကြီး ပျက်သုဉ်းသွားလျှင် စိတ်လက်သက်သာသွားလိုက်မည့် ဖြစ်ခြင်း။

ကူဒို၏ကားသည် ယာစုကို၏ တိုက်ခန်းရှေ့တွင် ရပ်တန့်သွားသည်။ "မင်း ကောင်းကောင်း အနားယူလိုက်ဦး။ နောက်မှ ကို ဖုန်းဆက်လာခဲ့မယ်"

သူမသည် ခေါင်းညိတ်ပြီး တံခါးလက်ကိုင်ပေါ်သို့ လက်တင်လိုက်သည်။ တံခါးကို ဆွဲဖွင့်တော့မည် အပြုတွင် ကူဒိုအထံမှ အသံထွက်ပေါ်လာသည်။ "ခဏလေး"

ယာစုကိုက လှည့်ကြည့်လိုက်သည်။ သူသည် နှုတ်ခမ်းကို လျှာဖြင့် သပ်ပြီး ကားစတီယာရင်ကို လက်ဖြင့် နှစ်ချက် ပုတ်လိုက်သည်။

"မင်းကို အခုပဲ ပြောလိုက်တာ ကောင်းပါတယ်"

ကူဒိုသည် ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်ပြီး ဘူးအပြာလေးတစ်ဘူးကို ဆွဲထုတ်လိုက်သည်။ ဘူးကို မြင်လိုက်သည်နှင့် အထဲတွင် ဘာရှိနေသည်ကို ပြောစရာပင် မလိုတော့ပေ။

"တီဗီထဲမှာ ဒီလိုမြင်ကွင်းမျိုး အမြဲတမ်း တွေ့တွေ့နေရမှာပဲ။ ကို အစကတော့ အဲဒီလိုမျိုး မလုပ်ချင်ဘူး။ ဒါပေမယ့် ဒါကလည်း ရိုးရာဓလေ့တစ်ခုလို ဖြစ်နေပြီပဲ မဟုတ်လား" သူသည် သူမ၏ အရှေ့တွင် ဘူးကို ဖွင့်ပြလိုက်သည်။ လက်စွပ်တစ်ကွင်း။ စိန်ကြီးတစ်ပွင့်ပေါ်မှ အလင်းတန်းများ တဖျပ်ဖျပ် ဖြာထွက်နေကြသည်။

"မစ္စတာကူဒို ....." ယာစုကိုက ငေးကြောင်၍ သူ့မျက်နှာကို စိုက်ကြည့်နေသည်။

"ချက်ချင်း ပြန်ဖြေစရာ မလိုပါဘူး" သူက ပြောသည်။ "မီစာတို့ရဲ့ ခံစားချက်ကိုလည်း ထည့်တွက်ရဦးမယ်ဆိုတာ ကို နားလည်ပါတယ်။ ဒါပေမယ့် ကို အပျော်အပြက် လျှောက်လုပ်နေတာ မဟုတ်ဘူး ဆိုတာကိုတော့ မင်း နားလည်စေချင်တယ်။ အခုချိန်မှာ ကိုဟာ မင်းတို့ သားအမိကို စိတ်ချမ်းသာအောင် ထားနိုင်မယ်လို့ အပြည့်အဝ ယုံကြည်တယ်" သူသည် ယာစုကို၏ လက်ကို ဖမ်းကိုင်ပြီး လက်စွပ်ဘူးကို သူမ၏ လက်ဖဝါးပေါ်သို့ တင်ပေးလိုက်သည်။ "ဒီအတွက် မင်းရင်ထဲမှာ ဘာဖိအားမှ မဖြစ်စေချင်ဘူး။ ကိုရဲ့ လက်ဆောင်လို့ပဲ သဘောထားပေးပါ။ ဒါပေမယ့် ..... တကယ်လို့သာ ကိုနဲ့ လက်တွဲသွားဖို့ ဆုံးဖြတ်ခဲ့မယ် ဆိုရင်တော့ ဒီလက်စွပ်က ပိုပြီး အဓိပ္ပာယ် ပြည့်ဝသွားမှာပေါ့။ မင်း စဉ်းစားပေးမယ် မဟုတ်လား"

သူမလက်ဖဝါးပေါ်မှ ဘူးငယ်၏ အလေးချိန်ကို ခံစားနေရသော်လည်း ယာစုကို၏ ဦးနှောက်ထဲ၌ အတွေးများ ထုံထိုင်းနောက်ကျနေကြသည်။ သူပြောခဲ့သော စကားလုံးများသည် သူ့နားထဲသို့ ဝင်တစ်ဝက် မဝင်တစ်ဝက် ဖြစ်နေသော်လည်း သူ၏ စိတ်ဆန္ဒကို သူမ နားလည်နေသည်။ ထိုသို့ နားလည်နေသောကြောင့်ပင်လျှင် သူမ၏ စိတ်ကို ပို၍ ရှုပ်ထွေးသွားစေခဲ့သည်။

"ဆောရီးပဲ။ ကို အလျှင်စလို လုပ်မိသွားတယ်ဆိုတာ ကို နားလည်ပါတယ်" ကူဒို၏ မျက်နှာပေါ်မှ အပြစ်ကင်းစင်သော အပြုံးတစ်ချက် ထွက်ပေါ်လာသည်။ "မင်း အလောတကော ဆုံးဖြတ်ဖို့ မလိုပါဘူး။ မီစာတို့နဲ့လည်း တိုင်ပင်ကြည့်ပါဦး"

ယာစုကို၏ လက်ပေါ်မှ လက်စွပ်ဘူးကို အဖုံးပိတ်လိုက်သည်။ "ကို ဝမ်းသာပါရစေ"

မည်သည့်စကားကို ပြောရမည်မှန်း ယာစုကို မသိနိုင်တော့။ စကားလုံးများသည် ဦးနှောက်တစ်နေရာတွင် ပုန်းအောင်းနေကြသည်။ ရုပ်ပုံများသည်သာ သူမ၏ ခေါင်းထဲတွင် တစ်ပုံပြီးတစ်ပုံ ရှေ့နောက်ဆင့်ကာ ထွက်ပေါ်လာနေသည်။ ကူဒို၊ တိုဂါရှို၊ ထို့နောက် အိရှိုဂါမိ။ အိရှိုဂါမိ၏ ရုပ်ပုံများမှာ အများဆုံး ဖြစ်ပေလိမ့်မည်။

"ကျွန်မ ..... ကျွန်မ စဉ်းစားပေးပါ့မယ်" သူမ အားယူ၍ ပြောလိုက်သည်။ ကူဒိုက ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ ယာစုကိုလည်း ပြုံးပြ၍ ကားပေါ်မှ ဆင်းလာခဲ့သည်။

ကူဒို၏ကား မောင်းထွက်သွားသောအခါမှ သူမသည် တိုက်ခန်းပေါ်သို့ တက်လာခဲ့သည်။ အိမ်တံခါးကို ဆွဲဖွင့်နေစဉ်တွင် သူမသည် ဘေးအိမ်မှ တံခါးရွက်ကို စွေကြည့်လိုက်မိသည်။ စာတိုက်ပုံးထဲတွင် စာများနှင့် ပြည့်နေပြီး သတင်းစာကိုတော့ မတွေ့ရပေ။ အိရှိုဂါမိသည် ရဲစခန်းသို့ မသွားခင်ကတည်းကပင် သတင်းစာများကို ရပ်နားထားခဲ့ခြင်း ဖြစ်ရပေမည်။ မီစာတိုလည်း အိမ်ပြန်မရောက်သေး။ ယာစုကိုသည် ကြမ်းပြင်တွင် ခြေပစ်လက်ပစ် ထိုင်ချပြီး သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။ သူမ၏ ခေါင်းထဲသို့ ရုတ်တရက် အတွေးတစ်ခု ဝင်လာပြီး ဘေးနားရှိ အံဆွဲကို ဖွင့်၍ အထဲမှ ကွတ်ကီးဘူးကို ဆွဲထုတ်လိုက်သည်။ ဤဘူးထဲတွင် ပေးစာဟောင်းများကို သိမ်းထားလေ့ရှိသည်။ သူမသည် အောက်ဆုံးရှိ စာတစ်စောင်ကို ဆွဲထုတ်လိုက်သည်။ စာအိတ်ပေါ်တွင် ဘာမျှ ရေးထားခြင်း မရှိ။ စာအိတ်ထဲတွင် လက်ရေးစာလုံးများနှင့် ပြည့်နေသော စာရွက်တစ်ရွက် ထည့်ထားသည်။

၎င်းမှာ အိရှိုဂါမိနှင့် နောက်ဆုံးအကြိမ် ဖုန်းမပြောခင်က ယာစုကိုအိမ်၏ စာတိုက်ပုံးထဲသို့ ထည့်ထားခဲ့သော စာရွက်ဖြစ်သည်။ ၎င်းစာရွက်အပြင် တခြား စာသုံးစောင်လည်း ပါသေးသည်။ စာတစ်စောင်စီတိုင်းသည် သူ့အား မယားတရှူးအဖြစ် သတ်မှတ်ရန် ခိုင်လုံသော အထောက်အထားများ ဖြစ်သည်။ ယခုအချိန်တွင် ထိုစာသုံးစောင်သည် ရဲလက်ထဲ၌ ရှိနေကြသည်။

သူမ၏ လက်ထဲရှိ စာရွက်ပေါ်တွင် ထိုစာသုံးစောင်အား မည်သို့မည်ပုံ အသုံးချရမည်ကို ရေးသား ဖော်ပြထားသည်။ ရဲများ ရောက်လာလျှင် မည်သို့ ဖြေကြားရမည်ကို အသေးစိတ် ညွှန်ကြားထားသည်။ ယာစုကို အတွက်တင်သာ မကဘဲ မီစာတိုအတွက်ပါ ရေးသားပေးထားသည်။ ထိုစာထဲတွင် သူမတို့ ကြုံတွေ့လာနိုင်သည့် အခြေအနေ ပေါင်းစုံကို သုံးသပ်ပြထားပြီး မည်သို့သော အနေအထားမျိုးတွင် မည်သို့သော စကားမျိုးကို ပြောကြားရမည် ဖြစ်ကြောင်း

ဟာနာအိုကာတို့ သားအမိအား လိုလေသေးမရှိအောင် သင်ကြားပေးထားသောကြောင့် သူမတို့ သားအမိကလည်း တုန်လှုပ်ခြင်း မရှိဘဲ ရဲမျှားကို အေးဆေးတည်ငြိမ်စွာ တုံ့ပြန်နိုင်ခဲ့ကြသည်။ အကယ်၍သာ အလိုက်သင့် မတုံ့ပြန်နိုင်၍ အလိမ်ပေါ်သွားခဲ့လျှင် အိရှိုဂါမိ၏ ကြိုးပမ်းချက်များသည် သဲထဲ ရေသွန်သကဲ့သို့ အလဟဿ ဖြစ်ကုန်တော့မည်။ ယာစုကိုက ဤသို့ ယူဆခဲ့သည်။ မီစာတိုကလည်း သူမကဲ့သို့ပင် ခံယူထားပေလိမ့်မည်။

ညွှန်ကြားချက်များ၏ အဆုံးတွင် ဤသို့သော စာပိုဒ်တစ်ပိုဒ်ကို ထည့်ရေးထားသေးသည်။

❝ ကူဒို ကုနိအာကိက တကယ့်ကို ရိုးသားပြီး အားကိုးထိုက်တဲ့ လူကောင်းတစ်ယောက်ပါ။ ခင်ဗျား သူနဲ့ အိမ်ထောင်ပြုလိုက်မယ် ဆိုရင် ခင်ဗျားနဲ့ မီစာတိုအတွက် သာယာချမ်းမြေ့တဲ့ ဘဝတစ်ခုကို ရလာနိုင်တဲ့အခွင့်အလမ်းက အများကြီး ပိုရှိလာလိမ့်မယ်။ ကျွန်တော့်ကို လုံးဝ မေ့ပစ်လိုက်ပါတော့။ အပြစ်လုပ်မိလေခြင်း ဆိုတဲ့ စိတ်ဖိစီးမှုတွေ၊ နောင်တတွေ မခံစားမိပါစေနဲ့။ တကယ်လို့သာ ခင်ဗျား ပျော်ရွှင်မနေဘူး ဆိုရင် ကျွန်တော် လုပ်ခဲ့သမျှဟာလည်း အရာရောက်မှာ မဟုတ်တော့ဘူး ❞

သူမသည် ထိုစာကို နောက်တစ်ကြိမ် ပြန်ဖတ်ပြီးနောက် မျက်ရည်များ စီးကျလာသည်။

ဤမျှ နက်ရှိုင်းသော အချစ်မျိုးကို သူမ တစ်ခါမျှ မကြုံခဲ့စဖူး။ လောကတွင် ဤသို့သော အချစ်မျိုး ရှိသည်ဟုပင် သူမ မသိနားမလည်ခဲ့။ ခံစားချက်မဲ့သော မျက်နှာထား၏နောက်ကွယ် အတွင်းအကျဆုံး တစ်နေရာတွင် လူသာမန်တို့ အစိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ခက်ခဲလှသည့် ဤအချစ်မျိုးကို သူ သိုဝှက်ထားခဲ့သည်။

သူ သွားရောက် အဖမ်းခံသည်ဟု ကြားသိခဲ့ရစဉ်က သူသည် သူတို့သားအမိကိုယ်စား ခေါင်းခံခဲ့သည်ဟုသာ ခပ်ရိုးရိုးပင် တွေးထင်ခဲ့သည်။ သို့သော် ယုကာဝါထံမှ အမှန်တရားကို သိရှိလာပြီးနောက်တွင် ဤစာရွက်ထဲမှ အိရှိုဂါမိ၏ စကားလုံးများသည် ဆူးသွားများသဖွယ် သူမနှလုံးသား၏ အနက်ရှိုင်းဆုံး နေရာသို့ ထိုးဖောက်ဝင်ရောက်သွားကြသည်။

ရဲများကို အမှန်အတိုင်း ပြောပြလိုက်ချင်သည်။ သို့သော် ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် အိရှိုဂါမိကို ကယ်တင်နိုင်တော့မည် မဟုတ်။ သူလည်း လူသတ်သမားတစ်ယောက်ပင် ဖြစ်နေသည်။

သူမ၏ အကြည့်သည် ကူဒိုပေးခဲ့သော ဘူးငယ်ပေါ်တွင် ရပ်တန့်သွားသည်။ ဘူးကို ဖွင့်ကြည့်သောအခါ လက်စွပ်မှ လင်းရောင်ခြည်များ

ဖြာထွက်လာသည်။

အိရိုဂါမိ၏ နောက်ဆုံးဆန္ဒအတိုင်း မိမိတို့ သားအမိ၏ ဘဝပျော်ရွှင်မှုကို အမိအရ ဖမ်းဆုပ်နိုင်ရန် ကြိုးပမ်းခြင်းကသာ ပို၍ လက်တွေ့ကျမည်လော။ အကယ်၍ မိမိသည် ယခုအချိန်တွင် လက်မြှောက် အရှုံးပေးခဲ့ပါမူ သူ ပြောသကဲ့သို့ သူ ပေးဆပ်ခဲ့သမျှ အရာအားလုံးတို့သည် သဲထဲရေသွန်သကဲ့သို့ ဖြစ်ကုန်တော့မည်။

သို့သော် အမှန်တရားကို ဖုံးကွယ်၍ မျိုသိပ်ထားရခြင်းမှာ ပေါ့ပါးလွယ်ကူသော ကိစ္စ မဟုတ်။ သာယာသော ဘဝတစ်ခုကို ဖမ်းဆုပ်ထားနိုင်ခဲ့လင့်ကစား ထိုသာယာမှုကို အမှန်တကယ် ခံစားသုံးဆောင်နိုင်စွမ်း ကျန်ရှိပါဦးမည်လော။ တစ်သက်ပတ်လုံး မိမိကိုယ်မိမိ အပြစ်တင်ရင်း၊ တစ်သက်ပတ်လုံး သောကများနှင့်သာ အဖော်ပြုရင်း ဘဝကို ဖြတ်သန်းသွားရတော့မည်။ ထိုသို့သော စိတ်ဒုက္ခများကို အံကြိတ်၍ လည်စင်းခံသွားမည် ဆိုလျှင် အာပတ်ဖြေရာ ရောက်မည်ဟုလည်း သူမ တွေးမိပြန်သည်။

သူမသည် လက်စွပ်ကို ဝတ်ကြည့်လိုက်သည်။ လှလိုက်သည့် လက်စွပ်။ နောင်တကုက္ကုစ္စတို့ အလျဉ်း မရှိဘဲ ကူဒို၏ ရင်ခွင်ထဲသို့ ခိုဝင်လိုက်ရပါမူကား မည်မျှ ကောင်းလိုက်လေမည်နည်း။ သို့သော် ထိုသို့ အိပ်မက်မက်ခွင့်ပင် ရှိမည် မထင်။ အဘယ်ကြောင့်ဆိုသော် သူမ၏ ပူဆွေးမှုများသည် အိပ်မက်များသို့ပင် ကျူးကျော်ဝင်ရောက် နေကြတော့မည်။

ယာစုကိုသည် လက်စွပ်ကို ဘူးထဲသို့ ပြန်ထည့်နေစဉ် ဖုန်းသံ မြည်လာသည်။ ဖုန်းမျက်နှာပြင်ပေါ်၌ နံပါတ်စိမ်းတစ်ခု ပေါ်နေသည်။

“ဟယ်လို” သူမက ဖုန်းကိုင်လိုက်သည်။

“အခုပြောနေတာ ဟာနာအိုကာ မီစာတိုရဲ့ အမေလေး မသိဘူးခင်ဗျာ” သူစိမ်း အမျိုးသားတစ်ဦး၏ အသံ။

“ဟုတ်ကဲ့။ ကျွန်မ မီစာတို့အမေပါ” စိတ်တထင့်ထင့်ဖြင့် ပြန်ဖြေလိုက်သည်။

“ကျွန်တော် မိုရိရှိတ မီနာမီ အလယ်တန်းကျောင်းက စာကာနိုပါ။ အနှောင့်အယှက်ပေးမိသွားရင် တောင်းပန်ပါတယ်” မီစာတို၏ ကျောင်းမှ ကျောင်းဆရာ ဖြစ်သည်။

“ဟုတ်ကဲ့ ရပါတယ်။ မီစာတို ဘာဖြစ်လို့ပါလဲရှင်”

"စောစောက အားကစားရုံ အနောက်ဘက်ထဲမှာ မီးစာတို သတိလစ်နေတာ တွေ့လို့။ ...... သူ့လက်ကောက်ဝတ်ကို တစ်ခုခုနဲ့ လှီးထားတဲ့ ပုံပဲ"

"ရှင်" ယာစုကို၏ ရင်မှာ ပွင့်ထွက်လုခမန်း တဆတ်ဆတ် တုန်ခါလာသည်။

"သွေးထွက်လွန်နေတာနဲ့ ကျွန်တော်တို့ ဆေးရုံကို အမြန် ပို့ထားပါတယ်။ အသက်အန္တရာယ်တော့ မရှိတော့ပါဘူး။ စိတ်မပူပါနဲ့။ ဒါပေမယ့် သူ့ကိုယ်သူ သေကြောင်းကြံတာ ဖြစ်ဖို့ များတာမို့လို့ ခင်ဗျား သိထားရအောင် ...."

ထိုအမျိုးသား ဆက်ပြောနေသော စကားလုံးများသည် ယာစုကို၏ နားထဲသို့ ထိုးဖောက်၍ ဝင်ရောက်နိုင်စွမ်း မရှိကြတော့ပြီ။

အခန်း (၁၉ - ၁)

အိရိုဂါမိ၏ မျက်နှာချင်းဆိုင်ရှိ နံရံပေါ်တွင် မရေမတွက်နိုင်သော အစင်းကြောင်းများ၊ အက်ကွဲရာများနှင့် အစက်အပြောက်များ ရှိနေကြသည်။ သူသည် ထိုအစက်အပြောက်များကို ကျပန်းရွေးချယ်ပြီး စိတ်ထဲမှ မှန်းဆ၍ ၎င်းတို့ကို မျဉ်းဖြောင့်များဖြင့် တစ်ခုနှင့်တစ်ခု ဆက်သွယ်ပစ်လိုက်သည်။ ရရှိလာသော ရုပ်ပုံကားထဲတွင် တြိဂံများ၊ စတုဂံများနှင့် ဆဋ္ဌဂံများ အများအပြား ပါဝင်သည်။ ထို့နောက် ဧရိယာတစ်ခုစီကို အရောင်လေးရောင်ထဲမှ တစ်ရောင်ရောင်သုံးပြီး တစ်ခုနှင့်တစ်ခု ကွဲပြားသွားအောင် ဆေးခြယ်လိုက်ပြန်သည်။ သို့သော် နယ်နိမိတ် ထိစပ်နေသော ဧရိယာနှစ်ခုတွင် အရောင်တစ်မျိုးတည်း မဖြစ်စေရ။

အိရိုဂါမိသည် ထိုပုစ္ဆာကို တစ်မိနစ်အတွင်း၌ပင် ဖြေရှင်းသွားနိုင်ခဲ့သည်။ ထို့နောက် တခြား အစက်အပြောက်များကို ထပ်မံရွေးချယ်ပြီး ယခင်နည်းအတိုင်း ဆေးရောင်ခြယ်ကြည့်ပြန်သည်။ လုပ်ရသည့် အလုပ်မှာ ရိုးရှင်းသော်လည်း ထပ်ခါထပ်ခါ လုပ်နေရခြင်းအတွက် အနည်းငယ်မျှ ပျင်းရိငြီးငွေ့ခြင်း မဖြစ်။ လေးရောင်ခြယ်ပုစ္ဆာကို ရိုးအီသွားပြီ ဆိုလျှင်လည်း အဆိုပါ အစက်အပြောက်များကို အသုံးချပြီး ဂျီသြမေတြီ ခွဲခြမ်းစိတ်ဖြာခြင်း ပုစ္ဆာကို တွက်ချက်နိုင်သေးသည်။ နံရံပေါ်ရှိ အပြောက်တိုင်း၏ ကိုသြဒိနိတ်ကို တွက်ချက်ယူရသည်နှင့်ပင် အချိန်အများကြီး ကုန်လွန်စေခဲ့သည်။

ကိုယ်ခန္ဓာကို ချုပ်ချယ်ကန့်သတ် ထားခံရခြင်းအတွက် သူ အနည်းငယ်မျှ မဖြုံ။ စက္ကူနှင့် ဘောပင်သာ ရှိလျှင် သင်္ချာပုစ္ဆာများကို သူ တွက်ချက်နိုင်သည်။ အကယ်၍ ခြေလက်များကို တုပ်နှောင်ထားမည် ဆိုလျှင်လည်း ဦးနှောက်ဖြင့် အလုပ်လုပ်နေနိုင်သေးသည်။ ဘာကိုမျှ မမြင်ရအောင်၊ ဘာကိုမျှ မကြားရအောင် လုပ်ကောင်း လုပ်နိုင်ကြမည်။ သူ့ကို မတွေးနိုင်အောင်တော့ မည်သူမျှ ချုပ်ချယ်နိုင်မည် မဟုတ်။ သူ့အမြင်၌မူ အချုပ်အနှောင်ဟူသည် ရတနာတွင်းဝ၌ အိပ်စက်နေရခြင်းနှင့်သာ တူနေတော့သည်။ ထိုတွင်းထဲမှ သင်္ချာတည်းဟူသော ရတနာများကို တစ်လုံးမကျန် တူးဖော်ထုတ်ယူနိုင်ရန်အတွက် ရရှိထားသော လူတို့၏ သက်တမ်းမှာ တိုတောင်းလှပေစွ။

သူ့အနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ ချီးကျူးဂုဏ်ပြုခြင်းကိုမျှ မလိုအပ်ဟု သူ ထပ်မံ၍ ခံစားလာရပြန်သည်။ သီအိုရီများကို ပုံနှိပ်ဖော်ပြလိုခြင်း၊ လူအများ၏ အသိအမှတ်ပြုမှုကို ခံယူလိုခြင်း စသည့် ဆန္ဒများ သူ့တွင် ရှိသင့်သလောက်တော့ ရှိနေသည်။ သို့သော် ၎င်းတို့သည် သင်္ချာ၏ အနှစ်သာရ

မဟုတ်။ တောင်ထိပ်ပေါ်သို့ ပထမဆုံး တက်နိုင်ခဲ့သူမှာ မည်သူဖြစ်ကြောင်း လူအများသိရန် လိုအပ်ကောင်း လိုအပ်မည် ဖြစ်သော်လည်း တောင်ထိပ်သို့ ပထမဆုံး တက်ရောက်ခဲ့သူ ကိုယ်တိုင်က ထိုအနှစ်သာရကို ခံစားသိရှိနိုင်ခဲ့ပြီ ဆိုလျှင် လုံလောက်ပေသည်။

ထိုအဆင့်သို့ ရောက်နိုင်ရန်အတွက် အိရှိဂါမိသည် အချိန်များစွာ ပေးခဲ့ရသည်။ မကြာသေးခင်ကာလက သူသည် ရှင်သန်ခြင်း၏ အဓိပ္ပာယ်ကို အယူအကောက် လွဲမှားသွားခဲ့ဖူးသည်။ ထိုစဉ်ကသူသည် ဤသို့ တွေးတောခဲ့ဖူးသည်။ သင်္ချာတစ်ခုတည်းကိုသာ နားလည်ပိုင်နိုင်သူ တစ်ယောက်အဖို့ မိမိကျွမ်းကျင်ရာ နယ်ပယ်၌ အရေးပါ အရာရောက်အောင် မလုပ်ဆောင်နိုင်ခဲ့ပါမူ ထိုသူ၏ အသက်ရှင်ခြင်းသည် မည်သို့ တန်ဖိုးရှိနိုင်ပါဦးမည်နည်း။ သူ၏ ဦးနှောက်ထဲတွင် နေ့စဉ်နှင့်အမျှ သတ်သေရန် ဟူသော အတွေးတစ်ခုတည်းသာ ထပ်ပြန်တလဲလဲ စိုးမိုးနေတော့သည်။ မိမိကဲ့သို့သော လူတစ်ယောက် သေဆုံးသွားခြင်းအတွက် မည်သူကမျှ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူဆွေးခြင်း ဖြစ်လာကြမည် မဟုတ်။ ထို့ထက်ပိုဆိုးသည်မှာ မိမိ သေဆုံးသွားကြောင်းကို မည်သူ တစ်ဦးတစ်ယောက်ကမျှ သတိထားလိုက်မိမည် မဟုတ်ချေ။ သူ ဤသို့ တွေးကြံခဲ့ဖူးသည်။

ယမန်နှစ်၏ နေ့တစ်နေ့တွင် ဖြစ်သည်။

အိရှိဂါမိသည် ကြိုးတစ်ကြောင်းကို ကိုင်၍ တုပ်နှောင်ရန် အဆင်ပြေမည့် နေရာတစ်နေရာကို အိမ်ခန်းထဲတွင် ရှာဖွေနေသည်။ တိုက်ခန်း၏ ဖွဲ့စည်းပုံကြောင့် ကြိုးဆွဲချရန် သင့်လျော်မည့် နေရာတစ်ခုကို ရှာမတွေ့နိုင်ဘဲ ဖြစ်နေလေသည်။ နောက်ပိုင်း ကြံရာမရသည့် အဆုံးတွင် သူသည် တိုင်တစ်တိုင်ပေါ်တွင် သံချောင်း ခပ်ကြီးကြီးတစ်ချောင်း ရိုက်လိုက်သည်။ ထို့နောက် ကွင်းပုံ ထုံးချည်ထားသော ကြိုးကို သံချောင်းတွင် ချိတ်လိုက်ပြီး သူ့ကိုယ်အလေးချိန်ကို ခံနိုင်ခြင်း ရှိမရှိ စမ်းသပ်ကြည့်သည်။ တိုင်လုံးဆီမှ ဂျစ်ဂျစ်မြည်သံများ ထွက်ပေါ်လာသည်။ သံချောင်းက ကွေးညွှတ်မသွား။ ကြိုးလည်း ပြတ်တောက်သွားခြင်း မရှိ။

သူ့တွင် တွယ်တာစရာ ဘာမျှ မရှိ။ သတ်သေရန် အကြောင်း မရှိသကဲ့သို့ ဆက်လက် ရှင်သန်သွားရန်လည်း အကြောင်းအရင်း မရှိပေ။ ထိုမျှသာ။ သူသည် ထိုင်ခုံပေါ် ရပ်လိုက်ပြီး ကြိုးကွင်းထဲသို့ လည်ပင်းစွပ်ရန် ဟန်ပြင်နေစဉ်မှာပင် တံခါးခေါင်းလောင်းသံ မြည်လာသည်။

သူ့ဘဝလမ်းကြောင်းကို အလှည့်အပြောင်း ဖြစ်စေမည့် ခေါင်းလောင်းသံ။

သူ့'အလုပ်'ကို လုပ်နေစဉ်အတွင်း မည်သူ တစ်ဦးတစ်ယောက်ကမျှ မနှောင့်ယှက်စေချင်။ တံခါးအပြင်တွင် ရပ်နေသော သူသည် မည်သူဖြစ်ကြောင်း

သူ မသိ။ အရေးတကြီးကိစ္စ ရှိကောင်း ရှိနေနိုင်သည်။ သို့ဆိုလျှင် သူ့ဘက်မှ အသံမထုးမချင်း သူ့အား ထိုသူက နှောင့်ယှက်နေပေတော့မည်။ ထိုသို့သော အကြောင်းပြချက်ဖြင့် သူ တံခါးကို ဖွင့်ပေးလိုက်သည်။

တံခါး ဖွင့်လိုက်သောအခါတွင် အပြင်ဘက်၌ အမျိုးသမီးနှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ သားအမိနှစ်ယောက်။

သူတို့သည် ယခုမှ ဤတိုက်ခန်းသို့ အသစ်ပြောင်းလာကြခြင်းဖြစ်ကြောင်း မိခင်ဖြစ်သူက မိတ်ဆက်စကား ဆိုသည်။ သမီးကလည်း အနားမှ ဦးညွှတ်၍ အရိုအသေ ပေးနေသည်။ သူတို့နှစ်ဦးကို မြင်လိုက်ရစဉ်မှာပင် အိရှိဂါမိ၏ ကိုယ်ခန္ဓာထဲသို့ အရာတစ်ခု ပျံ့နှံ့စိမ့်ဝင်သွားသကဲ့သို့ ခံစားလိုက်ရသည်။

'သူတို့ မျက်လုံးတွေက လှလိုက်တာ' သူ တွေးနေမိသည်။ ယခင်ကဆိုလျှင် မည်သို့သော အလှတရားမျိုးကမျှ သူ့ကို မဆွဲဆောင်နိုင်၊ မစေစားနိုင်ခဲ့။ အနုအလှတို့၏ သဘောတရားကိုလည်း နားလည် ခံစားတတ်ခဲ့သူ မဟုတ်။ သို့သော် ယခုစက္ကန့်ပိုင်း အတွင်းမှာပင် သူ အားလုံးကို နားလည်သွားခဲ့သည်။ သူ့မျက်စိရှေ့တွင် မြင်တွေ့နေရသော အလှတရားသည် သင်္ချာပုစ္ဆာကို အဖြေရှာစဉ် တွေ့ရှိရသော အလှတရားနှင့် သဘောတရားအရ တစ်ထပ်တည်းပင် ဖြစ်ကြောင်း သူ နားလည်လာသည်။

ထိုစဉ်က သူမ ဘာစကား ပြောခဲ့သည်ကို အိရှိဂါမိ ကောင်းစွာ အမှတ်မရတော့သော်လည်း သူ့ကို ကြည့်ရှုနေသည့် သူတို့မျက်လုံးများ၏ လှုပ်ရှားပုံနှင့် မျက်တောင်ခတ်ပုံများကို သူ၏ မှတ်ဉာဏ်ထဲတွင် အလွင့်အစဉ်မရှိအောင် ခတ်နှိပ်မှတ်သားထားသည်။

ဟာနာအိုကာ သားအမိကို တွေ့ပြီးသည့် နောက်မှ စ၍ အိရှိဂါမိ၏ ဘဝသည်လည်း ပြောင်းလဲလာခဲ့သည်။ သတ်သေလိုသော ဆန္ဒမှာလည်း ကြွက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့သည်။ ပျော်ရွှင်မှု ဟူသော ဝေါဟာရသည် သူ့ဘဝ၏ အဘိဓာန်ထဲသို့ ပြန်လည် ဝင်ရောက်လာသည်။ သူတို့ သားအမိ မည်သည့် နေရာတွင် ရှိနေမည်နည်း၊ မည်သည့်အလုပ်များ လုပ်နေကြမည်နည်း စသည်တို့ကို ခန့်မှန်းကြည့်နေရရုံဖြင့် သူ့အား ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်ခဲ့သည်။ သူ့ဘဝ၏ မတ်ထရစ် (matrix) ထဲတွင် ယာစုကိုနှင့် မီစာတို တည်းဟူသော ကိုဩဒိနိတ် (coordinate) နှစ်ခု ရှိနေခြင်းကပင် အံ့မခန်း ဆန်းကြယ်လှသည့် သဘာဝ၏ အလှတရားပင် ဖြစ်နေတော့သည်။

တနင်္ဂနွေနေ့မှာ သူ့အတွက် အပျော်ဆုံးနေ့ ဖြစ်သည်။ ပြတင်းပေါက် ဖွင့်လိုက်သည်နှင့် သူတို့ သားအမိ၏ အသံများကို ကြားနေနိုင်သည်။ သူတို့၏ ပြောစကားများကို အတိအကျ မကြားရသော်လည်း လေသင့်ရာ

လွင့်ပျံ့လာကြသော သူတို့၏ ခိုးခိုးခစ်ခစ် အသံများမှာ အိရှိုဂါမိအတွက် ဂီတသံစဉ်တစ်ပုဒ်ကို နားထောင်နေရသည့်နှယ် ချိုမြိန်နေတော့သည်။

သူတို့နှင့် တရင်းတနှီး ပေါင်းသင်းဆက်ဆံလိုသည့် ဆန္ဒ သူ့တွင် ဘယ်တုန်းအခါကမျှ မရှိခဲ့ချေ။ သူသည် သူတို့နှင့် ထိုက်တန်သူ မဟုတ်။ မြင့်မြတ်ကြီးကျယ်သော အရာတို့ မည်သည် ၎င်း၏ အနားသို့ ချဉ်းကပ်ခွင့်ရလျှင်ပင် အနီးရှိ လူများအား ပျော်ရွှင်မှုကို ပေးစွမ်းနိုင်ကြသည် မဟုတ်ပါလော။ သင်္ချာပညာရပ်မှာ ကဲ့သို့ အသိအမှတ် ပြုခံရရန် ကြိုးစားကာမှ မိမိ ဂုဏ်သိက္ခာကို ထိခိုက်လာစေနိုင်သည့် အဖြစ်မျိုး ကြုံတွေ့လာနိုင်သည်။

သူတို့ သားအမိအတွက် အကူအညီ လိုအပ်လာချိန်တွင် ဝင်ရောက်ကူညီပေးခြင်းမှာ အိရှိုဂါမိအတွက် လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုကို လုပ်လိုက်ခြင်းမျှသာ ဖြစ်သည်။ သူတို့သာ မရှိခဲ့လျှင် ယနေ့ သူလည်း ရှိတော့မည် မဟုတ်ပေ။ သူသည် ဒုက္ခကို လည်စင်းခံနေခြင်း မဟုတ်။ ကျေးဇူးကို ဆပ်နေခြင်းသာ ဖြစ်သည်။ သူတို့သားအမိသည် ထိုအချက်ကို နားလည်သဘောပေါက်နိုင်လိမ့်မည် မဟုတ်ပေ။ ထိုသို့ ဖြစ်နေခြင်းကပင် သာ၍ကောင်းနေသေးသည်။ တစ်ခါတစ်ရံတွင် လူတစ်ယောက် ကောင်းစွာ အသက်ရှင်နေခြင်းဖြင့် တခြားလူတစ်ယောက်ကို ကယ်ဆယ်ထားနိုင်သည်။

တိုဂါရှိ၏ ရုပ်အလောင်းကို မြင်မြင်ချင်း၌ပင် အိရှိုဂါမိ၏ ဦးနှောက်ထဲတွင် စီမံကိန်းတစ်ခု ချမှတ်ထားပြီး ဖြစ်နေသည်။

အလောင်းကို လူမသိ သူမသိ စွန့်ပစ်နိုင်ရန်မှာ လွန်စွာ ခက်ခဲသည်။ မည်မျှပင် ဂရုတစိုက် စီမံစေကာမူ အလောင်း၏ နောက်ကြောင်းကို လုံးဝ ဖျောက်ဖျက်ပစ်ရန်မှာ မဖြစ်နိုင်ပေ။ ကာလအပိုင်းအခြား တစ်ခုမျှ ဖုံးကွယ်နိုင်သည် ဆိုစေ၊ ဟာနာအိုကာ သားအမိသည် မည်သို့မျှ စိတ်ချလက်ချ နေနိုင်ကြမည် မဟုတ်။ မည်သည့်အချိန်တွင် အလောင်းကို တွေ့ရှိသွားကြမည်နည်းဟု စိတ်စနိုးစနောင့် ဖြစ်လျက် အမြဲတမ်း ကျီးလန့်စာ စားနေရပေတော့မည်။ ထိုသို့သော စိုးရိမ်သောကမျိုးကို သူတို့သားအမိအား သူ မပေးရက်။

ဟာနာအိုကာ သားအမိတို့အား စိတ်အေးလက်အေး ဖြစ်သွားစေရန် လုပ်ပေးနိုင်မည့် နည်းလမ်းမှာ တစ်ခုတည်းသာ ရှိသည်။ အမှုနှင့် သူတို့၏ ပတ်သက်ဆက်နွှယ်မှုကို လုံးဝ ဖြတ်ထုတ်ပစ်ခြင်းပင် ဖြစ်သည်။ လူသတ်မှုနှင့် ဆက်စပ်နေသည်ဟု ထင်ရသော်လည်း လုံးဝ ပတ်သက်မှု မရှိအောင် ဖြတ်တောက်ထားနိုင်ရန် ပြုလုပ်ပေးရမည်။

'စက်ဆရာ' ကို အသုံးချမည်ဟု သူ ဆုံးဖြတ်လိုက်သည်။ ရှင်-အိုဟာရှိတံတားအနီးသို့ မကြာသေးခင်ကမှ ရောက်ရှိလာသော အိုးမဲ့အိမ်မဲ့ တစ်ဦး။

မတ်လ ၁၀ ရက်နေ့ မနက်ခင်းတွင် 'စက်ဆရာ' သည် ယခင်ကကဲ့သို့ တခြားသူများနှင့် အဝေးဆုံးတစ်နေရာတွင် ထိုင်နေသည်။

"ကျွန်တော် ခင်ဗျားကို အလုပ်တစ်ခု ပေးမယ်" အိရှိုဂါမိက ထိုသူ့ကို ပြောခဲ့သည်။ မြစ်ကြောင်းစီမံကိန်းတစ်ခုတွင် ကြီးကြပ်သူတစ်ယောက်အဖြစ် ရက်အနည်းငယ် လုပ်ကိုင်ရမည် ဖြစ်ကြောင်း သူ့ကို ရှင်းပြခဲ့သည်။ 'စက်ဆရာ' သည် ဆောက်လုပ်ရေး လုပ်ငန်းကို လုပ်ကိုင်ခဲ့ဖူးကြောင်း သူ လေ့လာသိရှိထားသည်။

'စက်ဆရာ' က အံ့သြတကြီးဖြင့် အဘယ်ကြောင့် သူ့ကို ရွေးချယ်ရသနည်းဟု မေးခဲ့သေးသည်။ ယခင်က တာဝန်ထမ်းဆောင်ခဲ့သောသူသည် အတော်တဆ ဒဏ်ရာရသွားသောကြောင့် အလုပ်မဆင်းနိုင်ဘဲ ဖြစ်နေကြောင်း၊ အကယ်၍ ကြီးကြပ်သူ မရှိလျှင် စီမံကိန်းကို ဆက်လက် လုပ်ကိုင်ခွင့် ရတော့မည် မဟုတ်ကြောင်း အိရှိုဂါမိက ရှင်းပြခဲ့သည်။ စရံငွေအဖြစ် ယန်းငါးသောင်း ပေးလိုက်သောအခါ 'စက်ဆရာ' က ချက်ချင်း သဘောတူလေသည်။ အိရှိုဂါမိသည် သူ့ကို ခေါ်၍ တိုဂါရှိ တည်းခဲ့ဖူးသော တည်းခိုခန်းသို့ ခေါ်ဆောင်သွားသည်။ သူသည် 'စက်ဆရာ' အား တိုဂါရှိ၏ အဝတ်အစားများကို လဲဝတ်စေပြီး ညရောက်သည်အထိ ထိုနေရာတွင် စောင့်နေရန် မှာကြားခဲ့သည်။ ညရောက်သောအခါတွင် သူသည် 'စက်ဆရာ' ကို မိဇူအေဘူတာသို့ ခေါ်သွားသည်။ အိရှိုဂါမိက ရှိနိုဇာကိဘူတာမှ စက်ဘီးတစ်စီးကို ကြိုတင်၍ ခိုးယူထားခဲ့သည်။ စက်ဘီးပိုင်ရှင်က အမှုဖွင့်စေရန် ရည်ရွယ်၍ စက်ဘီးအသစ်ကို ရွေးချယ်ခဲ့သည်။

သူက နောက်ထပ် စက်ဘီးတစ်စီးကိုလည်း အသင့်ပြင်ထားသည်။ ၎င်းကို မိဇူအေဘူတာ၏ ရှေ့တစ်ဘူတာဖြစ်သော အိချိနိုအေဘူတာမှ ခိုးယူထားခြင်း ဖြစ်သည်။ ၎င်းမှာ သော့ပျက်နေသော စက်ဘီးစုတ်တစ်စီး ဖြစ်သည်။

သူသည် စက်ဘီးအသစ်ကို 'စက်ဆရာ' အား ပေးပြီး မြစ်ကမ်းနံဘေးသို့ အတူ ထွက်လာခဲ့ကြသည်။ မကြာခင် ကျူး-အီဒိုဂါဝါ မြစ်ကမ်းဘေးရှိ အခင်းဖြစ်မည့် နေရာသို့ ရောက်လာကြသည်။

ထို့နောက်တွင် ဖြစ်ပျက်သွားသော အခြင်းအရာကို သတိရမိတိုင်း အိရှိုဂါမိ၏ ရင်ထဲ၌ စိတ်မကောင်း ဖြစ်နေဆဲ။ သူ အဘယ်ကြောင့် သေခဲ့ရသည်ကို 'စက်ဆရာ' မသိလိုက်ရှာ။

အိရှိုဂါမိသည် ဒုတိယမြောက်အမှုကို မည်သူ တစ်ဦးတစ်ယောက်အားမျှ ပြောပြခဲ့ခြင်း မရှိ။ အထူးသဖြင့် ဟာနာအိုကာ သားအမိအား ပြော၍မဖြစ်။ သို့ဖြင့် သူသည် တစ်ပုံစံတည်းသော လူသတ်လက်နက်နှင့် တထေရာတည်းသော

သတ်ပုံသတ်နည်းကို အသုံးပြုခဲ့သည်။

တိုဂါရှိ၏ ရုပ်အလောင်းကို သူသည် ရေချိုးခန်းထဲတွင် အပိုင်း ၆ ပိုင်း ဖြတ်တောက်ပစ်ခဲ့သည်။ တစ်ပိုင်းစီတွင် ကျောက်ခဲတစ်လုံးစီ ချည်ပြီး ဆုမိဒမြစ်ထဲသို့ ပစ်ချခဲ့သည်။ သူသည် မတူသော နေရာ သုံးနေရာတွင် အလောင်းကို စွန့်ပစ်ခဲ့သည်။ သန်းခေါင်အချိန်ကို ရွေး၍ စွန့်ပစ်ခဲ့သောကြောင့် သုံးညကြာမှ အလုပ်ပြီးမြောက်သည်။ အကယ်၍ တွေ့ရှိခဲ့လျှင်လည်း အကြောင်း မဟုတ်တော့။ ရဲဌာနသည် သေသူ၏ ရာဇဝင်ကို မည်သို့မျှ လိုက်နိုင်တော့မည် မဟုတ်။ သူတို့၏ မှတ်တမ်းထဲတွင် တိုဂါရှိမှာ သေပြီးနှင့်နေပြီ။ မည်သူမျှ နှစ်ကြိမ် သေ၍ မဖြစ်။

သို့သော် ယုကာဝါသည် အိရှိုဂါမိ၏ မျက်လှည့်ပြကွက်ကို ထွင်းဖောက် ရှုမြင်နိုင်ခဲ့သည်။ ထို့အကြောင်းကြောင့်လည်း သူသည် ရဲဌာနသို့ သွားရောက် အဖမ်းခံခဲ့ခြင်း ဖြစ်သည်။ သူ၏ စီမံကိန်းကို စတင်ကတည်းက တစ်နေ့တွင် ထိုသို့ ပြုလုပ်ရန် လိုအပ်လာနိုင်သည်ဟု တွက်ဆထားပြီး ဖြစ်သောကြောင့် လိုအပ်သည်များကို ကြိုတင် ပြင်ဆင်ထားပြီး ဖြစ်သည်။

ယုကာဝါသည် ကုစာနာဂိကို ပြောကောင်း ပြောပေလိမ့်မည်။ ကုစာနာဂိကလည်း သူ့အထက်အရာရှိကို တင်ပြနိုင်သည်။ သို့သော် မှုခင်းရဲအဖွဲ့သည် မည်သည့်နည်းနှင့်မျှ ဆက်လက် စုံစမ်းနိုင်မည် မဟုတ်။ သေသူ၏ နောက်ကြောင်းကို ထုတ်ဖော်ရာ၌ အမှားအယွင်း ရှိနေကြောင်း သူတို့ မည်သို့မျှ သက်သေမပြနိုင်။ မကြာခင်တွင် သူ့ကို တရားခွင်သို့ တင်ကြတော့မည် ဖြစ်ကြောင်း အိရှိုဂါမိက တွက်ဆမိသည်။ ယခုလို အခြေအနေမျိုး ရောက်နေမှဖြင့် နောက်ပြန်လှည့်၍ မရနိုင်တော့ပြီ။ မည်သို့သော အကြောင်းပြချက်နှင့်မျှ နောက်ပြန်လှည့်၍ မရတော့။ ဥာဏ်ကြီးရှင် ဖြစ်သော ရူပဗေဒပညာရှင်၏ သုံးသပ်ချက်မှာ မည်မျှပင် တိကျမှန်ကန်နေပါစေ၊ တရားရုံးရောက်လျှင် လူသတ်တရားခံ၏ ဖြောင့်ချက်ကို အံတုဖက်ပြိုင်နိုင်ရန် သူတို့တွင် မျှော်လင့်ချက် မရှိပေ။

'ငါနိုင်ပြီကွ' အိရှိုဂါမိက စိတ်ထဲမှ ကြွေးကြော်နေသည်။

ခေါင်းလောင်းသံ မြည်လာသည်။ အချုပ်ဆောင်သို့ ဧည့်သည်ရောက်လာလျှင် အချက်ပေးတတ်သော ခေါင်းလောင်းသံ ဖြစ်သည်။ အစောင့်ရဲဘော်သည် ထိုင်ခုံမှ ထရပ်လိုက်သည်။ တစ်ခဏမျှ ပြောဆိုကြပြီးနောက် အချုပ်ဆောင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။ အိရှိုဂါမိ၏ အချုပ်ခန်းရှေ့တွင် ရပ်နေသူမှာ ကုစာနာဂိ ဖြစ်သည်။ အစောင့်ရဲဘော်၏ စောင့်ကြပ်မှုအောက်၌ အိရှိုဂါမိသည် အချုပ်ခန်းထဲမှ ထွက်လာသည်။ ခန္ဓာကိုယ်ကို

စစ်ဆေးရှာဖွေပြီးနောက် သူ့ကို ကုစနာဂိ၏ လက်ထဲသို့ ထိုးအပ်လိုက်သည်။ ထိုအတောအတွင်း ကုစနာဂိက ဘာမျှ မပြောဘဲ နှုတ်ဆိတ်နေသည်။

အဆောင်အပြင်သို့ ရောက်သည့်အခါမှ ကုစနာဂိသည် အိရှိဂါမိဘက်သို့ လှည့်ပြီး မေးလေသည်။ "ခင်ဗျား ကျန်းမာရေး အဆင်ပြေရဲ့လား"

ထိုရဲအရာရှိသည် ယခုအချိန်အထိ သူ့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေသေးသည်။ တခြားရည်ရွယ်ချက် ရှိနေ၍လောဟု အိရှိဂါမိက တွေးမိသေးသည်။ သို့မဟုတ် အကျင့်ပါနေ၍ပေလော။

"ပင်ပန်းနေပြီ။ ဖြစ်နိုင်ရင်တော့ တရားရုံးကနေ မြန်မြန် ပြစ်ဒဏ်ချလိုက်စေချင်တာပဲ"

"ဒါကို နောက်ဆုံးအကြိမ် စစ်ကြောရေး လုပ်တယ်လို့ သဘောထားလိုက်ဗျာ။ ခင်ဗျားကို လူတစ်ယောက်နဲ့ တွေ့ပေးချင်တယ်"

အိရှိဂါမိက မျက်မှောင်ကြုတ်လိုက်သည်။ မည်သူ ဖြစ်မည်နည်း။ ယာစုကို မဖြစ်ပါစေနှင့်ဟု သူ ဆုတောင်းနေမိသည်။

စစ်ကြောရေးအခန်းရှေ့သို့ ရောက်သောအခါ ကုစနာဂိက တံခါးကို ဆွဲဖွင့်လိုက်သည်။ အထဲတွင် ယုကာဝါ ထိုင်နေသည်။ သူသည် သုန်မှုန်သော မျက်နှာထားဖြင့် အိရှိဂါမိကို စိုက်ကြည့်နေသည်။

'ဒါ ငါ့ဘဝရဲ့ နောက်ဆုံး စာမေးပွဲ ဖြစ်လိမ့်မယ် ထင်တယ်' အိရှိဂါမိက မှန်တင်းထားလိုက်သည်။

ဥာဏ်ကြီးရှင်နှစ်ယောက်သည် စားပွဲတစ်ဘက်စီတွင် ထိုင်လျက် အတန်ကြာမျှ နှုတ်ဆိတ်နေကြသည်။ ကုစနာဂိသည် နံရံကို မှီလျက် သူတို့နှစ်ဦးကို အကဲခတ်နေသည်။

"မင်း နည်းနည်း ပိန်သွားသလိုပဲ" ယုကာဝါက စကားစလိုက်သည်။

"အမ်? သုံးနပ်လုံးအပြည့် စားနေရတာပဲ"

"စားဝင်ရင် ပြီးတာပါပဲ" ယုကာဝါက နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်သည်။ "မင်းကို လူတွေက တဏှာရူး၊ မယားတရူးဆိုပြီး သတ်မှတ်လိုက်မှာ မကြောက်ဘူးလား"

"ငါ မယားတရူး မဟုတ်ဘူး" အိရှိဂါမိက ပြန်ဖြေသည်။ "ဟာနာအိုကာ ယာစုကိုကို ငါ လူမသိသူမသိ ကာကွယ်ပေးနေတာ။ ငါ မင်းတို့ကို ဘယ်နှခါ

ပြောရမှာလဲ”

“ငါ သိပါတယ်။ မင်း အခုချိန်ထိလည်း သူ့ကို ကာကွယ်ပေးနေတုန်းပဲ။ အဲဒါကိုလည်း ငါ သိတယ်”

အိရှိုဂါမိ၏ မျက်နှာပေါ်တွင် မကျေမချမ်း ဖြစ်နေသော အမူအရာတစ်ချက် ဖြစ်ပေါ်လာပြီး ကုစာနာဂိဘက်သို့ လှည့်ကြည့်လိုက်သည်။ “ဒီလိုပုံစံမျိုး စကားပြောနေလို့ စစ်ကြောရေးအတွက် ဘာအထောက်အပံ့ ဖြစ်နိုင်မှာလဲ”

ကုစာနာဂိက ဘာမျှ ပြန်မဖြေ။

“ငါ သူ့ကို ငါ့ရဲ့ ထင်မြင်ချက်တွေ ပြောပြပြီးသွားပြီ” ယုကာဝါက ပြောသည်။ “မင်း ဘာတွေ လုပ်ခဲ့သလဲ၊ ဘယ်သူ့ကို သတ်ခဲ့သလဲ ဆိုတာရော အပါအဝင်ပေါ့”

“မင်းရဲ့ ထင်မြင်ချက်ကို မင်းဟာမင်း ဘယ်သူ့ပြောပြော၊ အဲဒါ မင်းရဲ့ လွတ်လပ်ခွင့်ပဲလေ”

“ငါ သူ့ကိုလည်း ပြောပြလိုက်ပြီ။ ဟာနာအိုကာ ယာစုကိုကို”

ထိုစကားကြောင့် အိရှိုဂါမိ၏ မျက်နှာကြောများ ဆတ်ခနဲ တုန်သွားကြသည်။ သို့သော် ချက်ချင်းဆိုသကဲ့သို့ သူ့အမူအရာမှာ မဲ့ပြုံး အဖြစ်သို့ ပြောင်းလဲသွားသည်။

“သူက နောင်တတွေဘာတွေ ရမပြဘူးလား။ ငါ့ကို ကျေးဇူးရော မတင်လိုက်ဘူးလား။ ငါ့မှာဖြင့် သူ့ရန်သူကို ရှင်းပေးလိုက်ရတာ။ သူကတော့ ငါ့ကို သူနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးလို့ မျက်နှာပြောင်တိုက်ပြီး ပြောရဲသေးတယ်”

ဗီလိန်တစ်ယောက်ကဲ့သို့ မျက်နှာကို မဲ့ကာရွဲ့ကာဖြင့် ပြောဆိုနေသော အိရှိုဂါမိကို ကုစာနာဂိက အဝေးမှကြည့်ရင်း ပင့်သက်ရှိုက်မိသည်။ ဘာကိုမျှ ငဲ့ကွက်မနေဘဲ လူတစ်ယောက်ကို ဤမျှအထိ အရူးအမူး ချစ်နေနိုင်ကြောင်း ယခုမှပင် သူ မျက်မြင်ဒိဋ္ဌ တွေ့မြင်နေရသည်။

“မင်းကသာ အဖြစ်မှန်ကို ဖွင့်မပြောခဲ့ဘူးဆိုရင် တခြားလူတွေက အဲဒါကို ဘယ်လိုနည်းနဲ့မှ ဖော်ထုတ်လို့ ရမှာ မဟုတ်တော့ဘူးလို့ မင်း ယုံကြည်နေတယ်။ မင်း မှားသွားပြီ သူငယ်ချင်း” ယုကာဝါက ပြောသည်။ “မတ်လ ၁၀ ရက်နေ့မှာ လူတစ်ယောက် ပျောက်ဆုံးသွားတယ်။ သူဟာ လုံးဝလုံးဝကို အပြစ်ကင်းတဲ့ လူတစ်ယောက်ပဲ။ တကယ်လို့သာ သူ့ရဲ့ နောက်ကြောင်းကို စုံစမ်းနိုင်ရင်၊ သူ့ရဲ့ မိသားစုကို ရှာနိုင်ရင် DNA စစ်လို့ ရလာနိုင်တယ်။ နောက်မှ တိုဂါရှိ ရှင်ဂျိရဲ့

အလောင်းနဲ့ တိုက်ဆိုင် စစ်ဆေးလိုက်ရင် အဖြစ်မှန်ဟာ ဘူးပေါ်သလို ပေါ်လာမှာပဲ”

“မင်းပြောတာ ငါ နားမလည်ဘူး” အိရှိုဂါမိက ပြုံးလျက် ပြောနေသည်။ “သူ့မှာ မိသားစု မရှိဘူး။ တကယ်လို့ တခြားနည်းလမ်းတွေ သုံးလို့ ရနိုင်တယ် ဆိုရင်တောင်မှ သူ့နောက်ကြောင်းကို လိုက်နိုင်ဖို့အတွက် လိုအပ်လာမယ့် အချိန်နဲ့ လူအင်အားက နည်းနည်းနောနောမှ မဟုတ်ဘဲ။ အဲဒီအချိန်ကျရင် အားလုံး ပြီးဆုံးသွားပြီ။ တရားသူကြီးက ဘယ်လို ပြစ်ဒဏ်ပဲ ပေးပေး၊ ငါ အယူခံ ဝင်ဖို့ ကြိုးစားနေမှာ မဟုတ်ဘူး။ ပြစ်ဒဏ် ကြေညာပြီးပြီ ဆိုတာနဲ့ အမှုလည်း ပိတ်လို့ တိုဂါရှိ ရှင်ဂျိ လူသတ်မှုလည်း ဖြေရှင်းပြီးသား ဖြစ်သွားပြီ။ ဒါမှမဟုတ် .....” သူသည် ကုစာနာဂိကို လှမ်းကြည့်သည်။ “ရဲတွေက ယုကာဝါရဲ့ စကားကို နားထောင်ပြီး စိတ်ပြောင်းသွားနိုင်တာလား။ အဲဒီလိုသာဆိုရင်တော့ ငါ့ကို အရင်ဆုံး လွှတ်ပေးရတော့မှာပဲ။ ဘာကြောင့်လဲ။ ငါက တရားခံ မဟုတ်လို့လား။ ဒါပေမယ့် ငါဘက်က ဖြောင့်ချက် ပေးထားပြီးသားလေ။ အဲဒီထွက်ဆိုချက်ကို ဘယ်လိုလုပ်ကြမလဲ”

ကုစာနာဂိသည် ကြမ်းပြင်ပေါ်သို့ ငုံ့ကြည့်နေမိသည်။ အိရှိုဂါမိ၏ စကားမှာ အမှားအယွင်း မရှိ။ သူ၏ ထွက်ဆိုချက်ကို မှားပါသည်ဟု သက်သေမပြနိုင်လျှင် တရားစွဲဆိုခြင်း ကိစ္စကို လမ်းတစ်ဝက်တွင် ရပ်တန့်၍ မဖြစ်။ ဤသည်မှာ လုပ်ထုံးလုပ်နည်းအတိုင်း ဖြစ်သည်။

“ငါ မင်းကို ပြောပြချင်တာ တစ်ချက်တည်းပါ” ယုကာဝါက ပြောသည်။

အိရှိုဂါမိသည် ယုကာဝါကို မျက်ခုံးပင့်လျက် စိုက်ကြည့်နေသည်။

“မင်းရဲ့ ဦးနှောက် .... မင်းရဲ့ သူမတူတဲ့ ဦးနှောက်ကို ဒီလို နေရာမျိုးမှာ လာအသုံးချထားတာ တွေ့ရတော့ ငါ အရမ်းကို ဝမ်းနည်းမိတယ်။ ဒီကမ္ဘာပေါ်မှာ ငါ့အတွက် ပြိုင်စံရှားတဲ့ ပြိုင်ဖက်တစ်ယောက်ကို ငါ လုံးဝ ဆုံးရှုံးလိုက်ရပြီ”

အိရှိုဂါမိသည် နှုတ်ခမ်းများကို တင်းတင်းစေ့ပြီး မျက်လွှာကို ချထားသည်။ တစ်စုံတစ်ခု ပွင့်အန်ကျလာမည်ကို စိုးရိမ်၍ ချုပ်တည်းထားရသည့်နှယ်။

တစ်ခဏမျှ ကြာသောအခါ သူသည် ကုစာနာဂိကို နောက်တစ်ကြိမ် လှည့်ကြည့်ပြန်သည်။ “သူ ပြောလို့ ပြီးသွားပြီ။ ကျွန်တော် ပြန်လို့ ရပြီလား”

ကုစာနာဂိက ယုကာဝါကို လှမ်းကြည့်သည်။ ယုကာဝါက နှုတ်ဆိတ်လျက် ခေါင်းညိတ်ပြသည်။

“သွားကြရအောင်” ကုစာနာဂိက တံခါးကို ဖွင့်လိုက်သည်။ အိရှိုဂါမိကို

အလျင် ထွက်ခိုင်းပြီး ယုကာဝါက အနောက်မှ ခပ်ဖြည်းဖြည်း လိုက်ပါလာသည်။

အခန်းအပြင်သို့ ရောက်သောအခါတွင် ယုကာဝါနှင့် ကုစာနာဂိတို့သည် ဘေးချင်းယှဉ်လျက် အိရှိုဂါမိအား အချုပ်ခန်းသို့ ပြန်လည် ခေါ်ဆောင်သွားကြစဉ် ကိရှိတာနိသည် စင်္ကြံလမ်းထောင့်မှ ရုတ်တရက် ထွက်ပေါ်လာသည်။ သူ့အနောက်ဘက်တွင် အမျိုးသမီးတစ်ယောက် ရပ်လျက်။

ဟာနာအိုကာ ယာစုကို။

"ဘာဖြစ်တာလဲ" ကုစာနာဂိက ကိရှိတာနိကို မေးသည်။

"ဆရာ၊ သူ ..... သူ့ဟာသူ ရောက်လာတာ။ ကျွန်တော်တို့ကို ပြောစရာ ရှိတယ်ဆိုလို့။ ပြီးတော့ သူပြောတာကို ဆရာ ဘယ်လိုမှ ယုံနိုင်မယ် မထင်ဘူး"

"မင်း တစ်ယောက်တည်း နားထောင်ခဲ့တာလား"

"မဟုတ်ဘူး။ တပ်ဖွဲ့မှူးပါ ပါတယ်"

ကုစာနာဂိသည် အိရှိုဂါမိကို လှမ်းကြည့်လိုက်သည်။ အိရှိုဂါမိ၏ မျက်နှာတွင် သွေးမရှိတော့။ သွေးရောင်လွှမ်းနေသော မျက်လုံးများဖြင့် ယာစုကိုကို စိုက်ကြည့်နေသည်။

"ဒီကို ဘာလာလုပ်ရတာလဲ" သူက သွားကြားလေတိုးသံဖြင့် ပြောလိုက်သည်။

ယာစုကိုသည် ကိရှိတာနိ၏ အနောက်တွင် မလှုပ်မယှက် ရပ်နေသည်။ ထို့နောက်တွင် သူမ၏ အမူအရာသည် ပြိုတော့မည့် မိုးကဲ့သို့ တဖြည်းဖြည်းချင်း ညို့မှိုင်းလာပြီး ပါးပြင်ထက်သို့ မျက်ရည်များ စီးကျလာကြသည်။ သူမသည် အိရှိုဂါမိ၏ အရှေ့သို့ တိုးကပ်သွားပြီး ရုတ်တရက် ဒူးထောက်ချလိုက်တော့သည်။

"ဆောရီးပါရှင်။ တကယ့် တကယ့်ကို......ရှင် ကျွန်မတို့အတွက်...... ကျွန်မလို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် ...." သူမ၏ ကျောပြင်မှာ တသိမ့်သိမ့် တုန်ခါနေသည်။

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ။ ခင်ဗျား ..... ဘာတွေ ..... ။ လျှောက်လုပ် ...." အိရှိုဂါမိ၏ အသံမှာ ဝူးဝူးဝါးဝါးဖြင့် ပီသစွာ ထွက်ပေါ်မလာတော့ပေ။

"ကျွန်မတို့ကို ရှင် ပျော်ရွှင်စေချင်တယ် ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် အဲ ..... အဲဒါက ဖြစ်မှ မဖြစ်နိုင်တော့တာပဲ။ ကျွန်မ လုပ်ခဲ့တဲ့

အလုပ်အတွက် ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ကျွန်မ လက်ခံရမှာပါ။ ကျွန်မ အပြစ်ဒဏ်ကို ကျခံမယ်။ မစ္စတာ အိရှိဂါမိနဲ့အတူ ကျွန်မ အပြစ်ဒဏ် ကျခံမယ်။ ကျွန်မ လုပ်နိုင်တာဆိုလို့ ဒါပဲ ရှိတယ်။ ရှင့်အတွက် လုပ်ပေးနိုင်တာဆိုလို့ ဒါပဲ ရှိတယ်။ ဆောရီးပါ။ လုံးဝ လုံးဝ ဆောရီးပါရှင်" သူမသည် လက်နှစ်ဘက်ကို ကြမ်းပြင်ပေါ်မှောက်လျက် သူ့ကို ရှိခိုးဦးချနေတော့သည်။

အိရှိဂါမိသည် ခေါင်းကို တဆတ်ဆတ် ခါယမ်းရင်း နောက်သို့ တစ်လှမ်း ဆုတ်သွားသည်။ မျက်နှာပေါ်တွင်လည်း နာကျင်မှု ဝေဒနာကြောင့် ရှုံ့မဲ့နေသည်။ ထို့နောက် သူသည် တစ်ဘက်သို့ ရုတ်ချည်း လှည့်သွားပြီး လက်ဖဝါးနှစ်ဘက်ဖြင့် ဦးခေါင်းကို ဆုပ်ကိုင်ထားလိုက်သည်။

"အား ..... အား ..... အား ....." သားရဲတစ်ကောင်ကဲ့သို့ ဟိန်းဟောက်သည့် အသံနက်ကြီး သူ့ထံမှ ထွက်ပေါ်လာသည်။ သူ၏ အော်သံထဲတွင် မျှော်လင့်ချက် ကင်းမဲ့မှုနှင့် စိတ်ရှုပ်ထွေးမှုများ ရောယှက်ပါဝင်ပေမည်။ ထိုအသံနက်ကြီးကို ကြားရသူဟူသမျှသည် မတုန်မလှုပ်ဘဲ ရပ်တည်နေနိုင်ကြမည် မဟုတ်ပေ။

အစောင့်ရဲဘော် နှစ်ယောက်သည် သူ့ကို တားမြစ်ရန် ပြေးလာကြသည်။

"မလုပ်ကြပါနဲ့" ယုကာဝါသည် သူတို့အရှေ့မှ နေ၍ တားဆီးလိုက်သည်။ "သူ့ကို အားရအောင် ငိုကြွေးခွင့် ပေးလိုက်ကြပါဗျာ"

ယုကာဝါသည် အိရှိဂါမိဘက်သို့ လှည့်ပြီး သူ၏ ပခုံးထက်သို့ လက်ကို အသာအယာ တင်လိုက်သည်။

အိရှိဂါမိ၏ အော်သံက ဆက်လက် ထွက်ပေါ်လာနေဆဲ။ သူ၏ အသက်ဝိဉာဉ်ကို ခန္ဓာကိုယ်ထဲမှ လွင့်ထွက်သွားအောင် ကုတ်ခြစ်၍ ထုတ်ပစ်နေသည့်အလား။

ဖြိုးကျော်

၃ ရက်၊ အောက်တိုဘာလ၊ ၂၀၂၂ ခု။ ည ၉ နာရီ ၃၁ မိနစ်။

အဆုံးထိ ဖတ်ရှုအားပေးခဲ့ကြသော စာဖတ်ပရိသတ်များ အားလုံးကို အထူး ကျေးဇူးတင်ရှိပါတယ်။

မင်းဆိုး၊ သူခိုးနှင့် မချစ်မနှစ်သက်သူတို့၏ ဘေးရန်မှ ကင်းဝေးနိုင်ကြပါစေ။

https://t.me/TheBookR